ပုဇိန်းကောင်

လယ်တီဦးလှဝိုင်း

• ကျိုက်အုပ်တွင် •

ရာဇဝင်-သာသနာဝင်

စာပေ-ယဉ်ကျေးမှု

လူမှုရေးများပါဝင်သည်

ပုခန်းသာသနာဝင်

"ဆယ်တီဦးလှဒိုင်"



ဂန္ဓဝင်ပုံနှိပ်ဘိုက်ရန်ကုန်မြို့မှရိုက်နှိပ်သည်။

ဂန္ဓဝင် 1 က

အုပ်ရေ	၁၅၀၀
အကြိမ်	ပထမအကြိမ်
အဖုံးရိုက်	ဂန္ဓဝင်
စာအုပ်ချုပ်	မဟော်သဓါ
နှစ်စဲ့	၁၉၈၁–ဇွန်လ၊

၁၅၂၈၈

ထုတ်ဝေသူ/ပုံနှိပ်သူ

ဒေါ်တင်မိ၊ လယ်တီစာပေတိုက် (ဝ၂၀၅၄)၊ အမှတ် ၅၊ အဝေရာလမ်း၊ လှည်းတန်း ကမာရွတ် ရန်ကုန်မြို့မှ ထုတ်ဝေ၍၊
ဦးလှပိုင်၊ ဂန္ဓဝင်ပုံနှိပ်တိုက်(ဝ၂၇၇၄)၊ ၁၀၊ ဇေယျာလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဓာန ဘိုး ၂၀ – ကျပ်။

၅၅၈ အုပ်ဖြင့်

ကြီးမားထက်သန်၊ ပဋိဘာန်လျှင်၊
စွမ်းဥာဏ်အလျှောက်၊ ဂုဏ်ရည်မြောက်အောင်၊
ချီးမြှောက်လေပြီ။ **ရှင့်လယ်တီအား၊**
တင်ချီညွှတ်ဦး၊ စိတ်ဝမ်းနှုံးလျက်၊
ကျေးဇူးတုံ့ဆပ်၊ ပူဇော်အပ်တည့်။

စာဆိုမှုကို

သန္ဓေပညာ၊ ဆက်တိုင်းပါသား၊
ဝါသနာကြိုက်ကြုံ၊ အမြဲထုံလျက်၊
ကြေးမုံတခု "စာဆိုမှုကို"
မရှုမကွက်၊ မရှက်မတင်၊
မမြင်,မမြော်၊ မပျော်,မမွေ့၊
ရက်တနေ့မျှ၊ မမေ့တုံလေ၊
မနေတစ်နိုင်၊ စိတ်မပိုင်၍၊
စွဲကိုင်ပညာ၊ သို့ရှိရာတွင်....။

(လက်ဝဲသုန္ဒရ၏ ဗျူဟာစက္ကူပျိုမှ) --

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဤစာအုပ်ဖြင့်....	
စာဆိုမှုကို	
ဒဂုန်ဦးလှဖေ၏ နိဒါန်းစကား	၁
မိတ်ဆက်အမှာစကားလွှာ	၅
စာရေးသူ၏ အဖွင့်နိဒါန်း	၁၀
နှုတ်ခံတွင်းကြာ တိုက်ခန့်သာဝယ်	၁၄
ပုခန်းနယ်မြေရှုခင်း	၁၅
ပုခန်းကြီးစတည်ချိန်	၁၆
လှိုင်းပုခန်းငယ်နှင့် ပုခန်းဝေါဟာရ	၁၈
ပုခန်းနှင့် ပခန်းရေးထုံး	၁၉
ရှင်မ,တောင်တန်း	၂၁
ရှင်မတောင်သနပ်ခါး	၂၂
ပင့်ကူလက်ကြား သနပ်ခါး	၂၄
မင်းသားလေးမောင်စံလွင်နှင့် ပန်းဒူးဆရာတော်	၂၆
ပန်းဒူးဆရာတော်၏ ဩဝါဒများ	၃၀
ဦးသာဂရဉာဏ (ဦးသာရဝေါ)	၃၁
ဦးသဒ္ဓမ္မာလင်္ကာရ (ဦးကျော်ခေါင်)	၃၃

အကြောင်းအရာ	စာမျက်နှာ
ဦးသုဒဿန (ဦးသာညွှန်း)	၃၃
ဦးသာရဒဿီ(ဦးသာဒွန်း)	၃၅
သာမဏေ ရှင်ရေဝတ (ဦးဝရသမ္မောဓိ)	၃၆
သီလသည် မယ်နတ်ပေး	၃၇
မယ်နတ်ပေးနှင့် ခေတ်ပြိုင်များ	၃၈
လွတ်တက်မင်းသား ထိပ်တင်လွင်	၄၁
သာယာဝတီမင်း	၄၃
မင်းတုန်းမင်းသား	၄၃
ညောင်ကန်ရွာခင်း	၄၅
မင်တုန်းမင်းသားနှင့် ခင်သဲ	၄၆
ဦးဝိသုဒ္ဓမ္ဘ-ဦးရန်ဝေး	၅၀
ပုခန်းမင်းကြီးဦးရန်ဝေး	၅၄
ပန်းဒူ ဆရာတော်အား ကျောင်းတင်သော်လည်း	၅၆
ပုခန်းကျောင်းတော်ကြီး	၅၇
ကျောင်းဆောင်များ	၅၉
ဤကျောင်းဗိမာန် သာစဟန်ကား	၆၁
ဗျသီးရွာ ဦးမြအောင်	၆၃
ဗျသီးရွာ—ဗျသီးစေတီနှင့် ဘိုးတော်ထိုးကျောက်စာ	၆၄
ချောင်းဆရာ ဦးဖျော်	၆၆
သဘင်ဝန် ဦးခြင်ထောင်	၆၇
သဘင်ပညာရှင်များ	၆၉
ယှဉ်ပြိုင်ကြစေခြင်း	၆၉
ပုခန်းဦးဖူးညို	၇၂
ပုခန်းဆရာ ဖိုးကြီး	၇၉
ကိုင်းလားကဗျာ	၇၇
ပုခန်းဦးမင်းကျော်	၇၉
သုံးဆယ် ခုနစ်မင်းနတ်များ	၇၉
ပုစ္ဆန်းဆိုသည်မှာ	၈၀
မိုးခေါ်ပွဲ	၈၁

အကြောင်းအရာ	စာမျက်နှာ
သူတို့သုံးယောက်	၈၂
ပုခန်းကြီးကျောင်းတော်	၈၄
ဗျာန်ရ သာမဏေ	၈၆
ပုဂိုလ်ထူးနှစ်ပါး	၈၇
ဘုန်းတော်ကြီး ဦးနု	၈၈
ရွှေဥမင်ကျောင်းတိုက်ကြီး	၉၀
ပထမ တောရကျောင်း	၉၁
ဒုတိယအကြိမ်	၉၂
ထာဝရဥမင်တောရကျောင်း	၉၃
ပညာတော်သင်နှစ်ပါး	၉၄
အလောင်းစည်သူ	၉၅
လူမင်းနတ်မင်း	၉၅
သရက္ခန်ရုပ်ပွားတော်များ	၉၆
ပုဂံမှ ပင်းယသူ	၉၉
ရွှေဥပင် ရှင်ဇမ္ဗုဓဇလောင်းလျာ	၁၀၀
အရှင်ဇောတိ ပုညအိပ်မက်	၁၀၁
ပဥ္စင်းကျော် ဦးဇမ္ဗုဓဇ	၁၀၃
ဝိနည်းနိဿယအစ-ရွှေဥမင်က	၁၀၃
ရွှေဥမင်နှင့် တောင်ဖီလာ	၁၀၅
ဝိနည်းနိဿယချင်းညို	၁၃၀
ရွှေဥမင်နိဿယများ၏ ထူးခြားချက်	၁၁၀
ရွှေဥမင် ဆရာစဉ်ဆက်များ	၁၁၄
ကျောင်းတိုက်များ	၁၁၂
သာလွန်မင်းလက်ထက် ဆရာတော်များ	၁၁၃
နတ်စက်ရောင်ဆရာတော်	၁၁၅
ဝမ်းဘဲအင်းစံမင်း လျှောက်စာ	၁၁၆
ဆရာတော်သွင်းစာ	၁၁၇
မြန်မာနိုင်ငံနှင့် သာသနာ	၁၁၉
သာသနာပြု မထေရ်များ	၁၂၀

အကြောင်းအရာ	စာမျက်နှာ
အရှင်သောဏနှင့် အရှင်ဥတ္တရ	၁၂၁
သာသနာ့မှတ်တိုင်	၁၂၂
သာသနာအစ-သထုံက	၁၂၅
ပုဂံပြည်နှင့် သာသနာ	၁၂၆
အရည်းကြီးများ	၁၂၈
ရှင်အရဟံ-ရဟန္တာထေရ်မြတ်	၁၂၉
ပဲခွေကျောင်းဂိုဏ်း	၁၃၀
ပုဒန်းဆက်သာသနာအစ-ရှင်သုဓမ္မစာရီက	၁၃၃
အထက်ဆရာ နောက်မှာတပည့်	၁၃၄
ရှင်စန္ဒမဉ္ဇုသာ	၁၃၅
ပထမ အောင်ကျော်စံထား	၁၃၇
ပထမကျော်	၁၃၈
ပထမကျော်ဝေဟာရ	၁၄၁
ပထမကျော်မို့ ကျော်သည်	၁၄၂
ဝင်းစချီဆို, အဖြည့်ခံရတု	၁၄၃
ကျော်အောင်စံထားအဖြည့်	၁၄၄
ညောင်ကန်သာသနာ	၁၄၄
ကျော်အောင်စံထား တပည့်များ	၁၄၆
ဒုတိယ ကျော်အောင်စံထား	၁၄၇
စိန္တကျော်သူ ဦးဩ	၁၄၈
ရှင်ကရဝိက	၁၅၀
ပထမပြန်သမိုင်း	၁၅၃
ပုဒန်းကျေးရွာမှရွေးအခါကပထမကျော်	။
စရစဆရာတော်ရှင်ဇမ္ဗုဒိပ	၁၅၄
ဂူကြီးဆရာတော်ရှင်ပညာသီဟ	။
ပထမကျော်ပြဿနာ	၁၅၅
ဘိုးတော်လက်ထက်ပထမပြန်	၁၅၆
မင်းတုန်းမင်းလက်ထက်	၁၅၇
ပထမပြန်အခမ်းအနား	၁၅၈

အကြောင်းအရာ	စာမျက်နှာ
စာတော်ပြန်စဉ်အခါ	၁၅၉
အင်္ဂလိပ်အစိုးရလက်ထက်ပထမပြန်	၁၆၀
အကြံပေးအဖွဲ့	〃
ဗြိတိသျှ(အင်္ဂလိပ်)အစိုးရခေတ်ပထမကျော်များ	၁၆၆
မြန်မာအစိုးရလက်ထက်ပထမကျော်များ	၁၆၉
တံဂိုဏ်းခံဂိုဏ်း	၁၇၁
မင်းအိုဆရာတော်	၁၇၄
မာန်လည်ဆရာတော်	၁၇၅
ဆုံထားဆရာတော်	〃
မင်းရွာဆရာတော်	၁၇၆
မင်းအိုဆရာတော်တပည့်များ	၁၇၇
ဆရာတော်ဦးရောင်	〃
ဆရာတော်ဦးသာပု	၁၇၈
ဆရာတော်ဦးမုတ်ကြီး	〃
ဆရာတော်ဦးပိုး	၁၇၉
ဆရာတော်ဦးဗုဒ်	〃
အုဋ္ဌကျောင်းဆရာတော်ဦးဗုဒ်	၁၈၀
ဦးဗုဒ်နှင့်ဦးကျီးညို	〃
ဦးဗုဒ်နှင့်မုံရွေး	၁၈၂
ဦးဗုဒ်နှင့်ဦးရှေသီး	၁၈၃
ဦးဗုဒ်နှင့်ဦးသူ	〃
ဦးဗုဒ်နှင့်သာသနာပိုင်ဦးဥယျ	၁၈၄
ဦးဗုဒ်နှင့်ဦးပြား	၁၈၅
ပထမဗားကရာဆရာတော်	၁၈၆
ဗားကရာဝေဟာရ	၁၈၉
ဗားကရာကျမ်းများ	〃
မောင်းထောင်ရှင်ဉာဏာဘိဝံသ	၁၉၀
တွဲဘက်သာသနာပြုဆရာတော်များ	၁၉၁
သာသနာပိုင်ကတိပြုဝန်ခံချက်	၁၉၃

အကြောင်းအရာ	စာမျက်နှာ
ဘာသာပြန်ဌာန	၁၉၄
သာသနာပိုင်၏ကျမ်းစာများ	၁၉၅
သာသနာတွင်မပျောပုတ်လေရော့သလား	၁၉၇
ဦးမြတ်နေဘဝ	၁၉၉
ချောင်းကောက်ရှင်သဒ္ဓမ္မနန္ဒီ	〃
ကျည်းကန်ရှင်ကြီးနန္ဒဓဇ	၂၀၀
ဆုကြီးပန်ပုဂ္ဂိုလ်ကျော်နှစ်ပါး	၂၀၂
တိလောကဂုရုဆရာတော်	၂၀၄
ရှင်တေဇောဒီပ	၂၀၅
ငါးခုန်ဆရာတော်	〃
ငါးခုန်မျက်ခမ်း	၂၀၆
အပရေငါးခုန်မျက်ခမ်း	၂၀၇
ဆင်တဲဆရာတော်	〃
နေရင်းဆရာတော်	၂၀၈
ရေစကြီးရှင်ဝရသမ္မောဓိ	၂၀၉
ဂူဖြူဆရာတော်	၂၁၅
မိုးထိဆရာတော်	〃
ယောဆရာတော်	၂၁၆
ရေစကြီးရှင်ဂန္ဓသာရ	၂၁၇
ရေစကြီးသို့ကြွတော်မူခြင်းအကြောင်းရင်း	၂၁၈
မထေရ်ကြီးလေးပါး	၂၁၉
စာသင်နည်းများ	၂၂၀
မဟာဝိသုတဝါသီနှံ	၂၂၂
သဒ္ဒါရေးကိုအလေးမထား	၂၂၃
တပေတွာ၊ ဌပေတွာ	၂၂၅
သီမာ၊ သိမာ	〃
သမ္မတာ၊ သံမတာ	၂၂၆
သောဘာသေယျ၊ သောဘာသေ ယျ	〃
ကမ္မဝါစာပြင်ဖတ်ခြင်းနှင့်စပ်၍	၂၂၇

အကြောင်းအရာ	စာမျက်နှာ
ခမ္မတိ၊ ခမတိ်	။
ပုရတ္တိမ၊ ပုရတ္ထိမ	၂၂၈
ကမ္မဝါနိဂုံး	။
ဆရာစဉ်များ	၂၃၀
ပုဂံပြည်ဆရာစဉ်	၂၃၁
ပုခန်းဆွက်ဆရာစဉ်	၂၃၂
စာစပ်တပလွဲ့ဉ်စာသင်တကျမ်း	၂၃၃
သဲအင်းဆရာတော်	၂၃၄
သာသနာပိုင်နှင့်ရာဇဂုရုတို့၏ဆရာ	၂၃၆
စာပြောသဲအင်း	၂၃၇
နတ်ရဲတောင်	၂၃၈
ဦးဥေယျနှင့်စကြာဒေဝီ	၂၄၀
သာသနာပိုင်ကြိုးပမ်းချက်များ	၂၄၂
ဒုတိယဗာဟံကရာသာသနာပုံဆရာတော	။
ဗိမဲန်ရတနာရွှေကျောင်းတော်	၂၄၃
သာသနာပိုင်တပည့်များ	၂၄၆
မင်းအဆက်ဆက်ကသာသနာ့ပိုင်များ	၂၄၉
သာသနာပိုင်အဆောင်အယောင်	။
အမိန့်တော်ပြန်တမ်း	၂၅၁
အဓိဋ္ဌာန်ချက်	၂၅၂
သာသနာပိုင်များ	။
သာသနာပိုင်ခန့်စာချုပ်တော်	၂၆၅
ဒုတိယစံကျောင်းဆရာတော်	၂၆၆
မဟာဇောတိကာရာမတိုက်	၂၆၈
စံကျောင်းရှင်သုဒဿနဆရာစဉ်	၂၆၉
စံကျောင်းတိုက်ထွက်များ	။
စလင်းရှင်ပဏ္ဍိစ္စ	၂၇၁
နော်မံကျောင်းကြီးဆရာတော်	၂၇၂
သေကျွတောင်ဆရာတော်ဦးတိလောက	၂၇၄

အကြောင်းအရာ	စာမျက်နှာ
တလိုင်းကုန်းဆရာတော်	၂၇၆
စာတတ်နောက်ဆုံးတလိုင်းကုန်း	၂၇၇
လယ်တီနှင့်ထလိုင်းကုန်း	၂၇၈
ဦကာကျမ်းများပေါ်ခြင်း	″
စန်းဌေလ ကျမ်းဦကာကို	၂၇၉
အတိသုန္ဒရကျမ်း	၂၈၂
နဂါးနှင့်တီလောက်ကွာ	၂၈၃
ပုခန်းကြီးတွင်းမရွာနှင့်ဦးပုခန်း	၂၈၄
မြို့သာကိုးရွာ	″
ဥပဇ္ဈာယ်ဆရာစဉ်	၂၈၅
ဆရာတော်ဦးပုခန်းအမည်	၂၈၆
ရွှေထောင့်စုံသုံးသပ်ချက်	၂၈၇
ဓမ္မသတ်များ	၂၈၉
ဖြတ်ထုံးလျှောက်ထုံး	၂၉၀
ခုံတရားသူကြီးဂုဏ်အင်္ဂါများ	၂၉၁
ခုံတရားသူကြီးများ	၂၉၂
ပုခန်းကြီးမြို့ဝန်များ	၂၉၃
စီးပွားရေးရွှေထောင့်	၂၉၄
နောက်ဆက်တွဲ	
ကျားကူးဓမ္မဗိမာန်ဆရာတော်	၂၉၈
သမိုင်းဝင်ကျားကူးတိုက်	၂၉၉
အရှင်စက္ကိန္ဒဝစရိယ၏တောရမွေ့လျော်မှု	၃၀၀
ရည်ရွယ်ချက်	၃၀၂
အရည်အချင်းဂုဏ်အင်္ဂါသုံးရပ်	၃၀၂
နိဂုံးပိုဒ်စုံရတု	၃၀၄

စာမျက်နှာ ဂဝ၊ ကြောင်ရေ ၁၉-တွင် အရှင်မဟာသီလဝံသ၏ သံဝရပျို့အစား သံဝေဂခန်းပျို့ဟု ပြင်၍ဖတ်ရှုတော်မူပါရန်။

ဒဂုန် ဦးလွဖေ၏

“ နိဒါန်းစကား ”

“ ပုခန်းကျောင်းကန် ပုဂံဘုရား ”

ဤပုခန်းသာသနာဝင်ကို ကျမ်းပြုသူက ကျွန်ုပ်အား နိဒါန်းရေးရန် ပေးလာရာ၊ ရှေးတခေတ်က စာပေပညာရှင်တို့၏ဘဝ တလူလူနှင့် အလံထူသွားကြပုံများကို ဖတ်ရှု တွေ့မြင်ရသဖြင့် အင်မတန် ဝမ်းသာလှ၏။

ပုခန်းသာသနာဝင်ဆိုသည့် ကျမ်းအမည် စုပေါင်း၍ ကျွန်ုပ်တို့၏ အမျိုးသား စာပေအင်အားစုတွင် သမိုင်းဆိုင်ရာ ကျမ်းကြီးကျမ်းခိုင်အဖြစ် စာရင်းဝင်နိုင်အုံဟု အားရလှပေသည်။

ဤမျှ အထုအထယ်ကြီးမားသော စာအုပ်ကို ဖတ်ရှုရရေးအတွက် ပထမတွင် ကျွန်ုပ်၏ အာရုံကြောများကို ညှင်းပန်းနှိပ်စက်လေမည်လားဟု ဆင်ခြင်မိသည်။ နောက် ကိုယ်တွေ့ဖတ်သည်။ “ပုခန်း နတ်တိုက်လား၊ ကျွန်ုပ် ဓာတ်ကြိုက်လားမသိ” အရသာ ရှိသည်။

ပုခန်း သိုက်သမိုင်းပြတိုက်ကြီးထဲသို့ ရောက်နေရသလို ထင်ရသည်။ စာတွေ့က ပြတိုက်ထဲရှိ ဝတ္ထုပစ္စည်းအကြောင်းအချက်တွေ့ကို ကမ္ဘည်းထိုး ရေးထားသည်နှင့် တူလှသည်။

စာအရေးအသားများမှာ ဝါကျမရှုပ်၊ စကားမရှုပ်၊ ရှင်းပြီး ရေးထားသဖြင့် ကျွန်ုပ်လည်း သူ့စာလုံးယာဉ်ရထားပေါ်တွင် အသာ လိုက်စီးသွားမိသဖြင့် စာမျက်နှာ ကုန်ဆုံးသည်အထိ ရောက်သွားသည်။ စိတ်ပင်ပန်းခြင်း မရှိစေရုံမျှမက အာရုံကြောများ အတွက် သြဇာအာဟာရအဖြစ် ဖွံ့ဖြိုးတိုးတက်စေလေသေးသည်။

ထို ပုခန်းသာသနာဝင်တွင် မာတိကာပေါင်း (၂၁၅)မျှပါရှိရာ၊ ထိုမာတိကာများမှာ ထိုပုခန်းသိုက်ပြတိုက်ရှိ အကြောင်းအရာများ၏ ခေါင်းစည်းများပင် ဖြစ်သည်။ ထို ခေါင်းစည်းတခုတခုအောက်တွင် ဆက်နွယ်ရာ အညွှန်အတက်များ ပါရှိလေရာ ရှေးဟောင်းအကြောင်း သိမှတ်စရာ အတော်များများ တွေ့ရပေမည်။

စင်စစ်အားဖြင့် ဤစာအုပ်၏အမည်ကို ပုခန်းသာသနာဝင်၏ ကမ္မည်းအမည် ထိုးတပ်ထားသော်လည်း ပုခန်းသမိုင်း ဝတ္ထုကြီးသာ ဖြစ်သည်။ ဥပမာအားဖြင့်၊ မဟာဝံသ = မဟာဝင်ဝတ္ထု၊ စူဠဝံသ = စူဠဝင်ဝတ္ထု ဆိုသကဲ့သို့ ဖြစ်သည်။

ဤနေရာ၌ ဝံသ,ဆိုသည့် စကားနှင့်၊ ဝတ္ထု,ဆိုသည်တို့မှာ သမိုင်း ရုပ်ဝတ္ထု အနက်အဓိပ္ပာယ်ချည်း ဖြစ်သည်။ ပါဠိဘာသာအားဖြင့် "ကာလ ဒဗ္ဗ သမ္ဘာရ" ဟုသုံးလေ့ရှိ၏။ ရာဇဝင်ရုပ်ဝတ္ထုဆိုသည်မှာလည်း သမိုင်းပင်ဖြစ်သည်။ ဤလောက၌ သက်ရှိ-သက်မဲ့အားလုံးတို့သည် သမိုင်းရုပ်မှ မွေးထုတ်ထားသော သားသမီးတို့ချည်းသာ ဖြစ်ကြောင်း ဩကာသလောက သရုပ်တွင် ထင်ရှား သိဖြစ်ကြပေမည်။

ဩကာသလောကဆိုသည်မှာ "ခေတ်" ပင်ဖြစ်၍ ကျွန်ုပ်တို့အားလုံး အစဉ်သဖြင့် ထိုခေတ်ကို မှီနေကြရသည်သာဖြစ်ကြ၏။ သမိုင်းရေစီးကြောင်းတွင် လိုက်ပါကြရသည်ဆိုသောစကားသည် ခေတ်၏ဩဇာကို မလွန်ဆန်နိုင်ကြောင်း သရုပ်ပေတည်း။

ဤစကားရပ်များအရ သမိုင်းတန်ဘိုးကိုသိရှိကြပြီးလျှင် ဤ"ပုခန်းသာသနာဝင်" သည် အခြားအခြားသော သာသနာဝင်ကျမ်းများကဲ့သို့ ကျွန်ုပ်တို့ ဦးထိပ်ထက်တွင်း တံခွန်လွှင့်နေသော သာသနာဝင်မျိုးမဟုတ်ပဲ၊ ထို သာသနာတံခွန်အောက်ရှိ ပုခန်းနယ်မြေတွက် ရုပ်ဝတ္ထုမျိုးစုံပါဝင်နေသည်ကို တွေ့ရလေသဖြင့် ရှေးတခေတ်က **"ပုခန်းသမိုင်းဝတ္ထုကြီးပါကလား"** ဟု အမျိုးသားရေး.... ဇာတိ–ပုည–ဂုဏ်မာနများ အနိုးကပ် ထင်မိ မြင်မိလာပေသည်။

ကြည့်ပါ....တွေ့ကြရပါလိမ့်မည်။ ပုခန်းနယ်မြေရေမှ ရုပ်ဝတ္ထုအသွင် ပေါ်ထွက်လာသည့် ရှင်မတောင်အကြောင်း၊ ရှင်မတောင်သနပ်ခါးအကြောင်း၊ နွံသာနီအကြောင်း ရှင်မနတ်အကြောင်း၊ ပုခန်းဦးမင်းကျော် ညီနောင် အကြောင်း၊ ရုပ်သေးမင်းသမီး လက်တန်းအဆိုကျော် ဦးဖူးညိုအကြောင်း၊ သီလသည် မယ်နတ်ပေး မယ်ထပ်တို့၏ ထူးခြန်ပုံအကြောင်းမှစ၍ ပုခန်းသာသနာ့တံခွန် အကျော်အမော် ဆရာတော်ကြီးများ စဉ်ဆက်မပြတ် ပေါ်ထွန်းခဲ့ပုံသမိုင်းရုပ်ဝတ္ထုများကို ရနိုင်သမျှ စုဆောင်း၍ ပြတိုက်တွင် ခင်းပြထားသကဲ့သို့ မြင်လွယ်ထင်လွယ် တွေ့ကြရပေလိမ့်မည်။

ထိုအခါ ထိုမျှများပြားလှသော ပုခန်းမြေရေထွက် ရုပ်ဝတ္ထုများကို တကယ့်အရှိအတိုင်းတွေ့မြင်ရသော် ထိုပုခန်း၏ သီးခြားဂုဏ်သမိုင်း ကမ္မည်းတင်ထိုက်သည့် အကြောင်းရင်းကိုလည်း ထီးထီးဖောင်ထင်ကြီး မြင်ကြရမည်သာဖြစ်သည်။

ထို ပုခန်းဂုဏ်ကား **"ပုခန်းကျောင်းကန် ပုဂံဘုရား"** ဆိုသည့် စကားအတိုင်း ကျောင်းကြီးများ အုံမဆုံးမြင်တွေ့ရခြင်းဖြစ်ပေမည်။ ထိုကျောင်းကြီးများ အရှိအကြင်း

များပင် အဘယ်မျှ ထူးခြားသော ဆောက်လုပ်မှု အပြောက်အမှန်းခြယ်မှုများ ရှိသည်ကိုလည်း ယနေ့ခေတ်လူတို့ အံ့မဆုံးဖြစ်ကြရသည်။

ပုခန်းနယ်မြေသို့ အရောက်သွား၍ တွေ့မြင်ရခြင်းနှင့် ရန်ကုန်ရှိ ပြတိုက်များဝင်ကြွားနေသည်များက အထင်အရှားပေ။

ဤသို့ ပုခန်းမြေရေပေါ်တွင် ကျောင်းကြီးများ ထီးထီးထင်ထင် အများအပြားရှိနေလေသော် ဤကျောင်းကြီးများကို ဘယ်သူက ဆောက်လုပ်ကြသလဲ ပုခန်းရေမြေမြေဆီမြေလွှာထွက် ကောက်ပဲသီးနှံများက ဧရာမ ကြီးမားများပြားသော ကျောင်းကြီးများဖြစ်လာခြင်းမှာ သေချာသော အကြောင်းပစ္စည်းတခုဖြစ်သည်။

ဤမှတဖန် မြင်ပြန်ရာမှာ ဤကျောင်းကြီးများ၏ အလုပ်က ဘာလဲ ပညာသင်ကြားရေးအလုပ်မှာ မုချကိစ္စဖြစ်သည်။ တရွာလျှင် တကျောင်း၊ ကျောင်းပေါင်းများစွာ ရွာမှေး လူပေါက်စ,မှန်သမျှ ကျောင်းတကာတွင် ကကြီးရေက၊ ကကြီးရေးချကာ-ဟု သံပြိုင်ကုန်းအော်သံတွေ့ဆူညံနေပေလိမ့်မည်။ ကျောင်းကြီးပေါင်းများစွာတွင် အပြိုင်အဆိုင်ပညာသင်များ အောက်ခြေမှ အထက်ပိုင်း အမြင့်ဆုံးအထိ သင်ကြားတတ်မြောက်မှုရှိနေမှာလည်း အလွန်သေချာနေပေသည်။

ဤအခါတွင် ဤ"ပုခန်းသာသနာဝင်"ပါ ပုခန်းမြေရေထွက် ပညာသည်တို့မှာ ပုခန်းကျောင်းတော်ကြီးများတံဆိပ် ထင်ရှားစွာ ကပ်နှိပ်ပါနေကြသကဲ့သို့ အများမြင်ကွင်းတွင် ထင်ထင်ကြီး ပေါ်လွင်စေရာအကြောင်း ဖြစ်လာပေတော့သည်။

ပုခန်းသား ခြေချရာ ရွာဖြစ်၊ ပုခန်း မျိုးစေ့ချရာ တောဖြစ်ဟုပင် ဆိုရချေမည်။ မြန်မာပြည် သာသနာတော်ကြီးတခွင်တွင်လည်း ပုခန်းဆရာတော် သမားတော်ကြီးများ အထူးအခြားရှိခဲ့သည်။ စာပေပရိယတ်ဘက်တွင် သီလသည်မယ်နတ်ပေးနှင့် မယ်ထပ်တို့ကပင် ပြောင်မြောက်စွာဖြင့် ကျမ်းများပြုသွားသေး၏၊ နန်းတော်ကြီးများ၊ မင်းရေးမင်းမှုဘက်တွင်လည်း ပုခန်းသားကြီးများ ထက်ထက်မြက်မြက်ရှိပုံ စာရင်းတွေ့ရသည်။ မြို့ရွာအရပ်ရပ်တွင်လည်း ပုခန်းပညာသည်များ ဝင့်ကြွားခဲ့ခြင်း ရှိနေပုံကို ဤစာအုပ်တွင် တွေ့မြင်ကြရပေလိမ့်မည်။ စကားအဖြစ်ပြောရလျှင် **ရှင်မတောင်သနပ်ခါးက အိမ်ခန်း တကာသို့ရောက်၍ ပုခန်းမင်းက အိမ်ရှေ့ည့်ခန်းတွင် ပဲ့ရအဖြစ်** ဦးတိုက်ခံယူလျက် ရှိနေသေးကြောင်းဖြစ်သည်။

ဤသည်တို့မှာ ဤ"ပုခန်းသာသနာဝင်"စာအုပ်၏ ကိုယ်ထည်ဝတ္ထုရုပ် ကမ္မပိုင်းသရုပ်ကို ကျွန်ုပ်၏အမြင် ဖော်ပြခြင်းဖြစ်ပေသည်။

ဤကျမ်းပြုသူကတ္တားမှာ"စာပြုမခက်-စာစုခက်"ဆိုစကားအရ မြန်မာမှုမြန်မာစာ သာသနာ့ရေးရာ သမိုင်းစာများကိုရွာဖွေရာတွင် ခြေသွက်လက်သွက်ရှိသူ **လယ်တီဦးလှပိုင်**ဖြစ်၏။

သူ့ကို စာဖတ်သူတို့နှင့် မိတ်ဆက်ပေးရန် လိုအံ့မထင်။ သူသည် လယ်တီဂန္ဓဝင်ကျော်များသမိုင်း၊ စတုဘူမိကဌာန်တွင်းသာသနာဝင်ကျမ်းများနှင့် ဘုရားသမိုင်းအစ,

ရှိသော စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သူ ကျမ်းပြုဆရာ၊ ကဗျာဆရာ၊ သမိုင်းဆရာအဖြစ် အများသိဖြစ်သည်။

ထို လယ်တီဦးလှပိုင်သည် ကျွန်ုပ်တို့ဒဂုန်မဂ္ဂဇင်းကြီး၏ ဦးစီးနာယက အယ်ဒီတာချုပ် **လယ်တီပဏ္ဍိတ** ဦးမောင်ကြီး၏နေရာ ဆက်ခံသူ **လယ်တီဦးကောဝိဒ** (ပုပ္ပါးဦးကျော်ရင်)၏ အန္တေဝါသိကအတွင်းနေ အနီးကပ်လက်ရင်းတပည့်ဖြစ်သည်။ သူ့ရေးသားသည့် ကျမ်းစာများတွင် အခါ့သော အနက်အဓိပ္ပာယ်များ ရေးဖွင့်ဆိုရာ၌ သူ့စကားဖြင့်မဖွင့်ဆိုပဲ ပါ့ိ ကဗျာ လင်္ကာစသော မြန်မာစာပေအနှံ့အပြားမှ စာပိုဒ်များဖြင့်၊ ဖွင့်ဆိုထားသည်များကို တွေ့မြင်ရခြင်းဖြင့်၊ မြန်မာမှု မြန်မာစာပေနယ်ပယ်တွင်လည်း ခြေသွက်လက်သွက်ရှိနေကြောင်း ထင်ရှားပေသည်။

ဤသည်မှာ ဤကျမ်းပြုသူ ကတ္တားသရုပ်ဖြစ်၏။

ထို့နောက် ဤပုခန်းသာသနာဝင်ကျမ်း ရေးဟန်မူရာ ကြိယာပိုင်းကို တွေ့ကြရပါလိမ့်မည်။ ရှေ့ဦးစွာ သူ့ကျမ်းသဘာဝနှင့် သူ့အစီအစဉ် ပြင်ဆင်ချက်အရ ကဏ္ဍခွဲထားခြင်းမရှိပဲ စာပြင်တပြင်တပြေးတည်း စီမံထားသည်ကို တွေ့ကြရမည်။ သူ့စာများမှာ သိုက်စာချသကဲ့သို့ တိုတိုတောက်တောက်ရေးထားသည်။ ရှေးဟောင်းပြတိုက်တွင် အရာဝတ္ထုများတခုစီ၌ ကမ္ဘည်းစာတမ်းများ ထိုးတပ်ထားသည်နှင့် အလွန်တူသဖြင့် စာဖတ်သူတို့ စိတ်မမော၊ အာရုံကြောမတင်း၊ ဖတ်သိ၊ မှတ်မိ၊ သက်သာလွယ်ကူစေသည်။

အထူးသဖြင့် ဤကျမ်းစာအုပ်က အသိပေးလိုက်သည့် ပုခန်းသမိုင်း ရုပ်ဝတ္ထုများအကြောင်းတွင် စာလင်္ကာစကားမသွယ် ရသာမခြယ်ပဲ စီရင်ရေးသားထားပုံအမြင်ကို ကြိယာပိုင်းကို သတ်မှတ်ပြခြင်းဖြစ်သည်။

ဤတွင် ဤပုခန်းသာသနာဝင်ကျမ်းစာအုပ်၏ သမိုင်းရုပ်ဝတ္ထုများ ပေါ်လွင်စေရန် ကံပိုင်း၊ ကတ္တားပိုင်း၊ ကြိယာပိုင်းဟူ၍ သုံးနှုန်းပြခြင်းဖြင့်၊ နိဒါန်းစကား ပြီး ဆုံးပေပြီ။

ကမ္ဘာသုံးစကားပုံတခုရှိသည်။ **"ပစ္စုပ္ပန်လူတို့သည် ရှေ့သို့သာတွင်တွင်ချီ၊ ထို လူတို့၏ချီတက်အား ရှိ—မရှိ နောက်သို့ပြန်ကြည့်"**

ဤလယ်တီဦးလှပိုင်၏ ပုခန်းသားသနာဝံင်သည် **တမျိုးသားလုံး၏ နောက်အား ဇာတိစွမ်းရည်အပြည့်ဖြင့် အလာကောင်းခြင်း** အရှိကို သိကြားကြရန် ရဲဘင်းစာတပုဒ်၊ အုတ်မြစ်တလှာ ဖြစ်စေအံ့ရာသော်.... ။ ။

ဒဂုန်ဦးလှဖေ
၁၅-၁၁-၇၉။

ဗိတ် ဆက် အမှာ စကား လွှာ

အတုမရှိစင်ကြယ်သော ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀-အတွင်း 6 th century BC က ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့ပါသည်။ အသိဉာဏ် ထက်မြက်ကြည်လင်ကြသော လူနတ်ဗြဟ္မာတို့အား သဉပါဒိသေသ၊ အနုပါဒိသေသ အငြိမ်းအအေး ဓာတ်တရားရေစဉ်မြတ်တို့ကို တိုက်ကျွေးတော်မူခဲ့သည်။ လေးဆယ့်ငါးဝါ ကာလကြာအောင်ပင် ချချွတ်တော်မူခဲ့ပါသည်။

ယင်းဗုဒ္ဓရှင်တော်မြတ်ကြီး၏အကြောင်း အတ္ထုပ္ပတ္တိသည် (၀၂)ဗုဒ္ဓန့်စပ်သော အကြောင်းအရာမှန်သမျှသည် ''ဗုဒ္ဓဝင်'' ဟု ခေါ်ကြလေသည်။ ဗုဒ္ဓဝင်ကျမ်းစာများသည်လည်း အကြီးအငယ်အရွယ်အလတ် ထုတ်ပြီး ထုတ်ဆဲပင် ဖြစ်ကြပေသည်။ ထို့အတူ ဓမ္မကွန္ဒာတည်းဟူသော တရားတော်မြတ်၏အကြောင်း အတ္ထုပ္ပတ္တိသည် (၀၂)ဓမ္မနှင့်စပ်သော အကြောင်းအရာမှန်သမျှသည် ''ဓမ္မဝင်'' ဟုခေါ်ဆိုသင့်ပေသည်။ ထိုနည်းတူ သံဃာတော်မြတ်၏အကြောင်း အတ္ထုပ္ပတ္တိသည် (၀၂)သံဃာနှင့်စပ်သော အကြောင်းအရာမှန်သမျှသည် ''သံဃာဝင်'' ဟု ခေါ်ဆိုသင့်ပေသည်။!

သို့သော် ယခုအခါ ခေါ်ဝေါ်သတ်မှတ်ချက်မှာ ဗုဒ္ဓဝင်မှတပါး၊ ဓမ္မဝင်၊ သံဃာဝင်များသည် ''သာသနာဝင်'' အဖြစ် သတ်မှတ်ခြင်းသဘောကိုသက်ရောက်နေခဲ့ပေသည်။ မှန်ပါသည်။ ယင်းသတ်မှတ်ပိုင်းခြားမှုသည် လက်ခံနိုင်စရာအကြောင်း ရှိပါသည်။ ဗုဒ္ဓရှင်တော်မြတ်၏ အစဆုံးအမတော်သည် ''သာသနာ'' မည်၏။ ယင်းအဆုံးအမ သာသနာတော်မြတ်ကို ဘုရားသားတော် ဖြစ်တော်မူကြကုန်သော ဝိနယာဓိကထေရဝါဒီ သာသနာ့ဝန်ဆောင် သံဃာတော်အရှင်မြတ်တို့ကပင်သာသနာတော်သက်တမ်းကာလဖြင့် ပိုင်းခြားအုပ်သော သံဂါယနာအဆက်ဆက် (သာသနာဝင်အဆက်ဆက်) ထမ်းရွက်သည်ပိုးတော်မူခဲ့ကြပါသည်။ ယင်း ဓမ္မသံဃ၏ ကာလအစဉ်အဆက်ကိုပင် ''သာသနာဝင်'' ဟု ခေါ်ဆိုကြရပေသည်။

ဗုဒ္ဓရှင်တော်မြတ်၏ ''သာသနာဝင်'' ကို မြန်မာနိုင်ငံရောက် သာသနာတော်ဝင်အဖြစ်လည်း သုံးသပ်ကြပါသေးသည်။ ထေရဝါဒ(၆)နိုင်ငံအပါအဝင်ဖြစ်သော မြန်မာ

နိုင်ငံသမိုင်းကြောင်းနှင့် ဆက်စပ်၍လည်း ပိုင်းခြားကြပါသေးသည်။ ၎င်းတို့မှာ (က) မဇ္ဈိမသာသနာဝင်၊ (ခ) သထုံသာသနာဝင်၊ (ဂ) ပုဂံသာသနာဝင်၊ (ဃ) ပုခန်းသာသနာဝင်၊ (င) ကုန်းဘောင်သာသနာဝင် စသည်တို့ပင် ဖြစ်ပါသည်။ ဤတွင် စာရေးသူသည် ဧဝံမေ တုတံသမားဖြစ်၍ ကြားခဲ့ မှတ်ခဲ့ဘူးသော သာသနာဝင်ဗဟုသုတကို အကျဉ်းမျှ ဖြည့်ဆောင်းတင်ပြဦးမည်။

(က) မဇ္ဈိမ သာသနာဝင်

မဇ္ဈိမသာသနာဝင် မထေရ်ကျော်များမှာ (၁) အရှင်ဥပါလိ၊ (၂) အရှင်ဒါသက၊ (၃) အရှင်သောဏ၊ (၄) အရှင်သိဂ္ဂဝ၊ (၅) အရှင်မဟာမောဂ္ဂလိပုတ္တတိဿဟူ၍ (၅)ပါးရှိကြောင်း သတ်မှတ်တော်မူကြသည်။ ယင်းသာသနာဝင်အကြောင်း အဋ္ဌုပ္ပတ်သနုစ်သနာကို ဝိနည်းပါရာဇိကဏ်အဋ္ဌကထာနှင့် သာရတ္တဒီပနီဋီကာတို့တွင် အကျယ်ပါရှိပြီးဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

(ခ) သထုံသာသနာဝင်

သထုံသာသနာဝင် မထေရ်ကျော်များမှာ (၁) အရှင်သောဏ၊ (၂) အရှင်ဥတ္တရ၊ (၃) အရှင်သောဘိတ၊ (၄) အရှင်သောမဒတ္တ၊ (၅) အရှင်သုမနတိဿ၊ (၆) အရှင်သောပါက၊ (၇) အရှင်အနောမဒဿီ၊ (၈) အရှင်အဓိသီလ၊ (၉) အရှင်ပြာနဒဿီ၊ (၁၀) အရှင်သီလဗုဒ္ဓိနှင့် (၁၁) အရှင်မဟာကာလတို့ဟူ၍ မှတ်တမ်းပြုကြသည်။

ဤဘွင် သုဝဏ္ဏဘူမိသထုံပြည်သို့ကောဇာသက္ကရာဇ် ၂၃၅-ခုနှစ်၊ တန်ဆောင်မုန်းလမှစ,၍ အရှင်သောဏ၊ အရှင်ဥတ္တရ စ,သော သာသနာဝင်ဆောင် သာသနာပြုပုဂ္ဂိုလ်များ စ,တင်ရောက်ရှိလာသည်ဟု အဆိုရှိသည်။ ဖော်ပြပါ သထုံသာသနာ့ဝင်စာရင်း၌ အမှတ်(၉) အရှင်ပြာနဒဿီမထေရ်သည် လောကီဓျာန်အဘိညာဉ်တန်ခိုး အလွန်ကြီးမားပြီး သုဓမ္မနေပြည်တော်၌ သီတင်းသုံးသည်ဟု မှတ်တမ်းတင်ခဲ့ကြသည်။ အရှင်သီလဗုဒ္ဓိနှင့် အရှင်မဟာကာလတို့သည် အရှင်ပြာနဒဿီမထေရ်မြတ်ကြီး၏ တပည့်များပင် ဖြစ်ကြသည်ဟုလည်း အဆိုအမိန့်ရှိခဲ့ကြသည်။

(ဂ) ပုဂံသာသနာဝင်

ပုဂံသာသနာဝင်မထေရ်ကျော်များမှာ (၁) အရှင်အရဟံခေါ် အရှင်ဓမ္မဒဿီ၊ (၂) အရှင်အရိယဝံသ၊ (၃) အရှင်ဂုဏာသာရ၊ (၄) ပထမ အရှင်အဂ္ဂပဏ္ဍိတ၊ (၅) ဒုတိယအရှင်အဂ္ဂပဏ္ဍိတ၊ (၆) တတိယအဂ္ဂပဏ္ဍိတခေါ်အရှင်အဂ္ဂဝံသ (သဒ္ဒနီတ်ကျမ်းပြုပုဂ္ဂိုလ်)၊ (၇) အရှင်ဥတ္တရာဇီဝ၊ (ပုဂံမင်း၏ဆရာ)၊ (၈) အရှင်သဒ္ဓမ္မဇောတိပါလ(ရွေးအခေါ်ကုသိမ်၊ ယခုအခေါ် ပုသိမ်မြို့ ဆပ္ပဒ္ဒရွာဖွားဇာတိ၊ ပထမဆပ္ပဒ္ဒခေါ်နိဒ္ဒေသကျမ်းပြုပုဂ္ဂိုလ်)၊ (၉) အရှင်ဉာဏသဒ္ဓမ္မ (ဒုတိယဆပ္ပဒ္ဒ)နှင့် (၁၀) အရှင်

သဒ္ဓမ္မသီရိ(ပုဂံပြည် တတိယ ဆပွဋ္ဌမထေရ်)တို့ဟူ၍ သာသနာဝင်သမိုင်း တင်ခဲ့ကြပြန်ပါသည်။

(ဃ) ပုခန်းသာသနာဝင်

ပုခန်းသာသနာဝင် မထေရ်ကျော်များမှာ (၁) ပုခန်းကြီးမြို့ ခေမင်္ကတကျောင်းတိုက် အရှင်သုဓမ္မစာရီမထေရ်၊ (၂) ပုခန်းမြို့အနောက်လက်ဝဲကျ ဥမင်ကျောင်း အရှင်အဂ္ဂဓမ္မာလင်္ကာရ၊ (၃) ပုခန်းမြို့တောင် လက်နှောင်ဘရာ နိဗ္ဗာန်ကျောင်း အရှင်ဓမ္မနန္ဒာလင်္ကာရ၊ (၄) နွယ်နီရွာမုခ်ကျောင်း အရှင်ပုညဝါသီနှင့် အရှင်ပုညဝါသီတပည့် ဝိနည်းနိဿယကျမ်းပြုအကျော် ရှေးဥမင်ဆရာတော်တို့ဟူ၍ သာသနာဝင်မော်ကွန်းတင်ကြသည်။ (အရှင်ပုညသေဋ္ဌ,ဟုလည်း ရှိသည်။)

(c) ကုန်းဘောင်သာသနာဝင်

ကုန်းဘောင်သာသနာဝင်မထေရ်ကျော်များမှာ (၁) ပုခန်းမြို့တောင် လက်ဘူမ္ဘာရွာ၌ ၁၀၄၉-ခုနှစ်ဖွား အရှင်စန္ဒမဏ္ဍူသာမည်သော ပထမ ဘုန်းပါဆရာတော်၊ (၂) ပုခန်းကြီးမြို့အနောက်လက် ဂ-တိုင်ကွာ ပိုက်သင်ရွာ ဦးရွှေအောင်-ဒေါ်ကြုတ်တို့မှ ၁၀၆၇-ခုနှစ်ဖွား လူအမည် ဦးပန်းအောင်၊ ရဟန်းဘွဲ့တော် ကျော်အောင်စံထား ဆရာတော်အရှင်ဥာဏဝရ၊ (၃) ဖက်တော်မြို့ ကန်ရွာ၌ ၁၀၇၀-ဖွား၊ လူအမည် ဦးကျော်အောင်၊ ရဟန်းဘွဲ့တော် ဘိုးတော်မင်းဟရူးလက်ထက် သာသနာ့သောဓကမင်းအိုဆရာတော်ဦးဂုဏ၊ (၄) ပုခန်းကြီးမြို့ မြို့ပင်အလယ်ကန်ရွာတွင် ၁၁၀၀-ပြည့်ဖွား လူအမည်ဦးကျော်ထွေး၊ ရဟန်းဘွဲ့ ရာဇာဂုရုဘွဲ့ရ ပထမ ဗဟုရားကြီးဆရာတော် ဦးဇာဂရ စ,သည်တို့ပင် ဖြစ်ကြသည်ဟု မှတ်တမ်းပြုကြသည်။

ယင်းဖော်ပြပါ ကုန်းဘောင်ခေတ် သာသနာဝင်ကျော်ဆရာတော်တို့၏ တပည့်အကျော်အမော် ဆရာတော်အစဉ်အဆက်တို့မှာလည်း များစွာပေါထွန်းခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာ့ဝန်ဘာကို ထမ်းရွက်တော်မူခဲ့ကြသည်ဟု သိရှိမှတ်သားရဘူးပါသည်။ ဤသာသနာဝင်မှတ်တမ်းများသည် ရှေ့လျားပြောင်းလဲခဲ့သော ခေတ်ကာလ ဒေသအလိုက် အစဉ်အားဖြင့် မှတ်တမ်းပြုထားခြင်းများဟုသာ ယူဆနိုင်ပါသည်။

လယ်တီဦးလှပိုင်၏ ''ပုခန်းသာသနာဝင်''

အဟောင်းအဟောင်းတို့၏နေရာ၌ အသစ်အသစ်တို့ကို အစားထိုးခြင်းသည် လူ့လောက၏ဓမ္မတာတရားမျှသာ ဖြစ်သည်။ သို့သော် အဟောင်းမရှိသေးသောနေရာသစ်၌ အသစ်အသစ်တို့ကို ဖြစ်ရှိစေခြင်းသည် လူ၏အားထုတ်မှုအစွမ်းမှ ပီပြင်သော အကျိုးဆက်သရုပ်ပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ **လယ်တီဦးလှပိုင်** ပြုစုရေးသားသော ဤပုခန်းသာသနာဝင်ကျမ်းသည် အထက်တွင်ဖော်ပြခဲ့သော သာသနာဝင်တို့မှ ပုခန်းနွယ်လာ ကျောင်စောကိုထို့ရှိတော်မူကြကုန်သော ထေရ်ဆရာတို့၏ အကြောင်းအရာများကို စုစဉ်းဖော်ထုတ် တင်ပြထားခြင်းတို့ ဖြစ်သည်။ တနည်းဆိုရသော် ဖော်ပြပါ သာသနာဝင်တို့မှ (၈) ပုခန်းသာသနာဝင်အပြင် (၄) ကုန်းဘောင်ခေတ် သာသနာဝင်တို့၌ ပါဝင်နေသော ''ပုခန်းသာသနာဝင်ကျမ်း''၌ ထည့်သွင်းနိုင်သည့် ပုခန်းဆရာတော်မထေရ်ကျော်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် စုစည်း တင်ပြထားခြင်း သာဖြစ်သည်။ ပုဂံခေတ်မှစ၍ သာသနာခေတ်အားလုံးတို့၌ ပုခန်းသာသနာ၏ စ-လယ်ဆုံး အနွယ်အစဉ်အဆက်တို့ကို မှတ်တမ်းပြုထားသည်ဟု ဆိုနိုင်ပါသည်။

''ကျမ်းစာ၏အရသာ''

စားဖို့မှုးသည် တစုံတယောက်သောသူအား ရံခါ မိမိ၏ဟင်းလျာကို အလေးအပေါ့ အမြည်းစမ်းခိုင်းတတ်ပါသည်။ ဟင်းလျာကို မူလ ပြင်ဆင်ချက်ပြုတ်စဉ်ကပင် အကျအန ချိန်ဆ,ချက်ပြုတ်ပြီးဖြစ်သော်လည်း စားသုံးကြမည့်သူတို့၏ကိုယ်စား ဟင်းမြည်းသူ၏ဆန္ဒကိုလည်း ရယူလုပ်တတ်ကြပြန်ပါသည်။ ဤတွင် **လယ်တီဦးလှပိုင်**၏ စာကိုလည်း ဦးဦးဖျားဖျား မြည်းစမ်းခွင့် ရခဲ့ပါသည်။ ပုခန်းသာသနာဝင်အဖြစ် စာတစောင် ပေတဖဲ့တင်ပြပုံ တင်ပြနည်းတို့ကို အနည်းငယ်အရသာခံကာ သုံးသပ်ကြည့်မိပါသည်။

လယ်တီဦးလှပိုင်သည် ပုခန်းသာသနာဝင် မထေရ်ကျော်တို့ကိုတင်ပြရာ၌ မြန်မာစကားပြေသက်သက်ဖြင့် ရေးသွားသည်။ အချို့သောနေရာတွင် အင္ဂုပ္ပတ်သရုပ်တို့ကို ဖော်ရာ၌ စကားပြောများကိုလည်း ထည့်သွင်း သုံးထားသည်။ အရိုးစဉ်လာ အတ္ထုပ္ပတ္တိအဖြစ်အပျက်များထက် ပုခန်းမထေရ်ကျော်တို့၏ အထူးစိတ်ပါဝင်စားဖွယ်ကောင်းသော စွမ်းဆောင်ချက်များကို အသေးစိတ် ခြယ်မှုန်းဖော်ပြထားသည်ကို တွေ့နိုင်သည်။ ၎င်းပြင် ပုခန်းမထေရ်ကျော်တို့၏ ရှေးဟောင်းသာသနိက အဆိုအမိန့်များ၊ ပုံနှိပ်လောက သို့မရောက်သေးသော သာသနာဝင် အုံဖွယ်ဗဟုသုတများကိုလည်း တန်ဆာဆင်ထားသည်ကို တွေ့နိုင်ပြန်ပါသည်။ ပုခန်းသာသနာဝင်ဟု အမည်ပေးထားသော်လည်း မြန်မာ့ရာဇဝင်၊ မြန်မာ့သာသနာဝင်တခုလုံးမှ ဖိတ်စင်ကွယ်ပျောက်လုမတတ် ဖြစ်နေသော သိမှတ်စရာအဖြာဖြာတို့ကို ကောက်သင်းကောက်ထားသည်ဟု ဆိုလိုကလည်း ဆိုနိုင်လေသည်။ အထူးသဖြင့် သာသနာပိုင်အဆက်ဆက်နှင့် ပါဠိပဌမပြန်သမိုင်း စသည်တို့ကို ဖော်ပြထားသည်မှာလည်း အလွန်မှတ်သားစရာ ကောင်းလှပေသည်။

လယ်တီဦးလှပိုင်သည် စာရေးသူတို့၏ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ အနှယ်တော်ပင်ဖြစ်သည်။ လယ်တီ သာသနာဝင်ကိုလည်း ထမ်းရွက်ခဲ့ဘူးသူ ဖြစ်ပေသည်။ နာမည်ရင်းရှေ့မှ "**လယ်တီ**" ဟူသောစကားလုံးကို အထွဋ်တင်ထားခြင်းက လယ်တီဆရာတော်၏တပည့်ကြီး စာသူရဲကောင်းများတွင် တဦးအပါအဝင်ဖြစ်ကြောင်း ထင်ရှားနေပြီဖြစ်ပါသည်။ လယ်တီဦးလှပိုင်သည် ပါဠိဂါထာအရေးအသား ရတုပိုဒ်စုံ ကဗျာအရေးအသားတို့၌ ညက်ညက်ညောညော ပြေပြေပြပြစ် နိုင်နင်းစွာ ရေးသားနိုင်ခြင်း၊ ကျမ်းဂန်အရာနှံ့စပ်ခြင်း၊ ရှေးဟောင်းစာပေ ဗဟုသုတအမှတ်အသား များခြင်း၊ သာသနာရေးအရာရှိအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သဖြင့် ပရိယတ် ပဋိပတ် ဗုဒ္ဓသာသနာတော်လောကကို ဝင်ဆန့်ခြင်း။ အကျမ်းဝင်ခြင်း၊ စ,သော ဘာသာ သာသနာကျက်သရေတို့ကို လက်ဝေတင့်ရွန်းစေသော ဂုဏ်ဟိတ်ရှိသည့် ပညာရှင်ပုဂ္ဂိုလ်တဦးဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း လယ်တီဦးလှပိုင်သည် စာခန့်စာသန့်နှင့် အနှစ်အသားပါသော "**လယ်တီဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ**" ကျမ်းစာအုပ်ကို ရေးသား ပြုစုနိုင်ခဲ့သူဟု မြင်မိပါသည်။ ဤ"ပုခန်းသာသနာဝင်"သည်လည်း လယ်တီဦးလှပိုင်၏ လက်ရာမြောက် သာသနာဝင်ကျမ်းစာတအုပ်ဟု ယူဆမိပါသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဖတ်ရှုလေ့လာသင့်သော စာအုပ်စင်စင် ကျမ်းစာထူးတအုပ်ဟုလည်း ဆိုနိုင်ပါသည်။ သေတ္တာထုတ်ကာအချုပ်ကို ဆိုရသော် မြန်မာ့ကျမ်းစာလောက၌ ရှေးက ကျမ်းစာဟောင်း ကျမ်းစာကောင်းများရှိခဲ့ကြပါသည်။ သို့သော်လည်း ခေတ်နှင့်လျော်အောင် ဉာဏ်သစ်လောင်းကာ ပြုစုရေးသားမှုဖြင့် ထုတ်ပေါ်လာသော ကျမ်းစာသစ်တအုပ်သည် လယ်တီဦးလှပိုင်၏ "ပုခန်းသာသနာဝင်" ကျမ်းစာအုပ်ပင် ဖြစ်သည်ဟုသာ အလိမ္မာ စာချင်သူ ဆွေတကာများအတွက် မိတ်ဆက်အမှာလွှာစကား ရေးသားလိုက်ရပါသတည်း။ ။

သျှင်ဓမ္မရက္ခိတ

(ချောင်းဦး မောင်စန္ဒာ)
၁၃၄၀-ပြည့်နှစ်၊ တော်သလင်းလဆုတ်
၁၄-ရက်၊
၀၆နေ (၁-၁၀-၇၈)
ရန်ကုန်။

ဘဝင့်နိဒါန်း

“ထောင့်သုံးရာသုံးခု - ထုံးပြုလို့မှတ်နော်၊ ဂမုန်းဥ လ,နတ်တော်မှာ မပြတ်သော်ခါစေ့။ ။ဆုတ်ပက္ခ-ခြောက်ရက့်ချိန်တွင်၊ ဖောက်ဖျက်နိုမ် ကြမ်းခဲ့သလေ့။ ။ဂျပန်ကလှစ်ချေကာ စစ်ကြေငြာ ယနေ့။ ချစ်သွေ့ခွာရှောင်ကွေ့လို့ အောင်ပဟေ့တပ်ချီ။ ။

ဗြိတိန်ခေါ်အင်္ဂလိပ်မှာဖြင့် နင်းနှိပ်၍ မောဟိုက်ကပြီ။ ၊ပစိတ် ဖိတ် ရေပြင်ညီမှာ သေနင်္ဂီ-ဝေဖြန့်လို့ တွေ့ခမန့်-စိုးခွင့်ပြင်ကျယ် မိုးနှင့်ပင်လယ်။ ။ လေတပ်နှင့်ရေတပ် တွယ်ပြီ နေကြပ်ဖွယ် ကြုံကိန်းပလေး....။

မြန်မာသက္ကရာဇ် ၁၃၀၃-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆-ရက်(၂၂-၁၂-၄၂) နေ့တွင် ဂျပန်ကဗြိတိသျှအစိုးရအား စစ်ကြေငြာလိုက်သည်။ ထိုနေ့ကို ကျွန်တော်၏ ဆရာရင်းတဆူဖြစ်သော ပထမကျော်“**လယ်တီဦးကောဝိဒ**”က အထက်ပါတေးထပ်ဖြင့် ရေးစပ်မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပါသည်။

ဗြိတိသျှအင်ပါယာကြီး ပြိုလုပြိုချိန်

ကျွန်တော်သည် ပဋ္ဌကသုံးသွယ် နိကာယ်ငါးရပ်တို့၏ ကွန့်မြူးကျက်စားရာ ပခုက္ကူမြို့ ပါဠိဝိဇ္ဇာလယ **မဟာဝိသုတာရာမ**ကျောင်းတိုက်ကြီးတွင် ရဟန်းငယ်ဘဝဖြင့် ပညာသင်ယူနေချိန်ဖြစ်ပါသည်။

မှတ်မိသေးတော့သည်

ထိုအချိန်က ဤကျောင်းတိုက်ကြီးသည် စာတက် စာအံသံ ရေချိုးသံနှင့် ကုဋီတံခါးဖွင့်ပိတ်သံ၊ ဤအသံသုံးမျိုးမှာ နေ့ရော ညပါ မစဲ၊ စာသင်သား ရဟန်းသာမဏေတထောင်ကျော်တို့၏ ပျော်မွေ့မှီတင်းရာဌာနကြီး ဖြစ်ပါလေသည်။ ဗြိတိသျှစစ်တပ် အောင်မြင်စွာဆုတ်ခွာနေရာ ယင်းစစ်ဂယက်အဟုန်သည် ထောင်ပေါင်းများစွာသော စာသင်သားတို့အား တပ်လှန့်ပေးသကဲ့သို့ ရှိလေသည်။

အချို့စာသင်သားတို့မှာ ထိုစစ်ဘေး စစ်ဒဏ်တို့မှ လွတ်ကင်းရာ ဒေသသို့ ပြောင်းရွှေ့ကြရန်ပြင်ဆင်၍ အချို့မှာ မိမိဇာတိဌာနသို့ ပြန်လည်နိုင်ကြရန် စိုင်းပြင်းနေကြလေသည်။

မျက်နှာဇောတ်ကို မော်၍မျှ မကြည့်ဝံ့-မဖူးဝံ့လောက်အောင် ဘုန်းသမ္ဘာ ကြီးမားတော်မူလှသည့် ကျေးဇူးရှင်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ ဦးပညာ) မှာတော့ စာဝါပို့ချတော်မူမြဲ။ ကျေးဇူးရှင်ဆရာဟော်ကြီးက ကျွန်တော့်အား အခြေခံ စာစပ်ဆိုရိုးကို ဆိုဝါဖြင့် ချီးမြှင့်တော်မူရာ ရံဖန်ရံခါ ကျွန်တော့်ဘဲကိုမခေါ်၊ ရင်းနှီးသော အားဖြင့် **"မောင်မျက်ပြူး"** ဟူ၍လည်းကောင်း၊ လယ်တီဦးကောဝိဒကိုယ်တိုင် အပ်နှံသဖြင့် လယ်တီမှလာ၍ **"မောင်လယ်တီ"** ဟူ၍လည်းကောင်း ချီးမြှောက်ခေါ်တတ်ပါ၏။ ဆရာတော်ကြီးကိုယ်တိုင် အရေးတယူခေါ်ခဲ့ခြင်းကို ယနေ့တိုင် ဂုဏ်ယူလို့မဆုံး။

ခွာညိုနှံသင်းပျံသော ပြာသိုလ၊ "ဆီးနှင်းကျရှမ်း၊ ချမ်းတို့စ,လည်း ရင်မြည်ောင်း၍" ဆောင်းလရာသီဖြစ်သဖြင့် မြောက်လေပြက တနှုန့်နှုန့်၊ နေရောင်ခြည်က မပွင့်တပွင့်၊ နှင်းထုကလည်း မလွှင့်ပဲရှိ၍ "မြူလည်းကြွလင့်၊ မပွင့်နေခြည်၊ မကြည်ကောင်းကင်၊ ထက်ခွင်အုံ့ပျ၊ မိုင်းမြမြ" စာဆိုတော်နတ်ရှင်နောင်၏ ရတုစာတော်နှင့် အညီ ဖြစ်နေသော လ။

ထိုလ၏နေ့တနေ့တွင် မမြော်လင့်သောအကြောင်း ပေါ်လာပါသည်။ ကျွန်တော်၏ဆရာ (လယ်တီဦးကောဝိဒ)သည် ကျွန်တော့်အား ပြန်ခဲ့ရန်စာနှင့်အတူ ကိုရင်တိုလက ကျွန်တော့်ထံသို့ရောက်လာလေပြီ။ ဒုတိယကမ္ဘာစစ်မီးအဟုန်က မြို့ရွာအနှံ့ လောင်ကျွမ်းစေသဖြင့် မြို့လူထုကလည်း ပြောင်းရွှေ့နေကြရာ ဆရာနှင့်ဒကာ၊ ရေနှင့်ကြာကဲ့သို့ အညမည ဆက်စပ်သော စာသင်သားတို့မှာ ဝမ်းရေးအတွက် အခက်ကြုံရချေလေပြီ။

"ပြည်ထဲအရေး ပေါက်နှင့်ကျေး" သို့ ဖြစ်နေချိန် ကျေးဇူးရှင်ဆရာတော်ကြီးသည် ပြောင်းရွှေ့လိုသော တပည့်တို့အား အနှုးအညွတ် ခွင့်လွှတ်လိုက်သဖြင့် မုရွာထွက်မိရာ ချင်းတွင်းသဘော်ဖြင့် အမှတ်မထင် စီးနင်းလိုက်ပါလာခဲ့လေသည်။ သဘော်ဦးရွှေ့ခန်း လက်တန်းပေါ်မှ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်မိလေရာ၊ တောင်တခို့ကလည်း မှောင်မလိုလို၊ တောကိုကြည့်က တောရိတု၊ ရှုရှိမငြိုးပါ။ မိုးကိုကြည့်လည်း မိုးဝန်းကျင် တိမ်ခိုးဆင်လျက်၊ ရေကိုကြည့်က ရေသိန်စ် သဲခုံသစ်တွင် ကျူးဟစ်သံရှည်၊ ငှက်ပေါင်းစည်းလျက်၊ ရေယဉ်ဘောင်ဝယ် ငွေသောင်မြုပ်မျော၊ ဒိုက်သရေကတိုက်လျှောသုန်သုန်၊ ကြက်လှိုင်းခုန်လျက်၊ တိမ်ဂဠုန်လည်း နဂါးရုံကြွ၊ ရန်ချင်းတွေ့လျက်၊ နေကြသည်ကို မြင်ယောင်လျက်ရှိပါ၏။

နေဝင်လုနီးလာပြီဖြစ်၍ ပုခန်းနယ် ရှင်မတောင်စွယ်၌ နေဝန်းပင် မရှိတော့ပါ။ နီကျဲကျဲအရောင်ကသာ တောင်စွယ်တွင် မေးတင်နေပါသည်။ လိပ်နှင့်အလားတူသော သဘော်သည် တရွေ့ရွေ့ဆန်လာခဲ့ရာ ပုခန်းနယ်မြေ ရေစကြို့မြို့ဆိပ်ကမ်း၌ထိုးဆိုက်လိုက်သည်။ မြစ်ကမ်းနဖူး၌ ကြည်နူးဖွယ် စေတီငယ်များကိုတော့ သစ်ပင်တို့က မိုးနေလင့်ကစား မှောင်ထုထဲမှာပင် ဝိုးတဝါးဖူးမြင်နိုင်သည်။

မြောက်လေပြေသုတ်ဖြူး တိုက်ခတ်လိုက်လျှင် ချိုချိုလွင်လွင် ငြိမ့်ငြောင်းစွာ တီးခတ်နေသည့် ငွေဆည်းလည်းသံစုံကား "တေးသံစုံတီးဝိုင်းမှ သံစဉ်ခုနစ်ထပ် တီးခတ်နေလေရော့သလား" ဟူ၍ပင် ထင်မှတ်ဖွယ်ရှိပါသည်။

ကျွန်တော်သည် တနေကုန် သဘော်ဘင် လိုက်ပါလာရာ ပင်ပန်းလွန်းသဖြင့် ကုန်းပေါ်သို့တက်ရောက်၍ သေဋ္ဌေးဦးချင်းကုသိုလ် ရေစက်ကို အောင်မြေသာယာကျောင်းကြီးကို လေ့လာလိုက်ပါသည်။

"မလာဖူးသေး၊ ဝေးတားမြေတာ၊ လူတကာကို၊ လာလှည့်နှိုးဆော်၊ ခေါ်ဘိသောလား၊ လာတုံငြားက၊ မသွားစေအောင်၊ ချည်နှောင်၍ထား" သကဲ့သို့ ရှိလေပါတော့၏။ ပုခန်းနယ်မြေ၏ ရှုခင်းတစိတ်တဒေသအပါအဝင် ယင်းကျောင်းကြီးကို လေ့လာရုံမက ပုခန်းနယ် ရှေးဟောင်း သမိုင်းဝင် ကျောင်း-ကန်-ဘုရား ပုထိုးများ အခြား သမိုင်းဝင်ကဏ္ဍများကို သုတေသနပြုရန် အတူပါလာသော ကိုရင်တိုလက တယောက်တည်း မုံရွာသို့စေလွှတ်၍ မိမိမှာ ဦးချင်းကျောင်းကြီးမှာပင် နေရစ်ခဲ့လေ၏။

ပုခန်း၏ ရှေးဟောင်းသမိုင်းဝင် အကြောင်းအရာများကား ပုံပြင်ဒဏ္ဍာရီ ဆန်စေကာ နှောင်းလူတို့အတွက် အတိတ်မှအရိပ်ပမာ တသရော်ရမ်း လွမ်းမောစေကြရမည်သာ ဖြစ်ပါ၏။

ထိုအချိန်ကပင် ဤစာအုပ်၏သန္ဓေတည်စ,ဟု ဆိုနိုင်ပါသည်။ ပုခန်းသာသနာဝင်ပြုစုရန်လည်း စိတ်ပိုင်းထားပါသည်။

နှစ်ပေါင်း ၃၀-ကျော်ဖြတ်သန်းခဲ့သော ရည်ရွယ်ချက်သည် မျက်မှောက်ခေတ်တွင် သမိုင်းကို ပြောနေကြပါသည်။ ယင်းသမိုင်းကြောင်းက နှောင်းခေတ်အတွက် မှတ်တမ်းများဖြစ်နေပါသည်။ သမိုင်းကပြောနေသော ရှေးဟောင်းသမိုင်းကြောင်းလာ အစီအစဉ်များမှာကား သမိုင်းပင် ဆိုရပါမည်။

ဤသမိုင်းတွင် (၁) ရာဇဝင်ရေးရာ၊ (၂) သာသနာရေးရာ၊ (၃) စာပေရေးရာ၊ (၄) ယဉ်ကျေးမှုရေးရာ၊ (၅) လူမှုရေးရာနှင့် (၆) စီးပွားရေးရာ စသည်များလည်း ပါဝင်ထားကြောင်း တွေ့ရပေမည်။ ဤသမိုင်းကပြောသော ပုခန်း၏ ဘင်ဟပ်ချက်များမှာ ပုခန်း၏ ကြေးမုံချပ်ပမာ ဖြစ်နေပါသည်။

သုတေသီတို့သည် "**သွားယင်းဟန်လဲ**" ကဲ့သို့ ခရီးသွားလာယင်း ရှေ့အိုးကြီးကို အခန့်သင့် ကောက်ရတိုအလား၊ တိမ်မြုပ်ပျောက်ကွယ်နေသော ရာဇဝင်ကြောင်းလာ အချက်များ၊ ပုခန်းဆက်နွှင့် စပ်နွယ်ရာ အချက်များကိုလည်း လေ့လာဖတ်ရှုနိုင်ကြမည် ဖြစ်ပါသည်။

"စာပြုရန်မခက်ခဲသော်လည်း စာစုရန်ခက်ခဲသည်" ဆိုသကဲ့သို့ စာပေစုဆောင်းမှု၏ တန်ဘိုးကို လေ့လာနိုင်ကြပါသည်။

ပုခန်းဇာတိ၊ ပဝတ္တိရန်ကုန်မြို့ **ကျောက်ဆူးခမ္မဗိမာန်ဆရာတော် အရှင်စက္ကိန္ဒာဘရိယ** အရှင်မြတ်၏ တုံ့ဆပ်ချမကုန်နိုင်သော ကျေးဇူးကြောင့် သမိုင်းရှုထောင့်မှ မှောင်အတိ

ဖြစ်နေသော ရာဇဝင်မြုပ်ကွက်များ၊ သာသနာရေးရာမှတ်တမ်းများကိုလည်း ပြည့်စုံစွာ ဖော်ပြနိုင်ခွင့် ရရှိခဲ့ပါသည်။

ထို့ကြောင့် ဆရာတော် ဦးစက္ကိန္ဒာဘရိယအား လည်းကောင်း၊ ရှေးဟောင်း ကျောက်စာ,မှန်စာပေဘက်ဆိုင်ရာ အကူအညီရသော တဦးတည်းသော သမီး **မခင်မြင့်** (**မဟာဝိဇ္ဇာ**) ရှာပါးခဲတတ်ပုံများရရန် ပုခန်းနယ်မြေသို့ ကွင်းဆင်းရိုက်ကူးပေးသော ပုခန်းဇာတိ **အငြိမ်းစားဗိုလ်မှူးကြီးဦးတင်မောင်** (ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး)၊ ရေစကြို့မြို့ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး **ဆရာလှ တို့အား**လည်းကောင်း ဝမ်းမြောက်ကြည်နူးစွာ ကျေးဇူးဘင်၍မဆုံး ရှိနေပါကြောင်း မှတ်တမ်းတင်လိုပါသည်။

ဤစာအုပ်ဖြင့် သုတေသီတို့၏လိုအင်ဆန္ဒကို တစိတ်ဘဒေသအားဖြင့် ဖြည့်စွမ်း လိုက်ရခြင်းကြောင့် စုဆောင်းရှာဖွေရေးရကျိုးနပ်ပါပြီဟူ၍သာ ဆိုနိုင်ပါတော့သည်။

၁၃၃၉-ခု၊ ပြာသိုလ။ လယ်တီဦးလှပိုင်။

နွှတ်ခံတွင်းကြော—တိုက်ခန်းသဝဝယ်

ဇိနေန္ဒြမတ္တောဘသကုမ္ဘစာရိနီ
ဇ်နောရသာနံမုခပက်ဇာလိနီ၊
သရသ္ဝတီမေမုခဂ္ဘဂဗ္ဘိနီ
ရမတ္ဝ,နာယာသ သဒတ္ထသ္ဝဒနီ။ ။

အဓိပ္ပာယ်၊ ။ တွင်းပဘေးဒဏ်၊ ခပ်သိမ်းရန်ကို၊ တွန်းလှန်အောင်မြင်၊ ဘုရားရှင်ဟု၊ ဆင်မြတ်ဆဒ္ဒန်၊ ထိပ်ယံစိုးနင်း၊ မြတ်ဦးကင်းဌ၊ ကျက်စားခြင်းဟူ၊ ရှိတော်မူသော....

ရွှေရင်တော်နှစ် သားတော်ချစ်၏၊ မှုန် ရစ်ဆန်ပြင်း၊ ခံတွင်း သမိုက်၊ ပန်းကြာတိုက်တွင်၊ ပျော်ပိုက် ဖြစ်ပွားလေ့ရှိပေသော....

မယ်တော်သူရသတီ-ဒေဝီတည်းဟူသောသုံးဆူပိဋကဝါဝစနသည် "လှပိုင်" သမုတ်၊ အကျွန်ုပ်၏၊ နွှတ်ခံတွင်းကြော၊ တိုက်ခန်းသဝဝယ်၊ စဉ်လာဥဒါန်း၊ စာမော်ကွန်းလျှင်၊ ဖြစ်ထွန်းလေရာ၊ သဒ္ဒါတချက်၊ အနက်ဆယ်ထွေ၊ မြဘောသည်းချာ၊ သားရတနာအား ချမ်းသာစွာ ကိန်းအောင်းတည်နေပါစေသတည်း။ ၊

(ဇိနာလင်္ကာရဋီကာအဖွင့်ပဏာမမှ)

မြန်မာ့နိုင်ငံပုခန်းသာသနာဝင်

နုမော တသ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

❖❖❖❖❖❖❖

ပုခန်းနယ်မြေရှုခင်း

ဤစာအုပ်၏ မြစ်ဖျားခံရာနယ်မြေသည် လွန်ခဲ့သော နှစ်ခေါင်း(၂၀၁)ခန့်ခန့်က သမိုင်းဂုဏ်ရည်တင့်ခဲ့စေသည့်နှင့်အမျှ....

မင်းဆက်အသီးသီး စိုးမိုးခဲ့ရာ ရှေးဟောင်းမြို့ကြီး ဖြစ်လာခဲ့သည့်နှင့်အမျှ....

သမိုင်းကြောင်းလာ ရှုခင်းတို့ကို ရှုထောင့်အသီးသီးဖြင့် တွေ့မြင်ကြပေဦးမည်။ ပထဝီဝင်အရ ဤနယ်မြေသည် သုနာပရန္တတိုင်းတွင်းကဖြစ်သည်။ မဇ္ဈိမဒေသ လွန်ဒိုယ မြေကျောနှင့် ဆက်နွယ်သည်။

ရှေးဟောင်းမြို့ကြီးအဖြစ်ကို ချင်းတွင်းတဘက်ကမ်းခြေရှိ မောဂွလာန်ရွာ အရှေ့ထိပ်၌ရှိသော ရှေး ကျောက်ဆူးကျောက်ကြီးများက သက်သေပြလျက်ရှိ၏။ ယခုအခါ ပခုက္ကူ၊ ရေစကြိုကာလမ်းတွင်တည်ရှိနေသည်။ မုံရွာနှင့် ပုသိမ်သွား ကားလမ်းမကြီး ဖောက်လုပ်ပြီးလျှင် ရှုခင်းသာလှသော ပုခန်းမြို့ဟောင်းကြီးကို တွေ့မြင်ကြရပေလိမ့်မည်။ သမိုင်းကပြောနေသော ရှေးဟောင်းသာသနိက အဆောက်အအုံများဖြစ်သော ဘုရားအို၊ ဘုရားပျက်၊ ကျောင်းအို ကျောင်းပျက်ကြီးများကပင် ပုခန်းကို သမိုင်းက ပြောကြားနေသည်ဟု ထင်မှတ်ဖွယ်ရှိလေသည်။

ပုခန်းနယ်မြေကား ကျယ်ဝန်းလှပါပေသည်။ ပုခန်းမြို့ဟောင်း အရှေ့ဘက်လား သော် နေရင်း, တလိုင်းကုန်းရွာစသည်များအပါအဝင် ဧရာဝတီမြစ်အထိ၊ တောင် ဘက်လားသော်၊ မြစ်ကိုင်း(မြစ်ဆုံ) ပခုက္ကူ။ သီဟိုဠ်ရှင်ဘုရားအထိ၊ အနောက်ဘက် လားသော် ယောနယ်စပ်အပါအဝင် (ဝ)နယ်ခြားကျောက်ပုံအထိ၊ မြောက်သို့လား သော် ဗန်းကျီနယ် ယမားချောင်းအထိ ဖြစ်လေသည်။

သို့သော် ခေတ်ရေစီးကြောင်းက တည်ငြိမ်ခြင်းမရှိသဖြင့် နယ်မြေအကျယ်အဝန်း သတ်မှတ်ချက်အတိုးအဆုတ် ရှိချင်ရှိနိုင်မည်ဖြစ်ပါသည်။

ပုခန်းကြီးစတည်ချိန်

ဤပုခန်းကြီးမြို့ကို သာသနာတော်နှစ် ၃၆-ခုနှစ်က မဇ္ဈိမဒေသ ဣန္ဒိယအပါ အဝင် ရာဇဂြိုဟ် သီဟဓနုမင်း တည်ခဲ့ကြောင်းဆိုသည်။ ဣန္ဒိယနှင့် မြေတကျောတည်း ရှိသော သုနာပရန္တတိုင်း ပစ္စန္တရစ်အရပ်ဟုဆိုရသော ဤပုခန်းအရပ်၌ တည်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် အစောဆုံးမြို့ဖြစ်သည်။ မြို့တည်စဉ် တောင်သုံးလုံးကို တူးဖြိုပြီးလျှင် မြေကိုညှိကာ မြို့တံခါး ၅၀၊ မြို့ရံ ၅၀-ရှိ၏။ မြို့၏အမည်ကို "**မဟာနဂရ**"သမုတ်သည်။ သီဟဓနုမင်း၏ သားမြေးစဉ်ဆက် အုပ်စိုးခဲ့သည်။

ရာဇဝင်ရေစီးကြောင်း ပြောင်းရွှေ့လာခဲ့သည်နှင့်အမျှ မြန်မာနိုင်ငံ သရေခေတ္တရာ ပြည်မှ သမုဒ္ဒရာဇ်မင်းသည် ဧရာဝတီမြစ်အရှေ့ဘက်၌ ပေါက္ကာရာမသမုတ်၍ မြို့တည် သည်။ မင်းဆက် ၃၅-ဆက်ကြာမျှနန်းစံသည့် ပျဉ်ပြားမင်းလက်ထက် ပေါက္ကာရာမကို ပုဂံဟု သမုတ်ပြန်သည်။ ပုဂံမင်းနေပြည် ထွန်ချစ်မင်းဆရာ သံဃရာဇာအား နန်းတင် သည်။ ထိုမင်းကို သင်္ဃရာဇ်မင်း၊ သို့မဟုတ် ပုပ္ပားစောရဟန်းမင်းဟု နာမည်ခံယူပြီးလျှင် ပုဂံပြည်မှာပင် ဆက်လက်နန်းစံသည်။ ပုပ္ပားစောရဟန်းသည် "ခ-ဆ-ပဋ္ဌ"ဖြိုကိန်းပြု၍ နှစ်ခုကြွင်းထားလွှတ် သက္ကရာဇ်ဖြို့လေသည်။ ယခုအထိ သုံးစွဲနေသော သက္ကရာဇ်ဖြစ် သည်။ ထိုသက္ကရာဇ် ၉၆—ခုနှစ် ပုဂံတွင် သိန်းစွန်မင်းနန်းတက်ပြန်သည်။

ထိုမင်း၏ မြောက်နန်းဝိဟုရားမှ "စည်သူ"နှင့် "ကျော်ဗွာ"သားတော်နှစ်ပါး ဖွားမြင်ရာ၊ ယင်းမင်းသားတို့သည် အရွယ်သို့ရောက်လျှင် "မဟာနဂရ"မြို့ဟောင်းနေရာ ၌ ဂူဖြူဂူနီ ဘုရားနှစ်ဆူနှင့်အတူ မြို့တော်သစ် တည်ခဲ့လေသည်။

မြို့၏အမည်ကိုလည်းထိုမင်းသားတို့က ဧရာဝတီမြစ်မကြီးကို ကူးသန်းဖြတ်ကျော်၍ တည်သဖြင့် "**ကူးသန်း**"မြို့ဟု သမုတ်သည်။

ပုဂံပြည် နရပတိစည်သူမင်းလက်ထက် (၅၃၆)ကူးခန်းကြီးအမည် တွင်ခဲ့ပြန်၏။ ရှမ်းစော်ဘွား သိဃ်ဗိုလ်(ပို)၏ သားတော်သုံးပါးတို့သည် မိဖုရားဘွားစောအကူအညီ ဖြင့် ပုဂံဆက်နောက်ဆုံးမင်းဖြစ်သော ကျော်စွာမင်းအားနန်းချလိုက်ကြ၏၊ သားတော်

သုံးပါးတို့သည် ပုဂံမှပြောင်းရွှေ့၍ သက္ကရာဇ် (၆၆၂)၊ နောင်တော်အကြီး ရာဇသင်္ကန်အား မြင်စိုင်းမြို့၊ အလတ် သခ်ယာအား မက္ခရာမြို့၊ အငယ်သီဟသူအား ပင်လယ်ဘူးမြို့အဖြစ် အသီးသီးပိုင်းခြားအုပ်ချုပ်စေသည်။

ရာဇသင်္ကန်မြို့တည်သည့် မြင်စိုင်းမြို့၏နေရာမှာ ယခု ကျောက်ဆည်နယ်တွင် ကုလားခြောင်းရွာဖြစ်သည်။ ဒါးခုတ် လုံထိုး သိုင်းအတတ်ပညာရပ်များ ယခုတိုင်လက်ငုတ်လက်စ ရှိနေသေးသည်။ သီဟသူတည့် ပင်လယ်မြို့ကွက်နေရာမှာ ရောဝတီတဘက်ကမ်း ဆီမီးခုံ(ဆံမြိတ်ခုံ)သဘော်ဆိပ်အနောက်၊ ၆-မိုင်ခန့်အကွာ၌ရှိ၏။ မြို့ရိုးပျက်များ တွေ့မြင်နိုင်ပါသေးသည်။

သီဟသူသည် နောင်တော်နှစ်ပါးတို့ကို လုပ်ကြံပြီးနောက် ဧကရာဇ်အဖြစ် ခံယူလျက် ပင်းယသို့ပြောင်းရွှေ့၍ (၆၇၄)ခုနှစ်တွင် ဝိဇယပုရသမုတ်ပြီးလျှင် တစ်ိုင်းရှင် သီဟသူအမည် ခံယူအုပ်စိုးနေလေသည်။

ထိုမင်းလက်ထက် ပုခန်းကြီးကို မြို့တာအဝှမ်း ၅၀၊ တံခါး ၄-ရပ်ဖြင့်မြို့တည်ခဲ့၏။ ထိုအချိန်က ပုခန်းသာသနာပြန့်ပွားတိုးတက်စ ရှိလာလေသည်။ အင်းဝခေတ် မင်းကြီးစဉ် စော်ကဲလက်ထက်(၇၄၂)ရာဇာဓိရာဇ်နှင့်စစ်ဖြစ်ပွားရာ ပုခန်းကြီးမှ ခုခံခဲ့သည်။ မြို့တောင်ဘက်မှ မြို့ရိုး၊ အနောက်ဘက်မှ သူရဲခို၊ နန်းချို၊ မြောက်ဘက်မှ ပစ္စင်,ရင်တား၊ အရှေ့ဘက်မှ လင်းမြေရိုးပုံများပြုလုပ်ကာ ခံတပ်မြို့အဖြစ်ထားလေသည်။

မိုးညှင်းမင်းလက်ထက် (၇၈၂)ပုခန်းမြို့စား တရာ့ဖျားနှင့် ဘုရင်မရှင်စောပုတို့ အခိုင်အမာတပ်စွဲကာ ပြန်လည်ပြုပြင်လေသည်။ ညောင်ရမ်းဆက် ဟံသာဝတီရောက် မင်းလက်ထက် (၁၀၉၅)ပုခန်းကြီးမြို့ကို ခံတပ်မြို့ထားပြန်၏။ ယင်းမင်းလက်ထက်က မြို့ရိုးပျက်များ ယခုတိုင် တွေ့မြင်နိုင်၏။

အနော်ရထာမင်းငယ်စဉ်ကလည်း ပုခန်းမြို့စားဖြစ်ခဲ့၍ မင်းဘဝသို့ရောက်ရှိလျှင် တိုးချဲ့လျက် ဖွံ့ဖြိုးစည်ပင်ကာ သာသနာရောင် ထွန်းပြောင်လေသည်။ ကျန်ရစ်(စစ်) မင်းလက်ထက် ပုခန်းနယ်မြေကိုအောင်မြေနင်းပြီးလျှင် မြန်မာတနိုင်ငံလုံး တည်ထောင်၍ သာသနာပြုခဲ့သည်။ မင်းတုန်းမင်းသားငယ်ရွယ်စဉ်က ပုခန်းနယ်မြေတွင်နေပြီး အောင်မြေနင်းကာ မင်းတရားဖြစ်လာလျှင် သာသနာတော်ထောက်ပံ့လျက် သာသနာ့ဒါယကာ ခံယူလေသည်။

ပုဂံနှင့်မြေတကျောတည်းမဟုတ်စေကာ သာသနာထွန်းကားစေခြင်းကား တူညီလေသည်။ **''ပုခန်းကျောင်းကန်၊ ပုဂံဘုရား''** ဆိုခဲ့သည်နှင့်အညီ ပုဂံမြို့သက် နှစ်ပေါင်းတထောင်နှစ်ရာခြောက်ဆယ်တန့်(၁၂၆၁)အတွင်း၊ ဘုန်းကြီးသောမင်းများ စိုးစံခဲ့ရာ စေတီဘုရား ပုထိုးများ လှန်စွာများလာခဲ့သည်နှင့်အမျှ ပုခန်းနယ်၌ ရှေးဟောင်း ကျောင်းကြီးများ မိုးထိန်းပါး ကြီးမားခဲ့သည်။ ကျောင်းအိုကျောင်းပျက်တို့မှာ သာ

သနာတော်၏ ရှုထောင့်များအတိုင်း သမိုင်းကပြောနေသော မှတ်တမ်းတို့သာ ဖြစ်ပါ၏။ သာသနာဝင်ဆက်ကို ပုခန်းဘက်သို့ လှမ်းတက်နေပြီကို အောက်တွင် မြင်တွေ့ကြရပါလိမ့်မည်။

လှိုင်းပုခန်းငယ်

ပုခန်းတွင် ဒီရေလှိုင်းနှင့်စပ်၍ နာမည်ကြီးခဲ့ပါသည်။ "ရေယာဉ် စစ်ကိုင်း၊ လှိုင်းပုခန်းငယ်၊ လယ်တောင်တွင်း၊ စပါးရမည်းသင်း၊ အင်းတောင်သမန်၊ ကန်မိတ္ထီလာ" ဟူသော ဆောင်ပုဒ်အတိုင်း ပုခန်း၏ထူးခြားချက်ဖြစ်၏။ ပုခန်းကြီးနှင့် ပုခန်းငယ်တို့မှာ ၃-မိုင်မျှသာကွာသည်။ မိုးလရာသီ၌ ပုခန်းငယ်တပြင်လုံး ရေပြင်အတိ၊ လှိုင်းဂယက်ကလည်း ထန်ပြင်းလှပါဘိ။

ပုခန်း ဝေါဟာရ

၁။ လေးရာပြုဆန်း၊ မြို့ပုခန်း၊ ကူးသန်းခေါတတွေ့။
(ကဝိ)

၂။ မြန်မာ့အလို၊ ကူးသန်းဆိုသား၊ နဂိုရိသာစည်၊ ရပ်ရွာပြည်ဝယ်။
(အပဏ္ဏကပျို့)

၃၊ ဘူမိံ ဓာဝန္တသုဝဏ္ဏမိဂံ—ရွှေသမင်ယောင်ဆောင်၍ ကူးသန်းပြေး သွား လေသောမြေအရပ်၌ မြို့တည်ခြင်းကို၊ ဥပါဒါယ-စ်၍ တိုရဒေသေ-ကူးသန်းကြီးဟု သမုတ်အပ်သော၊ ပုရေ-မြို့၌၊
(အဋ္ဌသာလိနိဂဏ္ဌိ)

၄၊ ပုဂံ အလောင်းစည်သူ (၄၇၉)လက်ထက်၊ သိကြားမင်းဆက်သော သရက္ခန်ရုပ်ပွားတော် ကိန်းဝပ်တော်မူရန် ဣဒ္ဓိဝိဓမည်သော တောင်၌ ဂူတိုက်ခမ်းကြီး တည်ထားသည်ကို စဉ်၍၊ ဂူခမ်းကြီး အမည်ရှိသော။
(ပုခန်းမြို့သမိုင်းပေမူ)

ပုခန်းနှင့် ပခန်း ရေးထုံး

ပုခန်းနှင့်ပခန်း ရေးထုံးကွဲပြားနေကြသည်။ အချို့က ပုတ္ထင် ဥသရပါ၍ အချို့က ဥသရမပါ။ ပုခန်းဟူရေးခြင်းမှာ မြင်တွေ့နေကျ စာလုံးသတ်ပုံမှန် အက္ခရာဖြစ်သည်။ ပုခန်းကို ပခန်းဟု အသံထွက်ဖတ်ရှုပါ။ ''စာရေးအမှန် စာဖတ်အသံ'' ဆိုသည်။

ပုခက်-ပခက်၊ ပုဂံ-ပဂံ၊ ပုဆိုး-ပဆိုး၊ ပုဆိန်-ပဆိန်၊ ပုစွန်-ပစွန်၊ ပုတီး-ပတီး၊ ပုထိုး-ပထိုး၊ ပုရစ်-ပရစ်၊ ပုလဲ-ပလဲ၊ (ပုလဲမြို့)၊ ပုလော-ပလော(ပုလောမြို့)၊ ပုလိပ်-ပလိပ် (ပုလိပ်မြို့)၊ ပုလင်း-ပလင်း၊ ပုဝါ-ပဝါ၊ ပုသိမ်-ပသိမ် (ပုသိမ်မြို့)စသော ရေးထုံးများ၊ စာလုံးပေါင်းမမှန်လျှင် အဓိပ္ပာယ်အယူအဆ,မှားတတ်၍ ''သတ်ပုံမှားလျှင် တရားဖြစ်တတ်သည်။'' ဟု ဆိုခဲ့ဘူး၏။ ဤပုခန်းသာသနာဝင်တွင် ရှေးရှေး ပျို့စာပေများကို ထောက်၍ **ပုခန်း**ဟူ၍ ဆက်လက် အသုံးပြုရမည်ဖြစ်သည်။ သို့သော် **ပုခန်း**ဟု ဥသရဖြင့် အသံမထွက်ရ။ **ပခန်း**ဟု ဖတ်ရှုကြရမည်။

၁၊ မြောက်မှခပ်ယွန်း၊ ပုခန်းပုသိမ်၊ စက်ရှိန်လှေဝေ၊ သရေခေတ္တာ၊ အင်းဝ တောင်ငူ၊ တူရူရှေ့ခင်း၊ လင်းဇင်းဒလ၊ ဒွါရနှစ်ဆယ် (နဝဒေးကြီးဆို ဟံသာဝတီမြို့ တံခါး ၂၀-ဖွဲ့ ရတု)

၂။ ဒိုက္ခတ္တံသာသနောက္ကန္တေ—မဟာပဏ္ဏာ-သစ္စဗန္ဓ ဝေနေယျတို့ကို အကြောင်းပြု၍ သက်တော်ထင်ရှားရှိစဉ် ကိုယ်တော်တိုင် ကြွရောက်လာသဖြင့် သာသနာတော် သက်ဆင်းသည်တကြိမ်၊ တတိယသံဃာယနာတင်ပြီးကာလ၊ **ယောနက ဓမ္မရက္ခိတထေရ်မူး၊ ငါးဦးသောမထေရ်တို့** ကြွရောက်လာသဖြင့် သာသနာတော် သက်ဆင်းသည်တကြိမ်၊ ဤသို့ နှစ်ကြိမ်နှင့်ခါ **သာသနာဓမ္မမူလအစစ်အမြစ်** သက်ဆင်းရာ ဖြစ်ထသော၊

သုနာပရန္တရဋ္ဌဂွေ—သူနာပရန်၊ ရန်မာရိပယ်နှိမ်၊ ဥပါဒ်ငြိမ်သည့် ဂေါဝိန္ဒရာဇ်၊ နွယ်မြစ်ပြည့်လှိုင်း မြတ်သောတိုင်း၌၊ သေဋ္ဌ-ဥဏှဂုရဝိန်၊ ဖလ်သူရိန်သို့၊ လျှံထိန်တင့်မော၊ ကျော်စောချီးမွမ်းအပ်ထသော၊

ပုခန္ဒနဂရေ-သမုဒ္ဒရာ ပင်လယ်လှိုင်းလိပ် ရေနီမိတ်ကို တံဆိပ်တန္တုကသိုဏ်းရှု၍၊ ပြုစုရွက်ဆောင် ခိုနန်းတောင်သို့၊ တည်ထောင်ထူးဆန်း မြို့ပုခန်း၌+++။

(ရေစကြိုမင်းအိုတိုက် ရတနာမဉ္ဇူသိမ်ကျောက်စာ)

၃။ သုနှပြန္တဋ္ဌေ-ဘဒ္ဒကမ္ဘာ ပေါဉီးခါဝယ် မဟာသမတ တေဇလျှံထိန်နရိန္ဒရာဇ် ခုနစ်ဆက်မြောက် ရွှေမှောက်မှန်စွာ မန္ဓာတုဇာတ် အတ္ထုပ္ပတ်တွင်၊ သားမြတ်သုနု၊ ထိမ်းအုပ်ပြုသည့် သုဂေါယာဉ်သား၊ လူများ

ပြည့်လို့င်း ခေါ်သမို့င်း၌၊ တိုင်းကြီးကေတု၊ သုနာပရန် မြတ်ရမ်ဌာန်၌ တည်ထသော၊

ပုခန္ဓနဂရေ-ရခိုင်ဌာနိ ဝေသာလီဝယ်၊ မောရဂိဇာတ်၊ အမတ်လက်မည်း၊ စနည်းဓာတ်စိတ် သိုက်နိမိတ်နှင့် ဗျာဒိတ်ရည်ရွယ်၊ ပင်လယ်လို့င်းတွန်၊ ရေအညွှန်ကို မြော်ခန့်တန္တု တည်ထောင်ပြုသည့် "သုသုတန်းမြို့ပုခန်း၌++"

(တရားသူကြီးမင်းကြီးမဟာမင်းလှသကြ်ံန်(ဦးမို့င်း) မင်းကြီးကတော် မင်းနှင်းဆီတို့ကုသိုလ်၊ ရေစကြို့ ရှင်ပင် ရွှေလဝင်းစေတီ မော်ကွန်းစာ)

၄။ နွယ်တော်ကြင့်နှ်း၊ ရာ့ထီးနန်းဟု၊ ပုခန်းစိုးယူ၊ ဘုန်းညွှန့်လူကို၊ ရွှေကူသီးပွတ် နန်းလယ်နတ်နှင့်++

(ဘိုးတော် သားတော် ပုခန်းမြို့စားမင်းသားနှင့် မယ်တော်ကဲ့ သမီးတော် ရွှေကူမင်းသမီးတို့စုံဘက် ရာ၊ ဒုတိယနဝဒေးဆို ရတု)

၅။ သိကြားတံဆိပ်၊ မိန့်ဗျာဒိတ်နှင့် ခပ်နှိပ်သည့်တိုင်း၊ မို့မို့မှိုင်း၍၊ ဆိုင်းဆိုင်းညို့ညို့၊ ပုခန်းမြို့ဟု++


(ရွှေးဟောင်းစာပေ)

၆။ ဇမ္မူဒိပ်ပန်း လူ့ကြင့်နှ်းတွင် ပုခန်းမြို့ပြန့် ကြီးကျယ်ခန့်သည်++

(ပုခန်းသမို့င်းဟောင်းလင်္ကာ)

၇။ ဟံသာဝတီရောက်မင်းလက်ထက် ပုခန်းကြီးမြို့ကို အုတ်ရိုးတို့ဖြင့် နိမ့်တုံမြင့်တုံ လို့င်းတံပိုးအလားကဲ့သို့××

(ဘကြီးတော်လက်ထက် နေမျိုးနော်ရထာ)



ရှင်မတောင်တန်း

နေလှုလင်၏ရောင်ခြည်သည် ရှင်မတောင်တန်းပေါ်သို့ မေးတင်နေသောအခါ တောင်တန်းကြီးတခုလုံး ကတ္ထိပါကော်ဇောကြီး ဖြန့်ခင်းထားသည်နှင့် တူ၏။ ပုံတောင်ပုံညာ တောင်တန်းရှည်ကြီးများကဲ့သို့ အမြင့်ချင်းတူညီသော ရောဝတီတဘက်ကမ်းမှ ပုပ္ပားတောင်တန်း၏ရှုခင်းထက်ပင် ကြည်နူးသာယာလှ၏။

ကျွန်ုပ်တို့၏ဆရာဖြစ်သော **လယ်တီဦးကောဝိဒ**သည် ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ခု ခန်းတွင် **သလွဲဝတီတင့်အုံ** ကလောင်မည်ဖြင့် ရေးသားနေသကဲ့သို့၊ **ပုခန်းစေ့မေ** အမည်ဖြင့်လည်း အောက်ပါအတိုင်း ရေးသားခဲ့ဘူးပါသည်။

"ရှင်မတောင်ပေါ်သို့ ရောက်တဲ့အခါ သာယာတဲ့မြို့ရဂုံမှာ တေဘျုံ့ တွေက ပိတ်ဆို့၍ နှစ်လို့ဖွယ်ကောင်းတဲ့ ရတုအခါ၊ ရှုစရာမှတ်စရာ ပန်းသစ်ပင် တွေက ဝေဖြာလို့ လှမ်းစရာလဲ ကောင်းလှသပေါ့××

သည်ရှင်မတောင်ကြီးမှာ အုပ်စိုး၍ တန်ခိုးကြီးနတ်ကတော့ ရှင်ဖြူနတ် ဖြစ်ခဲ့လို့ အရှင်မ ခေါ်ပါသတဲ့၊ ရှင်မနတ်ကို အစဲ့ပြု၍ခေါ်တဲ့အတွက် "ရှင်မတောင်" ရယ်လို့ ဟိုးရှေးရှေးကစပြီး ခုကာလတိုင်အောင် ထင်ရှားနေပါတယ်။

ရှင်မနတ်အဖြစ် မရောက်ခင် လွန်ခဲ့တဲ့ဘဝက အိမ်ထောင်ရေးကို မနှစ်သက်သဖြင့် ချစ်ဖက်မထား၊ လင်သားမယူ၊ အပျိုဖြူစင်စင်နဲ့ နေထိုင်ခဲ့တယ်။

အိမ်ထောင်မှုကို ရှဲမုန်းပြီး အပျိုစင်လုံးလုံးနဲ့ ဘဝဆုံးတဲ့အခါ ရှင်မနတ် ဖြစ်လာပါရော။

ရှေးက ရင်းနှီးတန်ခိုးကြီးတဲ့အတွက် သည်တော သည်တောင်ကို အစိုးရနေတယ်။ ရှေးအခါက ဝါသနာအတိုင်း နတ်ဖြစ်တဲ့အခါမှာလဲ နတ်သားနှင့် မဆက်ဆံ၊ ချစ်သူကိုလက်မခံပဲ အပျိုဘဝနဲ့ စံနေတယ်။

သူစိုးပိုင်တဲ့ တောင်သို့ ရောက်လာတဲ့အခါ သမီးရည်းစား အဘူတဲ့သူဌား တာကိုလဲမနှစ်သက်လေဘူး၊ အကြင်လင်မယားညားကာစအခါ ပူးတဲ့ပူးတဲ့နေပြီး ကွန်ဒြေပျက်တာကိုလဲ မနှစ်သက်လေဘူး၊ သူမကြိုက်တဲ့ အမူအရာတွေကို မြင်မှဖြင့် ရုတ်တရက် မျက်မုန်းကျိုးပြီး အညှိုးထား၍ နှိပ်စက်ပါလေရော။

စီးတော်ကျားနဲ့ တိုက်လိုတိုက်၊ စီးဘော်မြင်းနဲ့ နင်းလိုနင်း၊ သတ္တိဟုန် ထန်ပြင်း၍ မာန်တင်းတဲ့ရှင်မနတ်ကြီးပေါ့၊ ဆိုခဲ့ဘဲ့အိုဘဲ့ဌ်ဒ်ဒ်ဒ

တော်မြေ၊ အန္တရာယ်တွေအများကြီးရှိပါသေးတယ်။ ကျေးတော်မျိုး ကျွန်တော်မျိုးများကိုလဲ သနားတတ်ပါရဲ့ ××။

စသည်ဖြင့် ယုဝတီအမျိုးသမီးတဦး ရေးသားဟန်ဖြင့် ရေးခဲ့လေသည်။ ဤရှင်မတောင်ကြီးကို ပြောင်းပြာသူငှက်ဖြူ အယူတိမ်း၍ နတ်စိမ်းဘဝ်တွင် ရှင်မနတ်အုပ်စိုးရာဖြစ်ခဲ့သောတောင်ကို **"ရှင်မတောင်"** အဖြစ် သရုပ်ဖော်ထားလေသည်။

ဤတောင်တန်းကားထွက်ရပ်ဒေသပါက် ဝိဇ္ဇာဓိုရ်၊ အဂ္ဂိယတ်ဆရာများ မှီခိုရာဖြစ်၏။ ထို့ပြင် ဆေးဘက်ဝင်သစ်ပင်များ၊ ဓာတ်သတ္ထု၊ ဂမုန်းနာ စသော ရတနာများ အလေ့ပေါက် တဆောင်းလက်ပတ်များ၊ ရှားစေးချက်ထုတ်ရန် ရှားပင်များ။

အတူးသဖြင့် ဆေးဘက်ဝင်သော နံ့သာနီပင်များလည်းရှိ၏။ နံ့သာဖြူအကျော်၊ စမွာ၊ ကရမက် စသော ဆေးဘက်ဝင်အပင်များကဲ့သို့ ရှင်မတောင် နံ့သာနီပင်များကို သုတေသန ပြုကြရပေမည်။

အလေ့ကျ သဘာဝပေါက်သော ဤအပင်ကို သွေးဆေးဖော်ရာ၌ အဓိကဖြစ်၏။ **"ပိတောက်မှာအနှစ်၊ ဆံတောက်ကညာအချစ်"** ဆိုသော နံ့သာနီကို ပိတောက်နှစ်ဟူ၍ လည်း ခေါ်နိုင်ပါသေး၏။

ပိတောက်နှစ်ကား ကန္ဓကပင်မှေးထုံနေသကဲ့သို့၊ ဤနံ့သာနီမှာလည်း သင်းလှိုင်ပြန့်မွှေးလျက်ရှိ၏။ နိဗ္ဗာန်သည် သိလရနံ့နှင့်ထုံ၏။ နံ့သာနီသည် အလွန်သင်းထုံပြန့်လှိုင်သော အနံ့ရှိသည်ဟူ၍ **သုသုဟာဒေဆေးကျမ်း၌** ဖော်ပြထားသည်။ နံ့သာဖြူတက်လည်း ဆေးဘက်ဝင်၏။ ယင်းနံ့သာနီ၏အကျိုးဆက်မှာ၊

> "နံ့သာနီသည် ခါး၏။ ဆေး၏ဝိပါက၌ စပ်၏၊ ပိုးကို ပယ်တတ်၏၊ ကာဇကို အားပေး၏၊ အဆိပ်ကို ပယ်တတ်၏၊ သည်းခြေဒါသကို နှိုင်၏၊ အော့အန် ရေငတ် အနာပေါက်မွက်စေ့ ရောဂါ စိတ်ဖောက်ပြန်ရူးသွပ်ခြင်း စသော ရောဂါများကို ပျောက်ကင်းစေ၏"

(ဥတုဇောဇနကျမ်း)

ရှင်မတောင်သနပ်ခါး

ပုခန်းနာမည် ထင်ရှားနေခြင်းမှာလည်း ရှင်မတောင်သနပ်ခါးကြောင့် ဖြစ်သည်ဆိုလျှင် မှားအံ့မထင်ပါ။ အမျိုးသမီးများ၏အသည်းကျော် သနပ်ခါးဖြစ်သည်။ ယင်းကို တောင်နီသနပ်ခါးဟုလည်းခေါ်ကြပါသေး၏။ တောင်ကပင် မြေနီ၍ အသွေးအရောင်ကလည်း နီတွေးတွေးရှိသည်။ အပွေးနက်လျှင် တောင်နီသနပ်ခါး မဆိုနိုင်။

ကြားဘူးပါသည်။ အလောင်းစည်သူမင်း ဖောင်ယာဉ်ဖြင့် တိုင်းခန်းလှည့်ရာ ရှင်မတောင်သို့ ရောက်လာပါသတဲ့။ မင်းနှင့်အတူ မိဖုရားများပါလာခဲ့ရာ၊ သနပ်ခါးသေတ္တာ ထိုနေရာ၌မှောက်ကျသဖြင့် ခြေရုံများက ရှင်မတောင်သနပ်ခါးကို သွေး၍ ဆက်ကြရာ နေရာအနှံ့ ပြန့်မွှေးလှိုင်နေပါသတဲ့။ **"ရှေနံ့သာခေါက်ကိုလ ကျောက်ပေါ်မှာတင် ခန်းဝင်ကမွှေး"** သော ရှင်မတောင် သနပ်ခါးပါတည်း။

ရှေဘိုထွက် သနပ်ခါးနှင့် တောင်တွင်းကြီး သနပ်ခါးတို့မှာလည်း နာမည်ကြီးကြပါ၏။ စမ်းရေကျ ဟေမဝန်တကျောမှာ နံ့သာတောရင်မှုံလို့ ရှိတော့ "လှလိုက်တာပင်သနပ်ခါး ရှင်နတ်များ စိုက်ထားသည့်ပုံ" ကဲ့သို့ဖြစ်၏။

လယ်တီဦးကောဝိဒ (ပုပ္ပားဦးကျော်ရင်)သည် ရှင်မတောင်သနပ်ခါးနှင့်စပ်၍ ၁၉၃၀-ဇန်နဝါရီလထုတ် ဒဂုန်မဂ္ဂဇင်း ယုဝတီစကျွန်းတွင် "သလွာဝတီတင့်အံ့" ကလောင်အမည်ဖြင့် အောက်ပါအတိုင်း ရေးခဲ့သည်။

> "မမတုတ်ကြီးကတော့ သနပ်ခါးရဲ့ပါဠိကို "ထိပက်ဲ" အဓိပ္ပာယ်က မိန်းမတို့လူးရာ ညှန်အိုင်၊ "ထိရဲ" ကလဲ မိန်းမတို့ မိမိကိုယ်ကိုဆိုးတော ဆေးရည်ရယ်လို့ဆိုတယ်၊ သည်ဗျူပွတ်နဲ့ လျှော်ကန်သမို့ သင့်တော်ပါရဲ့။
>
> တင့်အုံက ဉာဏ်ကွန့်ပြီး အညွှန့်တက်ရလိမ့်အုံးမယ် မခင်ဆွေ။ သနပ်ခါးရဲ့ဝိဂ္ဂိုဟ်ကို သည်လိုဆိုရယင် မကောင်းပဘူးလား။ "သမ္မာနဟာယ ခလီယတိလိမ္မီယတီတိ သနပ်ခါး" ယာ-ဂန္ဓဇာတိ၊ အကြင်သို့သော အရည်ပြစ်ပြစ် နံ့သာနှစ်ကို၊ သမ္မာ-ကောင်းစွာ၊ နဟာယ-ရေချိုးပြီးမှ၊ ခလီယတိလိမ္မီယတိ လိမ်းကျံအပ်၏။ ဣ-တိထိုကြောင့် သာဂန္ဓဇာတိ၊ ထိုအရည်ပြစ်ပြစ် နံ့သာနှစ်သည် သနပ်ခါးမည်ပါသတဲ့" သံပုဒ်၊ နဟာယပုဒ် ရှေ့ထားပြီး ခလ ဓာတ်အားဖြင့် ဗီရင်က အဆင်ပြေသလိုရှိတယ်။ ခလဓာတ်ကို ဓာတ်နက်ဆိုတော့ သီဟိုဠ်ဘာသာနဲ့ ရေးထားတဲ့ ဓာတုမဥ္ဇူသာဓာတ်ကျမ်းမှာ
>
> "ပဟာရေလေပနေပါထေ
> ဝိရာဓေဂတိယံခလော" တဲ့ တုတ်တုတ်ကွဲ။
>
> ခလဓာတ်၏အနက်မှာ (၁) ပုတ်ခတ်ခြင်း၊ (၂) လိမ်းကျံခြင်း၊ (၃) အမြင့်မှကျခြင်း၊ (၄) ချွတ်ချော်ခြင်း၊ (၅) လားခြင်း အနက်အားဖြင့် ငါးမျိုးရှိတယ်။ ခလဓာတ်၏ အနက်ငါးပါးတွင် သနပ်ခါး အဓိပ္ပာယ်မှာ "လေပန" ခေါ်တဲ့ လိမ်းကျံခြင်းအနက်က အသင့်လျော်ဆုံးမို့ ဗျာကဂုဏ်းကျမ်းတို့ အစီအရင်အားဖြင့် သနပ်ခါးရဲ့ဝိဂ္ဂိုဟ်ကို တင့်အုံက ထုတ်ဆိုလိုက်ရသပေါ်။

သဒ္ဒါနည်းအရ အဓိပ္ပာယ်ပြရလျှင် မိန်းမများသည် ကောင်းမွန်စွာရေချိုးပြီးလျှင် ခင်မင်စွာ လိမ်းကျံအပ်သော အနက်သဘောကို သနပ်ခါးလို့ ဆိုတယ်ရှင့်။

သနပ်ခါးဆိုတဲ့သနပ်ခါးဟာ နေရာတကာတိုင်းမှာ မပေါပေါက်နိုင်ဘူး တုတ်တုတ်ကဲ့၊ သနပ်ခါးပင်ပေါက်တဲ့မြေဟာ လွန်စွာခြောက်သွေ့မြေ ဖြစ်ရမယ်၊ ကျောက်ခရစ်ခဲများတွင် သနပ်ခါးပင်တွေ အားကြီး တွေ့မြင်ရတယ်ရှင့်။

ဒါကြောင့် သနပ်ခါးပင်များသည် မြေနုံနဲ့ ရေစုနေတဲ့အရပ်များမှာ စိုက်ပျိုလို့ မဖြစ်နိုင်ပေဘူး၊ မြေကြမ်းကြမ်းတွင် ရေစမ်းနဲ့ကွာဝေးပြီး ပူနွေးတဲ့ကျောက်စရစ်ကုန်းများမှာ အပင်ပေါက်လေ့ရှိသပေါ့၊ ကုန်းမြေကျပြီး ဧရာမ အပူဓာတ်နဲ့ ပူစပ်နေယင်လဲ မပေါ်ကပြန်တော့ဘူး၊ ကုန်းခေါင်ကျပေမဲ့ အောက်အခြေက သောက်ရေကလေးနီးနီးမှ ပေါက်တတ်ပြန်တယ်။

သည်သဘောကိုထောက်လျှင် သနပ်ခါးပင်ပေါက်များသည် အပူအအေးမျှတတယ်လို့ ဆိုနိုင်ပေသပေါ့၊ ဒါကြောင့် သနပ်ခါးကို ပူတဲ့သဘောနဲ့ စပ်လိုက်လျှင် အပူဘက်ပါသွားရော၊ အေးတဲ့သဘောနဲ့ ရောနှောပြန်လျှင်လဲ စန္ဒကူးလို့မြေပြီး သီတလဂုဏ်နဲ့ ပြည့်စုံလာနိုင်တယ်။ **"မိန်းမမီးယပ်၊ယောကျ်ားဒူလာ"** ချုံချာတဲ့ရောဂါတွေဟာ အများအားဖြင့် တောဇောဓာတ် အပူနာကို "ဒူလာ" လို့ခေါ်ရတယ် မခင်ဆွေရဲ့။

သနပ်ခါးမှာ မွေးကြိုင်တဲ့ ဂန္ဓဓာတ်တမျိုး၊ ခိုင်မာတဲ့ ပထဝီဓာတ်တမျိုး၊ မြေတဲ့ သီတဝေဇောဝေါ်တမျိုးရယ်လို့ ဓာတ်ကြီးသုံးမျိုး တွေ့ရှိရတယ်ရှင့်။ သည်ဓာတ်ကြီးသုံးပါးဟာ လွန်စွာအဘိုးတန်ပြီး ဂေန်သိဒ္ဓိမြောက်တဲ့ ဓာတ်ကြီးတွေဘဲ"

ပင့်ကူလက်ကြားသနပ်ခါး

သနပ်ခါးနှင့်တူသော ပင့်ကူလက်ကြား သနပ်ခါးအကြောင်းကိုလည်း ဆက်လက်၍ ဖော်ပြထားသည်။

"မြင်းခြံနယ်တွင် သနပ်ခါးပင်နှင့်တူတဲ့သစ်ပင်တွေ ရှိပါတယ်။ သစ်ပင်တွေရဲ့အမည်ကတော့ "ပင့်ကူလက်ကြား" လို့ ခေါ်ပါသတဲ့။ ပင့်ကူလက်ကြားနှင့် သနပ်ခါးပင်ဟာ အင်မတန်အဆင်တူ၍ အသွင်တမူ ခွဲမရဘူးလို့ ဆိုရသပေါ့။ သနပ်ခါးရွက်မှာလဲ ပင့်ကူလက်ကြားလို အကြားကလေးတွေ ရှိပါတယ်။ ပင့်ကူလက်ကြားသစ်ပင်များမှာလဲ ပင့်ကူရဲ့လက်ကလေးလို အဝေးကကြည့်လိုက်လျှင်

သနပ်ခါးပင် ထင်မှားလောက်အောင် အသွင်အားဖြင့် နီတွေးတွေးရှိတဲ့ အရွက်ကလေးတွေပါသပေါ့။

သို့ကြောင့်

"ပင့်ကူလက်ကြား သနပ်ခါး ရွက်များနီတွေးတွေး" ဆိုတဲ့ သံပေါက်ကို လွန်ခဲ့တဲ့ အနှစ်တရာလောက်က **ဘုံကျော်ဆရာတော်ကြီး** ရေးသားတော်မူတဲ့ မနောဟရီဓာတ်ကျမ်းမှာ မိန့်ဆိုခဲ့တယ်။ ဘုံကျော်ဆရာတော်ကြီးဆိုသည်မှာ အမရပူရနေပြည်တော် ဘကြီးတော်ဘုရားလက်ထက်က ဘုရင်မင်းမြတ် ကိုးကွယ်တော်မူတဲ့ ဆရာတော်ကြီးတပါးပေါ့။ မူလဋ္ဌီကာနိဿယနှင့် မူလဋ္ဌီကာဂဏ္ဌိကျမ်း၊ ဆေးကျမ်း ဓာတ်ကျမ်း အခန်းခန်းတို့ကို ရေးသားတော်မူခဲ့တဲ့ ဆရာတော်ကြီးဖြစ်တယ်။ သည်ဆရာတော်ကြီးဟာလဲ **ပုခန်းနယ်မြေမှ ဆက်နွယ်လာရတဲ့ ပုခန်းဆက်ကျမ်းတတ်**ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ပေတယ်။

ပင့်ကူလက်ကြားနှင့် သနပ်ခါးပင်မှာ အရွက်အားဖြင့် ဆင်ဆင်တူရုံ မကသေးပါဘူး။ အပွေးအားဖြင့်လဲ တူညီနေပြန်တယ်။ အပွေးချင်း ဆင်ဆင်တူသော်လဲ ပင့်ကူလက်ကြားမှာ သေးသေးမြောင်းမြောင်း အပွေးကြောင်းကလေးတွေမှာ ပူးပေါင်းလို့မနေပဲ အခြေကစ၍ အထက်သို့ကျအောင် တသမတ်ထည်းတက်သွားတယ်။

သနပ်ခါးရဲ့အပွေးမှာ အသွေးအရောင် နက်မှောင်ခြင်းနှင့် ဖြူဆွတ်နေခြင်းနှစ်မျိုးရှိတယ်။ ပကတိအားဖြင့် နက်မှောင်၍ အဖြူရောင်တွေ့လှမ်းမိုးလျက်ရှိသပေါ့။ သနပ်ခါးရင့်လေ အပွေးနက်လေပဲ။ အပွေးနက်လျှင် အပွေးဘက်က ရေသားပြီး သွေးရာမှာလဲ ညက်ညောတယ်တုတ်တုတ်ကဲ့။

ပင့်ကူလက်ကြားပင်မှာတော့ အပွေးရောင်က နီကြောင်ကြောင်နဲ့ဖြူဆွတ်နေသပေါ့။ အနီနဲ့အဖြူ အပွေးလဲ မတူတတ်ဘူး။ ပါးပါးလှာလှာနဲ့ သေသေချာချာကြည့်မှ သနပ်ခါးပင်မဟုတ်မှန်း သိနိုင်တယ်။ အရွက်ချင်းတူညီရာတွင် သနပ်ခါးရွက်ကလေးတွေမှာ ငါးခွ, လေးခွ, ခွလျက်ပေါက်တတ်တယ်။ ပင့်ကူလက်ကြားမှာ ခွကလေးသုံးခုထဲ ပါသတဲ့ရှင့်။

အခွံအခေါက်က မထူမပွပဲ မူလအတိုင်းနေတယ်။ သနပ်ခါးပင်မှာတော့ ကြီးလေ အပွေးထူလေ ထူတတ်ပါတယ်။ မှေးကြိုင်တဲ့အနံ့ရှိတယ်။ ပင့်ကူလုက်ကြားမှာ သစ်သားနံ့မှတပါး အခြားအနံ့အသက်မရှိဘူးပေါ့။ သည်တော့ ပင့်ကူလက်ကြားနဲ့သနပ်ခါးဟာ ကဲပြားသွားရောမဟုတ်လား"

မင်းသားလေး မောင်စံလွင်နှင့် ပန်းဂူးဆရာတော်

သက္ကရာဇ် ၁၁၈၁-ခုနှစ်(၁၈၁၉)က ဘိုးတော်ဘုရားနတ်ရွာစံလွန်သည်။ စစ်ကိုင်းမြို့ကို အသုံးကံကျေးစားရသဖြင့် စစ်ကိုင်းမင်း၊ သာယာဝတီမင်း၏ နောင်တော်ဖြစ်သဖြင့် နောင်တော်ကြီးမင်း၊ ပုဂံမင်းနှင့် မင်းတုန်းမင်းတို့၏ ဘကြီးတော်ဖြစ်သဖြင့်လည်း ဘကြီးတော်မင်းဟူ၍ ထင်ရှားသော ဖလ်နန်းရှင်မင်းသည် ထိုနှစ်မှာပင် ဘိုးတော်၏အရိုက်အရာကို ဆက်ခံလေသည်။

၁၁၈၅-ခုနှစ် အမရပူရမြို့တော်မှ ပြောင်းရွှေ့၍ အင်းဝမြို့တော်ကို စတုတ္ထအကြိမ် မြို့တည် နန်းတည်လေသည်။ ဘကြီးတော်မင်းလက်ထက် နယ်ခွဲပြိုတိသျှတို့က ၁၁၈၆-ခု (၁၈၂၄)နှစ်တွင် မြန်မာနိုင်ငံအား စစ်ကြေငြာသည်။ သူရဲကောင်းကြီးဖြစ်သော မင်းကြီးမဟာဗန္ဓုလလည်း ထိုမင်းလက်ထက်မှာပင် နယ်ခွဲတို့လက်နက်ဖြင့် ဓနုဖြူမြို့တွင် ကျဆုံးရလေသည်။ သို့ရာတွင် စစ်မှာ မကြာလှပါ။ ၁၁၈၈-ခုနှစ်(၁၈၂၆)တွင် အင်္ဂလိပ် မြန်မာတို့ စစ်ပြေငြိမ်းကြ၏။ ဘိုးတော်မင်းတရားလက်ထက်က အုပ်စိုးခဲ့ရာ ရခိုင်နှင့်တနင်္သာရီနယ်မြေတို့ကို အပ်လိုက်ရသည်။

၁၁၉၁-ခုနှစ်တွင် ဘကြီးတော် နာမကျန်းဖြစ်လာသည်။ နန်းမတော်(မယ်နု)နှင့် စလင်းမြို့စားဦးအိုတို့က ဘုရင်မင်းတရား၏ကိုယ်စား အုပ်ချုပ်နေသဖြင့် အခွင့်အာဏာများစွာ ရရှိနေချိန်ဖြစ်သည်။

စစ်ကိုင်းမင်းဘဝတွင် တရားဝင်လက်ထပ်ခဲ့သော ဆင်ဖြူရှင် အိမ်ရှေ့မိဖုရား၏ သားတော် နာမည်ကျော် စကြာမင်းလေး (ညောင်ရမ်းကိုယ်တော်လေး) မှာလည်း ဩဇာအာဏာ ကင်းမဲ့နေလေသည်။ ညီတော် သာယာဝတီ(အိမ်ရှေ့)မင်း၏ တန်ခိုးရှိန်ဝါအာဏာလည်း မရှိတော့။ တိုင်းပြည်အုပ်ချုပ်ခြင်းကိုပင် နန်းမတော်တို့အုပ်စုက ရုပ်သိမ်းလိုက်ပြန်၏။ နန်းမတော်တို့အရှိန်အဝါ အာဏာအဟုန်ကား တနေ့တခြား ကြီးမားနေလေသည်။

သို့ကြောင့် သာယာဝတီအိမ်ရှေ့မင်းသည် နန်းမတော်တို့အား ကျေနပ်ခြင်း မရှိရကား၊ လက်နက်လူသူအင်အား အမှတ်မထင် စုရုံးလျက်နေသည်။ နောင်တော် (ဘကြီးတော်မင်း)ထံသို့ အခစားဝင်ရောက်ခြင်းမပြုလုပ်ပဲ ရှိနေလေသည်။ သို့ရာတွင် သူ့နောင်တော်အား အလွန်ချစ်ရှိသေခြင်းရှိပါ၏။ နန်းလုရန် စိုးစဉ်းမျှ စိတ်ကူးတော်

မမူ၊ နန်းမတော်တို့က တိုင်းပြည်ကို ကြီးစိုးနေခြင်းမှာတော့ အလျှဉ်းပင် မကျေနပ်။ ထိုစဉ်က အင်္ဂလိပ်မျက်နှာဖြူ သံအမတ် မစ္စတာဘာနေကပင် သာယာဝတီအိမ်ရှေ့မင်းအား အကြံပေးပါသေး၏။

နန်းမတော်တို့အုပ်စုက အိမ်ရှေ့မင်း(သာယာဝတီမင်း)၏ ဘေးအန္တရာယ်ကို မြင်လာကြသည်။ အမှတ်မထင် သာယာဝတီမင်း စုဆောင်းထားသော လက်နက်များ၊ လူအင်အားများကို ဖြိုဖျက်ပစ်ရန် စီစဉ်ကြသည်။ လက်နက်များတွင် နှမတော် ပုဂံမင်းသမီး အင်္ဂလိပ်မြန်မာစစ်ပွဲမှ ရ,ထားလိုက်သော လက်နက်များလည်း ပါဝင်သည်။

တနေ့သ၌

ပုဂံမင်းသမီး၏ ငယ်ကျွန် နာမည်ကြီးငရဲအား အတွင်းဝန်ခန့်ထားခြင်းမှ နန်းမတော်တို့က ဘုရင့်အမိန့်တော်အရဆိုတာ ရာထူးချလိုက်၏။ မင်းသမီးအိမ်တော်ကိုလည်း စစ်တပ်နှင့်ဝိုင်းပြီး ငရဲအားဖမ်းဆီးရာစစ်တပ်ကြားမှ သီသီကလေး လွတ်မြောက်သွားလေသည်။ သို့သော် ပုဂံမင်းသမီးစုဆောင်းထားသော လက်နက်များကိုတော့ သိမ်းယူကြ၏။ မောင်တော် သာယာဝတီအိမ်ရှေ့မင်းအား ယင်းအဖြစ်အပျက်များကို တင်လျှောက်လေ၏။

တဆက်တည်းလိုပင် အိမ်ရှေ့(သာယာဝတီ)မင်း အိမ်တော်ကိုလည်း စစ်တပ်ဖြင့်ဝိုင်း၍ ထွက်ပြေးတိမ်းရှောင်နေသော ငရဲကို ပေးအပ်ရန် တောင်းပြန်၏။ ငရဲ ထွက်ပြေးကြောင်း မည်သို့မျှမသိရကြောင်းဆိုသော်လည်း နန်းမတော်တို့က လက်ခံကျေနပ်ခြင်းမရှိ။ အိမ်ရှေ့မင်း လူယုံတော်များကိုပင် ဖမ်းဆီး၍ အရေးပါသော အိမ်ရှေ့အတွင်းဝန်ပါ ဆက်လက်ဖမ်းဆီးအကျဉ်းထောင် သွင်းထားလေသည်။

နန်းမတော်တပ်နှင့် အိမ်ရှေ့တပ်တို့မှာလည်း အပြန်အလှန် စွယ်ရောင်ပြနေကြသည်။ အိမ်ရှေ့အိမ်တော်စောင့် တံခါးမှူးအား နန်းမတော်တပ်မှရန်မူပြီး ကွပ်မျက်လိုက်ရာ အိမ်ရှေ့မင်းကပ်က မခံမရပ်နိုင်ဖြစ်ရကား နန်းမတော်တပ်အား ပြန်လှန်ပစ်ခတ်ကြရာ နှန်းမတော်တပ်ဘက်မှအကျအရှုံးများလေသည်။

နန်းတွင်းအရေး ရှုပ်ထွေးလျက်ရှိနေချိန်တွင် ဗားကရာကျောင်းတိုက်ကြီးအတွင်း သီတင်းသုံးနေသော ပန်းဒူးဆရာတော်သည် နောက်ပါတပည့်များနှင့်အတူ ပဉ္စမ သံဂါယနာတင် ဘဝရှင်မင်းတရားကြီးဖြစ်လာမည့် မင်းသားလေးမောင်စံလွင် (ထိပ်တင်လွင်)ကို ထိုနန်းတွင်းရေးဖြစ်ပွားလာသော ဘေးအန္တရာယ်ကို ကယ်တင်စောင့်ရှောက်လိုသဖြင့် ပုခန်းနယ်မြေ ရှင်မတောင်ကြီးအနီးကျေးရွာငယ်သို့ သွားရောက်၍ ခိုလှုံတော်မူ၏။

မင်းသားလေးမောင်စံလွင်၏မယ်တော်မှာသာယာဝတီမင်း၏တောင်ရှေ့ရေးဆောင် ကျောက်မော်မြို့စားမိဖုရား "သီရိသုစန္ဒာမာလာမဟေ"ဖြစ်၏။ ကျောက်မော်မြို့သည် ရှေးက ကျောက်ဆောက်မြို့ဟူ၍လည်းခေါ်၍ ပုခန်းနယ်မြေအပါဝင်ဖြစ်၏။ မင်းသား

လေးမောင်စံလွင်ကား **ပုခန်းသွေးမကင်းသော ပုခန်းဆက် သာသန ဒါယကာဟူ၍** ဆိုရမည်ဖြစ်၏။ ကျောက်ဆောက်မြို့စားမိဖုရားမှ သမီးတော်နှစ်ပါး ငယ်ကလွန်နှင့် သားတော်နှစ်ပါး ထွန်းကားခဲ့သည်။ မောင်စံလွင်မှာ ပထမဆုံးသားတော်ဖြစ်၍၊ အငယ်ဆုံးသားတော်မှာ ဇမောင်စံခင်(ထိပ်ဘင်ကောက်)နောင်အခါ အိမ်ရှေ့ကနောင်မင်း ဖြစ်လာမည့်သူတည်း။

ကျောက်မော် (ကျောက်ဆောက်မြို့)ကို "စဘေကျောက်ဆောက်" ဟုလည်း တွင်ပြန်၏။ မင်းတုန်းမင်းတရားလက်ထက် ပုခန်းဇာတိ သဘင်ဝန်ဦးခြင်ထောင်က

"မ,အလျင်မြစကျင်တောင်ကပေါက်ပါတဲ့-ဘော်ကျောက်ဖြူ။ သဗ္ဗညူ တွန့်ဆင်းတုတော်ပေါင်း။ ။

ဘုရားတွေ- အခြားပြရှာ(ပြည်ရှာ)သို့ ဒေသစာ အကုန်လှည့်သော် ကြောင့်၊ စုံစိအောင် သည်မယ်မလိုက်နိုင်ဘု၊ ဦးတိုက်ကာ တမေခင်က၊ ရှေစကျင် တောင်ပါဖူးလိုက်မယ်....ချစ်ဦးသူ ရှေရောင်စောင်းငယ်နှင့်.... (အို ...) ပေါင်းရစေကြောင်း။"

ဟူ၍ ကျောက်ဆောက်မြို့ကို ဖွဲ့ဆိုခဲ့ဘူးသည်။ မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ စကျင်တောင်ကဲ့သို့ ဘုရားရုပ်ပွား ဆင်းတုတော်များဖြစ်ပွားရာ တောင်ထူးတောင်မြတ်ဟု ဆိုနိုင်ပါ၏။

၁၁၇၆-ခုနှစ်၊ မင်းသားလေးဖွားမြင်ချိန်က ရှေမြို့တော်မြောက်ပြင် မင်းတဲရပ်ရှိ နံတော်ကြီးကျောက်ရတနာမဉ္ဇူစေတီတော်မှ ရောင်ခြည်တော်ကွန့်မြူးလေသည်။ မြို့တော်သူ မြို့တော်သားတို့ အံ့သြဘနန်းဖူးကြ၏။ မယ်တော်ဘုရားက "ငါ့သားတော် ဧကန် နန်းစည်းစိမ် စိုးစံ၍ ပေါ်**လွင်**မည့် သာသနာပြုမင်းဘုန်းကြီးတပါး ဖြစ်မည်မချွတ်" ဟူ၍ နိမိတ်ဖတ်၏။ ငယ်စဉ်က "**ထိပ်တင်လွင်**" ဟု ချစ်စနိုးခေါ်ကြသည်၊ ရှေထီးရှေနန်းကို သိမ်းမြန်းစိုးစံ၍ ပေါ်လွင်ထင်ရှားမည့် အတိတ်နိမိတ်ကောက်ယူလျက် မွေးနေ့နံတော် အလိုက် "ထိပ်တင်စံလွင်" အမည်တွင်ခြင်း ဆိုနိုင်ပါ၏။ ပထမဘွဲ့တော်ရင်းမှာ ထိပ်တင်လွင်၊ ဒုတိယဘွဲ့တော်မှာ "**မင်းရဲဇေယျ**"၊ တတိယအကြိမ် လွတ်တက်မင်းသားကြီးဘွဲ့တော် "**သုသီရိမဟာဓမ္မရာဇာ**" သည် ငယ်ရွယ်စဉ်အခါက မင်းတုန်းမြို့ကို အသုံးကံကျွေးစားရသဖြင့် "**မင်းတုန်းမင်းသား**" နာမည်တော်ဖြင့် ပို၍ ထင်ရှားခဲ့လေ၏။

မင်းတုန်းမြို့ကား ယခု မကွေးတိုင်းတွင်ရှိသည်။ **တောင်စဉ်(၇)ခရိုင်**တွင် ပါဝင်သည်။ တောင်စဉ်(၇)ခရိုင်တို့မှာ မင်းတုန်း၊ မင်းတပ်၊ တိုင်တား၊ မြို့ဟောင်း၊ မြို့သစ်၊ ပန်းတိမ်း(ပတိမ်း)၊ **မန်းဖွဲ**(မဖဲ—ငဖဲ)ဖြစ်သည်။

ထိုအချိန်က ပန်းဒူးဆရာတော်ကြီးအထံတွင် ဆရာတော်၏ တူတော်တပည့်ကြီး **ဦးဝိသုဒ္ဓ** (နောင် မင်းကြီး ဦးရန်ဝေး)၊ ဦးသာဂရဉာဏ (ဦးသာရဝေါ)၊ ဦးသဒ္ဓမ္မာလင်္ကာရ(ဦးကျော်ခေါင်)၊ ဦးသုဒဿန (စံကျောင်း ဒုတိယဆရာတော် ဦးသာညွှန်း)၊ ဦးသာရဒဿီ(ဦးသာဒွန်း)၊ သာမဏေကျော်ရှင်ရေဝတ(ရေစကြိုဦးဝရသမ္မောဓိ)တို့ ဖြစ်၍ အလုပ်အကျွေးအဖြစ်အမျိုးသမီးမှာ သီလရှင်မယ်နတ်ပေးဟုထင်ရှားသော ဦးပဉ်သုဒ္ဓ (ဦးရန်ဝေး)၏ နှမဖြစ်သည်။

ပန်းဒူးဆရာကော်ကြီး အမရပူရမြို့ ဗားကရာကျောင်းတိုက်တွင် သီတင်းသုံးခဲ့စဉ်က ဦးဝိသုဒ္ဓစသော ပုဂ္ဂိုလိများနှင့်အတူနေ စာသင်ဘက်တို့မှာ ဘုရားကြီးတိုက်ဆရာတော်ဖြစ်လာမည့် ဦးဇာဂရ၊ ဗန်းမော်ဆရာတော်ဖြစ်လာမည့် ဦးပဏ္ဍိတ၊ ငါးခုန်ဒုတိယဆရာတော်ဦးဒီပါလင်္ကာရ၊ အုတ်ဖိုဆရာတော်ဦးဥက္ကံဝံသမာလာ၊ နေမျိုးခမ္မကျော်သူဘွဲ့ခံ လူမည် ဦးထွား ဣတ်ဝုတ်ပါဠိတော်နိဿယစသည်တို့ကို စီရင်သော ဦးဝဇီရဉာဏစသူတို့ဖြစ်၏။

ဦးဝိသုဒ္ဓ(ဦးရန်ဝေး)သည် ရဟန်း ၄-ဝါအရမှာပင် ဝါထပ် ရက်ငင် ပြဿနာရပ်ကို ပိဋကကျမ်းလာနှင့် နက္ခတ်ဗေဒင်ကျမ်းလာအတိုင်း ရဲဝံ့စွာဖြေရှင်းနိုင်စွမ်းရှိသော သာသနာ့အာဇာနည်သူရဲကောင်းဟု ထင်ရှားခဲ့၏။

ဦးသုဒဿန(ဦးသာညွှန်း)မှာ ဒုတိယစံကျောင်းဆရာတော်ဖြစ်လာ၍ သာယာဝတီမင်း၏ရဟန်းလည်းဖြစ်၏။ တိုက်တော်ဆရာတော်ဦးလက္ခဏ၊ မကုဋ္ဌာရာမဆရာတော် ဦးခေမိန္ဒ၊ စလင်းဦးပဏ္ဍိစ္စ၊မိုင်းခိုင်းဦးပဏ္ဍိတ၊ ဝေတာင်ခွင်သာသနာပိုင် ဦးဝိသုဒ္ဓာစာရတို့နှင့် လယ်တီဆရာတော်ဦးဉာဏဓဇ တို့မှာ ဒုတိယစံကျောင်းဆရာတော်၏ နာမည်ကျော်တပည့်ကြီးများပေတည်း။

၁။ မုံရွာလယ်တီ တောရမှိ မထေရ်ဉာဏ်ဓဇာ ဟု ကိုယ်တိုင် စပ်ဆိုခဲ့သော လင်္ကာအရ ဘွဲ့တော်ဖြစ်၏။ အချို့နေရာ၌ ကိုယ်တော်တိုင်ဉာဏာဘိဝံသ ဟူ၍လည်း အသုံးပြုလေ့ရှိ၏။

ပန်းဥူးဆရာတော် ဩဝါဒများ

ပန်းဥူးဆရာတော်က မင်းသားလေးအား ဘေးလောင်းတော် အလောင်းမင်းတရား၏ကျင့်စဉ်နှင့် လိုက်နာဖွယ်ရာ သီဟနာဒစကားကို ထာဝစဉ်မှတ်ယူနိုင်ရန် ဩဝါဒပေးတော်မူ၏။ အလောင်းမင်းတရားကြီးသည် ရန်သူအပေါင်းကို အောင်မြင်ပြီးသည့် အခါ မိန့်ကြားသည့်စကားတို့ကိုလည်း မင်းသားလေးအား ဆုံးမလေ့ရှိ၏။ အလောင်းမင်းတရား၏ မိန့်ကြားချက်မှာ....

"ငါသည် မင်းဖြစ်ရသည်ကို စက်ဆုတ်၏။ ဤဘဝသည် တသက်တာဟုသိ၏။ သို့သော် လူမျိုးတို့၏ဂုဏ်ကို ရန်သူလက်မှလုယူကာ သားစဉ်မြေးဆက်မဆုံးနိုင်အောင် ထာဝစဉ်တည်စေရန် ငါ့အသက်ကို အဘိုးမထား။ အသက်ကို အဘိုးထားလျှင် လူမျိုး၏ကျေးဇူးကို ချေပရာရောက်၏။ သားစဉ်မြေးဆက်တို့နှင့် လူမျိုးကိုလည်း ဖျက်ဆီးရာမည်၏"

ဟူ၍ လည်းကောင်း၊ ဗိုလ်ချစ်ညီမိခင်က သူ့သားတို့အား ဆုံးမခဲ့သည်မှာလည်း....

"သင်သည် သတ္တိကောင်းယောကျ်ားဖြစ်မှသာလျှင် ကန္တဲကယမိန်းမနှင့် ခြားနားပေမည်။ မင်းဖြစ်လိုသူသည် အကြံမအောင်မိ ထောက်ထားညှာတာသည်ဆိုသောစကားကို သိမထားရ၊ ကြောက်လျှင်လဲ၊ ရဲမင်းဖြစ်သည်။ ရက်စက်ခြင်းသည် မင်းဖြစ်လိုသူ၏ အင်္ဂါရုပ်ဖြစ်သည်"

ဟူ၍လည်းကောင်း၊ အလောင်းမင်းတရား နတ်ရွာစံခါနီးအချိန်တွင် သားတော်သမီးတော် မင်းမှုထမ်းတို့အား ဆုံးမခဲ့သော မိန့်ခွန်းကိုလည်း အရိုးစွဲအောင် သင်ပြတော်မူ၏။

"ငါတည်ထောင်သော နိုင်ငံနှင့်လူမျိုးကို စောင့်သူသာ ငါ့ကို ချစ်၍ကျေးဇူးဆပ်ရာရောက်မည်၊ ငါကဲ့သို့ အလုပ်မလုပ်သူသည် ငါ့သားတော်ပင်ဖြစ်လင့်စေကာမူ၊ ငါ၏ အမျိုးအနွယ်မဟုတ်၊ ငါ့သားတော်များ အစဉ်အလိုက် မင်းပြုရစ်ကြ၊ သို့သော် စစ်ဘက်မကျွမ်းလျှင် သားပင်ဖြစ်လဲ မြို့စားမပေးရ။

ဆင်းရဲသားက မင်းမှုထမ်းကို ရိုသေစေရမည်။ မင်းမှုထမ်းက ရာထူးအလိုက် ရိုသေစေရမည်။ ရာထူးရာခံကြီးသောမှူးမတ်တို့က ရှင်ဘုရင်ကို ရိုသေစေရမည်။ လုတ်တော်ကို ဘုရင်က ရိုသေစေရမည်"

ဤသို့စသည်ဖြင့် မင်းသားလေးအား နေ့စဉ်အမျှ နားသွင်းပေးလေ၏။

ဦးသာဂရဉာဏ (ဦးသာရဝေါ)

ရှေးခေတ်က လူနေမှုစနစ်ကို ဖော်ပြလိုသည်။ ရှေးအခါက ကုန်သည်လယ်လုပ်ခြင်း၊ ကုန်သွယ်ရောင်းဝယ်ခြင်း၊ မင်းမှုထမ်းခြင်းတို့သာ ရှိ၏။ သက်ဦးဆံပိုင်ဘုရင်က အုပ်ချုပ်ရေးဘက်တွင် ချုပ်ကိုင်ထားသည်။ ဘာသာရေးဘက်၌ ဘုန်းတော်ကြီးများသည် ရှေ့ဆောင်ရှေ့ရှက်ဖြစ်တော်မူကြ၏။ လူတို့၏စာပေတတ်ကျွမ်းမှုကို ဘုန်းတော်ကြီးများက တာဝန်ယူသင်ကြားကြ၏။ ဘာသာရေးခံယူရန်နှင့် စာပေသင်ကြားမှုသည် အဓိက ဖြစ်သည်။

ယေဘုယျအားဖြင့် ကလေးသူငယ်တို့မှာ ဘုန်းကြီးကျောင်းသို့ပို့၍ ပညာသင်ကြားကြရ၏။လိမ္မာရေးခြားရှိလာရန်၊ပညာတတ်ရန်နှင့် မင်းမှုထမ်းဖြစ်လာရန် သင်ကြားလမ်းညွှန်ကြ၏။ အုင်္ဂြိမ်ချပေးကြ၏။

ရှေးက ဘုန်းတော်ကြီးများ၏ ဘွဲ့တော်မတွင်၊ ငယ်နာမည်ရင်းသာ တွင်၏။ ဦးသာဂရဉာဏမှာ ဘွဲ့တော်ဖြစ်၍၊ ဦးသာရဝေါမှာ ငယ်နာမည်တော်တည်း။ ဦးသာရဝေါသည် နက္ခတ်ဧဗေဒင်နှင့် အာကာသသတ္ထုရ ကို ကျွမ်းကျင်၏။ မောင်စံလှင်သည် မင်းတုန်းမင်းတရားဖြစ်သောအခါကရတနာပုံရွှေမြို့တော်သစ်ဘည်ရန်အခါပေးခဲ့၏။ နောင်တော်ပုဂံမင်းကို တော်လှန်ခြားနားသည့်အခါက ဦးသာရဝေါ၏ ဗေဒင်ယတြာသည် အောင်မြင်ခြင်း၏ပန်းတိုင် မဟုတ်ပါလား။

ဗေဒင်ပညာသာမက ကဗျာ လင်္ကာ ရေးရာ၌လည်း ဂုဏ်မြောက်အောင် ဖွဲ့နိုင်တော်မူ၏။

အခါတပါး နန်းတွင်းအမြင့်သဘင်မှ သိုက်ဆရာအဖြစ်ထွက်ရာ သိုက်စာ လင်္ကာလိုလာ၏။ ဦးသာရဝေါက နှုတ်ရွတ်ဆို၍ သိုက်ဆရာ လုပ်ထွက်မည့် သူအားပုရပိုက်တွင် ရေးစေခဲ့၏။ ယင်းသိုက်စာကို သမိုင်းမှတ်တမ်းအဖြစ် အောက်တွင် ဖော်ပြလိုက်ပါသည်။

> “ရှေဂံမိုင်းညို့၊ ရိမဒ်မြို့၏၊ မချို့သည၁ မြေပြင်နှံစပ်၊ ဘုမ္မိရပ်ကမ်းခတ် အောင်လိုက်ပါတဲ့ ငါဟဲ့သိုက်ဆရာ....။
>
> ပါးရာကိုခွင်း၊ ထူရာကိုနင်းတော့မည်၊ လက်တွင်ကျမ်း၊ သိုက်စာတမ်း မတော့ ရွှေခန်းမြို့နောက် သုံးတိုင်လောက်ခန့် ထောက်တာဆောင်မရှင်တောင်၏ နောင်အတိတ်တေ ရှေးလွန်လေက၊ ပရမေဂုဏိ မြတ်ဣသိတို့ ဉာဏ်ရှိတိုင်းကစား ရွှေငွေကိုထားခဲ့သည်။

ငါးရာကျော်လှည်း၊ တို့က်၍စားလည်း မကုန်၊ ပြိုဒဂုန်၊ သထုံ ဘောင်ဥူ ကျယ်မယူ၊ မူတပိုင်းဖြတ်၊ သည်သုံးရပ်မတေ့ ဆုံးဆ မပို်င်၊ မော်လမြိုင်နှင့် ပြန့်လို်င်ကြွယ်ဝ၊ ယောကွမ၏၊ ဓနဥစ္စာ၊ အသပြာရွှေငွေ၊ နှစ်ဘက်နှစ်ဖြာ၊ ပီတိဇောနှင့်၊ မက်မောရ၍သေသောအခါ၊ တစ္ဆေပြိတ္တာ၊ သဘက်လျာ၊ ဥစ္စာကို စောင့်ကြပ်၊ သဘောအရှိ၊ မမိမင်းစိန်လည်းတရပ်၊ ကျမ်းမြက်ဆိုက်လာ၊ ကြေငြာ ပတ်လုံး၊ တောင်ပြိုးမြို့သူကြီး သမီးဆက်မှ၊ ကြားမည်အဆုံး၊ ချစ်နှောင်ထုံး၊ တောင်ပြိုးနတ်။ ။သတ်ရှိခန္ဓာ၊ ကင်းဧင်ကွာ၊ သူ့သညာမှာ၊ ရင်ရင်ကပ်တော့၊ ဇွတ်ဆွဲချောင်းညှင်း၊ ဆောင်းဆောင်းမြူတဲ့၊ အသားဆဲ့တောင်အတွင်း၊ ရန်ကင်းကွေးလာ၊ သူ့သညာမတော့၊ ငသစ္စာနှင့် မေတ္တာစုံဖက်၊ ဂဟေဆက်၍၊ ပေါင်းဘက်ရှာ-မိရွှေဥကလျာတဲ့....။

ငှင်းစုအရပ်ရပ်၊ ပေယျာလချပ်ပြီးလျှင် မိရွှေဥ ဥစ္စာသိုက်တခန်း လိုက်ဦးမှ တော်တော့ကရို့။ ။ယော... လိုက်ရုမည်ဆိုသော် ငါဆရာ အသက် ကြိုဟ် ထွက်ကြိုဟ်ဝင်၊ စနဲးယှဉ်နံပေါ်၊ အဆိုးအကောင်း ဗေဒင်ကြောင်းနှင့်၊ ကောင်းကင်ကိုမြော်လိုက်သော် တော်ပေ၏ လျှော်ပေ၏၊ အဃံဇီနက္ခတ် ပလပ်သည့် အနေ၊ ကြက်ခြေခြေ၊ သဗ္ဗေသအတွက်၊ အထွက်နှင့် ကြုံလာကြုံ၊ တဖုံဗေဒင်၊ ဆင်ခြင်ထောက်ထား၊ ရှာနှင့်သံချောင်း၊ မြင်းဆောင်းနဂိုရ်၊ သူအိုယာယီ၊ လောကီသို့ရောက်၊ ခယ, စောက်နှင့်၊ ထက်အောက်ပြန်ချ၊ သူရင့်စုန်ခြဲ သောမဂ္ဂ, ဘေးမဘက္ခ၊ နိမိတ်ကောင်း ဟိတ်ခြင်းရာ. လက္ခဏာ၊ ငါးဖြာနှင့် ကြိမ်လာကြိမ်။

"သည်ကုန်းပြည့်အောင် လှတန်ဆောင် နောင်ဆိုသည်ကား မြအလား" နွေစဉ်နှင့်နွားလို့မို့ ယောမူစားလိုက်ကလေးပါးသောစုဒ်အရ၊ လာဘနှင့် ကြိမ်လာကြိမ်။ လုပ်ရင်သင့်ရှည်၊ ယုတ်ခွန်နှစ်ခု၊ ဖြစ်မှုဘွားကျ၍၊ နှစ်ရပ်စား ရသကို၊ လိုနာရီဗီဇနာနှင့် ခရာဖြစ်မြဲ၊ တနေ့ထဲရှစ်နံတိုင်ထူလို့၊ သူ၏ဂိုဟ်သွား၊ ဘွား(ဘဝါး)နှင့်၊ အခါမှတ်ပြီးလျှင် လင်္ကတတ်၍ ကြည့်ရအုံးတော့ကရို့....။

ယော... ကြည့်လိုက်ပါသော်၊ သိုက်အသီတီ၊ မိမိဂိုဟ်တွင်၊ ဒဟာဿနန်း၊ ကံစခန်း၊ စန်းကလည်းရောက်ပေပြီ၊ ဂူမှာလည်းမီးတောက်၊ ဘရဂုဏ်ရှင်သိဟ် တခွင်မှာ ခြင်္သေ့လည်းဟောက်လို့မို့၊ အုံလောက်သည့် ဒွါဒသင်၊ နဝင်းဝဂ္ဂတ္တမ ကာလရာဇာ၊ အခါနှင့်ကြုံပေမင့်....

အောင်ဇေယျ၊ ရွှေဂံကသော့လျှင် ပြန်လှမ်းရော့၊ သန့်ထိုက်တဲ့ ဝိုင်းမဟာက၊ စက်အံသာချိန်အက္ခ။(ရွှာစား)ယောကျွဲးချင်းသံပြ...."

ဦးသဒ္ဓမ္မာလင်္ကာရ(ဦးကျော်ခေါင်)

မင်းသားလေးအား ဦးသဒ္ဓမ္မာလင်္ကာရက အကာအကွယ် ဂါထာမန္တယား စသောအတတ်ပညာကို သင်ကြား၏။ တနေ့သ၌ မင်းသားလေးအား ဆင်အုပ်တော ကြီးသို့ ခေါ်ဆောင်လျက်သွားရာ ဦးသဒ္ဓမ္မာလင်္ကာရက ဂါထာမန္တယား အဟန့်အတား ကြောင့် ဆင်အုပ်ကြီးမှာ ကျောက်ရုပ်အသွင်ကဲ့သို့ဖြစ်၏။ မင်းသားမှာ ထိုအခြင်းအရာ ကိုတွေ့မြင်ရာ များစွာအံ့အားသင့်လေ၏။ ယင်းဆရာတော်မှာ ချင်းတွင်း ရောဝတီမြစ် ဆုံရာဖြစ်သော မြစ်စုတ်ရွာတွင် ကျောင်းထိုင်လေသည်။

သူ့ဆရာရင်း ပန်းဒူးဆရာတော် နာမကျန်းဖြစ်စဉ်က အင်းချ၍ ဆရာတော် ကျိန်းစက်ရာ ခုတင်ခြေရင်း၌ အင်းချိတ်ပြီး ကုသလေသည်။ ဆရာတော်ကြီးလည်း ရောဂါ များး ပျောက်ကင်းတော်မူ၏။ ယင်းအင်းချသည့်ဂါထာကို ဆရာတော်၏ မှတ်စုတွင် အောက်ပါအတိုင်း ရေးမှတ်ထား၏။

"အစောခေါဗျ,သီကရာပါတေဟိ ယက္ခ ဟရီ ဇာယီစျ၊
ဒါရဒဋ္ဌ ဘယေဗျာ သောရက္ခမံ မာရဇိ ံ ဇိန အဟိ....ဂင်းစောရ,ဂင်းဗျဉ္ဇ၊
ဂင်းသီဟ ဂင်းကရီ ဂင်းဝါရိယီ ဂင်းတေဇ ဂင်းဣတိ အဋ္ဌဘယေဟိ"[၁]

ဦးသုဒဿန (ဦးသာညွှန်း)

ဒုတိယ စံကျောင်းဆရာတော်ဖြစ်လာမည့် ဦးသုဒဿနကလည်း မင်းသားလေး အား လေ့ကျင့်ရာနှင့်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို သင်ကြားပေးရလေသည်။

မင်းတုန်းမင်းသား ဗွေထီးဗျိုနန်းကို သိမ်းမြန်းစိုးအုပ်လာသောအခါ နှုတိယ သဲအင်းဟုခေါ်ဆိုသော မောင်းထောင်သာသနာပိုင် ဆရာတော်ဦးဥယျကြီးမှူးသော သုဓမ္မာအဖွဲ့တွင် စံကျောင်းဆရာတော်လည်း သုဓမ္မာအဖွဲ့ဝင်ဖြစ်လာသည်။ ထိုစဉ်က သုဓမ္မာအဖွဲ့တွင် မတ္တရာဆရာတော်၊ ပြည်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ သက်ပန်းဆရာတော်၊ စလင်းဆရာတော်၊ စံကျောင်းဆရာတော်၊ သင်္ဃာဆရာတော်နှင့် ပုခန်းဆရာတော်တို့ပါဝင်ရာ ဝိနိစ္ဆယမှုငြင်းများကို ဆုံးဖြတ်ခြင်း၊ ဘာသာရေး၊ သာ သနာရေး စသော အရေးပေါ်ကိစ္စများကို ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

၁။ ယုံကြည်စွာ အသုံးပြုလျှင် ဘေးရန် ကာကွယ်ကြောင်း မှာထားသည်။

ယင်းသုဓမ္မာအဖွဲ့တွင် လှထွေဆရာတော်သည် သုဓမ္မာအဖွဲ့၏ အကျိုးတော်ဆောင်ဖြစ်၏။ သုဓမ္မာအဖွဲ့၏ လုပ်ငန်းရပ်များကို အကူအညီပေးဆောင်ရွက်ရန် မဟာဒါန်ရုံးထားသည်။ သာသနာရေးရာ စီမံကွပ်ကဲအုပ်ချုပ်ရသောရုံးဖြစ်၏။ မဟာဒါန်ဝန်မှာ ဦးတေဖြစ်သည်။

ထိုစဉ်က သာသနာအရေးအခင်းပေါ်လာသည်မှာ စလင်းဆရာတော် ပထမကျော် ဦးပညာသီဟ လူထွက်ဦးရွှေလွှဲနှင့်စပ်သော ပြဿနာဖြစ်သည်။ စလင်းဦးရွှေလွှဲဟူ၍လည်းခေါ်ကြ၏။ ဦးရွှေလွှဲသည်စလင်းမြို့ဇာတိ ၁၂၀၀-ပြည့်နှစ်ဖွားဖြစ်၍၊ ကင်းမင်းကြီးကျောင်းတိုက် ဒုတိယမြောက်ဆရာတော်လည်းဖြစ်၏။ ကင်းဝန်မင်းကြီးဦးကောင်း၏ ငယ်ဆရာရင်းဖြစ်သော "သီရိသဒ္ဓမ္မဇဂမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ရမ္မီတော်မူ၍၊ နိယာမဒီပနီခေါ် တောင်တွင်းနိယံစသည့် နိယံရှစ်ကျမ်းတို့ကို ဖြေဆိုရေးသားသည့်ပြင် အခြားကျမ်းများကိုလည်း စီရင်ပြုစုတော်မူခဲ့သည့် ကျမ်းတတ် ဆရာတော်ကြီးတပါးဖြစ်၏။

ကင်းမင်းကြီးကျောင်းတိုက် ပထမဆရာတော် ဦးသီရိ၏ ငယ်တပည့်ကြီးဖြစ်သော စလင်းဦးရွှေလွှဲသည် နန်းတွင်းနန်းပြင်အရပ်တို့၌ နိဗ္ဗာန်နှင့်စပ်သော တရားထူးများကို ဟောကြားနေလေ၏။ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့်တကွ မင်းမိဖုရား၊ သားတော်-သမီးတော်၊ မှူးမတ်များက ဦးရွှေလွှဲ၏ နိဗ္ဗာန်အယူအဆကို သဘောကျကြိုက်ညီနေလေ၏၊ ဦးရွှေလွှဲက

"နိဗ္ဗာန်သည် ရုပ်နု၊ နာမ်နုမျှသာဖြစ်သည်။ နိဗ္ဗာန်ဘုံ သီးခြားလည်းရှိသည်" ဤသို့စသည်ဖြင့် ဟောပြောလျက်ရှိရာ ထိုဟောဆိုနေချက်သည် သေးငယ်သော အရေးမဟုတ်။ ပြန့်ကျယ်ကြီးထွားလာမည်ဆိုပါက သာသနာတော်တွင် နိဗ္ဗာန်အယူအဆ ပြဿနာအငြင်းပွားဖွယ်ရာရှိကြောင်းကိုလည်း သုဓမ္မာအဖွဲ့ဆရာတော်များ စိုးရိမ်တော်မူကြ၏။

ဦးရွှေလွှဲကား သာမဏေဘဝကပင် ပထမကျော် အောင်မြင်၍ ပညာဥာဏ်ထက်သန်သော ပုဂ္ဂိုလ်ဖြစ်ရုံမက စကားအရာတွင် လိမ္မာတတ်ကျွမ်းသည့်အတွက် ယှဉ်ပြိုင်ဝံ့သူများပင် ပေါ်ထွက်ခြင်း မဖြစ်နိုင်ပေရာ။

ထို့ကြောင့် သုဓမ္မာအဖွဲ့ဝင်ဆရာတော်ကြီးများက ငယ်ရွယ်စဉ်က ပန်းဒူးဆရာတော်၏တပည့်ဖြစ်ခဲ့ဘူးသော ဒုတိယစံကျောင်းဆရာတော် ဦးသုဒဿနအား ဦးရွှေလွှဲနှင့် ယှဉ်ပြိုင်ပြောဆိုရန် တာဝန်ပေးတော်မူကြ၏။

တနေ့သ၌ ဦးရွှေလွှဲသည် နန်းတွင်းသို့သွားရောက်လျက် မင်းတရားကြီးနှင့်တွေ့ဆုံ၍ တရားဆွေးနွေးလေ၏။ စံကျောင်းဆရာတော်လည်း ဦးရွှေလွှဲ မင်းတရားကြီးနှင့်တွေ့ဆုံ၍ တရားဆွေးနွေးနေခြင်းကို သိရှိတော်မူသဖြင့် နန်းတွင်းသို့ ကွန်ရောက်လေ

၏။ စံကျောင်းဆရာတော်သည် မင်းတရားကြီးအား နိဗ္ဗာန်အယူအဆများကို ဟောပြနေသော ဦးရွှေလွဲနှင့်တွေ့ရာ၊ ဦးရွှေလွဲ၏ နိဗ္ဗာန်အယူအဆမှာ ပါဠိကျမ်းဂန်နှင့်မညီ၍ ဆက်လက်ဟောပြောနေလျှင် သာသနာတော် ဘေးအန္တရာယ် ဖြစ်လာဖွယ်ရှိကြောင်းများကို တရားကျမ်းဂန်နှင့် နှိုင်းယှဉ်ပြသ ဆုံးမတော်မူလေ၏။

စံကျောင်းဆရာတော် ဆုံးမလက်ာကိုသမိုင်းဝင်အောက်ပါအတိုင်း မှတ်တမ်းတင်လိုက်ရပါသည်။

"အဖျင်းတွေ့ပေ့၊ စလင်းနေ မောင်ရွှေလွဲရယ်က၊ နိဗ္ဗာန်ကို ရုပ်နာမ် ရှိတယ်လို့ - သူအသိပြော။ ။သဘောတွင်မပါ၊ အပြောဗလချာနှင့် တဏှာမာန် ဒိဋ္ဌိပွားအောင်(စလင်းရယ်)မှားတဲ့သဘော။ ။

ဦးသာရဒဿီ (ဦးသာဒွန်း)

ပန်းဒူးဆရာတော်၏ ငယ်တပည့်ရင်းဖြစ်၍ ပိဋကစာပေနှင့် ဓမ္မသတ်ဖြတ်ထုံးများကိုလည်း ပွမ်းတီးတော်မူ၏။ ဦးသာရဒဿီသည် ဝိနည်းငါးကျမ်းပြန်ဆိုအောင်မြင်ခဲ့၍ "သုဏေယျောဘိဓဇမဟာဓမ္မရာဇဂုရု၊ ပထမဘဲ့တံဆိပ်တော်၊ သဒ္ဓမ္မပါလဝိဘင်္ဂာဏက မဟာဓမ္မရာဇာဂုရုဒုတိယဘဲ့တံဆိပ်တော်နှင့် သဒ္ဓမ္မပါလဝိနယဓရမဟာဓမ္မရာဇာဓိရာဇဂုရု" တတိယ ဘဲ့တံဆိပ်တော်အားဖြင့် ဘဲ့တံဆိပ်တော်သုံးထပ် ရရှိခဲ့သည်။ ဝိနည်းနိဿယများကိုလည်း စီရင်တော်မူခဲ့သည်။

မင်းသားလေးအား ရာဇသတ် ဓမ္မသတ်နှင့် စပ်လျဉ်းသောပညာရပ်ကို သင်ပြရန် တာဝန်ပေးခြင်းခံရ၏။ ဆရာတော်ကြီးနှင့် အမြဲမကွာ လိုက်ပါလျက်ရှိသည်။

တနေ့သ၌ ပုခန်းနယ်အလယ်ကန်ရွာနေ မောင်ကုလား လူသတ်မှု ဖြစ်ပွား၏။ ယင်းအမှုသည် နေပြည်တော်လွှတ်ရုံးသို့ ရောက်သွား၏။ မောင်ကုလားမှာ ဆရာတော်၏ တပည့်ဖြစ်၍ လွှတ်မြောက်ရန်ဆောင်ရွက်ရာ ဦးသာရဒဿီက

"အလယ်ကန်ရွာကမောင်ကုလား၊ လူသတ်သမား အပါယ်သွား၊ မင်းများ ၄ ဝဓ ၄ ၄ ၄"
မည်သူ့စရင်မည်နည်း

ဟူသောစာချုန်ကို လွှတ်တော်ဝန်ကြီးများထံသို့ ပို့လေ၏။ လွှတ်တော်က မောင်ကုလား သေစားသေစေရန်အမိန့် ချမှတ်လျှင်၊ တရားစီရင်မည့်သူလည်း အပါယ်သို့ ဆပ်မံလိုက်ရပေမည်ဆိုသောအဓိပ္ပာယ် ထွက်နေ၍ ယင်းမောင်ကုလားအား ပန်းဒူးဆရာတော်ထံသို့ လွှဲအပ်လေသည်။ ဆရာတော်ကြီးက မောင်ကုလားအား သာမဏေပြုစေပြီး သံဃာတော်တို့ ဝတ်ကြီးဝတ်ငယ်များကိုပြုရန် တာဝန်ပေးလိုက်ခြင်းဖြင့် မောင်ကုလား လူကောင်းပကတိ ဖြစ်ရလေ၏။

ဦးသာရဒဿီသည် ဝိနည်းငါးကျမ်းပြန်ဆိုခဲ့၍၊ ဝိနည်းငါးကျမ်းပြန်ဟု ကျော်စောသည်။ မင်းသားလေး အထွတ်အထိပ်သို့ရောက်သောအခါ နန်းတော်တွင် ဥပုသ်နေ့တိုင်း တရားဟောရ၏။ ယင်းဟောစဉ်များကို **"ငါးကျမ်းပြန်တရားစာများ"** အဖြစ် ထင်ရှားခဲ့၏။ သို့သော် စာအုပ်မတွေ့ရ၊ ပေမူမျှသာ တွေ့ရသည်။

ဦးသာရဒဿီကိုယ်တော်သည် ပန်းဒူးဆရာတော်ထံသို့သွားလေရာ သာသနာပိုင်ထုတ်ဆင့်သော အမိန့်စာချွန်တော်ကို ယူဆောင်လာသော မဟာဒါန်ဝန်နှင့်တွေ့ဆုံလေ၏။

"သာမဏေပြုလျှင် လိုင်ဒဏ်သေခိုယ ခန္ဓကဝတ်ပါဠိအနက်၊ ရဟန်းဖြစ်လျှင် ဥဘတောဝိဘင်းပါဠိအနက် နှုတ်တက်အာဂုံရစေရန်" ပါလေသည်။

ပန်းဒူးဆရာတော်ကြီးက....

"ဟဲ့... ငါးကျမ်း(ဦးသာရဒဿီကိုဆိုသည်)သည်စာချွန်ယူဖတ်စမ်း" ဟု အမိန့်ရှိရာ ဦးသာရဒဿီက ယူဖတ်လေ၏။

"ဟေ့ မဟာဒါန်၊ မင်းတို့ သာသနာပိုင်ကို ပြန်လျှောက်လိုက်၊ သာသနာပိုင်ဟာ ဆီးမီးခွက်ထက် မိုက်နေသည်" ဟူ၍ အမိန့်ရှိရာ မဟာဒါန်က အခိုပွာယ်ရှင်းလင်းပါရန် လျှောက်သဖြင့်

"အိမ်း....ဆီမီးခွက်ဆိုတာ ဘေးမှာပဲလင်းနေသည်၊ အောက်မှာ မဲလို့၊ မင်းတို့ သာသနာပိုင် သက်နှံးစဝတ်စဉ်တုန်းက သည်လိုပဲလား၊ အေး....သာသနာပိုင်က ဘုရားထက်သာလွန်နေတယ်။ ဘုရားရှင်ကိုယ်တော်တိုင် ပညတ်တော်မမူခဲ့ဘာကို လုပ်ရဲနေသကိုးကွဲ့"

ဟူ၍အမိန့်ရှိသောအခါ မဟာဒါန်မှာ မည်သို့မျှ လျှောက်ထားခြင်းမပြုတော့ပဲ နေပြည်တော်သို့ ပြန်လည်သွားရောက်ပြီးလျှင် သာသနာပိုင်ဆရာတော်အမိန့် ရုပ်သိမ်းလိုက်ရလေ၏။

သာမဏေရှင်ရေဝတ (ဦးဝရသမ္မောဓိ)

"ဟဲ့—ကိုရင် သုဓမ္မာစာပဲ့သဘင်သို့ ဘာ့ကြောင့် ဝင်လာရသတုန်း၊ အတင့်ရဲလွန်းလှပါကလား၊ သင့်ဘဲ့တော်နဲ့ သင့်ဆရာ မည်သူလဲ"

ဤစကားရပ်တို့ကား သုဓမ္မာစာပဲ့သဘင် ကြီးကြပ်ကြသော ဆရာတော်များ၏ မေးခွန်းများပေတည်း။ ရှင်ရေဝတသည် ရဲတင်းစွာဖြင့် "တပည့်တော်ဘဲ့က ရေဝတပါ၊ ဇာတိ ပုခန်းက-ပန်းဒူးဆရာတော်တပည့်ဖြစ်ကြောင်းပါဘုရား" ဟူ၍ လျှောက်ထားလေသည်။

"ဘာ့ကြောင့် ဤသဘင်သို့ ဝင်လာရသလဲ"

ထပ်မေးပြန်ရာ

"စာမေးသူရှိလျှင် ဖြေဆိုရန် ဝင်လာခြင်းဖြစ်ကြောင်းပါဘုရား"

ဆရာတော်တို့ကား အလွန်အံ့သြကြလေ၏။ အရွယ်နှင့်မလိုက် ရဲတင်းလှ၏ဟု ယူဆတော်မူကြပြီးလျှင် စာမေးရန် တိုင်ပင်ကြလေ၏။ ပါဠိအဋ္ဌကထာဋီကာ အဖွင့်လာ ခက်ဆစ်များကိုလည်းကောင်း၊ နက္ခတ်ဗေဒင် ပျို့ လင်္ကာ စာပေများကို လည်းကောင်း မေးမြန်းကြရာ ကိုရင်ရေဝတသည် ဆရာတော်ကြီးများ မေးတိုင်း မေးတိုင်း အထစ် အငေါ့မရှိ၊ သွက်လက်စွာဖြေဆိုလေ၏။ ဆရာတော်ကြီးများနှင့် ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ် များမှာ ရှင်ရေဝတအား အရွယ်နှင့်မလိုက် ဖြစ်မှန်းနိုင်ပါပေသည်ဟု ကောင်းချီးသာဓု ပြုကြံရလေ၏။ ရှင်ရေဝတ၏ဂုဏ်သတင်းလည်း တမဟုတ်ချင်း ပြန့်နှံ့သွားလေ၏။

ထို့ကြောင့်

"နရတ္တမ,ဥက္ကဋ္ဌ သာကိန် နရိန္ဒာဓိပတိ၊ တိလောကမှန်ကူ၊ သယမ္ဘူ။ ထွတ်ဖျား စော ဘု ရား ၏ သား တော် အဓမ္မ ရထိုက်တော်မူပါပေ၏" ဟူ၍ ထပ်ဆင့် အမိန့်တော်ရှိကြပြန်၏။ ရေဝတဘွဲ့တော်မှလည်း "**ဝရသဓမ္မာဓိ**" ဟူ၍ မှည့် ခေါ်တွင်စေရန် ဘွဲ့သစ်ချီးမြှင့်ကြလေ၏။ ထိုအခါန်ကစ၍ "ရှင်ဝရသဓမ္မာဓိ" ဖြစ်လာခဲ့ သည်။

သီလသည်မယ်နတ်ပေး

ဦးဝိသုဒ္ဓ(ဦးရန်ဝေး)၏ နှမလည်းဖြစ်၍ ပန်းဒူးဆရာတော်၏ တူမပေတည့်။ ဆရာတော်နှင့်အတူလိုက်ပါလျက် မင်းသားလေးအား ပြုစုစောင့်ရှောက်နေသည့် သီလ ရှင်ဖြစ်၏။

မင်းသားလေး အထွတ်အထိပ်ရောက်သောအခါ နန်းတော်အတွင်း အနောက် မြောက်ဥယျာဉ်အနီး စရပ်တဆောင်ဆောက် ကိုးကွယ်ခြင်း ခံယူရလေ၏။ သီလရှင် ဘွဲ့အမည်မှာ ဒေါဓမ္မစာရီဖြစ်၏။ သို့သော် ငယ်နာမည် မယ်နတ်ပေးအမည်ဖြင့် ထင်ရှားခဲ့၏။

မင်းတရားကြီး၏သမီးတော်များကို ယဉ်ကျေးမှုဆင့်ဆင့် စာပေပညာများနှင့်၊ ရုပ် နာမ်တရား ပိုင်းခြားသိမြင်ကြစေရန် အဘိဓမ္မာတရားတော်များကိုလည်း သင်ကြားပေး ရလေ၏။ အမျိုးသမီးလမ်းညွှန်စာအုပ်နှင့် အဘိဓမ္မတ္ထသင်္ဂဟပမည်သော ကျမ်းကိုလည်း ရေးသားခဲ့လေ၏။

ဒေါနတ်ပေးသည် အသက်ကြီးရင့်သည့်အခါ ဦးရီးတော်ဖြစ်သော ပန်းဒူးဆရာတော်အား ပြုစုယင်းလိုက်ပါနေထိုင်ခဲ့လေ၏။ ပုခန်းအရှေ့လက် "ချစ်သူရှာ"မှာ ဒေါနတ်ပေး၏ချက်မြုပ်ဇာတိဖြစ်၏။ ချစ်သူရှာတွင် ဒေါနတ်ပေး၏သိမ်တော် ဂူဖြူစေတီတဆူနှင့် ရုပ်ပွားတော်များမှာ ၎င်း၏ကုသိုလ်များဖြစ်၏။ ယခု ဒေါနတ်ပေး ကုသိုလ်တော် ရုပ်ပွားတော်များမှာ ချစ်သူရှာ ဇေယျာရုံကျောင်း ဖောင်တော်ဦးစေတီရင်ပြင်တော်၌ ပြောင်းရွှေ့ထားကြောင်းသိရလေ၏။

မယ်နတ်ပေးနှင့်ခေတ်ပြိုင်များ

မင်းတုန်းမင်းတရား လက်ထက်တော်အခါက မယ်နတ်ပေးကဲ့သို့ ထင်ရှားသော သီလရှင်နှစ်ပါးမှာ **မယ်ကင်း**နှင့်**မယ်ထပ်**တို့ဖြစ်၏။ မယ်ကင်းသည် **ဗန်းမော်ဆရာတော်**နှင့် အပြိုင်စာချိုးမှုကြောင့် စာပေလောကနှင့် သီလရှင်သာသနာ၌ ပို၍ထင်ရှား၏။ **မယ်ထပ်**မှာ မယ်နတ်ပေး၏တပည့်၊ ချစ်သူရှာဇာတိ၊ ပုခန်းဆက်သာသနာ့အနွယ် ဖြစ်သည်။ ဘွဲ့တော်မှာ**ဒေါဧသာရီ**ဖြစ်သော်လည်း မယ်ထပ်ဟူ၍ လူမည်ဖြင့် ထင်ရှားလည်း။

သီလရှင်အမည်ကို **သီလသည်**ဟု သုံးနှုန်းလာခဲ့ကြောင်း သိရ၏။ မင်းတုန်းမင်းကြီး၏သမီးတော် ကျောက်ရစ်ထိပ်ခေါင်တင်၏ ငယ်ဆရာရင်းဖြစ်သည်ဟု ဆိုသည်။ ယင်း မင်းသမီးတောင်းပန်သဖြင့် "**သင်္ဂီဟ ၉-ပိုင်းအကျဉ်းသရုပ်ကျမ်း**"တစောင် ပြုစုခဲ့ရာ ကျောက်ရစ်ထိပ်ခေါင်တင်က ဓမ္မဒါနအဖြစ် ၁၂၅၅-ခုနှစ် ပထမဝါဆိုလအတွင်း ရုန်ကုန်မြို့ မြန်မာအဆွဲသတင်းစာတိုက်တွင်ပုံနှိပ်၍ စာအုပ်ရေ ၅၀၀-ဖြန့်ချိဝေငှခဲ့လေသည်။ ယင်းကျမ်း၏နိဒါန်း၌

> "မန္တလေးရတနာပုံ ပထမ မြို့တည်နန်းတည် ပဥ္စမသံဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီး၏ ဘုရားရှေလက်ထက်တော်၌ မြောက်ဥယျာဉ်တော်အတွင်း သီတင်း သီလ စာရ မေ့လျော့ တရားပျော်လျက် ထင်ပေါ်သည်ကို "**သီလသည်**"ဖြစ်သော ဆရာမကြီး**မယ်နတ်ပေး**နှင့် အတူတကွ လစာရိက္ခာတော်တို့ဖြင့် အထူး ထောက်ပံ့လှူဒါန်း ချီးမြှင့်ပြုစုတော်မူသည်ကို ခံရသော မန္တလေးမြို့ မင်းကွန်းသဲဖြူခြောင်း အလယ်တောရ ဂူကံလေးချောင်၌ သီတင်းသုံးနေသော ဆရာထပ်ဟူ၍ လည်းကောင်း၊ မယ်သောရီဟူ၍ လည်းကောင်း အနွယ်တွန်နာမနှစ်ဝသောအမည်တို့ဖြင့် ခေါ်ဝေါ်သမုတ်အပ်သော သီလသည် ဆရာကလေးသည်၊ ။ ။"

စသည်တို့ပါရှိလေသည်။ ဒီမိုင်းဆိုက် စာမျက်နှာ ၂၀၀၊ သင်္ဂီဟ ၉-ပိုင်းအကျဉ်းသရုပ်ကျမ်းဖြစ်၏။ အကျဉ်းသရုပ်ကျမ်းဆိုရသော်လည်း အချို့နေရာများတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည်မှာ ရှင်းလင်းသိလွယ်စေသော အရေးအသားများပါရှိ၏။

ဥပမာ ရုပ်ပိုင်းအဖွင့်၌

"ရုပ္ပတိတိ ရုပံဟူသော ဝစနတ္ထနှင့်အညီသီတဥဏှဒီဃစသည်ပါသ၊ ဒဏ္ဍပဟာရသတ္ထ ပဟာရစသော ဆန့်ကျင်ဘက်အကြောင်းတို့ဖြင့်၊ အပေါင်းပညတ် ဒြပ်ရုပ်လုံး ရုပ်ခဲ၏ ပြိုကွဲပဲ့ရှဲ့၊ ပိန်တဲ့ချည်, ဝတဲ့ချည်၊ ဖြူချည်တခါ ဝါချည်တလဲ့၊ မဲ့ချည်တတန် စသောအားဖြင့် ဖောက်ပြန်ပျက်စီးတတ်သောကြောင့် ရုပ်မည်၏၊ +"

ဟူသော ကန္ဓဲကယ, ယဉ်စစ, အရေးအသားမျိုးလည်း ပါဝင်လေသည်။ သမုစ္စည်းပိုင်း သဗ္ဗသင်္ဂဟအဖွင့်၌

"ရူပက္ခန္ဓာသည် စရပ်နှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် ရောဂါအနာနှင့်တူ၏။ သညာက္ခန္ဓာသည် သလိပ်, စသော အနာပဲ့ားသည်နှင့် တူ၏။ သင်္ခါရက္ခန္ဓာသည် အနာပဲ့ားခြင်း၏ အကြောင်းမသင့်သောအစာကို စားခြင်းနှင့်တူ၏။ ဝိညာဏက္ခန္ဓာသည် ရောဂါစဲကပ်သောသူနှင့် တူ၏+" ဤသို့ စသည်ဖြင့် လည်းကောင်း၊ အာယတနအဖွင့်၌

"စက္ခာယတနသည် မြေနှင့်တူ၏။ သောတာယတနသည် မိကျောင်းနှင့်တူ၏။ ဃာနာယတနသည် ငှက်နှင့်တူ၏။ ဇိဝှာယတနသည် အိမ်ခွေးနှင့်တူ၏။ ကာယာယတနသည် တောခွေးနှင့်တူ၏။ မနာယတနသည် မြောက်နှင့်တူ၏××။" ဤသို့ စသည်ဖြင့် လည်းကောင်း၊ ဓာတ် ၁၈-ပါးအဖွင့်၌

"စက္ခုဓာတ် စသော ငါးပါးသောဓာတ်တို့သည် ကြေးမုံမှန်နှင့် တူ၏။ ရူပ-စသော ငါးပါးသောဓာတ်တို့သည် မျက်နှာနှင့်တူ၏။ စက္ခုဝိညာဏ-စသော ငါးပါးသောဓာတ်တို့သည် မျက်နှာရိပ်ထင်သည်နှင့်တူ၏။ မနောဓာတ်-မနောဝိညာဏဓာတ်တို့သည် တောမြောက်နှင့်တူကုန်၏။ ဓမ္မဓာတ်၌ ဝေဒနာသည် မြား ငြောင့် တံကျင်နှင့်တူ၏။ သညာသည် တောသမင်မိုက်နှင့်တူ၏။ ကြွင်းသော စေတသိက် ၅၀-သည် မီးကျီးမီးစု၌ အပြစ်ခံရသောသူနှင့် တူ၏။ ရုပ်သည် သင်ဓုန်းစက်နှင့်တူ၏။ နိဗ္ဗာန်သည် ဘေးမရှိသော ခေမာအောင်ရပ်နှင့်တူ၏+++"

ဤသို့ စသည်ဖြင့်လည်းကောင်း ဥပမာနှိုင်းယှဉ်ချက်များနှင့်တကွ ထင်လွယ်မြင်လွယ် သိသာလွယ်အောင် ရေးသားခဲ့၏၊ ထို့ပြင် ဇာတိ၊ ဇရာ၊ မရဏ၊ သောကစသောတရားစု၏ တရားကိုယ်နှင့် အဓိပ္ပာယ်အဖွင့်များကို ပြည့်စုံအောင် ရှင်းပြထားသည်မှာ ဥပမာအားဖြင့်

"အနုသောဓနပစ္စုပ္ပဋ္ဌာန်ရှိသော ဒေါမနဿဝေဒနာသည် သောကမည်၏။ ထိုသောကသည် သတ္တဝါအပေါင်းတို့၏ နှလုံးကို အဆိပ်လူးသောမြားဖြင့် ထိုးကျင့်နှိပ်စက်သကဲ့သို့လည်းကောင်း၊ ရဲရဲတောက်သော သံပြားဖြင့် ပြင်းပြစွာ

အဖန်တလဲလဲ လောင်းသကဲ့သို့လည်းကောင်း၊ အိုခြင်း၊ သေခြင်း၊ နာခြင်း အစ
ရှိသော အထူးထူးသောဆင်းရဲကို ဆောင်ရွက်တတ်သောကြောင့် ဖောကသည်
ဒုက္ခမည်၏''
ဇရာကိုလည်း ဤသို့ဖွင့်ထားပြန်၏။

''တခုသောဘဝ၌အကုန်းဝင်သော ခန္ဓာငါးပါးတို့၏ ရင့်မာ အိုမင်း
ဟောင်းမြင်းခြင်းသည် ဇရာမည်၏။ ထိုဇရာဟုဆိုအပ်သော သူအိုဘဝသည် လက်ခြေ
စသော အင်္ဂါကြီးငယ်တို့၏ မသန်မာခြင်း၊ ဣန္ဒြေတို့၏ဖောက်ပြန်ခြင်း၊ အဆင်း
အရွယ်၏ ပျက်စီးခြင်း၊ အားခွန်ဗလဆုတ်ယုတ်ခြင်း၊ သတိပညာပျောက်ကင်း
ခြင်း၊ မိမိ၏ သား မယား ကျေး ကျွန်တို့သည် မကြည်မညို ရန်လိုဟိန်းဟဲခြင်း၊
လှုန်စွာတွေဝေခြင်းသို့ ရောက်သဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း၏ အကြောင်း
ရင်းမူလဖြစ်သောကြောင့် ဇရာသည် ဒုက္ခမည်၏၊+''

ဆရာလေး ဒေါသောရီသည် သဒ္ဒါရေးဌာလည်းကောင်း၊ အလင်္ကာရ,ရသ
လုံလောက် ဂုဏ်မြောက်အောင် ရေးရာဌာလည်းကောင်း နိုင်နင်းလှကြောင်းကိုလည်း
ယင်းကျမ်းဦးပဏာမဂါထာဖြင့် ထင်ရှား၏။

''စက္ကဝဠနဟုတာဝ-ဒေဝါလိဂဏစုမ္ဗိတော၊
ဗုဒ္ဓပါဒမ္ဗုဇောဌာတု-သီသေဒယာတိဂန္ဓဇော။

စက္ကဝဠနဟုတာဝဒေဝါလိဂဏစုမ္ဗိတော—စကြာဝဠာပေါင်း၊ သောင်း
လေးကမ္ဘာတိ ဖူးလာလတ်သားနတ်နတ်တကာ ဖြဟ္မာအားလုံး ပျားပိတုန်း
သို့၊ စုရုန်းရှင်လန်း၊ စုံတ်နမ်းရှုလည်း၊ ဖြစ်တော်မူထသော၊ အတိဂန္ဓဇော—
စကြာဝဠာအနန္တတိုင်၊ မွှေးကြိုင်ကောင်းမှန်၊ လှုန်သောနံ့သာ ဖြစ်တော်မူထ
သော၊ ဗုဒ္ဓပါဒမ္ဗုဇော—ဘုရားစိန္တေ၊ သီတာရေဌ၊ ပုံသေရောက်လတ်၊ ကြာ
မြတ်ပဒုံ့ ခြေတော်စုံသည်၊ မေ--ဒ္ဓတ္တိံ သကာယ၊ ဇေဂုစ္ဆစုတ်၊ ကိုယ်ဟုသမုတ်၊
အကျွန်ုပ်၏၊ သီသေ—ကိုယ်အင်္ဂါတွင်၊ မြတ်ရာထားတင်၊ ဦးထိပ်ပြင်၌၊ ဒယာ-
ဒယာယ—ဤသတ္တဝါဆင်းရဲစွာကို ငါချွေချွတ်မည်၊ မှတ်ရည်သနားသောအား
ဖြင့်၊ ဌာတု—တန့်ရပ်နေတော်မူပါလော့....''

ဆရာထပ်၏ မေတ္တာလင်္ကာစာများနှင့် ခန္ဓာကိုယ်ကို ခွဲပြထားသော ''ခန္ဓာဗေဒ
ကျမ်း''ရှိကြောင်းဆိုသော်လည်း စာအုပ်မတွေ့ရ။ လင်္ကာရေးစာမူများပျောက်ဆုံးကုန်၍
ဝမ်းနည်းဖွယ် ကောင်းလေစွ....။

လွတ်တက်မင်းသားထိပ်တင်လွင်

တစုံတယောက်သော သူက အချိန်ကုန်ဆဲငင်ထားလို့မရ၊ နှစ်ပရိစ္ဆေဒသို့သာ ဦးတည်လာသည်။ မင်းသားလေးသည် နန်းတွင်းအရေး ရှုတ်ထွေးနေချိန် ပန်းဒူးဆရာတော်က ဘေးလွတ်ရာသို့ ရှောင်တိမ်းနေခဲ့ရာ နှစ်အတော်အတန် ကြာခဲ့ပြီ။

တောင်အိုရွာသို့ နေထိုင်ရန် ရောက်လာစဉ် တောင်အိုရွာဇာတိ မောင်ဘိုးမြစ်သည် မင်းသားလေး မောင်စံလွင်နှင့် ခင်မင်ရင်းနှီးလေသည်။ မောင်ဘိုးမြစ်သည် မင်းသားလေးအား ချစ်ခင်လာသည့်အတိုင်း မိဘ,မျိုးရိုးကို မေးလာရာ အမှုမဲ့အားဖြင့် မင်းမျိုးမင်းနွယ်ဖြစ်ကြောင်းနှင့် သာမန်နေရခြင်းမှာ အကြောင်းရှိ၍ယခုလို ပင်ပန်းစွာ နေကြောင်း စသည်များ ပြောဆိုလေ၏။ ယင်းအကြောင်းအရာကိုသိလျှင် ဆရာတော်ကြီးက မောင်ဘိုးမြစ်အား အခြားလူများကို မပြောဆိုမိရန် နှုတ်ပိတ်ထား၏။ အချိန်ကြာမြင့်စွာ တောင်အိုရွာတွင် နေထိုင်ကြပြီးနောက် ချစ်သူရွာသို့ တဖန် ပြောင်းရွှေ့ကြရပြန်၏။

ထိုအခါ နန်းတွင်းရေးများ ကြားသိကြသည့်ပြင် မင်းပြောင်းမင်းလဲ ဖြစ်နေကြောင်းကိုလည်း သိတော်မူကြလေ၏။

မင်းသားလေး၏ ခမည်းတော် သာယာဝတီမင်းသည် နောင်တော်ဖလ်နန်းရှင် (ဘကြီးတော်)မင်းတရားကို နန်းချပြီး ထီးနန်းရိုက်ရာဆက်ခံလိုက်ကြောင်း သိရလေ၏။ ယင်းသို့ ထီးနန်းဆက်ခံသည်မှာ ၁၁၉၉-ခုနှစ်က ဖြစ်လေ၏။ သားတော် သမီးတော်များကိုလည်း အဆောင်အယောင်များနှင့်အတူ မြို့စား,ရွာစားအသီးသီး ချီးမြှင့်လေ၏။

ဆရာတော်မှာ မင်းသားလေးကို သာယာဝတီမင်းထံသို့ပို့ဆောင်ပေးရလေ၏။ သားတော်မင်းသားလေးအား တရားစီရင်အုပ်ချုပ်ရန် လွတ်တော်ဝန်ကြီးများနှင့် အခွင့်အာဏာတူ **"လွတ်တက်မင်းသားကြီး"** အထိ ချီးမြှင့်မြောက်စား,အဆောင်အယောင်များဖြင့် သနားတော် မူလေ၏။

မင်းညီမင်းသားတို့ ရရှိသောအဆင့်များကို ဖော်ပြရန် လိုအပ်လာသည်။မင်းသားများ အရွယ်ရောက်ရှိပြီး အတတ်ပညာရည်အလိုက် မင်းသားတို့အား ချီးမြှောက်အပ်သော အစဉ်အလာရှိသည်မှာ....မြင်းမူးအဆင့်၊ ထိုထက်မင်းသားလတ်၊ ထိုထက်မင်းသားကြီးအဆင့် နေရာတော်သို့ပေးသည်။ ထိုထက် အမြင့်ဆုံးနေရာ "လွတ်တက်မင်းသား"

အဆင့်ဖြင့်၏။ လွတ်တက်မင်းသားအဆင့်သည် တရားစီရင်ရေးနှင့် နိုင်ငံတော်အုပ်ချုပ်ရေးဖြစ်သည်။ ထိုထက် တိုင်းခရိုင်ကြီးများကို နှင်းအပ်၍ ဘုရင့်ကိုယ်စား အုပ်ချုပ်စီမံကွပ်ကဲရသော ဘုရင်ခံ,အဆင့်လည်း ပေးလေ့ပေးထ အစဉ်အလာရှိ၏။ လွတ်တက်မင်းသားအဖြစ် မင်းသားများတွင် ပေးအပ်ခြင်းအစဉ်အလာမှာ လောကဝတ်,ဓမ္မဝတ်နှင့် ရာဇဝတ်, ဓမ္မသတ်ဖြတ်ထုံးတို့၌ ကျွမ်းကျင်ပြတ်သီးသော မင်းသားကိုသာ ပေးရိုးဖြစ်၏။

ပန်းဒူးဆရာတော်ကြီးအား နေပြည်တော်တွင် အမြဲသီတင်း သုံးတော်မူရန် သာယာဝတီမင်းတရား လျှောက်ထားသည်ကို လက်ခံတော်မမူပဲ၊ ပုခန်းနယ်ဇာတိ ချစ်သူရှာသို့ နောက်ပါတပည့်များနှင့် ပြန်လည်ကြွတော်မူ၏။ မင်းသားသည် ဆုအဖြစ်ရရှိသော ငွေများကို မိမိဆရာတော်အား လှူ၏။ မင်းတရားကြီးကလည်း ပရိက္ခရာ အစုံအလင်နှင့် တရုတ်ပြည်ကလက်ဆောင်အဖြစ် ဆက်သသော လေးပေခန့်ရှိ ကြွအိုးကြီးကို လှူဒါန်းလေ၏။

ဆရာတော်သည် မိမိတပည့် မင်းသားလှူသော ငွေများဖြင့် စေတီတဆူတည်၍ ဓာတ်မွေတော်များကိုလည်း လုံခြုံစွာထားရှိလျက် ဓာတ်တော်ရုံကျောင်း, အဖြစ် တည်ဆောက်လေ၏။ ဤသို့ဆောက်ခြင်းမှာ မိမိတပည့်မင်းသား နောင်အခါ သာသနာပြုမင်းဖြစ်စေရန် ရည်သန်လေသည်။

ပုဂံကျော်စွာနှင့် စည်သူမင်းသားညီနောင်တို့ တည်ထားပြီးဖြစ်သော ဂူဖြူစေတီအား အရာမ်တံတိုင်း မီးတားအဖြစ်လည်း ရည်ရွယ်ဆောင်ရွက်လေ၏။ ယင်းတံတိုင်းအပေါ်တွင်ဆွမ်းအုပ်ပန်းတောင်းများကိုလည်းကောင်း၊ခြင်္သေ့ရုပ်များကိုလည်းကောင်း၊ စီမံပြုလုပ်လေ၏။ ထူးခြားချက်မှာ ခြင်္သေ့ရုပ်များ ခံတွင်းမဟ, ပိတ်ထားခြင်းဖြစ်၏။ ထိုအချက်ကိုလျှောက်ထားကြသောအခါ ဆရာတော်ကြီးက....

"ခြင်္သေ့သည် အကြောင်းရှိ၍ သားကောင်များကို ဖမ်းယူစားလိုသောအခါ ခံတွင်းဖွင့်ဟသည်။ အကြောင်းမပေါ်လျှင် ခံတွင်းပိတ်ထားခြင်းပင်ဖြစ်သည်။" ဟူ၍ သာမန်မျှအဖြေပေး၏။

မင်းတုန်းမင်းသားမှာ အင်္ဂါနံဖွားဖြစ်၍ မင်းကောန်ဖြစ်မည့် အဓိပ္ပာယ် ဆောင်ဟန်တူ၏။



သာယာဝတီမင်း

သာယာဝတီမင်းနန်းသိမ်းပြီးနောက် နန်းမတော်နှင့် စလင်းမင်းသား(မောင်အို) အပေါင်းပါများကို ကွပ်မျက်သည်။ စကြာမင်းကလေးဟု သတင်းမွှေးနေသော ညောင်ရမ်းမင်းသားလည်း ရေချခံရသည်၊ ဘကြီးတော်လက်ထက်က ရခိုင်နှင့် တနင်္သာရီတို့ကို ပြန်လည်ရရှိရန် ရန္တာပိုစာချုပ် ပယ်ဖျက်ထား၏။ အသိအမှတ်မပြု။

ထို့နောက် ၁၈၄၁-(ခရစ်)နှစ်တွင် မင်းတရားကြီး ရန်ကုန်သို့ စုန်တော်မူရာ အချိန်ညောင်းနေပြီဖြစ်၍ မှူးမတ်တို့က စာဆိုတော်ဦးမင်းအား ကဗျာအလင်္ကာဖြင့် အညာသို့ ပြန်လည်ဆန်တက်ရေးအတွက် စေခိုင်းကြရကား မင်းတရားအား ဦးမင်းက အောက်ပါလေးချိုးကြီးကို စပ်ဆို ဆက်သလေသည်။

"တန်ဆောင်မာသ, သာရဒမှာ၊ အမရ-ညာ၊ နန်းရှေသာက ယတြာမိုး၊ ဆော်ဆင့်ကြိုးသည့်၊ နတ်မျိုးဦးနေ၊ စမွာယ်ချေသည်၊ အောင်မြေရန်နှင့်၊ သည်သဘင်ဝယ်၊ ကြင်မစုံမယ်၊ လွမ်းဘုံကြွယ်ဆဲမှ၊ ကျွမ်းငယ်စိမ့်××"

စသော နေပြည်တော်ပြန်လည်သတိရ လွမ်းမောစေဖွယ်များဖြင့် တန်ဆာဆင်၍ လျှောက်တင်ရာ မင်းတရားကြီး သတိတော်ရရှိသည်ဖြစ်လာ၍ နေပြည်တော်သို့ ထွက်ခွါကြွမြန်းတော်မူခဲ့လေ၏။

"ရောဝတီနှင့် ချင်းတွင်းမြစ်ရေတော်မှ ခေါင်းဆေးမင်္ဂလာ ပြုလုပ်တော်မူမည်" ဟု မင်းကြီးက အမိန့်ရှိလေရာ မှူးမတ်များက ပုခန်းဂူဖြူစေတီအနီး၌ ခေါင်းဆေးမင်္ဂလာ ပြုလုပ်သင့်ကြောင်း တင်လျှောက်ကြ၏။ ထိုနေရာကား ပုဏ္ဏားတော်ဝဲဟုတ်ခဲ့၏။ ယင်း, နေရာ၌ ခေါင်းဆေးမင်္ဂလာပြု၍ အောင်တပ်ကုန်းဟု သမုတ်သည်။ ယခုတိုင် သိမ်နှင့် ကျောင်းအုံများရှိသည်။

မင်းတုန်းမင်းသား

ထိုအချိန်က အလုံတိုက်နယ် ယုန်လှေးကုန်းရွာတွင် မင်းလောင်းအမည်ခံကာ မောင်ရွှေခဲသည် ထောင်ထားခြားနားရန် လူသူအင်အားစုနေလေ၏။ ယုန်လှေးကုန်းရွာကား ညောင်ကန်ရွာနှင့် ၃ မိုင်မျှဝေးသည်။ ညောင်ကန်နှင့် ၁-မိုင်ခန့်ကွာအရပ်၌ ကျွန်းပင်အိုင်ဟူရှိရာ ထိုနေရာတွင် ရွှေတလောင်း ငွေတလောင်းသိုက်ရှိ၏။ သိုက်ဆရာများဖြစ်သော မောင်အိုနှင့် မောင်ကြာတို့က ယင်းသိုက်နန်းကိုဖြိုခွင်းပြီးလျှင် မောင်ရွှေခဲအား မင်းလောင်းအဖြစ် တင်ထားလေ၏။

ထိုအကြောင်းတို့ကို အမရပူရနေပြည်တော်အထိ သတင်းပေါက်ကြား၍ မင်းတရားက သားတော် လွတ်တက်မင်းသား (မင်းတုန်း) အား လေ့လာစုံစမ်းနှိမ်နင်းတိုက်ဖျက်ရန် စစ်သည်တော်အစုံအလင်ဖြင့် ထွက်ခွါတိုက်ခိုက်စေ၏။

မင်းတုန်းမင်းသားသည် စစ်တပ်နှင့်အတူ ထွက်ခွါ၍ ထိုနေရာသို့ရောက်လျှင် မင်းလောင်းအမည်ခံ ငရွှေခဲနှင့် သိုက်ဆရာ စုဆောင်းထားသော လူအင်အားများကို အလွယ်တကူ နှိမ်နင်းအောင်မြင်တော်မူ၏။ ငရွှေခဲနှင့် အပေါင်းပါတို့ကိုလည်း အပြစ်အားလျော်စွာ စီရင်လေ၏။ မင်းတုန်းမင်းသားဘဝက အောင်မြင်ခဲ့ရာ ကျွန်းပင်အိုင်နေရာ၌ မင်းအဖြစ်ရောက်လျှင် သိမ်နှင့် ကျောင်းကန်များ သမုတ်လှူခဲ့၏။ ယင်းတို့မှာ ယခုတိုင် ထင်ရှားတွေ့မြင်နိုင်ရာ သံချိုဆရာ မောင်းထောင်ဦးကျော်လှက အောက်ပါအတိုင်း မှတ်တမ်းတင်ထားလေသည်။

"နိပါတ်ဖော် ဇာတ်တော်ဟောင်းငယ်က၊ မြတ်လောင်းလျာ ရွှေယုန်ဖြစ်တော့၊ ထုံရှစ်လီအဋ္ဌဂိကြောင့်၊ ကသစ်စံရဂုံဖျားတွင်မှ၊ ပုဏ္ဏားငြဟ္မာအိုကဲ့သို့၊ ယုန်သားကို စားလိုခဲ့သည်ဟု၊ ဆိုတဲ့ကာအလှူခံတော့၊ ပူအလျှံမီးပုံတွင်းဆီသို့၊ ခုန်ဆင်းမည် ယုန်ကလေးရယ်က၊ "**ယုန်လေး**" ခါ,ပစ်ခွာချတဲ့မို့၊ သည်အခြေ၊ သည်ဒေသပထင့်၊ ရွှေလမှာဆေးမှုံစုတ်ကယ်နှင့်ရေးယုန်ရုပ်ကပ္ပဌာ။ ။

ရွှေဘိုစံနေလိုထွန်းစဉ်က၊ ထိုကျွန်းပင်အိုင်နေရာတဲ့၊ ငအို,ငကြာ ထိုရွာသို့ဆိုက်တော့၊ စာသိုက်စောင် တဘောင်တေးရယ်က၊ လေးလေးလေမှ ဆဲရ၊ ရွှေခဲခေါ် လှေတော်ကြီးကို ချက်မှန်အောင် တက်သံဟီးရ၊ ပြဒါဏ်ထီးဖြူ၊ လုကာတည်ဖို့၊ လူနာမည်**မောင်**ရွှေခဲ၏၊ **အ**သဲအာ့ဘူတို့၊ ခဲယူကာ၊ ကင်တည့်ကယ်နှင့် တင်နတ်ဝယ် ပူဇော်အုံးရလျှင်၊ ပေါ်သုံးရန် ရွှေငွေတလောင်းစီတဲ့၊ လည်ချောင်းခုတ်ခါပြတ်မည်ဟု၊ ဘုန်းနတ်စာပြင်ဆင်ဘို့၊ ရှင်ဘုရင်လုပ်စေအုံးတော့၊ ပြည်ကုန်းဘောင် ရွှေဘိုမင်းက၊ **မင်းတုန်းစားသားတော်**ကို လွတ်လို့မို့၊ ထောင်ဝင်္ဂန္ဒောင် သူမပေးတဲ့ပြင်၊ အရေးတော်ပေါ်မဖွဲ့ပြီဘု၊ ဘေးမဲ့ချမ်းသာ××။

(မဆုံးသေး)

ညောင်ကန်ရွာခင်း

ထွက်ပြူစ နေလုလင်၏ရောင်ခြည်နုကို ပန်းသစ်ပင်ရွက်ညွှန့်တို့စို့ သောက်ကြရသဖြင့် လန်းဆန်းနေပါသည်၊ နေခြည်နှင့် ထပ်တွေ့ရတော့မည်ဖြစ်၍ လှုပဝေဆာစွာ ခရီးဦးကို သကဲ့သို့ ရှိနေပါသည်။ ယင်းအချိန်တွင် တည်ရှိနေသော ညောင်ကန်၏ရွာခင်းမှာ သာယာနေပါသည်။ ထုံးဖွဲ့းဖွဲ့းပြူနေသော စေတီပုထိုးများ၊ ရွှေရောင်တောက်ပနေသော ကျောင်းတိုက်ဘုံဗိမာန်များ။

နေဝန်းနီသည် ပျိုနုသောရောင်ခြည်တို့ကို သယ်ဆောင်လျက် အလင်းရောင်ထွန်းလင်းနေသောအခါ စရပ် တန်ဆောင်း, ဂူကျောင်းပြာသာဒ်များနှင့် ညို့မှိုင်းနေသော အနောက်ဘက်တောင်တန်းတို့မှာ နေမင်းရောင်အောက်တွင် ဖောင်းကြွမြူးကွန့်၍ လာပါတော့သည်။

မဇ္ဈိမဒေသ ရာဇဂြိုဟ်မြို့မှ ထွက်ပြေးလာသော နာဂဒါသမင်းနှင့် နှမတော် သီဝလိဒေဝီတို့ တိမ်းရှောင်ပုန်းအောင်းခဲ့ရာဒေသကို "တိမ်းရင်းရာဇဂြိုဟ်" ဟု သမုတ်၍ မြို့တည်လေသည်။ မြို့တည်ရာနေရာဟောင်းကိုလည်း ယခုတိုင် တွေ့မြင်နိုင်ပါသေးသည်။ တိမ်းရင်းရာဇဂြိုဟ်မြို့ဟောင်းနေရာနှင့် တမိုင်ခန့် ဝေးကွာရာဒေသ၌ **"ညောင်ကန်"**[၁] တည်ခဲ့ပါသည်။

ထိုညောင်ကန်တည်ဦးစအခါက ဗောဓိညောင်ပင်နှင့် ရောကန်ရှိသည်။ ယင်းကို စွဲ၍ **ညောင်ကန်**ဟု ခေါ်တွင်လာကြောင်း သမိုင်းဟောင်းများတွင် ဆိုလေသည်။

ပေါ်တော်မူဘုရားသမိုင်းကို ညောင်ကန်သူခင်သဲ၏ဦးလေးတော်၍ ပြည်ဆရာတော်၏တပည့်ရင်း **ညောင်ကန် သံချိုကိုင်ဆရာ "ဆရာတောက်"** က အောက်ပါအတိုင်း သံချိုဆို၍ သမိုင်းတင်ထားပါသည်။

"ပထမကမ္ဘာဟိုက ရာဇဂြိုဟ်ရိပ်ဖြူထီး၊ မင်းကြီးဗိမ္ဗိသာ၏၊ သားရတနာများစွာဖျက်ကြ၊ ငါးဆက်တိုင် ပဥ္စမေပ၊ အဘကို သုတ်သင်သတ်သည်ဟု၊ မှူးမတ်စွဲတိုင်ပင်၍၊ ယူငင်ကာ ကျူပင်ခုတ်သည့်နှယ်၊ တပ်အုပ်ကား မောင်အကြီးသာပ၊ ဆောင်ထီးစံဘဂိနီတို့နှင့်၊ မိတိမာ,ဂုဏ်အရည်ကြောင့်၊ ယုံကြည်စွာ ဗိုလ်ခြေနှင့် ပြေးခဲ့ကြ၊ ဟိုအရှေးပေါ်ရာဏ-ပြောရှာကြ စကားစဉ် စသည်တို့ဖြစ်၏။

၁။ ညောင်ကန်သမိုင်းဟောင်းပေမူ

မင်းတုန်းမင်းသားနှင့်ခင်သဲ

ဖော်ပြခဲ့သော ညောင်ကန်ကား သာသနာသမိုင်းဝင် ဖြစ်ပါသည်။ အလုံတိုက် နယ်တွင် အပါအဝင်လည်းဖြစ်၍ မင်းလောင်းပေါ်ရာ ကျွန်းပင်အိုင်ဒေသနှင့် မဝေးလှပါ။ ညောင်ကန်၏ကွမ်းတောင်ကိုင် လှပျိုဖြူ ခင်သဲဟူ၍ရှိ၏။ ခင်သဲကား လှပယဉ်ကျေးသိမ်မွေ့သည်။ မင်းထိုက်စိုးတန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်။ ခင်သဲ၏ ဂုဏ်သတင်းသည် နေပြည်တော်တိုင်အောင် ပျံသင်းလေသည်။

မင်းတုန်းမင်းသားသည် ခင်သဲကို မတွေ့မမြင်ရမီကပင် ဘဝင်လှိုင်းခပ်၍ တ်မ်းညှတ်နေပြီဖြင်ရာ မင်းလောင်းငရွေခဲအရေးနှင့်ပတ်သက်၍ ထွက်ခါရာ ညောင်ကန်သို့ ရောက်ရန် ပို့ဆောင်ပေးသကဲ့သို့ဖြစ်၏။

တပ်ချစခန်းနှင့် ၃-မိုင်မျှဝေးကွာသော ညောင်ကန်သို့ မြင်းဖြူတော်ကိုစီး၍ တကိုယ်တည်း ကြွသွားပြီးလျှင် ခင်သဲနှင့် တွေ့ဆုံနေလေ၏။ တွေ့ဆုံတိုင်း ချစ်ရေးဆိုကာ ချစ်သစ္စာပြု၍ ချစ်ပန္နက်စိုက်ထူကြလေ၏။ မင်းတုန်းမင်းသားသည် တပ်တော်ရုပ်သိမ်း၍ နေပြည်တော်သို့ ပြန်လည်ကြွချီသောအခါ ခင်သဲကိုကောက်ယူလျက် တပါတည်းခေါ်ဆောင်ခဲ့၏။ နေပြည်တော်သို့ရောက်လျှင် ခင်သဲအား မယ်တော်ဆောင်တွင် စာတော်ဖတ်အရာ၌ ထားရှိလေသည်။ **စာတော်ဖတ်ခင်သဲ**ဟု တနှန်းတော်လုံး သတင်းဂုဏ် မွှေးထုံနေ၏။ ညောင်ကန်သူခင်သဲမှာ မင်းတုန်းမင်းသား၏ အချစ်ဦးဖြစ်ပါ၏။ မဟာမုနိရုပ်ရှင်တော်ဘုရားရှေ့မှောက်၌ "နောင်အခါ ဘိသိက်ရေငင်ကို အတူတကွခံယူ၍ တောင်ညာစံ မိဖုရားကြီးအဖြစ် ချီးမြှင့်ပါမည်" ဟူ၍ပင် ကတိသစ္စာပြုခြင်း ခံရပါ၏။ သို့သော် မင်းတရုးအဖြစ်သို့ရောက်သောအခါ အမိကဲ့အဘတူ နှမတော်ဘုရားအား အကြောင်းကြောင်းကို ငဲ့ကွက်၍ ငယ်ချစ်ခင်သဲကို မိဖုရားခေါင်ကြီး တင်မြောက်လိုပါသော်လည်း ခင်သဲအား "သီရိမဟာမင်္ဂလာဒေဝီ" ဘွဲ့ဖြင့် မြောက်နန်းမိဖုရားတင်မြောက်၏။ မိဖုရားအဆင့်အတန်းမှာ မိဖုရားခေါင်ကြီးက ပထမအရာ၊ မြောက်နန်းက ဒုတိယအရာ၊ အလယ်နန်းက တတိယအရာ၊ အနောက်နန်းက စတုတ္ထအရာဖြစ်သည်။ ဘကြီးတော်နှင့် နန်းမတော်(မယ်နှ)တို့၏သမီးတော် ဆင်ဖြူမရှင်ကို အလယ်နန်း တတိယအရာထားသည်။ မိဖုရားခေါင်ကြီး၏ဘွဲ့မှာ "သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ" ဟူ၏။ ခမည်းတော် ကုန်းဘောင်(သာယာဝတီ)မင်းတရားနှင့် မိဖုရားခေါင်တို့မှဖွားမြင်၍ နောင်တော် ပုဂံမင်းတရား၏ နှမအရင်းလည်းဖြစ်၏။ မိဖုရားခေါင်ကြီးကား ညောင်ကန်ဆရာတော် ဦးသူ(ဦးဉာဏိန္ဒ)ထံ၌ ပညာသင်ကြားတတ်မြောက်ခဲ့သည်။

ဗေဒင်ကိန်းခန်း ဂဏန်းဟူးရားအတတ်တို့၌ ပြမ်းတီးလိမ္မာ၏။ တိုင်းရေးပြည်ရေး၌ ခမည်းတော်အတိုင်အပင်ခံယူရ၏။ မင်းပြစ်ဒဏ်ရှိသူတို့အား "ငါ့သမီးတော် အသက်ဘေးမှန္တလင်္ဂါယူလျှင်လွှတ်စေ" ဟူသော အသက်ဒါနဆုကိုပင် ပေးခြင်းခံရ၏။ ခမည်းတော်ဘုရားအလွန်လေးစား၍ မင်းဧကရာဇ်အဖြစ်သို့ရောက်အောင် ထောက်ပံ့ကူညီပြုစုရုံမက သက်ရွယ်ကလည်းကြီး၊ အမျိုးအားဖြင့် တောင်နန်းပွဲား မြင့်မြတ်သောကြောင့် အမတော်မင်းသမီးကြီးကို တောင်နန်းမတင်လျှင် ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်တို့ကို မထောက်ထားရာရောက်မည်။ "ကုလဇေဋ္ဌပစာယန" တရားလည်းပျက်မည်။ ကတည်တမက်လာတရားပျက်ခြင်းသည် အရေးအကြီးဆုံးဖြစ်ပါ၏။ ခင်သဲကို တောင်နန်းမတင်လျှင် ကတိသစ္စာပျက်မည်။ မိမိအလိုတော်မပြည့်ဖြစ်မည်။ တရားသဘောနှင့်သော်လည်းကောင်း၊ နန်းစဉ်လာသော်လည်းကောင်း၊ ထောက်စာလျှင် အမတော်ဘုရားက ပိုမိုအချိန်စီးလေသည်။ ထို့ကြောင့် ခင်သဲအပေါ်၌ထားခဲ့သော ကတိသစ္စာ ပျက်လျှင် ပျက်စေတော့၊ ကတည်တမက်လာတရားပျက်ရန် မသင့်လျော်ဟုဆုံးဖြတ်ပြီး ကျေးဇူးရှင်အမတော်ဘုရားကို တောင်နန်းတင်၍ ငယ်ချစ်ခင်သဲကို မြောက်နန်းတင်ခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်းတရားသည် မိဖုရားကိုစွဲသာ အလိုတော်မပြည့်ဖြစ်သည် မဟုတ်၊ သာသနာပိုင်ကိစ္စ၌လည်း အလိုတော်မပြည့်ရရှာပေ။ မိမိ၏ ကန့်ကွက်လှည့် ငယ်ဆရာရင်း **ပထမစံကျောင်းဆရာတော်ကြီးအရှင်စန္ဒိမာ**ကို သာသနာပိုင်အဖြစ် မြောက်တင်တော်မူလိုလျက် မိဖုရားခေါင်ကြီး(အမတော်ဘုရား)ကို ငဲ့၍ မိဖုရားခေါင်ကြီး၏ဆရာခမည်းတော်မင်းတရားလက်ထက် သာသနာပိုင် ဖြစ်တော်မူခဲ့သော ဆရာတော် အရှင်ဥယျဓမ္မကိုပင် သာသနာပိုင်တကြိမ် ထပ်မံ မြောက်တင်တော်မူရလေသည်။ ညီတော် အိမ်ရှေ့မင်း(ကနောင်)ကလည်း မိမိတို့၏ငယ်ဆရာတော် အရှင်စန္ဒိမာကို သာသနာပိုင် မမြောက်တင်ကောင်းလားဟု ကျေနပ်ခြင်းမရှိ။ သာသနာပိုင် အရှင်ဥယျဓမ္မကို "**မယားပါသာသနာပိုင်**" ဟူ၍ပင် သမုတ်လေသည်။

ခမည်းတော်ဘုရားက ညီတော် နောင်တော်နှစ်ပါးကို သဲအင်းသာသနာပိုင်ဆရာတော်ဘုရားထံအပ်နှံရာ ဇာပည်ကြီးအရှင်စန္ဒိမာက မင်းညီနောင်နှစ်ပါးတို့အား ကန့်ကွက်လက်လွှဲစာပေ သင်ကြားပေးရလေသည်၊ ဆရာရင်းအရှင်စန္ဒိမာက မင်းတုန်းကို မောင်လှင်၊ အိမ်ရှေ့ကနောင်ကို မောင်ခင်ဟု ငယ်နာမည်အတိုင်း ခေါ်လေ့ရှိသည်။ စံကျောင်းပထမဆရာတော်ကြီးတပါးကား ဣန္ဒြေသိက္ခာကြီးဖြစ်သည်။ တည်ငြိမ်သည်။ ပညာတတ်သည်။ ပြန်လှန်တော်မူသောအခါ သာသနာပိုင်နှင့် တန်းဘူးရည်ဘူးသင့်ပုံဟ်သည်။[၁]

၁။ ဦးစန္ဒိမာသင့်ပုံဟ်စာတမ်းပေမူ

တနေ့သ၌ မြောက်နန်းမိဖုရား ခင်သဲသည် ငယ်ရွယ်ဥာဏ်က ချစ်ပန္နက်စိုက်ထူခဲ့ ကြောင်းကို အောက်မေ့တသပြီးလျှင်....

"ကနက်ကယ်ထူ၊ ရိပ်ဖြူနောင်ခါဖွင့်မယ့်၊ ကိုယ်ပင့်စကား။ ။လက္ခန်း အိမ်၊ ဝ,ကျန်းစံကျော်စွာလိမ်သည့်နှယ်၊ ဘုန်းကျိန်ရက်သား၊ ။"

နောင်အခါကနက္ကဒဏ်ထီးရိပ်ဖြူကိုဖွင့်၍ ဘုရင့်အဘိသိက်ကို ခံယူသောအခါ အတူတကွခံယူ၍ မိဖုရားခေါင် တောင်ညာစံ တင်မြောက်ပါမည်ဟု မောင်တော်ဘုရား၏ စကားရှိပါသည်။

ကတိသစ္စာ ကျိန်စာတော်ရက်လျက်သားနှင့် သူရဲကောင်း လက္ခန်းအိမ်အမည်ရှိသော အမတ်စစ်သူကြီးကို အဝရွှေမြို့တော်စံ ဘုရင်မင်းခေါင် သားတော်မင်းရဲကျော်စွာက လိမ်လည်လှည့်ဖျားသတ်ဖြတ်လိုက်သလို မောင်တော်ဘုရားက နှမတော်ကို လိမ်လည်လှည့်ဖျားတော့တာလား....ဟူ၍ အဓိပ္ပာယ်သက်ရောက်သော ကဗျာတပုဒ်ကို ဆက်သွင်းရာ မင်းတုန်းမင်းတရား ဖတ်နှုတ်ကြွေတော်မူရသည်ဟုဆို၏။

မင်းတရားသည် ဝမ်းနည်းသော မျက်နှာတော် အသွင်အမူအရာဖြင့် "မလဲ့မရှောင်ရဲသော အဓက်အခဲများကြောင့် ကတည်းတ မင်္ဂလာမရှိသော၊ သူတပါး၏ ကျေးဇူးဟရားကို မသိတတ်သော အမင်္ဂလာ သူယုတ်မာကြီးအဖြစ်ကို မခံယူနိုင်သဖြင့် ကျေးဇူးရှင် အမတော်ဘုရားကို တောင်ညာထားရသော်လဲ နှမတော်ထက် သာလွန်ချစ်မြတ်နိုးတော်မူသောကြောင့် မဟုတ်ရပါကြောင်း" စသည့် စကားပရိယာယ်များဖြင့် နှစ်သိမ့်ကျေနပ်တော်မူစေရ၏။

တောင်နန်းမိဖုရားခေါင်ကြီးကလည်း ခင်သဲအပေါ်၌ ချစ်ခင်မြတ်နိုးတော်မူပါ၏။ အရှင်နှစ်ပါးတို့က မြတ်နိုးတော်မူလွန်းသဖြင့် အချို့ မိဖုရားကိုယ်လုပ်တော်တို့ကပင် ခင်သဲကို မနာလို ဝန်တိုကြလေ၏။ မိဖုရားခေါင်ကြီးက

"ညီးတို့ မြောက်နန်းအပေါ်မှာ မနာလိုဝန်တိုမရှိကြနဲ့၊ သူ့လင်ကို ဒို့ကခိုးယူကြတာ၊ သူက မယားကြီး၊ ဒို့က မယားငယ်တွေ၊ သူ့လင်ခိုးတဲ့ မယားငယ်တွေက မယားကြီးအပေါ်မှာ မနာလိုဝန်တို့ မရှိကြရဘူး"

ဟူ၍ ဆုံးမတော်မူလေ့ရှိသည်။

မိဖုရားခေါင်ကြီးကား အဆင်းမလှပရှာပါ၊ ရုပ်ရည်သဏ္ဌာန်အားဖြင့် ဝဝအိုင့်အိုင့် ဖိုင့်ဖိုင့်ညိုညိုလည်ဂုတ်တိုကြီးဟူ၍ ဆိုကြ၏။ သို့ဝသာ် ပိဋ္ဌက,ကျမ်းဂန်ဗဟုသုတရှိသည်။ ဗေဒင်နက္ခတ်၊ ဓာတ်လက္ခဏာ၊ ဟူးရားဂဏန်းကျမ်းကျင်သည်။ စိတ်နှလုံးနှုံ့သိမ်မွေ့သည်။ သဘောထားကြီးသည်။ ထို့ကြောင့် မြောက်နန်းခင်သဲအပေါ်၌ မင်းတုန်းမင်းတရားက အလေးပြုသကဲ့သို့ တောင်နန်းမိဖုရားခေါင်ကြီးကလည်း အထူးအလေးပြုခြင်းဖြစ်သည်။ အရှင်နှစ်ပါးတို့က ခင်သဲကို **ခင်အကြီး** ဟူ၍ ချစ်စနိုးခေါ်လေ့ရှိသည်။

ခင်သဲငယ်ရွယ်စဉ်က ပြည်ဆရာတော်ဟု ထင်ရှားတော်မူမည့် နာမည် ဦးကျိုးညို ဘွဲ့ဦးမေဓာဝီသည် ခင်သဲ၏ ဇာတာကိုတွက်ချက်ကြည့်ရာ "ဘုန်းကြီးသော မင်းတရား၏ ချစ်မြတ်နိုးသော မိဖုရားမချတ်ဖြစ်မည်" ဟု ဟောခဲ့ဘူးသည်မှာ မှန်လေစ့။

ခင်သဲကို ဆရာတော်က အထူးကြပ်မတ်၍ ပိဋကကျမ်းစာနှင့် ဗေဒင်နက္ခတ် ဂဏန်းဟူးရား အတတ်များကို သင်ကြားပေးသည်။ ဓမ္မသတ် ဖြတ်ထုံးများကိုလည်း သိကျွမ်းရန်သင်သည်၊ မြန်မာစာပေ ကဗျာ, လင်္ကာ ရေးနည်းပါမကျန် လက်ပူးလက်ကြပ် သင်ပြသည်။ အဘိဓမ္မာသဘောတရားကိုလည်း နားလည်စေရန် သရုပ်သကန်ခဲ့ပြပေးလေသည်။

ခင်သဲ၏မျိုးရိုးကို သုတေသနပြုရန်လိုအပ်မည်၊ သူမ၏ ဘေးမှာ ၁၁၈၁-ခုနှစ် နန်းတက်သော ဘကြီးတော်မင်းတရားလက်ထက် ညောင်ကန်ရွှေစည်းခုံစေတီ ဒါယကာ ငါးထပ်ကျောင်းကြီး ပိဋကတိုက်ဒါယကာ ကန်တော်ဒါယကာ သတိုးသုဓမ္မရာဇာ သက်တော်ရှည်ဝန်ကြီး (ဆရာမင်း) ဖြစ်သည်၊ သူမ၏အဘိုးမှာ ထိုမင်းလက်ထက် ၁၁၉၀-ခုနှစ်၊ ရဲခေါင်ဗလသူရ, ညောင်ကန်ရွာအုပ်ကြီး (ဦးရာ) ဖြစ်သည်။

ဦးရာသည် ညောင်ကန် ရွှေစည်းခုံစေတီတော်အနီး၊ ရွှေစည်းခုံ ကျောင်းတိုက် အတွင်း ဘုံခုနှစ်ဆင့် ရုပ်စုံမုခ်လေးခု မဟာရာမ်တံတိုင်း ခြံသေ့ရုပ် ၁၂-ခု၊ ဝန်းရံသော သိမ်တော်ကြီးနှင့် ကွမ်းသုံးဆင့် စမြင်ခံ ကျောင်းကြီး လေးဆောင်တို့ကို လှူခဲ့၏။ ရှစ်မျက်နှာ ကျောင်းတိုက်အတွင်း ကွမ်းသုံးဆင့် စမြင်ခံ ကျောင်းကြီးတဆောင်ကိုလည်း လှူခဲ့၏။ ထို့ကြောင့် "**ငါးကျောင်းဒါယကာ ဦးရာ**" ဟု ခေါ်စမှတ် ပြုနေကြသည်။

ဦးရာနှင့် ဒေါ်မယ်လှတို့မှ သားနှစ်ယောက် ထွန်းကားသည်။ သားကြီးမှာ ၁၁၉၉-ခုနှစ် နန်းတက်သော သာယာဝတီ (ရွှေဘို) မင်းတရား လက်ထက် အင်းဝမြို့ တော်ဝန်၊ (ဦးကွေး) ဖြစ်၍၊ သားငယ်မှာ မကွေးမြို့ဝန် (ဦးမင်းယုံ) တည်း။

မြို့ဝန်ဦးမင်းယုံနှင့် ဒေါ်မင်းလှတို့မှ ခင်သဲကို ၁၁၇၈-ခုနှစ်၊ ညောင်ကန်ရွာ သာခေါင်ရပ်တွင် ဖွားမြင်ခဲ့သည်။ ဘိုးဘွားမိဘတို့၏ မျိုးရိုးမှာ မွန်မျိုးဝန်မျိုးအဆက် အနွယ်တို့သာ ဖြစ်ပါသတဲ့။

ဦးဝိသုဒ္ဓမ ဦးရန်ဝေး

သက္ကရာဇ် ၁၂၀၈-ခုနှစ် သာယာဝတီ(ရွှေဘို) မင်းတရားကြီး နတ်ရွာစံ ကံတော် ကုန်သည်။ ထိုနှစ်တပေါင်းလဆန်း ၁၃-ရက်နေ့တွင် ပုဂံမင်းသား ခမည်းတော် အရိုက် အရာကို ဆက်ခံပြီးလျှင် မကွေရာမင်းသမီးကို တောင်ညာစံနှင်းသည်၊ ညီတော် မင်းတုန်း မင်းသားအား မင်းသားကြီးအဆောင်အရွက်ဖြင့် လွှတ်တက်ရာထူးကိုပင် ပြန်လည်ထား သည်။ ညီတော်များဖြစ်သော ကနောင်-လှိုင်-မိုးညှင်းနှင့် ထီးလင်းမင်းသားတို့အား မင်းသားလတ်နေရာ၌ ထားသည်။

ပုဂံမင်းလက်ထက် ၁၂၁၄-ခု (၁၈၅၂) ဒုတိယအကြိမ် အင်္ဂလိပ်မြန်မာ စစ်ဖြစ် ရာ မြန်မာနိုင်ငံတော်အောက်ပိုင်းကို အင်္ဂလိပ်အား အပ်လိုက်ရသည်။

ထိုနှစ်မှာပင် အမရပူရနေပြည်တော် အနောက်ပြင် ဓာတ်နန်းရပ်နေ ပုဂံမင်း အထိမ်းတော် တောင်ပြုံးကြီးနှင့် ဟင်္သာတမြို့စား မိရဲညီမ မိဖဲနေအိမ်တွင် ဓားပြတိုက်မှု ဖြစ်ပွားသည်။

ယင်းမှုနှင့် ပတ်သက်၍ မင်းတုန်းမင်းသား ညီနောင်တို့အား ဓားပြ (ဒမြ)တိုက် မှုတွင် ကျွန်ယုံများပါဝင်ကြောင်း စွပ်စွဲလေသည်။ နောင်တော်ပုဂံမင်းက ညီနောင် တို့အား ရန်ရှာခြင်းပေလော....အိမ်တော်ပါ ကျွန်ယုံများ မပါခြင်းမှာ မှန်ကန်ပါ၏။ ဆက်လက်၍ ရန်ရှာပြီး နေမည်ကိုကြောင့်ကြ, အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ဆက် တိုက်သိမ်းပိုက်ကြမည်ကိုလည်း အတတ်သိမြင် လာကြသဖြင့် ညီနောင်နှစ်ပါးတို့သည် နောင်တော်ထီးနန်းကို မသိမ်းလိုသော်လည်း လုပ်ကြံသိမ်းပိုက်မှု ဖြစ်တော့မည်။

ထိုကြောင့် မင်းတုန်း၏ဆရာ၊ အရည်အချင်းပြည့်ဝသော ပုခန်းကြီးအရှေ့လက် နေရင်းရွာ မဏိရတနာတိုက်နေ ဦးဝိသုဒ္ဓနှင့် မြစ်စုတ်ရွာ ဇေယျာရုံကျောင်းနေ ဦးသာ ဂရဉာဏ အရှင်နှစ်ပါးတို့ထံ မင်းစေကျော်တဦး စေလွှတ်၍ လူဝတ်လဲလိုက်ပါရန် ပရိက္ခရာတွင်စာချန်တော်ဝှက်လျက် ပို့လေ၏။

ဦးဝိသုဒ္ဓကား ယင်းစာချန်တော်ဖတ်ရှု၍ လူဝတ်လဲသော်လည်း ဦးသာဂရဉာဏ ကမူ လူဝတ်မလဲ သက်နှံးဝတ်နှင့်ပင် ရွှေမြို့တော်သို့ လိုက်ပါကြသည်။ ဦးသာဂရဉာဏ ခေါ် ဦးသာရဝေါက မင်းတုန်း၏ဇာတာကို တွက်ချက်ပြီးလျှင် "၁၂၁၄-ခု ပြာသို လဆန်း ဂ-ရက်၊ သောကြာနေ့ နေပြည်တော်မှထွက်ခွာ၍၊ လဆန်း ၁၂-ရက်၊ ကြာသ ပတေးနေ့ ရွှေဘိုကိုအောင်မြေနင်းကာ ရွှေမြို့တော်ကို သိမ်းယူရန် တိကျစွာအခါပေး လေသည်။

သက်စွန့်ကြိုးပမ်း အနီးအဝေး အမှုထမ်းသုံးထောင်ခန့်နှင့် ညီတော် ကနောင်မင်းသား အိမ်တော်ပါတို့နှင့်အတူ မင်းတုန်းမင်းသားသည် အိမ်တော်ပါ ကြင်ယာတော်များ သားတော် သမီးတော် ကိုယ့်လုပ်မောင်းမနှစ်ရာခန့် ရုံးစုမိသမျှ အခါပေးသည့် နေ့တွင် ညဉ့်လေးချက်တီးအချိန် ရွှေမြို့တော်အရှေ့ မျက်နှာလေးကျန်းတံခါးမှ ထွက်ခဲ့တော်မူသည်။

တံခါးမှူးက တံခါးကိုမဖွင့်လှစ် ကနောင်မင်းသားက တံခါးမှူး ငဘိုးခေါင်လည်ကို ငရွှေသားနှင့် ငရွှေဘော်တို့နှစ်ဦးအား ခားနှင့်ခုတ်စေ၏။ မင်းတုန်းက သူသေလက်ဝဲဟုဆိုသော် **"သူသေလက်ဝဲစစ်ပွဲအောင်မြင်"** ဟု ကနောင်က နိမိတ်ကောက်သည်။

ကျုံးထိပ်သို့ရောက်သော် ရှေ့နောက်ဝဲယာ ကျန်တော်မျိုးတို့ကို **အကြီးတော် ဦးရန်ဝေး**က စည်းကြပ်ရသည်။ မင်းတုန်းက စစ်ကိုင်းစစ်ကြောင်းချီရာ အမှုထမ်းများ တဖဲ့ဖဲ့ရောက်လာကြသည်။ ညီတော်ကနောင်က မတွေ့ရာမှ ချီသည်။

ယင်းဖြစ်ရပ်ကို ပုဂံမင်းတရားသိသည်နှင့်တပြိုင်နက် တောင်ဒဝယ်ဗိုလ်မဟာမင်းလှမင်းခေါင်ကျော်ထင်အုပ်ချုပ်သောတပ် ဖွဲ့စည်း၍ လိုက်ပြီး တိုက်ခိုက်စေသည်။

မင်းတုန်းဘက်မှ အမှုထမ်းသုံးထောင်ကျော်ရှိသည်။ နာခံကြီး ငစို၊ ဦးရန်ဝေး၊ ဦးပညာဇောတ လူထွက် ဦးဘိုးလှိုင်၊ ဦးအာသဘ လူထွက် ဦးကောင်းတို့လည်း ပါရှိသည်။ ရွှေခွက်ကိုယ်စီဆွဲ၍ ခဲ့ကိုယ်စီစွဲကိုင်ကြပြီး ထွက်ချီကြခြင်းဖြစ်သည်။ မခေါက်ရပ်၊ မလားရပ်၊ သောင်ပြင်အရပ်တို့၌လည်း တပ်စွဲထားကြသည်။

ရွှေဘိုရောက်လျှင် ဒဝယ်ဗိုလ်နှင့် မြို့ဝန်တို့က တပ်စွဲဝန်းရံပြီးခုခံကြသည်။ **ငါန်းမြာရှာအုပ်ကြီးဦးတုတ်ကြီး**က

"ယခုအရေးမှာ လွယ်မယောင်နှင့်ခက်ချိမ့်မည်။ ချီတက်လာမည့် တပ်စု၊ လက်နက် အမှုထမ်းများဖြင့် မြို့စိုးပြစိုးခုခံ၍ စစ်နှစ်ဘက် ညှပ်ပိတ်နေသည်။ သူ့နိုင်ငံအတွင်း အမှုထမ်းသိမ်းသွင်းစည်းကြပ်ရေးလည်း ခဲယဉ်းသည်။ လက်ရှိဘက်တော်သား အမှုထမ်းတို့လည်း တစိတ်တဝမ်းမဖြစ်ကြသေး။ ချီးသားတဝက်၊ လူသားတဝက်ဆိုကဲ့သို့ နှလုံးစိတ်ဝမ်း မတည်ငြိမ်ကြပါ။

ထို့ကြောင့် ခရီးလမ်းတလျှောက်ရှိ မြို့ရွာများကိုတိုက်သိမ်းပြီး၊ ကသည်းနယ်စပ် ကျေးရွာအထိ ချီတက် ကြံသင့်လှပါကြောင်း" ကို လျှောက်တင်လေ၏။

ယောအတွင်းဝန်ဖြစ်လာမည့် ဦးဘိုးလှိုင်က—

"ငါန်းမြာအုပ်လျှောက်သည့်အရေးမှာ အရေးမဟုတ်ဖြစ်နေသည်။ အရှင်နှစ်ပါးထွက်ရာ လိုက်ပါသူတို့မှာ ဘုန်းကံကိုယုံကြည်၍ လိုက်ပါသူများဖြစ်သည်။ ဘုန်းရှိသူတို့အကြံအစည်မှာ မပြီးမပြေသည်မရှိ၊ ရည်ရွယ်တော်မူအတိုင်း အလိုတော်ပြီးနိုင်သည်။ ရွှေဘိုမြို့ကိုမသိမ်းပဲ ကသည်းနယ်စပ်မြေထိ ချီတက်နေလျှင်

ရန်သူများအခြားက ထုတ်ပေါ်မလာပါ။ နောက်ပါအမှုထမ်းများကသာ ရန်သူများဖြစ်လာဖွယ်ရှိပါသည်။ ညီတော်နှင့် ကျွန်တော်များတို့ တစိတ်တဝမ်းတည်း ညီညာလုပ်ကြံလျှင် အရှင်အရေး ကိုယ်အရေးနှစ်ပါးပင်ဖြစ်သည်။ တယောက်ကို တရာမတန် ထမ်းရွက်ကြမည့်သူများဖြစ်သည်။ စစ်တို့သဘောမှာ အင်နည်းအားနည်းမဆိုသာ။ စစ်ဦးစစ်စ, ကောင်းခြင်းသာ အရေးဖြစ်ပါကြောင်း''
တင်လျှောက်လိုက်သည့်အခါ ရမည်းသင်းပိုလ် ဦးရွှေစိုက—

''ငဘိုးလှိုင်တင်လျှောက်သည့်အရေးသည် အလွန်သင့်လျော်သောအရေး ဖြစ်ပါကြောင်း''

ထပ်ဆင့်ထောက်ခံ၍ တင်လျှောက်သဖြင့် ရွှေဘိုမြို့ကို ဦးစွာ သိမ်းယူကြရန် သဘောတူညီကြလေ၏၊ ရွှေဘိုမြို့ဝန်ကလည်း ပုဂံမင်း၏ သစ္စာတော်ခံဖြစ်သည့်အတိုင်း အမြောက်စိန်ပြောင်းတို့ဖြင့် ပြန်လည်၍ အဆက်မပြတ်ပစ်ခတ်လေ၏။ ''စိန်ပြောင်းအမြောက်သံတွေက တယ်၍ ပြင်းထန်လွန်းလှပါကလား'' ဟု မင်းတုန်းက ရုတ်တရတ် နှုတ်ထွက်မိသဖြင့် ဦးဘိုးလှိုင်က ''သည်ဟာ ရှင်ဘုရင်လုပ်မည့်သူလား'' ဟု ပြောရာ ''ငဘိုးလှိုင် သည်လှံဟာ ဘက်သူ့ကိုထိုးခဲ့သည့် လှံဖြစ်သလဲ'' ဟု မင်းတုန်းသည် အမိန့်တော်ရှိယင်း ဦးဘိုးလှိုင်အား လှံနှင့်ထိုးမည်အပြု ''မင်းသား-မင်းသား၊ ဘိုးလှိုင်ပြောတာမှန်သည်'' ဟု ဦးရန်ဝေးကဟန့်တားလိုက်သဖြင့် ကိုင်ထားသောလှံကို အနီးတွင် ပစ်ချလိုက်လေ၏။

ခုခံတိုက်နေသော မြို့ဝန်တပ်သည် အင်အားချင်း မညီမျှရကား လက်နက်ချ၍ ရွှေဘိုမြို့ကို အပ်လိုက်ရ၏။ မင်းတုန်းမင်းသည် အခါပေးသည်နှင့်အညီ ရွှေဘိုတွင် အောင်မြေနင်းပြီးလျှင် ဗိုလ်ရွှခံလိုက်လေ၏။ ကနောင်မင်းက နေပြည်တော်ကို ဆက်လက်တိုက်သိမ်းလိုသော်လည်း ဦးရန်ဝေးတင်ပြသည့်အတိုင်း နောင်တော်ပုဂံမင်းထံသို့ အောက်ပါရာဇသံ ပေးလိုက်သည်။

''အမရပူရနေပြည်တော်ကို အသာတကြည် ပေးအပ်မည်လော၊ စစ်ဘက်မည်လော....''

ပုဂံမင်းသည် ညီတော်များ၏ ရာဇသံအရ

''ညီတော်အရှေ့မုခ်ဦးကတက်လျှင် နောင်တော် အနောက်မုခ်က ဆင်းပါမည်၊ အသက်ကို ချမ်းသာခွင့်ပေးပါ'' ဟု တောင်းဆိုလေ၏။

အရေးတော်ပြီးပြေသည့်အခါ ညီတော်ကနောင်အား အိမ်ရှေ့နှင်း၍ ပဉ္စာလငါးမြို့ကို အပိုင်စားပေးသနားလေ၏။ ဦးရွှေစိုအား မင်းကြီးမဟာရာဇသင်္ကန်ဘွဲ့ဖြင့် ဝန်ကြီးခန့်သည်။ လှတောကြီး မြင်းတပ်ဗိုလ်ဦးရွှေပြင်အား ဗိုလ်မှူးခန့်သည်။ ဦးဘိုးလှိုင်

အား ယောအတွင်းဝန်ခန့်သည်။ ဦးဘိုးလှိုင်ကား ၁၁၉၁-ခုနှစ်ဖွား၊ ယင်းတော်ဝန်ကြီးသားတည်း။ ဗားကရာတိုက်ထွက်ဖြစ်၍ဘွဲ့ ဦးပညာဇောတ ဖြစ်သည်။ ဦးဝိသုဒ္ဓ (ဦးရန်ဝေး)ထံတွင် ပညာ သင်ကြားခဲ့ဘူး၏။ ဦးကောင်းအား ပုခန်းကြီးနယ် သပြေငါးရွာစား အမှာတော်ရေးခန့်သည်။ ဦးကောင်းကား နောင်အခါ ကင်းဝန်မင်းကြီး ဖြစ်လာသူတည်း။ ပုခန်းကြီးနယ် မုန်တိုင်ပင်(မင်းတိုင်ပင်ရွာ)ဇာတိ၊ ၁၁၈၃-ခုနှစ်ဖွား၊ ငယ်မည် မောင်ချင်း၊ မိဘနှစ်ပါးမှာ သွေးသောက်ကြီးမျိုးရိုး ဓာတ်ဆရာ ဦးမို့၊ မယ်တော် ဒေါ်နှင်းဆီတည်း။ မင်းတိုင်ပင်ရွာကား ယင်းသွားများလုပ်ကိုင်ရာဖြစ်၏။ စစ်ဖြစ်လျှင် သေနတ်စုတွင်ပါဝင်ရသော သွေးသောက်မျိုးရိုး။ ဦးကောင်းရွာမှာ ရှေးက ဘုန်းကြီးကျောင်းမရှိ၊ ပဒူး (ပန်းဒူး) ရွာရှိ ကျောင်းတွင်ပညာသင်ယူကြရ၏။ ထိုအချိန်က ကျောင်းထိုင်ဆရာတော်မှာ ဦးဥတ္တမမည်သော ပန်းဒူးဆရာတော်ကြီးဖြစ်၏။ မင်းတိုင်ပင်ငှက်ပျောတော(သေကျွတောင်ဆရာတော် ဦးတိလောကဇာတိရွာ)စစ်ကုန်း၊ ငါးရံ့အို၊ စသည်တို့မှာ ပုခန်းနယ်မြေရွာများဖြစ်၏။ ဦးကောင်း၏ဘွဲ့မှာ ဦးအာသဘဖြစ်၍ ပန်းဒူးဦးဥတ္တမနှင့် ဦးဝိသုဒ္ဓ(ဦးရန်ဝေး)တို့အထံ၌ ပညာသင်ယူခဲ့ဘူးသည်။ ဗားကရာတိုက်တွင် အတူနေစဉ် ရွှေနန်းတော်သို့ ဝင်ထွက်နိုင်ရန် ဦးဝိသုဒ္ဓက ဆက်သွယ်ပေးခဲ့ဘူး၏။

မင်းတုန်းမင်းတရားသည် ခမည်းတော် မိဖုရားခေါင်ကြီးမှမြင်သည့် အမတော် အား စံရာနန်းက တပ်ဝင်းအခင်းအကျင်း မင်းပွဲသဘင်များဖြင့်ဆောင်ယူလျက် မြေနန်းတော်ဦးသို့ ရောက်လျှင် ကြိုဆိုလက်လှမ်း တောင်နန်းတင်သည်။ အိမ်တော်ပါ ညောင်ကန်သူ ခင်သဲအား မြောက်နန်း၊ ဘကြီးတော်မိဖုရားခေါင်မှမြင်သည့် သမီးတော်အား အလယ်နန်း၊ ခမည်းတော်မြောက်ဆောင်တော် ကနောင်မြို့စား၊မိဖုရားမှမြင်သည့် သမီးတော်အား အနောက်နန်း၊ ဤသို့ အသီးသီးတင်မြောက်၍ အဆောင်ရ ကိုယ်လုပ်တော်များကိုလည်း အထိုက်အလျောက် ချီးမြှင့်တော်မူသည်။

ပုခန်းမင်းကြီး ဦးရန်ဝေး

"တပည့်တော် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့်အခါ တိုင်းကာပြည်ရွာသာယာငြိမ်းချမ်းအောင် ဆောင်ရွက်ပေးပါဦး"

မင်းသားလေးဘဝကပင် ဦးရန်ဝေးအား ပြောခဲ့ဘူးရာ၊ အောင်မြေနင်းချီအောင်မြင်ပြီးပြေသည့်အခါ ငယ်ဆရာဖြစ်သော ဦးရန်ဝေးအား အမြင့်ဆုံးရာထူးကြီးဖြင့် ပေးအပ်ချီးမြှင့်လိုသော မင်းတုန်းမင်းသည် "**ကျွန်ချစ်တော့်နေမျိုး၊ ဆွေချစ်တော့်သတိုး**" ဆိုသည့်အတိုင်း သတိုးဘွဲ့ပေးရန် မိဖုရားခေါင်ကြီးနှင့် တိုင်ပင်ရလေ၏။ သတိုးဘွဲ့ပေးရိုးအစဉ်အလာမှာ ဆွေတော်မျိုးတော်ကသာ ပေးအပ်ရ၏။ မင်းညီမင်းသားတို့သာ ရထိုက်၏။ မှူးမတ်တို့အား သတိုးဘွဲ့ပေးအပ်လျှင် နန်းစဉ်ရိုးရာပျက်ကွက်သည်။ မှူးမတ်တို့အား မင်းကြီးဘွဲ့၊ မဟာဘွဲ့၊ မင်းသုံးဆင့်၊ နှစ်ဆင့်၊ တဆင့်၊တပ်ဘွဲ့မျိုး၊ နေမျိုးမင်းတပ်ဘွဲ့၊ နေမျိုးဘွဲ့၊ နော်ရထာဘွဲ့၊ ရွှေတောင်ဘွဲ့၊ အနိမ့်ဆုံး ငယ်နာမည်ပျောက်ဘွဲ့စသည်တို့သာ ပေးအပ်ရိုးရှိသည်။

သက္ကရာဇ် ၁၀၇၄-ခုဖွဲ့ ဦးရန်ဝေးသည် ပုခန်းကြီးအရှေ့လက် ချစ်သူရွာဇာတိဖြစ်၏။ သူ၏ချက်မြုပ်ရာအိမ်ဝင်းကို အမှတ်အသား ထားကြသည်။ ဒေါင့်ဇုန့်ငင်းယခုနေအိမ်ဝင်းအတွင်းတည်း။ မင်းညီမင်းသားမဟုတ်သော ဦးရန်ဝေးအား ဆွေတော်မျိုးတော်ဖြစ်စေရန် ခမည်းတော် (သာယာဝတီ)မင်းတရားကြီး၏ မိဖုရားငယ်သံလျင်မြို့စား နှင့် လက်ယှက်စုံဘက်စေတော်မူခြင်းကြောင့် ဘထွေးတော် ဖြစ်လာပေ၏။

ထို့ကြောင့် ဘထွေးတော်ဦးရန်ဝေးအား ပုခန်းကြီးမြို့ကို အပိုင်စားချီးမြှင့်ပြီးလျှင် "မင်းသတိုး မင်းကြီး မဟာမင်းလှစည်သူ မဟာသက်တော်ရှည် သေနတ်ဝန်ဝန်ကြီး" ဘွဲ့ကို ပေးအပ်လေ၏။

မှူးမတ်တို့အားဘွဲ့ပေးရာ၌ အဆင့် ၁၁-ဆင့်ရှိလေသည်။

၁။	သုဓမ္မာအဆင့်ပါသော ဘွဲ့မျိုး၊	(မင်းသတိုးသုဓမ္မာ စသည်)
၂။	သက်တော်ရှည်အဆင့် ဘွဲ့မျိုး၊	(မင်းကြီးမဟာသက်တော်ရှည် စသည်)

၁။ လက်ဝဲသုန္ဒရ၏သေနင်္ဂဗျူဟာနှင့် ဝိနိစ္ဆယပကာသနီပျို့ နိဂုံးတွင် အကျယ်ပါရှိသည်။ နရပတိဇယသူရောနာမရာဇာ = နရပတိစည်သူ၊ ဇေယျသုကိတ္တိချာတေန-စည်သူကျော်ထင်၊ ဇယ-ဇေယျ-မှ-စည်သူ၊ သုကိတ္တိချာတ-ကျော်ထင်၊ သုဘရာဇ်ကုလား ကျောင်း ကျောက်စာတွင် ကြည့်။

၃။ သတိုးအဆင့် ဘွဲ့မျိုး၊ (သတိုးမင်းကြီး စသည်)

၄။ မင်းကြီးအဆင့် ဘွဲ့မျိုး၊ (မင်းကြီးမင်းထင် စသည်)

၅။ မဟာ,ချီ၍ အဆင့်ဘွဲ့မျိုး၊ (မဟာမင်းထင်စည်သူ စသည်)

၆။ နေမျိုးမင်းထင် အဆင့်ဘွဲ့မျိုး၊ (နေမျိုးမင်းထင် စသည်)

၇။ မင်း,အစချီ အဆင့်ဘွဲ့မျိုး၊ (မင်းလှကျော်ခေါင် စသည်)

၈။ နေမျိုးအဆင့် ဘွဲ့မျိုး၊ (နေမျိုးဗလကျော်သူ စသည်)

၉။ နော်ရထာ,ချီ အဆင့်ဘွဲ့မျိုး၊ (နော်ရထာစည်သူ စသည်)

၁၀။ ရွှေတောင် အစချီ အဆင့်ဘွဲ့မျိုး၊ (ရွှေတောင်ကျော်ထင် စသည်)

၁၁။ ငယ်မည်ပျောက် အဆင့်ဘွဲ့မျိုး၊ (လက်ဝဲသူဒ္ဒရ စသည်)

အထူးသဖြင့် စစ်ကိုင်းမြို့တည် အသခ်ယာစောယွန်းမိဖုရားမှ မြင်သည့် ကျစ္စာမင်းကို နန်းရအောင် ကူညီဆောင်ရွက်ပေးသော နန္ဒပကြံအမတ်ကြီးအား "**သုဘရာဇ်**" ဘွဲ့မျိုးပေးအပ်ခဲ့ဘူးရာ **အ**လွန်ရှားပါးသော ဘွဲ့မျိုးဖြစ်၏။

မိဖုရားဟောင်းနှင့် အကြောင်းပါလာ၍ မင်းမျိုးမင်းနွယ်ဖြစ်ရသော ဦးရန်ဝေးက ကြင်ယာတော်ကိုလေးစား၍ မိဖုရားဟောင်းကလည်း အိမ်ရှင်ဝတ္တရားနှင့်အညီ ရှိသေစွာ လုပ်ကျွေးသမှုပြုသည်၊ မင်းတရားကြီးက ဦးရန်ဝေးကို ချီးမြှောက်ထားသဖြင့် နန်းတော်သူ နန်းတော်သားအားလုံးက ကြောက်ရွံ့ကြရ၏။ မင်းဆရာဖြစ်၍ သြဇာလည်း ညောင်း၏။ ဦးရန်ဝေးကား မဟုတ်မခံ စွမ်းရည်ရှိ၍ မည်သည့်လုပ်ငန်း၌မဆို ဆုံးဖြတ်ပြီးက မင်းတရားကပင် မစွက်ဖက်နိုင်။ မင်းတရားက နေ့စဉ် ပဲ့တော်အုပ်နှစ်ကြိမ်ပို့သည်။ "ပုခန်းမင်းကြီး" ဟူ၍လည်းကောင်း၊ ဆရာကြီးဟူ၍လည်းကောင်း ခေါ်လေ့ရှိ၏။

ပန်းဒူးဆရာတော်အား ကျောင်းတင်သော်လည်း

၁၂၁၀-ခုနှစ်ကဖြစ်ပါသည်။ နေပြည်တော်ခံတပ်ပြုရန် မလုံလောက်၍ မြို့သစ်၊ နန်းသစ် ပြောင်းရွှေ့တည်လိုသောကြောင့် ပန်းဒူးဆရာတော်နှင့် တပည့်ကြီးများဖြစ်ကြသော ဦးသာဂရာဇာ၊ ဦးသာရေဒဿီစသည်တို့ကို ရွှေမြို့တော်သို့ ပင့်ဆောင်ရလေသည်။

ထိုနှစ်က ဇေတဝန်ဆောင်၌ ဆရာရင်း ဒကာရင်းများ ဝမ်းမြောက်ကြည်နူးစွာ တွေ့ဆုံကြပြီး ရွှေဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြ၏။ မြို့သစ် နန်းသစ် တည်ဆောက်ရေးသို့ စကားဦးရောက်လာရာ ဦးသာဂရာဇာက မင်းတရား၏ဇာတာကို အနုစိတ်တွက်ချက်လေ၏။

''အသက်ရှည်ဇေလို့ မန်းတောင်ရိပ်ခို'' ဆိုသည့် တဘောင်နှင့် ကိုက်ညီသော မန္တလေးအရပ်၌ မြို့သစ် နန်းသစ်တည်ရန်နှင့် အခါတော်များ သတ်မှတ်ပေးလိုက်လေသည်။ နေပြည်တော်တွင် အမြဲသီတင်းသုံးတော်မူရန် အကြိမ်ကြိမ် လျှောက်ထားခြင်းကို လက်ခံတော်မမူသော ပန်းဒူးဆရာတော်သည် တလကြာမျှ သီတင်းသုံးလျက် ပုခန်းကြီး ဇာတိအရပ်သို့ ပြန်လည်ကြွတော်မူ၏။ ကြွမည့်အခါတွင်....

''မိသဲအူက မပူဆာနှင့်၊ ငစံလွင်ကလဲ ရှူးမတိုက်လေနှင့်၊ ငရွှေအိုးက မမိုက်လေနှင့်''

ဟူ၍ ခပ်ကိုတိုပင် ဆုံးမ မိန့်ကြားလေသည်။ ဆရာတော်ကြီး၏ အာဘော်မှာ အလယ်နန်းမိဖုရား ငယ်နာမည် မိသဲအူ၊ မင်းတရားနာမည် မောင်စံလွင်၊ ဝင်းတော်မှူးမြို့ဝန် ငရွှေအိုးတို့ကို ဘကြီးတော်လက်ထက်ကကဲ့သို့ မဖြစ်ပွားစိမ့်သောငှာ ဆုံးမလိုရင်းတည်း။

ယနေ့တိုင်မမေ့နိုင်စရာအချို့အဝက်
တွေ့မြင်ရသေးသည့်
ပုခန်းမင်းကြီး ဦးရန်ဝေး၏
ကျောင်းတော်ကြီး

ပုခန်းကျောင်းတော်ကြီး

တနေ့လျှင် ညီလာခံသုံးကြိမ်ရှိသည်။ နံနက်ညီလာခံဆိုလျှင် လှတ်လပ်စွာ တင်ပြလျှောက်နိုင်ကြသည်။ လှတ်ရုံးဝါးရပ် မှူးမတ် အရာရှိ ဗိုလ်အစုံ တက်ရောက်ကြသည်။ စစ်နှစ် မှူးစုတို့ တက်ရောက်လျှင် အင်္ဂါလက်ကျယ် ရွှေစလယ်ဝတ်ဆင်စေရသည်။ ဗိုလ်စုမှာ စစ်ဝတ်တန်ဆာအတိုင်း ဝတ်ဆင်ခစားရသည်။

အမိန့်တော်နာခံရန် လှတ်တော်နှင့် ဖြဲတိုက်တော်ကသွင်းသည့် မှူခင်းကိစ္စများ ပါဝင်စစ်ဆေးရသည်။ နေ့စဉ်ကြားလျှောက်စာ၊ ကြေးနန်းစာ၊ အနီးအဝေး မြို့ဝန်စစ်ကဲ စောင့်ဘွား မြို့စားတို့လျှောက်စာအရပ်ရပ်ကို သံတော်ဆင့်က ဖတ်လျှောက်စေသည်။ ဦးတိုက်မေးလျှောက်ခြင်း၊ ရာထူးခန့်ထား၊ နှုတ်ပယ်ခြင်း စသည်များ။

လှတ်လပ်စွာ ပြောဆိုတင်လျှောက်ရသည့် ညီလာခံပေတည်း။ မင်းတရားကြီးက စလိုက်လေပြီ။ မိမိအသက်သခင် ကျေးဇူးရှင် ပန်းဒူးဆရာတော်ရှိရာတွင် ကျောင်းဆောက်လှူဒါန်းရန် ဖြစ်သည်။ ပုခန်းဝန်ကြီးဦးရန်ဝေးကလည်း မိမိဦးရီးတော်အတွက် ရည်မှတ်

ပြီး ကျောင်းဆောက်ရန် ကြံထားချက်အတိုင်း လွှတ်လပ်စွာ လျှောက်တင်လေသည်။ ထိုညီလာခံတွင် မင်းတရားနှင့် ပုခန်းဝန်ကြီးတို့ ကျောင်းဆောက် လှူဒါန်းခြင်းနှင့် စပ်၍ ပြိုင်ဆိုင်နေကြသည်။

"ငါ ဘုရင်ဆိုပြီး လုပ်ချင်ပေမယ့် နံတော်အင်္ဂါသား၊ ဘူမိကျရာပုခန်း အရပ်တွင် ထာဝရကုသိုလ်မပြုသင့်လို့ လျှောက်တင်နေခြင်းပါ။

မိမိရည်စူးထားသော ကျောင်းကို မဆောက်ရသော် ချီးမြှောက်ထားသော ရာထူးနှင့် အဆောင်အယောင်များကိုပြန်အပ်၍ အရပ်သို့ ပြန်နေခွင့်သာ ပြုပါရန်"

ဦးရန်ဝေးက ရဲတင်းပြတ်သားစွာတင်လျှောက်တော့မှသာ

"ကျေးဇူးရှင်ဆရာကြီး စိတ်မချမ်းမသာ မဖြစ်စေရပါဘူး"

"ပုခန်းမင်းကြီး ဆောက်လုပ်သည့်အခါ မှူးတော် မတ်တော် စော်ဘွားတို့က အဘက်ဘက်က ကူညီပေးကြပါ" ဟူ၍ မိန့်ကြားယင်း ညီလာခံစဲလေသည်။

ဤကျောင်းတော်ကြီးကို ဦးရန်ဝေး ကျောင်းတော်ကြီးဟူ၍ လည်းကောင်း၊ ပုခန်းငယ်ကျောင်းတော်ကြီးဟူ၍လည်းကောင်း နာမည်ကြီးခဲ့လေသည်။ ပုခန်းကြီးမှာ ရှိသောကျောင်းထက် ကြီးမားသည်။ ကျောင်းကြီးအမြင့်မှာ မြင်မကောင်းရှိသည်။ အောက်ဆုံးတံစက်မြိတ်အဆင့်ကပင် ကျောင်းအနီးဝန်းကျင်ရှိ ထန်းပင်ကြီးများအပေါ် သို့ ခုံကျော်လှမ်းမိုးနေပါသည်။

ဤကျောင်းတော်ကြီးကို (၁၂၁၈)ခုနှစ်ကပင် တည်ဆောက်ရန် စီစဉ်နေပါသည်။ ကျောင်းမြေကို မင်းတုန်းမင်းသားငယ်စဉ်ကလူသော ဓာတ်တော်ရုံကျောင်းအနောက်ဘက်တွင် ရွေးချယ်သည်။ မြေအကျယ်အဝန်း လေးမင်းပယ်စာ[1] ဖြစ်ပါ၏။ ဘုရားရှင်၏ ဇောတဝန်ကျောင်းတော်မြေသည် ရှစ်မင်းပယ်စာရှိသည်ဟု ဆိုပါသည်။ အကျယ်အဝန်း သုံးဆယ့်နှစ်ကေဖြစ်၍ ဦးရန်ဝေးကျောင်းမှာ တဆယ့်ခြောက်ကေရှိသည်။ တံတိုင်း မီးတာ, ကျောင်းတော်ကြီး အုဋ္ဌံ, သိမ်တော်နှင့် ပိဋကတိုက်များအတွက် အုဋ္ဌံဖို့များစွာဖုတ်ရသည်။

ကွမ်းစင်တိုင်အတွက် သစ်သား၊ အခင်း ပျဉ်၊ ဘောင်စသည်များ၊ နှစ်ပေနှင့် ညီမျှသော သံတောင်ရှစ်ဆယ်ရှိ ကျန်းတိုင်ကြီးများကို အထက်အရပ်မှ ရောဝတီမြစ်

၁။ တပယ်ကို ကရီသဟု ပါဠိမှအနက်ဖွင့်ရမည်။ "ကရီသံစတုရမ္မဏံ" အဘိဓာန်အရ တပယ်မှာ လေးအမှဏ, မျိုးကဲ့ရာအရပ် ဖြစ်သည်၊ တအမှဏ-နှင့် တဒေါဏ, အဓိပ္ပာယ်တူသည်။ အမှဏ, ဒေါဏ, မှာ တစိတ်, ဟူသော အနက်ဖွင့်၍ လေးမျိုးကဲ့ရာကို တပယ်ဟု ဆိုသည်။ လေးစိတ်, တပယ်လျှင် မျိုးတင်း, တတင်းကျဖြစ်၍ တကေလျှင် မျိုးနှစ်တင်းကဲ့နိုင်ရာဖြစ်သည်။

ကျောအတိုင်း သစ်မျှားမြောယူရသည်။ ယင်းမှတဆင့် သလွာဝတီမြစ်ဆုံက ချစ်သူရှာ အရောက် သယ်ဆောင်ကြရသည်။ တိုင်ကြီးပေါင်း ၃၀၀-ကျော်ကိုလည်း ခက်ခဲစွာ သယ်ယူရသည်။

ဤသို့လျှင် အုဋ္ဌက္ခန်းတိုင် စသည့်ပစ္စည်းမျှားစုံလျှင် ကျောင်းဆောက်ရန် စီမံလေသည်။ ကြီးကြပ် ဆောင်ရွက်ရသူမှာ ဦးရန်ဝေးတူ ဦးစိုးမင်းဖြစ်၏။ ချစ်သူရှာသား ဦးနှင်းအား စစ်ကဲခန့်၍ ဦးစိုးမင်းနှင့်အတူ ပူးတွဲဆောင်ရွက်စေသည်။

လက်သမား၊ ပန်းရံအကျော်အမော်မျှားကို နေပြည်တော်မှဆင့်ခေါ်၍ ၎င်းတို့အား ဦးကြီးဆိုသူက ကွပ်ကဲအုပ်ချုပ်ရသည်။

ကျောင်းတော် အုဋ္ဌံခံ၊ လှေကားရှစ်စင်း၊ သိမ်၊ ပိဋကတိုက်တို့ကို တပြိုင်နက် အခါယူ အုဋ္ဌမြစ်ချသည်။ သိမ်ကို ကျောင်းတော်ကြီးအင်္ဂါထောင့်အရပ်၊ ပိဋကတိုက်ကို တနှင်္ဂနွေထောင့်အရပ်မျှားဌ် ထားရှိသည်။

တိုင်ကစ၍ ကျန်းသားချည်းဖြင့် ဆောက်လုပ်သောကြောင့် ကျန်းကျောင်းတော်ကြီးဟုလည်း ဆိုစမှတ်ပြုကြ၏။ ကွမ်းစင်တိုင်ကြီးပေါင်း ၃၃၂-တိုင်ရှိ၍ **"စိန်စီကျောင်း-တိုင်ပေါင်းအုံခြိုး ကျောင်းတော်ကြီး"** ဟု မော်ကွန်း တင်ခဲ့လေသည်။ တိုင်၏အမြင့် ပေပေါင်း ၁၆၀၊ ကြမ်းခင်းကျန်းပျဉ်၊ ဒုတလက်မခွဲ ဗျက် တဆယ့်နှစ်လက်မ တပေကျော်သည်၊ ခါးပန်းသံမှိုင်(မယ်န)ပွင့်ရှစ်လက်မရှိသည်။

ကျောင်းဆောင်မျှား

ပြာသာဒ်၊ ဓနု၊ ဆောင်မ၊ ဘောဂဟူ၍ ကျောင်းဆောင် ၄-မျိုးရှိရာ ပြာသာဒ်ဆောင်တွင် ဘုရားရှင်ရုပ်ပွားတော်ပူဇော်ထားသည်။ ဓနုဆောင်တွင် သံဃာတော်မျှား ဝတ်တက် ဝတ်ကပ်ခြင်းနှင့် သံဃာအစည်းအဝေး ပြုလုပ်သည်၊ ဆောင်မတွင် "ဓမ္မာသနပုလ္လင်တော်" ထားရှိပြီး ဆရာတော်ကိုယ်တိုင် တရားဟောဆုံးမသြဝါဒပေးရာ ဖြစ်သည်။ ဘောဂဆောင်တွင် ပစ္စည်းပရိဘောဂထားခြင်း၊ ဆွမ်းကျွေးခြင်းမျှားဖြစ်သည်။

ကျောင်းတော်ဆောင်တို့မှာ နှန်းတော်ဆောင်မျှားနှင့်တူသည်ဟု ဆိုနိုင်ပါသည်။ နှန်းမြင့်၊ ဇေတဝန်၊ မှုန်နန်း၊ မှုန်စီဟူ၍ အဆောင် ၄-မျိုးရှိသည်။ ရာဇပလ္လင် ညီလာခံအဆောင်ကို နှန်းမြင့် ဘုရားဝတ်တက် ဝတ်ကပ်ရန်နှင့် တရားနာယူရန်အဆောင်ကို ဇေတဝန်၊ နှန်းတော်အလယ်ဗဟို၊ သို့မဟုတ် အရပ်လေးမျက်နှာ မြို့ရိုးဗဟိုကျရာတွင် ထား၍ မင်းတရားကျိန်းစက်ရာအဆောင်ကို မှုန်နန်း၊ မိဖုရားမျှား စံရာအဆောင်ကို မှုန်စီဆောင်၊ ဤသို့ နှန်းတော်နှင့် ဆင်တူရိုးမှား အဆောင်မျှားထားလေသည်။

ဤကျောင်းတော်ကြီးကို အပြင်းအထန်ဆောက်လုပ်ခဲ့ရာ ၇-နှစ်ကြာသောအခါ (၁၂၂၅)တွင် ကျောင်းတော်ကြီးနှင့်တကွ သိမ်-ပိဋကတိုက်မျှား အပြီးတိုင်ရောက်ရှိလေသည်။

အမရပူရမှ လက်သမားဆရာ ဦးသ,သည် ကျောင်းတော်ကြီးဆောက်လုပ်ယင်း ချစ်သူရွာနေ ဒေါ်ငွေရွက်နှင့်အကြောင်းပါခဲ့၍ ယင်း၏ အဆက်အနွယ်များ ယခုတိုင် ချစ်သူရွာတွင် တွေ့နိုင်ပါသေးသည်။

ဤကျောင်းဗိမာန် သာစဟန်ကား

"ဤဗိမာန်ကား မြေကြန်မဏ္ဍာလ၊ ဘူမသာယာ၊ စည်မျက်နှာထက်၊ ရှုသာစွင့်စွင့်၊ သုံးဆင့်ဘုံထပ်၊ လေးရပ်ရှေ့ရှု။ မုခ်လေးဆူနှင့်၊ ခြောက်ဆူမှန်ကင်း၊ လေးစင်းစောင်းတန်း၊ လက်ရန်းပတ်ဝင်၊ မာရဘင်မျက်ကွက်၊ မုခ်ထွက်ဥကင်၊ ရွတ်ရှင်ပြတင်း၊ လင်းနို့ တောင်လှား၊ ပန်းပွားရိပ်ခို၊ ပန်းဆဲရိပ်ဆောင်၊ သံတောင်ရိပ်ဝေ၊ အမှမ်းဖြမ့၊ ရှေနိုတုံကောင်း၊ လိမ်းကျံ ရှောင်းသော်၊ ဤကျောင်းဗိမာန်၊ သာစဟန်သို့++"

ဤလက်ာ၏ဆိုလိုရင်းမှာ ဤကျောင်းတော်ကား ဘုံသုံးဆင့်၊ မှန်ကင်းခြောက်ဆူ တပ်ထားသည်။ စိန်ပွင့် စိန်ပျဉ် မှန်ကင်း အရွက်အရိုးများ ရှေအတိဖြစ်သည်။ ကုန်းဘောင်ခေတ် အင်္ဂတေဖော်စပ်နည်းဖြင့် အုဋ်လေးခါး ၄-စင်း၊ မုခ်လေးမျက်နှာ အလှန် ကြီးမားလှသည်။

ကွမ်းစင် မာရဘင် မျက်နှာကြက်များတွင် ခြူးပန်းခြူးနွယ်တို့ဖြင့် လှုပစ္စာ ထွင်းလုပ်ရာ ငှက်ကြီးငှက်ငယ်တို့ ရပ်နားနေဟန်၊ ကဟန်၊ ချိဟန်၊ လိုက်ဟန်၊ တွန်ကျူး တော့မည့်ဟန်များမှာ လှုပ်ရှားနေသကဲ့သို့ ထင်မှတ်ဖွယ်ဖြစ်သည်။ ဒုရင်ပုံတို့မှာလည်း တိတိကျကျ လှီးဖြတ်တိုက်စားထား၍ လက်သမားကျော်တို့ အနုသုခုမလက်ရာမြောက်လှပါသည်။ ပညာသားပါလှပါသည်။

မာရဘင်မျက်နှာကြက်များတွင် ကျောက်ဖုံး၊ ပွတ်လုံး၊ ပွတ်ခြမ်း၊ ခန်းတောက် တိုင်ကြား၊ မြင်းခွာကဲလားတို့ကလည်း အလှန်ပင် ဆန်းပြားလှပါသည်။ မာရဘင်တပ် ထားသော ပြာသာဒ်တံခါး၊ မုခ်တံခါးများကလည်း ကြွရှင်းလှပါသည်။

၁။ ရှေးဟောင်းပေမူမှ ကောက်နုတ်ချက်။

၂။ နန်းတော်များတွင် မုခ်၊ ဒေါင့်၊ အမိုး၊ တံကဲတို့၌ ဒုရင်တပ်ရိုးရှိ၏။ ဒုရင်မှ တဆင့် ထွက်နေသော အထွတ်အချွန်တိုင်ကို မှန်ကင်းခေါ်သည်။ ဤကျောင်းတော်ကြီးကို ဒုရင်မှန်ကင်းတပ်၍ ဆောက်လုပ်ခြင်းမှာ သာယာဝတီမင်းတရား၏ မိဖုရားဟောင်း သံလျင်မြို့စား။ ယခု မင်းကြီးကတော်နှင့် ကျေးဇူးရှိသော ဦးရန်ဝေးတို့ ဆောက်လုပ်ရာ၌သာ ဤအဆောက်အအုံမျိုး ဆောက်လုပ်ခွင့်ပေးထား၍ ဆောက်လုပ်ခြင်းဖြစ်သည်။



အဝေးကြည့်လျှင်


ဤသို့မြင်ရသည်

ပန်းပဲ့ဘုး၊ ပန်းဆဲ့၊ လင်းနို့တောင်တို့မှာ သူ့နေရာနှင့်သူရှိ၏။ အဆောင် ၄-မျိုး တို့ကလည်း စနစ်အချိုးအစားကျနလှပါသည်။ ရင်သတ်ရှုမော အုံဩဖွယ်မဆုံး၊နတ်စေတမန် လူ့ပြည်ဆင်း၍ ဖန်တီးဆောက်ထားလေရော့သလား။

သို့ရာတွင် သခ်ါရသဘော မလွန်ဆန်နိုင်ရကား အချို့မှာ ပျက်စီး၍ အချို့မှာ ယိုယွင်းအိုမင်းခဲ့လေပြီ။

၁၂၂၆-ခုနှစ်တွင် ကျောင်းတော်ကြီး အားလုံးပြီးပြေသဖြင့် တလကြာမျှ ခမ်းနားစွာ ကျောင်းသာမုခေါ်ပွဲကျင်းပရာ သမိုင်းတွင်သည်။ သံဃာတော်တထောင်တို့ အား ပရိက္ခရာအစုံလှူသည်။ သူတော်စင်နှင့်လူတို့အားလည်း ခါသာပိတ် စသောပစ္စည်း များကိုလှူသည်၊ ပါဠိုအဋ္ဌကထာဋီကာ စသော ကျမ်းစာများကို ပေထက်အက္ခရာတင်၍ စာထုပ်ပေါင်း ၃၀၀-ကျော်သည်။

ပန်းဒူးဆရာတော်ကြီးအား ရည်စူးလှူသော်လည်း ဆရာတော်က "စတုဒိသာဂတသံဃိက" ရေစက်ချစေသည်။ထိုစဉ်ကတ္ဂါကျောင်းတော်ကြီးတွင် စာသင်သားသံဃာ ၄၀၀ ကျော်ရှိသည်။ ကျောင်းမြေ ဝတ္ထုကများကိုလည်း လှူခဲ့သည်။ထိုအချိန်က ချစ်သူရှာသည် အိမ်ခြေတထောင်ကျော်ရှိ၍ အထူးစည်ကားသည်။ ရွာနေပုဂ္ဂိုလ်တို့ပါ အခွန်ဘဏ္ဍာများ လွတ်ငြိမ်းခွင့်ရရှိသည်။ သူကြီး၊ သွေးသောက်မထား၊ စစ်ကဲအဆင့်ရှိသူက အုပ်ချုပ်ရသည်။ ဤကျောင်းတော်ကြီးနှင့်တက္ခ၊ ဓာတ်တော်ရုံ၊ စမွာယ်ရုံ၊ ဇေယျာရုံ၊ အောင်တပ်ကုန်း၊ ကျောင်းတိုက်များလည်း ရှိခဲ့ဘူး၏။



ပုခန်းငယ်ကျောင်းတော်ကြီး

အတွင်းမှ တွေ့မြင်ရသော

ပိဋကတိုက်ကြီး

ပန်းဒူးဆရာတော်သည် ၁၂၃၄-ခုနှစ်တွင် ပုံလွှန်၍ တိုက်အုပ်ဦးသာရဒဿီ (ဦးသာဒွန်း) ဆက်လက်အုပ်ချုပ်သည်။ ထို့နောက် ဆရာတော်ဦးတဇ အုပ်ချုပ်ရပြန်သည်။ ဦးတေဇကား တရားဟောကောင်းလှသည်ဟု ဆိုသည်။

ပန်းဒူးဆရာတော်၏ အန္တိမစျာပနမှာ အလွန်ကြီးကျယ်လှ၏။ ပြာသာဒ်တလားပေါင်း (၃၂၃၂)ရှိ၏။ **"ဆိုင်းကျော်ဆိုင်းကောင်း၊ ပြာသာဒ်ပေါင်း"**ဟူ၍ပင် ဆိုခဲ့ကြ၏။

ဗျသီးရွာဦးမြတ်အောင်

ဦးမြတ်အောင်မှာ ပုခန်းကြီးနယ် ဗျသီးရွာဇာတိ ၁၀၉၀-ပြည့်ဖွားဖြစ်သည်။ ဆင်ဖြူရွှင်(မြေဒူးမင်း)တရားလက်ထက် ဘုန်းကြီးလူထွက် ပညာရှိအဖြစ် ထင်ရှားသည်။ တံဂိုဏ်းဝင်တို့ ဟံစိုးလက်ဆောင်ပေး၍ တံဂိုဏ်းဆက်လာ အယူအဆများအကြောင်းကို ကျမ်းတစောင်ပြုစုခဲ့သည်။ စူဠဂဏ္ဌိကျမ်းဟူ၏။ ပါဠိဘာတာဖြင့်ရေး၍ ကျမ်းဦး၊ နိဂုံး၊ ကျမ်းပြုသူနာမည် ရေးမထားပါ။ ရဟန္တာတပါးရေးခဲ့လေဟန် ထင်မှားစေလောက်အောင် ပါဠိုအရေးအသား ကျွမ်းကျင်လှပေသည်။ အရုံဂိုဏ်းနှင့် တံဂိုဏ်းဝင်တို့ အငြင်းပွားကြလျှင် တံဂိုဏ်းဝင်တို့က ဤစူဠဂဏ္ဌိကျမ်းကိုပင် ကိုးကားလျက် ရှေ့တန်းတင်ကြသည်။ ဦးမြတ်အောင်သည် ဝိနိစ္ဆယဓမ္မသတ်ဖြတ်ထုံးမျှားကိုလည်း ရေးသားခဲ့သည်။

မနုဝဏ္ဏနာ ဓမ္မသတ်ကျမ်း ပါဠိနိဿယမိတ်လင်စုံ၊ မနောသာရ ရွှေမျဉ်းပါဠိ နိဿယမိတ်လင်စုံနှင့် ဝိနိစ္ဆယပကာသနီပါဠိ,နိဿယမိတ်လင်စုံ ကျမ်းတို့မှာ အထူးထင်ရှားခဲ့သော ကျမ်းများဖြစ်၍၊ ဓမ္မသတ်ဆရာတိုင်း အားကိုးရာများဖြစ်သည်။

ဆင်ဖြူရွှင် မင်းတရားသားတော် စဉ့်ကူးမင်းထံ ခစားထမ်းရွက်စဉ် "**ဝဏ္ဏဓမ္မကျော်ထင်**" ဘွဲ့ကို သနားခြင်းခံရသည်။

၁၁၃၈-ခုနှစ်၊ စဉ့်ကူးမင်းနန်းတက်လာလျှင် "မဟာဇေယျသူရ" ဘွဲ့ချီးမြှင့်၍ ကိုးသင်းမြင်းဝန်, ယင်းတော်မြို့စား အတွင်းဝန်ရာထူးကို ခန့်ထားခြင်းလည်း ခံရပြန်၏။

ဦးမြတ်အောင်သည် "ပညာရှိသော်လဲ သတိဖြစ်ခဲ့"သည် ဆိုရအံ့ထင်၏။ အကြောင်းမှာ ရွှေနန်းရှင်မင်းတရားအား မထေမဲ့ပြုမှုဟူသော မင်းပြစ်ဒဏ် သင့်၍ ဇာတိဗျသီးရွာသို့ အပို့ခံရလေ၏။ ဦးမြတ်အောင်၏ ဝိနိစ္ဆယပကာသနီကိုမှီးလျက်လက်ဝဲသူနှရပညာရှိက "**ဝိနိစ္ဆယပကာသနီပျို**" တစောင်ဖွဲ့ဆိုထား၏။ စာဆိုတော်၏လက်ရာအတိုင်း ဖွဲ့နွဲ့ပုံယဉ်၏။ လှ၏။ ပုံစံဆိုသော်—

"ညွန့်လန်းရတနာ၊ ရွှေသိင်္ဂါကို၊ မီးမှာပစ်လှန်၊ ဆယ်ကြိမ်ပြန်သို့...."
ဟူ၍လည်းကောင်း၊

၁။ ၁၂၄၃-ခုနှစ်၊ သီပေါလက်ထက် သံတော်ဆင့် ပုံနှိပ်တိုက်မှ ဤပျို့ကို ပုံနှိပ်ခဲ့သည်။

"အတိုးအပ္ပား၊ ရှိဟောင်းနွားထက်၊ စည်ကားပေမူ၊ ထိန်းကျောင်းသူအား ကြည်ဖြူချမ်းမြေ့၊ နွားရှင်ကလျှင်၊ ထိမ်းခ, ငွေကြေး၊ ဆုလာဘ်ပေးလေ့...." ဟူ၍လည်းကောင်း ရှုပကာလက်ဝရ,ဂုဏ်မြောက်အောင်ဖွဲ့ထားလေသည်။ သူ၏ပျို့ကိုမဖတ်ဘူးသေးက အင်းဝမြို့တော်သို့ ရောက်ဘူးသည် မဆိုစဲကောင်းကြောင်းကို ပျို့နိဂုံး၌....

"ဝိနိစ္ဆယပကာသနီ" ကျမ်းဂန်ဗိဒ်ကို၊ထုံးမြိစေ့ငုံ၊မရှုမမြော်၊မတွေ့သော်ကား၊ ထင်ပေါ်ကျော်စော၊ အုံဩစရာ၊ ပုဉ်လင်းသာသည့်၊ ရတနာပုရ၊ ရွှေဝသာစည်၊ ရောက်ဘူးသည်ဟု၊ မမည်စကောင်း...." ဟူ၍ ဆိုထားလေသည်။

ဗျသီးရွာ

ဤဗျသီးရွာ၏ ဗျုပ္ပတ္တိကို သုတေသနပြုသင့်ပါသည်၊

အလောင်းစည်သူမင်း ဖောင်စကြာယာဉ်ဖြင့် တိုင်းခန်းလှည့်အလာ ဗျသီးအရပ်သို့ရောက်သည်။ ဖောင်လည်း ရပ်တန့်သွားသဖြင့် ကြည့်ရှုလေ့လာရာ အသောက မင်းတရားတည် ကိုးတောင်ပြည့် စေတီတဆူကို ခြုံနွယ်ကြားမှဖူးတွေ့ရသည်၊ ထိုစေတီ ထပ်မံပြင်ရန် အမတ်ကြီး ၄-ဦးတို့အား သီးခြားစာတမ်းရေး၍ ဘဏ္ဍာထုတ်ပေးလေသည်။ ယင်း "သီးခြား" ကို ပြောင်းပြန်ကောက်လျှင် "ခြားသီး"၊ ကာလလျှား၍ ချသီးမှ "ဗျသီး" ဖြစ်လာသည်ဟု ဆိုကြ၏။

ဗျသီးစေတီ

ထပ်မံ ပြုပြင်တည်ခဲ့သောစေတီမှာ ဥဏ်တော်အမြင့် ၆၄-သံတောင် ရှိသည်။ ဘဲ့တော်"ရွှေဂူမမြသာရစေတီ"ဟူ၏။ ယခုအခါဗျသီးစေတီအမည်ကသာ ထင်ရှားနေသည်။ ဥဏ်တော် ၆၄-တောင်တည်ခြင်းအကြောင်းရှိ၏။ စေတီတည်စဉ် ဗျသီးရွာအိမ်ခြေ ၆၄—သာရှိ၍ ၆၄—သံတောင်အမြင့် ဥဏ်တော်ထားသည်။

၁၉၇၅-ခုနှစ် ပုဂံမြေကျော မြေငလျင်ဒဏ်ကြောင့် ၆၄—သံတောင်မြင့်စေတီပြိုကျ၍ ထီးတော်မြေသို့ခရပြီ။ သို့ရာတွင် ယင်းပြိုကျသောစေတီကို ထပ်မံတည်ပြန်ခဲ့ရာ ယခု ဥဏ်တော် ၆၅-တောင်ရှိ စေတီအဖြစ် သပွာယ်စွာ ဖူးကြရပေပြီ။

ဘိုးတော်ထိုးကျောက်စာ

"ဇေယျတု၊ ၊ ၄ပန်ဆင်တော်မူ၍ ဘုရားမြတ်စွာ နိဗ္ဗာန်လွန်တော်မူပြီး နောက် ၂၁၀၀-ခုနှစ် ရောက်သောအခါ ရာဇာဘိသေကခံတော်မူသော ဓမ္မာ

သောကမင်းကြီးသည် ဗျသီးအရပ်၌ တည်ထားကောင်းမှုတော်ပြု၍ လှူတော်မူသော ရွှေဂူဓမ္မသာရဘုရားနှင့် ဝတ္ထုကံ မိုးမြေ ကျွန်သီးတော်များကို လှူရင်းတိုင်း မြဲမြံစွာ တည်စိမ့်သောငှာ ကျောက်စာမော်ကွန်းအသစ်ထူလျက် လှူတော်မူသတည်း။

စည်သူမင်းကြီး လှူတော်မူသောမြေကား ကောင်းမှုတော်ဝန်းကျင်မြေ ၃၀၀၀-တည်း။ ထိုမြေအပိုင်းအခြား အရှေ့လားကား အုတ်ဖိုရွာ ရှေးစာတည်ညွှန့်ခြား၏။ တောင်အလားကား ကျောက်တိုင်ဆောက်၏။ အနောက်အလားကား သခ်ၤဗိုလ်စင် အနောက်ကျောက်တိုင်၊ မြောက်အလားကား သန့်စင်ကြယ်ကန်၊ လည်ကန်ဝန်းအကုန် ကန်မြောက်ကို ဥယျာဉ်စိုက်၏။

ဥယျာဉ်စောင့် ကျွန်ပန်းဘဲ တအိမ်ထောင်လှူတော်မူ၏။ ဥယျာဉ်မြောက်သို့ ပြေးလေသည်ကား ယမားလက်သုံး နဂါးပွက်ရေအိုင်တည်း။

ဆွမ်းသင်ပုတ် မပြတ်တင်ရစိမ့်သောငှာ ကောင်းမှုတော်ပြုပျက်လျှင် အရေးယူစိမ့်သောငှာ လှူတော်မူသောကျွန်ကား ငထော်ရပ်၊ ငရပ်ပုံ၊ ငတော၊ ငပုတ် ဤအမတ်ကြီး လေးယောက်တည်း။

စည်းတည်းလည်း သပျင် လငသာအုဝပုခ လေးကောငည်း ငထပ လေးယောက်တည်း၊ မြစ်ကိုင်းညီ နှိုစို့ ကျော်ပုံညီအိုဝ်ပုခ ငစွင် တအိမ်တော် ငပုံတော် သင်မယား အိုဝ်ပြည့်သင်–ဤသူတို့ကား အင်္ဂတေထောင်းကောင်းကြီး အလို့ငှာတည်း။

ထိုမှအပါး လှူတော်မူသောမြေကား ကြံကူအရှေ့ မြေ ၄၀၊ ကျောက်စုအရပ်၌ မြေ ၁၀၀၊ မုဆိုးဘိုအရပ်၌ မြေ ၅၀-တည်း။ ဤသို့ မှတ်သားပိုင်းခြားလျက်သော်ငံတွဲကံမြေကျွန်သီးတော်များသည် ဒသဘာဂဖြစ်သော မြေဆီမြေဓနအမှုကိစ္စကို ရွက်ဆောင်ခြင်းဖြင့် ရွှေဂူဓမ္မသာရဘုရားအား ကျေးဇူးများဖြစ်ပစေဟူ၍။

သမ္မာသမ္မောဓိသဗ္ဗညုဘုရားဆုကို ပန်ဆင်တော်မူလျက် သက္ကရာဇ် ၁၁၄၂ ခုနှစ် သီတင်းကျွတ်လဆန်း ၉-ရက် ၅-တေးနေ့ နံနက် ၄-ချက်တီးကျော် ၃-နာရီတပါတ် ဂ(သျှစ်)ဗီဇနာပြန်ပြည့်ခရာ ပြည့်အခါတွင် အမရပူရမြို့တော်ကြီးတည် ရွှေနန်းသခင် ဆင်ဖြူများရှင် အသျှင်သခင် မင်းတရားကြီးဘုရား ရွှေကရားနှင့် ရေစက်တော်သွန်း၍ ကျောက်စာမော်ကွန်းအသစ် ထူလျက် လှူဒါန်းတော် မူပြန်သတည်း”

ဗျသီးရွာမှ စာဆိုတော် ဦးလွန်းပြေသည်လည်း ဘိုးတော်မင်းတရားလက်ထက်က ထင်ရှားခဲ့၏။ မဟာဂီတဘက်၌ ထူးချွန်၏။ ဗျသီးရွာစားအဖြစ် ချီးမြှင့်ခြင်း ခံယူရ၏။ ဗျသီးရွာစားဟုဆိုရသော်လည်း ယင်းရွာပတ်ဝန်းကျင်ကျေးရွာ ၁၀-ရွာစားတည်း။ ဂီတလောက၌ ဦးလွန်းပြေအား ပိုမို၍ သိကျွမ်းကြ၏။ မဟာဂီတတွင်ပါဝင်သော သီချင်းကြီး၊ သီချင်းခန့်၊ ပတ်ဗျိုး၊ ကြိုးဘွဲ့များကို ရေးသားခဲ့သည်။ မဟာနန္ဒာကန်တော်ဘွဲ့ကြိုးမှာ အထူးထင်ရှားလှပေသည်။ ဖွဲ့နှစ် မိဘမည်ရည် အမှတ်အသားမရှိ၍ မသိကြရတော့ပါ။

ခြင်းဆရာဦးဖျော်

ဦးဖျော်၏ဇာတိမှာ ပုခန်းနယ်မြေ ပဲခင်းကျေးရွာဖြစ်၍ သက္ကရာဇ် ၁၁၀၀-ပြည့် (တဆောင့်တရာပြည့်)ဖွားတည်း။ ၁၁၂၅-ခုနှစ်နှင်းတက်သော ဆင်ဖြူရှင်မင်းတရားသားတော် စဉ့်ကူးမြို့စားမင်းသား၏ အကြီးတော်ချုပ်ဖြစ်သည်။

၁၁၃၇-ခုနှစ်က စဉ့်ကူးမင်းအား ရှေနားတော်သွင်းခြင်းကို စပ်ဆိုသည်။ ခြင်းပုဒ်ရေ ၇၀-ရှိ၏၊ ယင်း ခြင်းတစောင်တည်းဖြင့်ပင် စာပေလောက၌ ပထမတန်းစာဆိုတော်ကြီးဖြစ်ရ၏။

၁၁၃၈-ခုနှစ်တွင် စဉ့်ကူးမင်းနန်းတက်ရာ ဦးဖျော်အား "**မင်းရဲရာဇာ**" ဘွဲ့နှင့် ပုလိပ်မြို့ကို အပိုင်စားချီးမြှင့်သည်။ ပုလိပ်မြို့စားရ၍ ပုလိပ်စားခြင်းဟူ၍လည်း ထင်ရှားသည်။

၁၁၄၃-ခုနှစ် နန်းတက်သော ဘိုးတော်လက်ထက် မင်းတိုင်ပင်အမတ် ပညာရှိအဖြစ် ဆက်လက်သူကောင်းပြုပြန်သည်။ ၁၁၄၄–ခုနှစ် အမရပူရ မြို့သစ် နန်းသစ် တည်စဉ်

၁။ မှူးမတ်ပညာရှိ ဝတ်မြေဝန် ဇေယျရာဇသင်္ကြန် ပုလိုင်စား ငဖျော်။

၂။ မြစ်ခြေရွာစား စည်းတပြစ်ကြီး ပုဏ္ဏားပညာရှိ ဒေဝရာဇာ။

၃။ ခေါတောရွာစား ဗြာဟ္မဏကျော်။

ဟူ၍ မှူးမတ်ပညာရှိသုံးဦးတို့ အခါပေးကြရာတွင် တဦးအပါအဝင်ဖြစ်သည်။ ဘိုးတော်လက်ထက်မှာပင် ကျောက်ရင်း၊ တောင်သာ နှစ်မြို့ကို အပိုင်စား သနားခြင်း ခံရပြန်၏။ "ဟူးရားညို ဘွဲ့" "**သီရိပဏ္ဍိတ်**" ဘွဲ့များကိုလည်း ရရှိခဲ့သည်။

သဘင်ဝန် ဦးခြင်ထောင်

၁၂၃၁-ခုနှစ်က ဖြစ်ပါသည်။

ထိုနှစ်တွင် သဘင်ဝန်ကွယ်လွန်၍ သဘင်ဝန်သစ်ခန့်ရန်အကြောင်းပေါ်လာသည်။ သဘင်ဝန်ခန့်ထားရေးနှင့်ပတ်သက်၍ ညီလာခံတွင် ဆွေးနွေးကြရပြီ။ ထိုအချိန်က အမြင့်သဘင် လက်တန်း စာဆိုတော်ကြီးများမှာ မောင်းထောင်ဦးကျော်လှ၊ ချောင်းဦးဦးညာဏ်ကျယ်။ ကျောက်ကာဦးမိုး၊ ဒီပရင်းဦးပျော်ဖွယ်နှင့် မင်းစာဝန် ဦးညာဏ်ကြီးတို့ ရှိကြသည်။ ဦးကျော်လှကား လက်တန်းစာဆိုကြီးများတွင် သဘင်ရည် အပြည့်ဝဆုံး၊ စာချိုးအကောင်းဆုံး၊ ဗဟုသုတအစုံလင်ဆုံးဖြစ်၏။ သို့သော် သဘင်ဝန်ခန့်ရန် အင်အားနည်းနေသည်။

နန်းတော်တခုလုံး အရှိန်အဝါသြဇာကြီးသော ဦးရန်ဝေးသည် ပုခန်းကြီးနယ် ချစ်သူရွာမှ မောင်ခြင်ထောင်ကို သဘင်ဝန်ခန့်ရန် အဆိုပြုလေသည်။ မောင်ခြင်ထောင် ကျောင်းသားဘဝက ပန်းဒူးဆရာတော်အထံ ပညာသင်ယူဘူးရာ အသံသြဇာကောင်း၍ ရုပ်ရည် ပြေပြစ်ခန့်ငြား ယောကျ်ားမြတ်အသွင်ရှိသည်ကို ဦးရန်ဝေးသိ၏။ အဆိုအပြောကောင်းသည်ကိုလည်းသိ၏။ ထို့ကြောင့် တင်သွင်းခြင်းဖြစ်သည်။ သဘင်ဝန်ဖြစ်ရမည့် ဂုဏ်အင်္ဂါတို့ကား များလှပါ၏။ ရာဇဝင်၊ ဒီပဝင်၊ သာသနာဝင်နှင့် ဇာတ်တော်များကို ပိုင်နိုင်စွာ တတ်ကျွမ်းရသည်။

အတိတ်တဘောင် ဘဝေါ စံနည်းတို့ဘက်ကလည်း နိုင်ရသည်။

"သာမယဇု၊ကျရဖေဒင်သုံးပုံပြင်၌၊ ငလျင်တော်လည်း၊ စံနည်းတဘောင်၊ တိမ်တောင်နီပြောက်၊ စို့ရောက်တံခွန်၊ လှည့်ဖန်နတ်သတ်၊ နေကြတ်စည်းနာ၊ ဥက္ကာပျံသန်း၊ လဝန်းတာရာ၊ ချင်းနင်းလာသား။

သုဘာသုဘ၊ ဖတ်ထနီမိတ်၊ ရှစ်စိတ်ကာလ၊ ပဥ္စစေ့ခါ၊ နမန္တာနှင့်၊ စူဠာမဏိ၊ ခိုင်ညိအင်္ဂ၊ ဒွါဒသဟု၊ သွယ်ချွန်စ်ကွဲ၊ ပြည်ထဲပြည်လာ၊ သာ,မသာက၊ တံထွာကိန်းခန်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ နရစက်သူရွပ်၊ ပေါင်ုပ်နံစံ၊ မြေခံတိထီ၊ ယာယီနဂိုရ်၊ နှင်ဖြိုရန်ဘေး၊ ဦးဆေးမင်္ဂလာ၊ ရာ,မရာက၊ စသည်လေ့ကျက်၊ တွက်ချက်ပြုစု၊ ဇာတာမှုလည်း၊ မိတ္တုဆည်တိုင်၊ ခိုင်,မခိုင်ကို၊ စဉ်ကိုင်ပညာ၊ ရွှေပြီးစွာမှ။

ကောဇာဂေါဝိန်၊ ဂျိုဟ်သွားချိန်လျက်၊ ဆတ္ထိန်ခြင်း၊ နဝင်းကိုးဆစ်၊ တရာ့ရှစ်တွင်၊ စီစစ်ဖေ့ဖော်၊ လျှော်,မလျှော်ကို၊ ကြည့်မြော်နိုင်ချက်၊ နှစ်,လရက်ဖြင့်၊ ဖြစ်ပျက်ပိုင်းခြား၊ စည်းနှယ်သား၏။

စကားရှေ့စဉ်၊ စီလျဉ်မှတ်မိ၊ ဣတ္ထိပုရိသ၊ ကာဠကဏ္ဏီ၊ လက္ခဏာ၊ ဆမာဒေသ၊ သဒ္ဒနီကာယ်၊ နှံကျယ်မန္တန်၊ တတ်ပုန်စွာသော+++''

ဤသို့ ဂုဏ်အင်္ဂါနှင့်ပြည့်စုံသူကိုသာ သဘင်ဝန်ခန့်ရိုးစဉ်လာရှိသည်။ မင်းသား၊ မင်းသမီး ဘက်စုံအခန်းမျာ်းဌ် တတ်ကျွမ်းရသည်။ မင်းသမီးခန်းကဆို့လျှင် ''ပိုးလွှမ်းမြော်ခေါ် တား ပိုက် ဇော်၊ ခုနစ်ဖေါ် အင်္ဂါရပ်'' ဆိုသည့် အင်္ဂါ ၇-ရပ်ဖြင့် စွမ်းနိုင်မစွမ်းနိုင် စမ်းသပ်ရသည်၊

ဤ အင်္ဂါ ၇-ရပ်၏ အဓိပ္ပာယ်ကို ဖွင့်ပြပါရစေ။

အမျာ်းအာ်းဖြင့် ယောကျ်ာ်းက မိန်းမကို ပိုးလေ့ပန်းလေ့ ရှိပါ၏။ မိန်းမက ယောကျ်ာ်းကို ပိုးရိုးပန်းရိုးအစဉ်အလာ မရှိပါ။ ''ပဋ္ဌာစာရီ'' ဇာတ်ထုပ် ကပြလျှင် မယ်ပဋ္ဌာက ကိုဒါသကို ပိုးပန်းနေရ၏။ မိန်းမတို့ နောက်ပိုးခန်းကို လက်စွမ်းပြရမေလိမ့်မည်။

လွှမ်းရာဌ်လည်း ပြော ငို အဆိုမျာ်းဖြင့် အလွှမ်းကို ပိုင်နိုင်ရပါသည်။ အမျှော် စိုက်လုပ်ရာဌ် သီချင်း၊ လက်ဝ၊ နာရီချ၊ စကားပြေ စသည်ဖြင့် ရိုးစားမျှော်၊ လင်မျှော်၊ သား သမီး မောင်မျာ်းမျှော်ခန်း အာ်းလျှော်စွာ တတ်ကျွမ်းရပါသည်။

''ဆရာသခင် နိဗ္ဗာန်နှင့်နီးပေတဲ့ အို....ကျောင်းကြီးရှင်ဘုရား'' စသည်ဖြင့် ဖွဲ့နွဲ့ကာ ခေါ်တတ်ရသည်၊ ချစ်သူမင်းသား စစ်ထွက်မည်ဆိုပါက ထွက်မသွားရအောင် တား မြစ်ရသည်။ တားမရကလည်း စစ်အောင်နိုင်ရေး ဆုမွန်ကောင်းတောင်းဆို ရမည့် စကားပဒေသာလက်ဝဖြင့် သာယာပြေပြစ်စွာ ပြောဆိုတတ်ရသည်။

မင်းယဉ်နရသိခ်နှင့် နရပတိစည်သူတို့ဇာတ်ကို ကပြလျှင် ဝေဠုဝတီမင်းသမီး၏ လွှမ်းခန်းမှာ အရေးကြီးလှပါ၏။ စစ်တားစစ်ပို့မျာ်း ပါဝင်ရသည်။

''အော်....ကျွန်မထိပ်ပန် မျက်မှန်ကိုရှုပါတဲ့ ကမ္မစံငယ်၊ လျှင်မြန်အသော့၊ မင်ပိတုန်းရောင် ဆံထုံးနှောင်တဲ့ သျှောင်ကေကျော့ကျော့နှင့် ချီတော့မတဲ့။

အောင်တပ်တော်ဖွဲ့ပြီးလျှင်၊ တဆဲ့ရှစ်ခေါဘဏီ၊ စာစီရေးမှတ်၊ ပေးကာငယ်အပ်လို့၊ စည်းကြပ်ခန့်ထား၊ မောင်ဘုရား သွားမယ် လာမယ်၊ နှုမလေး ကုန်ကုန်ချစ်ပါတဲ့ ရှေစစ်သည်တဲ့မှ ရှေစစ်သည်''
ဤကဲ့သို့ သိဂ်ါသံသီဆိုပြီး စစ်ပို့လွှမ်းခန်းဖြစ်သည်။

လင်သားသေသည့်အဟန့်ဖြင့် သားကိုပိုက်၍ စကားပြော ငိုတတ် လွှမ်းတတ်ခြင်းမှာ တတ်ကျွမ်းရပါသည်။ မင်းသား ဇော်က၊ မင်းသမီးဇော်က တတ်ကျွမ်းရသည်။ ''တပသီ စုံမြိုင်အောက်က လမ်းလေလေ့လမ်းလျှောက်လို့လာ'' သီချင်းမျိုးကို သီဆို၍ ဇော်ကကဲ့သို့ က,တတ်ရသည်။ ဤသည်တို့ကား ဇာတ်ဆောင်ဇာတ်စီးတို့ တတ်မြောက်ရမည့် ဂုဏ်အင်္ဂါ အရည်အသွေးမျာ်းဖြစ်ပေ၏။

သဘင်ပညာရှင်များ

တနေ့သ၌ ပုခန်းမင်းကြီးသည် နေအိမ်သို့ သဘင်ပညာရှင်ကြီးများကို ဖိတ်ခေါ်ပြီးလျှင် လက်တန်းနှုတ်လှတ်စာဆိုစေ၏။ မဟာစင်တော်ကိုဆောက်၍ တိုင်အလံထူ သိုင်းဖွဲ့ဖြူးများတပ်ဆင်ထားလေ၏။ ဆိုခဲ့သော စာဆိုကော်များ အသီးသီးဆိုကြပြီးနောက် ဦးကျော်လှအလှည့် ရောက်လေ၏။

ဦးကျော်လှက ဦးရန်ဝေးအား အနော်ရထာမင်းနှင့်နှိုင်း၍ ဦးဉာဏ်ကျယ်ကို ငထွေးရူး၊ မင်းစာဝန်ကို ငလုံးလက်ဖယ်၊ ဦးပျော်ဖွယ်ကို ညောင်ဦးဖီးအလားထားလျက် မိမိ(ဦးကျော်လှ)ကိုမူ ကျန်စစ်နှင့်အသွင်တူပြုလုပ်၍ လက်တန်းဆိုလေ၏။

ကျန်စစ်သည် နတ်မြင်းပုံကို အမိအရဖမ်းနိုင်စွမ်းရှိသကဲ့သို့ တမဟုတ်ချင်း စပ်ဆိုနိုင်သော ဉာဏ်စွမ်းရည် လက်တန်းဆိုနိုင်ကြောင်း၊ ဥဿာပဲခူးမင်းသည် စစ်သည်ဗိုလ်ပါနှင့် သမီးတော်မဏိစန္ဒာကို ဘုန်းကြီးသော အနော်ရထာအား မဆက်သလျှင် မနေဝံ့လောက်အောင် အစွမ်းပြသကဲ့သို့ ပုခန်းမင်းကြီးအား လက်တန်းဉာဏ်စွမ်းပြနိုင်ကြောင်း စသည်များပါဝင်သော သံချိုလက်ာကို နှုတ်လှတ်သီဆိုခဲ့လေသည်။

အမြင့်သဘင် ကျရာအခန်းအလိုက် စာဆိုရှင်များ အသီးသီးရွတ်ဆိုကြခြင်းမှာ လွယ်ကူသောပညာမျိုး မဟုတ်ပါ။

ယှဉ်ပြိုင်ကြစေခြင်း

ယင်းသို့လျှင် ပုခန်းမင်းကြီး အိမ်တော်ဝန်းအတွင်း အမြင့်သဘင်တွင် သံချိုဆရာကြီးများနှင့် မောင်ခြင်ထောင်တို့ ယှဉ်ပြိုင်စေသည်။ မောင်ခြင်ထောင်မှာ တောဇာတိသားဖြစ်၍ ထီးနန်းအမှုအရာ နားလည်မည် မဟုတ်နိုင်ကြောင်းကို ဦးကျော်လှနှင့် သံချိုအဖွဲ့က ထင်ကြ၏။ တောအရပ်သို့ပြန်ရန်သာ စကားချိတ်၍ စာချိုးကြလေတော့၏။ ထိုအခါ မောင်ခြင်ထောင်က

"ဝနေဝနေ ပြောသော်လဲ တောထဲမှာရတနာနှင့် သစ်နုံသာစန္ဒကူး၊ ထွေထူးရယ်တဲ့ ပေါတော့သာ။

ဌာနေ ဌာနေနှင့် ပဏ္ဍိတေမရှိကြောင်း ထုံးဟောင်းပါဠိတော်ထမ်းခဲ့တယ် ကျမ်းနိဒါလာ။

တောသားနှင့် မြို့သား၊ ကြီးသူနှင့်ငယ်သူမှာ၊ ဉာဏ်ပညာအကြောင်း၊

မင်္ဂလာကုံးဆီက၊ လှစ်ချုံးကာ ဉာဏ်ဝါလျင်သည့်-ဟော်သခာ ပေါ်လာထုက်သည့်ပြင်၊ မြို့ငနက်လုမ္မနီက။ ပုဏ္ဏမီစုံညီပွားပါတဲ့ မြတ်ဗုဒ္ဓဘုရင်တော်ဘုရားကိုးကွယ်-များရှုဘို့ကောင်း။ ။"

ဟူ၍ ရုတ်ချည်း နှုတ်လွတ်ဆိုလိုက်လေ၏။

ထို့ပြင် ဦးကျော်လှ၏အရပ်မှာ ပြောင်းထမင်း ပီလောဟင်းနှင့်သာ စားကြရကြောင်းပါသော "ရွှေ ငွေရယ် နာရီမောင်းနှင့် ရွာမောင်းထောင် အရပ်သားရယ်က" စသည့် သံချိုကို လက်တန်းရွတ်ဆို စောင်းချိတ်လေ၏။ ကျောက်ကာသားစာဆို ဦးမိုးကို လှည်း "ကျောက်ဆိုတာ ရတနာမင်း၊ အဖျင်းနှင့်အကာ၊ စွန့်ပစ်ခါပယ်ရှင်း၊ လင်းခဲ့မှုသည်တမေ၊ပွဲကြည့်တွေ့ရှုစားကြ၊ မှုသွားကထောက်မညှာတယ်ကျောက်ကာကို အောက်ဟာနှင့်ဖိလိုက်မယ်(မမတို့ရေ)ပွဲသတိထား" ဟူ၍ဆိုသည်။

မှူးမတ်ပညာရှင်ကြီးတို့က မောင်ခြင်ထောင်အား ထိုနေ့ည အမြင့်သဘင်တွင် ထုက်စေရန် စာဆိုပုဂ္ဂိုလ်များ ညှန်ကြားစီစဉ်ပေးသည့် ဇာတ်ကို ကပြစေရ၏။ ဆိုင်ရာဇာတ်ဝင်ခန်းတွင် အပြောအဆို စကားဧပြု လက်ာများကို သီဆိုကပြရမည့် ပညာစမ်းပွဲဟူ၍လည်း ဆိုနိုင်ပါ၏။ ဇာတ်လမ်းမှာ တိုင်းပြည်တည်၊ သားတော်တက္ကသိုလ် ပညာသင်သွား၊ တိုင်းပြည်ပြန်အလာ လမ်းမှား၊ အစာပြတ်၊ တောပျိုမနှင့်တွေ့၊ ရေဆက်၊ တောမှာပေါ်၊ အသက်ကယ်သူ တောသူမကိုနေပြည်တော်သို့ခေါ်၊ နန်းတော်သွေးဖြစ်လာ၊ နောင်တော်က ခယ်မတော်သိမ်း၊ ညီတော်ကြေးတိုက်သွင်း၊ ခယ်မကမချစ်ခင်၊ နှိပ်စက်၊ ဤကားအကျဉ်း။ နန်းအမူအရာ မကျမ်းကျင်သော မောင်ခြင်ထောင်အတွက် တမင်ဇာတ်ဆင်ပေးလိုက်ခြင်းဖြစ်၏။ ထိုပြင် ပုဏ္ဏားခန်း၊ ဇော်ဂျီအခန်းများ ကိုလည်း ထည့်သွင်းထားသေး၏။ ပုဏ္ဏားခန်းဆိုလျှင် ဘင်္ဂလီ နာဂရီအသံမျိုး၊ ဇော်ဂျီဆိုလျှင် တောဇော်နန်းဇော်၊ တောနှင့်ဆိုင်ရာ တောလားသီချင်းများ၊ နန်းအလိုက်သီချင်းများကို မဆိုတင်လျှင် ဇကန်အရှက်ကွဲစေမည်။

တောသူမအသွင်ဖြင့် ထုက်လာသော မောင်ခြင်ထောင်သည် "ကျောက်ဆိုတာ ရတနာမင်း" စသော ဗုံထောက်ရှည်ဆိုလျက် ကျောက်ကာ ဦးမိုးအား ချိုးနှိမ်သည့်အလား အစာရေစာငတ်၍ လဲရာတွင် တောသူမအား "အို-ချစ်နှမ မောင်တော် အပေါ်အမိအလား၊ ကျေးဇူးက ကြီးမားလှပါဘိ" စသည် ဆို၍ တဖုံ၊ ပတ်သေး ပတ်မှားတို့ကိုမျှ အသုံးမပြုနိုင်အောင် ပတ်မကြီးတခုတည်းဖြင့် ဆဲဆောင်လျက်၊ စည်းပြောင်းဝါးလုံခက်ခဲစွာ သရုပ်ဆောင်သည်တမျိုး။

နန်းတင်မခံလိုသော ခယ်မက—

"ခဲအိုတော် ဒေဝဒတ်ရယ်က ခယ်မတော်ကလျာနတ်ကိုလ၊ တကယ်ပင်ဉာဏ်ရှာလို့သတ်မှာထင့်၊ အနာဂတ်ရှုလို့မြော်...." စသည့် မင်းသမီးလေမူဟန်တဖုံ၊ "မဲနုငယ်ဝဏ္ဏနာနှင့် ရွှေကွန်ခြာစာကိုဖတ်ပါအုံး...." ဟူ၍လည်းတသွယ်၊

"အင်္ဂသံခိပ် ရွှေစာစောင်က သေချာအောင် တကယ်ထွက်သော်ကြောင့်၊ ဆယ်သက်ပြန်မယ်စံလို့ညှင်းနိုင်ရဲ့ (ခဲအိုတော်ရယ်) ရှင်းပမလား" ဤသို့အားဖြင့် ကျရာအခန်းမှ လွှမ်းဆွတ်ကဗျာ ငိုချင်းမျှားကို လက်တန်းရွတ်ဆိုပြလေရာ မင်းပရိသတ်တို့မျှားစွာ သဘောကျကြလေ၏။ ဤပြိုင်ပွဲတွင် ကင်းဝန်မင်းကြီး ဦးကောင်းပါလေရာ သူ၏ဓမ္မသတ် အင်္ဂသံခိပ်အကြောင်းမျှားကို ထည့်ဆိုသဖြင့် ပြုံးပြုံးကြီးရှိလေ၏။ မောင်ခြင်ထောင်သည် သံချိုကိုင်ဆရာကြီးမျှား ဇာတ်ညွှန်းအတိုင်း ကပြပြီးနောက် အောက်ပါစာချိုးကို ရွတ်ဆိုကာ ဇာတ်သိမ်းလိုက်လေ၏။

"မချိုပြန်၊ နဂိုရိသန်ပြ-ပြာမဲ့ရယ်နှင့်၊ အဆိုဉာဏ် ကြာကြာလှည့်ပြန်တော့၊ သူတဲ့သူဘဝင်မြတ်ပါလို့၊ ကြားခြင်သူ-နားရေတတ်ကယ်တို့၊ ကဲခပ်လို့ရှုကြပါ။

ယှဉ်လာလျှင်၊ ယှဉ်ကာပျောက်ပါလိမ့်၊ မြ,ကျောက်ဝေဘူပုံကဲ့သို့၊ အဘိုးတန် ဘာမနဲပါဘူ၊ ကဲမောက်လို့ဖြာ။ ။ရတနာစင်တော်တွင်းဆီက မင်းသမီးဆိုပြောရာ အရှယ်မှာတော့ သုံးဆယ်တွင်း။ ။

ဆန်းသမျှတွင်ဖြင့်၊ မန်းကတောင် အတုခိုးရပေါ့၊ ဟိုးဟိုးကျော် မဒီတဲ့ငယ်တို့၊ ကြုံနဲပမာတင်လို့၊ မလာခင်အလျင်ပြန့်ကြ၊ ပုဏ္ဏားဇော်ဂျီပုံနှင့်၊ လော်လီဉာဏ်မိုးကျော်တို့ညှင်းပေမယ့်၊ အတွင်းတော်မင်းမဟော် နှင်းသလိုကွယ်....ရှုကြဖပင်း။ ။"

နောက်တနေ့ညီလာခံတွင် မင်းတရားကြီးက မောင်ခြင်ထောင်အား "မဓုရသဒ္ဒ ရွှေထောင်ကျော်သူ" ဘွဲ့ဖြင့် သဘင်ဝန်အဖြစ် ချီးမြှင့်ခန့်ထားတော်မူ၏။

ပုခန်းဦးဖူးညို

ရှေးအခါက အမြင့်,အနိမ့် ဆိုတီးက,သဘင် စသည်တို့ကို သဘင်ဝန်အုပ်ချုပ်ရု၏။ သဘင်စည်းမျဉ်းလည်းရှိသည်။ဥပမာ ဘုရင်ထွက်လျှင် စမုခ်ခံတီးထွက်၊ စည်ယှဉ်းပေးရသည်။ ဝန်ကြီးလေးပါးတို့က ဇာတ်ပန္နက်ချရသည်။ အများအားဖြင့် အမြင့်သဘင် စင်တော်၌ ယောကျားမင်းသမီး ဦးစီးသည်။ ဇာတ်စီးသူတို့မှာ သဘင်စည်းကမ်းကို နည်းလမ်းတကျ တတ်မြောက်ရသည်။

စင်တော်မင်းသမီးများအနက် ပုခန်းဦးဖူးညိုသည်လည်း အလွန် ထင်ရှားလေသည်။ ပုခန်းညိုဟူ၍ လူသိများသည်။ ပုခန်းကြီးဇာတိဖြစ်သည်။ သဘင်ဝန် ဦးခြင့်ထောင်၏ နည်းကို ခံယူသည်။ ရာသီဖွဲ့နှိုင်သည်။ အဆိုအပြောကောင်းသည်။ ကိုယ်တိုင် သီချင်းများကို ရေးလေ့ရှိသည်။ ဦးဖူးညိုနှင့်တွဲကခဲ့သော စင်တော် မင်းသားများမှာ ဦးစပါယ်သက်၊ ဦးစိန်ခိုနှင့် ပုဂံဦးဘကျော်တို့ ဖြစ်သည်။

"မေသတိုးလှတင်ဘပျို၊ လမ်းဟိုပထမမြောင်ရှယ်၊ ဆွေမျိုးအရီးအေတို့ပြချင်တယ်၊ ပုခန်းကိုကျအောင်ခေါ်ပမယ်၊ ဒိုမယ်လေအညာသား ဖါများရွက်ခဲ့လက္ခယ်၊ မဲပုဆိုးအပြတ်နှင့် ပိုးဟပ်ပါသေးတယ်၊ အညွှတ်သားရတယ်၊ ထန်းရေသောက်ရတယ်၊ အောက်သူကလေးပါလာတယ်လို့ အများဝိုင်းလို့ ကြည့်ကြပါလိမ့်မယ်၊ ပေးသားသူအရေလယ်၊ အသွေးအသားကတူလေတယ်၊ အကျိုးနဲ့မောင်ရင်ငါ့တူ မျက်စိတတ်ပါကလားလို့ အရီးအပ်တို့က ချီးမွမ်းကြလိမ့်မယ်....လိုက်ခဲ့ကွယ်၊ ပုခန်းကျရင်ဖြင့် အဆန်းအပြားနှင့် ကျွေးပမယ်၊ စဉ့်အင်နှင့်ထည့်လို့ရယ်၊ ဗျပ်နှင့်လဲထည့်လို့ရယ်၊ ကျီးအာရွက်ဟင်းချို ပဒတ်ကင်အဖုတ်နှင့် နှပတ်ချဉ်သုတ်ပြီး ဟော်တယ်တက်ရမယ်....

ဟူ၍ ဦးဘကျော်နှင့်တွဲကစဉ် ဦးဖူးညိုသီဆိုသော သီချင်းဖြစ်၏။

ထို့ပြင် ဦးဖူးညို၏ကိုယ်စား အရုပ်မင်းသမီးက ကလေးငယ်ကို ရင်မှာပိုက်လျက် ဆံပင်ဖါးလျားချကာ သနားစဖွယ် ကရုဏာရသပေါ်အောင် ပြောဆိုလေသည်။

နတ်သားထွက်လာပြီး...."အော် ရှေးဘဝက နှမတော်ခဲ့ဘူးသော ဒုက္ခသယ်မကလေး သားတယောက်နဲ့ မြို့ဝင်အောက်မှာတလည်လည်၊ လင်ရှာလို့မတွေ့လေတော့, တဆွေ့ဆွေ့တခုန်ခုန်၊ ငါကယ်မရန် နေရာမှကျပါ့မလားကွယ်ရို့...." ဟု ဆိုလျှင်၊

ဦးဖူးညို[တ....

"တပူတဲ့နှစ်ပူ။ ။သုံးပူလေးပူကပ်တယ်- ငါးခြောက်ရပ်ပူ။ ။(မောင်တော်ရေ) မြင်တော်မူလှည့်ပ ခုနစ်ပူ။ ရှစ်ပူကဲ့,မက။ ။ကိုးပူမှာဆယ်ပူရှိတယ်၊ (အမယ်မင်း) ကောင်ဦးနန်တ။ ။သီဆို၍ ငိုကျေးလေရာ နတ်သားက "အင်း.... ခေါ်မှမခေါ်ရသေးဘူး၊ ငိုသံကကြားရပြီ၊ ကိုင်းပြောနေကြာရော့.... ကိုယ်ရောင်လင်းလိုက်မယ်၊ ခုချက်ခြင်းမြင်စေ...."

"အလိုလေ...ဘုရားကိုယ်ရောင်ဝင်းဝါဘယ်ရာဇာလို့ သေချာ မိန့်တော်မူပါရှင်" ဟု ဦ ဖူးညို[က ပြောလေသည်။

"မောင်ကြီးသည် သမ္မာဒေဝနတ် မြို့ရပ်မှာတလယ်လယ်၊ မီးလိုကြွယ်တဲ့ ဒုက္ခသယ်-ကျုပ်နှမကိုကယ်ဆယ်ရန် ရောက်လာရခြင်းပါကွယ်...."

"အလို-နတ်ဆိုပါကလား ဝမ်းသာလိုက်လေရှင်၊ မကဲ့ခင်က ကြိုတင်ပြီး ဘာပြုလို့ မ,မသလဲ" ပြောဆိုကာ ဦးဖူးညို[က—

"မှတ်မတင်၊ ကစားခွင်ရှင်စက၊ ကြင်ကြဆက်တိုင်း။ ။တသက်တွင်လေလွဲ၊ မပျက်ပေါင်တကယ်ထင်သည့် လှကေမျှင် စိန်စတိုးမှာ(အမယ်မင်း) ကျိုးပေါ့ ထက်ပိုင်း။ ။" ဆို၍ ငိုပြန်လေ၏။

နတ်မင်းက "အိုခက်တော့တာပဲ၊ ဘူတရုပ်မှာ အပူရုပ်သိမ်းမှပေါ့၊ သုံးဆဲ့တဘုံမှာကိန်းသမျှ ဒုက္ခဘယ်ငြိမ်းမလဲ၊ ခပ်သိမ်းသတ္တဝါ ဇာတိလာပြီဆိုမှဖြင့် ဇရာ မရဏ ကေန္တပါပဲ၊ သောက ပရိဒေဝ ဒုက္ခနှင့် ဒေါမနဿ တွေ့ရကြုံရ ခံစားရတာဟာ သဘာဝ ဓမ္မတာပ၊ မြပုဝါအသာစုလို့၊ စက္ခုကမျက်ရည်သုတ် မဟာဘုတ်ရှူ မနိတ်ပဲ နေရော့မယ်၊ ကိုင်း....ကျုပ်နှမရေ ခုပဲ တိတ်"

ဦးဖူးညို[က—

"အော်....ထမီကစို သားကငို၊ တံတိုကပျောက် လင်ကငေါက်၊ သဘောက်မ ချည့်မယ့်ကိုယ်ရယ်-အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေး...."

မြန်မာမင်းမျိုး အုပ်စိုးတော်မူစဉ်က ဟိုအထက် တပရင်းကိုးသန်းနယ်မှာ လယ်ယာ လုပ်ကိုင်စားသောက်ကြသော လင်မယားနှစ်ယောက်မှာ တနေ့သောအခါ သားရင်ခွင်ပိုက်ယင်း ကလေးက ကျင်ငယ်စွန့်တော့ သားငယ်ကလေးကိုပြောင်းလဲပြီးနေရာပြောင်မည်လုပ်တော့ သားငယ်က အငိုလွန်နေတုန်း လင်ဖြစ်သူကလယ်တောသွားမည်ဖြစ်၍ ဆေးတံကိုမေးရာ သေချာစွာမပြောနိုင်သဖြင့် လင်က ငေါက်ငမ်းဆဲဆိုခြင်းခံရတဲ့အခါ ဆိုတဲ့ ကဗျာကလေးပါပဲ။

သတ္တဝါတွေဟာ ပိုးဖလံတွေလိုပဲ၊ မီးတောက်မီးလျှံကို ရှောတောင် ငှေ့တောင် ထင်မှတ်ကြသလိုပဲ၊ ကျွန်မတို့ သတ္တဝါတွေမှာလဲ အာရုံငါးပါး ယမားခြောင်းကျရော ကို တက်ကို ကောင်းလှပြီဆိုပြီး ၁၂-နှစ် ၁၃-နှစ်အရွယ်ကစ၍ ဖိုးလိုက်ရတဲ့ ဆံပင်၊ ပြုပြင်လိုက်ရတဲ့ ကိုယ်ဟန်၊ လိမ်းကျံလိုက်ရတဲ့ သနပ်ခါး၊ မင်သားဆဲလိုက်ရတဲ့ မျက်ခုံးမွေး၊ တကတည်း ကိုယ့်ကိုယ်ကို သွေးကြီးမွေးကြီးထင်ပြီး ကံစီမံ၍ ဆက်ဆံကျင်လည်သူတွေနှင့်တွေ့၊ ဟော....အမျိုမဟုတ်ကဘူး၊ အိမ်ထောင်သည် ဖြစ်သွားကပြီ၊ သည်တော့ အိမ်ထောင်သူနှင့်တူအောင် နေသွားရမှာက လွယ်သည်မဟုတ်ဘူး နတ်မင်းရဲ့....

အိပ်ရာက လင်မထမီ ကြိုတင်ထ၊ မျက်နှာသစ်ရေ မျက်နှာသုတ်ပုဝါ အိမ်ဦးခန်းမှာ အရုံသင့်ထားပြီး မီးမွှေး လာဘက်ရည်အိုးတယ်၊ အိမ်တံခွန်းအိမ်ရှေ့ သုတ်သင်ရှင်းလင်း၍ ညောင်ရေအိုးပန်းထိုး၊ ရေတောင်ငါးမျိုးကပ်၊ ဆေးလိပ်ကို အရုံသင့်ပေး၊ မျက်နှာသစ်ခွက်ကိုသိမ်းပြီးလျှင် လာဘက်ရည်အိုးကို အိမ်ဦးခန်းမှာထား၊ မီးဖိုခွင်မအောအောင် ထမင်းချက်၊ ဆွမ်းဟင်းဆွမ်းခွက်အတွက် ဟင်းစီရင်၊ အချိန်တန်လျှင် ခူးခပ်ကျွေး၊ ဖွတ်စရာရှိတာ ဖွတ်၊ ချုပ်စရာရှိတာချုပ်၊ အာဂေါကို မအာဂေါရဘူး၊ ဘုရားစူးရစေရဲ့၊ ညထမင်းသာ ဆက်ပါရော။

ညဘက်ကျတော့လဲ မီးထွန်း အိပ်ရာပြင်၊ အိုးတွေကို သိမ်းဆည်- မိမိကျေးဇူးရှင်ကြီးကို အိပ်ရာဝင်တော့ လင့်ခြေရင်းက ဒူးတုပ်လျက် ဦးသုံးကြိမ်ချလို့ ကန်တော့ပြီး ခြေဖဝါးကိုဆုတ်နယ်၊ အကြောင်းကြီးငယ်ကို ပြောသည့်အတိုင်းမှတ်သား၍ ကျေးဇူးရှင်ကြီးအိပ်ပျော်တော့မှ နောက်ဆို့ အသာရို့ပြီး ဦးသုံးကြိမ်ချကာ အသာကလေးထတဲ့၍ ဘုရားရှေ့မှာ ငါးပါးသီလခံ၊ ပန်း ရေချမ်းဆီမီး ကပ်လှူပြီး **"မေတ္တာသဟဂတေန"** ဆိုသည့်အတိုင်း ၃၁-ဘုံရှိ ဃတ္တဝါတွေအပေါ် မေတ္တာစိတ်ပြန့်နှံ့ပြီးလျှင် မိမိအိပ်ခန်းသို့အသာဝင်၍ "မရဏံ မေ ဓုဝံ ဘဝိဿတိ" ဆိုသော မရဏာနုဿတိကို စီးဖြန်းတွေးတောယင်း ဘဝင်စိတ် ကျရတော့တာပဲ၊ သည်တော့ လင်သားဟူသည် အိမ်ထောင်ကျသည်ဆိုတာ ပေါ့ပေါ့ဆဆ အောက်မေ့ကြလို့ ပြောပြရတာကို နတ်မင်းရဲ့။

ညဘက်ကျတော့လဲ မီးထွန်း အိပ်ရာပြင်၊ အိုးတွေကို သိမ်းဆည်- မိမိကျေးဇူးရှင်ကြီးကို အိပ်ရာဝင်တော့ လင့်ခြေရင်းက ဒူးတုပ်လျက် ဦးသုံးကြိမ်ချလို့ ကန်တော့ပြီး ခြေဖဝါးကိုဆုတ်နယ်၊ အကြောင်းကြီးငယ်ကို ပြောသည့်အတိုင်းမှတ်သား၍ ကျေးဇူးရှင်ကြီးအိပ်ပျော်တော့မှ နောက်ဆို့ အသာရို့ပြီး ဦးသုံးကြိမ်ချကာ အသာကလေးထတဲ့၍ ဘုရားရှေ့မှာ ငါးပါးသီလခံ၊ ပန်း ရေချမ်းဆီမီး ကပ်လှူပြီး **"မေတ္တာသဟဂတေန"** ဆိုသည့်အတိုင်း ၃၁-ဘုံရှိ ဃတ္တဝါတွေအပေါ် မေတ္တာစိတ်ပြန့်နှံ့ပြီးလျှင် မိမိအိပ်ခန်းသို့အသာဝင်၍ "မရဏံ မေ ဓုဝံ ဘဝိဿတိ" ဆိုသော မရဏာနုဿတိကို စီးဖြန်းတွေးတောယင်း ဘဝင်စိတ် ကျရတော့တာပဲ၊ သည်တော့ လင်သားဟူသည် အိမ်ထောင်ကျသည်ဆိုတာ ပေါ့ပေါ့ဆဆ အောက်မေ့ကြလို့ ပြောပြရတာကို နတ်မင်းရဲ့။

သို့ သည်လို ချက်လိုက် ၊ ပြုတ်လိုက်၊ စားလိုက်၊ သောက်လိုက်၊ သွားလိုက်၊ ရယ်လိုက်၊ မောလိုက်နှင့် ပြီးရောလားဆိုစရာရှိသလို၊ ဘယ်ဟုတ်မလဲရှင်၊ ရယ်ရာက ငို၊ ငိုရာကရူးရတာ ဘာလဲဆိုတော့ ဗျ သန တည်းဟူသော မချမ်းသာစရာ မကင်းရာ မကင်းကြောင်း၊ စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ စတဲ့ ဆဲ့တမိုးက လင်မယားစပ်ကြားမှာဝင်ပြီး တောက်လောင်မြဲမမွတာကြောင့် ခုတင်က တပယင်း ကိုးသန်းနယ်က သားသယ်အမေဆိုတဲ့ သီချင်းဟာ ကွင်းကွင်းကွက်ကွက် ပေါ်မလာပေဘူးလားရှင်။


စောဒကတက်စရာရှိသေးတယ်၊ဘယ်လိုလဲဆိုတော့ တကတည်း "**မပူလို၍ ယောက်မ ရှာတာ၊ ပူလိုလျှင် လက်နှင့်မေ့မှာပေါ့**" ဆိုတဲ့ စကားလို။

"ယောကျ်ားစည်းစိမ် သည်မယ်မင်း၊ ခန်းသာတဲ့ငးက ခြေဆင်းလဲလူ၊ နပ်ခါးရဲ့ထူ၊ အိမ်သူ ချမ်းသာလှချည့်လား" ဆိုတဲ့ မိန်းမတို့က တမျိုးရှင့်၊ သာမိ အရှင်နှင့်တူသော မိန်းမ၊ ဝဓက-သူသတ်ယောကျ်ားနှင့်တူသော မိန်းမ၊ စောရ-သူခိုးနှင့်တူသော မိန်းမ၊ ဝေရီ-ရန်သူနှင့်တူသော မိန်းမ။ သည်မိန်းမ လေးမျိုးကတော့ **မပူလိုသည့် ယောကျ်ားရှာသည့်အထဲကပေါ့ရှင့်**။

ဘုရားသခင် ချီးမွမ်းတော်မူတဲ့ မိန်းမသုံးမျိုးကတော့ မိခင်သည် မိမိ၏သားသမီးများကို အမြဲစောင့်ရှောက်သလို မိမိလင်သားအပေါ် အမြဲစောင့်ရှောက်သော မာတာအမိနှင့်တူသော မိန်းမ၊ ဟိရိဩတ္တပ္ပတရားမှာ နှမသည် မောင့်အပေါ်၌ စောင့်စည်းသလို မိမိလင်အပေါ်တွင်ဟိရိဩတ္တပ္ပစောင့်စည်းလျက် ဘဂိနီ နှမနှင့်တူသော မိန်းမ၊ ကျွန်သည် မိမိအရှင်သခင်ကို ကြောက်ရုံ့ရိုသေသလို မိမိလင်ကို ကြောက်ရုံ့ရိုသေသော ဒါသီ ကျွန်နှင့်တူသော မိန်းမတဲ့၊

အဲသည် မိန်းမသုံးမျိုးကတော့ ခုတင်က ကျွန်မပြောခဲ့တဲ့ အိမ်ထောင်တာဝန်ကို ကျေပွန်ပြီးသကာလ သေသည့်အခါမှာ နတ်ပြည်မှာ ဖြစ်ရခြင်း၊ ယောကျ်ားဘဝ၌ ဖြစ်ရခြင်းဟာ လင်ကို ပြုစုလုပ်ကျွေးရတာက အကြောင်းတရားရှင့်။ ကောင်းရာသုဂတိလားရတာက အကျိုးတရား၊ သို့အတွက် လင်သူတော်ကောင်းနှင့် ပေါင်းရလျှင် ကုသိုလ်များတာမို့ ယောကျ်ားလို့ဆိုမှဖြင့် အိုအိုမင်းမင်း ဖျင်းဖျင်းထန်ထန် အမှန်သာယူကြ၊ ကံသာမူလဆိုသည် မဟုတ်လားရှင့် နတ်မင်းရဲ့"

ဤသည်ကား ရုပ်သေးမင်းသမီးဦးဖူးညို၏ လူမှုရေးများကို ဇာတ်သဘင်ရုပ်ကြိုးစင်ပေါ်မှ ရှေပဲ့လာပရိသတ်တို့အား သင်ပြ ညွှန်ကြားပေးသောစကားများဖြစ်၏။ ဦးဖူးညို၏ ယဉ်ကျေးသိမ်မွေ့သောစကားများကြောင့် အမျိုးသမီးတို့မှာ မိမိတို့ ပြုကျင့်လိုက်နာအောင်ရှက်ကြရမည်များကိုလည်း သိရှိလာကြ၏။



ပုခန်းဆရာဖိုးကြီး

စာဆိုတော် ဆရာဖိုးကြီး၏ဇာတိမှာ ပုခန်းကြီးမြောက်လက် ညောင်ပင်စောက် ရွာဖြစ်၏။ သူသည် ငယ်ရွယ်စဉ်က ပန်းဒူးဆရာတော်ကြီးအထံ၌ ပညာသင်ကြားလေရာ သဘင်ဝန်ဦးခြင်ထောင်နှင့် ကျောင်းနေဘက်ဟု ဆိုကြသည်။

အနိမ့်သဘင် ရုပ်စုံစင်တော်ထောင်၍ အသက်မွေးဝမ်းကျောင်း လုပ်ခဲ့သည်။ သီပေါမင်းတရား ပါတော်မူပြီးနောက် ဇာတိရပ်ရွာသို့ ပြန်လည်နေခဲ့သည်။ ယင်းသို့ နေစဉ် စာပေရေးလားလျက်ရှိသည်။ ဆရာဖိုးကြီး၏စာပေများတွင် စာဟော၊ ကုက်စိတ် စာများ အလွန်ပြောင်မြောက်သည်။ ကုက်စိတ်ဟော၊ အဘိသိက်သွန်းကိုလည်း ကိုယ်တိုင် လုပ်ခဲ့သည်။ ကုက်စိတ်ဇာတ်ထုပ် ၃၀-ကျော်ရေးခဲ့သော်လည်း ပျက်စီးလေပြီ။ ဆရာဖိုး ထံ ဇာတ်သဘင်သည်များစွာချဉ်းကပ်ကြ၍ ဇာတ်စာများ၊ ဇာတ်ထုပ်များ ဝယ်ယူကြရ သည်။ အများအားဖြင့် ဆရာဖိုး၏ဇာတ်ထုပ်များမှာ နိပါတ်ထွက်နှင့် ဇင်းမယ်ပဏ္ဏာသ, လာတို့များ၏။ ယင်းဇာတ်နိပါတ်တို့မှ ဝတ္ထုများကိုယ်ထည်ပြုလျက် ဇာတ်လမ်းယူကာ ဇာတ်ဝင်၊ ဇာတ်စကားပြော၊ ပြောင့်၊ သီချင်းများပါဝင်သည်။ ဇာတ်တထုပ်လျှင် ၃၀၀-မှ ၅၀၀-ကျပ်အထိပေး၍ ဉာဏ်ပူဇော်ကြရသည်။

ဆရာဖိုးသည် သဘင်ဝန်ဦးခြင်ထောင်ထက် ဆန်းသစ်တီထွင်သောဉာဏ်ရှိ၍ ဇာတ်ဝင်ခန်းစာများရေးရာ၌ ပြောင်မြောက်လှသည်ဟုဆိုကြ၏။ သူ့စာပေအဖွဲ့များ တွင် တောလား၊ ရေလားကဲ့သို့ **"ကိုင်းလား"** အဖွဲ့ကိုလည်း ဖွဲ့စပ်ခဲ့ဘူးလေသည်။ ကိုင်း လားအဖွဲ့တမျိုးတီထွင်လေရာ တောလား၊ ရေလားကဲ့သို့ အဖွဲ့ချင်းမတူ။ **ကိုင်း**မှာ ရေဝင် မြေနုကျန်း၊ **လား**မှာ သွားလာခြင်းအနက်ဖွင့်သည်။

အင်းဝခေတ်ဦးပိုင်းကစတင်၍ တောလား၊ ရေလားအဖွဲ့များ ပေါ်လာခဲ့ရာ လေးလုံးကာရန်စပ်နည်းဖြင့်၏။ နမူနာပြရလျှင်

"ငှက်တော်ကြီးကြာ၊ သာရကာနှင့်၊ တမာကြက်တော၊ ဥသြနက်ကျား၊ ငှက်ငန်းလည်း၊ ဝပ်တွားဘီလုံး၊ ရှေငုံး ချိုး ခါ၊ သူတို့မှာမူ ..."

(ရှင်ဥတ္တမကျော်တောလား)

"တကုန်းဆင်းတက်၊ တကုန်းတက်၍၊ မြို့ငနက်သာမော၊ စုံတကြော၌၊ တတော ထွက်ဝင်၊ တတောမြင်နှင့်၊ တပင်ရိပ်နား၊ တပင်သွားသော်၊ တောဖျားရကုံ...."

(ရှင်မဟာရဋ္ဌသာရတောလား)

"ဗျိုင်းဖြူပုံသန်း၊ကျီးကန်းအိုးအာ၊ သာလိကာနှင့်၊ တမာကုလား၊ဖောင်းကား ကျေးနီ...."

(ဦးဗုဒ္ဓတောလား)

"ငှက်တို့သည်လည်း၊ သံရှည်တသွယ်၊ သံဝယ်တသီး၊ သံကြိုးတထွေ၊ ညှင်းညှင်း ချေ၍၊ မသွေဖေဘုံ၊ ပျော်ကြတုံလျက်...."

(တွင်းသင်းမင်းတောလား)

"တောလည်းသာထွေ၊ ရေလည်းသာခေါင်၊ တောင်လည်းသာဆန်း၊ ပန်းလည်း မွှေးမွှေး၊ ငှက်ကျေးစုံတူ၊ တအူအူနှင့်...."

(ရှင်ဇယန္တာဘိဓဇရေလား)

"ချစ်ဖော်မည်း၊ တင်ကျီးရေကြက်၊ စက္ကဝက်နှင့်၊ ရေငှက်ဝမ်းဘဲ၊ ယှဉ်တဲ့ ခွေညှတ်...."

(နဝဒေးကြီးရေလား)

"ဖြူဆွဲရိပ်ရိပ်၊ ကမ်းထိပ်သာမော၊ မြစ်လယ်ကျောဝယ်၊ သောသော ကျေး ငှက်...."

(လှော်ကားသုံးထောင်မှူးရေလား)

"တောင်ချင်းလည်ချင်း၊ မကင်းယှဉ်ဘက်၊ နဲ့ကာစက်၍၊ စုံမက်ယုယ၊ အမ,ခွံ့ တုံ၊ ဖိုကဉ်သို...."

(ရွှေတောင်ရာဇကျော်,ရေလား)

"ဝံဖိုကားဖောင်၊ ယင်ဘောင်ကားလှေ၊ လှော်သောထွေသို..."

(တွင်းသင်းမင်း,ရေလား)

ဤသို့လျှင် တောလား ရေလားဖွဲ့မျှားမှ နည်းယူလျက် ဆရာဖိုးက အောက်ပါ အတိုင်း **ကိုင်းလား**ဖွဲ့ကို ရေးစပ်ခဲ့လေသည်။

ကိုင်းလားကဗျာ

"ဝဲန်းကျင်အရပ်ရပ်၊ ကျွန်းပြင်ကိုဖြတ်ခဲ့ရ၊ ဖတ်ဖတ်ကယ်စိမ်းစို၊ ကုန်းမို့မို့ တဘက်၊ နွှန်းဖို့လို့ သက်ကရော့ထင့်၊ ကွက်ကနဲချိုပါဘိ၊ ဟောဟိုက ပဲကျား၊ သည်နားက ပဲဖြူ၊ ပြောင်းဖူးပြောက်ပြောက်၊ ပေါင်းဦးဖြင့် ပေါက်ရော့ထင် ရဲ့၊ အနောက်က ထူပါသေးသလား၊ လူထင်ရဲ့မဲမဲ၊ အကွက်ထဲ လက်ကနဲမြင်ရ၊ မိတ်ဆာမည်းတည်း၊ ကြိတ်ခါခိုးမယ်လို့၊ ပြောင်းဖူးချိုးများ ဝင်ရော့သလား။

ဟာ....ဟုတ်ပါပဲကလား၊ ရေဗလုံသစ်ခွဆွဲပြီးတော့၊ နေအကုန်ရစ်သမျှနဲ့ ခွဲမယ်လို့၊ ပဲနှယ်ဖြေထင်ပ၊ သီသီကလေးမမှားဖြစ်၊ အခင်းထဲ ဘယ်သူတုန်း ရယ်လို့၊ ကုန်းပြီးတော့ ဟစ်လိုက်တော့မလို့၊ ဖြစ်လိုက်တဲ့ ခရမ်းချဉ်၊ ကန်သင်း အရိပ်အခင်းထိပဲ ဆဲမြဲတ်ပင်နှင့် ချဉ်ပေါင်လက်ခြား၊ သခွားရော ငရုပ်ပါ၊ မုန်လာတန်၊ ဖရုံပါတဲ့လို့ ကုလားပဲရော၊ ကြောလုံ့မကုန်၊ တကွင်းတကွက်၊ အခင်းထက် ဟင်းခူးက်စရာကဖြင့် စုံပါလေရော့ဟဲ့။

ဖူးရုံကြီးပြင်ခြင်း၊ အသီးတချို့၊ ပွင့်တချို့နဲ့၊ ပြတ်လို့သာဆင်ကရော့၊ ဟင်းညွှန့်နားခွောင်း၊ မတ်ပဲခင်းပြင်၊ လူမဝင်၊ မြူပင်အောင်းလို့၊ ပေါင်း မလိုကဲ့ဘူး၊ ကြက်မောက်တပြာ၊ စီးနဲပါခရာဆူးနှင့်၊ ပေါက်တူးမနိုင်၊ မြင်းအဖို နွှတ်တာတောင်၊ ငုတ်တုတ်မှ ထိုင်နိုင်ပမလား....

ရောင်ဝိုင်ငှေ့ဆင့်၊ ဖရဲသီးနှင့် ပဲကြီးကလဲ ပွင့်ပါပေ့၊ ဟိုမြင့်မြင့်တကွင်း၊ နှုံ့သာ ရဲကရော့ဟဲ့ ပဲလွန်းခင်း၊ နှင်းနဲစိုစို ဗျာကသီ ခူးကာချက်ရ၊ ဘယ့်လောက်များခိုမလို့၊ ဟိုအကွက်နား၊ မိုင်းမိုင်းအုပ်အုပ် သမန်းပုတ်ကြီး လမ်းရှုတ်အောင်ထားလေခြင်း။

ကြီးမားလိုက်တာ သက်ကယ်ရိတ်တဲ့ မိန်းမတွေ ပြောရအုံး၊ ဆဲငါးပေါ တော့ သာလိမ့်မယ်ထင်ရဲ့၊ ဟာ ဟုတ်ပါပဲလား၊ အခင်းရှင်အဒေါ်ကြီး ပေါင်း သင်လို့ ပြီးတာနဲ့ ပက်လက်ကြီးအိပ်နေတာပေါ့၊ အရိပ်ကိုခြေကန်၊ သူ့လုံကွင်း လေမင်းက လှန်လိုက်တော့၊ ကေနဆတ်ဆတ် သမန်းပုတ် မှတ်ရသဗျာ့၊ မတ်တတ် ငဆျို့၊ ထန်းခေါက်တောင်းနှစ်လုံး နှင့်ယောက်ပေါင်းကျုံးပြီးတော့ ကုန်း တချို့နဲ့၊ နှုန်းဖို့ဝဲ့သရွပ်၊ ကြွက်ကြွက်ညံဟား၊ သက်ညှာထွဲးလို့ ဘယ့်နှာ များ လုပ်နေပါလိမ့်မ်။

ဟုတ်၏-ဟုတ်၏၊ ဆေးစိုက်မယ့်ကုန်း၊ သဲနုဖုံးလို့၊ အောက်နုံနုံးထိ အောင်၊ တည့်တည့်ဖြောင့်ဖြောင့်၊ ဟိုနောင့်အခါ၊ မြစ်ဆင်းရန်မို့၊ သံတူရွင်း ဆောင့်နေကြသကို-ဖြောင့်လိုက်တဲ့ အသက်မွေး၊ နွားတရှဉ်း လုပ်အားတင်းလို့၊ ကုတ်တယ်ဆို၊ ငရုပ်နဲ့ဌေးလောက်တဲ့၊ တေးတဟိုဟို၊ စိတ်နဲ့ညီး၊ မြေကြီးက စိုသမို့၊ ရွှေကျိုးညို့ စိန်ရောင်ခြည်နှင့်၊ အလီလီ ငွေမြိုင်သဗျင်းတို့ကို ကျူပင်ကာ တဲ့ကုတ်အတွင်းဆီက ပဲဖုတ်ယင်း ဆိုသံနာခံ၍ ကျုပ်အမှန် လာခဲ့သကို့''

ဤအဖွဲ့တွင် ဆဲငါးပေါတော့သာပါလိမ့်မယ်....ဆိုရာ၌ ကိုင်းမြက်ကို သက်ကယ် ပြုရန် ရိတ်ဖြတ်ယူရာ တပေါနှစ်ပေါစသည့် ပုခန်းနယ်သုံးစကားဖြစ်၏၊ ဆရာဖိုးကြီး အသက်အရွယ်အိုမှ ဤအဖွဲ့ကို ဖွဲ့ခဲ့ကြောင်းမှာ နာမည်ကြီးဇာတ်ရှေကျိုးညို့၊ အငြိမ့် အကျော် ဒေါ်ငွေမြိုင်တို့ ခေတ်စားစဉ်များပါဝင်၍ ထင်ရှားသည်။

ပုခန်းဦးမင်းကျော်

နာမည်ကျော် ပုခန်းဦးမင်းကျော်ကို ချန်လှုပ်ထားလို့ မရသဖြင့် သူ့အကြောင်းကိုလည်း ဖော်ပြလိုသည်။ ပုံခန်းကိုကြီးကျော်ကား နတ်ပုစ္ဆန်းလောကဌ ထင်ရှားသည်။ "သောက်ဘော်ဖူးရယ်နဲ့ ကိုယ်မကွာ၊ မင်းကျော့်စွာမို့ မကျော်လား၊ ခန်းရွှေမြို့သား" ဆိုသည့်အတိုင်း ပုခန်းကို ဦးစွာတည်ခဲ့သော ကျော်စွာမင်းဖြစ်၏။

သူ၏နတ်ကွန်းမှာ နွယ်နီရွာနှင့် နန်းဦးရွာအကြားတွင်ရှိသည်။ ပုခန်းငယ်မှ တဘက်သို့ကူးလျှင် ရောက်နိုင်သည်။ သူ့နတ်ကွန်းကို ရှေးကမှန်စီရွှေချခဲ့၏။ သောင်းကြမ်းသူတို့ မီးရှို့ကြ၏။ ဒုတိယစင်ပြီးလျှင် ယခင်အတိုင်း ပြန်လည်ဆောက်ကြသည်။

ကိုကြီးကျော်ပွဲမှာ တရောင်းလတွင်ကျင်းပ၍ ပုခန်းသား ပုခန်းသူတို့တူပြိုင်၍ ပွဲလမ်းသဘင် မပြုဝံ့ကြပါ။ နတ်အုပ်ကြီးများသည် ကိုကြီးကျော်စိတ်ထက်မြက်ကြမ်းသည်ကို သိကြ၏။နတ်ကွန်းဆောက်ရန်နှစ်ဆက်ရာသစ်တုံးများကိုရွေးပြီး ချင်းတွင်းမြစ်ညာမှ ဖောင်ဖဲ့မျှောယူကာ "မောင်ကျော်၏ ဖောင်တော်" ဟု ကမ္မည်းရေးထိုးမျှောစေသည်ဟုဆိုသည်။ ကိုကြီးကျော်နတ်ရုပ်မှာ လူပကတိအညီအမျှရှိစေရ၏။ သူ့အင်္ကျိုက်မှာ ထန်းရေခါး အရက် ကြက်ကောင်လုံးဖြစ်၏။ ၃၇-မင်း နတ်ဈာရင်း အပါအဝင်ဖြစ်သည်။

၃၇-မင်းနတ်များ

၃၇-မင်းတို့စတင်ဖြစ်ပွားရာမှာ ၃၇၉-ခု၊ အနော်ရထာမင်းလက်ထက် သိကြားက ညောင်ချဉ်အိုးနတ်အထိ ဦးရေ ၁၆-မျိုးပေါ်လာသည်။ ထိုနောက် မင်းစည်သူက မယ်တော်ရွှေစကားအထိ ဦးရေ ၆-မျိုး၊ ပုဂံခေတ်က ၂၂-နတ်များရှိလာသည်။

ပင်းယခေတ် ငါးစီးရှင်ဘိုး၍ ၂၃-နတ်အပြင်၊ မင်းတရားမှ ရှင်တော်အထိ ၉-ဦး။ တောင်ငူခေတ်က တပင်ရွှေထီးက ယွမ်းဘုရင်အထိ ၅-ဦး၊ စုစုပေါင်း ၃၇-မင်းနတ်များဖြစ်လာရ၏။

၃၇–မင်းနတ် ကိုးကွယ်ပသမှုဆိုင်ရာမှာ....

"ကာလရှည်လျား၊ လူ့ငန္ဒားတို့၊ ကြီးမားယုတ်မာ၊ နတ်မိစ္ဆာကို၊ ဘိုးလာဘွားသက်၊ မြေးသားဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး

ဆယ်စုံဖြိုးရှ၊ မြတ်နိုးနှစ်သက်၊ အနက်အနီ၊ တလီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲရှ၊ ဗုံနဲ့ခရာ၊ တီးမှုတ်ခါနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ ငါတို့နတ်ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွှတ်ကင်း၊ မရှိလျင်း၏။

ဆောင်နှင်းမင်္ဂလာ၊ လှူဒါပုည၊ ပြုကာလလည်း၊ မိဘရှေ့မှတ်၊ ငါတို့နတ်ကို၊ ပေးလတ်အပ်လျင်၊ ပဲ့လမ်းပြင်ရှ၊ အရှင်မှက်မှတ်၊ ကိုယ်ဝယ်ကြတ်လျက်၊ မပြုတ်ထင်ရှား၊ မမေ့အားဟု၊ ဆိုမျှားရှယ်ရှယ်၊ ရှက်စဖွယ်နှင့်၊ ဘယ်ဝယ်တခါ၊ ကိုယ်တိုင်လာရှ၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကို၊ နတ်မျှားပို့လာရှိဘူးပါအုံ။

မိစ္ဆာစဲမှတ်၊ ဘယ်အရပ်မှာ၊ နတ်တို့နေရာ။ အိပ်ခန်းဝါနှင့်၊ သာယာခမ်းနား၊ နတ်မယားနှင့်၊ နတ်သားနတ်လင်၊ ကြည့်မမြင်တည့်၊ ငြိုငြင်စိတ်စဲ၊ အံသွားခဲရှ၊ ညှင်းဆဲနှိပ်စက်၊ နတ်တို့လက်နှင့်၊ တုတ်လျက်ဆဲငင်၊ ပြုကြအင်ကို၊ မမြင်ဘူးပါ၊ သည်အရာကို၊ ဇိစ္ဆာမောဟ၊ အယူခံရှ၊ နတ်မျှဉ်သခင်၊ နတ်ဘုရင်ဟု၊ နတ်တွင်အကြီး၊ ငါ့သမီးကို၊ ဖမ်းဆီးတတ်ငြား၊ ငါ့မယားကို၊ ဖမ်းစားတတ်ချေ၊ ချမ်းသာဇစဟု၊ က,ချေပဲ့လမ်း၊ အခမ်းအနား၊ နတ်ထိန်းများနှင့်၊ သောက်စားဟစ်အော်၊ တကျော်ကျော်နှင့်၊ မောင်တော်ရှင်ချစ်၊ နတ်သံပစ်ရှ၊ မူးရစ်မိုင်းဝေ၊ အထွေထွေနှင့်၊ လူ့ပြုပ်ရှာ၊ နတ်မိစ္ဆာကို၊ ကယ်သာထင်မှတ်၊ သဒ္ဓာကယ်ရှ၊ နတ်လူပြုဟူမှာ၊ သတ္တဝါတို့၊ ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလှူဦးအပ်စွာ၊ ယခုမှာကား၊ ချမ်းသာဆင်းရဲ၊ နတ်ခပဲတည့်၊ ပေးမြဲတို့မှာ၊ ထင်မှတ်ရုံသည်၊ မိစ္ဆာယူမိယူမှားတည်း။ ။

(အရှင်မဟာသီလဝံသ၏သံဝရပ္ပါ)

"မိစ္ဆာယူမှား၊ အလားလားနှင့်၊ လေးပါးပါယ်ဝ၊ လူ့ဗဟလတို့၊ ကြံဆကောင်းစွာ၊ မာယာလှည့်ဖျား...."

(အရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ပ္ပါ)

"ကံရင်းမသန်၊ နတ်မဖန်ဘူး၊ ကံမဲ့ဉာဏ်နုန့်...."

(မဟာသုတ်ကာရီ-မဃဒေဝ)

"မိစ္ဆာအားလုံး၊ လွှမ်းပိတ်ဖုံး၊ တောင်ပြုံးညီနောင်နန်း...."

(ကဝိလက္ခဏာသတ်ပုံ- ၂၀၉)

ပုစ္ဆန်းဆိုသည်မှာ

"အိပ်လိုရဟန်း၊ စားလိုမှန်း၊ ပုစ္ဆန်းလုပ်ပါလေ" ဟူသော (ကဝိ ၇၂၇)အရ ပုစ္ဆန်းဆိုသည်မှာ နတ်ကိုပသရာ၌ အပရိဟာနိယတရားနှင့်အညီ ပသကြသောအခါ စားသောက်ဖွယ်အလွန်များ၍ စားလိုလျှင် ပုစ္ဆန်းနတ်ဝင်သည်လုပ်ပါလေဟု ဆိုလို၏။

ဂုဏဝဋ္ဌံသကာဆရာတော်၏ သုတ်သီလကွန်ပါဦးတော် ဗြဟ္မဇာလသုတ် နိဿယတွင် ''ဘူတိကမံ့'' ကို နတ်ပုစ္ဆန်းအတတ်ဟု အနက်ပြန်ထား၏။ ပုခန်းနေရင်း ပုပ္ပဝရုံဆရာတော်၏ ယင်းပါဦးတော်နိဿယတွင် ဘူတိကမံ့အိမ်ရာမြေ၌နေသောနတ်တို့ကို မန္တန်သရဇ္ဈာယ်၍ ပူဇော်ပသမှုဟု အနက်ဖွင့်ထား၏။ ယင်းအနက်ပြန်ဆိုသည်မှာ အထက်နတ်ကြီးများအား ပုစ္ဆန်းနတ်ဝင်သည်တို့ ဗလိနတ်စာပဲ့, ဖွယ်ရာ ပသခြင်းနှင့် ကိုက်ညီလေသည်။

''သကာထောပတ်၊ နှုမ်းချတ်ဆီနှော၊ ငှက်ပျောထမင်း၊ ပြည့်ခြင်းဖြိုးဖြိုးသောက်အိုးကြဉန်း....'' ဟူ၍ လည်းကောင်း။

''ပန်းဆောက်ကြီးနှင့်၊ ပဲနှိုးစုရင်၊ ပုယ်ကျင်ပုစ္ဆန်း၊ ခေါမှန်းမုယော....'' ဟူ၍ လည်းကောင်း ရှေနန်းကြွရှင်နန်းတည်မော်ကွန်းတွင် ရှင်မဟာသီလဝံသစပ်ဆိုခဲ့၏။

''နတ်ရကာလည်း၊ ရသာချိုချဉ်၊ ဘောဇဉ်ငါးမည်၊ ဖြိုးဖြိုးတည်၍၊ နတ်မည်မည်ပေး၊ ခေါလုပ်ကျွေးသည်၊ မြတ်လေးရှိသေပုစ္ဆန်းတည်း....

(ရှင်ကရဝိကဆိုမင်းရဲကျော်စွာ လေးထပ်ကျောင်းတည် မော်ကွန်း)

ပုစ္ဆန်းဝေါဟာရကို ဖွင့်ပြရာ ပျို့မော်ကွန်းများဖြစ်၏။ ပုခန်းကိုကြီးကျော်မှာ ၃၇-မင်းနတ်စာရင်းဝင်ဖြစ်၍ နတ်ကန္ဒားပဲ့များဖြင့် ပသကြရ၏။ ပုခန်းနယ်တွင် ရိုးရာနတ်ကိုးကွယ်မှုများ ယခုတိုင်အောင် စဉ်လာရှိကြသည်။ ပုခန်းနယ်နှင့်စပ်လျဉ် ဦးမင်းကျော်၊ အရှင်မတောင်နတ်သမီး၊ အမေရယဉ်၊ ကိုးမြို့ရှင်၊ မင်းလှကြီးငယ်၊ ပုလဲရင် စသည်တို့ ဖြစ်၏။

မိုးခေါပဲ့

ပုခန်းနယ်တွင် မိုးခေါင်လျှင် မိုးခေါပဲ့ပြုလုပ်လေ့ရှိကြ၏။ မိုးခေါသည့်အခါ ပုခန်းဦးမင်းကျော်အား နာမည်အမျိုးမျိုးတတ်၍ ခေါလေ့ရှိသည်။

၁။ မြောင်းတူးရွာတလျောက်ကယ်နှင့် အနောက်ရွေဂူချောင် ဆိုးတတ်တဲ့မောင်၊ ။ ကျော်ကြီးကိုတဲ့ ရှောင်၊ မိုးခေါင်လိမ့်မလဲ။ ။မိုးပလီ အောက်ခြေကဲ့ယင် မင်းကျော်ဉာဏ်ပဲ။ ။

၂။ ရွှေခန်းဆို အရှေ့မြောက် ရိုးပေါက်ပါတဲ့ ရေမဝင်။ ။ကိုကြီးကျော်စံတဲ့နန်းမှာ ပန်းဝင်လို့တင်။ ၊ပန်းတင်ယင် ရေဝင်ပြေးတယ်လေး....ရိုးပြတ်မှာပေး။ ။

၃။ တောင်ခြေရင်း ဝါခင်းစောင့်တဲ့ ဖိုးအောင်ကျော်။ ။မိုးခေါ်လို့ပေး။ ။
အရှင်မတောင်နတ်သမီးနှင့် ယော,ကဘော်နတ်တို့အား တသမိုးခေါ်ရာ၌လည်း--

၄။ ရွှေဖလား ဖြူဖြူစင်စင်။ ။ရွှေလက်တောက်နှင့်ငှ်။ ဇော်ဂျီ ရှင်မနတ်
ကယ်လေ တိမ်းပေတော့ ယိမ်းပေတော့။ ။

၅။ အဝတ်ကလေးဖြူဖြူစင်စင် ရွှေဗိုင်းတောင့်ကိုငှင်၊ ဇော်ဂျီရှင်မနတ်ကယ်လေ....
တိမ်းပေတော ယိမ်းပေတော။ ။

စသည်ဖြင့် သီဆိုတသလေ့ပြု၍ မိုးခေါ်လေ့ရှိကြသည်။

.... o .... o ....

သူတို့သုံးယောက်

ပုခန်းနှင့်ဆက်နေလျှင် ပုခန်းသားငလက်တိုမပါလျှင် မပြည့်စုံနိုင်ပါ။ မျှားသောအားဖြင့် ပုခန်းသားတို့မှာ လူချင်းယှဉ်ပြိုင်လျှင် စကားနိုင်ယူတတ်ကြ၏။ စကားစီးပိုးတတ်ကြ၏။

"**လူပုခန်း ရဟန်းတောထွက် အပြောခက်၏**" ဟူ၍ပင် ဆိုထုံးပြုခဲ့ကြသည်။ ရိုးပါဘိဆိုသော် ဆေးလိပ်တတို့ချူတတ်ကြ၏။ စကားလိမ္မာပြောဆိုရာ၌လည်း သာယာပြေပြစ်စွာ ပြောဆိုတတ်ကြ၏။ ပုခန်းသားငလက်တို့နှင့် တခေတ်တည်း နာမည်ကြီးကြသော ချိပါသားငညို-စကားတောင်းစားတို့ ကောက်ကျစ်လိမ်လည်ဉာဏ်မျှားသူဟူဆိုကောင်းဆိုကြမည်။ သူတို့သုံးယောက်တို့မှာ စကားကောင်ကပ် နှိုက်ယူရာ လျင်မြန်သော ဖြတ်ထိုးဉာဏ်စွမ်းကို ချီးမွမ်းဖွယ်သာရှိလေသည်။

ကိုးခရိုင်မြို့စား သံရွာစားမင်းသား၏မြေးတိုင်တားဝန်ကြီး၏စာရေး၊ ဦးမောင်ကြီးခေါ် ဦးကြီးက စကားတောင်းစားဝတ္ထုအမည်ဖြင့် ပုခန်းသားတို့ စကားကြွယ်ဝပုံမျှား

၁။ ဦးကြီးသုံးဦးရှိသည်။ စစ်ကိုင်းမြို့နယ် စသာ ဈေးတက်ရွာ။ သို့မဟုတ် တောင်ကြားရွာလျှင် ဖွားရာဇာတ်။ ယင်းဦးကြီးသည် ဈေးတက်တောင်ကြားရွာဘဲ့ သမိုင်း၊ ရတနာကြေးမုံပါဠိဘာသာရိသတ်ပုံကျမ်းမျှားနှင့် သဇေ်မပါ မဟာမုနိဘုရားတိုင်ရတု ငါးရာငါးဆယ်ဖြစ်တော်ချုပ် ဘုရားရှိခိုးလက်ဝ၊ ရှင်ပင်တောရဘုရားသမိုင်းလက်ဝမျှား ရေးခဲ့သည်။

တဦးမှာ လွှမ်းချင်းကဗျာမျှားကို ရေးခဲ့သော ဦးကြီးဖြစ်သည်။ ယခုဦးကြီးကား ချဉ်ပေါင်ရွက်သည်မောင်မိုင်းဝတ္ထုနှင့် စကားတောင်းစားဝတ္ထုမျှားရေးခဲ့သောဦးကြီးဖြစ်၏။ နာမည်ရင်းဦးမောင်ကြီး၊ ကိုးခရိုင်မြို့စား သံရွာစားမင်းသား၏သမီး ဒေါ်ခင်ခင်၏ သားရတနာဟု သိရ၏။

ကို အရှိအတိုင်း သရုပ်ဖော်ထားလေသည်။ တကယ် အစစ်အမှန်ပေလော၊ ဒဏ္ဍာရီပုံပြင်ပေလော၊ ငလက်တိုင်ညိုတို့၏ဇာတ်လမ်းကို ဦးကြီးခေတ်အလျင်ကပင် လူတို့နှုတ်ဖျားဌ လူပ်ရှားပေါ်လွင်ခဲ့ဘူးပြီ။ မှန်၏။ ဦးကြီးမပေါ်မီခေတ်က စစ်ကိုင်းတောင်ရိုး "အနန္တဒီပဓဇ" ဘွဲ့တံဆိပ်တော်ရ တောတောင်ဘီလူးဆရာတော်ကြီးတို့ ခေတ်ကပင်လျှင် ပုခန်းသား ငလက်တိုနှင့် ချိပါသားငညိုတို့ ထွန်းကားနေလေပြီဖြစ်ကြောင်းကို စာပေပို့ချတော်မူတိုင်း ပုခန်းသားနှင့် ချိပါသား စကားကော်ကပ်မျှားလွန်းသဖြင့် "**ချိပါနှင့်ပုခန်း မစမ်းနှင့်လေ ဘိကွဝေ**" ဟူ၍ ထည့်သွင်း မိန့်ကြားတော်မူနေလေပြီ။ သူတို့နှစ်ဦးဆောင်ရွက်လျှင် အောင်မြင်တတ်၍ "ငလက်တိုနှင့်ငညို တကျိတ်ထဲ တဉာဏ်ထဲ" ဟူ၍ လည်းကောင်း၊ "ငလက်တိုနှင့်ငညို၊ တချက်တည်းခေါ်ဆိုရုံသလို" ဟူ၍ လည်းကောပ်း ဥဒါန်းစကားများရှိခဲ့လေသည်။

ပုခန်းသားငလက်တိုနှင့် ငညိုတို့ စကားတောင်းစားတို့ ကျောင်းအတူနေကြစဉ် ရွာတွင်း ဆွမ်းစဉ်ပရိတ်ဟော မြောက်ကျောင်းဘုန်းကြီးနှင့်အတူ သူတို့ဆရာ တောင်ကျောင်းဘုန်းကြီးကြွလေ၏။ သူတို့သုံးယောက် ဘုန်းကြီးနှစ်ပါးနှင့်အတူပါလာကြ၏။ စကားတောင်းစားက "ဒို့ဘုန်းကြီးက လမ်းသွားမြန်သည်" ဟုစပြောရာ ငလက်တိုက "မြောက်ကျောင်းဘုန်းကြီးက လမ်းသွား ပိုမြန်သည်" ဟု ဘုန်းတော်ကြီးနှစ်ပါးကြားလောက်အောင် နောက်မှ ငြင်းခုံပြောဟန်ပြုလေ၏။ ဘုန်းကြီးနှစ်ပါး တပါးထက်တပါး မြန်အောင်ကွတော်မူကြ၏။ ငညိုက "ဒို့ဘုန်းကြီးက ရှေ့ကျသည်" ဟု လက်ခုပ်တီး နောက်ကအပြေးလိုက်ရာ မြောက်ကျောင်းဘုန်းကြီးမခံချင်ဖြစ်လာ၍ သူတို့ဘုန်းကြီးလွန်အောင် ပြေးသောဟူ၏။ ငလက်တိုက "မြောက်ကျောင်းဘုန်းကြီးကနိုင်သည်" ဟု တဖန်လက်ခုပ်တီး အော်ပြောလေရာ ဘုန်းကြီးနှစ်ပါးတို့မှာ မောဟိုက်အောင်ပြေးကြ၍ ရွာအနီးသို့ရောက်လေမှ

"နင်တို့သုံးယောက် မြောက်ပေးကြသောကြောင့် ဒို့ပြေးရတာ မောလေပြီ၊ တန်ကြတော့" ဟူ၍ မိန့်ဆိုတော်မူကြရပါသည်။

တနေ့တွင် ဘုန်းကြီးက သူတို့သုံးယောက်တို့ကိုခေါ်၍ "မောင်မင်းတို့ အချင်းချင်းစံကားနိုင်အောင် ပြောကြရမည်" ဟု အမိန့်ရှိလေ၏။

ပုခန်းသားငလက်တိုက "ခွေးတကောင်အလွန်အပြေးကောင်းပါသည်။ အပြေးကောင်းသောခွေးကို မည်သူမျှ တွေ့မြင်ဘူးကြမည်မဟုတ်ပါ။ အလွန် အပြေးကောင်းသောခွေးကို ယုန်လိုက်ရန် တောသို့ခေါ်သွားရာ ယုန်သုံးကောင်ကို မြင်လိုက်သည်နှင့် တပြိုင်နက် လိုက်သည်ကို မမြင်လိုက်ရ၊ ယုန်သုံးကောင်လုံးကိုချီ၍ လာသည်ကို တပည့်တော် မြင်ရပါသည်ဘုရား" ဟူ၍ စတင်လျှောက်လိုက်ရာ ဘုန်းကြီးက

"အိမ်း ငလက်တိုခွေးသည် ခွေးကောင်းပေ" ဟု ချီးကျူးလေသည်၊ ချိပါသား ငညိုက "နွားကောင်းမြင်ဘူးပါသည်။ ထိုနွားသည် လှည်းပေါ်၌ မိန်းမကြီးတယောက်

ကိုတင်၍ အင်းဝမှမန္တလေးတောင်ခြေသို့ မောင်းသွားရာ မန္တလေးတောင်ခြေသို့ရောက်လျှင် မိန်းမကြီးကိုမမြင်သောကြောင့် ပြန်၍လှည့်မောင်းရပါသည်။

မိန်းမကြီးလှည်းပေါ်မှကျသည်မှာ မြေကြီးပေါ်သို့မရောက်ခင်ပြန်၍ရောက်သောကြောင့် ကပျာကရာလှည်းပေါ်ကဆင်း၍ မိန်းမကြီးကိုမြေသို့မကျအောင် လက်နှင့်မ,ယူပြီး လှည်းပေါ်သို့ ပြန်၍တင်ရပါသည် ဘုရား''

ဘုန်းကြီးက ''အိမ်း မင့်နွားလည်း နွားကောင်းပေ''ဟု ချီးကျူးလေသည်။ စကားတောင်းစားက ''ထမ်းပိုးကောင်း တွေ့ဘူးပါသည်။ တပည့်တော်မြင်ဘူးသော ထမ်းပိုးသည် တဘက်တချက်ကော့၍ ထမ်းသောအခါကျိတ်ကျိတ်မည်ပြီး ထမ်းစ,အခါ၌ ထမ်းပိုးနှင့်ပခုံးသည် လက်တလုံးလောက်ကွာပါသည်။

တော်တော်ကလေး ထမ်းမိသောအခါ ပခုံးနှင့်ထမ်းပိုးသည် တထွာလောက်ကွာပါသည်။ ခရီးတတိုင်လောက်သွားမိသောအခါ ထမ်းသောသူသည် တောင်းထဲ၌ထိုင်၍ လိုက်ရပါသည်ဘုရား''

ဘုန်းကြီးက ''အိမ်း....မင့်ထမ်းပိုးက သာ၍ ကောင်းပေသည်''ဟူ၍ ချီးကျူးတော်မူသည်။

.... ○ .... ○ ....

ပုခန်းကြီးကျောင်းတော်

ဦးရန်ဝေး၏ ပုခန်းငယ်ကျောင်းတော်ကြီးကဲ့သို့ ကျိုက်မင်းကောင်းမှုတော်ပုခန်းကြီးကျောင်းတော်ဟူ၍ရှိသည်။ မင်းတုန်းမင်းတရားလက်ထက် မြင်ကွန်းညီနောင်တို့အရေးတော်အပြီး ၁၂၃၀-ခုနှစ်က ဆောက်လုပ်ပြီးကြောင်းသိရသည်။ ဆရာတော်မှာကျောင်းဒကာ၏ငယ်ဆရာရင်း ဦးဂုဏာဖြစ်၍ ကျေးဇူးရှင်ဆရာတော်အားကျေးဇူးတုံ့ဆပ်လှူဒါန်းခြင်းတည်း။ ကျောင်းကြီးဒါယကာမှာ ပုခန်းကြီးမြို့ဇာတိ ရေကျုံးအနောက်ဘက်နဂါးတွင်းရပ်၌ ဖွား၏။ ငယ်မည် ဦးဘိုးတုတ်ခေါ်သည်။

ဆရာတော်ဦးဂုဏသည် ခဲလူကျောင်းတိုက်တွင် သီတင်းသုံး၍ ကျောင်းဒကာဦးဘိုးတုတ်၏ကန့်ကူလက်လွှဲဆရာတဆူဖြစ်သည်။ ဦးဘိုးတုတ်ကျောင်းကထွက်သောအခါ


၁။ စကားတောင်းစားမှ ကောက်နုတ်ချက်။



တစိတ်တဒေသ မြင်နေရသေးသော ကျိုက်မင်း ဦးတုတ်၏ ပုခန်းကြီး ကျောင်းတော်

လှေသူကြီးလုပ်၍ အထက်အညာ အဝုန်အဆန် ကူးလူးသွားလာနေစဉ် ၁၂၁၄-ခုနှစ် အမရပူရနေပြည်တော် ပုဂံမင်းနှင့်ညီတော်မင်းတုန်းမင်းသားတို့ အရေးအခင်းဖြစ်ပွားရာတွင် မင်းတုန်းဘက်မှ လှေနှင့် ကုန်ပစ္စည်းများ ကူညီထောက်ပံ့ခဲ့ဘူး၏။ မင်းတုန်းမင်းနန်းတက်သောအခါ ကူညီပေးခဲ့ဘူးသော ဦးဘိုးတုတ်ကို အမိန့်တော်ဖြင့်ခေါ်ယူ၍ ကျေးဇူးဆပ်သောအားဖြင့် ပုခန်းကြီးတိုက်နယ် ၉၉-ရွာကိုအုပ်ချုပ်ရန် သူကြီးခန့်ထားသနားလေသည်။ တိုက်နယ် ၉ -ရွာ ကျေးရွာပေါင်း ၂၉၉-ရွာတို့မှ အခွန်အခများကို ကောက်ယူစေလျက် ကျိုက်မင်းအဖြစ် တိုးမြှင့်ချီးမြှောက်သနားပြန်သည်၊ ကျိုက်မင်း ဦးဘိုးတုတ်သည် ဆရာရင်းတဆူဖြစ်သော ဦးဂုဏ်အားရည်စူးလျက် ကျောင်းတော်ကြီး ဆောက်လှူ ခြင်းဖြစ်၍ ကျိုက်မင်းကျောင်းတော် ဟူ၍လည်း ခေါ်ကြလေသည်။ ဤကျောင်းတော်ကြီးမှာ ရှေ့နောက် အလျား ၂၇ ပင် တောင်မြောက်အနံ ၁၂ ပင် ရှိသည်။ တိုင်ပေါင်း ၂၅၄တိုင် တိုင်လုံးပတ် ၆ ပေ ၆-လက်မ အမြင့်-၅၀ ပေခန့်ရှိ၏။ ၂-နှစ်ခန့်နှင့်အပြီးဆောက်သည်။ ပန်းခြူးပန်းနွယ်ပန်းပြောက်များ ဇာတ်ကြီးဆယ်ဖွဲ့ ရုပ်စုံများ၏ လက်ရာများ ရှုမငြီးဖွယ်ရှိသည်။ ထုတ်ယောက် ဂ လက်မ ဗျက် ၂-ပေထူသည်။ ယွန်းဆောင်ဘုံအဆင့်ဆင့်၊ ပြာသာဒ်အဆောင်ဆောင်၊ ကန့်လန့်ဖြတ်လယ်ပေါ်ဆောင်၊ ဘုရားဆောင်ထိပ်မှအုဋ္ဌလှေခါးတစင်း၊ ဝဲယာဘေးနှင်ဘက်နှစ်စင်းစီ၊ ပေါင်း ၅-စင်းတို့မှာလည်း ယခုတိုင်တွေ့မြင်နိုင်ပါသေးသည်၊

ဤကျောင်းကြီးတွင် သင်ချောက်၊ သစ်ဘီလူးနှင့် သစ်ကျဲများပါဝင်၍ ထူးခြားလှသည်။ ကျောင်းဒါယကာ ကျိုက်မင်းသည် ကိုယ်တိုင် အထက်အညာသို့သွားလျက် သစ်များကိုခုတ်ယူပြီးလျှင် ပုခန်းကြီး ရှေ့ရိုးတူးမြောင်းအထိ ချင်းတွင်းမြစ်မှ သွင်းယူခဲ့ကြောင်းအဆိုရှိသည်။



ပုခန်းကြီးမြို့ မြောက်ဘက် တံခါး
ပေါက် မြို့ရိုးပျက်ကိုလည်း ဤသို့
မြင်နိုင်ပါသေး၏

ယခုအခါ ကျောင်းတော်ကြီးမြောက်ဘက် မြို့ပျက်ခင်တန်းများကို မြင်ရလျှင် ရှေးခေတ်ဟောင်း တသအောက်မေ့ဖွယ်ဖြစ်ရ၏။ ကျောင်းတော်ကြီးအရှေ့ကျောက်ကာတုံးသည် ပုခန်းဆက်သာသနာဝင်တုံးဖြစ်သည်ဆိုရသော် မမှားတန်ရာ။ ယောနယ်ကျောက်ကာရှာဇာတိ ကဲ့ဒါဂဟိုကျမ်း ဝါစ္စဝါစကဒ္ဒီကာကျမ်း စသည်တို့ကို စီရင်တော်မူခဲ့မသာ ကျောက်ကာဆရာတော် **အရှင်သဒ္ဓမ္မနန္ဒီ** သီတင်းသုံးရာ ဘိုးဖြစ်သည်။ ကျောက်ကာကျောင်းတိုက်ကို ဘုမ္မဇေယျာကျောင်းတိုက်ဟူ၍လည်းခေါ်တွင်လေသည်။

ကျောက်ကာဆရာတော် ရှင်သမ္မနန္ဒီသည် မြန်မာမင်းများလက်ထက် အောက်သို့လားသော် ပြည်မြို့အထိ၊ အထက်သို့လားသော် ကလေးရာဇဂ္ဂိုဟ်မြို့အထိ ဩဇာပြန့်နှံ့တော်မူသည်။ သံဃာတော်များ၏ ဦးစီးနှာယကဖြစ်သည်။ ကျောင်းတော်ကြီးအနောက်ဘက်တွင် ခဲလူကျောင်းတိုက်ရှိခဲ့ဘူးသော်လည်း ယခုအခါ အမှတ်အသားများလောက်ကိုသာ တွေ့မြင်နိုင်ကြလေသည်။ ဤကျောင်းတိုက်များ ဝန်းကျင်တို့ကား ရှေးက မြေသံတို့ ချိမ့်ချိမ့်ညံမျှရှိခဲ့ဘူးသည်ကို မြင်ယောင်လျက် စေတီပုထိုးတို့မှာလည်း သပ္ပာယ်စွာ ရှိတော်မူကြယောင်တကား။

ဈာန်ရသာမဏော

ဘုမ္မဇေယျာကျောင်းတိုက်တွင် သာလွန်မင်းတရားခေတ်က ကိုရင်သုမေဓာဟူသော ဈာန်အဘိညာဉ်ရ သာမဏေတပါး နေခဲ့ဘူး၏။ သာမဏေဘဝမှာပင် ဈာန်အဘိညာဉ်များ ရရှိ၍ မြေလျှိုးမိုးပျံ တန်ခိုးကဒ္ဒိပါဒ်များဖြင့် လှုပ်ရှားနေလေသည်။ ပုခန်းကြီးမြို့ဇာတိ ဆရာရင်းမှာ ပုခန်းကြီး-မြို့မဟိန်ကျောင်းတိုက် ဆရာတော်ဖြစ်သည်။

ကိုရင် **ရှင်သုမေဓာ**၏ တန်ခိုးရှင်စျာန်အဘိညာဉ်ရှင်အကြောင်းကို ပုခန်းကြီးနှင့် ပတ်ဝန်းကျင်များက သိရှိလာကြသည်။

မြို့မဟိန်ကျောင်းဆရာတော်က ရှင်သုမေဓာငယ်ရွယ်စဉ် ကျောင်းသားများနှင့် အတူကစားခဲ့သော ကုံညှင်းဒိုးတလုံးကို ရှာယူပြီးလျှင် နှစ်ရက်သုံးရက်ခန့်သွားမှ ရောက်နိုင်မည့်အရပ်တွင် မြုပ်ထားလေ၏။ တန်ခိုးရှင်ကိုရင်သုမေဓာ၏အစွမ်းကို အကဲစမ်းလိုသဖြင့်

"ကိုရင် သင်ငယ်ရွယ်စဉ်က ကုံညှင်းဒိုးကိုယူခဲ့"ဟု ဆရာတော်က အမိန့်ရှိရာ ရှင်သုမေဓာမှာ မိမိငယ်စဉ်က ကစားခဲ့သော ကုံညှင်းဒိုး ယခု ဘယ်မှာထားရှိမည်ကို စျာန်ဝင်စားကြည့်ရာ ထားရာအရပ်သို့ သွားရောက်ယူလေ၏။ ဤအကြောင်းကို မြို့မဟိန်ကျောင်းဆရာတော်နှင့်တကွ ပတ်ဝန်းကျင်တို့က သိရှိကြ၍ အံ့သြချီးကျူးမကုန်နိုင်အောင် ယခုတိုင် ပြောဆိုနေကြလေသည်။

ပုဂ္ဂိုလ်ထူးနှစ်ပါး

ဤပုဂ္ဂိုလ်ထူးနှစ်ပါးတို့မှာလည်း ပုခန်းကြီးမြို့ဇာတိချည်းဖြစ်၍ ဆရာမှာ **အရှင်မုနိန္ဒဿာသ**၊ တပည့်မှာ **ရှင်ဂမ္ဘီသာရ**တို့တည်း။ ဆရာတပည့်နှစ်ပါးတို့သည် ဘိုးတော်လက်ထက်စျာန်အဘိညာဉ်ရ ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာများဟု ထင်ရှားတော်မူကြသည်။

မိမိတို့သီတင်းသုံးခဲ့ရာ ဘူမိဇယျာ ကျောင်းတိုက်မှာပင် တရားအားထုတ်၍ နှစ်ပါးလုံး တရားထူးကို သိမြင်တော်မူကြခြင်းဖြစ်၏။ ထိုသဘင်းမှာ နေပြည်တော်တိုင်ပျံ့နှံ့ကျော်ကြားတော်မူလေသည်။ ဘိုးတော်မင်းတရားသည် ယင်းပုဂ္ဂိုလ်ထူးနှစ်ပါးတို့၏ ကျော်ကြားတော်မူခြင်းနှင့်စပ်လျဉ်း၍ ရဟန္တာဟုတ်မဟုတ် စူးစမ်းနိုင်ရန် နေပြည်တော်မှ ကျမ်းဂန်တတ်ကျွမ်းတော်မူပြီးသော ဆရာတော်ကြီး ၄-ပါးတို့ကို အထူးစေလွှတ်တော်မူ၍ ပုခန်းကြီးသို့ ကြွရောက်တော်မူစေသည်။ ဆရာတော်ကြီး ၄-ပါးတို့ **အရှင်မုနိန္ဒဿာသ**နှင့် **အရှင်ဂမ္ဘီသာရ**တို့၏ အကြောင်းအရာများကို လေ့လာစူးစမ်းနေစဉ်မှာပင် ဘိုးတော်မင်းတရားသည် ၁၁၈၁-ခုနှစ်တွင် နတ်ရွာစံ ကံတော်ကုန်ရွာရ၏။ မြေးတော်စစ်ကိုင်းမင်းခေါ် ဘကြီးတော်လက်ထက်၌ ဆရာတော်ကြီးလေးပါးတို့ ကျေနပ်အားရစွာ ပိဋကကျမ်းဂန်အတန်တန်ညှဉ်ပြီး ရဟန္တာဟုတ်မှန်ကြောင်း မင်းဘုန်းသစ်ထံ စာတော်သွင်းလေသည်။ ဘကြီးတော်မင်းတရားက ဝမ်းသာအယ်လဲ ထူးကဲသောသဒ္ဒါများဖြစ်ပေါ်လျက် ထိုအရှင်ဆရာတပည့် ရဟန္တာနှစ်ပါးတို့ကို နေပြည်တော်သို့ပင့်ဆောင်ကိုးကွယ်လေ၏။ သို့သော် ဆရာတပည့်တို့မှာ နေပြည်တော်တွင် တာရှည်စွာသီတင်းသုံးခြင်း ပြုတော်မမူကြပဲ ပုခန်းကြီးနယ် သွားလာရေးမကာ ဘောများတွင်လှည့်လည်သီတင်းသုံးတော်မူကြသည်။

ဘုန်းတော်ကြီးဦးနု

၁၂၇၀-ပြည့်နှစ်ခန့်ဆီက ဖြစ်သည်။ ရဟန္တာဝတမျှထင်ရှားသော ဘုန်းတော်ကြီးဦးနုပင်ဖြစ်ပါသည်။ ဘွဲ့တော် ဦးပညာသီဟမဓေါ်တင်၊ ဦးနုဟူ၍ လူနာမည်ဖြင့် ထင်ရှားသည်။ ဦးနုသည် ကျေးဇူးရှင်လယ်ဘီဆရာတော်ကြီး၏ ပဋိပတ္တိအမွေခံ လက်ကျန် တပည့်ရင်းဖြစ်သည်။ ဦးနု၏ဇာတိမှာ ခရစ်ကြိုမြို့နယ် သဇေပြပင်ခွေးပြုပ်ရွာ ဖြစ်သည်။ တတောဝင် တတောထွက် အလှည့်အလည်နေထိုင်လျက် တရားထူးရှာသည်။ ဓုတင် အားလုံးဆောင်သည်။ ဦးနုအနေများသော် တောရကျောင်းမှာ ရေစကြို့မြို့နယ် မြေဖြူတောရဖြစ်သည်။ ဦးနုအား ရဟန္တာဟုသမုတ်လျက် အဖူးအမြင် သွားရောက်ကြသူများမှာ ပျားပန်းခက်မျှဖြစ်သည်။

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး စစ်ကိုင်းတောင်အထက် ဆေးတိုက်စံကျောင်းတွင် သီတင်းသုံးစဉ်ကပင် ဆရာတော်ကြီး၏ နိဿယများယူလျက်အတူနေ၍ တရားထူးရအောင် အားထုတ်ခဲ့သည်။ ထက်ခဲျပ်မကွာလိုက်ပါပြီး အဆုံးအမများကိုလည်း ခံယူလေသည်။ ဆရာတော်ကြီးပျဉ်းမနားမြို့သေဒွေးဦးလန်းတိုက်တွင် မမာမကျန်းဖြစ်တော်မူစဉ်က အများမသိုက်ဝံ့သော ဆေးကိုပင် ဦးနုက တိုက်ကျွေးကုသခဲ့ဘူးသည်။ သို့သော် တလကျော်ကြာလျှင် ၁၂၀၅-ခုနှစ်အရောက် ပြန်လှန်တော်မူရာ-ဆရာတော်ကြီး၏ ရုပ်အလောင်းတော်ကို မုံရွာနှင့်ပျဉ်းမနားမြို့မှ များစွာသောတပည့်ရင်လူ အပေါင်းတို့အလောင်းလုပ်ခဲ့ဖြစ်ပွားလေသည်။

ထူးဆန်းသည်မှာ ဆရာတော်ကြီး ရုပ်ကလာပ် အလောင်းတော်မှာ မသိုးမပုပ် ပကတိရုပ်အသွင်ရှိ၏။ မုံရွာနှင့် ပျဉ်းမနားအလောင်းလုကြရာ ပျဉ်းမနားက အနိုင်ရရှိ၍ ပျဉ်းမနားစံကျောင်းတော်၌ အပူဇော်ခံစဉ် ရဲ(ပုလိပ်)များ စောင့်ကြပ်ထားရ၏။ ဆရာတော်ကြီး နာမကျန်းဖြစ်၍ တပတ်ခန့်အကြာ မြေငလျင်လှုပ်ခြင်း၊ ပြန်လှန်ကာနီး တကြိမ်၊ ဦးလန်းတိုက်မှ ရန်အောင်ကုန်းမြင့် (ယခု ဆရာတော်ဦးဥယျသီတင်းသုံးသော စံကျောင်းကုန်းမြေ) စံကျောင်းသို့ပင့်ရာတွင်ဘကြိမ်၊ တေဇောဓာတ် လောင်ကျွမ်းစဉ် တကြိမ်၊ ဤကဲ့သို့ ထူးကဲစွာဖြစ်သည်။ သက်မဲ့အရာဝတ္ထုဖြစ်သော စံကျောင်းတော် လှေကားနှီးရှိ သရက်ပင်အသေခြောက်ကြီးမှ ရုတ်တရက်ရွက်နုများဖြာထွက်၍ စျာပနပြီးသည်အထိ အသီးအပွင့်များ ဝေဆာလျက်ရှိခြင်းမှာ ပြောပြ၍မပြီး အံ့ချီးဖွယ်ကောင်းသော အချက်များဖြစ်၏။

ဆရာတော်ကြီးစျာပနသို့ စစ်ကိုင်းတိုင်း မျက်နှာဖြူတိုင်းမင်းကြီး ပဲခူးမျက်နှာဖြူ တိုင်းမင်းကြီးများ၊ မျက်နှာဖြူအင်္ဂလိပ်အရေးပိုင်များ၊ ရဲဝန်ကြီးများအပြင်၊

ဇင်ဥဝန်ဒါရ၊ ရွှေကျင်၊ သုခမှာ၊စသော ဂိုဏ်းအဖွဲ့ပေါင်းစုံ၊ ရသေ့ကြီးဦးခန္တီစသော ထင်ရှားသော ပုဂ္ဂိုလ်ကြီးများကက်ရောက်ကြသည်။ တပည့်ကြီးများဖြစ်သော သေကျွေတောင်ဦးတိလောက၊ ကြောင်ပန်းဦးဣန္ဒက၊ မိုးညှင်းဦးသုဇာတ၊ ဒုတိယလယ်တီဆရာတော် ဦးဉာဏောဘာသ၊ လယ်တီဦးပဒုမ၊ ဦးဓမ္မစာရီ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ လယ်တီကိုတို့(ဆရာစိန်)၊ လယ်တီဝါယာမ(ဆရာမြို့)စသော ထင်ရှားသော တပည့်ကြီးများလည်း တက်ရောက်ပူဇော်ကြ၏။

၇-ရက်တိုင်တိုင် ကျင်းပပြီးနောက် နံ့သာထင်းများဖြင့် မီးသင်္ဂြိဟ်ပူဇော်ရန် စီမံဆုံးဖြတ်ကြ၏။ သို့သော် ရုပ်အလောင်းတော် မသိုးမပုပ် ပကတိအတိုင်းရှိနေရကား မီးသင်္ဂြိဟ်ခြင်းပြုရန် ဆုံးဖြတ်ချက်ရှိသော်လည်း အုတ်ဂူသွင်းထားပူဇော်ရန် ပြန်လည်ဆုံးဖြတ်ကြပြန်၏။ အလောင်းတော်ကိုလည်း မှန်စီရွှေချခေါင်းဖြင့် အုတ်ဂူတွင်ထားရန် စီစဉ်ကြလေ၏။ ဂူပေါက်တခုတွင် သံဇံခါးနှစ်ထပ်၊ အာမခံသော့များ ခတ်လျက် ဂူပေါက်ကိုတဖန် အင်္ဂတေဖြင့် အသေပိတ်လေသည်၊ အုတ်ဂူတံခါးသော့များကို အရေးပိုင်နှင့် ရဲဝန်ကြီးတို့ထံတွင် တချောင်းစီထားလေသည်။

ထိုညတွင် သန်ကောင်ယံအချိန် မြေငလျင်သုံးကြိမ်ဆက်တိုက်လှုပ်ပြန်၏။ တူရိယာသံများကိုလည်း ကောင်းကင်ယံမှ ကြားနေကြလေ၏။ ထိုသို့ လုံခြုံစွာပိတ်ထားသော်လည်း အလောင်းတော်မြတ်တေဇောဓာတ်လောင်ကျွမ်းခြင်းခံရုလေ၏၊အလိုအလျောက်လောင်းကျွမ်းခြင်းပေလော၊ အုတ်ဂူသော့တူဖွင့် အလောင်းတော်ထုတ်ယူ၍ မီးသင်္ဂြိဟ်ခြင်းပေလော။

ထိုသတင်း တမဟုတ်ချင်းပြန့်နှံ့သွားလေ၏။ မည်သူမီးသင်္ဂြိဟ်သလော၊ မီးသင်္ဂြိဟ်သူ လက်သည်မဟေါ။ အရေးပိုင် စသော အစိုးရပိုင်းက ယင်းဖြစ်ရပ်အမှန်ပေါ်ရန် အပူတပြင်းလိုက်ပါ၏။ လုံးဝမပေါ်။ သို့ဖြင့်လျှင် ဦးလန်းနှင့် ဦးထွန်းလှိုင်တို့အား အရေးယူကြရမည့် အခြေရောက်နေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ရဟန်းရှင်လူ အစည်းအဝေးကြီးကျင်းပ၍ လက်သည်ဖော်ရန် ဆွေးနွေးကြ၏။ ကြီးမားများလှသော ပရိသတ်ထဲမှ ဘုန်းကြီးဦးနုက "ကျေးဇူးရှင်အလောင်းတော် တေဇောဓာတ်လောင်ကျွမ်းစေခြင်းမှာ မိမိပြုလုပ်ရကြောင်း၊ မည်သူ့ကိုမှ အရေးယူရန်မလိုကြောင်း၊ လက်သည်ဖြစ်သည့်မိမိကို အရေးယူလိုကယူနိုင်ကြောင်း" ရဲရင့်စွာ မိန့်ကြားတော်မူ၏။

မည်သူကိုမျှ အသိမပေး မီးသင်္ဂြိဟ်လိုက်ခြင်းကြောင့် ဦးနုကိုသာ အရေးယူထိုက်ကြောင်း ပြောဆိုကြလျှင် ဘုန်းကြီးဦးနုက "ဆရာတော်ကြီးကွယ်လွန်တော်မမူမီအမိန့်ရှိတော်မူခဲ့သည်မှာ ငါ၏ ရုပ်အလောင်းတော်ကို မီးသင်္ဂြိဟ်ရန် မိမိ(ဦးနု)အား တာဝန်ပေးတော်မူခဲ့ကြောင်း၊ အများကိုတိုင်ပင်က ပျက်ကွက်မည်စိုး၍ မင်း တဦးတည်း

သာ လိုအပ်သလိုဆောင်ရွက်ရစ်ခဲ့ပုန် မှာထားတော်မူကြောင်း၊ မိမိအား အရေးယူ အပြစ်ပေးကလည်း ဝမ်းသာစွာ ခံယူမည်ဖြစ်ကြောင်း" မိန့်ကြား လျှောက်ထားလေ၏။ ပရိသတ်အပေါင်းက ရဲရင့်ပြတ်သားစွာ မိန့်ကြားနေသော ဘုန်းကြီးဦးနု၏ ထူးဆန်းသောဖြစ်ရပ်ကို အံ့အားသင့်နေကြလေ၏။

ရွှေဥမင်ကျောင်းတိုက်ကြီး

ပုခန်းရွှေဥမင်ကျောင်းတိုက်သမိုင်းကို လေ့လာကြပါစို့။

ဤကျောင်းတိုက်ကား ရှေးပုဂံခေတ်မှစ၍ မြန်မာမင်းအဆက်ဆက်တို့ထင်ရှား ခဲ့သည်။ "ဘုရားမတင်၊ နတ်မတင်၊ လူတွင်ဆယ်ပွင့်ပန်း" နှင့်အညီ မြန်မာမှု အနုပညာ ပန်းဆယ်မျိုးတို့ဖြင့် တင့်ဖြိုးနေလေသည်။

သက္ကရာဇ် ၉၆၇-ခုနှစ်၊ အင်းဝအနောက်ဖက်လွန်မင်းတရားလက်ထက် ပုခန်း မြို့စား ဇေတရာဇ်အမတ်ကြီးဆရာ၊ ပုခန်းကြီးကုန်း မင်းကျောင်းဆရာတော် အရှင် ကုမာရကဿပမထေရ်စပ်ဆိုသော ဓမ္မရာသီပျို့တွင်....

"ထောင့်ယွန်းစည်းခုံ၊ အစုံလိုဏ်မုခ်၊ စီအုဋ်ဘန်းရန်၊ ကောင်းမွန်ပြစ်ပြေ၊ အင်္ဂတေတတ်၊ မည်မှတ်ပန်းတော့၊ တမော့ကားကျောက်၊ လက်မြောက်တတ် လွန်း၊ ဤတသွန်းကား၊ ထူးဆန်းရုပ်တု၊ ပန်းပုခေါ်မည်၊ ရေးသည်ပန်းချီ၊ လုံးညီခံမှတ်၊ ပန်းပွတ်တဖြာ့၊ ပူတာလုပ်ငြား၊ ပန်းခတ်များက၊ တခြားဝေဖန်၊ ဤတသွန်နှင့်၊ ထက်ချွန်လှံမား၊ သံအားနိုင်မြဲ၊ ပန်းပဲတုရေး၊ ကြေးမှာတတ် သည်၊ ပန်းတည်းမည်၏၊ အရည်လျှံထွေ့၊ ရွှေငွေကစ၊ တတ်သမျှကား၊ မည်ရ သဘော၊ ပန်းထိမ်ဟောသား+++"

စသည်လာရာ "**တင်းတိမ် ပဲ-တော့၊ ရန် ပု မော့၊ မှတ်လော့ ပွတ်ယွန်းချီ**" ဟူသောဆောင်ပုဒ်အတိုင်း **ပန်းဆယ်မျိုး**"တို့ဖြင့် ရှုမငြီးအောင် တည်ဆောက်ခဲ့ရာ ကျောင်းတိုက်ကြီးဖြစ်၏။

ရှေးဟောင်းလက်ရာ အပျက်အစီးများအချို့ ကျန်ရှိနေပေသေးသည်။ သမိုင်း မှတ်တိုင်အဖြစ် ရွှေဥမင်**အရှင်ဇမ္ဗုဒီပဓဇ**ဆရာတော် ကျမ်းပြုခဲ့ရာ နေရာဟောင်းလည်း



ပုခန်းကြီးမြို့ရိုးနှင့် တမိုင်ခန့်အကွာ ရွှေဥမင် ကျောင်းတိုက် မြင်ကွင်း တရပ် (နယ်ခဲ့ခေတ်ကုန်ဆုံးကာနီး မီးသင့်ခံရသည်)

ရှိသေးသည်။ ကျောင်းတိုက်ကြီးအကျယ်အဝန်းမှာ ကေနှစ်ဆယ့်ငါးကေ ခန့်ကျယ်မည်။ အုတ်တံတိုင်းပျက်အချို့ ရေကန်ဘောင်ရိုးရှိ မန်ကျည်းပင်များ ကြီးမားစွာ တွေ့မြင်ခြင်းဖြင့် မည်မျှကြီးကျယ်ကြောင်း ခန့်မှန်းနိုင်သည်။

ပုဂံခေတ် စိမ်းညက်မင်းသားဆရာ သာသနာပိုင် သီလဗုဒ္ဓိမည်သော ငစ္ဆယ်ရှင် ပုံသုကူမစထရ်၊ ပေါင်းလောင်းရှင်မဟာကဿပမထေရ်၊ အရှင်**မဓဝ**ရမထေရ်တို့မှာ ပုဂံ**ဆပ္ပဒဆရာတော်**၏ အဆက်အနွယ်များဖြစ်သည်။ ဆပ္ပဒဆရာတော် အဆက်အနွယ်များသည် ဤရွှေဥမင်ကျောင်းတိုက်ကြီးကို ဦးစွာတည်ထောင်ခဲ့သည်ဟု ဆိုကြသည်။ ရွှေဥမင်ကျောင်းတိုက်အတွင်း၌ ကျောင်းဆောင်ပေါင်း ၂၀-ကျော်ရှိ၍ စာသင်သား သံဃာ ငါးရာကျော်တို့ နေထိုင်သီတင်းသုံးခဲ့ကြသည်။

ပထမတောရကျောင်း

သက္ကရာဇ် ၉၆၈-ခုနှစ် ပုဂံနန်းဆက် ၂၇-ဆက်မြောက် သိန်းစွန်မင်း သားတော်များဖြစ်သော စည်သူနှင့် ကျော်စွာမင်းသားညီနောင်တို့၏ အကြီးတော်ချုပ်ပညာစာရ အမတ်ကြီးသည် မင်းတရားကြီး၏အမိန့်အရ ပုခန်းကြီးနယ် ဂူဒီဝိဓတောင်ခြေတွင် ဘုရားအလောင်းတော် ခြင်္သေ့မင်းဖြစ်စဉ်နေရာဟောင်း၌ သာသနာစည်ပင်ပြန့်ပွားစေရန် ကျောင်း ကန် စေတီ ပုထိုးများကိုတည်ခဲ့သည်။

သာသနာတော် အဓွန့်ရှည်ကြာစွာ တည်ထွန်းမည့်အရေးကို တောင်စောင့်နတ် ကိုယ်ထင်ပြလျက် "ဤနေရာ၌ ပညာလင်္ကာတောရကျောင်း" ဟူ၍ ပထမဆုံး အမည် သမုတ်လေသည်။

၁၁၉-ခုနှစ်၊ ရာမညတိုင်းမှ မွန်ဆရာတော် အရှင်ခေမဒဿီမထေရ်အား ဤကျောင်းတိုက်ကို လှူဒါန်းကိုးကွယ်လေသည်။ အရှင်ခေမဒဿီမထေရ်ကား **ပုဂံဧယျ ပွတ်ကျောင်းတိုက်**ထွက်ဖြစ်သည်။ ထိုအချိန်က ပုဂံပြည်နန်းတွင်းရေး မငြိမ်မသက် ဖြစ်နေရာ သိန်းစွန်မင်းကျောင်းလွတ်သာဓုခေါ်ပွဲ မပြုလုပ်နိုင်ခဲ့ဟုဆိုသည်။

မွန်ဆရာတော် အရှင်ခေမဒဿီမထေရ်လက်ထက် ဤပညာလက်ဝရတောရကျောင်းသည် ပရိယတ္တိတက် ပဋိပတ္တိဖတ်၌ အားသန်ခဲ့၍ တရားအားထုတ်ကြသူများသည်။ တရားအားထုတ်သူများ၏ ဝိဝေက သုခ,ရရှိကြစေရန် ဥမင်လိုဏ်များ ဖောက်ထွင်းကြသည်။ အချို့မှာ သုံးဖာလုံခန့်ရှည်သည်။ လိုဏ်ပေါက်အတွင်းသို့ ဝင်ကြည့်ကြသော သုတေသနပြုသူများအဆိုအရ မည်သည့်နေရာ၌ ဆုံးသည်ဟု မသိကြလေ။ ဆီမီးတိုင် ညှိထွန်းကြည့်ရသည်။ ဆီတပိဿာဝင် ဆီမီးထွန်းသွားရာ ကုန်သော်လည်း လိုဏ်ပေါက်အဆုံးမတွေ့ရဟု ဆိုသည်။

ဤတွင် တောင်ကုန်းမြေ ရှည်လျားစွာ ထွင်းဖောက်ထားသည့် တောင်ခေါင်းကို ဥမင်ဟု ခေါ်၍ လိုဏ်မှာ မရှည်ပါ၊ ကုန်းကမ္ဘားစောင့် ထွင်းဖောက် အုင်္ဂစီထားသည်။ ကုန်းကမ္ဘာ့ယံစွန် ထွင်းဖောက်ခြင်းမပြု၊ အုင်္ဂဖြင့်ပြုလုပ်သည်ကို ဂူဟု ဆိုပါသည်။ ဤတောရကျောင်းတွင် ဆရာစဉ် ၈-ဆက် သီတင်းသုံးခဲ့ပြီးနောက် ၂၅၁-ခုနှစ်ကစ၍ ဆရာစဉ်အဆက် ကင်းပြတ်ပြီး တောအတိ, ချုံနွယ်ပိတ်ပေါင်းတို့ ရှိလေသည်။

ဒုတိယအကြိမ်

ပုဂံမင်း ၃၉-ဆက်မြောက် ကွမ်းဆော်မင်းနန်းတက်သည်။ (၃၂၆ + ၃၄၈) ထိုမင်းသည် တောင်သူကြီးမင်း၏ မိဖုရားသုံးပါးတို့ကို ဆက်လက်၍ မိဖုရားမြောက်သည်။ ပထမမိဖုရားတွင် တောင်သူကြီးမင်းနှင့် ကိုယ်ဝန်ပါလာသော ကြည်စိုးမင်းသားနှင့် ဒုတိယမိဖုရားတွင်လည်း အလားတူ စုက္ကတေးမင်းသားတို့ကို ဖွားသည်။

တတိယ မိဖုရားတွင် ကွမ်းဆော်မင်းနှင့် ကိုယ်ဝန်ရသော အနော်ရထာမင်းသားကို ဖွားလေသည်။ အနော်ရထာမင်းသား ၁၄-နှစ်အရွယ်သို့ရောက်လျှင် ခမည်းတော် ကွမ်းဆော်မင်းက ရွေးကတည်ခဲ့သော ကူးခန်း(ကူးသန်း)ပုခန်းမြို့ဟောင်းကို အနုရုဒ္ဓမြို့အဖြစ် သမိုက်လျက် အပိုင်စား သနားချီးမြှင့်တော်မူသည်။ ယင်း အနုရုဒ္ဓမြို့ကို အပိုင်စားရသဖြင့် အနော်ရထာမင်းသားအား (အနုရုဒ္ဓရာဇကုမာရ်) ဟူ၍လည်း ခေါ်ကြ၏။

အခါတပါး သားတော်ကြီးများဖြစ်သော ကြည်စိုးနှင့် စုက္ကတေးမင်းသားတို့သည် ခမည်းတော်(ကွမ်းဆော်မင်း) နန်းသက် ၂၂-နှစ် ရောက်သောအခါ ကျောင်းလွတ်သာဓုခေါ်ပွဲသို့ကြွရန်ဆိုပြီး လှည့်ဖျားလျက် မင်းသားနှစ်ဦးတို့က ခမည်းတော်

အား အဓမ္မစနစ်ဖြင့် ရဟန်းပြုစေသည်။ ခမည်းတော် အလိုအလျောက် ရဟန်းပြုကြောင်းကိုလည်း သတင်းလွှင့်ကြလေသည်။

အကြီးဖြစ်သူ ကြည်စိုး (၄၀) မင်းဆက်၊ ညီလတ် စုကွတေး (၄၁) မင်းဆက် ဆက်လက်ပုဂံတွင် နန်းစံကြသည်။ စုကွတေးနန်းတက်လျှင် ဖအေတူ အမေကဲ့ အနုရုဒ္ဓခေါ် ညီတော် အနော်ရထာမင်းသား၏ မယ်တော်အား သိမ်းပိုက်ရန်ကြံရွယ်လေသည်။ အနော်ရထာကိုလည်း စုကွတေးက "ညီသားနောင်မယ်" ဟု ခနဲ့ခေါ်သည်။ အနော်ရထာသည် ညီသားခေါ်ရမည်လောဟု ပြင်းစွာ အမျက်ထွက်ပြီးလျှင် နောင်တော် စုကွဲတေးနှင့် စိမ်းချင်း စစ်ထိုးလေသည်။ စုကွတေးမှာ ညီတော်လက်ချက်ဖြင့် အသက်ကုန်သည်၊ အနော်ရထာမင်းသားသည် ပုဂံမင်း ၄၂-ဆက်မြောက် ဆက်လက် နန်းစံရသည်။

(၄၀၆+၄၃၉) အနော်ရထာမင်းသားဘဝက အပိုင်စားရခဲ့သော အနုရုဒ္ဓမြို့ခေါ် ပုခန်းမြို့ကို နိုင်ငံတော်စုစည်းခဲ့ရာ၌ သိန်းပြူ,သောင်းပြူ,ထောင်ပြူ,ရာပြူ,မြို့များအသီးသီး ဖွဲ့စည်းပြီးလျှင် "လေးရာပြူမြို့" ဟူ၍ သမုတ်ပြန်လေသည်။

ဒိုင်းကိုင် ၅၀၊ လေးကိုင် ၈၀၊ ဝန်ထမ်း ၅၀၊ လှံကိုင် ၅၀၊ သေနတ်ကိုင် ၈၀၊ အမြောက်ကိုင် ၉၀- ဤသို့ စသည်ဖြင့် စစ်သည် ၄၀၀- ပေးဆောင်ခြင်းကို အစဲ့ပြု၍ လေးရာပြူမြို့ ဖြစ်လာသည်။

"လေးရာပြူဆန်း၊ မြို့ပုခန်း၊ ကူသန်းခေါ်တထွေ" ဟူ၍ ကဝိလက္ခဏာသတ်ပုံဥဒ္ဒေသ ဆိုဖွဲ့ထားသည်။ အနော်ရထာမင်းတရားသည် ပုဂံပြည်တွင် သာသနာပြန့်ပွားစည်ပင်အောင် အားထုတ်လေသည်။ အရည်းကြီး ရဟန်းတုမျှားကို လူထွက်စေပြီး ဆင်ချေးကြိုးခြင်း စသော တာဝန်များ ပေးထားသည်။ ထေရဝါဒတူ အရှင်အရဟံ ရဟန္တာမထေရ်မြတ်အား သာသနာပိုင် အပ်နှင်းလျက် သာသနာပြုခဲ့သည်။

ထာဝရဥမင်တောရကျောင်း

အနော်ရထာမင်းလက်ထက် ယခင် ပညာလက်ာရတောရကျောင်းဟောင်းနေရာ၌ ထာဝရ ဥမင်တောရ ကျောင်းအဖြစ် ပြန်လည်တည်ခဲ့သည်။ အလျားတာ- ၆၃၀၊ အနံတာ-၃၁၆-အကျယ်အဝန်း တိုးခဲ့၍ စေတီ,ကျောင်းများနှင့် ရေကန်များ တည်ပြန်သည်။

အနော်ရထာမင်းသည် ယင်းသို့ ကောင်းမှုတော်များ ပြုလုပ်ပြီးသော် **ပုဂံနေပြည်တော် သဒ္ဒနီတိကျောင်းတိုက်ထွက် အရှင်ကုသုမထေရ်နှင့် အရှင်ကောသေ**ယျထေရ်နှစ်ပါးတို့ကို ပင့်ဆောင်အုပ်ချုပ်စေသည်။ ကျောင်းလွတ်သာခုခေါ်ပဲကိုလည်း မင်းကြီးကိုယ်

တိုင် ရေစက်သွန်းတော်မူ၏။ အရှင်နှစ်ပါးနှင့်အတူ ပုဂံမှ နောက်ပါသံဃာ လေးကျိပ်လည်း ပါလာ၏။

စာဆောင်သား သံဃာ ၃၀၀-ကျော်လေသည်။ ကျွင်းတိုက် ဝတ္တကမြေပယ်သို့းဆယ်လှူ၍ ဆွမ်းဝတ်တည်ရန် လူနေအိမ်တရာရှိ ရွာကိုတည်ပေးသည်။ လုပ်ကိုင်ရန် လယ်မြေယာများကို သတ်မှတ်ပေးသည်။ နွေစဉ် ဆွမ်းငါးဆယ်ရှိသည်။ ဘဏ္ဍာတိုက်မှ နွေစဉ်အလှူဝတ်ထားလှူက် ကပ်ပိယ ဘဏ္ဍာစိုးတဦး ခန့်လေသည်။ အရှင်နှစ်ပါးအနက် အရှင်ကုသုမ ပြန်လွန်၍ အရှင်ကောသေယျ,က ဆက်လက်အုပ်ချုပ်နေသည်။

ပညာတော်သင် နှစ်ပါး

ဆရာတော် အရှင်ကောသေယျသည် စာသင်သား သံဃာ ၃၀၀- ကျော်အနက် အတူးခွန်ဆုံး သံဃာတော်နှစ်ပါးရွေး၍ ပုဂံပြည်နှင့် သီဟိုဠ် (ယခု သီရိလင်္ကာ)သို့ ပညာသင် စေလွှတ်သည်။ ပညာသင်နှစ်ပါးမှာ **ရှင်အာနန္ဒာ**နှင့် **ရှင်ကစ္စာယန**တို့ ဖြစ်ရာ ရှင်အာနန္ဒာသည် ပုဂံတွင်၊ ရှင်ကစ္စာယနသည် သီဟိုဠ်တွင် နေထိုင်ရန် စေလွှတ်သည်၊

ပညာတော်သင် နှစ်ပါးတို့မှာ ၃-နှစ်ခန့်ကြာလျှင် ပိဋကနှင့် ဂန္ထဆရာ လောကီပညာရပ်များ တတ်ကျွမ်းလိမ္မာပြီးဖြစ်၍ တိုက်ရင်းဌာန ရွှေဥမင်ကျောင်းတိုက်သို့ ပြန်လည်ကြွလာကြသည်။ ရှင်အာနန္ဒာမှာ တိုက်ရင်းသို့ပြန်လည်နေပြီး မကြာမီ တရုတ်ပြည် ယူနံနယ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ကြွရောက်လေသည်။ အရှင်ကစ္စာယနသည် ထာဝရဥမင်တိုက်မှာပင် စာပေပို့ချရင်း ပြန်လွန်တော်မူသည်၊

ဆရာတော် ကောသေယျသည်လည်း သက်ရွယ်ကြီးရင့်လာသဖြင့် တပည့်ကြီးများဖြစ်သော **ရှင်အာစရကုဋ္ဌိတ**နှင့် **ရှင်မေဓာဝီသ** မထေရ်နှစ်ပါးတို့ကို တိုက်တာအုပ်ချုပ်ရန် အကြီးအကဲအဖြစ် လွှဲအပ်တော်မူသည်။ ရှင်မေဓာဝီသမှာ ပိဋကသာ တတ်ကျွမ်းရုံမက၊ ဗေဒင်နက္ခတ် ဆေးဝါးမန္တန်အတတ်၌လည်း လိမ္မာတတ်မြောက်တော်မူလှ၏။ အရှင်မေဓာဝီသ ပြန်လွန်ရာ တပည့် အရှင်အရိယဓဇသဒ္ဓမ္မရုံသီအား အကြီးအကဲလွှဲအပ်ပြန်သည်။ ဤမထေရ်ကား အလောင်းစည်သူ မင်းတရားကြီး၏ဆရာ သာသနာပိုင်ဖြစ်တော်မူ၏။ ထိုဆရာတော်လက်ထက် ထာဝရဥမင်ကျောင်းတိုက်တွင် သံဃာ ၅၀၀ ကျော်သောဟူ၏။

အလောင်းစည်သူ

အလောင်းစည်သူကား ကျန်စစ်မင်းတရားကြီး၏မြေးတော်တည်း။ (၄၇၄-၅၂၉) ပုဂံတွင်နန်းစံသည်။ ဘုန်းကြီးသောမင်းတည်း။ ဇမ္မူဒီပ်ကျန်းတခွင်နှင့် မဟာသမုဒ္ဒရာ

အပြင်၌ ထူးသောအခြင်းအရာများကို လှည့်လည်ကြည့်ရှုရန် သက်နက်ဖောင်စကြာယာဉ် ရှိသည်။

ဘဝဟောင်းကပိုင်သော ပတ္တမြားမျက်ရှင်ကို ဖောင်စကြာယာဉ်ဦးတွင် ထား၍ တိုင်းခန်းလှည့်သည်။ အဘိသိက်ခံယူစဉ်က သိကြားမင်းဆက်သော မနောမယကြိမ်စကြာ လည်းရှိသည်။ စိတ်သွားတိုင်းကိုယ်ပါ၍ အလိုရှိရာ အောင်မြင်ပြီးမြောက်သည်ဟု ရာဇဝင်၌ ဖော်ပြထားသည်။

အလောင်းစည်သူမင်းကြီးသည် နန်းတက်၍မကြာမီ ဖောင်စကြာယာဉ်ဖြင့် မင်းမိဖုရား မူးမတ်အမျှးခြံရံလျက် မဟာသမုဒ္ဒရာရေပြင်ကျယ် ခရီးလှည့်လည်တော်မူ၏။ မင်္ဂျိမဒေသ ဘင်္လားအော်သို့ရောက်သော် တူရိယာငါးပါးလွယ်၍ ကျောက်ရုပ်ငါးရုပ်ကို တွေ့ရ၏။ အမတ်ပညာရှိအားမေးရာ "အရှင်မင်းကြီး၏ဘေးလောင်းတော် အနော် ရထာမင်းလက်ထက်က ဤအရပ်တွင် နောင်ငါမင်းတရားကဲ့သို့ ဘုန်းသမ္ဘာကြီးသူ သား တော် မြေးမြစ်တော်တို့ တိုင်းခန်းလှည့်လည်နိုင်လျှင် ဤအရပ်သို့ရောက်လာက သင်တို့ တူရိယာငါးပါးဖြင့် တီးမှုတ်ဖြေဖျော်ကြရစ်ကြရမည်ဟူသော အမိန့်တော် သတ်မှတ်ချက် ခံရသော ကျောက်ရုပ်များဖြစ်ကြောင်း" တင်လျှောက်သည်။ အလောင်းစည်သူမင်းက "ငါကဲ့သို့ ဘုန်းကြီးသောမင်းကြွလာပါလျက် အဘယ့်ကြောင့် မတီးမှုတ်ကြလေသနည်း" ဟု မနောမယကြိမ်စကြာကို မြှောက်ချီမိန့်တော်မူရာ ကျောက်ရုပ်တို့မှာ အသက်ရှင်သူများကဲ့သို့ဖြစ်လာပြီး ကျန်စဉ်ဘီးမှုတ်ဖြေဖျော်ကြလေ၏။

လူမင်းနတ်မင်း

မင်းတရားကြီးသည် သီဟိုဠ်ကျွန်းမှတဖန် ဇမ္ဗုသပြေသို့ကူးရန်စီစဉ်လေ၏။ ဇမ္ဗုသပြေအနီး၌ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီး ဘုရားလေးဆူ သီတင်းသုံးခဲ့ဘူးရာ ပုလဲကျောက်ဖျာရတနာကို တွေ့လိုပေသည်။ သိကြားမင်းသည် ထိုအခြင်းအရာကိုမြင်၍ အပါးတော်မြဲ ဝိသုကြံနတ်တမန်နှင့်အတူ ကိုယ်ထင်ပြလေသည်။

"အရှင်သိကြားမင်း ဤရတနာကျောက်ဖျာချပ်ကို ရုပ်ပွားတော်ထုလုပ်ကိုးကွယ် ရသော် ကောင်းလေစွ" ဟု မင်းကြီးကဆိုလေ၏။ "ဤကျောက်ဖျာသည် ဘုရားရှင်ငါး ဆူ သီတင်းသုံးတော်မူရန် ခင်းထားသော ရတနာကျောက်ချပ်ဖြစ်သည်၊ အရှိမေတ္တေယျ ဘုရားတဆူသီတင်းသုံးတော်မူရန် ထားရှိရဦးမည်ဖြစ်၍ ဘုရားရုပ်တု ထုလုပ်ကိုးကွယ်ရန် မသင့်လျော်" ဟု သိကြားမင်းကပြောသည်။ ရုပ်ပွားထုလုပ်ကိုးကွယ်လိုသော မင်းကြီး၏ဆန္ဒ ပြည့်ဝစေရန် သိကြားသည် တန်ခိုးဖြင့် ပုလဲကျောက်ဖန်ဆင်းလျက် ဘုရားရုပ်တု တော်တဆူ အလောင်းစည်သူအား ပေးအပ်လေ၏။ မင်းကြီးက ရှိသေစွာခံယူပြီးလျှင် "ဖြူစင်သန့်ရှင်းပါပေသည်" ဟုဆိုလျက် "ရှင်ဖြူ" ဘုရားဘွဲ့တော် သမုတ်လေ၏။

ထို့ပြင် ဇမ္ဗုသပြေပင်အလိုရှိကြောင်းပြောပြန်လျှင် သိကြားမင်းက တန်ခိုးဖြင့် ဖြတ်လျက် ရုပ်ပွားတော်တဆူ ပေးအပ်လေ၏။ ဤရုပ်ပွားတော် အလွန်လှပါပေသည်ဟု ဆိုကာ "**ရှင်လှ**" ဘုရားဘွဲ့တော်သမုတ်လေ၏၊

ရှင်ဖြူရှင်လှနှင်ဆူကို ဖောင်စကြာယာဉ်ဦးဦတင်၍ မြင့်မိုရ်တောင်သို့ ဦးလှည့်သွားမည်ပြုရာ "အရှင်မင်းကြီး ဤမြင့်မိုရ်တောင်သို့သွားခြင်းဖြင့် အဘယ်သို့ အကျိုးထူးမည်နည်း၊ နေပြည်တော်သို့ပြန်လည်၍ သာသနာတော်အကျိုးနှင့် လူတို့အကျိုးစီးပွားတို့ကို ဆောင်ရွက်လေဦးလော" ဟု သိကြားမင်းကတားမြစ်သဖြင့် ဖောင်လွှဲပြန်လေသည်။

သရက္ခန်ရုပ်ပွားတော်များ

သိကြားမင်းသည် သရက္ခန်ရုပ်ပွားတော် ငါးဆူနှင့် ဓာတ်တော် ၁၂-ဆူတို့ကို ကိုးကွယ်ရန်ပေးအပ်လေသည်။ သရက္ခန်သား၏အနှံမှာ တယူဇနာအတွင်း ကြိုင်လှိုင်သင်းပျံ့နေသည်၊ ဟိမဝန္တာတောကြီးအနီးတဝိုက်တွင်သာ သရက္ခန်အပင် ပေါက်ရိုးရှိသည်။ အချို့က နတ်ပြည်၌သာပေါက်သည်ဟုဆိုကြ၏။ အမှန်အားဖြင့် သရက္ခန်ရုပ်ပွားထားရာ အာရုံခံအဝကပင် အမွှေးနံ့သင်းပျံ့နေသည်။ အနံ့မှာယဉ်ယဉ်သင်းနေသည်။ ရှားရှင်ဂုဏ်ယင်း ဘုရားဖူးလို့မဝဖြစ်ကြရ၏။

သရက္ခန်ဆင့်သောစကားမှာ သာရဂန္ဓနှင့် သာရစန္ဒနပါဠိပုဒ်မှလာသည်။ နံ့သာအနှစ်တမျိုး စန္ဒကူးနီဟု ဆိုနိုင်သည်။ အချို့သမိုင်းဆရာတို့က သရက္ခန်ရုပ်ပွားကို လူသားတို့ထုလုပ်သည်ဟု ဆိုကြသည်။ သရက္ခန်ငါးဆူတပြိုင်နက်ထုလုပ်စေ၍ ဓာတ်တော်နှစ်ဆူစီ ဌာပနာလျက် ရွှေပြားပိတဲ့ ရွှေမယ်နခြောင်းသွင်းထားသည်။ တဆူလျှင် ရွှေချိန် ၂၅-ကျပ်သားရှိသည်။ ပဉ္စမသရက္ခန်တဆူတွင် လကျဘက်မောင်းတော်အရောင်ကဲ့ပြားသည်မှာ သပြေသားမလောက်၍ ဗောဓိသားနှင့်ရောစပ်ထားသည်ဟု ဆိုသည်၊

ဇမ္ဗုသပြေသရက္ခန်ဗောဓိသားတို့မှ စူးဆောက် အစအနကိုပေါင်းစု၍ ရုပ်ပွားတဆူထုကာ ဓာတ်တော်နှစ်ဆူထည့်၍ ဌာပနာပြီးလျှင် ရွှေမယ်နငါးခြောင်းနှက်ထားသည်။ ပလွဲင်တော်၊ ကြာမှောက်၊ ကြာလှန်၊ (ကြာဆွဲကြာပျံ)တွင် ရွှေအတိကွင်းပတ်သည်။ ရွှေလည်တော် ရွှေတိုင်စိုက်သည်။ ရင်တော် ပခုံးတော် နဖူးတော်၌ ရွှေတိချည်းကွင်းပတ်သည်။ ရုပ်ပွားတဆူလုံး ရွှေအဟိဖြစ်သည်။ ရွှေချိန် (၉၉-ကျပ်သား)ရှိသည်။ အမြတ်ဆုံး အသားသုံးမျိုးကိုပေါင်းစုထုလုပ်ထားသော ရုပ်ပွားတော်ကို "**မြတ်ပေါင်းမဉ္ဇူဘုရား**" ဟူ၍ ဘွဲ့တော်သမုတ်သည်။ သိကြားမင်းသည် ဤမြတ်ပေါင်းမဉ္ဇူဘုရားကို နတ်ပြည်၌ ထားရှိကိုးကွယ်ရန်ဖြစ်သော်လည်း အလောင်းစည်သူက "အရှင်သိကြား

မင်းမှာ ဣဒ္ဓိပါဒ်တန်ခိုးရှင်ဖြစ်ပါသည်။လူသားတို့ ကိုးကွယ်ပူဇော်ခွင့်ပြုတော်မူပါ''ဟူ၍ တောင်းပန်သဖြင့် ယင်းကိုင့်ညှာလျက် ပူဇော်ရန် ပေးအပ်လိုက်ခြင်းဟုဆိုသည်။

ဤသို့လျှင် ရှင်ဖြူရှင်လှန်စ်ဆူ သရက္ခန် ၅-ဆူ၊ မြတ်ပေါင်းမဉ္ဇူတဆူ ပေါင်း ၈ ဆူတို့ကို မင်းကြီးကိုယ်တိုင် အဓိဋ္ဌာန်ပြီးလျှင် ဖောင်စကြာယာဉ်ဦးထားလျက် နေပြည်တော်သို့ ပြန်လည်ထွက်ခဲ့ရာ အညာသီဟတောသို့ရောက်လျှင် ပဥ္စမသရက္ခန်ရုပ်ပွားတော်တဆူတည်လေသည်။ ထို့နောက် စစ်ကိုင်းတောင်တွင် ရှင်ဖြူရှင်လှရုပ်ပွားတော်နှစ်ဆူ၊ ပုခန်းကြီးနယ်မြေအတွင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထသရက္ခန်ရုပ်ပွားတော်လေးဆူတည်ထားကိုးကွယ်လေသည်။ ယင်းလေးဆူအနက် ပထမသရက္ခန်တဆူကို ပုခန်းကြီးစည်သူရှင်ဘုရားတွင်လည်းကောင်း၊ ဒုတိယတဆူကိုကွမ်းရှာရွှေတန့်တစ်တွင်လည်းကောင်း တတိယတဆူကို ပုခန်းကြီး ရှင်မတောင်တွင်လည်းကောင်း၊ စတုတ္ထတဆူကို ပုခန်းကြီးဆင်ကြိုးရွှေဂူတွင်လည်းကောင်း အသီးသီးတည်ထားကိုးကွယ်လေသည်။

မင်းကြီးသည် ပုခန်းကြီးကို ဂူခန်းကြီးသမုတ်၍ ယာယီနန်းစံခဲ့သည်၊ ရွှေညမင်ကျောင်းတိုက်အတွင်း၌ မြတ်ပေါင်းမဉ္ဇူဘုရားတဆူကို ဂူတိုက်ဥမင်ပြုလုပ်၍ တည်ထားကိုးကွယ်လေသည်။ ရွှေညမင်ဆရာတော် **ရှင် အ ရိ ယ ဓ ဇ သ ဒ္ဓ မ ရံ သီ** မထေရ်ကိုလည်း ကြည်ညိုကိုးကွယ်ထားလေသည်။

ထိုအချိန် ဆင်မယဉ်သာအပေါ်၌ မြတ်ပေါင်းမဉ္ဇူရုပ်ပွားတင်၍ အဓိဋ္ဌာန်ဖြင့် လှတ်ရာ ဆင်မယဉ်သာသည် ဆရာတော်သီတင်းသုံးရာ ကျောင်းဦးလှကားတွင် ရပ်၍နေသဖြင့် ယခင် သောတာပန်နတ်မင်း မိန့်ကြားခဲ့ဘူးသည့်အတိုင်း ''ရွှေညမင်ဆရာတော်အား ကြည်ညိုလေ ဤဘုရားလည်း ဤကျောင်းတိုက်အတွင်း ကျိန်းဝပ်တော်မူမည်''ဟူသည်မှာ မှန်ကန်ပေသည်ဟု မင်းကြီးသဒ္ဓါဖြစ်ပွား လေးစားကြည်ညိုနေရခြင်းဖြစ်၏။

အလောင်းစည်သူ မင်းလက်ထက် ဤရွှေမင်ကျောင်းတိုက်သည်လည်း တိုးတက်စည်ပင်လာသည်။ဆရာတော်သီတင်းသုံးရန် လှေခါးငါးဆင့်တပ် ငါးထပ်ရှိကျောင်းမကြီးအတွင်း ရွှေဗိန်းချ,အပေါ်ကြေးဖြူမိုး၊ ကျောင်းအရန်ပေါင်း ၄၀-ပုံစံတူ ဆောက်သည်။ မြတ်ပေါင်းမဉ္ဇူရုပ်ပွားတော်ကို ဥမင်လိုဏ်ဂူတွင်းသွင်း၊ လိုဏ်ဝကို ပုခန်းကြီးမြို့ကို မျက်နှာမူထားသည်။ အာရုံခံတံဆောင်း၊ မဟာရာမ်တံတိုင်း ပတ်လည်ကာရံ၊ အဝင်အထွက် ကျောက်လှေခါးတပ်၊ ဘေးလောင်းတော် အနော်ရထာ ဘင်္ဂလားအော်တွင် ဂူရိယာငါးမျိုးစုံကိုင် ကျောက်ရုပ်ကဲ့သို့ ထုလုပ်ထားသည်။

ရုပ်ပွားတော် လိုဏ်ဂူသွင်းနှင့် ကျောင်းတော်များဆောက်လုပ်ပြီးက ကျောင်းလှတ်သာခုခေါ်ပဲ့ မင်းကြီးကိုယ်တိုင် ရေစက်သွန်းသည်၊ ၄၀၄-ခုနှစ်၊ ပြာသိုလဆန်း ၁၅-ရက်နေ့ဟု မှတ်တမ်းထားလေသည်။ ကျောင်းမြေဝတ္ထုကများ လှူသည်။

''ငါ့သခင် မြတ်ပေါင်းမဉ္ဇူသည် ရှေဉမင်ဂူတိုက်တွင် ကျိန်းဝပ်တော်မူပေပြီ'' ဟု မင်းကြီးစကားကို အစဲပြုလျက် **''ရှေဉမင်တိုက်''** ဟူ၍ သမုတ်ခေါ်ကြသည်။ ယခု မြတ်ပေါင်းမဉ္ဇူမှာ စည်သူရှင်ဘုရားတည်ရာ ကုန်းမြင့်တွင် ကျိန်းဝပ်တော်မူ၏။

ဆရာတော် **အရှင် အရိယဓဇသဒ္ဓမ္မရံသီ** မထေရ်လွန်ပြီးနောက်၊ ဤရှေဉမင် ကျောင်းတိုက်ကို အရှင်ဥပါလိ အစရှိသော တပည့်အဆက်ဆက်တို့ စောင့်ရှောက် ထိန်းသိမ်း အုပ်ချုပ်တော်မူကြရာ **အရှင်ဇေဋ္ဌပုည** ဆရာတော်လက်ထက်တိုင် အရှိန်အဟုန်မကျ ဆင်းခဲ့ရှိလေသည်။


သက္ကရာဇ်(၆၁၇+၆၄၈)ခုနှစ်၊ ဥဇနာမင်းသားတော် ငယ်မည် မင်းခွေးချေး၊ မင်းဖြစ်က နရသီဟပတိ၊ တရုတ်နှင့်စစ်ဖြစ်ပွား၊ ပုဂံမှထွက်ပြေးရ၍ တရုတ်ပြေး၊ မိဖုရား ငယ်တဦးမှ သားအမှာပူးမွေး၍ သားမှာဘ,ဟူ၍ နာမည်လေးမျိုးဖြင့် ထင်ရှားသော ထိုမင်းလက်ထက် **ဦးကျည်ပွေ့**-ခေါ် ဘဲ့တံဆိပ်တော် **''ဒီသာပါမောက္ခ''** အသက် ၆၀-ကျော်မှ စာသင်၍ ကျမ်းတတ်တဆူဖြစ်လာသော **ပရိတ်ကြီး ဦးကာပို** ဆရာတော်သည် တရုတ်မြန်မာ စစ်ပြေငြိမ်းချမ်းရေးအတွက် တရုတ်မင်းထံသို့ ကြွရောက်တော်မူရသည်။ ဆရာတော်က....

> ''ဥယျာဉ်မှူးသည် ပန်းသစ်ပင်တို့ကို ရှေးဦးစွာ သွန်းလောင်းပြီးမှ အသီးမှည့်သော် ဆွတ်စားသကဲ့သို့ တမွဒိပ တိုင်းမြန်မာပြည်ကိုလည်း ရေသွန်းလောင်း ပါဦး....'' စသည်ဖြင့် ဥပမာကပ်လျက် စစ်ပြေငြိမ်းရေးကို အားထုတ်တော်မူ၏။

တရုတ်ပြေးမင်းလက်ထက်က မြန်မာနိုင်ငံမငြိမ်သက်ခဲ့ပါ။ ရှေဉမင်ကျောင်းတိုက်လည်း စစ်ကာလနှင့် ရင်ဆိုင်နေရသည်။ စာသင်သားတို့ ဝမ်းရေးအခက်ကြောင့် အခြားဒေသသို့ ထွက်ခဲ့ကြလေ၏။ **အရှင်ဇေဋ္ဌပုညထေရ်**လည်း ကွယ်လွန်သည်။ တိုက်တာစောင့် အရှင်ခေမာဝရ၊ ထိုနောက် အရှင်သုတသောမ,စသည်တို့သာ ဆက်လက်ကျန်ရစ်ကြတော့သည်။

သို့ဖြစ်ရာ ၆၉၀-ခုနှစ်တွင် စည်ကားခဲ့သော ရှေဉမင်တိုက်ကြီး ဆိတ်သုဉ်းရပြန်သည်။ ထိုအချိန်က တိုက်အတွင်း ဂူထည့်သွင်းထားသော မြတ်ပေါင်းမဉ္ဇူဘုရားကို ပုခန်းကြီးစည်သူဘုရားကြီး ကုန်းမြင့်ပေါ်သို့ ပင့်ဆောင်ကိုးကွယ်ထားကြရလေသည်။

ထာဝရဥမင်တိုက် တည်ထောင်ခဲ့သော အရှင်ကုသုမမှ အရှင်သုတသောမတိုင် ဆရာစဉ်တပည့် ၁၅-ဆက်ရှိပြီ၊ ရှေဉမင်တိုက်၏ သက်တမ်းမှာလည်း ၂၆၀-ပြည့်တင်းခဲ့လေပြီ။



ပုဂံမှ ပင်းယသို့

ဗုဒ္ဓသည် မြန်မာနိုင်ငံ မြင်စိုင်းရပ်တောင်ထိပ်ပေါ်သို့ ကြွမြန်းတော်မူခဲ့ဘူးရာ စိုင်ညိနောင်သုံးစီးတို့က ဘုရားရှင်အား မိမိတို့ဦးချိုဖြင့် မြေကော်၍ ပူဇော်ကြ၏။ ဤကောင်းမှုကြောင့် စိုင်ညိနောင်သုံးဦးတို့မှာ နောင်အခါလူဖြစ်၍ မင်းချည်းဖြစ်ကြရစ်မည်ဟု ဗျာဒိတ်တော်အသံပွက်မြွက်ဆိုတော်မူခြင်းကို အကြောင်းပြုလျက် "သံပွက်ဘောင်-သံမြွက်တောင်" ဖြစ်လာကြောင်း သမိုင်းဟောင်း၌ဆိုသည်။

စိုင်ညိနောင်သုံးစီးတို့ မင်းညိနောင်သုံးပါး ဖြစ်လာကြပြီးလျှင် ပုဂံပြည်မပျက်မီ ၆၆၂-ခုနှစ်တွင် **အသခ်ယာ** (အကြီး) သည် မြင်စိုင်းမြို့ကိုလည်းကောင်း၊ **ရာဇသကြန်** (အလတ်) သည် မက္ခရာမြို့ကိုလည်းကောင်း၊ **သီဟသူ** (အငယ်)သည် ပင်လယ်မြို့ကိုလည်းကောင်း အသီးသီးတည်ထောင်နန်းစိုက်နေကြလေသည်။

ထိုအချိန်က မြင်စိုင်းမြို့တည် အသခ်ယာမင်းသည် ပုခန်းကြီးမြို့ဟောင်းကို ပြန်လည်စည်ကားစေလျက် ရှေ့မင်တိုက်ပျက်ကြီးကိုလည်း အသစ်တည်ပြန်၏။ ပုဂံမှ ကျမ်းတတ်တဆူ**ရှင်ဓမ္မာနန္ဒအား** ပင့်ဆောင်ကိုးကွယ်သည်။ ထိုဆရာတော်မှ ဆက်လက်၍ တပည့်များ စောင့်ထိန်းလဲ့ခဲ့ရာ တပည့်စဉ် ၃၀-ဆက်ရောက်လျှင် ရှေ့မင်ကျောင်းတိုက်ကြီး ပျက်စီးခဲ့ရပြန်၏၊

ပုဂံနရပတိ မင်းဆက်မင်းနံစီသည် အင်းဝမင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ စစ်ပွဲဖြစ်ပွားရာ မင်းခေါင်ဘက်မှ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရွက်ခဲ့၍ မိုးညှင်းမြို့ကို အပိုင်စားစေ၏။

"**မိုးညှင်းသတိုး**"ဟု တွင်သည်။ မိုးညှင်းသတိုးမင်းနံစီသည် ပုခန်းမြို့စား တရားဖျား၏ မိဖုရားဟောင်း **ရှင်စောပု**ကို ဆက်လက်သိမ်းပိုက်လေသည်။ **ရှင်စောပု**ကား-မွန်အမျိုးသမီးဖြစ်သည်။ သမိန်စည်သူ-သီဟသူ-ပုခန်းတရားဖျားနှင့် မိုးညှင်းမင်းသတိုးဟူ၍ မင်းလေးဆက်တိုင် မိဖုရားမြောက်ခြင်းခံရသော မွန်ဘုရင်မကြီးတည်း။

မိုးညှင်းမင်း မြောက်စားအလေးမမူ၍ (၇၉၁)ခုနှစ်တွင် အင်းဝနေပြည်တော်မှ မွန်ရဟန်းတော် **ရှင်ဓမ္မဓရ** (နောင်အခါ ဓမ္မစေတီမင်း) ရှင်ဓမ္မဉာဏနှစ်ပါးတို့က တိုင်တဆိတ်လှေတော်ဖြင့် အောက်ပြည် ဟံသာဝတီသို့ စုန်၍ သယ်ဆောင်ယူပေးရသည်။

မိုးညှင်းမင်းသည် (၇၈၆)ခုနှစ် ပုခန်းနယ် ဖလံခုံရွာတွင် ခေတ္တနေစဉ် ရှေ့မင်ကျောင်းတိုက်ကို အမှတ်မထင် တွေ့မြင်၍ ချုံနွယ်များရှင်းလင်းပြုပြင်လေသည်။ ရှေ့မင်တိုက်အနီး ထူပါရုံတိုက်၌ ဆရာတော်**ရှင်ဝိမလဗုဒ္ဓ**ိထံချဉ်းကပ်၍ တပည့်တပါး တောင်းယူပြီးလျှင် ရှေ့မင်တိုက်တွင် သီတင်းသုံးရန်ပင့်သည်။ ဆွမ်းဝတ်များ နေ့စဉ် လှူလေ

သည်။ ထူပါရုံတိုက်မြောက်ဘက် တောင်ကုန်း၌ စေတီတဆူတည်သည်။ အင်းဝတွင် နန်းစံရလို့ကြောင်း ဆုတောင်းလေသည်။ မင်းမဖြစ်မီက တည်ခဲ့သော စေတီတော်မှာ မင်းဖြစ်၍ ဆုတောင်းပြည့်ဟူ၍ ကမ္မည်းရေးထိုး၏။ စေတီတည်ပြီးခါနီးကစ၍ မိုးကောင်းစွာရွာသွန်းသဖြင့် မိုးကောင်းစေတီဟူ၍ ယခုအခါခေါ်တွင်ကြ၏။

၇၈၈-ခုနှစ်၊ အင်းဝတွင် နန်းတက်၍ ကလေးကျေးတောင်ညိုနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ရှင်ဘိုမယ်ကို မိဖုရားမြောက်၏။ ရှင်ဘိုမယ်က ဘုရင်ခံမျှ အဆင့်ရှိသော မင်းတဦးက ထီးနန်း စိုးစံခဲ့သဖြင့် "**ကျန်စော်နံသည်**" ဟု ဆိုဘူးလေသည်၊

သက္ကရာဇ် ၈၀၀-ပြည့်တွင် ၇၉၈-ခုကို ဖိုလျက် နှစ်ခုကြွင်းထား၊ သက္ကရာဇ်ကို ဖိုသော်လည်း မပြုခဲ့ပေ။

ရွှေညမင် ရှင်ဇမ္ဗုဓဇလောင်းလျာ

ပုခန်းကြီး အနောက်မြောက်လက်တွင် မဟာဂါမ,ရွာကြီးရှိ၏။ အိမ်ခြေတထောင်ခန့်ရှိ၏၊ အရှေ့အနောက်တံခါး ၈-ခုစီ၊ တောင်မြောက်တံခါး ၆-ခုစီ၊ ပေါင်း ၂၈-တံခါးရှိသည်။ ယင်းရွာ၏ အရှေ့ဘက်၌ **ထန်းကြည့်ရပ်ခေါ်**သော ပစ္စယဂါမရွာလည်းရှိ၏။ ယခုအခေါ်အားဖြင့် မြောက်ပြင်ရွာဟူ၏။ ပုခန်းကြီးမြို့၏ ဆင်ခြေဖုံးရပ် ဖြစ်နေလေပြီ။

ပစ္စယဂါမကို အဘယ့်ကြောင့် ထန်းကြည့်ရပ်ခေါ်ကြသည်မှာ ဤရွာရှိ ထန်းပင်ထန်းသီးခိုင်မျှးထွက်က မိုးသုံးပါးကောင်း,မကောင်း ထန်းသီးကြည့်လျှင် သိနိုင်၍ ခေါ်ခြင်းဟု ဆို၏။

ထန်းကြည့်ရပ်တွင် **သာဂရဝါကျ ဥမင်ကျောင်း**ရှိသည်။ ဆရာတော်မှာ အရှင်ဇောတိပုညတည်း။ ပုဂံပြည် **ငစွယ်ရှင်ပုံသုက္ကု**-မည်သော **အရှင်သီလဗုဒ္ဓ**အဆက်အနွယ်မှ မြင်စိုင်းမြို့တည် အသခ်ယာမင်းက ဤကျောင်းကို တင်လှူထားခြင်းဖြစ်သည်။

ထန်းကြည့်ရပ်တွင် ဦးညိမ်းရာနှင့် ဒေါ်နန်းမွှေးဟူ၍ ဇနီးမောင်နှံတို့ရှိ၏။ ယင်းတို့မှ ရွှေညမင်ဆရာတော်လောင်းလျာကို သက္ကရာဇ် ၉၄၀-ပြည့် တန်ဆောင်မုန်းလဆန်း ၁၅-ရက် အင်္ဂါနေ့တွင် မီးရှူးသန့်စင် ဖွားမြင်လေသည်။ သတို့သား၏ ထူးကဲသော ကုသိုလ်ကံအဟုန်ကြောင့် မိဘနှစ်ပါးတို့ စီးပွားရတနာလည်း တိုးလေသည်။ ရွှေညမင်လောင်းလျာအသက်(၇)အရွယ် ခမည်းတော့် ဦးညိမ်းရာ ကွယ်လွန်ရှာသည်။

အရှင်ဇောတိပုညအိပ်မက်

သာဂရဝါကျဉ်မင်းဇကျောင်းတိုက်တွင် စာသင်တပည့်များရှိသည်။ ဆရာတော် အရှင်ဇောတိပုညမှာ နေ့ဝါညဝါ စာပေပို့ချလျက်နေရာ တည့်၌ **"မိမိလက်ျာရှိသားမြတ်ကို ဆင်ဖြူတော်တစီးသောက်စို့ရာ အားရစွာတိုက်ရသည်"** ဟူသော ထူးဆန်းသည့် အိပ်မက်ကို အဓိပ္ပာယ်ကောက်ယူလျက်နေလေ၏။

အာရုဏ်ကျင်း၍ အလင်းရောက်လာသော နံနက်အချိန်တွင် ဒေါနန်းမွေးသည် ၇-နှစ်အရွယ် မိမိသားငယ်ကိုလက်ဆဲ့ ဆွမ်းအုပ်ရွက်ကာ ဆရာတော် အရှင်ဇောတိပုည အထံတော်သို့ အရောက်အပ်နှံလေ၏။

"ဤသူငယ် ကျောင်းလာအပ်ခြင်းဖြင့် မြင်မက်ထားသောအိပ်မက်ကျိန်းကျေမည်လော....သို့တည်းမဟုတ် ဤသူငယ်ပင်ဖြစ်လေမည်လော" ဟု ဆင်ဖြူတော်အိပ်မက်အရေးအတွက် စိတ်တော်နှစ်ခွရှိလေရာ ခလေးငယ်ကို ယနေ့ကျောင်းတွင်ထားရန် မလိုသေး။ ၇-ရက်မြောက်နေ့မှ လူလွှတ်ခေါမည်" ဟူ၍လည်း ထပ်မံအမိန့်ရှိလေ၏။

၇-ရက်မြောက်သောနေ့တွင် ဆင်ဖြူတော်နှင့်ပတ်သက်၍ ထူးခြားခြင်းမရှိသဖြင့် ဤသူငယ်ပင် ကေန်ဆင်ဖြူတော်ဖြစ်မည်ဟု ဆင်ခြင်ဝေဖန်ပြီးလျှင် ကျောင်းမှ သာမဏေတပါး စေလွှတ်၍ ဒေါနန်းမွေးအိမ်မှ ခလေးငယ်ကိုခေါယူလေ၏။

သူငယ်မှာ ကျောင်းသို့ပြန်လည်ရောက်ရှိ၍ သုံးရက်ကြာလျှင် ဦးပဉ္ဇင်းတပါး**အား နမောဗုဒ္ဓါယ**ကစ၍ ပညာသင်ကြားစေလေ၏။ ရွှေဥမင်လောင်းလျှာသူငယ်က သင်ပေးသော်ဘဦးပဉ္ဇင်းအား "အရှင်ဘုရားသင်တာက သရသံ ဗျည်းသံ မပီမသရှိပါကလား" ဟု ပြန်လည်လျှောက်သံကြားလျှင် ဆရာတော် အရှင်ဇောတိပုညကိုယ်တိုင် "အေး....တပည့် ဤသူငယ်ကို ငါကိုယ်တိုင် သင်ကြားပေးမည်" ဟု အမိန့်ရှိကာ ဆက်လက်သင်ကြားစေရာ အံ့ခမန်းလိလိ တခေါက်ချရုံနှင့် သင်ပုန်းကြီးအပြီးတိုင် တတ်မြောက်လေ၏။ သင်ပုန်းကြီးကစ၍ ခလေးရွယ်တို့အခြေခံ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ နမက္ကာယ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ဗေဒင်လက်ရိုး၊ ကိုးကြွေးလက်ာ စသည်တို့ကို တနှစ်အတွင်း ဆုံးခန်းတိုင် နှုတ်တက်အံ့ဂုံရရှိကုန်၏။

၁၁-နှစ်အရွယ်ရောက်သော် **"ငါ့တပည့် ဇမ္ဗူမှာ တဆူသာဖြစ်လတံ့"** ဟူသော နိမိတ်ဩဘာအရ အင်္ဂါနံနေ့သားဖြစ်၍ **"ဇမ္ဗု၀ေ"** ဘွဲ့အမည်ကို ရွှင်သာမဏေဝတ်ပြုးချိန် အပ်နှင်းလိုက်လေ၏။ ဇမ္ဗူဒီပ်ဩဘာနိမိတ်ထွန်းဆိုသည့်အတိုင်း ဇမ္ဗူတခွင် ပညာရှင်တံခွန်ထူမည့် သူ့ဘဝကို ဆက်လက်လေ့လာကြပါစို့။

ကိုရင်ဇမ္ဗူဧဇသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာဌီလည်းကောင်း၊ သဒ္ဒါတောနည်း၊ အလင်္ကာနည်းဆိုင်ရာဌီလည်းကောင်း၊ အရှယ်နှင့်မလိုက်ဘဲအောင် တတ်ကျွမ်းလေပြီ။ ရာဇသတ်၊ ဓမ္မသတ်၊ ဖြတ်ထုံး စံသောလောကီဆိုင်ရာစာပေများနှင့် ဂန္ထန္တရ၊ ကျမ်းစုံဘက်စုံ နှံစပ်ပြည့်မီးတီးပြီးဖြစ်လေပြီ။

အသက် ၁၃-နှစ်မျှသာရှိသော တပည့်ကျော်ကလေးအား ပုခန်းကြီးမြို့အနောက်ရပ် စိတ္တသုခအုတ်ကျောင်းဆရာတော် ဦးဓမ္မာနန္ဒသိန်ဂုဏ်ရန် ဆရာတော်အရှင်ဇောတိပုညထေရ်က အကဲစမ်းလေသည်။

"တပည့်ကိုရင် ငါ့တပည့်ဖြစ်ဘူးသော မောင်ဓမ္မာနန္ဒထံ ဆက်လက်ပညာသင်ယူချေအုံး" ဟုအမိန့်ရှိသဖြင့် အရှင်ဇမ္ဗူဧဇကိုရင်သည် ဦးဓမ္မာနန္ဒအထံသို့ သွားရောက်လေ၏။

"ငါ့ရှင် အဘယ်သို့သောစာများ သင်လိုပါသနည်း" ဟု ဦးဓမ္မာနန္ဒက အမိန့်ရှိသောအခါ ကိုရင်ဇမ္ဗူဧဇက....

"မှန်ပါ....ဓမ္မသင်္ဃာပါဦးတော်ကို အဋ္ဌကထာ၊ မူလဋီကာအဖွင့်နှင့် တိုက်ဆိုင်သင်ယူလိုပါကြောင်း" လျှောက်ထားသဖြင့် အဋ္ဌသာလိနီအဋ္ဌကထာနှင့် မူလဋီကာပေထုပ်ရှိရာ သာဂရဝါကျဥမင်တိုက်မှ သွားရောက်ယူချေ" ဟု အမိန့်ရှိရကား ကိုရင်သည် ဝဝ ဝ ဝ ဝ ဝ မမဆရာရင်းကျောင်းသူ သွားရောက်ယူရာ လမ်းတွင်ရွှေတံတားရက်မုံရွာလာသည်။ လမ်းဆုံစရပ်တွင် မိုးခိုယင်းယူလာသော၊ ပေနှစ်ထုပ်ကိုကြည့်ရာ အဋ္ဌကထာဖွင့် ဋီကာဖွင့်သဘောများကို ပိုင်နိုင်စွာသုံးသပ်နေလေ၏။ ဝါကျအသွားအလာများကိုလည်း ကျေနပ်အားရလေ၏။ မိုးလည်းရပ်စဲခဲ့ရာ ကိုရင်ဇမ္ဗူဧဇမှာ မိမိယူလာသော ပေနှစ်ထုပ်သင်စရာမလို၊ ကြည့်ရုံနှင့် သဘောသိလေပြီဖြစ်၍ ဆရာရင်းထံသို့ ပြန်လည်ပို့လေ၏။ နောက် အရှင်ဓမ္မာနန္ဒအထံသို့ရောက်ရှိရာ....

"ငါ့ရှင် ပေစာထုတ်ယူ၍ ရခဲ့သလော" မေးလျှင် "ထုတ်ယူ၍ ရခဲ့ပါသည်" ဟုဖြေလေ၏။ "ရခဲ့လျှင် ယခု ပေထုပ်ဘယ်မှာနည်း" ဟု ထပ်မံအမိန့်ရှိရာ၊ ပေထုပ်ပါအသွားအလာသဘောများ ရခဲ့ပြီဖြစ်၍ ပြန်လည်ထားခဲ့ပါသည်" ဟု လျှောက်ထားလိုက်လေ၏။

ထိုအခါ ဦးဓမ္မာနန္ဒက ဆရာရင်းသာဂရဝါကျ ဥမင်ကျောင်းဆရာတော်အား "ဆရာတော်အပ်လိုက်သည့် ကိုရင်မှာ ဟပည့်မဟုတ်ပါ၊ ဆရာတဆူဖြစ်နေပါပြီ" ဟု လျှောက်ထားလေ၏၊

ပဥ္စင်းကျော် ဦးဇမ္ဗုဓဇ

သက္ကရာဇ် ၉၆၀-ပြည့်လေပြီ။ ဆရာတော်အရှင်ဇောတိပုညသည် မိမိအိပ်မက်ပေး ချက်အတိုင်း ဆင်ဖြူတော်တစီးနှင့်တူသော ဘုန်းကံထူးပညာပါရမီရှင် ကိုရင်ဇမ္ဗုဓဇကို ကိုယ်တိုင် ပစ္စည်းလေးပါးခံယူလျက် မြင့်မြတ်သော ဥပသမ္ပဒာအဖြစ်သို့ သွတ်သွင်းချီးမြှင့် တော်မူလေ၏။ ပဥ္စင်းငယ်ဘဝကပင်ဘက်စုံပညာဘတ်ပြီး ဖြစ်သော်လည်း ဝိနည်း အဆုံးအဖြတ် အာဝ ရိယဝါဒများမိမိရရှိစေရန် ရဟန်းသိက္ခာ ၅-ဝါအရွတ်ငါး **သရောက်ဂိုဏ်းဦးစီးဆရာတော် ပုဂံငှက်ပစ်တောင်**ဆရာတော်စသော ထိပ်သီး ဆရာတော် ကြီးများအထံတွင် ၁၃-နှစ်ကြာမျှ ပညာသင်ကြားလေသည်၊

ထိုနောက် ဆရာရင်း အရှင်ဇောတိပုညထေရ်ပြန်လည်ခေါ်၍ မိမိကြီးပွားရာ သာဂရဝါကျည်မင်တိုက်သို့ ပြန်ရောက်ရှိကာ တပည့်သံဃာတို့အား စာပေပို့ချနေလေ၏၊ ၃-နှစ်ကြာသော် ဆရာရင်း အရှင်ဇောတိပုညပြန်လွန်တော်မူ၏။ ဆရာ့ရိုက်ရာကို ဆက်လက်အမွေခံယူပြီးလျှင် စာသင်တပည့်တို့အား စာပေပို့ချအုပ်ချုပ်နေရာ ကျောင်း ထိုင် စာချ တပည့်ပရိသတ်များကို ငြိုးငဲ့တော်မူလေ၏။ သို့ဖြစ်၍ ကျောင်းတိုက်ကြီးကို အပြီးအပိုင် တပည့်ကြီး **ဦးဝါသေဋ္ဌ**အား လွှဲအပ်၍ တောထွက်လေသည်။

တောကျောင်းနှင့်နီးရာ ကျေးရွာရပ်ကွက်များတွင် အလှည့်အလည် ပိဏ္ဍပါတ် ဓုတင်ပြုလုပ် ဆွမ်းခံမွေ့လျော်နေ၏။

တောကျောင်းမှာ ပုခန်းကြီးမြို့အနောက်မြောက် သုံးတိုင်ကျော်အရပ်၌ရှိ၍ ယခု ကျောင်းများ ပျက်စီးနေပြီ။ ဤတောရကျောင်းမှာပင်ဝိနည်းပါဠိတော်နိဿယများ စတင်ရေးသားတော်မူသည်ဟု မှတ်တမ်း၌ ဖော်ပြထား၏။

ဝိနည်းနိဿယအစရှေ့ပြေးမင်းက

ထိုအခါနန်က စက္ကူစာရွက်မရှိပါ။ ပေရွက်ပေါ် ကညစ်ဖြင့် ရေးနေရသော ခေတ်တည်း။ ပေရွက်ရရန်မှာ ပေပင်အောက်မှ ကျလာသော ပေရွက်များကို စုထားပြီး လျှင် ပေရွက်စိုလျှင် အညီပြု၊ ဒါးဖြင့် လှီးဖြတ်ရသည်။ မန်ကျည်းရွက်ကြမ်းရေပြုတ်ရ သည်။ သဲပူရာ လှမ်း၊ နွှမ်းလိမ်းပြီးလျှင် ပလွင်ဖောက်တုတ်သွင်းခြင်းတို့ အဆင့်ဆင့် ပြုလုပ်ရသည်။

တောရကျောင်း၌ နှစ်နှစ်ခန့်ကြာလျှင် ပရိသတ်များ ရောက်လာပြန်သဖြင့် အနှောင့်အယှက်ကင်းရာဒေသသို့ တဖန်ရွှေ့ပြောင်းရသည်။ ပုခန်းကြီးမြစ်လှချောင်းရွာ(ရွေးအခေါ် မြို့လှချောင်း)အရွှေ့ဘက် တောကျောင်းဆောက်စေပြီး သီတင်းသုံးပြန်သည်။ ထိုမှတဖန် လူရှင်ရဟန်းတို့သိရှိပြီး နွေဝင် ညထွက် ဧည်ကားခြင်းကို မနှစ်မြို့သဖြင့် အလှန် တောအတိ ချုံနွယ်ပိတ်ယှက်သန်းနေသော ရွေးဟောင်း ရွှေဥမင်တိုက်နေရာသို့ ပြောင်းရွှေ့ရပြန်၏။ ယင်းနေရာကား သွားလာသူများခက်ခဲ၍ တောနက်ကြီးအသွင်ရှိနေသော ရွှေဥမဲင်တိုက်သို့ရောက်လျှင်တခုသော ကျောက်ဖျာချပ်ကြီးမှသုံးပွင့်ဆိုင် ကြာနီပန်းခိုင်များ ထူးကဲဆန်းပြားလှစွာ ပွင့်နေသည်ကို တွေ့မြင်တော်မူလေ၏။ ဓကျောက်ဖျာအနီးရှိ ရွေးကန်ဟောင်းကြီးမှလည်း အလိုအလျောက် ရေများ ပန်းထွက်သကဲ့သို့ရှိလေ၏။

ဆရာတော်ဦးဇမ္ဗုဓဇသည် ယင်းဖြစ်ရပ်များကို အာရုံပြုဝေဖန်တော်မူယင်း **“ဤကျောင်းတိုက်ဟောင်းသည် နောင်တချိန်ပြန်လည်စည်ကားပြီး သာသနာထွန်းလင်းလာမည့် နိမိတ်ပေတကား”** ဟူ၍ အဓိပ္ပာယ်ကောက်ယူလေ၏။

“မိမိက ဤတိုက်ဟောင်းနေရာ၌နေ၍ တရားအားထုတ်ယင်း ဝိနည်းနိဿယများအပြီးရေးရန်ဟူသော ကြံရွယ်ချက်လည်းရှိလေ၏။ ထို့ကြောင့် တဇောင်းလက်ပတ်တောများ ပင်ချင်းယှက်စပ်ရာ၌ ထန်းရွက်များမိုးသော သံ့ခန်း ကျောင်း ငယ်တဆောင် ဆောက်လုပ်စေလေ၏။ ရွေးကရှိရင်း ဥမင်လိုဏ်များကိုလည်း ပြန်လည်ပြုပြင်စေလေ၏။ ကပ္ပိယတဦးထားလျက် ဆရာတော်နေထိုင်ခဲ့ရာ ကြာမြင့်သော် ဦးဇမ္ဗုဓဇကို **“ရွှေဥမင်ဘုန်းကြီး”** အဖြစ် ထင်ရှားပြန်လေ၏။

မြန်မာနိုင်ငံတွင် ပထမဆုံး ဝိနည်းနိဿယကျမ်းတို့ကို ဖေါ်ပြရလျှင် ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဓဇ စီရင်ခဲ့သော ဝ်နည်းနိဿယကျမ်းတို့ကို ဖေါ်ပြရပေလိမ့်မည်။ ဤဝိနည်းနိဿယကျမ်းများကို ပြုန်ဆိုရခြင်း၏ ရည်ရွယ်ချက်မှာ....

“နောက်ပိုင်းသာသနာတွင် မိမိတို့ကဲ့သို့ ဉာဏ်ရှိကြတော့မည်မထင်၍ မှိုရာနိဿယကျမ်းများကို ပေတင်၍ ပြန်ဆိုစီစဉ်ရကြောင်း။ ယင်းသို့မှိုရာ ဝိနည်းနိဿယများလည်း ရွေးအခါက မရှိခဲ့ဘူးသေးကြောင်း×+”များကို ထောက်၍ ပြန်ဆိုစီရင်ခဲ့ခြင်းဟု ဆရာတော်ကိုယ်တိုင် ဝန်ခံတော်မူသည်။

သို့ဖြစ်၍ **“ဝိနည်းနိဿယအစ၊ ရွှေဥမင်က”** ဟူ၍ပင် ဆိုစမှတ်ပြုကြ၏။ ဥတုရာသီနှင့် ဓာတ်သဘာဝ,မျှတမှု ကိုယ်တွေ့သုံးသပ်လေ့လာ၍ **“ဓာတုဝိဇ္ဇာမယ”** မည်သော ဓာတ်ကျမ်းတစောင်လည်း စီရင်တော်မူခဲ့ပါသေး၏။

ရွှေဥမင်နှင့် တောင်ဖီလာ

ရွှေဥမင်ဆရာတော်နှင့် ဆက်စပ်နေသော တောင်ဖီလာပုဂ္ဂိုလ်ကျော်ကို ဖြည့်စွက်ရန် လိုလာပါသည်။ တောင်ဖီလာပုဂ္ဂိုလ်ကျော်သည်ကား ပြည်သတိုးမင်းစော လက်ထက် (၉၃၁)မင်းခြောက်ဆက်တိုင် သာသနာပိုင်ချည်း ဖြစ်ခဲ့ဘူးသော ဆီးတောဆရာတော်ကြီးဝင်စားသည်ဟု ဆိုလေသည်။ စလင်းမြို့သူတဦးအား "**ငါဆီးတောဆရာ သင့်အိမ်နေမည်**"ဟု အိပ်မက်ပေး၍ ယင်းအမျိုးသမီး သန္ဓေ ၁၀-လပြည့်သော် တောင်ဖီလာလောင်းလျာ ဖွားသန့်လေသည်။ သက္ကရာဇ် ၉၄၀-ပြည့်နှစ်က ဖြစ်၏။ တောင်ဖီလာလောင်းလျာ ၁၃-နှစ်အရွယ်ရှင်ဖြစ်သည်။ ဆီးတောဆရာတော်ကြီး ဝင်စားလာသည်ဖြစ်၍ သူမတူတန်မျှ ပညာတတ်ကျွမ်းသည်။ အသက်အရွယ်နှင့် မမျှအောင် ပညာထူးချွန်ခဲ့သည်။ ဘွဲ့ **ရှင်မုနိန္ဒဃောသ**။

သာမဏေ **ရှင်မုနိန္ဒဃောသ**သည် ငါးဆူဒါယကာ သားတော် မင်းကြီးနှောင်းဆရာ "**အဘိသင်္ကေတသာရ**"ဆရာတော်ကြီးအထံမှာ ဆက်လက်ပညာသင်ယူပြန်ရာ(၁၅၄-ခု) အသက် ၁၅-နှစ်အရွယ်၌ **ဝေဿန္တရာပျ**ိုကို စတင်စပ်ဆိုသည်။ လောကဓမ္မနှစ်ဌာနလုံး လိမ်မာကျွမ်းကျင်လှသဖြင့် ထိုအချိန်ကစ၍ သာမဏေကျော်အဖြစ် ထင်ရှားခဲ့သည်။

၉၆၀-ပြည့် ပြည်ရန်နိုင်စားမင်းလက်ထက် အသက် ၂၀-ပြည့်၍ အဘိသင်္ကေတသာရဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရန်နိုင်စားမင်းကပင် ပဉ္စင်းဒါယကာ ခံယူသည်။ ပဉ္စင်းဘဝ၌လည်း လောကီလောကုတ္တရာ ဘက်စုံတတ်ကျွမ်းတော်မူသဖြင့် ပဉ္စင်းကျော်ဟူ၍ ထင်ရှားခဲ့ပြန်သည်။ ဦးမုနိန္ဒဃောသ,သည် ပြည်မြို့မှ စလင်းမြို့သို့တဖန် ရောက်ရှိလာပြီးလျှင် ဦးရီးတော်ဖြစ်သော ဆရာတော်ကြီးအထံတွင် ဝိနည်းနှင့်ဆိုင်သော အယူအဆ အဆုံးဖြတ်ချက်များ နည်းခံယူသည်။ ဝိနည်းဆိုင်ရာ၌ တဘက်ကမ်းပေါက် တတ်မြောက်တော်မူ၍ "**ဥပါလိ**"ဘွဲ့အမည်ကိုပင် ခံယူလေသည်။

ရဟန်းသိက္ခာ ၁၀-ဝါရသောအခါ ပြည်မြို့ကို အင်းဝညောင်ရမ်းဆက် အနောက်ဘက်လွန် မင်းတိုက်သိမ်းအောင်မြင်ခဲ့ရာ မင်းတရားက ပြည်ကို အောင်မြင်ရခြင်းမှာ "**ရှင်တဆူ လူတယောက်ရသည်**"ဟူ၍ မိန့်သည်။ ရှင်တဆူမှာ တောင်ဖီလာလောင်းလျာ **ရှင်မုနိန္ဒဃောသ**၊ လူတယောက်မှာ နန္ဒယော်ဓာအမတ်ကြီး ဖြစ်လာမည့် "**ငထင်ငယ်**" ပင်တည်း၊

တောင်ဖီလာလောင်းလျှာသည် ထိုမင်း၏ဆရာ သာသနာပိုင် **ဝရာဘိနာထ** ဆရာတော်နှင့် စာပေဆွေးနွေးရာ လွန်စွာအားရတော်မူလေသည်။ အနောက်ဘက်လွန်မင်းလက်ထက်၌ **အဝပဥ္စင်းကျော်** ရှင်အရိယာလင်္ကာရ၊ မဏိကုဏ္ဍလ ကျမ်းဆရာတော်၊ **တိလောကဂုရု-ဒက္ခိဏဝန်-ဘာမဲ့-ဘားတမော့-စသော** ဆရာတော် အကျော်အမော်များ စွာ ထွန်းကားလေသည်။

ပြည်မှ ကြွလာ၍ ရှင်မုနိန္ဒဃောသအား ပြည်ပဥ္စင်းကျော်၊ အင်းဝပဥ္စင်းကျော်၊ ရှင်အရိယာလင်္ကာရ ပုဂ္ဂိုလ်ကျော်နှစ်ပါးတို့တွင် ပြည်ပဥ္စင်းကျော်က ဂန္ထန္တရ, ကျမ်းဂန် အရပ်ရပ်နှင့်စပ်သည်ကို မေးသော် **ဝါးခဲ့သကဲ့သို့ရှိသည်**။ အဝပဥ္စင်းကျော်က ဝိဂ္ဂိုဟ် ဝစနတ်နှင့်စပ်သည်ကိုမေးသော် **မိုးသေးမိုးဖွဲ ကျသကဲ့သို့ရှိသည်**ဟု ပြောစဉ်စကား ကျန်ခဲ့လေ၏။

သက္ကရာဇ် ၉၉၁-ခုနှစ် သာလွန်မင်း နန်းတက်သောအခါ ပြည်ပဥ္စင်းကျော်အား **တိပိဋကာလင်္ကာရ**၊ အဝပဥ္စင်းကျော်အား **အရိယဝံသာလင်္ကာရ**ဟူ၍ ဘွဲ့တံဆိပ်တော်များ ကပ်လှူသည်။

သာလွန်မင်းလက်ထက် ပုခန်းပဥ္စင်းကျော် ရွှေဥမင်ရှင် ဇမ္မုဓဇမှာလည်း ပြည်နှင့် အဝပဥ္စင်းကျော်နှစ်ပါးတို့ ထင်ရှားသကဲ့သို့ ထင်ရှားလေသည်။ သက္ကရာဇ် ၁၀၀၀—(တထောင်ပြည့်)နှစ်တွင် ပြည်ပဥ္စင်းကျော် တိပိဋကာလင်္ကာရသည် မင်းဘူးနယ်အတွင်းရှိ စက်တော်ရာနှစ်ဆူကို ရှာဖွေဖူးမြော်ပြီးလျှင် ပုခန်းမြို့နေ ပုခန်းပဥ္စင်းကျော် ရှင်ဇမ္မုဓဇနှင့် တွေ့ဆုံရန် ပုခန်းကြီးသို့ဆက်လက်၍ ကြွလေသည်။ ပုခန်းစည်သူရှင်ဘုရား ကိန်းဝပ်ရာ ဘုရားကုန်းမြေပေါ်သို့ ညနေဆည်းဝေျာအချိန် ဘုရားဖူးကြွတော်မူရာ ဗုဒ္ဓနိဗန်တော် ဝတ်ပြုနေသော ရွှေဥမင်ပုဂ္ဂိုလ်ကျော်နှင့် တွေ့ဆုံကြလေ၏။

ပြည်ပုဂ္ဂိုလ်ကျော်က တံမျက်လှည်းခြင်းစသော ဗုဒ္ဓနိဗန်တော် ဝတ်ပြုနေသော ပုခန်းပဥ္စင်းကျော်အား ဦးရင်ကြီးထင်မှတ်လျက် ...

"ငါ့ရှင်....ရွှေဥမင် ရှင်ဇမ္မုဓဇကို သိသလော....ရွှေဥမင်တိုက်သို့သွားလျှင် အဘယ်မှသွားရမည်နည်းဟု မေးလေ၏။

"ဘုရားကုန်းမြေဆင်း၍ ကြွသော် ရွှေဥမင် ရှင်ဇမ္မုဓဇကို တွေ့နိုင်သည်...." ဟု လမ်းညွှန်လေ၏။ ပြည်ပဥ္စင်းကျော်သွားလမ်းကို ကျော်ဖြတ်ပြီး ရွှေဥမင်ပုဂ္ဂိုလ်ကျော် အလျင်ကြွနှင့်ရာ ဦးစွာ ရွှေဥမင်တိုက်သို့ ရောက်ရှိလေ၏။ ပြည်ပုဂ္ဂိုလ်ကျော်သည် နောက်ပါတပည့် မင်းမှုထမ်းများနှင့်အတူ လမ့် ညွှန်သည့်အတိုင်းကြရာ ရွှေဥမင်တိုက်သို့ရောက်ရှိလေ၏။

"ငါ့ရှင်.... အလျှင်ရောက်နှင့်နေပြီ၊ ရွှေညမင် ရှင်ဇမ္မုဓဇ သီတင်းသုံးနေရာကို လျှောက်ထားလော" ထိုအခါ ရွှေညမင်ဆရာတော်က တဇောင်းလတ်ပတ်ပင်ချုံ ယှက်သွယ်နေရာကိုပြ၍....

"ရှင်ဇမ္မုဓဇ နေရာဖြစ်သည်။ တပည့်တော်ပင် ဇမ္မုဓဇဖြစ်သည်" ဟု ပြန်လည် လျှောက်ထားလျှင် ရွှေညမင်ပုဂိုလ်ကျော် သီတင်းသုံးရာနှင့် ရှင်ဇမ္မုဓဇ ဖြစ်နေသည်ကို သိကြသဖြင့် အလွန်အံ့သြနေကြလေ၏။ ပြည်ပုဂိုလ်ကျော်က....

"အရှင်သူမြတ်အား ဦးရင်ကြီးအထင်ရှိ၍ ငါ့ရှင်ဟု နှုတ်ကဆိုသည်ကို ခွင့်လွှတ်တော်မူပါ" ဟု ရိုသေစွာ လျှောက်ထားလိုက်၏။ အရှင်ဇမ္မုဓဇကလည်း "ခွင့်လွှတ်နိုင်ပါကြောင်းနှင့် သီတင်းသုံးရန် စမ္မခဏ် နေရာထိုင်ခင်းကိုခင်း၍ အာဝါသိက ဝတ်ပြုလေ၏။ ပုဂိုလ်ကျော်နှစ်ပါးတို့ တွေ့ဆုံကြလျှင် သာရဏီယ ကထာများကို အချင်းချင်း မိန့်ကြားတော်မူကြပြီးလျှင် ဖက်လှဲတကင်း ရင်းနှီးချစ်ကြည်စွာရှိတော်မူကြ၏။

"အရှင်သူမြတ် ပရိသတ်ချေရုံ နည်းလှပါသည်။ ကြောက်တော်မမူလော...." ပြည်ပုဂိုလ်ကျော်က စတင်မေးလိုက်ရာ "**ကြောက်၍ပင် ပရိသတ်အနည်းနှင့် နေပါသည်**" ဟု ရွှေညမင်က ဖြေကြားလေသည်။ ထိုအခါ ပြည်ပုဂိုလ်ကျော်သည် သတိကြီးစွာရှိလျက်...."ရွှေညမင်က ငါ့ကိုဆုံးမ နေပြီ။ ငါကား မကြောက်တတ်သူဖြစ်နေပေသည်" ဟု မိမိကိုယ်ကို ရေရွတ်နေလေ၏။ ပြည်ပုဂိုလ်ကျော်က အရံသင့်ပါလာသော သက်နံးပရိက္ခရာများကို ရွှေညမင်အား....

"ဤသက်နံးသည် အရှင်မဟာကဿပထေရ်က ဘုရားသခင်အား ကပ်လှူသော ဒုကူဋ္ဌသက်နံးကဲ့သို့ မင်းကောင်လှူရအပ်သော မြတ်သောသက်နံးအစုံဖြစ်ပါသည်၊

တပည့်တော်အား သံသရာဝဋ်မှ လွှတ်မြောက်ရန် ချီးမြှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား" ဟူ၍လျှောက်ထားယင်း လက်နှင့်ကိုင်၍ လှူလေ၏။

ရွှေညမင်က ပြည်ပုဂိုလ်ကျော်လှူသောသက်နံးအစုံများကို သာဓုသုံးကြိမ်ခေါ်ပြီး "စည်သူရှင်အား လှူပါ၏" ဟု ဆိုလေ၏၊ ထိုမှတပါး အခြားလှူဖွယ်ပစ္စည်းများကို လှူတိုင်းအလှူခံပြီး စည်သူရှင်ဘုရားအား လှူပါ၏ဟုဆိုသောအခါ ပြည်ပုဂိုဟ်ကျော်က "ငါကား မင်းဆရာဖြစ်နေ၍ ငါလှူသောပစ္စည်းမျှကို ခွံ့ရှာနိုးဟန်ဆိုချေသည်" ဟု သတိတဖန်ရရှိပြန်၏။ ရွှေညမင်က ပြည်ပုဂိုလ်မှာ "မင်းဆရာဖြစ်လျက် ငါ့ထံကိုယ်တိုင် လာရောက်လျက် လှူဖွယ်များဖြင့်ပူဇော်ပေသည်၊ ငါ့မှာ မင်းဆရာလည်းမဟုတ်၍

လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ရန်မစ္စမ်းနိုင်၊ မင်းဆရာတောနေရန် မှန်မြတ်သော အနုသာသနီကထာဖြင့်သာ ငါပူဇော်ချီးမြှောက်အံ့ဟု အကြံဖြစ်ပြီးလျှင် "ပြည်ဆရာတော် အလှန်ရခဲလှသော ပဗ္ဗဇ္ဇာဒုလ္လဘရပါလျက် မင်းဆရာအဖြစ် မှန်ရည်မြတ်နိုးခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း" ဟု လျှောက်ထားလေ၏၊

ဝိနည်းနိဿယချင်းညှိ

ပုဂိုလ်ကျော်ကြီးနှစ်ပါးတို့ အသက်ထက်ဆုံး နာယူမှတ်သားဖွယ် သာရဏီယကထာများကို အပြန်အလှန်ဆွေးနွေးပြောဆိုကြပြီးနောက် သက်တူ သိက္ခာတူဖြစ်နေခြင်းကိုလည်း လှန်စွာအံ့အားသင့်နေကြလေ၏။ သို့သော် ရှေ့ဦမင်က လမျှကြီးသည်။ ဝိနည်းပါဠိတော်နိဿယများနှင့်စပ်၍ ညှိဆဆွေးနွေးတော်မူကြပြန်၏။ ရှေ့ဦမင်ပုဂိုလ်ကျော်စီရင်သော ဝိနည်းပါဠိတော် ငါးကျမ်းပြန်ဆိုပြီးနေသော နိဿယမျာ.ကို ထုတ်ပြလေ၏။ ဝိနည်းအဋ္ဌကထာနိဿယပြီးစဲကျမ်းများကိုလည်း ပြလေ၏။

ပုဂိုလ်ကျော်ကြီးနှစ်ပါးတို့ အသက်ထက်ဆုံး နာယူမှတ်သားဖွယ် သာရဏီယကထာများကို အပြန်အလှန်ဆွေးနွေးပြောဆိုကြပြီးနောက် သက်တူ သိက္ခာတူဖြစ်နေခြင်းကိုလည်း လှန်စွာအံ့အားသင့်နေကြလေ၏။ သို့သော် ရှေ့ဦမင်က လမျှကြီးသည်။ ဝိနည်းပါဠိတော်နိဿယများနှင့်စပ်၍ ညှိဆဆွေးနွေးတော်မူကြပြန်၏။ ရှေ့ဦမင်ပုဂိုလ်ကျော်စီရင်သော ဝိနည်းပါဠိတော် ငါးကျမ်းပြန်ဆိုပြီးနေသော နိဿယမျာ.ကို ထုတ်ပြလေ၏။ ဝိနည်းအဋ္ဌကထာနိဿယပြီးစဲကျမ်းများကိုလည်း ပြလေ၏။

ပြည်ပုဂိုလ်ကျော်စီရင်ပြီး ဝိနည်းငါးကျမ်းပါဠိတော်နိဿယများအနက် ယူလာသော ပါရာဇိကဏ်နိဿယတကျမ်းကိုထုတ်ပြလေ၏။ နိဿယချင်းညှိနိုင်းကြည့်ရှုတော်မူကြသောအခါ ရှေ့ဦမင်ဝိနည်းနိဿယတို့မှာ မကျဉ်းမကျယ် အနက်အဓိပ္ပာယ်အဖုံ့များလည်းပါလေ၏။ ပြည်ပုဂိုလ်ကျော်နိဿယတို့မှာ အတန်ငယ်ကျယ်လှန်နေသည်။ နိဿယရေးပြီးနှစ် တိုက်ဆိုင်ကြည့်ကလည်း ရှေ့ဦမင်နိဿယများက ပြည်နိဿယတို့ထက် စောချီပြီးစီးနေကြောင်းသိရပြန်သဖြင့် ဝိနည်းနိဿယနှစ်ဆူရှိနေလျှင် ဘုရားနှစ်ဆူရှိသကဲ့သို့ အငြင်းအခုံဖြစ်ပွားဖွယ်ရှိနေမည်။ ထို့ကြောင့် ပြည်ပုဂိုလ်ကျော်စီရင်သော နိဿယကျမ်းစာများကို တောင်ဖီလာစေတီတော်တွင်ဌာပနာထားသည်ဟု ယင်းစေတီအဋ္ဌုပ္ပတ္တိဋ္ဌ ဖော်ပြထား၏။

ပုဂိုလ်ကျော်နှစ်ပါး စကားလက်ဆုံဆွေးနွေးပြောဆိုပြီးနောက် ပြည်ဆရာတော်က ရှေ့ဦမင်အား ဝတ်ပြုပြီးပြန်အကြွတွင် ရှေ့ဦမင်က "အရှင်က မင်းဆရာဖြစ်၍ ရှေ့.ကကြွပါ" ဟုဆိုလျှင် ပြည်ဆရာတော်ကလည်း "တပည့်တော် မင်းဆရာဖြစ်နေပါသည် အရှင်ကသာ ရှေ့.ကကြွပါ" ဟုလျှောက်ထားလေ၏။ အရှင်မြတ်နှစ်ပါးတို့တွင် ရှေ့ဦမင်က ဓမ္မဝတ်ကိုငဲ့၍ မင်းဆရာက လောကဝတ်ကိုလိုက်ဟန်ရှိ၏။ အချို့.ကနှစ်ပါးယှဉ်ကြွသည်ဟုဆို၏။ ပြည်ပုဂိုလ်ပြန်ကြွသောအခါ **ကပ္ပိယဦးသူတော်**က "အရှင်ဘုရားဝိနည်းမှာ သူသဒ္ဓါ၍လူသောပစ္စည်းကို မိမိမသုံးဆောင်ပဲ စည်သူရှင်ဘုရားအား လှူ၏ဆိုလျှင် သူ.သဒ္ဓါကိုမစောင့်ရှောက်ဘီ၏။ သူ.သဒ္ဓါဖျက်ဆီးသော် သဒ္ဓါဒေယျဝိနိပတနဒုက္ကဋ်မသင့်ပါလော" ဟုလျှောက်ထားလျှင် ရှေ့ဦမင်ဆရာတော်က "**ဟဲ့ သူတော် သူ.သဒ္ဓါကို ငါ့**

စောင့်၏၊ သူတော်ဆရာ(ပြည်ပုဂ္ဂိုလ်ကျော်ကို ဆိုလိုသည်)ကို ငါ ဆုံးမလိုက်ခြင်းဖြစ်သည်၊ သည်ကအပြုန် လေးထပ်ကျောင်းတော်ဝင်ဝံ့ပေလျှင် လောကမှာ အလွန်ယောကျ်ား'' ဟုမိန့်တော်မူ၏။

ရှေ့ဥမင်ဆရာတော် အမိန့်ရှိတော်မူသည့်အတိုင်းပင် ပြည်ပုဂ္ဂိုလ်ကျော်မင်းဆရာတိပိဋကာလက်ဝရသည် အင်းဝနေပြည်တော်ပြန်ရောက်သော် လေးထပ်ကျောင်းတော်မဝင်ဝံ့တော့ပေ။ စစ်ကိုင်းတောင်ဖီလာ ဆီးတောမင်းဝံတောင်တန်း အရှေ့ဘက် ချောက်ကြားခ် တောဝင်တရားဖြင့် မွေ့လျော်နေ၏၊ ပြည်ပုဂ္ဂိုလ်ကျော် တောနေသည်ကို သာလွန်မင်းညီတော် မင်းရဲကျော်စွာဦးစွာသိရှိ၍ တောင်ဖီလာတောရခ် ကြီးကျယ်သော ဇေတဝန်ရှေကျောင်းတော်ဆောက်လှူ၏။ သာလွန်မင်းတရားကြီးက ''**မဟာတိပိဋကာလက်ဝရ**'' ဘွဲ့တံဆိပ်တော်ထပ်၍လှူပြန်၏။တောင်ဖီလာက မင်းကြီးအား ''ပုခန်းရှေ့ဥမင်ဆရာတော်မှာ ပိဋကတော်၌ ရဲရင့်တောက်ပြောင်လှ၏။ ဝိနည်းပါဠိတော်အဋ္ဌကထာနိဿယကျမ်းများကိုလည်း ပြန်ဆိုပြီးဖြစ်သည်၊ အနက်ဉာဏ်အလွန်ကြီးမား၍ သိက္ခာဂုဏ်နှင့်ပြည့်စုံသော ထူးခြားသော ပါရမီထူးပုဂ္ဂိုလ်တပါးဖြစ်သည် စသော အားဖြင့် မိမိတွေ့မြင်ကြုံခဲ့ရကြောင်းကို မိန့်ကြားတော်မူ၏။ မင်းတရားကြီးကလည်း အကြားနှင့်ပင် အလွန်ကြည်ညိုသဒ္ဓါမြတ်နိုးတော်မူလှသဖြင့် အင်းဝနေပြည်တော်သို့ပင့်ဆောင်ကိုးကွယ်ရန် အမတ်ပညာရှင်တို့အား ပင့်ဆောင်ကြစေဟု အမိန့်တော်ထုတ်ပြန်လေ၏။ အင်းဝတွင် ကြီးကျယ်သောကျောင်းတော်ကြီး ဆောက်လုပ်တင်လှူကိုးကွယ်တော်မူရန်လျှောက်ထားသော်လည်း ရှေ့ဥမင်ဆရာတော်က ''မိမိမှာ သံသရာကြောက်ရုံ၍ တောမှာပင်နေလိုသည်။ ရေမြေရှင် သဒ္ဓါတော်မူသည်ကို လက်ခံခြင်းမပြုနိုင်'' ဟူ၍ အမိန့်ရှိတော်မူ၏။ ကျောင်းတော်ဆောက်လှူခြင်း လက်ခံတော်မမူပါလျှင် မင်းဆရာအသိအမှတ်ပြု ဘွဲ့တံဆိပ်တော်ကို ကြည်ဖြူစွာ လက်ခံတော်မူရန်လျှောက်ထားသဖြင့် ယင်းဘွဲ့တံဆိပ်ကို လက်ခံတော်မူ၏။ သာလွန်မင်းတရားဆက်ကပ်သော ဘွဲ့တံဆိပ်တော်မှာ ဘွဲ့တော်ရင်း ဇမ္ဗုဓဇပုဒ်အလယ်တွင် ''**ဒီပ**'' ပုဒ်ထည့်လျက် ''**ဇမ္ဗုဒီပဓဇ**'' ဖြစ်၏။

၁။ ။ရှေ့ဥမင်း၏ ဘွဲ့တံဆိပ်တုံးကို ယခုတိုင်ရှိသည်။ တံဆိပ်တော်အရှည်လက်ကိုင်ရိုးအထိ ၂၀ဖ မီလီမီတာ၊ တံဆိပ်မျက်နှာ၁၀ ဖ၅-မီလီမီတာ၊ အဝ အနံ ၂၂-မီလီမီတာရှိ၏။ သံချည်းဖြစ်၏။ စာလုံးကိုအခွက်ထွင် ထား၏။ ပေရွက်ပေါ်တင်၍ နှိပ်ချ(ရိုက်ချ)လိုက်လျှင် စာလုံးအဖုများထင်ဟပ်လာ၏။ ဘွဲ့တံဆိပ်တော်အပြည့်အစုံမှာ ''**ဇမ္ဗုဒီပဓဇရာဇဂုရု**'' သုတေသီတို့ သွားရောက်ကြည့်ရှုကြပါ။

ရှေဥမင်နိသယများ၏ထူးခြားချက်

ရှေဥမင်ဆရာတော်သည် မှီရာနိသယများကိုပြန်ဆိုရာ၌ ပါဠိပုဒ်များချတ်ယှင်းသည်ကို အမှန်ပြင်ဆင်ထားသည်။ အဓိပ္ပာယ်ဆိုင်ရာ အယူအဆများကိုလည်း နောင်သာသနာတော် အဓွန့်ရှည်စွာတည်ရှိရန် ဆုံးဖြတ်ထားသည်။ ရှေးရှေးမင်းကောင်းမင်းမြတ်တို့ကျင့်စဉ်ကိုလည်း ဆိုင်ရာကဏ္ဍပိုင်း၌ညွှန်ပြလျက် အဓိပ္ပာယ်ဖွင့်သည်။ လောကီရှင်ရသေ့တို့၏ အယူဝါဒကိုလည်း ဖေါ်ပြထားသည်။ လောကနှင့်ဆိုင်ရာ ဝေါဟာရအသုံးနှုန်းများကို လက်သည်းကွင်းဖြင့် မှတ်ချက်ပြုသည်။ သဒ္ဒါဂြိုဏ် ရင့်သန်သည်အားလျော်စွာ ပုဒ်တခုကို သဒ္ဒါနည်းမျိုးစုံလင်စွာ ဖေါ်ကျူးထားသည်။ ရှေဥမင်နိသယများတွင် **"ဘုရား၌ ရုပ်ကွယ်သည်၊ တရား၌ သုတ်ကွယ်သည်၊ သံဃာ၌ ဒုသ်ကွယ်နေသည်"** စသောမှတ်ချက်များမှာ မရိုးသော ဆန်းသစ်သော ဝေါဟာရမျိုးဖြစ်သည်။ ဝိနည်းပါဠိတော်ဂါးကျမ်းနိသယမိတ်လင်စုံ ဝိနည်းအဋ္ဌကထာကြီးများနိသယမိတ်လင်စုံပြန်ဆိုထားလေသည်။ ယင်း နိသယကျမ်းတို့ကို လက်ရေးပေမူ ကိုယ်တိုင်စီရင်ရေးသားတော်မူခဲ့သည့် ရှေဗိန်းခု ဝိနည်းနိသယမိတ်လင်စုံ ပေနှစ်ထုပ်အစဉ်သိမ်းဆည်းခဲ့ရာ ယခုတိုင် ရှိပါသည်။

ရှေဥမင်ဆရာတော်ကျမ်းပြုခဲ့ရာကို အစဉ်ဆက်လာသော ဆရာတော် **အရှင်အာစိဏ္ဏက** မှတ်တိုင်အဖြစ် ထားခဲ့သဖြင့် သုတေသီတို့ သုတေသနပြုလုပ်ရန် ဖြစ်သည်။ ရှေဥမင်ဆရာတော်သည် အဋ္ဌသာလိနီ အဋ္ဌကထာ ကျမ်းအဖွင့် ပဏာမကို ပို့ချရာ၌ သဒ္ဒါနည်းစသော နည်းများ၊ အထွက်အတက်, စုဒ်စောဒနာနည်းများဖြင့် နည်းမျိုးစုံ အဆန်းတကြယ် ပို့ချသည်မှာ ၇-နှစ်တိုင်ကြာသောဟူ၏။

သာလွန်မင်းတရားသည် ရှေဥမင်ဆရာတော် သီတင်းသုံးရာ ပုခန်းကြီးနယ်၌ လူတယောက်၏ သေစေအမိန့်ကို နှုတ်ပယ်ထားသည်။ မလွဲသာသဖြင့် မင်းမြစ်မင်းဒဏ်သင့်၍ သေစေပေးရသော် အခြားမြို့နယ်သို့ ပြောင်းရွှေ့ပေးရသည်။ ဥပုသ်နေ့နှင့် အခါရက်ကြီးများတွင် သားကြီးငါးကြီးမပေါ်စေရ။ ဆရာတော်ချက်မြုပ်ဇာတိ ထန်းကြည့်ရပ်နှင့် မဟာဂဠိမကျေးရွာများမှ အခွန်လွှတ်စေရသည်။

တောင်ဖီလာ ပုဂ္ဂိုလ်ကျော်မှာ ၁၀၁၃-ခုနှစ် သက်တော် ၇၂-နှစ်လွန်၍ ရှေဥမင် ပုဂ္ဂိုလ်ကျော် ၁၀၂၅-ခုနှစ်၊ သက်တော် ၈၅-နှစ်လွန်၏။ ပုဂ္ဂိုလ်ကျော် နှစ်ပါးတို့တွင် **တောင်ဖီလာက** လမင်းကဲ့သို့ ထင်လင်းတင့်တယ်တော်မူသည်။ **ရှေဥမင်က** နေမင်းကဲ့သို့ ထင်ရှားတော်မူသည် ဟူ၍ ဆိုကြ၏။

ရွှေဥမင်ဆရာ စဉ်ဆက်များ

ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဓဇ လက်ထက်ရောက်လျှင် ဤတိုက်သည် စတုတ္ထ**အကြိမ်** ပြန်လည်စည်ကားသည်ဟူ ဆိုရ၏။ ရှင်ဇမ္ဗုဓဇမှစ၍ ရွှေဥမင်ဆက် သာသနာဝင်မှာ အောက်ပါအတိုင်းဖြစ်၏။

အရှင်ဇမ္ဗုဒီပဓဇရာဇဂုရုနောက် ရှင်ပညာရာမ၊ ထိုနောက် ရှင်ကုမာရ၊ ရှင်ဉာဏမဉ္ဇု၊ ရှင်ဉာဏဓမ္မ၊ ရှင်တိက္ခပညာ၊ ရှင်သာရဒဿီ၊ ရှင်ပညာရုံသီ၊ ရှင်အရိယပံသ၊ ရှင်ပုညဒတ္တ၊ ရှင်ဝရလင်္ကာ၊ ရှင်အဂ္ဂဓမ္မ၊ ရှင်ရတနာဂရ၊ ရှင်မေဓာသဘ၊ ရှင်မဏိမဉ္ဇု၊ ရှင်လင်္ကာဒီပ၊ ရှင်ဓမ္မကိတ္တိ၊ ရှင်ဂုဏဓဇ၊ ရှင်ကောသရ၊ ရှင်အဂ္ဂါစာရ၊ ရှင်ဉာဏသေဋ္ဌ၊ ရှင်သုမန၊ ရှင်မေဓင်္ကာရ၊ ရှင်ဝိစိတ္တ၊ ရှင်ဝိစာရ၊ ရှင်ဝိမလ၊ ရှင်ပရမ-ဤသို့လျှင် **ဆရာစဉ်တပည့် အဆက်အနွယ်ပေါင်း (၂၈)ပါး** ရှိသည်။

ဤအစဉ်တို့မှာ ရှင်ဇမ္ဗုဓဇ စတုတ္ထအကြိမ်ဆက်လက်တည်ထောင်သည်ကစ၍ ရေတွက်သည်။ ပထမအကြိမ်က ပညာလင်္ကာရတောရကျောင်း, အမည်ရှိခဲ့ရာ ဆရာစဉ် ဂ-ဆက်။ ဒုတိယအကြိမ် ထာဝရ ဥမင်ကျောင်းတိုက် အမည်ဖြင့် ဆရာစဉ် ၁၅-ဆက်။ တတိယအကြိမ် မြင်စိုင်းမြို့တည် မင်းရဲသခ်ယာလက်ထက် ဥမင်တောရကျောင်းအမည်ဖြင့် ဆရာစဉ် ၃-ဆက်နှင့် စတုတ္ထအကြိမ် ဆရာစဉ် ၂၈-ဆက်တို့ စုပေါင်းသော် ဆရာစဉ်ဆက်ပေါင်း (၅၄)ဆက်တိုင် သာသနာစည်ပင်ထွန်းကားခဲ့ဘူးကြောင်းကိုလည်း **ရွှေဥမင်သာသနာဝင် သမိုင်းပေမူဠ** ဖေါ်ပြထား၏။ ဤရွှေဥမင်ကျောင်းတိုက်နေရာသည် ပုဂံခေတ်ကပင် တည်ရှိခဲ့ရာ အင်္ဂလိပ်ခေတ်တွင် ဆရာတော် **ရှင်ပရမ**-ဆက်လက်၍ စောင့်ထိမ်း အုပ်ချုပ်လေသည်။ သို့ရာတွင် ဆွမ်းစသော ပစ္စည်းလာဘ်လာဘများ အလှန်ခေါင်းပါးရကား ဆရာတော် ရှင်ပရမသည်ပင် ပေါ်တော်မူကျောင်းတိုက်သို့ ပြောင်းရွှေ့နေရ၍ ရွှေဥမင်တိုက် တိမ်ကောပျက်စီးရလေပြီ။ တိုက်တွင်းရှိ ကျောင်းအိုများလည်း သီတင်းသုံးနေသူများ မရှိကြတော့သဖြင့် ပျက်စီးယိုယွင်းကြရပြီ။ ကောင်းနိုးရာများဖြစ်သော သစ်သားစသည်တို့လည်း မသမာသူများခွာပယူဖျက်ဆီးယူကြလေပြီ။ တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်ပေထုပ်များ ပုရပိုက်ဆူများ၊ ကျွန်းသေတ္တာကြီးများအချို့ကိုလည်း မီးလောင်ပျက်စီးကြခဲ့ပြီ။

"ဘုရားတဆူ ဂူတလုံး" ဆိုခဲ့သောအတိုင်း ဥမင်လိုဏ်ဂူတွင် ဘုရားတဆူစီ တည်ရှိနေသည်ကို မပျက်မစီးတွေ့နိုင် ဖူးနိုင်ပါသေး၏။

ကျောက်တိုက်များ

ရွှေဥမင်တိုက် စည်ကားခဲ့စဉ်က တန်းတူ, ရည်တူ ကျေးငှးတိုက်ကြီးများမှာ မတောင့်တတိုက်၊ မင်းကျောင်းတိုက်၊ မစိုးရိမ်တိုက်၊ ပုပ္ပါရုံတိုက်များဖြစ်၏။ မတောင့်တတိုက်တွင် ပထမကျော်အောင်စံထားဆရာတော် သီတင်းသုံးခဲ့ဘူး၏။ မင်းကျောင်းတိုက်တွင် ဓမ္မရာသီပျို့ စသည်တို့ကို စပ်ဆိုခဲ့သော ရှင်ကုမာရကဿပလည်း သီတင်းသုံးဘူး၏။ ယခု မင်းကုန်းကျောင်းဟု ခေါ်ကြသည်။

ရွှေဥမင် ရှင်ဇမ္ဗုဓဇ လက်ထက်ကစ၍ ၁၂-လရာသီဘုရားပွဲများရှိရာ ဆွမ်းလောင်းပွဲအစဉ်အဆက် ယခုတိုင် မပျက်ရှိနေသည်။

ပုခန်းကြီမြို့ ကျောင်းတိုက်ကြီးတို့မှာ အများအားဖြင့် အုင်၍,ကျောက်စသော ခိုင်မာသည့်အဆောက်အဦများ မဟုတ်ခဲ့။ သစ်သားတို့ဖြင့်သာ ဆောက်လုပ်ထားသည်ကများ၏။ သုတေသနပြုနိုင်ရန် သမိုင်းမှတ်တိုင်အဖြစ် ကျောက်စာကမ္မည်း ရေးထိုးခဲ့သည်နည်းပါး၏။ **ခေတ်ရေစီးကြောင်း**ကို ဖေါ်ဆောင်ညွှန်ပြနေသော ကမ္မည်းကျောက်စာများမရှိခဲ့သဖြင့် ရွှေဥမင်နှင့်စပ်ရာတို့ကို ထို့ထက်သုတေသနပြုရန် ရှာဖွေမရရှိတော့ပါ။

ရွှေဥမင်ဆရာစဉ် ၂၆-ဆက်မြောက် လူမည်ဦးနက်၊ ဘွဲ့**ရှင်ဝိစိစာရ**သည် စာပေတတ်ကျွမ်းရုံမဟုတ်သေး၊ တရားဟောပုဂ္ဂိုလ်ကျော်ဟု ဆိုကြ၏။ အုင်္ဂစရပ်ကြီးတဆောင်ထီးဖြူရုံ၊ ရုပ်စုံစေတီတဆူ ရေကန် အုင်္ဂိ မဟာ ရာမ် တံတိုင်း များကိုလည်း ဆရာတော်ဦးဝိစာရကပင် ဦးဆောင်ဆောက်ခဲ့ရာ အချို့ကို ယခုတိုင် မြင်တွေ့နိုင်သည်။ ကျန်းပင်ကြီးတပင် **အထိမ်း**အမှတ်စိုက်ခဲ့ရာ ရှိသေးသည်။ ဆရာတော်လက်ထက် စာသင် သံဃာ ၂၀၀-ကျော်၍ ကျောင်းပေါင်း (၃၆)ကျောင်း ရှိသည်။

ရှင်လက်ဝဒိပ လက်ထက် မြတ်ပေါင်းမဋ္ဌဘုရားကို စည်သူရှင် ဘုရားကုန်းမြေပေါ်မှ ရွှေဥမင်တိုက်သို့ ပြန်လည်ပင့်ဆောင်ခဲ့ဘူး၏။ ၁၂၄၇-ခုနှစ်၊ သီပေါ ပါတော်မူချိန် အတွင်း မငြိမ်မသက်ဖြစ်ပွားရာ ပုခန်းကြီးနယ်မှ ဒဟတ်ကုန်းရွာ **ဗိုလ်ကွယ်**၊ ချင်းယားကုန်းရွာ **ဗိုလ်ကျား**၊ ထန်းပင်ကောက်ရွာ **ကြောင်တရာဗိုလ်** စသူတို့ကလည်း အင်္ဂလိပ်တို့ကို ခုခံတော်လှန်ကြသည်။

ထိုအချိန်က တိုင်းပြည်အေးချမ်းသာယာခြင်းမရှိ၍ ရှင်လက်ဝဒိပသည်ပင် ရွှေဥမင်တိုက်မှ စည်သူရှင်ဘုရားကုန်းမြင့်ပေါ်သို့ ယင်း မြတ်ပေါင်းမဋ္ဌဘုရားကို ပြန်လည်ပင့်ထားလေသည်။ အလားတူ ရှင်မတောင်မှ သရက္ခန်ဘုရားကိုလည်း စည်သူသုရားကုန်းတွင် ပြောင်းရွှေ့ ပူဇော်ထားကြရာ ယနေ့တိုင်ဖြစ်၏။ ယင်းရုပ်ပွားတော်များကို စည်သူရှင်ပဲတော်အခါ၌ ပြည်သူတို့ ပူဇော်ဖူးနိုင်ကြသည်။

သာလွန်မင်းလက်ထက် ဆရာတော်များ

တိုင်းကားပြည်ရှာ သာလွန်စည်ကားအောင် အုပ်စိုးခဲ့၍ သာလွန်မင်းဟူသော ဗျုပ္ပတ်နှင့် လျော်ညီလှ၏။ ထိုမင်းလက်ထက်တွင် အင်းဝပဉ္စင်းကျော် ရှင်အရိယဝံသာလင်္ကာရ တိလောကာလင်္ကာရ၊ တိသာသနာလင်္ကာရ လေးထပ်ဆရာတော် သာသနာပိုင် ရှင်ဝရာဘိုနာထ၊ **ငါးရာနဲ့ဓမ္မာနန္ဒ** (နတ်စက်ရောင်) ဗားမဲ့စသော မွန်ဆရာတော်များ သာမဏေစာဆိုကျော် ရှင်ကရဝိက ၁၀၂၃-ခုနှစ် ညီတော်ပြည်မင်းဇာတာ မသန့်၍ မြောက်နန်းကျောင်း**အရပ်၌** စံနေစဉ်မှ ဆောက်လှူသော မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရ စသည်တို့ ဖြစ်သည်။

တနေ့တ၌ တောင်ဖီလာဆရာတော်သက်တော်ထင်ရှားရှိခဲ့စဉ်က "**ငါတို့မရှိလျှင် မောင်အဂ္ဂတို့ စာတော် ပေတော်လုပ်ကြဦးမည်**"ဟု ပျက်ရယ်စကား မိန့်ကြားတော်မူဘူး၏။ မြောက်နန်းကျောင်း ရှင်အဂ္ဂဓမ္မာလင်္ကာရ အရှင်က "**ဆရာတော်တို့မရှိက တပည့်တော်တို့ကျမ်းတတ်ပြုရပါတော့မည်၊ အခြားဘယ်မှာ ကျမ်းတတ်ပုဂ္ဂိုလ် ရှိမည်နည်း**"ဟူ၍ လျှောက်ဘူးလေ၏။

ရှင်အဂ္ဂဓမ္မာလင်္ကာရကား မြောက်နန်းကျောင်းဆရာတော်ဟုထင်ရှားသည်။ နန်းကျောင်းမူ သဒ္ဒါကြီးနိဿယ အဘိဓမ္မတ္ထသင်္ဂဟိုဟ်နိဿယ၊ မာတိကာဓာတုကထာ ယမိုက်ပဋ္ဌာန်းအရကောက်ကျမ်း စသည်တို့ကို စီရင်တော်မူသည်။ ပြည်မင်းအမတ် နေမျိုးနော်ရထာ၏သား မှူးမျိုးမတ်မျိုး အဆက်အနွယ်ဖြစ်၏။ ထိုမင်းလက်ထက်က ရဟန်းလူထွက် ပညာရှိဝန်ကြီးတဦးသည် အဆောင်အယောင်များဖြင့် မြောက်နန်းကျောင်းတိုက်သို့ကြွရောက်၍ "**ဆရာတော်လူထွက်လျှင် ဤစည်းစိမ်မျိုး ရနိုင်ပါမည်**"ဟုလျှောက်ရာ နန်းကျောင်းဆရာတော်က "ဤမျှလောက်စည်းစိမ်သည် ကုဋေတခါတက်မျှ အဘိုးမတန်၊ ကုဋေတခါတက်လျှင် အသုဘကမ္မဋ္ဌာန်း ပွားရမည်မဟုတ်လော"ဟု ပြန်လည်မိန့်တော်မူ၏။

(၁၀၂၃)ခုနှစ် ပြည်မင်းတောင်းပန်၍ ရာဇဝင်ချုပ် ကျမ်းတစောင်လည်း စီရင်ပြုစုခဲ့၏။ ညီတော်ပြည်မင်းသည် နောင်တော် မရဲးတော်တို့ကို လုပ်ကြံ မင်းပြုပြီးနောက် တံဆိပ်ရဆရာတော်များကို နန်းတော်သို့ပင့်၍ ဆွမ်းကျွေးတော်မူ၏။ တရားတော်လည်း

နာ၏။ ''ထီးနန်းအလိုမရှိသော်လည်း မှူးမတ်တို့က မင်းပြုရန် အကြိမ်ကြိမ်တောင်းပန်သဖြင့် သံဃာအားကို ဘုရားမဆန်နိုင်ဆိုသကဲ့သို့ မင်းပြုရခြင်းဖြစ်သည်'' ဟု သံဃာတော်တို့အား လျှောက်လေ၏။ ဆရာတော်ကြီးများက ''ကံသော်လည်း ကံမမှီးက မဖြစ်ရာ၊ မကံသော်လည်း ကံကြီးကဖြစ်ရာသည်'' ဟုမိန့်တော်မူကုန်၏။ မြောက်နန်းကျောင်းဆရာတော် အရှင်အဂ္ဂမမှာလင်္ကာရက ''ဤအရေးသည် ငါတို့နှင့်အရာမဟုတ်၊ ညီတော်နောင်တော်နှစ်ပါးဟုတ်မဟုတ်ကို အောက်ငရဲသို့ရောက်မှ ငြင်းခုံကြလေ'' ဟု ထပ်ဆင့်၍ မိန့်တော်မူ၏။

ထိုစဉ်အခါက စစ်ကိုင်းမင်းဝံတောင်ရိုးတွင် သီတင်းသုံးနေသော အရှင်ဒီဝါကရနှင့် အရှင်သုဒဿနတို့၏ တပည့်နှစ်ပါးတို့မှာ ရှင်သီလာစာရနှင့် ရှင်ဝိမလာစာရတို့ ဖြစ်ရာ

ယင်းနှစ်ပါးတို့က ''မြစ်ကားချင်းတွင်း၊ ချင်းကားအနောက်၊ မြောက်သို့မယွန်းသေန်စွန်းဝယ်၊ တည်ထွန်းသဝဲသနာ'' ဆိုသော တဘောင်ပေါ်လာချက်အရ....

''စစ်ကိုင်းတောင်အောက်၊ တောက်သည့်ဆီမီး၊ ထိန်ထိန်ညီး'' ဟူ၍လည်း ဆိုပါသည်။ တပည့်တော်တို့နှစ်ပါး တောက်ပပါလိမ့်မည်ဖြစ်ကြောင်း တောင်ဖီလာဆရာတော်အား လျှောက်ထားလေ၏။

တံဂိုဏ်း**ရှင်ဂုဏာလင်္ကာရ**၏ဆရာစဉ်တွင် တောင်ဖီလာဆရာတော်ပါရှိ၏။ တပည့်စဉ်ဆက်တွင် ရေစကြို့ရှင်ဝရသမ္မောဓိ၊ စလင်းမြို့ရှင်ဉာဏမဇ္ဈ။၊ ဟန်လင်းမြို့ရှင်ဉာဏသာရ၊ စဉ့်ကူးမြို့ ရှင်ဥက္ကာရမ္ဘ၊ စစ်ကိုင်း တောင်ဘီလူးချောင်ရှင်ဥတ္တမသာရ၊ ရွာသစ်ကြီးရှင်အာစာရမ္ဘ၊ တလုတ်မြို့ ရှင်ဗုဒ္ဓါလင်္ကာရ စသည်တို့ ပါဝင်သည်။

တောင်ဘီလူးရှင်ဥတ္တမသာရသည် အဘိဓမ္မာညဝါဟောရိုး ကျမ်းကြီးများနိုင်နင်းသည်။ ယင်း၏တပည့်များတွင် ခိုတောင်ရွာရှင်သီလစာရ၊ မတ္တရာကင်းရွာရှင်သာရဒဿီ၊ ထုံးကြီးရွာ ရှင်ကလျာဏဇောတ၊ စဉ့်ကူးမြို့ရှင်စန္ဒာသီရိ၊ စဉ့်ကိုင်ရှင်ဥတ္တမ၊ စရစ်ရွာရှင်စန္ဒာဝရ၊ ထန်းတပင်ရှင်ဝရမေဓာ၊ အုတ်ရွှစ်ကျေးရွာ ရှင်ယသ(နောင်အခါသာသနာပိုင် ဖြစ်လာသည်)၊ ကန်ဘဲရှင်ဂုဏာမဇ္ဈ။၊ လေးပင်ရွာ ရှင်သာရဓမ္မ၊ အမရပူရမြို့ ရှင်ဝိစိတ္တသာရ၊ ယင်းတော်မြို့ ရှင်ဂုဏာသဘ၊ စကျင်တောင်ရွာ ရှင်သုဒဿန စသည်တို့ ဖြစ်ရာ ထိုဆရာတော်တို့မှာ ညဝါကျော်များဖြစ်၏။ အမပူရမြို့မှ အဘိဓမ္မာညဝါတန်ခွန်ကျမ်း စသည့် ကျမ်းပြု **ပထမကျော် ဆရာကြီးဦးအုန်း**မှာ တောင်ဘီလူးရှင်ဥတ္တမသာရ၏ တပည့် အထက်အနွယ်ဖြစ်၏။

နတ်စက်ရောင်ဆရာတော်


နတ်စက်ရောင်ဆရာတော်အကြောင်းကို ဆက်လက် ဖော်ပြလို၏။ ငါးရာနဲဇာတိ ဖြစ်၍ "ငရရဲနတ်စက်ရောင်" ဟူ၍လည်းထင်ရှားသည်။ ဘွဲ့တော်ရင်းမှာစက္ကာဘိဃောသ ဖြစ်၏။ မင်းလှူတံဆိပ်မှာ စက္ကဓမ္မနန္ဒရာဇာဂုရုဟူ၏။ အခါတပါး သာလွန်မင်းသားတော် အမြင့်မြို့စား (ရှင်တလုတ်)သည်ပုန်ကန်လေ၏။ သာလွန်ခမည်းတော်မှာ ဗုတ်ချည်း ဖြစ်ပွားသော တော်လှန်မှုကြောင့် ကမုတ်ကြိုးငါးသွယ်သီထားသော အဘိုးမဖြတ်နိုင်သော လက်စွပ်တော်ယူ၍ မှူးမတ် မိဖုရား အနည်းငယ်တို့နှင့်အတူ လေးထပ်ကျောင်းတော်သို့ ထွက်ကြွရလေ၏။ လေးထပ်ကျောင်း၌ ယာယီစံနန်းနှင့်နေစဉ် ပရိတ်တရားနာယူခြင်း စသည်တို့ကို ပြုနေ၏။ သာလွန်မင်းတရားက....

"အရှင်သူမြတ်ထဲမှ ဗေဒင်ဂဏန်း တတ်ကျွမ်းပုဂ္ဂိုလ်ညွှန်ပါ" ဟု လျှောက်ရာ "ငါတို့ရဟန်းတော်များ ဗေဒင်ဂဏန်းလေ့လာစွမ်းမရှိ၊ ငရဲနဲရဟန်း တတ်ကျွမ်းသည်" ဟု မိန့်တော်မူကြလျှင်၊ မင်းတရားကြီးက ငါးရာနဲရဟန်းအား လျှောက်ထားပြန်လေ၏။

"ကာလကြီးနည်းအလို့ငှာ မင်းတရား စိုးရိမ်တော်မမူသင့်ပါ၊ သီတင်းကျွတ်အရေးတော် အောင်မြင်မည်" ဟုဟောဆိုသည့်အတိုင်း သီတင်းကျွတ်လျှင် သူပုန်များ ဖြိုဖျက်နိုင်လေ၏။

ငါးရာနဲရဟန်းသည် ဝမ်းဘဲအင်းစံရမည်းသင်းစား မင်းရဲကျော်ထင်လက်ထက်၌ လည်း ငရဲနဲနတ်စက်ရောင်အမည်ဖြင့် ထင်ရှားခဲ့ပြန်၏။ နတ်စက်ရောင်၏ ဆွေမျို့း ၃၀-ကို အသည်ခေါ် လူလွတ်အဖြစ်နှုတ်၍ နတ်ရှင်(မြင်းစု)အမှူထားဖြည့်သွင်းခဲ့၏။ ၁၀၄၃-ခုနှစ်တွင် လွန်သည်ဟုသိရလေ၏၊ နတ်စက်ရောင်ဆရာတော်၏တပည့် ငါးရနဲရွှေညောင်နှင့် စံကျောင်းတော်၌ အလှည့်အလည်သီတင်းသုံးခဲ့သော (အရှင်ဥက္ကံသဓမ္မသီရိ)ရှိရာ ဗေဒင်ကိန်းခန်းဓာတ်ဆန်းနှင့်ဟာကွ အသီတိကျမ်း၊ အဋ္ဌဂဥုန်စက်ကျမ်း နရဝိထိကျမ်းရိုးများ နိုင်နင်းလှပေ၏။

ဝမ်းဘဲအင်းစံမင်းလက်ထက်က နန်းတွင်းသို့ သူပုန်များ ပစ်ခတ်ထကြွခဲ့ဘူးရာ သူပုန်တို့ကို သတ်ဖြတ်သောကြောင့် နန်းတော်တခုလုံး သွေးရည်အဆို့အညှော်လိမ်းကျံ ပေရလေ၏။ ယင်းကိစ္စနှင့်စပ်လျှင်း၍ မင်းတရားလျှောက်စာမူရင်းကို ဖော်ပြလိုပါ၏။



ဝမ်းဘဲအင်းစံ မင်းလျှောက်စာ

ရေမြေရှင် လျှောက်ပါသည် ဆရာတော်....

သာသနာတော်မှုကို ထောက်ရှု၍ ငရဲနဲမှ အဝသို့ ကြွရောက်လာသည်နှင့် ကူတော်သစ်ပဒ္ဒာန်းစရပ်တွင် သီတင်းသုံးနေသည့်ကာလ တကာတော်၏ ဇာတာကို ကြည့်ရှုသည်တွင် ၁၀၃၄-ခုနှစ်သို့ ရောက်လျှင် အထွဋ်အမြတ်ရောက်မည် မချွတ်၊ ရုတနာသုံးပါးကို မမေ့မလျှော့ လုံ့လဟောင်းတွင် ထပ်လောင်း၍ လုံ့လပြု၊ထုံးဟောင်းစံဟောင်းများကိုလည်း နှလုံးသွင်းတော်မူပါမည့်အကြောင်းနှင့် မိန့်တော်မူခဲ့သည်နှင့်အညီ ရုတနာသုံးပါး မိခင်ဘခင် ကျေးဇူးရှင် သခင် ရှင်ပင်ဘုရား မေတ္တာများကြောင့် ၁၀၃၄-ခုနှစ် တပေါင်းလဆန်း ၁-ရက်၊ တနင်းလာနေ့တွင် ဘေးတော် ဘိုးတော် နောင်တော်တို့ အရိုက်အရာ ဆက်ခံ စိုးစံသည်ကို ပြင်စည် မြင်းမှူး ငကျော်ခိုင်၊ ရွာဝေး မြင်းမှူး ငချစ်စံ၊ သီရိမမွာသောကခံ ငတက်ကျော်တို့သည် ခွေးချိုတောင်နောက်စား **ပေါ့တ်**၊ သုံးထောင်မှူး ငအုပ်၊ လှေမှူးလှေသား တို့နှင့် ပေါင်းဘက်၍ တကာတော်ကို ရန်မူသောကြောင့် သာသနာတော်၏အညစ်အကြေးဖြစ်၍ရှေးနန်းတော်ထက်ပင်သင်းတို့တစုကိုလုပ်ကြံရသည်နှင့် သွေးသံချင်းချင်း နန်းတွင်းပြဲတိုက်စနုလေသာဆောင် နန်းကြမ်းပြင်တွင် အမြင်မတော်ရှိရသည်၊

သို့ဖြစ်၍ တတ်သိသူ ရဟန်းပုဏ္ဏား ပညာရှိတို့ကို ဆေးကြောကုမစီရင်ပါစေပြီးသည်ကို နန်းတော်ထက်အိပ်နေသည်။ မှူးမတ်တို့ကို ကိုယ်ထင်ပြသည်။ လန့်ဘီကျောက်ကို ဆဲငင်ယူသွားသည်။ မောင်းမ,ငယ်တို့ ဦးဆံကို ဆဲငင်သည်။ သစ်သီး သစ်ပင့်နှင့် ပစ်သည်။ အထွေထွေခြောက်လှန့်သည်ကို ကြောက်ဖျားကြောက်နာ ဥပါဒ်ရောက်သူတို့ ရောက်သည်။ မကောင်းဆိုးဝါး အစိမ်းသေတစ္ဆေပြောက်ညိမ်းမှု ဗျာဃ္ဃစရိယာနိယတုံပြုသည်။ ဂိုဟ်တို့လည်း ရှေ့သို့ရှိခဲ့၍ နေကြတ် လကြတ် အထွက်အသွင်းများကို ထောက်ထားမြော်ရှု၍ ကုမတော်မူပါဘုရား....”

(သက္ကရာဇ် ၁၀၃၅-ခု ကဆုန်လဆန်း ၃-ရက်နေ့ အဆောင်တော်မြေခါင်းခဲ့ရှာစား မုဆိုးဘိုရွာစားတို့ကိုငရဲနဲဆရာတော်ထံသို့စေတော်မူသည်)။

ဆရာတော်သွင်းစာ

"ငရဲနဲ့ဆရာတော် မေတ္တာမပြတ် ပို့ရောက်အပ်သော ရေမြေအရှင် မဟာဓမ္မရာဇာတရားမင်းမြတ်....

ဘေးလောင်းတော် ဘိုးလောင်းတော်တို့ အရိုက်အရာ မဟာဓမ္မရာဇာဖြစ်တော်မူပြီးသည်နေ့ကစ၍ ရေဝေးသောကြာသည် ရေလာလျှင် လန်းဘိသကဲ့သို့ ဝမ်းမြောက်ပါသည်၊ ရေမြေအရှင် မိန့်တော်မူချက်ကို လောကဓမ္မကျမ်းဂန်မှာရှုလျှင် ရေမြေအရှင်လက်ထက်တွင် ထူး၍ ပြသည်မဟုတ်။

ပါဠိလိပုတ်ပြည်တွင် သီရိဓမ္မာသောကမင်းလက်ထက် သာသနာတော် (၃၁၀)တွင် သီရိဓမ္မာသောက အဆွေတော်ဖြစ်သော ဗျူဟကမင်းသား၊ သုမနမင်းသား၊ အာနန္ဒာမင်းသားတို့သည် အမတ်မဟာဇညစက္ကဒေဝ သုခေါမတစုတို့နှင့် မကောင်းကြံကြသောကြောင့် နန်းတော်ထက်တွင်ပင် ဒါးလုံပြိုးပြက် လက်နက်တို့ဖြင့် ကွပ်မျက်တော်မူရသောအခါ ပုန်ကန်သည်နှင့် မင်းသားမှူးမတ် သူရဲတို့ နန်းတော်ထက်တွင်ပင် သွေးသံချင်းချင်း သေခြင်းမလှသေရကြသည်ဟု **ရာဇဝတ္ထဒီပလောကကျမ်းက** ဆိုသည်။

အရိမဒ္ဒနာ ပေါက္ကံပြည် အလောင်းစည်သူမင်း လက်ထက် သက္ကရာဇ် (၄၅၆)တွင် သူပုန် လူဆိုးသူခိုး ဒါးပြ လူတရာကျော် နှစ်ရာ နန်းတော်သို့အချိန်မဲ့ ဝင်လာသောကြောင့် မှူးမတ်သင်းပင်းအတွင်း သားတော်တို့နှင့် တိုက်ခိုက်ရသည်တွင် နန်းတော်ဦးကင်းတွင် သေဆုံးသူ သေဆုံးသည်။ နန်းတော် ဇေတဝန်စမုခ်ခန္ဒပြဲတိုက်တွင် သေဆုံးသူ သေဆုံးကြသည်ဖြစ်၍ နန်းတော်အားလုံး သွေးစီး သွေးရှင် အမြင်မလှရှိသည်ကို သုတ်သင်ရှင်းလင်း ပြေငြိမ်းပြီးသည်နောက် သင်းတို့တစု မကောင်းဆိုးဝါးဖြစ်ပြီး ကိုယ်ထင်ပြ၍ ချောက်လှန့်သည်။ ခဲ့အုတ်နှင့်ပစ်သည်။ ရေနှင့်ပက်သည်။ ဦးကင်းတံခါးဖွင့်သည်များကိုလည်း ရဟန်း, လူ ပုဏ္ဏား, ပုရောဟိတ် ပညာရှိတို့နှင့် တိုင်ပင်ကုမ၍ ငြိမ်သည်ဟု ငှက်ပစ်တောင်ဆရာတော် **အရှင်ဂေါဝဝရ**စီရင်သော ရာဇဝင်တွင်ရေး၍ ထင်ရှားစွာရှိသည်။

ရတနာပူရ အဝမြို့တည် သတိုးမင်းဖျား လက်ထက် နန်းတော်ထက်တွင် ရှင်သူငယ်ကို ခုတ်သတ်ပြီးလျှင် သွေးသံချင်းချင်းနှင့် နန်းတော်အောက်သို့ ကြမ်းကိုဖွင့်၍ ပစ်ချသည့်အရာလည်းရှိသည်။ ရေမြေရှင် ဘိုးတော်သာလွန် မင်းတရားလက်ထက် သက္ကရာဇ်(၁၀၀၉)ခုနှစ်တွင် သားတော် အမြင့်မြို့စား ရှင်တလုတ်ခြားနား၍ မင်းသားတောင်မှူးလေးယောက် နန်းတွင်းသို့ ဝင်လာသည်ကာလ၊ ဘိုးတော်ကိုယ်တော် နန်းတော်ကဆင်းခဲ့၍ မြို့တော်ကလေးတံခါးက အတွင်းဝန်နန္ဒဇေယျရာဇယော်ဓာတို့ တဲ့မ, ထွက်သွားရသည်။

မဟာမုနီ ဘုံသာစံလွတ် လေးထပ်ကျောင်းတော်မှာနေရသည်နှင့် နောက်ဝင်၍တိုက်လျှင် နန်းတော်အနောက်ဆောင်တွင် ရှင်တလုံတ်သေဆုံးသည်။ အာမခံထောင်မှူး အရွှတ်ဝန်ပညာသည် အုန်းနောက်စား ပေါက်တောစား ရွှေကူစားတို့နှင့် လူနှစ်ရာကျော် သုံးရာခန့် နန်းတော်ထက်တွင် ဒါးလုံသေနတ်ချ၍ ဦးလည်ထောင်းလောင်း ခြေကျိုးလက်ပြတ် သွေးသံချင်းချင်း သေခြင်းမလှ ရှိကြရလေသည်။

ထိုကာလ သင်းတိုတစု မကောင်းဆိုးဝါးဖြစ်၍ နန်းတော်အဆောင်များတွင် မှူးမတ် လူသူ မောင်းမသူငယ်တို့ကို ကိုယ်ထင်ပြ၍ချောက်သည်။ ခဲအုတ်နှင့်ပစ်သည်။ ရေနှင့်ဖြန်းပက်သည်။ ထိုကာလ ပုဏ္ဏားတော်**ဇာဂရု**မည်သောရာဇဂုရုဇေတုဋ္ဌဟူးတို့ ကုမကြသည်တွင် ပေပျောက်လေသည်။

ထိုနောက် ငါးထပ်ဒါယကာမင်းကို ညီတော်ပြည်မင်းက လုပ်ကြံသည်မှာ အဝတ်ကိုဖြန့်၍ခြောက်သည်။ နန်းမိုးခေါင်ကကိုယ်ထင်ပြသည်။ နန်းကို ကျိုးကျိုးကျိမ်းကျိမ်းခုန်သည်။ မီးတိုင်မီးလွှင့်တို့ကို သတ်မှတ်သည်။ အိမ်သူတို့ခြေကို ဆွဲငင်သည်။ ထိုကာလ**သစ်ဆိမ့်ပင်ဆရာတော်**နှင့် ပုဏ္ဏားဆုံထားစား ကန်ကြီးစားရွာစား လူပညာရှိ**ဗျသီး**စားတို့နှင့် တိုင်ပင်ကုမကြသည်တွင် **အခြောက်အလှန့်**ငြိမ်းလေသည်၊

ယခု **ရေမြေရှင်**လက်ထက်ရှေးကဲ့သို့ အခိုက်ကြုံ၍ အခြောက်အလှန့်ဖြစ်သည်ကို ထုံးစံနှင့်အညီကုမပါမည်။ ဂြိုဟ်အသွားအလာမမှန်သည်ကိုလည်း စီရင်ပါမည်။ သိုက်နိမိတ်စနည်း တဘောင်(တံပေါင်)အလိုသော်ကား **အင်္ဂါနံမင်း**မြို့တော်အရှေ့ထောင့်အရပ်၌ ယာယီနန်းစံမည်အဆိုအတိုင်း **တကာတော်အင်္ဂါနံ**မင်းမှန်သည်ဖြစ်၍ **ဝမ်းဘဲအင်း**အရပ်၌ ယာယီနန်းစံသင့်သည်ကိုလည်း ရဟန်းကြီးလူကြီး သိမြင်သူ ဇာတ်နိမိတ် တပေါင် ကျမ်းကျင်သူတို့နှင့် နှိုင်းချင့်တော်မူသည် တရားမင်းမြတ်”

ဟူ၍ ပြန်လည်မေတ္တာစာသွင်းပြီးနောက် အစိမ်းသူရဲ ဘုတ် တစ္ဆေ ငြိမ်ပျောက်စေမည့် စီရင်ထုံးများကို ညွှန်ကြားဆောင်ရွက်တော်မူ၏။ ၁၀၃၅-ခုနှစ် နယုန်လစီရင်၍ သီတင်းကျွတ်လကစ၍ နန်းတော်အတွင်း အခြောက်အလှန့် ပျောက်ကင်းသောဟူ၏။

မြန်မာနိုင်ငံနှင့်သာသနာ

ပုခန်းဆက်သာသနာ၏ မြစ်ဖျားခံရာ မြန်မာနိုင်ငံသို့ သာသနာရောက်ရှိလာသည်ကို ဖေါ်ပြရန်လိုပါ၏။ ဗုဒ္ဓသည်လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ်အခါ မြန်မာနိုင်ငံ ပစ္စန္တရစ်ဖြစ်သော ဥက္ကလာပအရပ်မှ တဖုံသော ဘဿိကညီနောင်နှစ်ဦးတို့သည် ဒွေဝါစိက သရဏဂုဏ်တည်ကြသူများဖြစ်၏။ ဘုရားရှင်၏ဆံတော်ကို ကိုးကွယ်လိုကြသဖြင့် ဘုရားရှင် အားလျှောက်ထားရာ အမြဲထာဝစဉ် ကိုးကွယ်နိုင်ကြစေရန် လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူလျက် ညှိသောအဆင်းရောင်ခြည်တော် တောက်ပသော ဆံတော်ရှစ်ဆူကို လက်တော်တင်ကပ်ပြီစေတော်မူ၏။ ထိုဆံတော်ရှစ်ဆူတို့ကို ညီနောင် တို့ပင့်၍၊ ဇာတိဥက္ကလာပသို့ပြန်လည်ကြသည်။ ၃-လနှင့် ၅-ရက်ကြာသောဟူ၏။ ဆံတော်ရှစ်ဆူကို ဥက္ကလာပမြို့တွင်စေတီတည်၍ ဌာပနာကြသည်။

အချို့သမိုင်းတွင် အသိတဥ္ဇနမြို့တံခါးနှီး၌ စေတီတည် ဌာပနာသည်ဟု ဆို၏။ ယင်းစေတီမှ လပြည့်လကွယ်နေ့တိုင်း ရောင်ခြည်တော်ကွန့်မြူးတော်မူသည်။ ဥက္ကလာပသို့မဟုတ် ဒဂုန်မြို့ကို အလောင်းမင်းတရားလက်ထက်တွင် ရန်ကုန်ဖြစ်လာသည်။ အချို့သမိုင်းဆရာတို့က ညီနောင်နှစ်ဦးတို့ ပင့်ယူလာသောဆံတော်ရှစ်ဆူကို ဥက္ကလာပမြို့သိုက်တွင်ရကုန်းမြေထက်၌ စေတီတည်၍ တိဂုဏ်(ရွှေတိဂုံ)အမည်တော်ဖြင့် ကမ္ဘည်းရေးထိုးကြောင်းဆို၏။ ဆိုလိုရင်းမှာ ရှင်တော်ဗုဒ္ဓ၏ **ဆံတော်ရှစ်ဆူမြန်မာနိုင်ငံသို့** ဦးစွာရောက်ရှိလာခြင်းကိုဖေါ်ပြလို၏။

ဘုရားရှင်ရှစ်ဝါရရှိတော်မူသောအခါ ဂဝံပတိရဟန္တာမထေရ်က မြန်မာနိုင်ငံသုဝဏ္ဏဘူမိ(သတို့)သို့ကြွရောက်၍ သာသနာပြုရန် ဘုရားရှင်အားလျှောက်ထားခြင်းကို ချီးမြှင့်သနားတော်မူ၍ သထုံပြည်သီဟမင်းလက်ထက် ရဟန္တာများ ခြံရံတော်မူလျက် ဒုတိယအကြိမ် မြန်မာနိုင်ငံသို့ သာသနာရောက်ရှိလာသည်။

ဘုရားရှင်ဝါတော်နှစ်ဆယ်တွင် မြန်မာနိုင်ငံသုနာပရန္တတိုင်းအပါဝင်ဝါးဇင်ဒုဂါမသို့ ရဟန္တာများ ခြံရံတော်မူလျက် **ထတိယအကြိမ်**သာသနာရောက်ရှိလာသည်။ သုနာပရန္တတိုင်းသားတို့ ကိုးကွယ်နိုင်ကြစေရန် နမ္မဒါနဂါးမင်းနှင့် သစ္စဗန္ဓရသေ့တို့ ဇံတောင်းပန်

၁။ ဥက္ကလာပကို အသိတဥ္ဇမြို့ဟူ၍ လည်းကောင်း၊ ပေါက္ခရဝတီမြို့ဟူ၍ လည်းကောင်း၊ အချို့သမိုင်း၌ ဖော်ပြသည်။ ယင်းသုံးမျိုးလုံးကိုပင် ယခု ရန်ကုန်ဖြစ်နေပြီ။

လျှောက်ထား၍ စက်တော်ရာနှင်ဆူကိုချတော်မူသည်။ စန္ဒကူးနှံ့သာကျောင်းကို အလှူခံတော်မူ၍ မဟာပုဏ္ဏထေရ်ကိုလည်း သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမတွင် သာသနာပြုစေတော်မူသည်။ စန္ဒကူးကျောင်းတော်နေရာ၌ စေတီတဆူတည်ခဲ့ရာ ယခုလယ်ကိုင်းကျောင်းတော်ရာစေတီဖြစ်သည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာသင်္ဂါရုဠ် (၂၃၅) (ဘီစီ ၃-ရာစုနှစ်)ကွန်ဒိယနိုင်ငံ ပါတလိပုတ်ပြည် အာသောကမင်းတရားကို အမှီပြုလျက် ရှင်မောဂ္ဂလိပုတ္တတိဿရဟန္တာထေရ်သည် ရဟန္တာတထောင်ဖြင့် အာသောကကျောင်းတော်၌ ဒု-လတိုင် တတိယသင်္ဂါယနာဟော်၍ သာသနာပြုတော်မူ၏။

ထိုစဉ်က အာသောကမင်းနန်းစံ ၁၈-နှစ်တွင် မြန်မာနိုင်ငံ သရေခေတ္တရာပြည်၌ ရန်ပေါင်းမင်းနန်းစံ ၁၂-နှစ်နှင့်ကိုက်ညီလျက် နန်းပြိုင်ခေတ်ဟုဆိုရသည်။ ရန်ပေါင်းမင်းကား ဒုတိယ သရေခေတ္တရာပြည်မင်းဆက် ၁၁-ဆက်မြောက် ဒဲတ္တပေါင်မင်းမြေးတော် ဒဲတ္တရန်မင်း၏သားတော်တည်း၊

.... o .... o ....

သာသနာဖြိုမထရ်များ

ရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သာသနာတော်တည်ထွန်းမည့် ပစ္စန္တရစ်အရပ်၌ သာသနာတော် အရှည်တည်ထွန်းမည့်အကြောင်းကို အနာဂတံသဉာဏ်တော်ဖြင့် ရှုမြော်သုံးသပ်တော်မူ၍ သာသနာတော်နှစ် ၂၃၅-ခုတွင် ကိုးတိုင်းကိုးဌာန သတ်မှတ်လျက် သာသနာတော်ပြုစေတော်မူ၏။

ကိုးဌာနသာသနာဖြိုအပါအဝင် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ သထုံပြည်တည်ရာနှင့် ပတ်သက်၍ သမိုင်းဆရာတို့ ဝိဝါဒကွဲပြားကြ၏။ အချို့က သုဝဏ္ဏဘူမိသည် ပဲခူးတိုင်း အပါအဝင် မလေးကျန်းဆွယ်ဒေသများနှင့် မုတ္တမပင်လယ်ကွေ့ဒေသများဟုဆိုကြသည်။ တချို့က သံလွင်မြစ်အပါအဝင် ဧရာဝတီမြစ်လက်တက် တိုးမြစ်ဝပ်ကြား ပင်လယ်ကမ်းခြေတဝိုက်ဟုဆိုသည်။ အချို့က သံလွင်မြစ်ကြောင်းအနောက်ဘက်ရှိ မောကိုးပြည်ထောင်၊ သံလွင်မြစ်အရှေ့ဘက် လောရှမ်းပြည်နယ်၊ တောင်ပိုင်းယိုးဒယားပြည်ထောင်စုနှင့် မွန်မြန်မာနေထိုင်ကြရာ အရှေ့ကျန်းစုဒေသများကို သုဝဏ္ဏဘူမိနယ်ဟုဆိုကြသည်။

အချို့က စုမဟာကျန်းကို သုဝဏ္ဏဘူမိဆိုသည်။ အချို့က သုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံအောက်ပိုင်းဒေသတခုလုံးကို ခြုံလျက် ဆန်စပါးအများဆုံးထွက်ရာ ရွှေမြေအရပ် (၀၇) ရွှေဖြင့်ပြီးသောမြေဟု တင်စားခေါ်ကြသည်။

ဓမ္မစေတီမင်းတရားရေးထိုးသော ကလျာဏီကျောက်စာအလိုအားဖြင့် ရာမညရဋ္ဌကို သုဝဏ္ဏဘူမိတိုင်းဟုဆိုပြီးလျှင် မင်းနေပြည်တော် မုန်ပြည်နယ် ကေလာသတောင်ခြေခြံမြို့တည်သည်။ ယင်းဌာနတွင် သုတေသနတူးဖော်ချက်အရ သုဝဏ္ဏဘူမိသည် မုန်ပြည်နယ် မင်းနေပြည်တော်တည်စိုက်ခဲ့ရာမှာ "**တိုက်ကုလား**" တဝိုက်တွင် ဖြစ်နိုင်သည်။ သုဝဏ္ဏဘူမိ၏မြို့အရံများမှာ တနင်္သာရီ၊ ရောဝတီ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းများ အပါအဝင် အောက်မြန်မာနိုင်ငံဖြစ်နိုင်သည်ဟု ဆိုထားပြန်သည်။

အရှင်သောဏနှင့်အရှင်ဥတ္တရ

"သုဝဏ္ဏဘူမိံ ဂန္ဓာရန၊ သောဏုတ္တရာ မဟိဒ္ဓိကာ"

စသော ပါရာဇိကဏ်အဋ္ဌကထာအရ အရှင်သောဏနှင့် အရှင်ဥတ္တရ ဒုဟန္တာထေရ်နှစ်ပါးတို့သည် သုဝဏ္ဏဘူမိ(သထုံပြည်)သို့ နောက်ပါ ရဟန္တာများနှင့်အတူ သာသနာပြု ကြွရောက်တော်မူကြ၏။

ရဟန္တာအရှင်နှစ်ပါးဦးဆောင်ကြွရောက်လာချိန် ဤမြန်မာနိုင်ငံသည် သာသနာတော် ကွယ်ပျောက်မှိန်နေချိန်ဟု ဆိုရပေလိမ့်မည်။

ထိုစဉ်က သုဝဏ္ဏဘူမိတွင် သဲမာသောကမင်း နန်းစံချိန်တည်း၊ ထိုမင်းအုပ်စိုးစဉ်ကာလ၌ ရေစောင့်ဘီလူးတို့ အသင်းအဖွဲ့အလိုက် ယခု ရေးရေးမျှရှိသော သမုဒ္ဒရာပင်လယ်ရေပြင်မှ တက်ရောက်လာကြပြီး နန်းတွင်း သားဖွားမြင်တိုင်း သတ်၍ စားနေကြ၏။ ဘီလူးတို့ဘေးရန် ကြီးမားနှောင့်ယှက်နေစဉ်- အရှင်သောဏ၊ အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိ သထုံပြည်သို့ သာသနာပြုရန် တာဝန်အရ ကြွရောက်လာကြရာ ဘီလူးများအထင်ဖြင့် ရဟန္တာမထေရ်များကို ခဲအုတ်လက်နက်တို့ ဆဲကိုင်ပစ်လွှင့်ကြလေ၏။ ရဟန္တာတို့မှာ ရိုင်းလွန်းသောလူများပါမက ဘီလူးတို့ကလည်း နှောင့်ယှက်ကြရမည်လားဟူသော စိတ်ထားဖြင့် ခြောက်လန့်တန်ခိုးပြကြ၏။ ထိုအခါ မထေရ်နှစ်ပါးတို့၏ ကြီးမားသော မေတ္တာဘုန်းတန်ခိုးများပြလျက် ဘီလူးတို့ဘေးရန်ကို တွန်းလှန်နှိမ်နင်းတော် မူကြ၏။ မင်းနှင့်တကွသော နန်းတွင်းသူ- နန်းတွင်းသား၊ တိုင်းပြည်လူအများတို့က ယခင်က

ရဟန်းသံဃာမှန်းမသိကြသော်လည်း ယင်းတို့ ဘီလူးဘေးရန်တို့ကို ကာကွယ်ပေးကြသော မထေရ်တို့ကို အားကိုးလာကြ၏၊ ကြည်ညိုမြတ်နိုးလာကြ၏၊ အရှင်သောဇနတို့ရမထေရ်တို့က အားကိုးကြည်ညိုလာကြသော မင်းနှင့်တကွသော ပြည်သူအပေါင်းတို့အား....

"ပိသာစေနိဒ္ဒမေတ္တဝန၊ ဗြဟ္မဇာလံအဒေသယုံ"

ဟူသည်နှင့်အညီ ဗြဟ္မဇာလသုတ်တော်ကို ဟောဖော်ညွှန်ပြတော်မူ၍ မင်းနှင့်တကွသောပြည်သူတို့ သရဏဂုဏ် တည်လာကြလေသည်။ သာသနာတော်ကို သက်ဝင်ယုံကြည်တတ်ကြပြီးလျှင် လူခြောက်သောင်းခန့် အရိယာဖြစ်ကြလေသည်။ ဘိက္ခုရဟန်းပြုသူသုံးထောင်ငါးရာ၊ ဘိက္ခုနီရဟန်းမပြုသူတထောင့်ငါးရာ ရှိလာကြသည်။ အရှင်နှစ်ပါးတို့ဦးဆောင်သာသနာပြုခဲ့၍ သီမာသောကလက်ထက် သထုံတွင်သာသနာတည်စ,ဖြစ်သည်ဟု ဆိုနိုင်၏။ နန်းတွင်းနန်းပြင် ခလေးသူငယ်များ အန္ဆရာယ်ကင်းရန် "**သောဏုတ္တရ**" အမည်မှည့်ကြ၏။ ပေရွက်များပေါ်၌ "**မနုဿီဟ**" ရုပ်ရေး၍ ခလေးငယ်များလည်၌ ဆွဲချိတ်ပေးလေ၏။ ထိုအခါကစ၍ စတုတ္ထအကြိမ် မြန်မာနိုင်ငံသို့ သာသနာတော်တည်ရှိစ,ပြုလာသည်ဟု ဆိုနိုင်လေသည်။ သရေခေတ္တရာ, အရိမဒ္ဒနပုဂံ- နန်းစံသမုဒ္ဒရာဇ်, ပျူ စော ထီး မင်းလက်ထက်တိုင် ဘိက္ခုနီသာသနာ တည်ရှိနေကြောင်း ဆိုကြသည်။ သာသနာနှစ် ၁၀၁-ခုနှစ်တွင် သရေခေတ္တရာ ဒွတ္တပေါင်မင်းလက်ထက်က ရဟန္တာသုံးထောင်ရှိခဲ့သည်။ သာသနာပြု ယောနကဓမ္မရက္ခိတ ရဟန္တာမထေရ်မရောက်မီ ၁၃၀-ကျော် နှစ်ဆီကပင် သရေခေတ္တရာ၌ သာသနာရောက်ရှိနေလေပြီ။ **ယောနက**ဓမ္မရက္ခိတ,ရဟန္တာဦးဆောင်သော သာသနာပြုအဖွဲ့ရောက်သည့်အခါ သရေခေတ္တရာ၌ရန်ပေါင်မင်း နုန်းစံ ၄၃-နှစ်ရှိနှင့်လေပြီ။ မင်းနှင့်တကွသော ပြည်သူအပေါင်းတို့အား အရှင်ယောနကဓမ္မရက္ခိတရဟန္တာအရှင်မြတ်က "**အဂ္ဂိခန္ဓူပမသုတ်**" တော်ကို ဟောကြားတော်မူရာ ခုနစ်သောင်းသောပုဂ္ဂိုလ်များ အရိယာဖြစ်ကြ၍၊ မင်းမှူးမတ် တိုင်းပြည်သူအပေါင်းတို့ ရဟန်း, ရဟန်းမပြုကြသူများစွာရှိသောဟူ၏။

.... o ....•o ....

သာသနာ့မှတ်တိုင်

ပထမနှင့် ဒုတိယ တတိယ သံဃာယနာတင်ပြီးနောက် အရှင်ဓမ္မရက္ခိတမထေရ်အမှူးပြုသောရဟန္တာငါးရာတို့သည် သာသနာနှစ် ၄၅၀(ကောဇာနှစ်တူ)(ဘီစီ-၁၀၀-စု)တွင် သီဟိုဠ်ကျန်း (ယခု သီရိလင်္ကာ) ဝဋ္ဋဂါမဏိမင်းကိုအမှီပြုလျက် စတုတ္ထအကြိမ် (၅-လ)သံဂါယနာတင်တော်မူသည်။ ပေရွက်ပေါ်၌ အကျဉ်းမျှားရေးတင်ခဲ့ကြောင်း

ဇေတရသကဏ်ဋီကာ၌ ဆို၏၊ ပါဠိတော်ကို မဂဓဘာသာ၊ အဋ္ဌကထာကြီးများကို သီဟိုဠ်ဘာသာရေး၍ **အကြိမ်တရာတိုင်** တိုက်ဆိုင်တည်းသည်ဟူ၍လည်း အဋ္ဌကထာ၌ ဖော်ပြ၏။

ဝဋ္ဋဂါမဏိမင်းနှင့်ခေတ်ပြိုင်နန်းစံမြန်မာနိုင်ငံ သရေခေတ္တရာပြည် သရမာ ဘုရားဒါယကာ ကြက်ခေါင်းစားခေါ် ငတပါးမင်းလက်ထက်ဖြစ်၏။ ထိုအခါကစ၍ သုဝဏ္ဏဘူမိ သထုံပြည်နှင့် သရေခေတ္တရာပြည်တို့တွင် သာသနာတော်အခြေ ခိုင်မာထွန်းကားခဲ့သည်။ ရဟန္တာများလည်း အမြောက်အများရှိလေသည်။ သံဂါယနာတင်နှစ်အကွာအခြားမှာ ပထမနှင့်ဒုတိယ အနှစ်တရာခြား၍၊ ဒုတိယနှင့် တတိယ အနှစ် ၁၃၅-နှစ်ခြားသည်။ တတိယနှင့် စတုတ္ထ အနှစ် ၂၀၀-ခြားသည်၊ စတုတ္ထနှင့် ပဉ္စမ နှစ်ပေါင်း ၂၀၀၀ ကွာခြားသော်လည်း ထေရဝါဒကူးများဖြစ်၏။

သရေခေတ္တရာပြည်ကား မြစ်ဝကျွန်းပေါ်တည်၍ အသီးအနှံဖွံ့ဖြိုးလျက် တိုင်းရပ်ခြား ဆိပ်ကမ်းမြို့ဖြစ်သည်။ မြို့အရှေ့ဘက်တွင် ပျူလူမျိုး၊ တောင်ဘက်တွင် ကမ်းယံလူမျိုး၊ မြောက်ဘက်တွင် သက်လူမျိုး ဧရာဝတီနှင့် သံလွင်ကမ်းရိုးတလျှောက်၌ မွန်မြန်မာလူမျိုးတို့ နေထိုင်ကြ၏။

သရေခေတ္တရာမင်းဆက် ၂၅-ဆက်မြောက် သုမုန္နြီမင်းသည် အဇာတသတ်မင်းဖြို့ခဲ့သော နှစ်ပေါင်း ၆၂၄-ခု (အေဒီ-၈၀)နှစ်တွင် ''ဒေါဒေါရသ'' ၆၂၂-ခုကိုဖြို၍ အကြွင်း ၂-ခုထားလေသည်။

(ယခင်ဖြို ဂေါဝိန်ကလိယုဂ် ၁၁,၉၇၀-နှစ်နှင့် ယခု ၆၂၂တို့ကိုပေါင်းက ၁၂၅၉၂-ဖြစ်၏။ ယင်းကို ဂေါဝိန်ကလိယုဂ်ခေါ်၏။ ခရစ်တော် ကွယ်လွန်ပြီးဖြစ်၍ ထိုအချိန် (အေဒီ-၈၀)ခရစ်နှစ်ဟု ဆိုရ၏။ ခရစ်တော်ကွယ်လွန်သောနှစ်ပေါင်း ၈၀-ကို ဆိုလိုသည်။ သုမုန္နြီမင်းဖြို့အကြွင်း ၂-ခုမှ နှစ်ပေါင်း ၅၆၂-နှစ်တွင် ပုဂံ ၂၁-ဆက်မြောက် ပုပ္ပားစောရဟန်းမင်းက ၅၆၂-ခု (အေဒီ ၆၃၈)နှစ်တွင် ''ခ-ဆ-ပဉ္စ'' ကိန်း ၅၆၀-ကိုဖြို၍ အကြွင်း ၂-ခုထားပြန်၏။ ၂-ခုကြွင်းဂဏန်းများတိုးခဲ့ရာ ယခု (၁၃၃၉) ခုနှစ် ကောဇာနှစ်ရောက်ခဲ့လေပြီ။ ဂေါဝိန်ကလိယုဂ်နှစ်အရေအတွက်မှာ ယခင်ဖြို့ခဲ့ပြီး ဂေါဝိန် ၁၂၅၉၂-နှင့် ယခုဖြို ၅၆၀-ကိုပေါင်းလျှင် (၁၃၁၅၂) ရှိခဲ့လေပြီ။

''သုမုန္နြီ-ခံညီမနော၊ စံပြန့်ပြောက၊ ဒေါဒေါရသ၊ဖြိုကိန်းကျဟု၊ ယူကြလေဘိ၊ ပညာရှိတို့၊ ထိုပြိုဖြိုမည်၊ ပြုကြသည်တွင်၊နတ်ပြည်နှစ်တန်၊ နန်းဝယန်မှ၊ မဟလ္လက၊ ပုဏ္ဏရုပ်ဝါ၊ နတ်ရှင်လာ၍၊ ရှေးခါကိန်းနှင့်၊ ညီနှိုင်းချင့်လည်း၊ ခန့်သင့်မခြား၊ ကောဇာများမူ၊ ထားခဲ့တမူ၊ ရောက်ကိန်းပြူလော့၊ ယခုနှစ်မှ၊ နောင်ကာလ၌၊ ''ခ-ဆ-ပညာ'' ငါးရာခြောက်ဆယ်၊ ရောက်ခါဝယ်မူ၊ နှုတ်ပယ်လျှောက်ကူ၊ ဖြိုလိမ့်ဟူ၏။ (ရွှေနားတော်သွင်းချင်း)

ပုပ္ပားစောရဟန်း ၂-ကြွင်းဖြို့က နှစ်တိုးခဲ့ရာ ၇၈၈-ခုနှစ်သို့ ရောက်လာပြန်သဖြင့် အင်းဝမိုးညှင်းမင်းစာရားက ပင်းယစကြို့သူမြတ်နှင့် မင်းကျောင်းဆရာတော်တို့ အကြံပြုချက်အရ သက္ကရာဇ် ၈၀၀-ပြည့်တွင် ၇၉၂-ခုကိုဖြို့၍ **ဗသျူဆိဒြမုနိ**" ကိန်းအရအကြွင်း ၂-ခုထားရှိလေသည်။ သို့သော် ၇၉၂-ခုနှစ်ကိုဖြို့သော်လည်း မပြို့၊ မိုးညှင်းမင်းလက်ထက်ကစ၍ ကောဇာသက္ကရာဇ် အတိုအရှည်ထား၍ ဇာတာဖွဲ့ရာ၌ အချို့ အသုံးပြုနေကြသည်။ **ရှင်မဟာရဋ္ဌသာရပုဂ္ဂိုလ်ကျော်က** အတိုသက္ကရာဇ် အသုံးပြုထားကြောင်းကို ဘူရိဒတ် ဇာတ်ပေါင်းမျို့၌ "အကိုဆက္ကရာဇ်၊ ငါးဆယ့်ရှစ်၊ ပြီးလစ်ဂျိသည့်စာ" ဟူ၍ စပ်ဆိုခဲ့၏။

သာသနာနှစ် ၆၃၈-ခုနှစ်တွင် သရေခေတ္တရာပျက်၍ ၆၅၁-ခုနှစ် သုမုဒ္ဒရာဇ်မင်း ပုဂံနန်းစံစဉ် သာသနာတော် အရှိန်အဝါညှိုးမှိန်၍ **မဟာယာနဂိုဏ်းဝင်**များ အင်အားကောင်းပြီးလျှင် မြန်မာနိုင်ငံ ပြန့်နှံ့နေချိန်ဖြစ်သည်။ ဂိုဏ်းဦးစီး သုံးကျိပ်ကို **သမထီး** ခေါ်၍၊ ဝါဒတူခြောက်သောင်းခန့် ရှိသောဟူ၏။

မှတ်ချက်။ ။မြန်မာကောဇာနှစ် ၁၃၃၉-ခုကိုမူတည်၍ သာသနာနှင့် ခရစ်နှစ်သုံးမျိုးသိလိုလျှင် "ဒွေအဋ္ဌနှင့်ကေကောနှောတုံပါက၊ သာသနာနှစ် အတိတ်ဖြစ်၏၊" အရ ၁၁၈၂-ကိုရောက်ဆဲကောဇာနှစ် ၁၃၃၉-နှင့်ပေါင်း အတိတ်သာသနာနှစ် ၂၅၂၁-ဖြစ်လာသည်။ နှောကိန်း ၁၁၈၂ မှာ သုမုဒ္ဒဖြို့သော ၆၄၂-နှင့် ပုပ္ပားစောရဟန်းဖြို့သော ၅၆၀-နှစ်ရပ်ပေါင်း ၁၁၈၂-ဂဏန်းဖြစ်၏။ ခရစ်နှစ်သိလိုသော် "သောတြိအင်္ဂ၊ ရောက်လတ်တုံလစ်ခရစ်နှစ်" အရ၆၃၈-ကိုရောက်ဆဲ ကောဇာ ၁၃၃၉-နှင့်ပေါင်းက ၁၉၇၇-သည် ခရစ်နှစ်ဖြစ်၏။ နှောကိန်း ၆၃၈သည် ပုပ္ပားစောရဟန်းလက်ထက်က အေဒီ ၆၃၈-ကို ဆိုလိုသည်။

သာသနာအစ သထုံက

သုဝဏ္ဏဘူမိသထုံမြည်အပါအဝင် မြန်မာနိုင်ငံသို့ ဗုဒ္ဓနှင့်တကွ ရဟန္တာပုဂ္ဂိုလ်များ သာသနာပြုတော်မူရန် လေးကြိမ်၊ သရေခေတ္တရာနှင့်ဆိုလျှင် ခြောက်ကြိမ် ရောက်ရှိလာကြောင်း အတန်ဖေါ်ပြခဲ့ပေပြီ။ ကိုးတိုင်းကိုးဌာန သာသနာပြုများ စေလွှတ်ရာ၌ တာဝန်ကျရာ အရှင်သောဏ၊ အရှင်ဥတ္တရတို့သည် သထုံတွင် သာသနာပြုတော်မူကြသည်တွင် သာသနာ့အရှိန်အဝါ ခိုင်မြဲတည်တန့်ခဲ့၏။ သို့ဖြစ်၍ "သာသနာအစ သထုံက" ဟူ ဥဒါန်းစကားရှိခြင်းဖြစ်သည်။ အရှင်မြတ်နှစ်ပါးတို့မှ ဆင့်ပွားတပည့်များက သာသနာနှစ် ၁၆၀၀-မနူဟာမင်းတိုင်အောင် သာသနာစည်ပင်ခဲ့လေသည်။ ထိုမထေရ်တို့၏ အဆက် အနောမဒဿီအရှင်၏လက်ထက်က အဋ္ဌကထာကျမ်းပြု၊ ဗုဒ္ဓမတည်။ မည်သော အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာ အဋ္ဌကထာကြီးများကို အကျဉ်းချုံး၍ မဂဓဘာသာဖြင့် အဋ္ဌကထာသစ်ကြီးများကို ပြန်ဆိုရေးသား၍ခဲ့ပြီးလျှင် သထုံပြည်သို့ ယူဆောင်လာသည်ဟု ယင်း (ဗုဒ္ဓဃောသအဋ္ဌုပ္ပတ္တိ)၌ ဖေါ်ပြထား၏။

မြန်မာနိုင်ငံတွင် အရှင်သောဏုတ္တရထေရ်များမှဆင်းသက်ရာ သထုံသာသနာဝင်ဆရာစဉ်များအနက် အရှင်သီလဗုဒ္ဓိနှင့် အရှင်ကာလမထေရ်နှစ်ပါးတို့က မြန်မာနိုင်ငံလုံး အာဏာစက်ပြန့်ရာ သုနာပရန္တ၊ တမွဒီပခေါ် ပုဂံပြည်တွင် သာသနာအဆက်ပြန့်ပွားတည်စေရသော် ကောင်းလေစွဟူသောအကြံများ ဖြစ်ပေါ်လာကြသည့်အတိုင်း ဘုန်းသမ္ဘာရှင်နတ်သားတဦးအား သိကြားမင်းထံမှရရှိရန် တောင်းပန်ကြလေ၏။

နတ်သက်ကြွေတော့မည့်နတ်သားကို သထုံပြည် ပုဏ္ဏားမတဦး၏ဝမ်းကြာတို့က်၌ သန္ဓေတည်စေ၏။ နေ့လစေ့၍ဖွားမြင်လာသော ရှင်သီလဗုဒ္ဓိနှင့် ရှင်မဟာကာလတို့က စောင့်ရှောက်ကြ၏။ အရွယ်ရောက်လျှင် ရှင်သာမဏေပြုစေ၍ဘွဲ့တော် "**ရှင်ဓမ္မဒဿီ**" လူရှင်ဝတ်နှင့်ပင် ဗေဒင်လေးပုံဆုံးခန်းတိုင်၏။ ပိဋကသုံးပုဋ္ဌလည်း တတ်မြောက်၏။ ရဟန္တာဖြစ်၍ "**ရှင်အရဟံမထေရ်**" ဟုထင်ရှား၏။

အချို့မှတ်တမ်း၌ ရဟန်းဖြစ်ပြီး ဂျန်းယိုးဒယားပြည် သောက္ကတဲမြို့သို့ ကြွရောက်၍ ၁၀-နှစ်တိုင် ပညာသင်ယူ၍ သထုံသို့ ပြန်လည်ကြွရောက်တော်ရဆောက်တည်ရဟန္တာဖြစ်ကြောင်းဆိုကြ၏။

သာသနာနှစ် ၁၆၀၁-ခုနှစ်တွင် သထုံပြည်မနူဟာမင်းနှင့် ပုဂံပြည်အနော်ရထာမင်းတို့ နန်းပြိုင်ဖြစ်သည်။ ရှင်အရဟံမထေရ်ကား မြန်မာနိုင်ငံကိုဏ်းအသီးသီးတို့၏ ဦးစီးအမှုန်အစဟုဆိုနိုင်၏။ အရှင်သောဏုတ္တရတို့ကိုထောက်လျှင် ဒုတိယ ဦးစီး အကြီးအမှူးဖြစ်သည်။

ပုဂံပြည်နှင့်သာသနာ

ပုဂံပြည် သမုဒ္ဒရာဇ်(သမုတိရာဇ်)မင်းကစ၍ အနော်ရထာမင်းတို့ဉ် မင်းပေါင်း ၃၀-ဆက်အချိန်သည် ဂေ-အင့်တ္တရအဋ္ဌကထာလာ သာသနာအပ လိဒ်သာသနာတော် ခေတ်အတွင်းကကဲ့သို့ အညွှန်းကြီးရှင်ယော်ဉ်တို့ အားကောင်းခါန်ဟုဆိုရပေမည်။

ယင်းအရည်းကြီးကိုဏ်းတို့မှာ သာသနာနှစ် ၁၀၀-ပြည့်(ဘီစီ ၄၄၄)အချိန် ဒုတိယသံဂါယနာတင်သည်က စကဲ့လာခဲ့သော ကိုဏ်းကဲ့ မဟာယာနကိုဏ်းအဆက်အနွယ်ဝင်များသာဖြစ်သည်။

ဝဇ္ဇီတိုင်းသား ရဟန်းတို့ ဝိနည်းနှင့်စပ်၍ ခွတ်ယုံင်းချက်များကို ထုတ်ဖေါ်လျက် ဟောပြောကျင့်ဆောင်ကြသည့် အဓမ္မဝတ္ထု ၁၀-ပါးတို့ကြောင့်ဖြစ်လာ၏။ အသက်သွေးကြောဖြစ်သော ဝိနည်းကျင့်မှုကဲ့ပြားယူဆကြသော ဝဇ္ဇီတိုင်းသား ရဟန်းများကြောင့် ဒုတိယသံဂါယနာတင်ကြရ၏။ ဝဇ္ဇီတိုင်းသား ရဟန်းတသောင်းတို့ကလည်း ကောသမ္ဗီပြည်တွင် စင်ပြိုင်သံဂါယနာတင်ကြပြန်၏။ **ရှင်မဟာယသ၊ ရှင်ရေဝတ၊ ရှင်သဗ္ဗကာမီ** မထေရ်ကြီးများအမှူးပြုသော ရဟန္တာ ၇၀၀-တို့က နှုတ်လုံတ်ရွတ်၍ (ဂ-လကြာ)ဒုတိယသံဂါယနာတင်ကြသည်ကစ၍ "**ထေရာဝါဒကိုဏ်း**"ဟုခေါ်ရ၏။ ရဟန္တာ ၇၀၀-နှင့် သံဃာတော် နှစ်သိန်းရှိသည်။

ကောသမ္ဗီပြည်၌ ကိုဏ်းကဲ့သံဃာတသောင်းဖြင့် သံဂါယနာတင်ကြ၍ "မဟာသင်္ဃိတိကိုဏ်း"ဟူ၍လည်းခေါ်၏။ ထိုဒုတိယသံဂါယနာတင်ခါန်တစ၍ တဆောင်းသော သံဂါယနာတင်သည်ကို **မဟာယာန** (မြောက်ပိုင်းဗုဒ္ဓဘာသာ)ရဟန္တာ ၇၀၀-နှင့် တင်ခဲ့သော သံဂါယနာကို **ဟီနယာနကိုဏ်း**(တောင်ပိုင်းဗုဒ္ဓဘာသာ) ဖြစ်ပေါ်လာခြင်းတည်း။

အခါါမှတ်တမ်းတို့၌ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် လေးလမြောက်သောအခါ ရာဇဂြိုဟ်ပြည် အဇာတသတ်ကိုအမှီပြုလျက် **အရှင်မဟာကဿပရဟန္တာ**ကြီးအမှူးပြုသော ပထမသံဂါယနာတင်ခဲ့ခါန်ကစ၍ မဟာယာန၊ ဟီနယာနကိုဏ်းကဲ့လာသည်ဟုဆိုကြ၏။ မဟာယာနကိုဏ်းက ပိဋကတော်များကိုစုစည်းရာ၌ ဟီနယာန၏ သုတ္တန္တ၊ ဝိနယ၊ အဘိဓမ္မာ၊ **ပိဋကသုံးပုံတွင် ပကိဏ္ဏက ပိဋကနှင့် ဓရဏီပိဋက နှစ်ပုံဖြည့်စွက်၍ ပိဋကငါးပုံဟု** သတ်မှတ်ထား၏။ ဤသို့ကိုဏ်းကဲ့ပြားရာ၌ ပထမသံဂါယနာတင်မည့်အချိန် သံဃာတော်ရွေးချယ်မှုနှင့်ပတ်သက်၍ မကျေနပ်ကြသဖြင့် ကိုဏ်းသီးခြားထောင်ခဲ့သည်ဟူ၍လည်းဆိုကြသေး၏။ တတိယ သံဂါယနာတင်ပြီးနောက်ပိုင်းတွင် မဟာယာနကိုဏ်း

ဝင်များသည် နတ်ကိုးကွယ်မှု တန္တရ-မန္တရ အယူအဆများနှင့် အင်းအိုင် ခါးလွဲ လက်ဖွဲ့ မန္တန်အယူအဆများကြောင့် ထပ်မံကဲ့ပြားလာကြပြန်၏။ ယဲ့ဒေါ်၏ အာယူအဆများမှာ အရက် သေစာသောက်စား မူးယစ်ကစိုးရိမ်မှု ကြောင့်ကြမှုစိတ်များ မွေ့ပျောက်နိုင်သည်။

အရက်သည် မြတ်သောအလှူဖြစ်၍ အမြိုက်သုဒ္ဓါခေါ်ရ၏။ အမျိုးသမီးတို့က ထူးမြတ်သောကာမမှုကိုပေးလှူခြင်းသည် **ဝိမုတ္တိရသ**ကိုပေးလှူသည်မည်၏။ ကာမမှုသည် အကျင့်ထူး၍ တန္တရယာနခေါ်သောအလှူလည်းမည်သည်။ ဤအယူမှာ သာသနာတော်နှစ်၁၂၀၀-အတွင်းက လျှို့ဝှက်ကြီးပွားလာသည်ဟု ဆိုကြ၏။ အမှန်အားဖြင့် ဤအယူဝါဒမှာ လူသားတို့အား ဆဲဆောင်ရန်လွယ်ကူသောဝါဒ၊ အကြီးအကဲမင်းကစ၍ လိုက်နာလွယ်ကြသည်၊ ထို့ကြောင့် မိမိတို့၏ချစ်မငြိုး သမီးရတနာတို့ကို မြတ်ဘောဝိမုတ္တိရသဖြစ်အောင် ပေးလှူကြဆက်သကြ၏။

ထိုအယူဝါဒသည် အနော်ရထာမင်းလက်ဆက်ဘိုင်အောင် ကြီးပွားခေတ်စားလျက်ပင် ရှိသေး၏။ "ပန်းဦးလှတ်၊ သို့မဟုတ် ပန်းဦးပန်" ဆက်ကြရခြင်းသည် မဟာယာနကိုဏ်း၏မြတ်သော တန္တရ-မန္တရ အယူဆင့်ပွားများဖြစ်နေ၏။

အုန်းသီးသည် မိမိအရည်ကို ထိန်းသိမ်းလျှို့ဝှက်သကဲ့သို့ပင် အရည်းဆရာတို့၏ ကျင့်ဝတ်မှာ သိပ်သည်းလျှို့ဝှက်စွာကျင့်သုံးကြ၏။ အောက်လမ်းခေါ် လက်ဝဲလမ်း၊ အယူဝါဒမှာ(မ)ငါးလုံးအဆင့်ဆင့်ပညာတတ်ရန် လမ်းညွှန်ထား၏။ ယင်း(မ)ငါးလုံးမှာ....

၁။ မဇ္ဇ — သေရည်သေရက်
၂။ မစ္ဆ — ငါးစသောသတ္တဝါ
၃။ မံသ — အသားများ
၄။ မုဒ္ဒ — ကောက်ပဲသီးနှံများ
၅။ မေထုန — မေတုန်မှု—တို့ဖြစ်၏။

အရည်းဆရာတို့ကား ယင်း မ-ငါးလုံးဖြင့်ပညာပြလျက် လူသားတို့အားလှည့်ပတ်ဖျားယောင်းထား၏။ ယင်းတို့၏ဝါဒကို အနော်ရထာမင်းသည် ဆရာကောင်းတည့်ဟူသော သပ္ပုရိသစက်ကောင်းနှင့် တွေ့လာချိန်ကစ၍လည်း အရှည်းကြီးအားလုံးတို့ကို နှိမ်နင်းတိုက်ဖျက်ခဲ့၏။ အသိဉာဏ်အမြင်မှန် ရရှိကြသော ပြည်သူပြည်သားတို့ကလည်း လက်မခံကြတော့။ သို့သော် အားလုံးငသာအရည်းကြီးတို့ ကုန်စင်နေပါပြီလော....။

o .... o .... o

အရည်းကြီးများ

အရည်းကြီးတို့ကို "သမတိ်သ" ပုဒ်မှဆင်းသက်၍ သမထိုးဖြစ်လာသည်။ အရည်းကြီး ဂိုဏ်းဆရာကြီးသုံးကျိပ်ကိုဆို၏၊ ယင်းတို့၏နောက်လိုက် တပည့်သာဝကပေါင်း ခြောက်သောင်းခန့်ရှိသည်။ သူသို့၏ကျင့်ဝတ်တို့မှာ လက်ဝှေ့ထိုး၊ တုံးခုန် ဇယ်ခတ်၊ မီးလှုံခြင်းများဖြစ်သည်။ သူတပါးအသက်ကိုသတ်က ဓရဏီမန္တန်ပရိတ်ရွတ်လျှင် အပြစ်မရှိဟု ယူကြ၏။ မန္တန်အတတ်၊ ဆေးအတတ်၊ အောက်လမ်းပညာအတတ်၊ မြင်းစီးအတတ်များလည်း ကျင့်ဝတ်အဖြစ်ဆို၏။ သမီးကညာ လက်မထပ်မီညတ္တင် ပန်းဦးလှူခြင်းအကျင့်လည်း ပါ၏။ ပန်းဦးလှူကျင့်ဝတ်ပျက်ခဲ့သော် အပြစ်ဒဏ် ကြီးလှ၏။

အရည်းကြီးတို့မှာ ဦးခေါင်းဆံပင် လက်လေးသစ်ခန့်ရှည်လျှက် လည်ဂုတ်ဝဲနေရခြင်း၊ နှုတ်ခမ်းမွေးရှည်ထားခြင်း၊ မဲပြာရောင် ဝတ်ရုံရခြင်းများဖြစ်သည်။

"ရှေးအတိတေ, ပုဂံပြည်တွင်၊ ဆံကေသာလက်လေးသစ်၊ မုတ်ဆိတ်မွေးဗလပြစ်၊ မဲညစ်သည့်စီဝရုံနှင့် တာတေလံအကျင့်ဆိုး၊ ရှင်သိုးတကာ့ခေါင်ကြီး ရှင်မထီး" စသည်ဖြင့် **စလေဦးပုညကလည်း** အရုပ်ဖော်ထားသည်။

ယင်းအရည်းကြီးတို့ကို ပုဂံ၊ ပင်းယခေတ်များတွင် ခင်ကြီး, ဟူ၍၎င်း၊ ဘုန်းကြီး ဟူ၍၎င်း ခေါ်လေ့ရှိ၏၊ **ပထမံဆရာအောင်သည်** အရည်းကြီးတို့၏အသွင်သဏ္ဌာန်ကို အောက်ပါအတိုင်း ဆိုထားပြန်သေးသည်။

"ထီးတရပတ် (တလပတ်)ဇောတိရပ်, စီခတ်အမှမ်းတင်၊ စေ့စေ့ကြည့်လျှင် သူ့ရုပ်သွင်မှာ သမင်မဟုတ် ရှင်မဟုတ်နှင့်၊ ဦးထုပ်တရပတ် ပေလူကပ်လို၊ ပညတ်တော်မူ၊ သည်ဟာနှင့်တူသည်လို နှစ်ယောက်ကယ်ဘုရား၊ ဟော၍များထားသည့်နှယ်၊ ထိပ်ဖျားမှာခွေထိုးလို ကိုးကွယ်လှည့်ကြုံ"



ရှင်အရဟံရဟန္တာဃေရ်မြတ်

အရည်းကြီးဂိုဏ်းသားတို့၏ သြဇာရိပ်မကင်းသော ပုဂံခေတ်၌ သူတို့သာဂေါတမ၏ ဂိုဏ်းနွယ်၊ သူတို့အယူဝါဒသာ ဘုရားဟောနှင့်ညီကြောင်းကိုလည်း ဟောပြောနေကြ၏။ တနေ့သ၌ အရည်းကြီးတို့သည် သူတို့အယူဝါဒနှင့်စပ်သော စာတမ်းရေးလျက် သရေခေတ္တရာ (ယခု မြောင်ဇာမြို့)ရှိ လုံးပတ် ၃၂-တောင် သခွပ်ပင်ကြီးအခေါင်း၌ ထည့်သွားလေသည်။ သုံးနှစ်ကြာသော် ပုဂံပြည် အနော်ရထာမင်းအား "ကျွန်ုပ်တို့အယူဝါဒ အကျင့်လမ်းစဉ်ပါငသာကျမ်းစာ တူးဖော်ပါလော့" ဟု ဘိုက်ဘွန်းလေ၏။

မင်းတရားက အရည်းကြီးဘိုစကားအတိုင်း တူးဖော်ကြည့်ရာ မဟုတ်မလျားစာများတွေ့ရ၍ ယင်းသခွပ်ပင်နှင့်ပတ်ဝန်းကျင်ကို မီးရှို့ပစ်လေ၏။ ယခု ယင်းနေရာကို "မီးတိုက်ကုန်း" တွင်သည်၊

ရဟန္တာမြတ် ရှင်အရဟံသည် မဟာယာနဂိုဏ်းဝင် အရည်းကြီးတို့၏ အယူဝါဒများ လွှမ်းမိုးလျက်ရှိနေသောပုဂံပြည်သို့ သဒ္ဓံမှ ကြွရောက်တော်မူရာ အနော်ရထာမင်းတရားနှင့် ဆုံတွေ့လေ၏။ နိဂြောဓသာမဏေသည် ဓမ္မာသောကမင်းကြီးအား အံ့ပွမာဒ,တရားနှင့် ဒသဝတ္ထု၊ ဝိမာနဝတ္ထုလာဇာတ်ခကြောင်းများကို ဟောကြားတော်မူ၏၊

အနော်ရထာမင်းသည် ရှင်အရဟံအဝါ၌ မတုန်မလှုပ်သော ယုံကြည်သဒ္ဓါဖြင့် နှံးရင်ပြင်သို့ ပင့်ဆောင်လေ၏။ ညောင်ဦးဥခွဲ'မုဒ္ဒေါစေတီအရှေ့ရပ်၌လည်း ကျောင်းဆောက်လှူ၊ ကိုးကွယ်ထားလေ၏။ အရည်းကြီးဂိုဏ်းသားတို့ နှောင့်ယှက်မှုကင်းရန် အစောင့်အကြပ် လူတရာအမှုထမ်းများထား၏။ သီတင်းသုံးရန်ကျောင်းသို့ မင်းကြီးကိုယ်တိုင် နွေစဉ်သွားရောက် တရားနာဝတ်ပြုနေ၏။ မောင်တထမ်း မယ်တရက်ကဲ့သို့ မင်းကြီးကိုယ်တိုင် ရေကိုထမ်းလျက် မိဖုရားများက ဆွမ်းအုပ်များရွက်ကာ လှူဒါန်းနေလေ၏။

ထိုအချိန်ကစ၍ အရည်းကြီးဂိုဏ်းဝင်ရှင်တု-ရှင်ယောင်တို့အား ပေးလှူကမ်းခြင်းမရှိကြရကား သြဇာရိပ်ကျဆင်းကြ၏။ အချို့သင့်လျော်ရာဒေသသို့ ထွက်ခွာသွားကြ၏။ မင်းတရားသည် ယင်းအရည်းကြီးတို့ အသင်းအဖွဲ့များကို မင်းအာဏာဖြင့် ကျဉ်းကြပ်စေခဲ့ရာ ခေါင်းဆောင်ရှင်မထီးနှင့် နောက်လိုက်အချို့တို့အား လူဝတ်လဲစေ

၏။ မင်းမှူထမ်းအဖြစ် အချို့ကိုခန့်၍ အဲမောင်း၊ လှံကိုင်၊ ဆင်ခြေးမြင်းခြေး၊ အမှိုက်ကျုံးအလုပ်များနေရာ၌ ချထားစေ၏။ ယင်းတို့အယူဝါဒများ တဖြည်းဖြည်း ပျောက်ကွယ်လေ၏။

ပုဂံနေပြည်တော်နှင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ အယူဝါဒ ရှင်သန်ကြီးထွားလာ၏။ သထုံပြည်မှ မနူဟာမင်းနှင့်တကွသော ရဟန္တာမထေရ်များ၊ သရီရဓါတ်တော်မွေတော်များ၊ ပိဋကအစုံ ၃၀-များတို့ ပုဂံသို့ပင့်ဆောင်ကြလေ၏။ ယဉ်ကျေးမှု အနုပညာ အမွေများကိုလည်း ပျိုးထောင်စပြုလာ၏။ သာသနိကအဆောက်အအုံ၊ စေတီပုထိုး၊ ကျောင်းကန်စရပ်များဖြင့် စည်ပင်ဝေဆာနေလေ၏။ အနော်ရထာမင်းလက်ထက်တွင် ပုဂံနေပြည်တော်၌ ကြက်ပုံမကျ စည်ကားသာယာနေ၏၊ ထိုအချိန်က လူနေအိမ်ခြေတို့မှာလည်း လေးသန်းသုံးသိန်းလေးသောင်းခြောက်ထောင်ခုနစ်ရာသုံးဆယ့်သုံးခန့် ရှိကြောင်းကိုလည်း **"ရှေဆည်းလည်းသံ၊ တည့်ညံ့၊ ပုဂံအိမ်ခြေပေါင်း"** ဟူ၍ပင် မှတ်တမ်းပြုကြလေ၏။

မြန်မာနိုင်ငံတွင် သာသနာပြန့်ပွားခြင်း၏ မြစ်ဖျားခံရာသမိုင်းကြောင်းကို ပြရပါလျှင် ရဟန္တာမြတ် ရှင်အရဟံမထေရ်ကြောင့်ဟု ဆိုရ၏၊ ရှင်အရဟံ ရဟန္တာမြတ်သည် အနော်ရထာမင်းလက်ထက်ကစ၍ သာသနာပြုတော်မူခဲ့ရာ စောလူမင်း၊ ကျန်စစ်မင်း၊ အလောင်းစည်သူမင်းဟူ၍ မင်းလေးဆက်တိုင် သာသနာပြု၊ သာသနာပိုင်ဖြစ်တော်မူခဲ့၏။ အလောင်းစည်သူမင်းလက်ထက်မှာပင် သာသနာနှစ် ၁၆၃၇-ခု၊ ကောဇာသက္ကရာဇ် ၄၅၅-ခုနှစ် သက်တော် ၈၁-နှစ်အရွယ်တွင် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ပဲကျောင်းဂိုဏ်း

အနော်ရထာလက်ထက်က အရည်းကြီးဂိုဏ်းသားတို့သည် မြန်မာနိုင်ငံ အနှံ့အပြား ရောက်ရှိကြခဲ့ရာ ပင်းယခေတ်တစ်ခုလုံး သီဟသူမင်း (၆၂၄)လက်ထက်တွင် အတန်ပင်အားကောင်း၍နေပြန်၏။ အရည်းကြီးတို့ ဂိုဏ်းအနွယ်များကို ပဲကျောင်းဂိုဏ်းဟု ခေါ်တွင်လာပြန်သည်· ပဲကျောင်းဂိုဏ်းဝင်တို့သည် မင်းမှူးမတ်ပြည်သူတို့အား ဩဇာရိပ်လွှမ်းမိုး၍ ဆင်စီး၊ မြင်းစီး၊ ခါးခုတ်၊ လှံထိုး၊ လက်ဝှေ့သတ် စသောပညာရပ်တို့ကို သင်ကြားခြင်းဖြင့် အရှိန်အဟုန် မြင့်မားလာကြပြန်၏။ အင်းအိုင်၊ ခါးလွှဲ၊

လက်ဖဲ့အတတ်၊ ဗေဒင်အတတ်၊ ဆေးအတတ်၊ မန္တန်အတတ်၊ ကာယသိဒ္ဓိစသော တန္တရယာန အတတ်ပညာတို့ ထွန်းကားလာပြန်၏။ အမျိုးလူတို့ သွားလာထွက်ဝင်ရာ ပဲခဲလမ်းသဖွယ် နေရာကိုပင် "ပဲခဲကျောင်း" ယင်းတို့ စုပေါင်းရာကို ဂိုဏ်း "**ပဲခဲကျောင်းဂိုဏ်း**" ဖြစ်လာခြင်းတည်း။

ပဲခဲကျောင်းဂိုဏ်းသားများမှာ ဖော်ပြရာအတတ်ပညာရပ်များ သင်ပေးခြင်း၊ စစ်မှုထမ်းခြင်း စသောအမှုမျိုးကိုလည်း ပြုလုပ်နေကြ၏။ "ကျွန်တော့်တွင် အရည်းတို့ကိုထား၍ အထိန်းသားနှင့်သော် ရှစ်ကျပ်သည်" ဟူသားတော်အငယ် အသခ်ယာစောယွန်းမင်းသားက ခမည်းတော် တစိုးရှင်သီဟသူအား လျှောက်တင်သည်က ထင်ရှားသည်။

သို့သော် တစိုးရှင်သီဟသူလက်ထက် မဇ္ဈိမဒေသ ကုရုတိုင်းပြည်မှ မြန်မာနိုင်ငံပင်းယနေပြည်တော်သို့ ကြွလာတော်မူသော **ရဟန္တာဇေဋ္ဌ** (ရှင်ဒီဗွစက်) မထေရ်မြတ်ကို အကြောင်းပြုလျက် ပဲခဲကျောင်းဂိုဏ်းဝင်များ အင်အားအရှိန်အဝါ ဆုတ်ယုတ်ကြရပြန်သည်။ ရှင်ဒီဗွစက် ရဟန္တာဇေဋ္ဌ၏ သာသနာပြုအရှိန်အဟုန်ကြောင့် ပင်းယတွင် သာသနာတော် စည်ပင်ခဲ့ပြန်သည်။

ပင်းယခေတ် (၆၀၄)ဥဇနာမင်းလက်ထက် စကား(၇) ကျောင်းဆောက်လျက် ပုဂံ ပုရိမဂိုဏ်း မဇ္ဈိမဂိုဏ်းနှယ် သံဃာတို့ကိုပင့်တင်လှူ၏။ အလယ်ကျောင်းမကြီးကို ပုဂံတတိယဆပွဒမထေရ်၏အဆက် ရှင်သုဓမ္မာသာမိအားတင်သည်။ အရံခြောက်ကျောင်းတို့ကို ထေရာဝါဒဘူညီသော လင်္ကာသူမန်တို့အား အသီးသီးလှူသည်။ ယင်းသံဃာတော်များလည်း စည်းရုံးညီညွတ်တော်မူကြသည်၊

ဥဇနာသည် သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့အား အလှန်သဒ္ဓါတော်မူလှ၍ ဝတ်မိုးဝတ်မြေဖြစ်သော သာသနာ့ဝတ္ထုကံများကို လှူပြန်လေသည်။ ဝတ္ထုကမြေနှင့်စပ်၍ မြေဆီတောင်းခံရာ၊ အငှားချရာ၊ အခွန်ကောက်ရာ၊ ခက်ခဲမှုများ ပေါ်လာသဖြင့် ကပိယမြေ၊ ဘဏ္ဍာစိုးမြေ၊ လုပ်သားမြေဟု ခွဲခြားနေကြရသည်။ ဝတ္ထုကံမြေများကြောင့် ဗဟုစာရ၊ အလုပ်တာဝန်များကြရသည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ သာသနာ့တာဝန်များ လစ်ဟင်းပေါ့လျော့ကြသည်။ သာသနာပိုင်ရှင်**သုဓမ္မသာမိ**လည်း ယင်းကိစ္စများပြေလည်အောင် ဆုံးဖြတ်မပေးနိုင်ဖြစ်လေသည်။

ပဲခဲကျောင်းဂိုဏ်းသားတို့ လက်ဝှေ့သတ်ပဲ့ကြည့်စသော သာသနာနှင့်မလျော်ရာပြုမူကျင့်ကြံအားထုတ်နေခြင်းကိုလည်း မရှင်းလင်းနိုင်ဖြစ်လေသည်။ ဥဇနာမင်းကလည်း အလင်္ကာပဲခဲကျောင်းဂိုဏ်းဝင်တို့ အကျင့်ပျက်ကို မင်းအာဏာဖြင့် ပိတ်ပင်တားမြစ်ခြင်း မပြု

၍ သာသနာပိုင်ဆရာတော် ရှင်သုဓမ္မသာမိသည် ဆုံးမကုံမြစ်ရန် ခဲယဉ်းနေလေသည်။ ယင်းတို့ ပြုကျင့်နေကြခြင်းများကို စက်ဆုတ်ရွံရှာတော်မူကြသော လင်္ဂဒိသီလဝန်တို့ တောဝင်ခိုမှီးတော်မူကြသည်။ စကား(၇)ကျောင်းနေ ရှင်သာသနဓဇသည် တူးရှင်းခြေ အာဘယဂိရိတောင်အနီး တောဝင်တော်မူသည်။ ယင်းစကား(၇)ကျောင်းမှ **ပရုက္ကမ** ည်နောင်နှစ်ပါးတို့လည်း **စစ်ကိုင်းချောက်ကမ္ဘာ**း၌ ဘောဝင်တော်မူကြသည်။

ပင်းယစကား(၇)ကျောင်းရှိ သံဃာများတွင် ဗဟုစာရမြို့နေ ဂါမဝါသီ။တောဝင်ကြသော ရှင်သာသနာဓဇ၊ ပရုက္ကမညီနောင်တို့ ကေစာရီ၊ **အရည**ဝါသီတောနေဟူ၍ ကဲ့ပြားကြ၏။ မြို့နေဗဟုစာရ ဂါမဝါသီဂိုဏ်းနှင့် ပဲ့ကျောင်းဂိုဏ်းတို့မှာ တူညီသော အလေ့အကျင့်များရှိကြ၏။

အင်းဝတည် သတိုးမင်းဖျားမင်းတရား(၇၂၆)လက်ထက် ပဲ့ကျောင်းဂိုဏ်းဝင် **ပိတုသံဃရာဇာ**သည် ထိုအချိန်က သာသနာပိုင်ဖြစ်၏။ လောကဒီပက၊ ဩကာသဒီပက စသော ဗေဒင်ကျမ်းများကိုစီရင်သည်။ လောကုတ္တရာ၌ သင့်တင့်မျှသာလိမ္မာသည်။

အင်းဝခေတ် မင်းကြီးစွာစော်ကဲ(၇၃၀)လက်ထက် သာသနာပိုင်တင်သော **ရခိုင်ဆရာတော်ရှင်ခေမာ**လည်း ပဲ့ကျောင်းဂါမဝါသီဟုဆို၏။ ဂါမဝါသီပဲ့ကျောင်း အရည်းကိုဩဇာရိပ်တိုးတက် လာဘ်သပွကာရှင်ကြသည်။ လင်္ဂဒိသူမဒန်ဆရာတော် **ရှင်ခေမာစာ**ရသည် အခါတပါး၌ ညသန်ကောင်အချိန် အင်းဝစည်းခုံစေတီအရာမ်တွင် စည်တော်ကို အကြိမ်များစွာတီး၏။ မင်းကြီးစွာစော်ကဲသည် စည်တော် တီးရခြင်း အကြောင်းကိုစုံစမ်းရာ ဆရာတော်ရှင်ခေမာက "သိကြားမင်းသေ၍ တီးရကြောင်း" ဖြေဆိုလေ၏။ "သိကြားမင်း အဘယ်ကြောင့်-သေကြောင်း သိရသနည်း"ဟု မင်းချင်း တို့ကဆက်လျှောက်ထားရာ

> "ဘုရားရှင်ထားတော်မူခဲ့ရာ သာသနာငါးထောင် စည်ပင်ထွန်းကား အောင် သိကြားမင်းစောင့်ရှောက်ရန် ဝန်ခံပါသော်လည်း ယခု သာသနာတော် မစောင့်ရှောက်၍ သိကြားမင်းသေလေပြီ"ဟု ငါဆိုရခြင်းတည်း။

မင်းကြီးစွာစော်ကဲသည် ဆရာတော်သတိပေးချက်အရ လင်္ဂဒိသူမဒန်သီလဝန် သံဃာတို့အား ကျောင်းလှူပစ္စည်း ၄-မျိုးဖြင့်ထောက်ပံ့ခြင်းမပြုမီလေစွဟု နောင်တ ဖြစ်ပွားရလေ၏။

သားတော်မင်းခေါင်(၇၆၃)လက်တက်မှာလည်း ဂါမဝါသီ ပဲ့ကျောင်းဂိုဏ်း နွယ်ဆရာတော်အား သာသနာပိုင်တင်သည်။ တင်ရခြင်းမှာ မင်းခေါင်မင်းသားငယ်ရွယ် စဉ် စစ်ဆင်စစ်ထိုးစသော အဘတ်ပညာတို့ကို သင်ပေးသော ကျေးဇူးကြောင့်ဖြစ်၏။ အခါတပါး မင်းခေါင်ငယ်ရွယ်က "**အူကိုထုတ်၍ အင်းဝမြို့တော်ပတ်ရသည်**"ဟူသော အိပ်မက်ကိုဆရာဖြစ်သူအားလျှောက်သည်။ ဆရာတော်က မင်းခေါင်အား ခြေနှင့်က

လိုက်၏။ "ဘာ့ကြောင့်ကန်ရသနည်း" လျှောက်သောအခါ မင်းဆရာက "သင်သည် စင်စစ် မင်းကောန်ဖြစ်မည်မချုတ်၊ ငါ့ကို မေ့မည်စိုး၍ ခြေနှင့်ကန်သည်"ဟု ဆိုလေသည်။ ထို့ကြောင့် မင်းခေါင်နန်းတက်လာသော် ယင်းအား မင်းဆရာသာသနာပိုင်ဘင်မြောက် ခြင်းဖြစ်သည်။

မင်းခေါင်မင်းလက်ထက် လက်ဝေ့ပြိုင်ပဲကျင်းပသည်။ ပဲကျောင်းကိုဏ်းသား အောင်စည်းခုံဆရာဟော်နှင့် ကုန်းဘောင်စော်ဘွားဆရာ လက်ဝေ့ ကျော်ရှမ်းဆရာတော်တို့ ယူနိုင်ကိုယ်နိုင်လက်ဝေ့ ထိုးကြမည်ဖြစ်၏။ စကား(၇)ကျောင်း မော်ကွန်းစိုက်မုခ်ဦး ဘံခါးဝဲ၌ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပဲကြည့်ပရိသတ်များလှ၏။

အောင်စည်းခုံဆရာတော်က "ငါသည်ရှေးမင်းများလက်ထက်က ပျိုရွယ်သူဖြစ်၍ ကျော်စောရုံလက်ဝေ့ထိုးခဲ့သည်။ ယခုသော် အသက် ၆၉-နှစ်ရှိပြီ၊ သေအောင်သာ သတ်မည်"ဟုကြုံးဝါးလေ၏။ မင်းခေါင်က "အရှင်ဘုရားမသေပါစေနှင့် တန်ရုံသာ ထိုးပါ"ဟုလျှောက်ပြီးနောက် လက်ဝေ့စတင်ရာ အောင်စည်းခုံဆရာတော်သည် ခြေတော်သောင်ပြုလျှက် လက်ျာလက်ဖြင့် ရှမ်းဘုန်းကြီးအား ထိုးလိုက်လေ၏။ ရှမ်းဘုန်းကြီးမျက်နှာနောက်မှာနေလေသည်။ ကုန်းဘောင်စော်ဘွားက "သေသေသာကပင် ကောင်းသေး၏"ဟုဆိုမြည်လိုက်ရာ အောင်စည်းခုံဆရာတော်သည်တဖန် လက်ဝဲလက်ဖြင့် ထိုးပြန်လိုက်သဖြင့် ရှမ်းဘုန်းကြီး၏မျက်နှာ ပကတိနေမြဲအတိုင်း ဖြစ်နေလေ၏။ ထိုခေတ်က ပဲခကျောင်းဂါမဝါသီတို့မှာ ဦးထုပ်ဒေါက်ချာဆောင်းခြင်း ဘရပတ်ဘန်းရွက် ကိုင်ဆောင်ခြင်းအလေ့အထများရှိကြသည်။

ပုခန်းဆက်သာသနာအစ ရှင်သုဓမ္မစာရီက

ပုခန်းဆက်သာသနာကို ရှေးဦးစွာ ဖန်တည်းတည်ဆောင်တော်မူခဲ့သော ဆရာတော်မှာ ရှင်သုခမ္မာဘာရီပြစ်ကြောင်းကို ယောမြို့ဘားအာဘင်းဝန်မင်းကြီး သီရိမဟာ နန္ဒသကြီ တိုက်တွန်းတောင်းပန်သဖြင့် မင်းဘိုင်ပင်အမတ်ပညာရှိ **မဟာဓမ္မသကြံ**ရေသာသနဝံသကျမ်း၌ ဖေါ်ပြထားသည်။

မြန်မာနိုင်ငံ ပုဂံနေပြည်တော်ပျက်သော် ပင်းယနေပြည် စကား(၇)ကျောင်း ဒါယကာဥနောမင်းလက်ထက် ပုဂံခေမင်္ဂတကျောင်းတိုက် ဘဘ်ယဆပွဒမည်သော ရှင်

သဒ္ဓမ္မသီရိတပည့် ရှင်သုဓမ္မာစာရီသည် ပုခန်းကြီးသို့ ကြွရောက်သာသနာပြုတော်မူလေသည်။ မြန်မာနိုင်ငံသာသနာပြုဆရာစဉ်တို့တွင် ရှင်ရဟန္တာမြတ်အနွယ်ဂိုဏ်းသည်မန္တလေးခေတ်သာသနာတိုင်ဆက်နွယ်သည်။ အချို့က ပရက္ကမညီနောင်အဆက်နွယ် ရှင်သာရဒဿီ၊ ရှင်သဒ္ဓမ္မဇ္ဇိတ်၊ ရှင်အရိယဝံသ၊ ရှင်မဟာသာမိတိုင် သာသနာဆက်ပြန်သည်။ ရှင်မဟာသာမိကား၊ တတိယဆပ္ပဒနွယ် သီဟိုဠ်သာသနာဆက်ဖြစ်၏။

ဆရာစဉ်တပည့်ဆက်ပြန်သော် ရှင်မဟာသာမိတပည့်ရှင်အတုလဝံသ၊ ရှင်ရတနာရုံသီ၊ ရှင်အာဘိသကေ်တ၊ ရှင်မုနိန္ဒဃောသ (တောင်ဖီလာ)တို့တိုင် ဆက်သည်။ တောင်ဖီလာတပည့် ရှင်ကလျာဏဓဇ၊ ရှင်ဂုဏသီရိ စသည်။

ရှင်ကလျာဏဓဇသည် ဗဒုံ(အလုံ)မြို့ ကျေးမောင်းထောင် ညောင်ကန် သာသနာဆက်ပြန်သည်။ ရှင်ကလျာဏဓဇတပည့် ရှင်ဣန္ဒောဘာသသည် ညောင်ကန်ဆက် သာသနာအစတည်း။

"ညောင်ကန်သာသနာအစ၊ ရှင်ဣန္ဒောဘာသ" ဆိုခဲ့သောစကားအစဉ်လည်းရှိ၏။ထိုနောက် ရှင်ကလျာဏစက္ကာ၊ ရှင်ဝိမလာစာရ၊ မောင်းထောင်ဂုဏသာရ၊ ရှင်ဝရသီကန်မြို့ကျေးမင်းအို ရှင်ဂုဏသီရိ။

ထို၏တပည့် ပထမ မောင်းထောင်သာသနာပိုင်ရှင်ဉာဏာဘိဝံသ၊ ပထမဗားကရဆရာတော် ပုခန်းရှင် ဓမ္မာဘိနန္ဒတ်ပိဋကာလင်္ကာရတို့တိုင်အောင် ဆက်သည်။

ပထမ ဗားကရဆရာတော်တပည့် သဲအင်းသာသနာပိုင် ရှင်သူရိယ၊ ထို၏တပည့် ဒုတိယမောင်းထောင် သားသနားပိုင်ရှင် ဥယျာ၊ ထို၏တပည့် ရေစကြို ရှင်ဂန္ဓသာရစသည်တည်း။

တနည်းဆိုရသော် တတိယ ဆပ္ပဒ,အနွယ် စစ်ကိုင်းလေးကျန်းမြေ ရှင်အရိယာလင်္ကာရ၊ ရှင်တိသာသနဓဇ၊ မင်းအို့ရှင်ဂုဏသီရိတိုင် ဆက်လေသည်။

.... ● ....

အထက်ဆရာ၊ နောက်မှာတပည့်

အထက်ဆရာစဉ်ဆိုရသော် မင်းအို့ ရှင်ဂုဏသီရိဆရာကား ပထမကျော်အောင် စံထားဆရာတော် ရှင်ဉာဏဝရ၊ ထို၏ဆရာ ရှင်စန္ဒမဥ္ဇုသာ၊ (ပုဘဆရာတော်) ထို၏ဆရာ ပုခန်းကြီးမြို့ရှင် ဇမ္ဗုဓဇ၊ (ရွှေဥမင်ဆရာတော်) ထို၏ဆရာ ပုခန်းကြီးမြို့ကျေးနှောင်းဘဆရာတော် ရှင်ဓမ္မာနန္ဒ၊ ထို၏ဆရာ ပုဂံမြို့ ခေမင်္ကတိုက် ရှင်သုဓမ္မစာရီ၊ ထို၏ဆရာ ရှင်သုဓမ္မသာမိ၊ ထို၏ဆရာ တတိယဆပ္ပဒ,ရှင်သဒ္ဓမ္မသီရိ၊ ထို၏ဆရာ ပုဂံပြည် ရှင်ဥတ္တရာဇီဝ၊

ထို၏ဆရာရှင် အရဟံ ရဟန္တာမထေရ်၊ ဤသို့လျှင် အဲထက်ဥပါလိ,တိုင်အောင် ဆက်ရာ၏။

ဤပုခန်းဆက်သာသနာကို ပုဂံခေမင်္ကတိုက်ရှင် သုဓမ္မစာရီမထေရ်ဖြစ်၍ "**ပုခန်းဆက်သာသနာအစရှင်သုဓမ္မစာရီက**" ဟူ၍ မှတ်တမ်းတင်ကြလေသည်။

တနည်း ပုခန်းဆက်သာသနာဝင်မှာ အင်းဝသတိုးမင်းဖျားလက်ထက် ပုခန်းကြီးခေမင်္ကတိုက် ရှင်သုဓမ္မစာရီလွန်သော် ထို၏တပည့် ပုခန်းကြီးမြို့ အနောက်ဝါကျဉ်မင်တိုက်ရှင်အဂ္ဂဓမ္မာလင်္ကာရ၊ အင်းဝထူပါရုံစေတီဒါယကာ နရပတိလက်ဆက် ရှင်အဂ္ဂဓမ္မာလင်္ကာရလွန်သော်... ထို၏တပည့် နှောင်းဘဆရာတော် ရှင်ဓမ္မာနန္ဒ၊ (၁၆၄)ခုနှစ် ရှင်ဓမ္မာနန္ဒလွန်သော်.... ထို၏တပည့် နွယ်နီမုတ်ကျောင်းဆရာတော် ရှင်ပုညဝါသီ၊ သာလွန်မင်းလက်ထက် ရှင်ဓမ္မာနန္ဒတပည့် ရွှေဥမင်ဆရာတော် ရှင်ဇမ္ဗုဓဇတို့တိုင်ဆက်၏။

ထိုနောက် ရေမိန်ဆရာတော် ရှင်ကလျာဏဓဇတိုင်ဆက်ပြန်ရာ ထင်ရှားသော ထိုဆရာတော်၏ တပည့်တို့မှာ ဥောင်ကန်သာသနာဝင်အစ, ရှင်ဣန္ဒောဘာသ၊ အရှင်ကလျာဏစက္ကာ၊ အရှင်ဝိမလာစာရ၊ မောင်းထောင် ရှင်ဂုဏသာရ၊ ရှင်စန္ဒသာရ၊ ဗဒုံမြို့ ရှင်ဝရဿီ၊ မင်းအို ရှင်ဂုဏသိရီ၊ ဆုံထား ရှင်နန္ဒမာလာစသည်တို့ ဆက်ပြန်သည်။

.... ● ....

ရှင်စန္ဒမဉ္ဇုသာ

'စန်,ဉ,ဂု,နန်၊ ဆင့်ရန်တတွေ့ သူ,ဥ,သု,ပဏ်,ရှစ်တန်ထေရ်ဖော် ကျွန်းလုံးကျော်တို့ ရှေ့သော်ဆရာ နောက်မှာသိဿ၊ ဆင့်ဆင့်ပြလော့၊ ဝံသစင်ကြယ်၊ ငါတို့နှယ်တည့်";

ဟူ၍ ရွှေရေးဆောင်နိယံ အဖြဂမ္ဆိရတ္ထနိယာမဝိသဇ္ဇနာကျမ်းနိဂုံး၌ ရွှေရေးဆောင် ဆရာတော်၏ ဆရာစဉ်ဆက် အမှန်အစ ရှင်စန္ဒမဉ္ဇုသာ ဆရာတော်ဖြစ်သည်။ ရှင်စန္ဒမဉ္ဇုသာသည် ပုခန်းကြီးမြို့ တောင်လက်ပုဘရွာ[၁](ဘုန်ပါရွာ)ဇာတိ ၁၀၇၉-ဖွားဖြစ်သည်။

၁။ ။ဘုန်ပါရွာဟူ၍လည်း သတ်မှတ်ကြသည်။ ပလပရွာ၊ ဇလမရွာ ငဘကရွာ ပုဘရွာ ဟူ၍ အသက်မပါ ရွာလေးရွာအကြောင်း မုံရွေးမှတ်စုဌ် ပုဘရွာဟု ရေးမှတ်ထားသည်။

ပုခန်းမြို့ ကျေးနွှောင်းဘရာ နိဗ္ဗာန်ကျောင်းဆရာတော်အထံ၌ပညာသင်၍ ပိဋကဗေဒင်နက္ခတ်အရပ်ရပ် လိမ္မာတတ်ပြိမ်းသည်။ နံတော်အင်္ဂါသား၊ ရှင်,ရဟန်းဘွဲ့ စန္ဒမဥ္ဇူသာ၊ မင်းလှူတံဆိပ် စန္ဒမဥ္ဇူသာလင်္ကာရတိပိဋကဓရရာဇဂုရု၊ အင်းဝညောင်ရမ်းကိုးဆင်မြောက် တနင်္ဂနွေမင်း (၁၀၇၆)လက်ထက်၌ ယဇော်ဓရာကန်တော့ခန်းပျို့ကို စပ်ဆိုသည်။ နွှောင်းဘရာ နိဗ္ဗာန်ကျောင်းနှင့် ပိုက်သင်ရွာကျောင်းများတွင် အလှည့်အလှည် သီးတင်းသုံးလျက် စာပေပို့ချ, စာပြု,ကျမ်းပြုလျက်ရှိသည်။

"ရတနာပူရ ပြည်မနောက်ယွန်း သာထူးဆန်းသား ပုခန်းပညပ်တွင်သည့်ရပ်၏ ထက်ချပ်မကွာ တောင်လကျွတ်တွင် သာသနာမြတ် ပရိယတ်နှင့် ပဋိပတ္တိ ရှိသည် အစ္စန်း နောင်ဘို့ထွန်း၍ ဖုံးလွှန်းကိလေ နည်းစိမ့်ခွေသား လေးထွေသိလ ဂုဏ် ဝါပလျက် စန္ဒမဥ္ဇူ မြန်လူခေါ်ဆို ထိုပုဂ္ဂိုလ်လျှင်" ပျို့နိဂုံးထောက်ဆ၍ သိန့်ဉ်သည်၊ ဆရာတော်၏ ယဇော်ဓရာကန်တော့ခန်းပျို့မှ အချို့အဝက် ကောက်နုတ်ပြလိုပါသည်။

"မြောက်ဆင့်မြောက်ဆင့် ချီးကျူးရင့်၍ သခင့်ကြောင်းစ ဖြစ်သမျှကို ပိယဝါစာ ချစ်ခြင်းရာဖြင့် သိသာစေမှု မောင်ရာဟုအား ခုခုကြိမ်ဖန် မိခင်ပြန်အံ့။

အလွန်သာယာ ဝတိန်သာဝယ် သူဇာတို့နှင့် သိကြားတင့်သို့ ထပ်ဆင့်မေတ္တာ နှုန်းဘုံသားထက် စကြာနေဝန်း သုံးတိုက်ခန်းကို တက်ထွန်းတပြိုင် ရောင်ဖြာဆိုင်၍ မနိုင်သောတူ ခေါင်းထီးပြုနှင့် မင်းဟူသမှု ဦးဖြင့်ချသား"

စသည်ဖြင့် ရင်သွေးတော်လာဟုလာအား ခမည်းဘော်မြတ်၏ထူးကဲပုံကို ဖွဲ့ဆိုထားသည်။ ထိုပြင် ရာဟုလာမိခင်၏ လှမ်းမောကြွယ်ပုံကို....

"ပျောက်လှင့်ပျောက်လှင့် ကြုံထောက်ချင့်၍ မြင့်သည်တိမ်တူ ဗျာပါထူလည်း အယူကြပ်ကြပ် ညာဏ်ဖြင့်ကပ်လျက် မလပ်ရတေ့ ဆောက်ဟည်နေရှင့် မေ့ရေကြောင်းလူးတဆံဖျားမျှ တိမ်းပါးမကွက် ရှေနှုန်းထက်တင် နံနက်ကားဆွမ်း ညနေချမ်းနှင့် ညှိုးနွမ်းမရှင် မဲ့ထိပ်တင်မူ" ဟူ၍လည်းကောင်း။

"ရောက်ခွင့်ရောက်ခွင့် ကြာနေလင့်သို့ ရှည်မြင့်ကာလ လှန်ပျောင်းပျလျက် ရွှမ်းကျမျက်ရည် နေမဲ့တည်ခဲ့ များသည်ထပ်ပွား ဘောင်ကြီးဖျားသို့ ကြွားကြွားကြွကြွ မောင့်ချစ်ဘကြောင့် ရူတ,လှည့်ကာ ခုမှသာလျှင် နရာလူထွတ် ပြည်တော်ညွတ်၍မချတ်ဗိမ္မာ မြင်ရပါ၏ဟူ၍လည်းကောင်း" ယဉ်ကျေးစွာစပ်ဆိုထားသည်။ အများအားဖြင့် ပျို့တစောင်လုံးခြုံကြည့်လျှင် သုံးပိုဒ် အချိုအချ ဖွဲ့ဆိုထားသည်မှာ ထူးခြားချက် ဖြစ်သည်။

ဗုဒ္ဓ၏ ယောကျွားမြတ်လက္ခဏာတော်များဖွဲ့ဆိုရာ၌....

"သုံးဆယ် တဘုံ၊ အလုံးစုံတွင်၊ အပုံသတ္တဝါ၊ ကိုးကွယ်ရာဟု၊ မဟာပုရိ၊ ကြီးဘိလက္ခဏာ၊ အင်္ဂါရှစ်ဆယ်၊ အသွယ်သွယ်တို၊ အကယ်ထင်ရှား၊ ဂုဏ်ကိုး ပါးနှင့်၊ ပျံသွားမြေလျှိုး၊ စက်မိုးကြိုးသို့၊ တန်ခိုးထွန်းပေါ်၊ မိန့်တော့တော်လည်း၊ မြွက်ဖေါ်ကောန်၊ မသွေလွန်တို၊ မြတ်ဘုန်းရှိကို၊ မြန်ဘိရှုကြည့်၊ ဖူးပါလှည့် လော့၊ မည်သည့်သခင်၊ နောက်တော်တွင်လည်း၊ နှိုင်းအင်္ဂုန်းဆ၊ တုမမျှသည်၊ ၊ ထွန်းပရောင်ခြည် လျှပ်လျှပ်တည်း...." စသည်တို့ဖြစ်၏။ ဆရာတော်သည် အင်းဝ မင်းသုံးဆက်တိုင် မင်းဆရာချည်းဖြစ်ခဲ့သည်။ ပထမကျော်အောင်စံထား စသော တပည့် ကျော်များကိုလည်း မွေးထုတ်ပေးခဲ့၏။ ၁၀၀၇-ခု သီတင်းကျွတ်လတွင် သက်တော် ၃၆-နှစ် အရွယ်မှာပင် တန်ဆောင်ဆီမီး ငြိမ်းဘိသကဲ့သို့ ခန္ဓာတော် ရုပ်သိမ်းတော်မူ သည်။

o .... o .... o

ပထမကျော်အောင်စံထား

ပထမကျော်အောင်စံထားဆရာတော်သည် မြန်မာနိုင်ငံ သာသနာလောကတွင် နေ,လအရောင်ကဲ့သို့ တောက်ပြောင်ထွန်းပခဲ့သော ပုဂ္ဂိုလ်ကျော်ဖြစ်သည်။ ဘူမိနက်သန် အောင်မြေမှန်သည့် ရော,သလွဲ့ာမြစ်နှစ်စင်းတို့ အနောက်ဘက် သုနာပရန္တတိုင်း အပါဝင် ပုခန်းကြီးမြို့ ပိုက်သင်ရွာဇာတိ၊ ၁၀၆၄-ခုနှစ်တွင် အဘ-ဦးရွှေအောင်၊ အမိဒေါ်ကြုတ် တို့မှဖွားသော အတိဇာတသားတည်း။ နံတော် အင်္ဂါသား၊ ငယ်မည် မောင်ပန်းအောင်။

၆-နှစ်အရွယ်ရောက်က နိဗ္ဗာန်ကျောင်းဆရာတော် အရှင်ဓမ္မာနန္ဒ၏ တပည့်ကျော် ရှင်စန္ဒမဥ္ဇူအထံ၌ အပ်နှံ၍ပညာသင်သည်။ ကျောင်းသားဘဝကပင် ဇာတ်ကြီးဆယ်ဘဲ့ စသည်ကုန်သည်။ သာမဏေပြုလျှင် ပိဋကအခြေခံနှင့် နေ့ဝါ ည့ဝါဆန်းလင်္ကာကျမ်းတို့ ကို သင်ရိုးကျွတ်တတ်မြောက်၍ ရှင်ကျော်ဟု ထင်ရှားခဲ့သည်။ဘဲ့-ရှင်ဉာဏဝရ။ ၁၀၀၅-ခု နှစ် ဆရာရှင်စန္ဒမဥ္ဇူလွန်၍ အသက် ၁၇-နှစ်တွင် အင်းဝနေပြည်တော် အောင်မြေစံလွတ် ကျောင်းတိုက် **မိုးထိ**ဆရာတော်အထံ၌ ဆက်လက်ပညာသင်ယူသည်။

အင်းဝ တနင်္ဂနွေမင်းလက်ထက်ကဖြစ်၍ မိုးထိဆရာတော်ထံတွင် ရှေဘိုတောင် လက် စမ္ဘန်းရွာဇာတိ ငယ်မည် မောင်ဘုန်း။ ဘဲ့ ရှင်ဂမ္ဘီသာရ၊ ရှင်ကျော်တပါးလည်းရှိ

သည်။ ရှင်ဉာဏာဝရန့ှင့် ရှင်ဂမ္ဘီသာရ သာမဏေကျော်နှစ်ပါးတို့မှာ သက်တူရွယ်တူ ပညာရည်တူမျှား ဖြစ်၏။

၁၀၈၆-ခုနှစ် နယုန်လဆန်း ၁-ရက်နေ့မှ ၁၅-ရက်နေ့အထိ အင်းဝရွှေမြို့တော် သုဓမ္မာစာပွဲသဘင်တွင် **ရှင်ကျော်နှစ်ပါး** ယှဉ်ပြိုင်ပြန်ဆိုကြသည်။ စာမေးခံကြသည်။ အခြားသာမဏေကျော် သုံးရာကျော်တို့လည်း ပြန်ဆိုစာမေးခံကြသည်။ ယင်းစာမေးပွဲတွင် သက်နိုးဝက်ခွတ်၍ လိုင်ပြန်လူထွက်ဖြဆိုပြန်ဆိုကြသည့်။

သို့သော် ရှင်ကျော်နှစ်ပါးတို့သာ ထူးခွန်ပြောင်မြောက်စွာ အမေးခံ ပြန်ဆိုနိုင်ကြ၏။ ယင်းစာမေးပွဲ၏ နက်နဲမှုမှာ နှုတ်လှတ်မေးခွန်းထုတ်၍ ခဲဆစ်မျှားဖြရခြင်း၊ ဓာတ်ပစ္စည်း ဝိဂြိုဟ်ဝစနတ် သံဝဏ္ဏနာနည်းလေးဆယ် ဉာဏ်ကောက်နေတို့ဟာရနည်းကျမ်းတက် အထွက်မျှား မေးခြင်းတို့ဖြစ်၏။ ရှင်ကျော်နှစ်ပါးတို့မှာ ပြန်ဆိုရာ၌လည်းကောင်း၊ နှုတ်လှတ်အဖြေ၌လည်းကောင်း အင်တူ အားတူရှိကြသည်။

မိုးသီးမိုးပေါက် ကျရောက်သည့်အသွင်ကဲ့သို့လည်းကောင်း၊ မြင်းကောင်းကို စိုင်းနှင်သကဲ့သို့လည်းကောင်း ဒိုးဒိုးဒေါက်ဒေါက် သွက်လက်လျင်မြန်စွာ ဖြစ်မှန်းနိုင်ကြသည်။ တပါးနှင့်တပါး မသာလွန်ကြ၊ ပညာဉာဏ်ရည် တူမျှနေကြသည်။ စာမေးဆရာတော်တို့ပင် ဆက်လက်အမေးမထုတ်နိုင်အောင် ကြံမိုင်တွေဝေတော်မူကြရ၏။

.... ဝ .... ဝ

ပထမကျော်

အမှန်အားဖြင့် ယင်း သုဓမ္မာစာတော်ပြန်ပွဲသည် သာလွန်မင်းတရားလက်ထက်ပင် စတင်ခဲ့သည်။ သက္ကရာဇ် ၁၀၀၀ (တထောင်)ပြည့်နှစ်ဟု အမှတ်အသားပြုကြသည်။ ပထမကျော်ကိုကား တနှစ်လျှင် တပါးမျှအောင်လေ့ပေးတတ်ကြ၏။ နှစ်ပါး သုံးပါးစသည် ပထမကျော်အောင်လေ့မရှိသဖြင့် **ပထမကျော်** ဂုဏ်ထူးသည် သာသနာလောကဌာယခုတိုင် ရေပန်းစားလေသည်၊ ထိုအချိန်က ရှင်ကျော်နှစ်ပါးလုံး ပထမကျော် အောင်ပေးရန် ဖြစ်ရလေသည်။ သို့သော် တပါးကိုသာပေးရမည်ဖြစ်၍ ရွေးချယ်ရေးအတွက် ခက်ခဲနေကြ၏။ နေ့နှစ်စင်း-လနှစ်စင်း ထွက်ပေါ်ရိုးမရှိသကဲ့သို့ပါတည်း။

> "ငါ့ရှင်တို့နှစ်ပါးသည် နှုတ်တက်အာဂုံပြန်ဆိုရာ၌လည်းကောင်း၊ နှုတ်လှတ်မေးဖြေဆိုရာ၌လည်းကောင်း၊ အင်တူအားမျှ ဖြဆို့ပြန်နိုင်ကြသော အစွမ်းသတ္တိဗျတ္တိတို့နှင့် ပြည့်ဝကြပေသည်။ တပါးထက် တပါးကသာသည်။ယုတ်လျော့

သည်ဟု ငါတို့ဆုံးဖြတ်ကြရန် ခဲယဉ်းလှသည်။ ငါတို့ကား နှုတ်ရေးကို သိရှိကြ၍ပေပြီ။ လက်ရေးကိုသိလိုကြသည်။ လက်ရေး ရေးချိသာ ယှဉ်ပြိုင်ကြလေဦး....''

ဟူ၍ စာမေးဆရာတော်တို့က ရှင်ကျော်နှစ်ပါးတို့အား လက်ရေးကို ယှဉ်ပြိုင်ကြစေသည်။ ရှင်ဉာဏဝရသည် ပုရပိုက်ဖြန့်ခင်း၍ မျဉ်းချပြီး လက်ရေးကို ကောင်းစွာရေးလေ၏။ ရှင်ဂမ္ဘီသာရမှာကား ပုရပိုက်တွင် မျဉ်းမချ၊ မျဉ်းလွတ်ရေးလေသည်။ ယင်းတို့၏ လက်ရေးမူနှစ်ခုတို့ စာမေးဆရာဒတော်များ စုံညီကြည့်ရှုတော်မူကြ၏။

''မျဉ်းဆိုသည်မှာ ဆရာနှင့်တူ၏။ ဆရာဟုခေါ်ရမည်၊ ဆရာကို မျဉ်းဟူ၍ ဆိုနိုင်သဖြင့် မျဉ်းလက်လွတ်လျှင် ဆရာလက်လွတ်သည်မည်၏။ ရှင်ကျော်နှစ်ပါးတို့တွင် ရှင်ဂမ္ဘီသာရသည် ယခုကပင် ဆရာကိုလက်လွတ်လေပြီ။ ရှင်ဉာဏဝရကား လက်ရေးကောင်းမည်သည် မျဉ်းကြောင်းကို လက်မလွတ်စေရ-ဟူသော ဥပဒေနှင့် ညီညွတ်၍ ဆရာကို လက်မလွတ်သည့်မူဖြင့် ဆရာကို ကျိုးနွံ ရှိသေမှုရှိပေသည်။

ရှင်ကျော်နှစ်ပါးတို့၏ လက်ရေးလှပမှု တူညီကြသော်လည်း ဆရာကိုလက်မလွတ်သော ရှင်ဉာဏဝရကိုယှဉ်ပြိုင်ရာ၌ အနိုင်ပေးရမည်သာဖြစ်သည်။ ထို့ကြောင့် ရှင်ဉာဏဝရအား ''ပထမကျော်'' အအောင်ပေးလိုက်သည်ဟု ဆိုးဖြတ်တော်မူကြ၏။ အသက်ရွယ် ၁၉-နှစ်မျှသာရှိသေးသော ရှင်ဉာဏဝရ၊ ပထမကျော်ဘွဲ့ထူးရရှိလေပြီ။

ရှင်ကျော်နှစ်ပါးတို့အား နှုတ်လွတ်ပြန်ဆို နှုတ်လွတ်မေးဖြရာ၌ ဆရာတော်များ က သုဓမ္မာသဘင်၌ ဗုဒ္ဓရုပ်ပွားတော်တဆူကို ထီးဖြူအုပ်မိုးလျက် သီတင်းသုံးတော်မူစေပြီး မဖြေဆိုနိုင်ကြအောင်မေးတော်မူမှသာ မဖြေဆိုနိုင်ကြလိမ့်မည်ဟူ၍ပင် ပြောဆိုစမှတ်ပြုကြလေ၏။

ပထမကျော် ရှင်ဉာဏဝရ ဆွေမျိုးသားချင်း (၄၅)အိမ်ထောင်စာရင်းကို အသည်စုစာရင်းမှ ပယ်နှုတ်လျက် မင်းရဲမြင်းစုဝင်စာရင်း၌ ဖဲ့သွင်းဖြည့်ပေးထားသည်။ ပိုက်သင်ရွာမြောက်ဘက်တွင်ကျောက်တိုင်နိမိတ်အပိုင်းအခြားစိုက်ထူ၍ ''**မြင်းသည်စုရွာ**'' ဟုသမုတ်သည်။ ပိုက်သင်ရွာဟောင်းကုန်းဖုံးဆိုးတောတွင် အမှတ်အသားယခုတိုင်ရှိသည်။

ပုခန်းကြီးမြို့စား အောင်ဇေယျအမတ်သည် မင်းတရားကြီးထံ ခွင့်ပန်၍ ၁၀၈၇ ခုနှစ်တွင် ရဟန်းဒါယကာခံယူ၍ ရဟန်းဖြစ်လာသော ပထမကျော် ရှင်ဉာဏဝရသည် ပိဋကနိကာယ်စုံနှင့် လောကီပညာရပ်၌ တဘက်ကမ်းရောက် တတ်မြောက်ကူးခတ်နိုင်သည်။

၁။ မင်းမှုထမ်းမဟုတ်သူများကို အသည်စု, အသည်ကြီးခေါ်သည်။

ရဟန်းဒါယကာ ပုခန်းကြီးမြို့စားအမတ် အောင်ဇေယျသည် ပုခန်းကြီးစည်သူရှင် ဘုရားကုန်းအနောက်မျက်နှာအရပ်၌ ဘုံသုံးဆင့်ပြာသာဒ်အဆောင်မျှားဖြင့် တန်ဆာဆင်လျက် "**မတောင့်တကျောင်းတော်**" ဆောက်လှူကိုးကွယ်သည်။ စာသင်သားတပည့်တို့အား စာပေပို့ချခြင်း၊ ကျမ်းစာပြုခြင်းမျှားဖြင့် သာသနာပြုသည်။ အရှင်ဉာဏဝရသီကျော ၉-ဝါအရ ဟံသာဝတီရောက်မင်းတရား၏ "မဟာဓမ္မရာဇာဓိပတိ" ဘွဲ့နာမံတော်ကို ဆန်းအလင်္ကာ၊ သဒ္ဒါနေတို့၊ ဝိဒင်္၊ ဒဏ္ဍီ ဗျဥ်္ဇနည်းမျှားဖြင့် အဆန်းတကြယ် ဖွင့်ဆိုစီရင်အပ်သော "ရာဇာဓိရာဇနာမတ္ထ ပကာသနီကျမ်း" နှင့် အဋ္ဌသာလိနီဂဏ္ဌိပဒကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိပဒကျမ်း၊ ပါတိမောက္ခလေခနခလိတနယကျမ်း စသည်တို့ကိုလည်း စီရင်တော်မူ၏။

၁၀၉၅-ခုနှစ်နှန်းတက်သော ဟံသာဝတီရောက်မင်းအား ပညာရှိအမတ်တို့က "အရှင်မင်းမြတ် စစ်တောင်းအရပ်သို့ ကိုယ်တော်ရောက်ရမည့် ကိန်းခန်းရှိကြောင်း လျှောက်ကြလေသည်။ ကိန်းခန်းကြေစေရန် စစ်တောင်းအရပ်ကမြေကို ယူစေပြီးလျှင် စစ်တောင်းနှင့်နံတူ အင်းဝနေပြည်တော်အနောက်ဘက် ဆင်တဲအရပ်၌ စစ်တောင်းမြေကိုယူ၍ဖြန့်ကြဲစေပြီးလျှင် ယာယီစံနန်းတော်ဆောက်လုပ်လျက် "ကျော်အောင်စံနန်း" သမုတ်၍ ယာယီစံတော်မူသည်။

ယင်းသို့စံတော်မူပြီးနောက် အင်းဝနန်းတော်ကို သိမ်းပိုက်ဆက်စံလေ၏။ ထိုယာယီစံနန်းတော်ကို လကျိုလက်ဝဲကျောင်းဆောင်တော် ၅၀-စီနှင့် ကျောင်းအရံ ၁၀၀-ဆောက်လုပ်ပြီးလျှင် ပုခန်းကြီးမြို့မတောင့်တကျောင်းတိုက်မှ ပထမကျော် ရှင်ဉာဏဝရအားပင့်၍လှူသည်။ မင်းတရားကိုယ်တိုင် "**ကျော်အောင်စံထားကျောင်းတိုက်**" ကမ္မည်းရေးထိုးရေစက်သွန်းသည်။ "**ဇိနစက္ကာဘိရာမ**" နာမတံဆိပ်တော်"ကျော်အောင်စံထား" ဟူသော ဌာနတံဆိပ်တော်မျှားကိုလည်း ဆက်ကပ်လေသည်။

ထို့ကြောင့် "ကျော်အောင်စံထား" အမည်တော်သည် တောင်ထိပ်ပေါ်ဝယ် ထွန်းညှိအပ်သော တန်ဆောင်ဆီမီးကဲ့သို့လည်းကောင်း၊ ဟိမဝန္တာတောင်မင်းအနီးပေါက်ရောက်သော တောစိုးသစ်ပင်ကြီးကဲ့သို့လည်းကောင်း၊ ဇမ္ဗူဒီပ်မြေမျက်နှာအပြင်၌ အလွန်ပင်ကျော်စောတော်မူသည်။

ပိဋကသုံးပုံနှင့် နိကာယ်ငါးရပ်ပါဠိတော် အဋ္ဌကထာဋီကာဂန္ထရတို့ကိုလည်းကောင်း၊ နက္ခတ်ဗေဒင်မျို့လင်္ကာဆန်း ဝိဒင်္ဗျဥ်္ဇနာဂရီ သင်္ကတစသောဘာသာရစာပေတို့ကိုလည်းကောင်း နှံ့စပ်ကျပ္ပန်သော ထေရ်မှန်ထေရ်ကျော်ဖြစ်၍ ထိုခေတ်ကမေးဘက်ဖြေထောက် တယောက်မပေါ် ထင်ပေါ်ကျော်စောသောဟူ၏။

ဟံသာဝတီရောက်မင်းကလည်း သဒ္ဒါကြည်ဖြူတော်လှ၍ "**ဥာဏသာဂရကိတ္တိဇယဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု**" ဟူသော သာသနာလောကတွင် အလွန်ကြီးမြတ်တော်မူသော သံဃရာဇာ(**သာသနာပိုင်**)ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူလေသည်။

၁၁၀၇-ခုနှစ် မင်းတရားကြီးတောင်းပန်တော်မူသဖြင့် သက်တော် ၄၀-အရွယ်တွင် မဂဓအာဘိခာန်နိဿယကျမ်းတစောင် စီရင်တော်မူသည်။ ထိုနှစ်မှာပင် ဧရာဝတီမြစ်မြောက်ဘက်တွင်နေကြသော ရဟန်းရှင်လူတို့သည် ယိုသစ်စဖြစ်သော ထန်းရည်အုန်းရည်တို့ကို ရဟန်းတို့သောက်အပ်၊ မသောက်အပ် အယူဝါဒ ဖြစ်ပွားကြလေ၏။ ထိုစဉ်က **ပလိုင်းဆရာတော်ဦးသုဇာတ**ကလည်း သူရုပါနအဆုံးအဖြတ်တစောင် ရေးခဲ့ဘူးသည်။ ထိုအယူဝါဒကဲ့ပြားချက်ကို ကျမ်းဂန်နှင့်ညှိ၍ ဆုံးဖြတ်အပ်သော "သူရဝိနိစ္ဆယကျမ်း" ဖြစ်၏။ ထိုပြင်ရာဇာလင်္ကာရကျမ်းနှင့် မင်းတရားကိုယ်တိုင်တောင်းပန်၍ ဆုံးဖြတ်အပ်သော ပညတ်ပရမတ်ကျမ်း၊စက္ကဂိကဝိနိစ္ဆယကျမ်း၊ ဝုတ္တောဒယဆန်းစာကိုယ်နိဿယစသောကျမ်းတို့ကို စီရင်တော်မူသည်။

.... o .... o ....

ပထမကျော်ဝေါဟာရ

ယခုခေတ်တိုင်ခေါ်ဝေါ်နေကြသော ပထမကျော်အမည်မှာ သရေခေတ္တရာပုဂံပင်းယခေတ်တို့က ပေါ်ပေါက်ခြင်းမရှိခဲ့သေးပါ။ မရှိကြောင်း စာပေမှတ်သားချက်များ မတွေ့ရပါ။ အင်းဝဒုတိယခေတ်၊ သာလွန်မင်းလက်ထက်ကမှပေါ်လာကြောင်း သမိုင်းရာဇဝင်တို့၌ ဖေါ်ပြချက်တွေ့ရှိရသည်၊

> "ဝတ်ရည်စားရည် ရဟန်းအမူအရာနှင့် ပြည့်စုံသော ဉာဏ်ပညာရည်ထက်မြက်၍ သင်ပြီးကျမ်းတို့၌ အဆစ်အပိုင်းများကိုမေးသော် မေးတိုင်းဖြစ်မှန်းနိုင်သည့်အင်္ဂါနှင့် ပြည့်စုံသော သာမဏေများကို ၁-အမှတ်ပထမပဉ္စင်းအဖြစ် ချီးမြှင့်တော်မူသည်"

စသည့်မှတ်တမ်းကို သာလွန်မင်းတရားဆရာ **"မဟာရတနာကရမထေရ်မြတ်"** စီရင်အပ်သော **သက္ကဒါန်နိဒါန်း**နှင့်**နန္ဒယော်ဓာဝန်**ကြီးခန့်ပြန်တမ်းများတွင် ဖေါ်ပြထားလေသည်။

ထိုပြင် ၁၀၇၆-ခုနှစ် နန်းတက်သော မှုန်နန်းရှင် ဆင်ဖြူရှင်မင်းလက်ထက်က "နယုန်လတိုင်ရောက်လျှင် ဆရာတော်တို့လျှောက်၍ ပဉ္စင်းလောင်းတော် ရှင်လောင်းတော်တို့ကို မာရ်အောင်ရတနာသုဓမ္မာစရပ်တွင် စာမေးတော်မူကြရသည်။ သဒ္ဒါသင်္ဂဟမှာတိကာဓာတုကထာယမိုက်ပဌာန်းဉာဏ်၊ နေတ္တိပုဒ်စစ်သဒ္ဒါ၊ နည်းဥပမာ စသည်

တို့တိုင်းအောင်ပြန်ဆိုနိုင်သော ပဉ္စင်းလောင်း ရှင်လောင်းတို့ကိုသိမ်ဝင်သောအခါစလွယ်သင်းကျစ် ကျိုင်းထမ်းငင် စည်တော်အစုံနှင့် ပထမကျော်အရာ အထူးချီးမြှင့်တော်မူ၍ သိမ်ဝင်ရသည်။

ပထမရဋ္ဌိသူများ၏ ဆွေမျိုးသားချင်းမှန်သမျှကိုလည်း မြင်းသွေးသောက်စု မဟုတ်လျှင် အစုအငေးမှန္တတ်၍ မြင်းသွေးသောက်စုမှ ထမ်းစေရသည်။ ပထမစာဝါသို့မဟုတ် သဒ္ဓါသင့်ပြိုင်ပြန်ဆိုနိုင်သော ပဉ္စင်းလောင်းတို့ကိုလည်း ဒုတိယ၊ တတိယ၊ စတုတ္ထတိုင်းအောင် စုခွဲတင်မူပြီးလျှင် အိမ်ရှေ့မင်းမှစ၍ မင်းညီ မင်းသား မှူးကြီးမတ်ကြီးတို့ကို အမအစခံတော်မူ၍ ပဲ့သဘင်ကြီးစွာနှင့် သိမ်သို့ဝင်စေသတည်း။

သာသနာတော်သို့ သွတ်သွင်းချီးမြှင့်တော်မူကြောင်းကိုလည်း အတွင်းဝန်လက်ဝဲနောင်ရထာစီရင်သော အလောင်းမင်းတရားကြီး အရေးတော်ပုံတွင် ပြဆိုထားချက်ရှိသည်။

ပထမကျော်ပုဂ္ဂိုလ်မှာ သိမ်သို့ရှေ့ထမ်းစင်နှင့် ရှေးဦးစွာဝင်၍ ခုဟန်းပြုရသည်။ ကျော်အောင်စံထားဆရာတော်ကလည်း အဋ္ဌသာလိနီဂဏ္ဌိပဒနိဂုံးတွင်....

"အညေသံ-တပါးသောသူတို့၏ ပထမံ-တာဝရှေးဦးစွာဥပ္ပန္နံ = ဥပသမ္ပဒါ-ရအပ်သော ပဉ္စင်းအဖြစ်ရှိသတည်း။ ဣတိ-ထို့ကြောင့် ပထမော-ပထမမည်၏၊ +" စသည် ဆိုထားလေသည်။



ပထမကျော်မို့ ကျော်သည်

ဒုတိယ ကျော်အောင်စံထားအမည်တွင်သော ကြီးနီကျောင်း ဆရာတော် ရှင်ဂုဏာစာရ,က သူ၏ဆရာ ကျော်အောင်စံထားကို ပထမကျော်မို့ ကျော်ပါပေသည်ဟူသောအကြောင်းကို ဒုတိယ ကျော်အောင်စံထား၏ **ဝေါဟာရတ္ထပကာသနီကျမ်းကြီး** နိဂုံး၌....

"ကျော်စိမ့်စိတ်ထား၊ ဉာဏ်စဉ်းသွားဖြင့်၊ ပိုင်းခြားပြတ်ပြတ်၊ ရှင်တော်ရှတ်သား၊ပိဋကတ်သုံးဦး၊ ကမ်းခိုက်ကူးမှ၊နည်းထူးဆန်းကြယ်၊အသွယ်သွယ်တည့်၊ များကျယ်သဒ္ဒါ၊ ဉာဿ,ဋီကာလည်း၊ခဲရာမြင်သိ၊ ကျမ်းနေတို့နှင့် အဘိဓာန၊ သာရ

ကျယ်ဝှန်း၊ ဆန်းအလင်္ကာ၊ လေ့လာဆောင်ရွက်၊ ဝိဒင်္ဂကလာပ်၊ နှံ့ခပ်စုံညီ၊ ဒဏ္ဍာ၌ပြို့ဟတ်၊ မလွတ်လေ့ကျမ်း၊ နည်းပြမ်းဖေါ်ပြ၊ ရာဇမတ္တဏ်၊ သိမှန်ပြည့်ဖြိုး၊ မော်ကွန်းထိုးမှ၊ ဆိုရိုးကဗျာ၊ မြန်ဘာသာလည်း၊ စိတ်ဖြာကုံငှ၊ အချက်ကျသား၊ ပထမကျော်၊ ဆရာတော်ကား ...++" စသည် ဂုဏ်ပုဒ်များကို ဖေါ်ကျူးထုတ်ပြထားသည်။

ထိုစဉ်က ပညာရှိအမတ်ဟဉ်းဖြစ်သော "**ဝင်းစချီ**"ကလည်း ဂုဏ်ရည်ဖွဲ့အဖြည့်ခံ ပိဋကစုံ နှစ်ပိဋကဖွဲ့ဆို လျှောက်ထားသည်။ ဆရာတော်ကိုယ်တိုင် တပိဋကဖြည့်သွင်းလိုက်သဖြင့် ပိဋကစုံရတု, ဖြစ်လာပေသည်၊

ဝင်းစချီဆို အဖြည့်ခံရတု

၁။ ။ပုဗ္ဗဒေန့်စည်စည်။ ။နေတော်ပြည်ဝယ်၊ တူးလည်တို့စု၊ ဝဲင်းဝဲင်းပသား၊ မိုးလမင်းတူ၊ စံစမူကို၊ စိတ်ဖြူဝမ်းမြောက်၊ ဟုတ်တိုင်းလျှောက်ပိမ့်၊ စိန်ကျောက်ရည်ရှင်၊ ပြတ်သားငင်သား၊ ဂုဏ်အင်မြောက်စည်၊ ဃောသထေရ်နှင့်၊ နိုင်းရည်ပုံခတ်၊ ပရိယတ်ကြောင့်၊ ဖြည့်ဝတ်ဖြူဆွ၊ ယင်း လောကတွင်၊ မရခဲ့ငြို၊ ဘက်ရည်ဆိုလည်း၊ တူလိုမထင်၊ မြန်ခွင်ထက်ဝန်း၊ တကျွန်းကျွန်းက၊ ပျံမှုန်းဂုဏ်စည်၊ ခြိမ့်ခြိမ့်မည်ရှင့်၊ သံရှည်အေးအေး၊ လေးလေးနက်နက်၊ နှစ်သက်ချိုသာ၊ နည်းနာနယ၊ လဒ္ဓဥပဒေ၊ မေးဖြေမရှောင်၊ ကျော်အောင်စံထား၊ ချီးမြှောက်စားသည်။ ။

ဂုဏ်အားရည်ဖြင့် လျှော်သနှင့်... ။ ။

၂။ ။ကြားနှံ့ပြည်ပြည်။ ။သတင်းစည်၍၊ ခုံလည်ငါးဆယ်၊ ကျောင်းရုံကျယ်လျက်၊ မိုးလယ်လနှင့်၊ နှိုင်းစံတင့်သည့်၊ ဂုဏ်ဖြင့်ထိုက်လျော်၊ ရှင့်ကျောင်းတော်လည်း၊ တိမ်ပေါ်ဗိမာန်၊ ပျံလဟန်သို့၊ ဝေယန်ကျင်းကျင်း၊ ကောင်းကင်ချင်း(ချဉ်း)၏၊ မှန်ကန်းညွှန့်လူ၊ ဆယ်နှစ်ဆူနှင့်၊ မြင်မူမိန်းမူး၊ ကျောင်းတော်ဦးလည်း အထူးအဆန်း၊ ဆောင်ဆောင်ထွန်း၏၊ ရောင်ရွှန်းမွေ့မြတ်၊ စေတီဓာတ်လည်း၊ ဖြူးမတ်သွယ်မောက်၊ ရွှေတောင်ပေါက်သို့၊ တောင်မြောက်သုံးဆူ၊ ညွှန့်ဝေလူစု၊ လျှပ်တူပြိုးပြက်၊ ဆောင်ချင်းယှက်သား၊ အထက်ပျံကြွား၊ ငှက်မနားနှင့်၊ ကျောင်းများမှန်ကင်း၊ ထိန်ထိန်ဝင်းသည်။ ။ရှုခင်းနိမ့်မြင့်တော်သနှင့်။ ။

ကျောအောင်စံထား အဖြည့်

၃။ ။များဝှန့်တည်တည်။ ။ရင်နှီရည်ကို သောက်မည်ထုတ်အား၊ တပည့်သားတို့၊ ထွေပြားသဒ္ဒါ၊ ဆန်းလက်ဝန့်၊ ဋီကာဉာဏ်ပါဠိ၊ ပရမတ်သုတ္တန်၊ ယူဟန်ဝိနည်း၊ ညှဲဖြည်းတင်းမာ၊ ကမ္မဝါဘတ်ရိုး၊ ရေးမျိုးကလာပ်၊ သင်အပ်ဝိဒင်္ဂ၊ ခက်သည်နေတို၊ ဆိုမိရိပ်ခြည်၊ ကိုးမည်စကား၊ ရေးသားသီဟိုဠ်၊ ထိုထိုလူမျိုး၊ သင်ရိုးဓမ္မသတ်၊ ထုံးမှတ်ပုံပြင်၊ ရာဇဝင်က၊ စသည်သင်ဖွယ်၊ အသွယ်သွယ်ကို၊ ကြီးငယ်မကျန်၊ မျစေတန်လျက်၊ နံနက် ညဝတ်၊ မချွတ်ဖြည့်အောင်၊ သန်ကောင်သန်လဲ့၊ စာပဲ့ခံခံ၊တကျံကျံတည့်၊ စာအံမတုံး၊ နွေမဆုံးသည်။ ။

တိုက်လုံးသံရင့်,ကျော်သန့်။ ။

o .... o .... o

ညောင်ကန်သာသနာ

လောကသရဖူ, လောကဝေဿဘူ, ခေါင်ထိပ်မိုး, ခေါင်ထိပ်ပန်း စသောစေတီတော်များဒါယကာ မဟာဓမ္မရာဇာဓိပတိ ဟံသာဝတီရောက် မင်းတရားသည် ကာဠပက္ခဆုတ်သောလကဲ့သို့ ဘုန်းသမ္ဘာအရှိန်အဝါ အာဏာသတင်း ယုတ်လျော့၍လာသည့် အခါနှိပ်ဟု ဆိုရပါမည်။

အုတ်ဖိုကွဲ့လ,ဂုဏ္ဍအိန်တို့နှောင့်ယှက်လျက် ရာမညရဋ္ဌ ဟံသာဝတီမြို့ ဆင်ကျားရှင် သမိန်ထော ပဲခူးမင်းကလည်း ပုန်ကန်ထောင်ထားနေလေသည်။

မင်းတရားကြီးဆရာ ကျော်အောင်စံထားဆရာတော်သည် တိုင်းပြည်ရေးရာနှင့် ဗေဒင်နက္ခတ်ကိန်းခန်း နေသွားလသွားတာရာကြယ်များ ဖောက်ပြန်လျက်ရှိသည်ကို လေ့လာဆင်ခြင်တော်မူ၏။ အင်းဝရွှေမြို့တော်တွင် နေထွက်လာလျှင် "**နေလည်သည် နေလည်သည်**"ဟူ၍ ပြောဆိုနေကြသည်။ ယင်းအချက်ကိုနိမိတ်မကောင်းဟု ဆရာတော်

မြင်၏။ ၃-နှစ်၄-နှစ်အတွင်း အင်းဝနေပြည်တော်ပျက်စီးတော့မည်ဟု နိမိတ်ဖတ်တော်မူသည်။

အရည၀ါသီ တောရမှီလိုသော်လည်း မင်းတရားကြီး၏ သဒ္ဓါတော်ကိုငဲ့ညှာ၍သာ သီတင်းသုံးနေ၏။ သို့သော် မေ့လျော့တော်မမူ။ နှလုံးစိတ်ဝမ်း ချမ်းသာတော်မမူ။ ထို့ကြောင့် မင်းတရားထံ စာဆက်သွင်းလေသည်၊ ကိုယ်ကျိုးစီးပွားကျင့်ကြံနေရေးရှာလိုကြောင်း စာဆက်သွင်းပါသော်လည်း မင်းတရားကြီးက ခွင့်မပြု။ အကြိမ်များစွာ ဆက်သွင်းသောအခါ မင်းတရားကြီးသည် ကြက်စွာဖြင့် "ငါ့ဆရာ နှလုံးမကြည်ဖြစ်ရာပေမည်။ အရည၀ါသီတောမှီလိုရာသို့ ကြွတော်မူပါစေတော့" ဟု ခွင့်ပြုရလေသည်၊

ကျော်အောင်စံထားဆရာတော်သည် မင်းတရားကြီး၏ခွင့်ပြုချက်ကိုရရှိလျှင် ပစ္စာသမဏရဟန်းများနှင့်အတူ ဗဒုံ(အလုံ)မြို့ ကျေးညောင်ကန်ရွာသို့ ကြွရောက်တော်မူ၏၊ ကျောင်းတိုက်ကို ကြေးနီကျောင်းမှတပည့် ရှင်ဂုဏာဘရနှင့် ဝါးရင်းတုတ်ရွာကျောင်း ရှင်ဇာဂရနှစ်ပါးတို့အား အပြီးအပိုင် ဒိဿန္တကအဖြစ်အုပ်ချုပ်ရန် လွှဲအပ်တော်မူသည်။

ညောင်ကန်ရွာသို့ ကြွရောက်လာသည့်နှစ်မှာ ၁၁၁၀-ပြည့်ကဖြစ်ရာ ပစ္စာသမဏထည်းတွင် မင်းအိုသာသနာပိုင်ဖြစ်လာမည့် ရှင်ဂုဏာဘိလင်္ကာရပုဂ္ဂိုလ်လည်း ပါလေသည်။

ညောင်ကန်တွင် ရှင်ဣန္ဒောဘာသနေရာ ကျောင်းတိုက်ကိုလှူသည်။ ကျော်အောင်စံထားဆရာတော်က....

"ငါတို့ မင်းဆရာများဖြစ်သည်။ သူတပါးတို့ မကျဉ်းမြောင်းလေကောင်း" အမိန့်ရှိပြီးလျှင် ရှင်ဣန္ဒောဘာသပိုင် အနောက်တိုက်အရှေ့ဘက်၌ ဝါးကျောင်းတော် ဆောက်လုပ်သီတင်းသုံးလေ၏။ စာပေပို့ချတော်မူရန် လျှောက်ထားကြသဖြင့် ရောက်ရှိလာသောတပည့်တို့အား စာပေပို့ချတော်မူ၏၊

ဆရာတော် ကြွရောက်သီတင်းသုံးသည့်အခါ ညောင်ကန်ရွာနံကျရာ တေဇရပ်၌ သုသာန်ကို အနောက်တောင်ဘက်တွင် ဘုမ္မိကျရာအရပ်သို့ ပြောင်းရွှေ့စေရလေ၏။

"အမယ်ဆို သာညိုကချင်း။ ။

တဘက်အပြာစင်းနှင့်လိုက်ပမယ်မင်း။ ။

ဟူ၍ တိုက်တိုက်ဆိုင်ဆိုင် တဘောင်ဖြစ်ပေါ်လာပြန်ရာ တဘက်အပြာစင်းကိုင် အသက် ၆၀-အရွယ်များ သေကြလေသည်။ ဤအကြောင်းကို ကျော်အောင်စံထားဆရာတော် သိရှိတော်မူလျှင် တအိမ်လျှင်တယောက်ကျစီ ထန်းဖလပ်ပြားတချောင်းယူကြပြီး သုသာန်သို့သွားလျက် "ဟဲ့ ငသာညို၊ နင့်နောက်ကိုမခေါ်နှင့်တော့" ဟုဆို၍ ငသာညိုမြေပုံကို ထန်းဖလပ်ပြားချောင်းနှင့် တချက်စီရိုက်ကြရန် ညွှန်ကြား အမိန့်ပေးတော်

ပူ၏။ ယင်းသို့ဖြင့် ညောင်ကန်ရှာသူရှာသား များသော ကြပျက်စီးမှုများ နည်းပါးသွားကြရလေ၏။

ညောင်ကန်တွင် ကျော်အောင်စံထားဆရာတော် စာပေပို့ချခြင်း၊ ဟောပြောဆုံးမခြင်းဖြင့် သာသနာပြုတော်မူခဲ့ရာ ငါးနှစ်ကြာလေ၏။ သက်တော် ၄၈-နှစ်၊ သံကွာ ၂၈-ဝါအရ သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် လူ့ပြည်ငြိမ်း၍ နတ်ထီးခိုလှုံ ပျော်မွေ့တော်မူ၏။ ထိုနှစ်ကား မြန်မာနိုင်ငံ ရာဇဝင်တခေတ်လွှဲပြောင်း၍ အလောင်းမင်းတရားကြီး နန်းတက်သောနှစ် ဖြစ်သတည်း။

တပည့်ကြီးမင်းအိုရှင်ဂုဏာဘိလင်္ကာရဆရာတော်မှာ ညောင်ကန်အနောက်တိုက်မှာပင် စာပေပို့ချလျက် နေတော်မူ၏။ အဋ္ဌသာလိနီအဋ္ဌကထာ ပါဠိကျမ်းကြီး ပဏာမမှ နိဂုံးတိုင် နှုတ်တက်အာဂုံဆောင်ထားသည့် **မင်းအိုဆရာတော်ဟု** ဆရာစဉ် ပြောဆိုကြ၏၊

ထိုစဉ်က ညောင်ကန်သာသနာတွင် အများအားဖြင့် သိကွာမတင် သိမ်မဝင် ပဲ့ကျောင်းဂိုဏ်း ဆက်နွယ်များလည်း ရှိသေးသည်။ "ညောင်ကန်သာသနာဝင်အစရှင်ဂန္ဓောဘာသ"မှာ **ကျော်အောင်စံထားဆရာတော်၏** တပည့်ရင်းချာဖြစ်နေလေရာ ဒေါက်ချာဆောင်းသော ပဲ့ကျောင်းအရိပ်အငွေ့မကင်းရှိသဖြင့် **သိကွာ မြန်လည်ထပ်၏**။ အလားတူ ရေမိန်ရှင်ကလျာဏဓဇ၊ ရှင်ကလျာဏစက္က၊ ရှင်ဝိမလာစာရ စသည့်ပုဂ္ဂိုလ်များလည်း သိမ်ထပ်တော်မူကြသည်။ မင်းအိုဆရာတော်၏ သာသနာတော်ဆောင်ရွက်မှုဖြင့် ပဲ့ကျောင်းနွယ်များလည်း တဖြည်းဖြည်း ယုတ်လျော့သွားလေသည်။

.... ● ....

ကျော်အောင်စံထားတပည့်များ

ညောင်ကန် ရှင်ဂန္ဓောဘာသမှစ၍ တွင်းသင်းတိုက်ဝန်မင်းကြီး ဦးထွန်းညို၏ လူတော်မောင်ဩ (ဝိန္ဒ်ကျော်သူ)စာဆိုတော် ရှင်ကရဝိက ဒုတိယကျော်အောင်စံဆားရှင်ဂုဏာစာရတို့မှာ ကျော်အောင်စံထားဆရာတော်၏တပည့်များဖြင်သည်။ သာမဏေအဖြင့်နှင့် ပညာသင်ဘက်လည်း ဖြင်ကြ၏။

တောင်တွင်းပုဒ်ုလ်ကျော်ငင်ကြီးပျော်ဘွဲ့ ရှင်ဉာဏဝရမှာ သာမဏေဘဝကပင် ပညာသင်ယူခဲ့ဘူးရာ ပုဂ္ဂိုလ်ကျော် စိန္ဒကျော်သူငယ်တို့နှင့် စာသင်ဘက်တို့ဘည်း။

ခင်ကြီးဓပျော် ရှင်ဉာဏဝရကား ထောင်တွင်းကြီးမြို့ဇာတိ၊ ၁၀၀၄-ခုဖွား၊ နံအင်္ဂါသား၊ အလောင်းမင်းတရား၏ သားတော်ကြီး စစ်ကိုင်းမြို့တည် နောင်တော်ကြီးမင်းဆရာ သာသနာပိုင်ဖြစ်သည်။ တံဆိပ်တော် "ဉာဏာလင်္ကာရ သံဃာရာဇာ မဟာဓမ္မရာဇဂုရု"

.... ❁ ....

ဒုတိယကျော်အောင်စံထား

ရှင်ဂုဏာဘရသည် ဒုတိယ ကျော်အောင်စံထားဆရာတော်ဟု တွင်၏။ ကုန်းဘောင်ဆက် အင်းဝရွှေမြို့တော် တတိယတည် ဆင်ဖြူရှင်လက်ထက်အရှတ်ဝန်မင်းက ရွှေမြို့တော်အရှေ့ဘက် ကြေးနီချောင်းအနီး၌ ကျောင်းတော်ဆောက်လှူ၍ ကြေးနီချောင်းဆရာတော်ဟူ၍လည်း တွင်၏။

၁၁၁၅-ခုနှစ် ဆရာရင်း ကျော်အောင်စံထား၏ လွှဲအပ်ချက်အရ သက်တော် ၃၅—နှစ်သာရှိသော ကြေးနီချောင်းဆရာတော်အား အလောင်းမင်းလက်ထက် ကျော်အောင်စံထားကျောင်းတိုက်ကို တင်လှူသည်။

ဝေဟာရတ္ထပကာသနီကျမ်း၊ စတုရင်္ဂလ၏ အဘိဓါန်ဋီကာနိဿယပြန်ဆိုခြင်း၊ သာသနာဝံသပျို့လက်ာများရေးခြင်းတို့ဖြင့် နာမည်ကြီးလေသည်။ ဇာတိမှာ ပုခန်းကြီးမြို့ကျေးငါးစင်ရိုင်းရွာဟူ၍လည်းကောင်း၊ အချို့က အင်းဝမြို့ကျေးငါးစင်ရိုင်းရွာဟူ၍လည်းကောင်း မှတ်သားကြ၏။ ဖွားသက္ကရာဇ် ၁၀၈၄-ပြည့် တပို့တဲ့လဆန်း ၆-ရက် တနင်းလာနေ့ ဒေဘဦးမြတ်သာ အမိ ဒေါ်နှင်းမှုံတို့ဖြစ်သည်၊ငယ်မည် မောင်ညိုထွေး၊ ရှင်ရဟန်းဘွဲ့ ဂုဏာဘရ။

၁၀၆၅-ခုနှစ် ပထမ ကျော်အောင်စံထား ဆရာတော်အထံ၌ရှင်ပြု၍ ပညာသင်သည်။ ဆရာတော်တပည့်များအနက် **ဆုံထားသာသနာပိုင်**ဆရာတော်နှင့် အသက်ကူသိကွာတူဖြစ်သည်။

၁။ ။ကျောင်းဆောက်ရာ၌ ကြေးနီပြားတို့ဖြင့် မိုးထားသဖြင့် ကြေးနီကျောင်းတွင်သည်။ အင်းဝအနီး ကြေးနီချောင်းမရှိဟု ပုဂံဝန်ထောက်မင်းဦးတင်မှတ်စု၌ ဆိုသည်။

ဝဏ္ဏဗောဓနသတ်အင်း ရွှေရင်မြောင်ဆရာတော် ရှင်ဥက္ကံသမာလာ၊ အတုလယသ သာသနာပိုင်ဦးပန်းထွေးတို့အောက် လေးနှစ်ခန့်ငယ်သည်။ ခင်ကြီးပျော်ထက် ၆-နှစ်ကြီးသည်ဟုဆိုသည်။

ရှင်ဂုဏာစာရသည် ၁၁၆၉-ခုနှစ် တပေါင်းလကွယ်နေ့တွင် သက်တော် ၈၉-နှစ် သိက္ခာ ၇၀-အရလွန်၏။ ကျော်အောင်စံထား၏ တပည့်စဉ်ဆက်များတွင် ရမည်းသင်းမြို့ အလယ်ကုန်းရပ်ဇာတိ၊ သီပေါမင်းလက်ထက် ပထမငကျော်ဆရာကြီးဦးအုန်းလည်း အပါဝင်တည်း။ ဦးအုန်းစိရင်ခဲ့သော အဘိဓမ္မာညဝါတန်ခွန်ကျမ်းကြီးကား ယနေ့ထက်တိုင် အသုံးတွင်ကျယ်နေသော ကျမ်းကောင်းတဆူဖြစ်၏။

ဝေါဟာရတ္ထပကာသနီကျမ်းကို မှီငြမ်းပြုသော ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ လှေသင်းအတွင်းဝန်၊ ကဝိလက္ခဏသတ်ပုံအဖွင့် ကဝိလက္ခဏဒီပနီကျမ်းဆရာ မြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယျသူ၊ ယောမူကခ်ါနိဿယကျမ်းဆရာ ယောဆရာတော်တို့မှာ ကျော်အောင်စံထားဆရာစဉ်၏ တပည့်အဆက်အနွယ် ပုဂ္ဂိုလိထူးများဖြစ်သတည်း။

****

စိန့်ကျော်သူဦးဩ

ဦးဩသည် အသက် ၁၅-နှစ်သားကပင် ကဝိကလက္ခဏသတ်ပုံကျမ်းကို စပ်ဆိုခဲ့သည်။ လူးတား၊ ရတုများစွာစပ်ဆိုခြင်းများပြုသည်။ ဩဝါဒထူးပျို့မှာ လူတိုင်းကျက်မှတ်နာယူကြသ၍ည်။ နမက္ကာရအနက်ထူးကျမ်း စီရင်ခဲ့သော်လည်း စာအုပ်အဖြစ်နှင့် မတွေ့ရ။

၁၀၉၅-ခုနှစ်နှန်းတက်သော ဟံသာဝတီရောက်မင်းလက်ထက် ၁၀၉၈-ခုနှစ် ဖွားး၊ နံ အင်္ဂါသား၊ အမိမှာ တွင်းသင်းမင်းကြီးဦးထွန်းညို၊ အမရင်း ဒေါပု၊ အဘမှာ ဦးဇေယျတည်း။

ကျော်အောင်စံထားပထမဆရာတော်အထံ၌ ကျောင်းသားအရွယ်ကပညာသင်၍ မောင်ဩ၏ ပညာဉာဏ်စွမ်းထူးခွန်လှသဖြင့် ဟံသာဝတီရောက်မင်းထံ ခစားစေ၏။ ဟံသာဝတီရောက်မင်းက ဘထွေးတော် သတို့းမင်းခေါင်အထံ၌ အမှုတော်ထမ်းစေသည်ဖြစ်၍ **သံတော်ဆင့်ရာထူး**ချီးမြှင့်သည်။

ကဝိလက္ခဏသတ်ပုံကျမ်းပြုသောအခါ မောင်းထောင် ရှင်ဂုဏာသာရ၊ ဦးလေး ရှင်လက်ဝသာရ၊ (တွင်းသင်းမင်းကြီး ဦးထွန်းညို) ကျော်အောင်စံထားဆရာတော်တို့ အထံမှရအပ်သောဆရာနည်းဖြင့် စီရင်သည်။

"ကျော်အောင်စံထား၊ မြတ်ဘုရားနှင့်မြစ်ခြားရော၊ မြောက်ညာခပ်ပိုင်း၊ သုနာတိုင်း၏၊ ကသိုဏ်းတဦး၊ မီးရှူးတဖြာ၊ ကျော်စောစွာသား၊ မဟာဂုဏာသာရ၊ ပေါက်ပြမှန်ကြား၊ မြတ်ဘုရားကို၊ ဘဝါးဇမ္မူ၊ အာနိမြူဖြင့်၊ လှိုင်ကြူထုံမှမ်း၊ ကိုယ်လုံးပြမ်းက၊ ကျမ်းကျမ်းကျင်ကျင်၊ ရာဇဝင်နှင့်၊ ဗေဒင် ပိဋကတ် ဓမ္မသတ်ကို၊ ထေရ်မြတ်တို့မှ၊ လက်ထပ်ရလျက်+၊" ဟူ၍ သတ်ပုံကျမ်းနိဂုံး၌ ဖော်ပြထားသည်။

ဦးသြသည် အလောင်းမင်းတရား လက် ထက် ရွှေတောင်ရာဇကျော်ဘွဲ့ကို လည်းကောင်း၊ **စိန္ဒကျော်သူ**ဘွဲ့ကိုလည်းကောင်း ချီးမြှင့်ခြင်းခံရသည်။ **ဗဒုံမြို့စား သတိုးရွှေတောင်**(ဦးဝိုင်း)၏ အကြီးတော်ဆရာအဖြစ် ထမ်းရွက်ရသည်။ ထိုစဉ်က ရတနာသီခ ကုန်းဘောင်မြို့ဘွဲ့၊ အိမ်တော်သိမ်း မဟာနန္ဒာကန်တော် ဗဒုံမြို့ဘွဲ့ဘုရား တိုင်စစ်ချီ လက်ထပ်မင်္ဂလာ၊ ကျေးစေ ဟသံ္သဖို့မ မေးဖြေဟန်၊ ရှင်မွေးလွန်း မင်းနန္ဒာ မေးဖြေဟန်၊ ပြာသာဒ်ထီးချက်တော် စသောအဖွဲ့များ၊ ချေင်း၊ ရကန်၊ လူးတား၊ ရတုဖွဲ့များကို စပ်ဆိုသည်။

မဟာဇေယျသခ်ယာဘွဲ့ကို ၁၁၄၅-ခုနှစ်၊ ဗဒုံးမြို့စား(ဘိုးတော်)လက်ထက်ရရှိသည်။

ဦးသြသည် ဟံသာဝတီရောက်မင်း၊ အလောင်းမင်းတရား၊ သားတော် နောင်တော်ကြီး ဆင်ဖြူရှင် ငစဉ့်ကူးမင်းတို့နှင့် ဘိုးတော်လက်ထက် **မင်း ၆**-ဆက်တိုင်အမှုတော်ထမ်းရွက်သည်။

ဦးသြမှာဒေါ်ကေးနှင်-ဒေါ်မင်းသာဟူ၍ ဇနီးနှစ်ယောက်ရှိခဲ့ရာ "**ရွှေပင်နား ရွှေကျေး**" ဆိုသကဲ့သို့ ဦးသြတည်းဟူသော ရွှေပင်နား၌နေကြသော ဇနီးတို့လည်း ကဗျာလင်္ကာ အတော်အတန်ဖွဲ့ဆိုနိုင်ကြသည်။ ဦးသြကွယ်လွန်သောအခါ ဇနီးဒေါ်**မင်းသာ**က

"စာဆိုချောတဲ့ ကိုရင်သြရယ်၊ ကျွန်တော်မမှာ ဘာမျှမပြောတတ်နိုင်တယ်" ဟူ၍ ဖွဲ့နွဲ့ငိုလျှင် ဇနီး**ဒေါ်ကေး**ကလည်း

"ညီးထားလို့ ရှင့်မင်းသာ၊ မောင်အိုအလှောက် သုံးယောက်မိခင်၊ ကျွန်တော်မမှာ ဘာမျှမတိုင်ပင်" ဟု ပြောဆိုသောဟူ၏။ ဒေါ်ကေး၌ သုံးယောက်အနက် မောင်အိုမှာ အငယ်ဆုံးသားဖြစ်တန်ရာ၏။

— ○ —

ရှင်ကရဝိက

စာပေလောကတွင် **ရှင်ကရဝိက**ဟူ၍ ဘွဲ့တူစာဆိုကျော်နှစ်ပါးရှိသည်။ တပါးမှာ သာလွန်မင်းလက်ထက် ညီတော် မင်းရဲကျော်စွာကုသိုလ်တော် လေးထပ်ကျောင်းတည် မော်ကွန်းစသည်များကို စပ်ဆိုခဲ့သောရှင်ကရဝိကဖြစ်၏။တက်ထွန်းလှဝါမော်ကွန်းစာကို ခို၍ ပိုဒ်စုံရတုရေးသားလျက် ၉၉၆-ခုနှစ်တွင် သာလွန်မင်း ဥကင်သမင်္ကလာဖွင့်ရာ၌ ''ဖြူရိပ်ဖြန့်လွှား၊ လူ့ဘုရားလျှင်၊ လေးပါးတန်ခိုးနေ့တိုင်းတိုးလျက်'' စသည်ပါရှိရာ သာလွန်မင်းကို လူ့ဘုရားဟု ထောပနာပြီးလျှင် ထန်းရွက်ညွှန့်ရည်တွင် ရေးသားလျက် သဘောတော်နှစ်ခြိုက်၍ ,ရွှေကျည်တောက်၌ သွင်းနှံကာခေါင်းရင်း၌ အမြဲထားလေသည်။ မင်းတရားကိုယ်တိုင်ကလည်း နှုတ်တက်ဆောင်ထားလျက် မင်းမိဖုရားများပါ အာဂုံဆောင်စေရသည်ဟု ပြောဆိုစဉ်ရှိသည်။

ယခုတင်ပြမည့် **ရှင်ကရဝိက**ကား ပုခန်းကြီးမြို့ကျေးပိုက်သင်ရွာဇာတိ၊ ပထမကျော်အောင်စံထားဆရာတော်၏တပည့်ဖြစ်သည်။ ၁၀၉၀-ပြည့် သီတင်းကျွတ်လဆန်း ၁၂-ရက် အရုဏ်မတက်မီ ပိုက်သင်ရွာ ရေချမ်းဒကာ ဦးလှော် ဇနီးဒေါ်ရွှေမယ်တွင် ''ပရိက္ခရာရှင်ပါးအစုံနှင့်အတူ အရုဏ်စီး၍ ရုဟန္တာတပါးမြောက်စူးစူးအရပ်မှ ဈာန်အဘိညာဏ်အဟုန်ဖြင့် ကြွလာ၎တော်မူပြီး ဒေါ်ရွှေမယ်ခံတွင်း၀ ဖွင့်ဟစဉ်ဝင်သည်'' ဟူသော အိပ်မက်မြင်သည်၊

ယင်းအိပ်မက်ကို ဦးလှော်အားပြောပြရာခင်ပန်းဖြစ်သူဦးလှော်က အားရရွှင်မြူးနိမိတ်ထူးဖတ်သည်။ ၁၀၉၁-ခုနှစ် ဝါဆုံလပြည့်နေ့ သန္ဓေစေ့၍ ရှင်ကရဝိကလောင်းလျှာကိုဖွားမြင်သည်။ မိဘတို့က ပညတ်သွားရာ ဓာတ်သက်ပါသကဲ့သို့ **''မောင်ချမ်းသာ''**ဟု နာမည်မှည့်ကြ၏။

၇-နှစ်အရွယ်တွင် ပထမ ကျော်အောင်စံထားဆရာတော်အထံ၌ အပ်နှံ၍ ပညာသင်ကြားရာ သင်ရိုးနှင့် ဇာတ်ကြီးဆယ်ဖွဲ့ကုန်၏။ မိဘတို့က ရှင်ပြုပေးပြီးလျှင် ရှင်အဖြစ်နှင့် ပိဋကသုံးပုံသင်ရိုးချပို့ရိုးကုန်၏။ ဘွဲ့ ရှင်ကရဝိကဟုခေါ်တွင်သည်။ ပိဋကနှင့်တကွ နက္ခတ်ဗေဒင် ဓမ္မသတ် ပျို့လင်္ကာ စသည်များကိုလည်း တတ်မြောက်ပြီးဖြစ်၏။ ကျော်အောင်စံထား၏ တပည့်များအနက် ထူးခြားသောသာမဏေကျော်ဖြစ်၏။ ဦးသြ-ရှင်ဂုဏာစာရတို့နှင့် စာသင်ဘက်လည်းဖြစ်၏။

သာမဏေဘဝကပင် **မင်းလှယဉ်နုပျို**တစောင် စပ်ဆိုလေသည်။ ယင်းပျို့နှင့်စပ်၍ မိုင်းခိုင်းမြို့စား ပိဋကတော်အုပ် မင်းကြီးမဟာသီရိဇေယျသူစိရင်သော **ပြည်ဘွဲ့မြို့ဘွဲ့လင်္ကာစာမျက်နှာ ၇၁-တွင်....**

"သက္ကရာဇ် ၁၁၁၀-ခုနှစ် ဟံသာဝတီရောက် မင်းတရားလက်ထက် ပုခန်းကြီးမြို့ စီရင်စုပိုက်သင်ရှာဇာတိ ပထမ ကျော်အောင်စံထားဆရာ ရှင်ဉာဏဝရတပည့်မောင် ရှင်ကရဝိကစီရင်သည့် "ညွန့်ဖူးဝေဝေ ကျွန်းသပြေ၏ ခေါင်ဗေဒင်ထုတ်လိပ် မဏ္ဍလိပ်ထက် တံဆိပ်သီရိ မြတ်ဗေဒင်" ဟု အစချိသည့် မင်းလှယဉ်နုပျို့မှကောက်နုတ်သော "ပြည်ဖွဲ့မြို့ဖွဲ့ဘုရား" ဟူ၍ဆိုထားသဖြင့် သာမဏေဘဝကပင် ထိုပျို့ကို ၁၁၁၀-ပြည့်နှစ်တွင် စီရင်ခဲ့ကြောင်းထင်ရှားလေသည်။

မင်းလှယဉ်နုပျို့ကို ဝိသတိနိပါတ်ဘလ္လာတိယဇာတ်တော်လာအတိုင်း တန်ဆာဆင်လျက် စပ်ဆိုထားသည်ဟုဆို၏။ မင်းလှယဉ်နုပျို့သည် ပျို့အမည်နှင့်လိုက်ဘက်စုံဖွဲ့ဆိုရာ၌ လှသည်၊ ယဉ်သည်၊ နုသည်။ နန်းတော်အဆောင်နှင့်ပတ်သက်၍ ယဉ်ကျေးစုံဖွဲ့ဆိုသည်မှာ....

"သိဒိပုလဲ ကျောက်မျက်ရွဲနှင့် မြဲစိန်ကြောင် အဆောင်ဆောင်လျှင် အရောင်တောက်ထွန်း ရွှေပြည်နန်းကို ဖြူဝန်းရွက်ကြာ ရှစ်ဆိုင်ကာလျက်" ဟူ၍ ဖြစ်သည်။

မင်းသားတို့တတ်သင့်သော အတတ်ပညာတို့ကို တတ်မြောက်ထိုက်ကြောင်း အောက်၌ပါသည့်လက်ာကို ဆိုဖွဲ့ထားသည်။

"မင်းသားတကာ တတ်စရာသား အဌာရသ ဟူသမျှလည်း ကြားကနား ဝင် သိကြားသင်သို့ မြင်ကမကျန် တတ်မြောက်ပွန်၍ ဘုန်းဝန်တေဇာ ညွန့်လူးလာသည် ဘလ္လာတိယ နရိန္ဒဟု တွင်ထမည်တော် ဟိုးဟိုးကျော်၏ ထွန်းပေါ်သည်ရာ နောက်မည်မှာကား ကိုးဖြာမျက်စုံ သွန်၍ပုံလည်းနေဂုဏ်မီးရောင် ဆင်ပြောင်မြေခွေး မီးသွေးနီလာ စိန်ဝါသလင်း ပယင်းပွဲရက် ဝါးရွက်ဝသုန် ခြင်္သေ့ယုန်နှင့်ဂဠုန်ပျံလွှား ဆားဘုမ္မသိန် လရှိန်ပိုးစုန်း ခြကုန်းမေရု ဂွမ်းနုနှင့်သံ ရေနုံနှင့်ဆီ သိဒိဓမ္မ အပ်ဝကောင်းကင် သဇင်ပေါက်ပွင့် မိုးနှင့်ထီးဖြူပမာမူသို့...."

ကိုးဆူသွန်းလုပ် ထိုမျက်ရုပ်သည် မည်းပုပ်ရိုင်းပြ ပစ်ထားကြလိမ့် ဒီပနင်္ကရ်ကျွန်းမြည့်တွင် မင်းပျို့တကာ ယဉ်စရာကို သည်မှာရော**ရှု ပုံလွှာစုသို့...**

နုနုဆိုက ပြိုင်မရသည် လှလှအပေါင်း ညှတ်ပျော့ပျောင်းဟု ကျော်သောင်းတေဇာ နတ်ဂန္ဓာလျှင် ဘလ္လာတိယ ခေါ်ပေကြရှင့် **မင်းလှယဉ်နု** တို့မျက်ရှုအား လှလှသံခြေ ခေါ်ကြပေဟု မြုတေစံတည် ရွှေသွဲချည်သည်။ ပြည်ပြည်ထိန်ထိန် ဆူ၏တည်း။

မင်းတို့ကျင့်ဝတ်ကို ပြဆိုဖွဲ့နွဲ့ရာ၌ သုတိသာ၍ အလင်္ကာဂုဏ်မြောက်လှပေသည်။ ပုံစံထုတ်သော်....

''လှူခြင်းတပ်ကာ မိုးနှယ်ရွာသား ငါးဖြာသင်းသင်း သီတင်းမြဲမြန် စွဲပြန်ကြဲဖျန်း ဖြောင့်တန်းမတ်မတ် စိတ်မြတ်ညွှံရည် ဆောက်တည်ဥပုသ် မျက်ကြုတ်မထွက် နှိပ်စက်မကြံ သည်းခံကျင့်ယူ ပြည်လုံးသူနှင့် စိတ်တူညီညွတ် ဆယ်ပါးဝတ်ကို မချွတ်ကေန် စောင့်မြဲမှန်၏။

လေးတန်သင်္ဂဟအင်္ဂပြကတေ့ လေးစေ့ဥပါယ် သုံးသွယ်သတ္တိ အပရိဟာနိယ သတ္တမမှာ သုံးဖြာစံရိယ စာဂငါးသွယ် သုံးဆယ်ပါရမီ ကျင့်ညီဆယ်နှစ် ရန်စစ်အောင်ခွင့် သုံးဆင့်တထူး လေးဦးတထည် ငါးမည်တရပ် ဆယ်နှစ်ထပ်နှင့် ငါးစပ်ဗလ ရာဇကျေးဇူး ခုနစ်ဦးတိ တထူးရွှစ်ထွေ လေးနေတမှတ် စက်မြတ် လေးစုံ ခြောက်ပုံဂုဏ ယင်းသို့စသား ကျမ်းကလာတိုင်းအဆိုင်းဆိုင်းကို ပြန့်လှိုင်း စုံဖြိုး ကျင့်စိုက်ပျိုးသည်၊ ပြည်မျိုးစံရာကျန်းကျန်းတည်း'' ဟူ၍ဖြစ်သည်။

ပန်းနှင့်စပ်၍ ဖွဲ့ဆိုရာ၌လည်း စကားလုံးယဉ်ကျေး၍ ရသမြောက်အောင် ဖွဲ့ဆို နိုင်ခဲ့ပုံကို အောက်၌ပါသည်ကိုလည်း ရှုပါဦး....။

''သော်ကထုတ်ထုတ် ဖက်ဆုတ်လတ်လတ် ရင်ခတ်ရွှေရွှေ မိုးစွေနီနီ သရဖီထပ်ထပ် ဇလပ်ခွေးမွေး မုလေးဆင့်ဆင့် ကြာပွင့်ဝါဝါ ယင်းမာလန်းလန်း အနန်းရှားရှား စကားဝင်းဝင်း အင်ကြင်းရှင်ရှင် သဇင်လူလူ'' စသည်တို့ဖြင့် စကားရှင်ရှင် ယဉ်ယဉ်နုနု စပ်စုဖွဲ့ဆိုထားပေသည်။

မင်းလှယဉ်နုပျို့အပြင် နရပတိရေလား ဟံသာဝတီရောက် မင်းညီတော် မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်း ပုဂံဖွဲ့လူတား စသည်တို့ကို စီရင်ဖွဲ့ဆိုသည်။ ပုဂံလူတားအဖွဲ့ကို အကယ်၍သာဖွဲ့ရိုးမှန်လျှင် ''**အစောဆုံးလူးတားအဖွဲ့**''ကို ရှေးဦးစွာ တည်ထွင်ခဲ့သော် စာဆိုကျော်တပါးဟု မှတ်တမ်းတင်ရမည်။

ရှင်ကရဝိကအား မင်းမှူထမ်းရန်လျှောက်ထားရာ မင်းကျမ်းတဝင် မပြူလိုဟု ဆိုသည်။ သက်တော် ၉၀-အရွယ်တွင် စစ်ကိုင်းမင်းဝံတော်ရိုးသို့ဝင်၍ အရည်ဝါသီတောရမှီစဉ် လွန်တော်မူ၏။

o .... o ...

ပထမပြန်သမိုင်း

ပထမပြန်စာမေးပွဲသမိုင်းဦးကို ၂လေ့လာကြမည်ဆိုပါက သက္ကရာဇ် ၁၀၀၀-(တထောင်ပြည့်) သာလွန်မင်းတရားလက်ထက်က စလေသည်။ သို့သော် ငါးထပ်ကြီး ဒါယကာ မင်းရဲရန်တမိတ် ပြည်မင်း နရာဝရမင်း ဝမ်းဘဲအင်းစံမင်းနှင့် မာရ်အောင် ရတနာစေတီတော် ဒါယကာမင်းတို့လက်ထက်တွင် ပထမပြန် စာမေးပွဲနှင့်စပ်သော အမိန့်ပြန်တမ်းများမတွေ့ရ၍ ထိုမင်းများလက်ထက် စာမေးပွဲမဖြစ်ခဲ့ကြောင်းကို သိရလေသည်။

ပထမပြန်သမိုင်းတလျှောက်တွင် ပထမကျော်အောင် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ပုခန်းကျေးရွာက ရွှေးအခါက ပထမကျော် ရှင်ဥာဏဝရကဲ့သို့သော ဗြိတိသျှခေတ် ပထမကျော်အကြောင်းများကို **ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂဠုန်ပျံဒိကာဒ္ဒ** ပထမကျော်ဘွဲ့တမ်းချင်းကဗျာ **မဟာလေးချိုးရှည်ကြီး**ကို ဖော်ပြလိုပါသည်။

ပုခန်းကျေးရွာမှ ရွှေးအခါက ပထမကျော်

"ဇမ္ဗူမြေန်မာသန်သန် ဟောဒီစစ်ကိုင်းတွင်ဖြင့် ငူဝနာကမ္ဘာယံ တောဆီတဂိုဏ်းပေပေါ် ဂူတရုစံယောဂီ "မိုင်း" ရယ်က လောကီကသိုဏ်းတမည်လှစ်ပုံကသည်ခေတ် "အကျော်" ဆိုသမို့လဲ၊ တော်သလိုရော်သလို (ကျုပ်တို့)မောင်ပဉ္စင်းတွေ့မဖြင့်၊ နင်းနှိပ်မြေကမ္ဘာရွှေသမ္ဘာဖော်တဲ့ အင်္ဂလိပ်ကရာ တစေနာတော်ကြောင့် ငွေတရာကျော်ကျော်မြောက်ဆိုတဲ့ ကျွန်းဆီက ပဒေသာပေါက်သလိုနဲ့ မြောက်မကိုက်ဝဲလို့ ထွန်းချိန်မို့ အလှမ်းတော်တဖန်ပေါ်ချည့် ယမန်သရော်မျှ၊ ကြဋ္ဌန်းတွေနှင့် တို့နန်းပလွင် တို့ရှင်ဘုရင်ရှိစဉ်က အထိကရပါ အရာရာစွမ်းခဲ့တဲ့ သတိရစရာ အညာစခန်းတွင်ဖြင့် စာတန်းကျောက်တိုင် အရှေ့ဝိုက်လောက်တဲ့ "ရွှေပိုက်သင်ရွာ" ဂါမဆီက ပြောဝိုက်တွင် အစဉ်သဒ္ဓါစရပေပ၊ "**ရှင်ဥာဏဝရ**" မောင်ရင်အကျော်အောင်ဘွဲ့မတော့ မဟော်ယောင်ယောင် အဆောင်အရွက်တွေရဲ့ပြင် သုဓမ္မာသဘင်မှာ ဥပရာသခင်ထွက်သလိုနှင့် သကျန္တယ်လာသာကီအဝင်ပေါ့ ပါရမီသခင် ရဟန်းဘောင်တက်ပြန်တော့ မြန်မာပြည်တခွင် ကမ္မဋ္ဌာန်းရောင်မပျက်စေဘို့တဲ့ နန်းအဆောင်ဆောင်ဖျက်ခါ ကျောင်းတရာဆောက်ပါလို့၊ မင်းမျှသခင် အင်းဝဘုရင်ကမြောက်တဲ့ပြင် မိဘဥာတကာတွေကိုပါပြည့်ဝစရာထောက်ခဲ့တဲ့ ဟိုနောက်အတန်ကြာက မြန်ကမ္ဘာသံသာစခန်းတွင်မှ အရဟံပမာ သံဃာရဟန်းပေမို့ ဖန်ခါခါ ပြန်ကာလွှမ်းလောက်တဲ့

(အမယ်မင်း) **ပုခန်းကျေးရွာမှ** ရွှေးအခါက မဟာပထမတည်းဟူသော မြန်မာမျှဝ့အကျော်အမော်ဟောရာက(ငြွှဲ) တမှန်းမှန်းတွေးကာဆလိုက်တော့ ဘန်းကလေးနဲ့ ခမျာ ဒကမတို့မှာဖြင့် ချမ်းအေးစရာမရချိန်မို့ (အိုဖေမောင်တင်ရဲ့) ကျမ်းရေးရာမှ နခမ်းမွေးဆရာမသနိုင်ဘု (ငြွှဲ) မန္ဆလေးအညာက သာသနာ့ဒကာတော်နှမြော....''

စရစ်ဆရာတော် ရှင်ဇမ္ဗုဒီပ

စရစ်ဆရာတော်သည် ဟံသာဝတီရောက်မင်းလက်ထက်က ပထမကျော်အောင်သည် ရှင်ဇမ္ဗုဒီပဟု ကျော်စောသည်။ ကြက်သွန်ခင်းဆရာတော် တပည့်တည်း။

''စရစ် နင်တို့လက်ဝွေပွဲမပြိုးသေးလော'' ဟု ကြက်သွန်ခင်းဆရာတော်က သုမမာစာပြန်ပွဲဖြေဆိုစဉ် တပည့် ရှင်ဇမ္ဗုဒီပအား သရော်ဘူးသည်။ ပထမကျော်စရစ်ဆရာတော်အား အလောင်းမင်းတရားသည် ၁၁၁၈-ခုနှစ်တွင် ''ဇမ္ဗုဒီပအနန္တဇေမဟာမမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကပ်လှူ၏။ ဒုတိယသားတော် ဆင်ဖြူရှင်(မြေဒူး)မင်းကလည်း ၁၁၃၃-ခုနှစ်တွင် အရံ ၄-ကျောင်းဖြင့် လေးထပ်ဧတဝန် ရွှေကျောင်းတော် ဆောက်လှူသည်၊

အလောင်းမင်းတရားသည် အတုလယသ-သာသနာပိုင်အား ကိုးကွယ်ရာ၌ **ပစ္စပ္ပန်**ဘုံဟု ဆိုသည်။ ကြက်သွန်ခင်း,ပလိုင်းနှင့် စရစ်ဆရာတော်သုံးပါးတို့ကိုမူ **သံသရာအကျိုး အတွက်** ကိုးကွယ်သည်ဟု ဆိုသည်၊

o .... o .... o

၇ကြီးဆရာတော် ရှင်ပညာသီဟ

ဆင်ဖြူရှင်မင်းလက်ထက်က သာမဏေဘဝနှင့်ပထမကျော်အောင်သည်၊၁၁၂၁-ခုဗှဲး၊ နံ-ကြာသပတေး၊ ဘွဲ့ **ရှင်ပညာသီဟ**၊ဇာတိမှာ ယိုးဒယားပြည် ဒွါရာဝတီမြို့ဟု ဆိုသည်၊ ဆင်ဖြူရှင်မင်းသည် ၁၁၂၉-ခုနှစ်တွင် ယိုးဒယားနိုင်ငံ အယုဒ္ဓယမြို့တော်ကို လက်နက်နိုင်ငံအဖြစ် အပြီးသိမ်းယူစဉ် သုံ့ပန်းအဖြစ် မိဘမျှားနှင့်အတူ အင်းဝသို့ရောက်ရှိလာကြသည်။

လူမည် ဦးယာခေါ်၏။ပထမဗားကရာဆရာတော်ထံ ပညာသင်သည်။သာမဏေဘဝ ဂူကြီးတိုက်မှာနေစဉ် ပထမကျော်အောင်သည်၊ "ပညာသီဟ မဟာဓမ္မရာဇဂုရု"ဘွဲ့ကို ဆင်ဖြူရှင်လက်ထက်ရရှိသည်။ ဘိုးတော်လက်ထက်တွင် "ပညာသီဟာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု"ဒုတိယအကြိမ် အလှူခံရပြန်သည်။

ဂူကြီးဆရာတော်တွင်၍ ပြုစုစီရင်သောကျမ်းတို့မှာ ဓာတုကထာအဋ္ဌကထာနိဿယ ပုဂ္ဂလပညတ်အဋ္ဌကထာနိဿယ၊ ကထာဝတ္ထု အဋ္ဌကထာနိဿယ၊ ယမိုက်အဋ္ဌကထာနှင့် ပဋ္ဌာန်းအဋ္ဌကထာနိဿယ၊ သုတ်သီလကွန်ဋီကာဟောင်း ဇီနာလင်္ကာရဋီကာ၊ မူလဋီကာ၊ အနုဋီကာနိဿယများနှင့် လောကီပဏ္ဏာသဇာတ်နိဿယတို့ဖြစ်သည်။ ထိုပြင် နာဋီကဝိနိစ္ဆယကျမ်းကိုလည်း ရေးခဲ့သည်။

ပထမကျော် ဂူကြီးဆရာတော် ၁၁၆၃-ခုနှစ်တွင် လူဘဝသို့ လျောကျ၍ ဘိုးတော်မင်းတရားက လူထွက်ဦးပညာသီဟ ဦးယာအား "သိရိနန္ဒသင်္ကြ"ဘွဲ့ ချီးမြှင့်သူကောင်းပြု၍ မဟာဒါန်ဝန် ခန့်အပ်သည်။ ၁၁၇၆-ခုနှစ်တွင် ကွယ်လွန်သည်။

o .... o .... o

ပထမကျော် ပြဿနာ

မည်သည့်ခေတ်၌မဆို ပထမကျော်ဘွဲ့ကို တနှစ်တပါးအောင်၍ ရှားပါးသော ကုန်ပစ္စည်းတမျိုးကဲ့သို့ဖြစ်၏။ ကုန်ပစ္စည်းရှားပါးသော် တန်ဘိုးကြီးရမည့်အစဉ်အလာရှိ၍ ပထမကျော်အောင်ရေးအတွက် အလုအယက်ယှဉ်ပြိုင်ကြသည်။

ပထမကျော်လုပွဲ(ပြဿနာ)ဖန်နှန်းရှင်(ဘကြီးတော်)လက်ထက်က ဖြစ်ပွားခဲ့ဘူးသည်။၁၁၈၉-ခုနှစ်ကဖြစ်၍ ညီတော်အိမ်ရှေ့(သာယာဝတီ)မင်းကိုးကွယ်သော ကျောင်းတိုက်နှင့် နန်းမတော်မယ်နှုန့်မောင်တော် စလင်းမင်းသားကြီး ဦးအိုတို့ ကိုးကွယ်သော ကျောင်းတိုက်တို့ဖြစ်၏။ ညီတော် အိမ်ရှေ့သာယာဝတီမင်း ကျောင်းတိုက်ကချည်း ပထမကျော်အောင်၍ နန်းမတော်နှင့် မောင်တော် ဦးအို ကျောင်းတိုက်က ပထမကျော်ဖြဆို မည့်ရှင်သာမဏေကို လှည့်ပတ်သွေးဆောင်ကာ ပင့်ယူထားခြင်းဖြစ်သည်။ သုဓမ္မာဝါပွဲသဘင် ကျင်းပချိန်နီးကပ်လျှင် နန်းမတော်မောင်တော်တို့က်မှ ပထမကျော် ထွက်ပေါ်လိမ့်မည်ဟူသော ကောလာဟလ,သတင်းဖြစ်နေသည်။ အိမ်ရှေ့မင်းသည် ယင်းကိစ္စလေ့လာ စူးစမ်းသောအခါ နန်းမတော်တို့က ပင့်ခေါ်ထားကြောင်း သိရလေသည်။

ပထမကျော်ပြဿနာနှင့်စပ်လျဉ်း၍ အိမ်ရှေ့နှင့် နန်းမတော်တို့ အချင်းများကြရာ သုဓမ္မာအဖွဲ့သို့ ရောက်လာလေသည်။ ထိုစဉ်က နန်းမတော်အရှိန်အဝါ တန်ခိုးအာဏာထက်ခိုန်ဖြစ်၍ အိမ်ရှေ့ကလည်း နန်းမတော်တိုက်က ပထမကျော်ထွက်လျှင် ယင်းအကျော်ကို မထားဟု ကြုံးဝါးနေသည်။ မျက်နှာကြီး,တရားဖြစ်၍ သုဓမ္မာအဖွဲ့က ဆုံးဖြတ်ပေးရန် မတတ်နိုင်လေရကား အုင်္ဒကျောင်း**ဆရာတော်** ဦးဗုဒ္ဓိအား ယင်းမှုခင်းပြဿနာဆုံးဖြတ်ပေးရန် လွှဲအပ်ကြလေ၏။

မည်သည့် မျက်နှာကိုမျှ မထောက်၊ သာသနာတော်ကိုသာ ရှေ့ရှုတော်မူသော ဦးဗုဒ္ဓိမှာ ထိုအချိန်က သက်တော် ၄၃-နှစ်သိက္ခာ ၂၃-ဝါမျှရှိသေးသည်။ ဆရာတော်ဦးဗုဒ္ဓိ၏ ပထမကျော်ပြဿနာဆုံးဖြတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ။ဤအမှုသည် အိမ်ရှေ့မင်း ဒေခင်နှင့်လည်းမဆိုင်၊ နန်းမတော်မိုးနှင့်လည်းမဆိုင်၊ မင်းသားကြီးငအိုးနှင့်လည်းမဆိုင်၊ ဘုန်းကြီးချင်းချင်း တပည့်သားကို ဖျားယောင်းခေါ်ယူခြင်းပြုသဖြင့် "နဘိကွဝေအညဿပရိသာအပလာပေတဗွာ၊ ယောဉပလာပေယျ အာပတ္တိဒုက္ကဋဿ" ဟူ၍ ဝိနည်းပညတ်တော်ရှိခြင်းကြောင့် မိုးနှင့် ငအိုကျောင်းတိုက်က ဘုန်းကြီးသည် သူတပါး၏ တပည့်သားကို ဖျားယောင်းခေါ်ယူသဖြင့် ဒုက္ကဋ်အာပတ်သင့်သည်၊ ဒေသနာပြောကြား၊ ဘုန်းကြီးတပါးက ဒေသနာခံလိုက်။

၂။ ။ပထမကျော်သည် သူတပါးဖျားယောင်းရာသို့ ဆန္ဒဂတိလိုက်ခြင်းကြောင့် ဤနှစ်တွင် ပထမကျော်မပြန်ဆိုရ၊ မိမိရပ်ရွာသို့ ပြန်သွားစေ" ဖြစ်သတည်း။

.... ● ....

ဘိုးတော်လှကထက် ပထမပြန်

ဘိုးတော်မင်းတရားသည် ပထမပြန်နှင့်စပ်လျဉ်း၍ ပထမ ရှင်လောင်း၊ ပဉ္စင်းလောင်းတို့ကို ရှေးမင်းကောင်းမင်းမြတ်များလက်ထက်ကကဲ့သို့ ပြန်ဆိုစေသော် သင့်မသင့် အမေးတော်ရှိ၏။

ယင်းအမေးတော်ကို ပထမ **မောင်းထောင်သာသနာပိုင်ဆရာတော်** ဖြေဆိုတော်မူ၏။ အမေးတော်အဖြေများကို "ပုစ္ဆာပကိဏ္ဏကဝိသဇ္ဇနာကျမ်း" အမည်ဖြင့် ထုတ်ပေါ်လာသည်၊

ဘိုးတော်မေး၍ သာသနာပိုင်ဖြေသော မေတ္တာစာမှ လိုရင်း ကောက်နုတ်ပြလို၏။

"ရှင်လောင်း၊ ပဉ္စင်းလောင်းများကို သဒ္ဒါသင်္ဂြိဟ် နှစ်ဝါဉာဝါ တစိုး တစိ ပြန်ဆိုစေခြင်းသည် ကျမ်းဂန်ထုံးစံမရှိ။ ဝိနည်းပါဠိတော်ကို ပြန်ဆိုစေခြင်းသာ ဥပဇ္ဈာယ်နိဿယဖြစ်၍ သာသနာတော်၏ အခြေအမြစ်သက်သောကြောင့် သာသနာတော်စိုးပွားဖြစ်သည်။

ရှင်လောင်းပဉ္စင်းလောင်းများကို သဒ္ဒါသင်္ဂြိဟ် နှစ်ဝါဉာဝါ တစိုးတစိ ပြန်ဆိုစေခြင်းမှာ သာသနာတော်အခြေအမြစ် မသက်သေးဖြစ်၍ သာသနာတော် စိုးပွားမများလွန်းဖြစ်သည်။

ယခုလည်း ရွှေတောင်တို့က "ရှင်ဉာဏစက္ကာ၊ အောင်မြေဘုံကျော် ရှင်တေဇောသာရ၊ ၎င်းတို့က်ရှင်ဉာဏဓဇ၊ ညောင်ကန် ရှင်ပညာသာမိ၊ မဲထီး ရှင်သုမန၊ ရှင်ယသတို့၊ ဥဘတောဝိဘင်းကျမ်းတို့ကို သုဓမ္မာစရပ်တော်တွင် ဆရာတော်၊ သံဃာတော်တို့မျက်မှောက်မှာ ပြန်ဆိုဆဲဖြစ်သည်၊

သာသနာတော် အခြေအမြစ်သက်၍ သာသနာတော်စိုးပွားများခြင်းကြောင့် အသာဓာရဏကုသိုလ်ဖြစ်ပွားအောင် မထေရ်မြောက်သော ဆယ်ဝါရ ရဟန်းကြီးတို့ကို ဥပဇ္ဈာယ်နိဿယည်းအင်္ဂါ ဥဘတောဝိဘင်းပါဠိတော်ကို ပြန်ဆို မြဲ ပြန်ဆိုစေသင့်သည်၊ ဆရာတော်အယူရှိကြောင်း မေတ္တာစာသင်္ဂဳးလေသည်" မေတ္တာစာသင်္ဂဳးသည့်အတိုင်း မင်းတရားက အောက်ပါအမိန့်တော် ထုတ်ပြန်သည်။

"ပထမ ရှင်လောင်းတော်တို့မှာ ရှင်ကျင့်ဝတ် လိင်ဒဏ်သေခိုယခန္ဓကဝတ် ပဉ္စင်းလောင်းတို့မှာ ပါတိမောက် နှစ်စောင်ပါဠိအနက်၊ နိဿယမူစကအင်္ဂါကို ရှေးဦးပြန်စေပြီးမှ အမိန်တော်စာတမ်းတွင် ပြန်ဆိုရိုးအတိုင်းပြန်စေ၊ သတ္တရာဇ် ၁၁၅၃-ခုနှစ် စာပြန်ကိုရပ်စေ၊ ဥဘတောဝိဘင်းကျမ်း နိဿယမူစကအင်္ဂါကျမ်းများကိုသာပြန်စေ...."

ပထမပြန်အတွက် သတ်မှတ်ချက်ကျမ်းစာများ ဆိုနိုင်သည်။

မင်းတုန်းမင်းလက်ထက်

မန္တလေးနေပြည်တော် လေးပြင်လေးရပ်မှ တံဆိပ်တော်ရ မရဆရာတော်တို့ကို ပင့်၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီးလျှင် ပိဋကသုံးပုံပြန်ဆိုနိုင်သည့် ပထမ ရှင်လောင်း၊ ပဉ္စင်းလောင်းတို့ရရှိအောင် အားထုတ်တော် မူကြပါမည့်အကြောင်း သျှောက်ဆင်းလေသည်။

ဆရာတော်ကြီးများက မင်းတရား၏လျှောက်ထားချက်ကို ကြိုက်ညီသဘောတူတော်မူကြသည်။ သို့ဖြစ်၍ ၁၂၃၅-ခုနှစ်ကစ၍ ပထမပြန်စာမေးတော်ပွဲ ကျင်းပသည်။ ဝိနည်းကိုသာမဟုတ် ပိဋကသုံးပုံ နှုတ်ငုံပြန်ဆိုရလေသည်။

ပထမပြန် သုံးကြိမ်အောင်မြင်သော သီပေါမင်းလက်ထက်က အလေးဂရုပြုရာ စာတော်ပြန်ဆိုင်ရာ ဥပဒေတော်ပြုခဲ့သည်ဖြစ်ရာ ယင်းဥပဒေကျမ်းကို ၁၂၄၅-ခုနှစ် ပြာသိုလဆန်း ၉-ရက်နေ့တွင် ရတနာပုံနန်းမြို့တော်အတွင်း လှတ်တော် ရွှေစာပုံနှိပ်ရုံတော်၌ စက်တင်ခဲ့၏။

o .... o ....

ပထမပြန်အခမ်းအနား

ပထမကျော်အောင်မြင်သူအား ပတ္တမြားနားဆွဲဆောင်း၊ ပတ္တမြားလက်ကောက်၊ ပုဝါစလွယ်ဆင်ကာ ရွှေထီးလေးချက်ဆောင်းမိုး၍ လူဆဲ့ရွှေရထားတော်ထက် စီးရသည်။ ကျူပ်ငွေသုံးရာတန်ရာ ကျလွန်းပုဆိုး ၇-ထည်၊ ရွှေကျင်ခတ်ပုဝါ ၇-ခု၊ ခေါင်းပေါင်းဖြူ ၇-ခု၊ ပိတ် ၇-အုပ်၊ ရွှေဇာပြင်ဘက်သိုရင်းအင်္ကျီ ၇-ထည်၊ ကျပ်ငွေတထောင်တန် ပတ္တမြားလက်စွပ်တကွင်း ချီးမြှင့်ခြင်းခံရသည်။

မဖွင့်ပဲကိုင်ဆောင်ရသောထီးလေးလက်၊ ဖွင့်၍ ဆောင်းရသောထီးလေးလက် မိုးရသည်။ (အချို့မှတ်တမ်းတွင် ရွှေထီးဆောင်းရသည်ဟူ၏) ရွှေရထား၊ သို့မဟုတ် ဝေါရွှေဘက်မှ ခေါင်းပေါင်းဖြူ၊ ဖေဘုံးအင်္ကျီရှည်ဝတ်ဆင်ထားသော ရွှမ်းစည်တော်သိုင်းနှစ်လက်ကိုင် ကျိုင်းနှင်လက်ကိုင်၊ ရွှေယပ်သားနှစ်လက်ကိုင်၊ ရွှေရပ်တောင်ရိုးရှည်နှစ်လက်ကိုင်တို့နှင့် ရွှေကွမ်းအစ်၊ ရွှေကလပ်ခံ ရွှေဖလား၊ ရွှေကန်ဓားစွတ်ရေတကောင်း၊ ရွှေထွေးခံ၊ ရွှေဗောင်းအစ်ကိုင်တို့က ကိုင်ဆောင်သွားကြရသည်။ ဝေါနောက်မှ လူငါးဆယ် ခြံရုံလိုက်ပါကြရသည်။

ပထမကြီးအောင်များလည်း ပထမကျော်အောင်ကဲ့သို့ဆင်ယင်၍ရွှေထီးလေးချက် ဆောင်းမိုးရသည်။ ကျန်အဆောင်အယောင်တူသည်။

ပထမလတ်အောင်တို့အား မြနားဆွဲဆောင်း၊ မြလက်ကောက်၊ ပုတီးစလွယ်ဆင်ယင်၍ ရွှေထီးနှစ်လက် ဆောင်းမိုးရ၏။ ပုဆိုးရွှေကျင်တော်၊ ပုဝါ၊ ခေါင်းပေါင်းဖြူ၊ ပိတ်

အုပ်၊ ဇရေဇာပြင်ဘက်သိုရင်းအင်္ကျီတမျိုးလျှင် ၃-မျိုးစီရသည်။ ကျပ်ငွေနှစ်ရာတန် ပတ္တမြားလက်စွပ်တကွင်းစီ ချိုးမြှင့်ခြင်းခံရသည်။ ရွှေက၊ ရွှေကတောင်၊ ရွှေဦးခက်တို့ဖြင့် လှပစွာဆင်သောမြင်းတော်ကို စီးရသည်။

ပမထဝယ်အောင်တို့မှာလည်း ပထမလတ်အဆင့်ကဲ့သို့ဆင်ယင်၍ ရွှေထီးတချက် မဆောင်းမိုးရသည်။ ကျပ်ငွေတရာ့နှစ်ဆယ်တန် ပတ္တမြားလက်စွတ်တကွင်းစီ ချိုးမြှင့်ခြင်း ခံရသည်။

နန်းတော်တွင်း ဇေတဝန်ဆောင်တော်၌ အဆောင်ယောင် မင်းခမ်းမင်းနားများဖြင့် ချီးမြှောက်ခြင်းခံရသော ပွဲတော်ဖြစ်၏။ ပထမပြန်,ပြန်ဆိုစဉ် မင်း၏ရှေ့တော်သွင်း၍ ဝတ်ဆင်ရန် ရွှေကျင်ခတ်၊ ခေါင်းပေါင်း၊ လွန်းပုဆိုး၊ မဲပုဆိုး၊ ပိုးပုဆိုး၊ အင်္ကျီ၊ ပုဝါများ တဦးလျှင် ငါးလဲကျစီနှင့် မုန့်ဘိုး ကျပ်ငွေတရာအောက်ခံထား၍ စာဝါအနိမ့်အမြင့်အလိုက် ချီးမြှင့်ထားသည်။

ပထမကျော်အောင်ပုဂ္ဂိုလ်၏ ဆွေမျိုးသားချင်းတို့မှာ ၄၅-အိမ်ထောင် စာရင်းပြုစေ၍ အသည်စာရင်းမှ မင်းရဲမြင်းစုသို့ ဖြည့်သွင်းဖွဲ့စည်းပေးသည်။ ဈေးပဲကင်းကူးတို့ အကောက်ခွန်နှင့် သဿမေဓ အခွန်လွတ် **မင်းတိုင် ၁၂**-မှူ အားလုံး ကင်းလွတ်ခွင့် ရရှိသည်။

.... ● ....

စာတော်ပြန်စဉ်အခါ

ပထမပြန်ဆိုကြမည့် ပုဂ္ဂိုလ်များသည် သုဓမ္မာစရပ်တော်အတွင်းရှိ ဘုရားရုပ်ပွား တော်အား လက်ယှက်ရှိခိုး ဝင်လာရသည်။ ရုပ်ပွားတော်နှင့် သုံးထောင်ခန့်အကွာ၌ ဆောင့်ကြောင့်ထိုင်ပြီး ဦးသုံးကြိမ်ချရသည်။ ပြီးလျှင် "နမောတဿ" သုံးကြိမ်ဆိုပြီး နောက် ပြန်ဆိုကြရမည့် ကျမ်းစာများကို ပြန်ဆိုကြရသည်။ ပြီးလျှင် ဦးသုံးကြိမ်ချ မတ်တတ်ရပ်ပြီးနောက်ဆုတ်ကာ သင့်ရာ၌ထိုင်နေရသည်။

ပထမပြန် သုဓမ္မာစရပ်တော်များ ကို စမြင်ပတ်လည်တွင်လက်တီးချ၍ သစ်လွင် သောအကာများကာလျက် လှပစွာ ပိတ်ဖြူမျက်နှာကြက်ဝေးရသည်။ ထိုနောက် ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များ၊ စမြင်ပတ်လည်၌ စိုက်ထူထားရသည်။ သုဓမ္မာကွင်းစင်အတွင်း အလယ်ငါးထောင်ခန့်လှပ်၍ တောင်မြောက်အရှေ့ဘက်တတန်း၊ အနောက်ဘက်တတန်း၊ ကတ္ထပါကွပ် သင်ဖြူးတချပ်စီစဉ်လျက် ခင်းထားရသည်။

သင်ဖြူးတချပ်စီတွင် ကတ္တပါမှိုအုံး ၁-လုံးစီထားပြီးလျှင် တံဆိပ်တော်ရ ဆရာတော်ကြီးများ အနားယူရန်ဖြစ်သည်။

မင်း၊ မင်းမိဖုရား၊ မင်းညီမင်းသား၊ သမီးတော်၊ မှူးတော်မတ်တော်တို့က ခင်းထားရာ နေရာစဉ်အတိုင်း ဆရာတော်ကြီးမျှားနောက်တော်ကနေပြီး စာနာကြရ၏။ အမျှားပြည်သူတို့မှာ လက်တီးအောက်ကနေ၍ စာနာကြရင်း။

—●—

အင်္ဂလိပ်အစိုးရလက်ထက်ပထမပြန်

သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် မြန်မာနိုင်ငံ ထီးသုဉ်းမင်းသုဉ်းခဲ့ကြပြီ။ ၁၂၅၄-ခုနှစ်တိုင်အောင် ပထမပြန်စာမေးပွဲသဘင် မကျင်းပဖြစ်ရှိခဲ့ရာ အင်္ဂလိပ်အစိုးရသည် မြန်မာမင်းမျှားကျင်းပခဲ့သော ပထမပြန်စာမေးပွဲတော်ကိုအစဉ်လာမပျက် ဆက်လက်ကျင်းပနိုင်ရန် ''မာလားလင်္ကာရ အုတ္တလဓိပတိ သီရိပဝရဓမ္မသေနာပတိမဟာမေဓာဝီရာဓိရာဇဂုရု'' **တောင်တော်သာသနာပိုင်ဆရာတော်**''ထံသို့ ချဉ်းကပ်ဆွေးနွေးလေသည်။

.... o .... o ....

အကြံပေးအဖွဲ့

အင်္ဂလိပ်အစိုးရလက်ထက်တွင် ရှေးဦးစွာ အကြံပေးသူမှာ အိန္ဒိယပြည်မှ မြန်မာနိုင်ငံသို့လာရောက်၍ ပညာမင်းကြီးအဖြစ်ထမ်းဆောင်သော ''မစ္စတာဂျန်ဗင်ဆူမရန်ပုတ်'' **အမ်အော**ဖြစ်သည်။ မြန်မာမင်းအဆက်ဆက်ပြုလုပ်ခဲ့သော ပထမပြန်စာမေးပွဲသဘင်ကဲ့သို့ စနစ်ကောင်းမျှား ဘ်ထုင်ကြံဆလျက် ဗုဒ္ဓဘာသာလူမျိုးနှင့် ရဟန်းသံဃာတော်မျှား အကျိုးသက်ရောက် ဖြစ်ထွန်းစေမည့် စာပြန်ပွဲပြုလုပ်ပေးရန် အင်္ဂလိပ်အစိုးရအား အကြံပေးတင်ပြခဲ့လေသည်။

ယင်းသို့ အကြံပေးတင်ပြချက်အရ အင်္ဂလိပ်အစိုးရသည် တောင်တော်သာသနာပိုင်ဆရာတော်ဆံ ချဉ်းကပ်ဆွေးနွေးခြင်းဖြစ်သည်။ သာသနာပိုင်ဆရာတော်က အောက်ပါဆရာတော်မျှားနှင့် လူပုဂ္ဂိုလ်မျှားပါဝင်သော အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်း၍ အစိုးရအား ယင်းအကြံပြုချက်မျှားကို တင်သွင်းတော်မူကြသည်။ အကြံပေးအဖွဲ့တွင်....

တောင်တော်သာသနာပိုင် ဆရာတော်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူလျက်....

၁။ တံဆိပ်တော်သုံးထပ်ရ ပုခန်းဆရာတော်။

၂။ တံဆိပ်တော်သုံးထပ်ရ လှထွဋ်ဆရာတော်။

၃။ လယ်ကိုင်းမြို့စား၊ ကင်းဝန်မင်းကြီးတို့ ပါဝင်တော်မူကြသည်။

ဆရာတော်ကြီးများနှင့် ကင်းမင်းကြီးတို့အကြံပေးချက်အတိုင်း ဗအစိုးရကသဘော တူညီသဖြင့် ဆရာတော်ကြီးများနှင့် ပြည်သူ့ပြည်သားတို့ ဝမ်းသာတော်မူကြရသည်။ ပါဠိဘာသာသင်ကြားရေးအတွက် အားပေးဆောင်ရွက်ကြသော ကော်မရှင်နာ မင်းကြီး ဆာချားကရော့စဝိတ်နှင့် **ဒုတိယဘုရင်ခံဆာဖေရတ်ဒရိတ်ဖရိုင်ယာ**တို့အား ကျေးဇူးလည်း တင်ရှိကြသည်။

၁၂၅၇-ခုနှစ်(၁၈၉၅-ခု၊ ဇန်နဝါရီလ)တွင် ပါဠိပထမပြန်စာမေးပွဲဖြစ်မြောက် ရေးကော်မတီဖွဲ့စည်းကြလေသည်။ ယင်းကော်မတီသည် နှစ်စဉ်စာမေးပွဲဖြစ်မြောက်ရန် နှင့် ပါဠိဘာသာကျမ်းစာအုပ်များ သင်ကြားရေးအတွက် ရွေးချယ်ပုံနှိပ်ထုတ်ဝေရန် စီရင်ကြရလေသည်၊

ပထမဆုံးပုံနှိပ်ထုတ်ဝေသည့်ကျမ်းစာအုပ်များမှာ **အဂ္ဂမဟာပဏ္ဍိတဆရာ**ဖြေတည်း ဖြတ်သော ယမိုက်အရကောက်ကျမ်းနှင့် အခြားကျမ်းစာအုပ်များဖြစ်၏။ ပုံနှိပ်ပြီးသော ကျမ်းစာအုပ်များကိုလည်း ဆရာတော်ကြီးများနှင့် စာချဆရာတော်တို့အား လှူဒါန်း ဆက်ကပ်ခြင်းပြုသည်။

၁၂၅၇-ခု၊ (၁၈၉၅-ခု)စာမေးပွဲကော်မတီ၏ ဆုံးဖြတ်ချက်တို့မှာ....

၁။ ပါဠိပထမပြန်စာမေးပွဲကို ၁၈၉၆-ခု၊ ဇွန်လ ၁၇-ရက်နေ့မှ ၂၂-ရက်နေ့ များတွင်(၅-ရက်တိုင်)ကျင်းပရန်။

၂။ သံဃဝတော်များနှင့် လူပုဂ္ဂိုလ်များဖြေဆိုခွင့်ပေးရန်နှင့် ဘုန်းတော်ကြီးတို့ အောင်လျှင် ဆွမ်းဆန်တော်ဆုငွေ အောင်လက်မှတ်ထုတ်ပေးရန်။ (အသက် ၂၁-နှစ်ကျော်သည့် လူပုဂ္ဂိုလ်တို့အားသာ အောင်လက်မှတ် ထုတ်ပေးရန်)

၃။ ၁၈၉၆-ခုနှစ်တွင် ပထမငယ်နှင့် ပထမလတ်တန်းကိုသာလျှင် ဖြေဆိုခွင့်ပေး ရန်နှင့် နောက်နှစ်များတွင် ငယ်,လတ်တန်းနှင့် ပထမကြီးတန်းအထိ စာမေးပွဲများ ကျင်းပရန်။

၄။ ပထမငယ်တန်းအတွက် မေးခွန်း ၄-မျိုးထုတ်ရန်နှင့် ပထမလတ်တန်း မေးခွန်း ၅-မျိုးထား၍ တနှေ့တာလျှင် မေးခွန်းတမျိုးသာလျှင် ဖြေဆို စေရန်၊ တကြိမ်လျှင် ၄-နာရီသာဖြေဆိုခွင့်ပြုရန်။

၅။ ရန်ကုန်မြို့တွင် ရွှေတိဂုဏ်စေတီတော် ဂေါပကလူကြီးများ ခွင့်ပြုချက်အရ ဘုန်းတော်ကြီးများအတွက် စရပ်တန်ဆောင်းတို့တွင် ကျင်းပရန်နှင့် လူပုဂ္ဂိုလ်များအတွက် ပညာမင်းကြီးရုံးတွင် ကျင်းပရန်။

၆။ မန္တလေးမြို့တွင် ဘုန်းတော်ကြီးများအတွက် သုဓမ္မာစရပ်များတွင် ကျင်းပရန်နှင့် လူပုဂ္ဂိုလ်များအတွက် မဟာမုနိဘုရားကြီး ဂေါပကာအဖွဲ့နှင့်တိုင်ပင်ရန် အထက်မြန်မာပြည် ပညာဝန်က ဦးဆောင်ကျင်းပရန်။

၇။ ရွှေတိဂုဏ်နှင့်မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့တို့အား စာမေးပဲ့ကျင်းပရာ၌ အုပ်ထိန်းရန်အတွက် နာယကဆရာတော်ကြီးများနှင့် တိုင်ပင်ပြုလုပ်ရန်တို့ဖြစ်သည်။

၁၈၉၇-ခုနှစ်မှအစပြု၍ ပါဠိပထမပြန်စာမေးပဲ့သင်ခန်းစာတို့ကို အောက်ပါအတိုင်း တည်းဖြတ်ပြဋ္ဌာန်းသည်။

ပထမငယ် ။ ။ သဒ္ဒါ၊ သင်္ဂဟ၊ မာတိကာ၊ ဓာတုကထာ။

ပထမလတ် ။ ။ သဒ္ဒါ၊ သင်္ဂဟ၊ မာတိကာ၊ ဓာတုကထာ၊ ယမက။

ပထမကြီး ။ ။ သဒ္ဒါ၊ သင်္ဂဟ၊ မာတိကာ၊ ဓာတုကထာ၊ ယမက၊ ဆန်း၊ အလင်္ကာရ၊ အဘိဓာန်။

ပထမကျော်။ ။ သဒ္ဒါ၊ သင်္ဂဟ၊ မာတိကာ၊ ဓာတုကထာ၊ ယမက၊ ဆန်း၊ အလင်္ကာရ၊ အဘိဓာန်၊ ပဋ္ဌာန်းကျမ်း။

အောင်မှတ်ရာနှုန်း—ပထမငယ်နှင့် ပထမလတ်မေးခွန်းတမျိုးလျှင် ၃၃-မှတ်၊ ပထမကြီး ၅၀၊ ပထမကျော် ၇၅-မှတ် သတ်မှတ်သည်။ မေးခွန်းစာရွက် တမျိုးတည်းကို ငယ်၊ လတ်၊ ကြီး၊ ကျော် စုပေါင်းထားသည်။ သို့သော် ၁၉၂၈-ခုနှစ်ကစ၍ ယင်းမေးခွန်းစာရွက်တမျိုးတည်းကို ဖျက်သိမ်းလျက် တတန်းစီသီးခြားထား၍ မေးခွန်းများကို ထုတဲ့ဆင်မေးသည်။

၁၂၅၉-ခုနှစ်(၁၈၉၇)ခုနှစ် ပထမကျော်တန်းရပ်ဆိုင်းလျက် ပထမကျော်တန်းပြဆိုရမည့် ပဋ္ဌာန်းကျမ်းကို ပထမကြီးတန်း၌လည်း ပြဆိုကြရသည်။

၁၂၆၀-ပြည့် (၁၈၉၈) ခုနှစ်မှစ၍ ပထမကြီးတန်းတွင် အမှတ်အမှားဆုံးအောင်မြင်သူအား "**ပထမကျော်**"ဘွဲ့ ဆက်ကပ်ရန် ဆုံးဖြတ်ကြသည်။

ပထမကျော်တန်း စာမေးပဲ့ယှဉ်ပြိုင်ဖြဆိုကြသော ဘုန်းတော်ကြီး ၁၂-ပါးအနက်ရန်ကုန်မြို့သရက်ထောကျောင်းတိုက် (နောင်အခါမော်လမြိုင်မြို့ဘုံပုံကျောင်းတိုက်)

မှ ဦးကေတုမာလာသည် ၁၂၆၃-ခုနှစ်(၁၉၀၁)ခုနှစ် အောင်မှတ်အများဆုံးရရှိ၍ **"ပထမကျော်"** ဘွဲ့ကို ဆွတ်ခူးသည်။

အဲဂ်လိပ်အစိုးရလက်ထက်တွင် ဦးကေတုမာလာသည် ပထမကျော်ဘွဲ့ကို အဦးဆုံး ရရှိတော်မူသော ပုဂ္ဂိုလ်ဖြစ်သည်။ **မစ္စတာတော်စိန်ခို** အကြံပေးချက်အရ ဗုဒ္ဓဘာသာ **သီလရှင်များ**ကို ၁၂၆၃-ခုနှစ် (၁၉၀၁-ခု)က အစပြု၍ ပါဠိပထမပြန် စာမေးပွဲဖြေဆို ခွင့်ရရှိသည်။

ထိုနောက် ၁၂၆၇-ခုနှစ် (၁၉၀၅-ခု)က စ၍ ပါဠိပထမပြန် စာမေးပွဲအတန်း တိုင်းမှာပင် ဘာသာပြန်မေးခွန်းများ ထုတ်ဆင်စစ်ဆေးရန် ပြဋ္ဌာန်းသည်၊ ၁၂၇၁-ခု (၁၉၀၉)နှစ်ကစ၍ ပါဠိပထမပြန်စာမေးပွဲများကို ပါဠိဘာသာဖြင့် ဖြေဆိုလိုပါလျှင် ဖြေဆိုခွင့်ပြုသည်။ ၁၂၇၅-ခု (၁၉၁၃-ခု)နှစ်တွင် ပါဠိပထမပြန်ကော်မတီက စာမေးပွဲ ပြုပြင် ပြောင်းလဲရေးအတွက် အကြံပေးတင်ပြကြပြန်သည်။

ယင်း အကြံပေးချက်မှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အနှည်းငယ်မျှသာမေးရန် နှင့် ပါဠိဘာသာ လွှဲကျင့်ခန်းများကို အလေးပေးမေးရန်တို့ဖြစ်သည်။

ဤကဲ့သို့ အကြံပြုတင်ပြကြခြင်းအကြောင်းမှာ မေးခွန်းအဖြေများကို ကြည့်ရှုသုံးသပ်လျှင် ပါဠိမှ.မြန်မာသို့ ပြန်ဆိုရာ၌လည်းကောင်း၊ မြန်မာမှ ပါဠိသို့ပြန်ဆိုရာ၌ လည်းကောင်း မှန်ကန်တိကျစွာ ဖြေဆိုနိုင်သူများ လွန်စွာနည်းပါးခြင်းကြောင့်ဟု ဆိုသည်။

သို့သော် ကော်မတီတို့ အကြံပေးချက်အတိုင်း ပြုပြင်ပြောင်းလဲခြင်းမလုပ်နိုင်ပဲ ပါဠိဘာသာ ပိုမိုတတ်မြောက်စေရန် ကျမ်းစာအုပ်များ ပြဋ္ဌာန်းလေသည်။

ပထမငယ်တန်းဘာသာပြန်အတွက် ဇနကဇာတ်၊ ပထမလတ်အတွက် ဓမ္မပဒပါဠိ တော်၊ ပထမကြီးတန်းအတွက် မိလိန္ဒပဉ္ဉာ ပါဠိတော်အဓိပ္ပာယ်ပြန်ဆိုစေခြင်းများအဖြစ် ပြဋ္ဌာန်းထားလေသည်။ ထို့ပြင်....

၁။ အသက် ၁၅-နှစ်အောက်ငယ်သူတို့အား စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်မပြုရန် (ယင်း ဆုံးဖြတ်ချက်ကို ၁၂၇၇-ခု (၁၉၁၅)နှစ်၊ ဇန်နဝါရီလ ၁-ရက်နေ့က အစပြု သည်။)

၂။ အငယ်အောင်ပြီးသူများကိုသာလျှင် အလတ်တန်းဝင်ခွင့်ပြုရန် အလားတူ အလတ်တန်းအောင်ပြီးသူများကိုသာလျှင် ပထမကြီးတန်းဝင်ခွင့်ပြုရန်၊ (ယင်း ဆုံးဖြတ် ချက်ကို ၁၂၈-ခု (၁၉၁၆)နှစ် ဇန်နဝါရီလ ၁-ရက်နေ့က အစပြုသည်။)

၃။ အတန်းတတန်းအောင်မြင်ရန် အများဆုံးသုံးကြိမ်ထက်ပို၍ ဝင်ခွင့်မပြုရန်တို့ ဖြစ်သည်၊

၁၂၀၀-ပြည့် (၁၉၁၀-ခု)နှစ်တွင် ဝိနည်းဘာသာကို ပြဋ္ဌာန်းပေးရန် ရန်ကုန်မြို့ **ပါဠိကျောင်းတိုက် ပထမကျော်** ဦးဝိသုဒ္ဓက ပထမပြန် ကော်မတီအား မေတ္တာရပ်ခံပြန်သော်လည်း ကော်မတီအဖွဲ့က ဝိနည်းဘာသာရပ်သည် ပါဠိသင်ကြားသော ပုဂ္ဂိုလ်တို့အား သင့်တော်သော အကျိုးမဖြစ်စေနိုင်သောကြောင့် ဝိနည်းဘာသာတရပ် ဖြစ်သင့်သည်။

ထို့ကြောင့် ပြဋ္ဌာန်းရန်မလိုဟု ဆုံးဖြတ်ကြသည်။ ၁၂၀၁-(၁၉၁၉)နှစ်ကစ၍ ပါဠိဘာသာပြန်အတွက် ပြဋ္ဌာန်းသောဖတ်စာကျမ်းများကို ရပ်စဲလိုက်ပြန်သည်။၁၂၀၁-ခုနှစ်ကစ၍၊ အဆင့်အတန်းတခုစီအတွက် သီးခြားပါဠိဘာသာဉာဏ်စမ်းမေးခွန်း တမျိုးစီ ဖြေဆိုခွင့်ပြုသည်။

၁၂၀၂-ခုနှစ်တွင် စာမေးပွဲဖြေဆိုခွင့် ၃-နှစ်မှ ၅-နှစ်- သို့မဟုတ် ၅-ကြိမ်အထိ တိုးမြှင့်ပေးရန် **ညောင်တုန်းမြို့ဆရာတော် ဦးပဏ္ဍိတ**,မေတ္တာရပ်ခံချက်ကို ကော်မတီအဖွဲ့က စဉ်းစားကြပြီးလျှင် ခွင့်မပြုနိုင်ကြောင်း ဆုံးဖြတ်ကြသည်။ မည်သည့်အဆင့်အတန်းမဆို သုံးနှစ် သို့မဟုတ်-သုံးကြိမ်ဖြေဆိုခွင့်ရှိကြောင်း ရှင်းလင်းထားသည်။

၁၂၀၂-ခုနှစ်တွင် စာစစ်လူကြီး ခြောက်ဦးတို့ပါဝင်သောအဖွဲ့မှ အအောင်ပေးထိုက် မပေးထိုက် စဉ်းစားရန် စာမေးပွဲကော်မတီက ဖွဲ့စည်းပေးသည်။စာစစ်လူကြီးတဦးသည် စစ်ဆေးပြီး အဖြေလွှာများတွင် အဖွဲ့က အအောင်ပေးသင့် မပေးသင့် စဉ်းစားနေခိုက် အစည်းအဝေးမှ ခေတ္တထွက်ခွာသွားရန်သင့်ကြောင်း၊ စစ်ဆေးပြီးသည့် အောင်မှတ်များ ပြင်ဆင်ခြင်းမပြုမီ။ တိုင်ပင်နှီးနှောမှုကို သင့်လျော်ကြောင်း ဆုံးဖြတ်ကြသည်။

၁၂၀၀-ခုနှစ်တွင် **အုတ်တွင်းမြို့ဆရာတော် ဦးကုသလ**၏ မေတ္တာရပ်ခံချက်အရ၊ စက္ခုအလင်းမရသော ပုဂ္ဂိုလ်များကို စာမေးပွဲဖြေဆိုခွင့်ပြုကြသည်။ ၎င်းတို့၏နှုတ်မှ ဖြေသော အဖြေစကားတို့ကို မှတ်သားရေးယူရန် လူတယောက်လျှင် နေ့တွက် တနေ့လျှင် ၅-ကျပ်ကျ အစိုးရက စရိတ်ခံရန်ကိုလည်း ဆုံးဖြတ်ကြသည်၊

၁၂၀၉-ခုနှစ် (၁၉၂၇)တွင် ရန်ကုန်မြို့မှ ဆရာတော်ကြီး **၁၆-ပါးလက်မှတ်ရေး**ထိုး တင်သွင်းသော မေတ္တာရပ်ခံချက်အရ အဆင့်အတန်းအားလုံးအတွက် သုံးကြိမ်စီသာ ဖြေဆိုကြရမည့် စည်းမျဉ်းကို ဖျက်သိမ်းပေးရန် အဆိုပြုတော်မူကြသည်။

ယင်းအဆိုကို ကော်မတီက စဉ်းစားကြပြီးလျှင် ပထမကြိမ်တန်းအတွက်သာလျှင် သုံးကြိမ်အထိ ဖြေဆိုခွင့်ကို ဖျက်သိမ်းရန် သဘောတူကြသည်။

၁၂၉၁-ခုနှစ် (၁၉၂၉)တွင် ပထမပြန်စာမေးပွဲမစမီ ဝိနည်းဘာသာကျမ်းစာကို အာလုံးသော အဆင့်အတန်းတွင် ဘာသာတရပ်အဖြစ် စစ်ဆေးခြင်းကို ကန့်ကွက်ကြသည်။ ယင်း ဝိနည်းဘာသာကို ရင်စဲမပေးခဲ့သော် စာမေးပွဲကို သပိတ်မှောက်မည်ဟု

အရေးဆိုကြသည်။ ထို့ကြောင့် ၁၉၃၀-ပြည့်ကစ၍ ဝိနည်းဘာသာကို ဘာသာတရပ်အဖြစ် စစ်ဆေးခြင်းမပြုတော့ပါဟု ပြန်လည်လျှောက်ထား ဖြေရှင်းမှု ငြိမ်းအေးသွားသည်။

သို့ရာတွင် ၁၂၉၃-ခုနှစ် (၁၉၃၁) စာငမးပွဲကစ၍ ဓာတုကထာကိုသော်လည်းကောင်း၊ ဝိနည်းဘာသာကိုသော်လည်းကောင်း ကြိုက်ရာဖြေဆိုခွင့်ပြုသည်။

ဘဏ္ဍာရေးအခက်အခဲများကြောင့် ဆုတော်ငွေ လျှော့လျှူမည့်အစား အငယ်နှင့် အလတ်တန်း အောင်မှတ်နှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ရန် ဆုံးဖြတ်ကြသည်။

အတန်း	နှုန်းဟောင်း	နှုန်းသစ်
ပထမကြီး	၅၀	၅၀
ပထမလတ်	၄၀	၄၅
ပထမလတ်	၃၃	၄၀

ထိုအကြံပေးချက်ကို အစိုးရက လက်ခံသည်။ ၁၂၉၄-ခုနှစ်၊ (၁၉၃၂)တွင် ပထမကျော်တန်းစာမေးပွဲသီးခြားကျင်းပရန် ကော်မတီအဖွဲ့က နာယက တိုက်အုပ်ဆရာတော်ကြီးများနှင့် တိုင်ပင်၍ အစိုးရထံ ထောက်ခံတင်သွင်းကြသော်လည်း ယင်းအကြံပြု ထောက်ခံချက်ကို အစိုးရက လက်ခံခြင်းမပြု။

၁၂၉၄-ခုနှစ် (၁၉၃၂)က အငယ်နှင့် အလတ်တန်းတွင် အောင်မှတ်နှုန်း ၅၀-အကြီးတန်းတွင် အောင်မှတ်နှုန်း ၆၀- ထက်မနည်း ရရှိအောင်မြင်သူများကိုသာလျှင် ဆုတော်ငွေလှူရန် အမိန့်ထုတ်ပြန်လေသည်။

ယင်းအမိန့်ကို များစွာကျေနပ်ခြင်းမရှိကြသဖြင့် စာမေးပွဲကျင်းပရာဌာနတိုင်းကပင် စည်းဝေးဆုံးဖြတ်၍ သံဃာတော်များ ကန့်ကွက် **သပိတ်မှောက်တော်မူကြသည်**။

ရံပုံငွေလျှော့သဖြင့် ထိုသို့ ပြုလုပ်သော်လည်း ဆရာတော်ကြီးများနှင့် ကော်မတီအဖွဲ့ ညှိနှိုင်းတိုင်ပင်လျက် အောင်မှတ်နှုန်း ယခင်အတိုင်း အတည်ပြုရန် **ဆုတော်ငွေများကိုသာ** အချိုးကျလျှော့၍လှူရန် ဆုံးဖြတ်ကြသဖြင့် ယင်း သပိတ်ငြိမ်းအေးစေလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၃၀၄-ခုမှ ၁၃၀၇-ခုနှစ် (၁၉၄၂ မှ ၁၉၄၅) သုံးနှစ်တိုင် ပထမပြန်စာမေးပွဲ မကျင်းပနိုင်၊ ရပ်ဆိုင်းထားရသည်။ ဒုတိယကမ္ဘာ့စစ်ကြီး ပြီးဆုံး၍ ၁၃၀၈ (၁၉၄၆) အစိုးရ ခေတ္တဒေါက်လာချိန်၌လည်းကောင်း၊ လွတ်လပ်ရေး ရရှိပြီးကစ၍လည်းကောင်း ယခုနှစ်အချိန်ထိစာမေးပွဲများ ဆက်လက်၍ ကျင်းပနိုင်သည်။

ဓမ္မာစရိယစာချုတန်းစာမေးပွဲကိုအင်္ဂလိပ်အစိုးရမပြေးမီ(ဒုတိယကမ္ဘာစစ်မဖြစ်မီ) ၁၃၀၂-ခုရစ် (၁၉၄၀)နှစ်တွင် ကျင်းပနိုင်သည်။ ပထမဆုံး ဓမ္မာစရိယစာချုတန်းတွင် ကျမ်းပြီး(ကျမ်းရင်း ၃-ကျမ်း) အောင်ပုဂ္ဂိုလ်ငါးပါး ပေါ်ထွက်လာသည်။ ယင်း ငါးပါးအနက် ကျမ်းရင်း ၂၃-ကျမ်း အမှတ်အမျှားဆုံးဖြင့် အောင်မြင်သည့် ပုဂ္ဂိုလ်မှာ **မန္တလေးမြို့ မဟာဝိသုဒ္ဓာရုံတိုက်မှ ဦးမာတင်္ဂါဘိဝံသ**ဖြစ်ကြောင်း မှတ်တမ်းရှိလေသည်။

****

ဗြိတိသျှ(အင်္ဂလိပ်)အစိုးရခေတ် ပထမကျော်များ

အောက်တွင်ဖော်ပြအံ့သော ဗြိတိသျှ အင်္ဂလိပ်အစိုးရလက်ထက် ပထမကျော် ပုဂ္ဂိုလ်များစာရင်းကို ခရစ်နှစ်နှင့်ယှဉ်တွဲဖော်ပြထားပါသည်။ ခုနှစ်ရှေ့နောက် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။ ပထမပြန်အောင်ဂဏန်းများ ခဲယဉ်းပင်ပန်းစွာရှာဖွေ၍ တင်ပြခြင်းဖြစ်သည်။ မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလအသင်း(ဘီဘီအမ်အေ)၄၅-ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်း ကောက်နုတ်ချက်များလည်း ရရှိ၍ ဤမျှ ပြည့်စုံစွာ ဖော်ပြနိုင်ခြင်းဖြစ်ကြောင်း။

၁၉၀၁-ခုနှစ် ။ ဦးကေတုမာလာ(အဂ္ဂမဟာပဏ္ဍိတ)
သရက်တောကျောင်းတိုက်၊ ရန်ကုန်မြို့။

၁၉၀၂-ခုနှစ် ။ ဦးသူရိယ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)
မစိုးရိမ်ကျောင်းတိုက် မန္တလေးမြို့။

၁၉၀၃-ခုနှစ် ။ ဦးဉာဏ(အဂ္ဂမဟာပဏ္ဍိတ)
ပုဇွန်တောင်ပါဠိကျောင်းတိုက်၊ ရန်ကုန်မြို့။

၁၉၀၄-ခုနှစ် ။ ဦးဝိသုဒ္ဓ(အဂ္ဂမဟာပဏ္ဍိတ)
ပုဇွန်တောင် ပါဠိကျောင်းတိုက် ရန်ကုန်မြို့။

၁၉၀၅-ခုနှစ် ။ ဦးကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)
ယသဇေယျကျောင်းတိုက်၊ ရန်ကုန်မြို့။

၁၉၀၆-ခုနှစ် ။ ဦးပညိန္ဒြိယ(ဆရာကြီးဦးလွင်)
မင်းကွန်းရွာပင်ချောင် မန္တလေးမြို့။

၁၉၀၇-ခုနှစ် ။ ဦးကောသလ္လ(ဆရာကြီးဦးကျော်လှ)
အင်းဝကျောင်းသရက်တောတိုက် ရန်ကုန်မြို့။

၁၉၀၈-ခုနှစ် ။ ။ သာမဏေရှင်သူရိယ (ဆရာကြီးဦးမြတ်သာထွန်း)
မိတ္တီလာမြို့။
၁၉၀၉-ခုနှစ် ။ ။ ဦးပညာသီဟ(မဟာပညာဗလဆရာကြီး ဦးကြီးဖေ)
ရမည်းသင်းမြို့။
၁၉၁၀-ခုနှစ် ။ ။ ဦးပဏ္ဍိတ(ဆရာကြီးဦးလှတင်)
ဆီးပင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက် မန္တလေးမြို့။
၁၉၁၁-ခုနှစ် ။ ။ ဦးဩဘာသ(လူထွက်သည်)
မဲဇလီကုန်းမြို့။
၁၉၁၂-ခုနှစ် ။ ။ ပထမကမ္ဘာစစ်ကြီးကြောင့် စာမေးပွဲမကျင်းပနိုင်၊ ၁၉၁၄-ခုနှစ်
၁၉၁၃-ခုနှစ် ။ ။ နိုဝင်ဘာလ ၁၁-ရက်၊ ၁၁-နာရီအချိန် အင်္ဂလိပ် ဂျာမနီကို
၁၉၁၄-ခုနှစ် ။ ။ စစ်ပြေငြိမ်းသည်။
၁၉၁၅-ခုနှစ် ။ ။ ဦးဉာဏဝံသ(အဂ္ဂမဟာပဏ္ဍိတ)
နှစ်ကျိပ်ရှစ်ဆူကျောင်း သရက်တော်တိုက် ရန်ကုန်မြို့။
၁၉၁၆-ခုနှစ် ။ ။ ဦးဆန္ဒာဓိက(ဆရာကြီးဦးဘမောင်)
ကျောင်းတော်ရာတိုက် ဗဟန်း ရန်ကုန်မြို့။
၁၉၁၇-ခုနှစ် ။ ။ ဦးသာသန(လူထွက်သည်)
မိုးကောင်းတိုက် မန္တလေးမြို့။
၁၉၁၈-ခုနှစ် ။ ။ ဦးသေဋ္ဌလ(အဂ္ဂမဟာပဏ္ဍိတ)
ရှင်အာဒိစ္စဝံသကျောင်းတိုက် ရန်ကုန်မြို့။
၁၉၁၉-ခုနှစ် ။ ။ ဦးဂုဏာဘိရာမ(မြို့မဆရာဖေ)
ဥယျာဉ်တိုက်ကျောင်း အင်းပြောင်ရွာ ဖျာပုံမြို့။
၁၉၂၀-ခုနှစ် ။ ။ ဦးသုမန(ပြန်လွှန်)
ဝံသာရုံကျောင်းတိုက်၊ ကျုံပဲရွာ ပျဉ်းမနားမြို့။
၁၉၂၁-ခုနှစ် ။ ။ ဦးသောဘဏ(ဆရာကြီးဦးသန်းမောင်)
ဘုရားကြီးတိုက် မန္တလေးမြို့။
၁၉၂၂-ခုနှစ် ။ ။ ဦးပဏ္ဍိတ(ပြန်လွှန်)
အဝိုင်းရွာကျောင်း ပန်းတနော်မြို့။
၁၉၂၃-ခုနှစ် ။ ။ ဦးစန္ဒိမာသီရိ(ပြန်လွှန်)
သရက်တောဝဝါးတန်းကျောင်း ဝိသုဒ္ဓါရုံတိုက် မန္တလေးမြို့။
၁၉၂၄-ခုနှစ် ။ ။ ဦးပဏ္ဍိတ(ဆရာကြီးဦးမောင်ကြီး)
မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့။
၁၉၂၅-ခုနှစ် ။ ။ ဦးပညိန္ဒြာဘိဝံသ(ဘီအေ)
ခါတော်မှီကျောင်းတိုက် မိုးကုတ်မြို့။

၁၉၂၆-ခုနှစ် ။ ။ ဦးဇနကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)
အဘယာရာမရွှေဂူတိုက် မန္တလေးမြို့။
၁၉၂၇-ခုနှစ် ။ ။ ဦးပဏ္ဍစ်သသီရိ(ဆရာကြီးဦးကျော်မြင့်)
ပထမဂန္ဓာရုံတိုက် စစ်ကိုင်းတောင် စစ်ကိုင်းမြို့။
၁၉၂၈--ခုနှစ် ။ ။ ဦးဝိသုဒ္ဓ(အဂ္ဂမဟာပဏ္ဍိတ)
ဝိဇ္ဇာလင်္ကာရကျောင်းတိုက် မန္တလေးမြို့။
၁၉၂၉-ခုနှစ် ။ ။ ဦးကေသရိန္ဒ
ရွှေဂူချောင်မင်းကွန်း မန္တလေးမြို့။
၁၉၃၀-ခုနှစ် ။ ။ ဦးတေဇဝန္တ(ဆရာဦးတင့်ရွှေ)
ရွှေဘုန်းဝန်ကျောင်း စိန့်ပန်း မန္တလေးမြို့။
၁၉၃၁-ခုနှစ် ။ ။ ဦးဝါယာမဘိသီရိ(ပြန်လွှန်)
မဟာလယ်တီကျောင်းတိုက် မုံရွာမြို့။
၁၉၃၂-ခုနှစ် ။ ။ ဦးကောဝိဒသာမိ(ပုပ္ပါးဦးကျော်ရင်)
မဟာလယ်တီတိုက် မုံရွာမြို့။
(မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့မှ အောင်သည်)
၁၉၃၃-ခုနှစ် ။ ။ ဦးအာနန္ဒာဝဏ္ဍိတ
နဝင်းရပ်ဗဟာရာဏသီကျောင်းတိုက် ပြည်မြို့။
၁၉၃၄-ခုနှစ် ။ ။ ဦးဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကနှင့် အဂ္ဂ
မဟာပဏ္ဍိတ)
မင်းကွန်းဓမ္မနာဒတိုက် မန္တလေးမြို့။
၁၉၃၅-ခုနှစ် ။ ။ ဦးသူရိယာဘိဝံသ(ဆရာကြီးဦးသန့်ဇင်)
သီရိမင်္ဂလာတိုက်ကျောင်း ရမည်းသင်းမြို့။
၁၉၃၆-ခုနှစ် ။ ။ ဦးလာသန(လူ့အဖြစ်ကွယ်လွန်)
ရွှေသော်ကျန်းကျောင်းတိုက် ရွှေဘိုမြို့။
၁၉၃၇-ခုနှစ် ။ ။ ဦးဇနိန္ဒာဘိဝံသ
ကျိုက်ထီးရိုးကျောင်းတိုက်၊ ကန်တော်ကလေး ရန်ကုန်မြို့။
၁၉၃၈-ခုနှစ် ။ ။ ဦးကဝိန္ဒ(ဆရာဦးမောင်ကျော်)
ရွှေရေးဆောင်ကျောင်းတိုက် မန္တလေးမြို့။
၁၉၃၉-ခုနှစ် ။ ။ ဦးနာဂသေနာဘိဝံသ
တောင်လေးလုံးကျောင်းတိုက် မော်လမြိုင်မြို့၊
၁၉၄၀-ခုနှစ် ။ ။ ဦးစိန္တိတာဘိဝံသ(ဆရာဦးဆိုင်ကျော်)
မဟာအောင်မြေဘုံစံတိုက် ဗဟန်း ရန်ကုန်မြို့၊

၁၉၄၁-ခုနှစ် ။ ။ ပထမပြန်စာမေးပွဲအောင်စာရင်းမထွက်။
၁၉၄၂-ခုနှစ် ။ ။
၁၉၄၃-ခုနှစ် ။ ။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန်အတွင်း ပထမပြန်စာမေးပွဲ
၁၉၄၄-ခုနှစ် ။ ။ များ ရပ်ဆိုင်းထားရသည်။
၁၉၄၅-ခုနှစ် ။ ။

မြန်မာအစိုးရလက်ထက် ပထမကျော်များ

၁၉၄၆ ခုနှစ် ။ ။ ဦးကွန်ဒဝုဓဉာဏ
ရွှေဟသ်ံာတောရတိုက် ညောင်တုန်းမြို့
၁၉၄၇-ခုနှစ် ။ ။ ဦးမေဓိယ
မဟာဝဇီယမဂလာရာမတိုက်
ရွှေပြည်ရပ်အနောက်ပြင် မန္တလေးမြို့
၁၉၄၈-ခုနှစ် ။ ။ ဦးဝိဇ္ဇောဒယ
သပြေပင်ကျောင်းတိုက် ဟသ်ံာတမြို့
၁၉၄၉-ခုနှစ် ။ ။ ဦးကုသလ (လူထွက်သည်)
ဇီဝကာရာမတိုက် ဖျာပုံမြို့
၁၉၅၀-ခုနှစ် ။ ။ ဦးပဏ္ဍိတ (ဦးမောင်ကလေး)
မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့
၁၉၅၁-ခုနှစ် ။ ။ ဦးကုသလ
ရွှေဟသ်ံာတောရတိုက် ညောင်တုန်းမြို့
၁၉၅၂-ခုနှစ် ။ ။ ရှင်ကစ္စာယနာလင်္ကာရ (ဦးကျော်နိုင်)
ဝိဇ္ဇာဒပွဏ်ခြောင် စစ်ကိုင်းမြို့
၁၉၅၃-ခုနှစ် ။ ။ ရှင်နာဂိန္ဒာလင်္ကာရ
ရွှေဟသ်ံာထောရတိုက် ညောင်တုန်း မြို့
၁၉၅၄-ခုနှစ် ။ ။ ဦးစန္ဒိမာ
သဒ္ဓမ္မဝံသာရုံတိုက် မိတ္ထီလာမြို့

၁၉၅၅-ခုနှစ် ။ ။ အရှင်အက်ံရ (လူထွက်သည်)
မြသိန်းတန်အုပ်ချုပ်ကျောင်းစကုတိုက် မန္တလေးမြို့

၁၉၅၆-ခုနှစ် ။ ။ ဦးပညာသီရိ
ရွာမကျောင်း ကုလားဝဲရွာ သံလျင်မြို့

၁၉၅၇-ခုနှစ် ။ ။ ရှင်ဇောတဝရဗုဒ္ဓိ
မော်လမြိုင်အုပ်ချုပ်ကျောင်း မိုးကောင်းတိုက် မန္တလေးမြို့

၁၉၅၈-ခုနှစ် ။ ။ ရှင်ဥတ္တရ
တေဇိန္ဒာရာမတိုက် ကုက္ကိုင်း ရန်ကုန်မြို့

၁၉၅၉-ခုနှစ် ။ ။ ရှင်ပုညသေဋ္ဌ
သာသနာ့ဝန်ဆောင်ကျောင်း ငပုကွန်ရွာ မင်းပြားမြို့

၁၉၆၀-ခုနှစ် ။ ။ သီလရှင် မမေဓါဝီ
တိုက်ကျောင်း ပါဠိတက္ကသိုလ် ကြို့ပင်ကောက်မြို့

၁၉၆၁-ခုနှစ် ။ ။ ဦးသီရိန္ဒ
မင်္ဂလသုခ ပါဠိတက္ကသိုလ် တာမွေ ရန်ကုန်မြို့

၁၉၆၂-ခုနှစ် ။ ။ ဦးပဒုမာဘိဝံသ
ရွှေသိမ်တော်အုတ်ကျောင်းမတ္တရာမြို့

၁၉၆၃-ခုနှစ် ။ ။ ရှင်မုနိန္ဒ
ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့

၁၉၆၄-ခုနှစ် ။ ။ ဦးကုမာရ
ကိုင်းကုန်းပါဠိတက္ကသိုလ် ခရမ်းမြို့

၁၉၆၅-ခုနှစ် ။ ။ ရှင်သုစာရိန္ဒ
ဒီပါရုံကျောင်းတိုက် မော်လမြိုင်မြို့

၁၉၆၆-ခုနှစ် ။ ။ အရှင်ခေမိန္ဒာစာရ
မဟာဂန္ဓာရုံကျောင်းတိုက် အမရပူရမြို့

၁၉၆၇-ခုနှစ် ။ ။ အရှင်စန္ဒိမာ
မင်းကျောင်း ပထမပြန်စာသင်တိုက် သံလျင်မြို့

၁၉၆၈-ခုနှစ် ။ ။ ရှင်စန္ဒာဝရ
ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့

၁၉၆၉-ခုနှစ် ။ ။ ရှင်အက်ံရဉာဏ
သီရိမင်္ဂလာရုံကျောင်းတိုက် ညောင်တုန်းမြို့

၁၉၇၀-ခုနှစ် ။ ။ ရှင်ရေဝတ
ညောင်တုန်းပါဠိတက္ကသိုလ် ဗဟန်း ရန်ကုန်မြို့

၁၉၇၁ ခုနှစ် ။ ။ ရှင်ဣန္ဒဝဥဓ
ထူးကြီး အစဉ်ရှာ ဟသ်ာတမြို့

၁၉၇၂-ခုနှစ် ။ ။ အရှင်စိန္ဓိတာလင်္ကာရ
မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဟန်း ရန်ကုန်မြို့

၁၉၇၃-ခုနှစ် ။ ။ အရှင်ဣန္ဒဝံသာရ
မင်းကျောင်း ပထမပြန်စာသင်တိုက် သံလျင်မြို့

၁၉၇၄-ခုနှစ် ။ ။ အရှင်ကောဏ္ဍည
အမှာရာမတိုက် ဓမ္မရိပ်သာ တံတားမြို့

၁၉၇၅-ခုနှစ် ။ ။ အရှင်စန္ဒာဝရသာရ
ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့

၁၉၇၆-ခုနှစ် ။ ။ အရှင်ဝံသပါလ
မင်းကျောင်း ပထမပြန်စာသင်တိုက် သံလျင်မြို့

၁၉၇၇-ခုနှစ် ။ ။ အရှင်နန္ဒဝံသ
ရွှေတောင် ပါဠိတက္ကသိုလ် ရေနံချောင်းမြို့

၁၉၇၈-ခုနှစ် ။ ။ ရှင်နာရဒ
ဗဟန်း ညောင်တုန်းပါဠိတက္ကသိုလ် ရန်ကုန်မြို့

၁၉၇၉-ခုနှစ် ။ ။ ဦးဇောတိသဲရ
ဇောတိကာရုံ ပါဠိတက္ကသိုလ် ပြည်မြို့

၁၉၈၀-ခုနှစ် ။ ။ အရှင်ဇောတိက
ကျိုက်ဗေဒါမိအရှေ့ကျောင်း ပရိယတ္တိစာသင်တိုက် သန်လျင်မြို့

(**မှတ်ချက်**။ ။ပထမကျော်စာရင်းများကို ၁၉၈၀-ခုနှစ်အထိ ဖော်ပြနိုင်ပါသည်၊ နောင်နှစ်များအတွက် ဆက်လက်ဖော်ပြမည်)

o .... o ....

တုဝိုဏ်းရုံဂိုဏ်း

သက္ကရာဇ် ၁၀၃၆-ခုနှစ် အင်းဝ၊ ရမည်းသင်း မင်းရဲကျော်သည် ဝမ်းဘဲအင်းအရပ် နန်းတည်စိုးစံ၍ ဝမ်းဘဲအင်းစံမင်း အမည်တွင်သည်။ ထိုမင်းလက်ထက် အလင်္ဂါနှင့် လင်္ဂါများ ရောထွေးလျက်ရှိသည်။ ငါးရနဲနတ်စက်ရောင်ဆရာတော် အကြံပြုချက်အရ အင်းဝမြို့တော် ဂူတော်သစ်ပဋ္ဌာန်းစရပ်တွင် မြန်မာနှင့်မွန်ဘုန်းကြီးများ အသံမစဲ ပဋ္ဌာန်းရွတ်ပဲ့ပြုလျက် အလင်္ဂါနှင့် လင်္ဂါပုဂ္ဂိုလ်များ ကဲ့ပြားစေခဲ့သည်။

ဝမ်းဘဲအင်းစံသားတော် မာရ်အောင်ရတနာစေတီတော် ဒါယကာလက်ထက် (၁၀၆၀) ကဲ့ပြားလာသော တုံ ဂိုဏ်း ရုံ ဂိုဏ်း များ ၏ အန္တရာယ် လည်း ကြီးထွား လေသည်။

သလွာဝတီ ချင်းတွင်းမြစ်အနောက်ဘက်တုံရွာနေ **ရှင်ဂုဏာလင်္ကာရ**သည် သာမဏေများရွာတွင်းဝင်လျှင် သင်္ကန်းမရုံစေပဲ လက်ဝဲတဘက် ပုခုံးထက်တင်၍ ဝင်စေသည်၊ ယပ်ကိုကိုင်စေသည်။ သင်္ကန်းမရုံ တင်ရုံတင်သည်ကို စုံစုံပြု၍လည်းကောင်း၊ တုံရွာ ရှင်ဂုဏာလင်္ကာရတိထွင်၍လည်းကောင်း **အတင်—(တုံ)ဂိုဏ်းဟုဆိုသည်**။ တောင်ငူမြို့ ရှင်ဗုဒ္ဓက်ရ ရှင်ဝိစိတ္တာ ဒီပဲယင်းမြို့ ကျေးအရည၀ါသီနေ ရှင်သုနန္ဒ, တလုတ်မြို့ ငါးရုံ့အို ရွာ ရှင်ကလျာဏတို့က သာမဏေများရွာတွင်းဝင်လျှင် သင်္ကန်းရုံယပ်ကိုင်စေရန် ဩ၀ါဒ ပေးတော်မူကြသည်။ ရှင်ဗုဒ္ဓက်ရစသောဆရာစဉ်တို့၏ ဩ၀ါဒခံယူသော **ရှင်ကလျာ ဏ**၏ သင်္ကန်းရုံခြင်းကိုစွဲ၍ **အရုံဂိုဏ်း**ဟု ဆိုသည်။

၁၀၇၆-ခုနှစ် အင်း၀ တနင်္္ဂနွေမင်းလက်ထက် ထိုအတင်(တုံ)ဂိုဏ်းရုံဂိုဏ်းအယူ ၀ါဒများကို ပိဋကကျနလှသော ဝဏ္ဏဗေဒဓန သတ်အင်းကျမ်းဆရာတော် ရှင်ဥက္ကံသ မာလုအား မင်းတရားက စီရင်ဆုံးဖြတ်ရန်လွှဲအပ်သော်လည်း ပိဋကမကျနသော တုံဂိုဏ်း ဝင်များ၍ ယင်း၀ိ၀ါဒမှု မပြီးပြတ်လေ။

၁၀၉၅-ခုနှစ် အင်း၀ ဟံသာ၀တီရောက် မင်းလက်ထက် ပထမ ကျော်အောင် စံထားဆရာတော်အား ယင်းအဓိကရုဏ်းမှု ငြိမ်းအေးစေရန်စီစဉ်သော်လည်း အင်း၀ နေပြည်တော် ပျက်စီးတော့မည့်ဘေးကြောင့် မအေးချမ်းလေ။

၁၁၁၅-ခုနှစ် **အ**လောင်းမင်းလက်ထက် အတင်ဂိုဏ်းနှယ် ဒီပဲယင်းမြို့ကျေး အုတ် ရှစ်ကျေးရွာဇာတိ ရှင်ယသအား "အတုလယ သဓမ္မရာဇဂုရု" ဘွဲ့ဆက်ကပ်၍ သာသနာ ပိုင် ခန့်အပ်ခဲ့သဖြင့် အတင်(တုံ)ဂိုဏ်းအင်အားကောင်းလာသည်။ ပလိုင်းရွာဇာတိ ရှင်သုဇာတ,က သာမဏေများရွာတွင်းဝင်လျှင် သင်္ကန်းရုံစေသင့်ကြောင်း မင်းတရား ထံ မေတ္တာစာသွင်းသော်လည်း သာသနာပိုင် ရှင်ယသ၏ ဩဇာရိပ်နှင့်မကင်း၍ အောင် မြင်ခြင်း မရှိခဲ့လေ၊ အလောင်းမင်းတရားကြီးက "**သာသနာရေးနှင့်စပ်သောအမှု နေပါ စေဦး**" ဟု ဟန့်တားထားခြင်းဖြင့် ယင်းမှုခင်းမပြီးပြတ်လေ။

၁၁၂၂-ခုနှစ် သားတော်ကြီး၊ နောင်တော်ကြီးမင်းလက်ထက် "**ဉာဏလင်္ကာရ မဟာဓမ္မရာဇဂုရု**" တံဆိပ်တော်အပ်နှင်း၍ အရုံဂိုဏ်းနှယ် တောင်တွင်းခင်ကြီးပျော် ဆရာ တော်အား သာသနာပိုင်တင်၍ ယင်းမှုခင်းကိုဆုံးဖြတ်သော်လည်း မပြီးပြတ်လေ၊ ၁၁၂၅-ခုနှစ် မြေဒူးမင်း (ဆင်ဖြူရှင်)လက်ထက် ပထမကျော်စရစ် ဆရာတော်အား "ဇမ္မူဒီပဓဇမဟာဓမ္မရာဇဂုရု" တံဆိပ်တော်အပ်နှင်း၍ သာသနာပိုင်တင်သည်။ စရစ် ဆရာတော်သည် အရုံဂိုဏ်းနှယ်ဖြစ်၍ အတင်ဂိုဏ်း၀င်တို့ အခွင့်အာဏာ မှေးမှိန် စေသည်။

၁၁၃၈-ခုနှစ် စဉ်ကူးမင်းလက်ထက်၌ မာန်လည်ဆရာတော်အား "ဂုဏာမုနိန္ဒဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်အပ်နှင်း၍ သာသနာပိုင် တင်ပြန်သည်။

စဉ်ကူးမင်းသည် မင်းအဆက်ဆက်ကပင် ကဲ့ပြားသော တုံဂိုဏ်းခွဲဂိုဏ်းပြဿနာကို စီရင်ဆုံးဖြတ်တော်မူစေရန် နန်းတော်သို့ သာသနာပိုင် စသောဆရာတော်ကြီးများ ဂိုဏ်းခေါင်းဆောင်ဆရာတော်များကိုပင့်၍ ပိဋကနှင့်အညီ ကိုးကားယှဉ်ပြိုင် ညှင်းဆို စေသည်။

တုံဂိုဏ်းခေါင်းဆောင်တို့က ပုခန်းကြီးမြို့ကျေး၊ ဖျသီးရွာစား ဆရာတော် လူထွက်အား တံစိုးပေးရေးစေခဲ့သော စူဠဂဏ္ဌိကျမ်းကိုသာ ကိုးကားနိုင်သည်။ အခွဲဂိုဏ်းခေါင်းဆောင်တို့က ပိဋ္ဌကကျမ်းလာတိုင်း ကိုးကားနိုင်သည်။ ထို့ကြောင့် သာမဏေများ ရွာတွင်းဝင်လျှင် သင်္ဘန်းရုံသွားစေသင့်ကြောင်းဘက်မှ အနိုင်ရရှိသွား ဃဖြင့် ယင်းအမိန့်ကိုလိုက်နာစေရန် ထုတ်ဆင့်လေသည်။

၁၀၆၀-ခုနှစ်က စတင်ဖြစ်ပွားခဲ့သော ယင်းအဓိကရုဏ်းမှမှာ ၁၁၃၈-ခုနှစ် စဉ်ကူးမင်းလက်ထက်မှာပင် ငြိမ်းအေးလေသည်။

သို့သော်....သာသနာပိုင်ဟောင်း အတုလယသ ဆရာတော်သည် စဉ်ကူးမင်းလက်ထက်က "**ပုဆိန်တုန်း၍သာ ကျွန်းမဖြတ်နိုင်**" သကဲ့သို့ အတင်,အရုံယှဉ်ပြိုင်ကြစေရာ၌ ပျော့ညံ့သောပုဂ္ဂိုလ်တို့နှင့်သာ ယှဉ်ပြိုင်ပြောဆိုကြသည်။ ငါတို့နှင့် ဝဲက်လက်ဆရာတော်တို့ မပါဝင်ရ။ တိလောကဂုရုဆရာတော်လည်း ပြောဆိုခွင့်မရကြ။ ထို့ကြောင့် အတင်ဂိုဏ်း အရှုံးခံရခြင်းဖြစ်သည်။

ဓမ္မကွန်မကျလှ၊ ယထာဘူတ ဓမ္မကံကျနစေရန် ထပ်မံယှဉ်ပြိုင်စေသင့်ပါကြောင်းနှင့် ၁၁၄၃-ခုနှစ် နန်းတက်သော ဘိုးတော်မင်းတရားထံ မေတ္တာစာ ဆက်သွင်းပြန်သည်။

ထိုစဉ်က မင်းအိုဆရာတော်အမှူးပြုသော သုဓမ္မာသာသနာပြုအဖွဲ့ရှိရာ သာသနာပြုအဖွဲ့ဝင် မောင်းထောင် ရှင်ဉာဏာဘိဝံသ ဆရာတော်ကစတင်၍ **သာသနာပိုင်ဟောင်း အတုလယသအမှူးပြု** အတင်ဂိုဏ်းဝင်တို့အား မေးလျှောက်သည်။ မေးပုံအသွားအလာရှည်လျားခြင်း ဆရာတော်ကြီးများ နှစ်သက်တော်မမူကြပေ။ မာန်လည်ဆရာတော်ကြီးက "မောင်းထောင်၊မေးနည်းစကားမရောက်၊ တရားမရောက်ရှိ၍ ပြီးခဲ့မည်။ ဗဟုကရာ၊ ကိုးနန္ဒထွက်၍ဆို စဉ်ကူးမင်းလက်ထက်ကလည်း ဆိုခဲ့ဘူးဖြစ်သည်" ဟူ၍ မိန့်တော်မူ၏။

ဗဟုကရာဆရာတော်က....

မောင်းထောင်လေးနှင့်ပင် တော်ပါပြီဘုရား" ဟူ၍ နှစ်ကြိမ်လျှောက်ထားလျှင် မင်းအိုဆရာတော်ကြီးက "ဗဟုကရာဒုဗ္ဗစပုဂ္ဂိုလ်ဖြစ်လေသလား" ဟု ငေါက်သောအခါ

မှ ဗားကရာဆရာတော်သည် သာသနာပိုင်ဟောင်း အတုလယသအား ဆက်၍ မေးလေသည်။

အတုလယသနှင့် အတင်ဂိုဏ်းနွယ်တို့မှာ ဗားကရာဆရာတော်နှင့်ဘက်ပြိုင်ဆွေးနွေးရာ၌ စူဠဂဏ္ဍိကျမ်းကိုသာ ကိုးကားရွတ်ဆိုနိုင်သဖြင့် အရှုံးပေးကြရလေသည်။

သုဓမ္မာသာသနာပြုဆရာတော်တို့ဆုံးဖြတ်ချက်အရမင်းအာဏာသားတို့က အတုလယသ,အမှူးရှိသော တုဂိုဏ်းဝင်တို့အား သက်နှံးချတ် အဝတ်ဖြူလဲ၍ နယ်ခြားသို့ပို့ဆောင်ကြလေသတည်း။



မင်းအိုဆရာတော်

''ကျမ်းရိုးကျမ်းတက် ဆိုရိုးသူမတူတန်အောင်ကောင်းလှသည်''ဟု သီလဝိသောဓနိကျမ်းဋ္ဌ ဖော်ပြချက်အတိုင်း ပိဋကကျနလှသော မင်းအိုဆရာတော်သည် ကျော်အောင်စံထားဆရာတော်တပည့်ဖြစ်၍ အရုံဂိုဏ်းနွယ်လည်းဖြစ်သည်။ တောင်ဖီလာပဂိုလ် ကျော်တပည့် ရေမိန်ရှင်ကလျာဏဓဇတပည့်နွယ်လည်း ဆိုကြ၏။ မင်းအို၏ဆရာစဉ်များမှာ ပုဘဆရာတော်၊ ၎င်း-ဆရာနှောင်းဘရှင်ဓမ္မာနန္ဒ၊ ၎င်း—ဆရာ ဝါကျဉမင်တောရရှင်အဂ္ဂဓမ္မာလင်္ကာရ စသည့် ပုခန်းဆက်သာသနာဝင်တို့ဖြစ်သည်။

ဘိုးတော်လက်ထက် သာသနာပိုင် ၄-ပါးတပြိုင်နက်တင်ခဲ့ရာ၌ အကြီးဆုံးဆရာတော်ဖြစ်သည်။ ၁၀၇၀—ပြည့်နှစ် ပုခန်းကြီးမြို့ကျေး၊တောကျေးကန်ရွာဇာတိတည်း၊ လူအမည် ဦးအောင်ကျော်၊ ရှင်ဘွဲ့ ဂုဏသီရိ (ဂုဏာလင်္ကာရလည်းဟူ၏)

ရေစကြိုမြို့ မင်းအိုကျောင်းတိုက်အမည်ဖြင့် မင်းအိုဆရာတော်တွင်သည်။ ချောင်းကောက် ရှင်သဒ္ဓမ္မနန္ဒီထံ၌လည်း ပဉ္စာသင်ကြားခဲ့သည်။ ၁၁၁၀—နှစ်က ကျော်အောင်စံထားဆရာတော် ညောင်ကန်သို့ ကြွရောက်သာသနာပြုရာတွင် တပည့်ကြီးအဖြစ် လိုက်ပါသည်။ ၂၈-နှစ်ကြာမျှ ညောင်ကန်တွင် စာပေပို့ချ သာသနာပြုခဲ့ရာ တပည့်များစွာထွန်းကားသည်။ သက်တော် ၆၈—နှစ်အရွယ်တွင် စဉ့်ကူးမင်းက (၁၁၃၇—ခုနှစ်) အင်းဝသို့ ပင့်ဆောင်ကိုးကွယ်သည်။ စဉ့်ကူးမင်းမယ်တော်က စစ်ကိုင်းဘက်၌ ဝေဠုစံန် ၎င်းထပ်ကြီးဘုရား အနောက်မျက်နှာတွင် အရံတံတိုင်း မီးတားနှစ်ထပ်ခြံလျက် လေးထပ် ဇေတဝန်ကျောင်းတော် ဆောက်လှူသည်၊

ညောင်ကန်ရှိကျောင်းကို တပည့် ရှင်သဒ္ဓမ္မရံသီအား လွဲအပ်သည်။ ယင်းဆရာတော်မှာ မင်းအိုရွာဇာတိဖြစ်၏။ ဘကြီးတော်လက်ထက် "သီရိသဒ္ဓမ္မာဘိပရမဓဇမဟာမမ္မရာဇာဓိရာဇဂုရုဘွဲ့ဖြင့် အင်းဝ အောင်မြေဘုံကျောင်းတော် ဆောက်လှူသည်။ မင်းအိုဆရာတော်ကြီးတွင် ဗားကဆုတိပိဋကာလင်္ကာရ ရှင်နန္ဒမာလာ၊ မောင်းထောင်ရှင်ဉာဏာဘိဝံသ၊ အလုံဂိုဏ်းအုပ် ရှင်အဂ္ဂမမ္မာလင်္ကာရ စသည့်တပည့်များ ထူးချွန်ပေါ်ထွက်ခဲ့သည်။ ၁၁၅၃-ခုနှစ် သက်တော် ၈၃-တွင် လွန်တော်မူသည်။

မာန်လည်ဆရာတော်

စဉ့်ကူးမင်း ကိုးကွယ်တော်မူခဲ့သော မာန်လည်ဆရာတော်သည် ဘိုးတော်လက်ထက် သာသနာပိုင်လေးပါးတွင် တပါးအပါဝင်ဖြစ်သည်။ ၁၀၇၆-ခုဖွား၊ နံတနင်းလာ၊ ဇာတိ သစိုးမာန်လည်ရွာ၊ ငယ်မည် ဦးသာကြီး၊ ဘွဲ့ဂုဏာမဇ္ဈု၊ တံဆိပ်တော် "ဂုဏာမုနိန္ဒာဓိပတိပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော်သည် ဝိနည်းသင်္ဂြိဟ် ဆိုစမှတ်ရှိသော ဝိနယသင်္ဂဟ အဋ္ဌကထာ နှုတ်ရဆောင်သည်၊ စကားအရာ ခွန်းပြန်မပြောနိုင်အောင် တတ်ကျွမ်းလိမ္မာလှသည်။ တပည့်ကြီးသုံးဦးဖြစ်သော မုန်တော၊ မဲထီး၊ ဆင်တဲ့ဆရာတော်တို့အချင်းချင်း မသင့်မမြတ်ရှိကြရာ၌ "အရှယ်ကြီးပြီ၊ မည်သူနှင့်မျှ ခိုက်ရန်မဖြစ်စခဲ့ဘူး" ဟု မိန့်တော်မူရုံနှင့် တပည့်ကြီးသုံးပါးတို့ သင့်မြတ်ကြသည်ဟု စကားစဉ်ရှိသည်။

o .... o .... o

ဆုံထားဆရာတော်

ဘိုးတော်လက်ထက်တွင် သာသနာပိုင်လေးပါးတွင် ပါဝင်တော်မူသည်။ ၁၀၇၀-ခု ပြည့်ဖွား၊ နံစေန၊ ဇာတိ အနောက်တိုက်ပေါက်မြင်ဆုံထားရွာ၊ ငယ်မည် "ဦးစံဘလူး" ဘွဲ့ နန္ဒမာလာတည်း၊ ရေမိန်ရှင် ကလျာဏဓဇတပည့်ဖြစ်သည်။ စလင်းမြို့တွင်နေစဉ် အဘင်ဂိုဏ်းနှင့်စပ်၍ ကျမ်းရေးခဲ့သည်။

ယင်းကျမ်းကို တိလောကဂုရု ထန်းတပင်ဆရာတော်မှတဆင့် စဉ့်ကူးမင်းထံတင်သွင်းရာ သဘောနှစ်ခြိုက်၍ အင်းဝသို့ ပင့်ဆောင်ကိုးကွယ်သည်။

ဘိုးတော်သားတော် အိမ်ရှေ့မင်းဆရာဖြစ်၍ ကျောင်းရံများနှင့်တကွ လေးထပ်ဇေတဝန် ရွှေကျောင်းတော်ကို ဘုံကျော်ဝေယန်သမုတ်၍လည်းကောင်း၊ အိမ်ရှေ့

မိဟုရားကျောင်းတော်ကို မင်္ဂလာဝေယန်သမုတ်၍လည်းကောင်း တင်လှူသည်။ "တိပိဋကာလင်္ကာရ သဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော် ကပ်လှူသည်။

ဆရာတော်သည် ပစ္စည်းဥစ္စာ၌ "ငါ့ဖို့သူ့ဖို့ဟု မဝေဖန်၊ သူတပါးအဖို့ချည်း ရည်မှတ်လေ့ရှိသည်။ ကျမ်းရိုးနိုင်နင်းတော်မူသည်။ မင်းအိုနှင့် ဆရာတူဖြစ်သည်၊

ပ .... ဝ ....

မင်းရွာဆရာတော်

ဤဆရာတော်သည်လည်း ဘိုးတော်လက်ထက်က သာသနာပိုင်လေးပါးတွင် တပါးအပါအဝင်ဖြစ်သည်။ ၁၀၈၅-ခုနှစ် ပုခန်းကြီးမြို့ကျေး မင်းရွာဇာတိ၊ ငယ်မည် ဦးစံသာ၊ နံ-အင်္ဂါ၊ ဘွဲ့-ရှင်ဇာဂရ၊ ကျော်အောင်စံထားဆရာတော်၏တပည့်တည်း။

စဉ်ကူးမင်းလက်ထက်က စစ်ကိုင်းမြို့ နှမတော်ကန္ဒီမြို့စားမင်းသမီး ကောင်းမှုတော်လေးထပ် ဇေတဝန်ရွှေကျောင်းတော်ကို ရတနာရွှေဘုံကမ္ဘည်းတပ်၍ တင်လှူသည်။ ၁၁၄၉-ခုနှစ် ဘိုးတော်မင်းတရားလက်ထက် ကျောင်းရုံနှစ်ဆယ်နှင့် ဘုံသုံးထပ်ရွှေကျောင်းတော်ကို မင်္ဂလာစံလှတ် ကမ္ဘည်းတပ်လှူသည်။ "ဉာဏဇမ္ဗုဒီပအနန္တဇဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကိုလည်း အလှူခံသည်။ ကျမ်းဂန်အရအမိများသည်။ ဝိနည်းကိုလေးစားလှသည်။ ဆွမ်းဘဉ်းပေးလျှင် ဟင်းလျာကိုအာရုံမပြု။ **မျက်စိမှိတ် နှိုက်မိရာဟင်းလျာကိုသာ** ဘဉ်းပေးလေ့ရှိတော်မူသည်။ ဆွမ်းစားပြီးလျှင် လုပ်ကျင်း၍ ထိုနေ့တာစားခြင်းကိစ္စပြီးသည်။ မင်းဆရာဖြစ်သော်လည်း သိက္ခာ ၅၀-ကျော်တိုင်အောင် ပိဏ္ဍပါတ်ခုတင်ဝတ်မပျက်၊ နေပူမိုးရွာ ဘိနပ်မစီး ထီးမဆောင်း သပိတ်တလုံး၊ သင်္ကန်းသုံးထည်အမြဲဆောင်သည်။ ဇာတိရွာကိုအစဲ့ပြု၍ မင်းရွာဆရာတော်ဟု ထင်ရှားသည်။ ၁၁၆၆-ခုနှစ် သင်္ကေတ် ၈၁-နှစ်အရွယ်လွန်သည်။ လွန်စဉ် မုန်တော်ဆရာတော် ဟောသော သတိပဋ္ဌာန်တရားကို နာကြားယင်း ပြန်လွန်သည်၊

မင်းအိုဆရာတော်တပည့်များ

"ကြဲသေးစစ်ဝတ် တိဉာဃတေ" စသော ပေါရာဏကထာကျမ်း အကွရာသမွောခ သတ်ပုံကျမ်းစသည်တို့ကိုစီရင်သော **ဦးပျော်**သည် ညောင်ကန်သာသနာ မင်းအိုဆရာတော်တပည့်ဖြစ်သည်။ ဇာတိမှာ ပုခန်းကြီးမြို့ကျေး ခပိုရွာ ၁၀၉၂-ခုနှစ်ဖွားတည်း။ ငယ်မည် ဦးပျော်၊ ဘွဲ့ ပုဉာသေဋ္ဌ၊ ညောင်ကန်**ဦးပျော်**ဟု ထင်ရှားသည်။

ဘိုးတော်လက်ထက် အင်းဝမင်္ဂလာဝေယန်ကျောင်းတော်တွင် စာပေပို့ချသည်။ ဘိုးတော်၏ဘွဲ့နာမံတော်ကိုလည်း သဒ္ဒါ၊ နေတ္တိ၊ ဆန်း၊ အလင်္ကာညွှိလျက်ရွေးချယ်ပေးရသည်။ **"ရာဇနာမတ္ထပကာသနီကျမ်း"** မည်တပ်သည်။ မင်းတရားကြီးက **"ဗုဒ္ဓရက္ခိတ မဟာဓမ္မရာဇာဓိရာဇဂုရု"** တံဆိပ်တော်လှူသည်။ (**ကဝိလက္ခဏဒီပနီကျမ်း**ဆရာက ဗုဒ္ဓရက္ခိတမဟာသာမိမဟာဓမ္မရာဇာဓိရာဇဂုရုဟု ဖေါ်ပြသည်)သက်တော် ၈၀-အရွယ်၊ ၁၁၇၂-ခုနှစ်တွင်လွန်သည်၊

ဆရာတော်ဦးရောင်

ကျော်အောင်စံထားနှင့် မင်းအိုတို့၏တပည့်ရင်း ဦးရောင်သည် ၁၁၁၅-ခုနှစ်ဖွား၊ ငယ်မည် ဦးရောင်၊ ဘွဲ့ **ရှင်ကဝိန္ဒ**၊ စာပေတတ်မြောက်လှ၏။ သို့သော် အပြောအဆို ခက်ထန်သည်။ ငယ်မည် ဘွဲ့အမည်မတွင်၊ "ဦးတေတေး" တွင်သည်။

"မောင်းထောင်ညောင်ကန် ဦးတေတေး ပြောလိုက်ပါလေး" ဟု နေပြည်တော်စည်တော်အဖွဲ့သားတို့ သီဆိုခြင်းကို စနည်းနာစေ၍ ညောင်ကန်အနောက်ကျောင်းတိုက်တွင် စာပေပို့ချနေသော ဦးရောင်(ဦးတေတေး)အဘို့ ဖြစ်နေသည်။ ထို့ကြောင့် ဘိုးတော်အမိန့်အရ မြို့စာရေးများက နေပြည်တော်သို့ပင့်ဆောင်ရသည်။ ၁၁၅၃-ခုနှစ်တွင် "ကဝိန္ဒာဘိသီရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်ကပ်လှူပြီး၊ မင်္ဂလာဘုံကျောင်းကျောင်းတော်တင်လှူသည်။ ဦးတေတေးခေါ် ဦးရောင်သည် မောင်းထောင်သာသနာပိုင် ရှင်ဉာဏာဘိဝံသနှင့် ဖွားသင်္ကရာဇ်တူ ငယ်ပေါင်းကြီးဖေါ်တည်း။

ဉာဏ်အလွန်ကောင်းလှသည်။ သခ်ျာနည်းများစွာနိုင်သည်။ **ပြို့ဟတ်နိသယ၊ ရာဇမတ္တဏ်နိသယစသော** ဗေဒင်ဆိုင်ရာများ၊ ငါ့ရာဂ်ားဆယ်ဇာတ်နိပါတ် ဝတ္ထုစကားပြေကျမ်း၊ မင်္ဂလတ္ထဒီပနီကျမ်း၊ ဝံသမာလာကျမ်း၊ သဒ္ဒါငယ်နီသယများ၊ သတိပဋ္ဌာန်နိသယ၊ မဟာဝင်အဋ္ဌကထာနိသယစသောကျမ်းများကို စိရင်တော်မူသည်။ အထူးသဖြင့် ဘင်္ဂလီ—နာဂရီ အရေးအသား ပြာကရိုက် သင်္ကတကျမ်းတို့ဌ် သူမတူမျှနိုင်နင်း၍ ယင်းတို့မှ ဘာသာပြန်ကျမ်းများစွာ ပြုစုစီရင်ခဲ့သည်။ သင်္ဟော် ၆၀—အရွယ် ၁၁၀၃—ခုနှစ်တွင် လွန်သည်။

o .... o .... o

ဆရာတော်ဦးသာပုံ

ညောင်ကန်ဦးသာပုံဘွဲ့ရှင်မုနိန္ဒသာရသည် မင်းအိုဆရာတော်၏ ငယ်တပည့်ရင်းဖြစ်၍ ၁၁၃၁—ခုနှစ်ဖွားတည်း။ သခ်ျာပကာသကကျမ်း၊ ဝိနယသာရဂဏ္ဌိကျမ်းများနှင့် ကစ္စာယနဘေဒနိသယစသော ဘာသာပြန်ကျမ်းပေါင်းများစွာတို့ကို စီရင်ခဲ့သည်။ "မုနိန္ဒသာရဝရပရမဓမ္မာဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် အလှူခံရသည်။

ထိုစဉ်က ဘွဲ့တူနှစ်ပါးရှိ၏။ ပထမ ဗားကရာဆရာတော်တပည့် စဉ်ကူးမင်းလက်ထက်ကပင် မူလဋီကာနိသယ၊ ပရမတ္ထဗိန္ဓုနိသယကျမ်းများကို စီရင်ခဲ့သော တောင်သာမြို့ကျေးနွားပြင်ရွာဇာတိ၊ ရှင်မုနိန္ဒသာရတည်း။ ထိုနှစ်ပါးကို အကြောင်းပြုလျက်....

"နွားပြင်မုနိန်၊ ညောင်မုနိန်၊ ဘုဇ်ရှိန်ဘယ်ကထက်သနည်း" ဟူ၍ ဥဒါန်းစကားဖြစ်ပေါ်လာသည်။

o — o — o

ဆရာတော်ဦးမှတ်ကြီး

မင်းအိုဆရာတော်တပည့်များအနက် ညောင်ကန် ဦးမှတ်ကြီး ဘွဲ့ရှင်နရိန္ဒသည် လည်းထင်ရှားခဲ့သည်။ ၁၁၃၅—ခုနှစ်ဖွား၊ ဇာတိ ညောင်ကန်။ ကဗျာအလင်္ကာရေးဖွဲ့စပ်ရာ၌ အထူးကျွမ်းကျင်သည်။ ဘကြီးတော်မင်းတရားက အင်းဝနေပြည်တော်သို့ကြွရန် ပင့်သော်လည်းညောင်ကန်မှာပင် သီတင်းသုံးစာပေပို့ချနေသည်။ "နရိန္ဒဘိတိသာသန ဓမ္မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရသည်။

.... o .... o ....

ဆရာတော်ဦးပိုး

ညောင်ကန် ဦးပိုး၊ ဘွဲ့ ရှင်ပုညရံသီသည် မင်းအိုဆရာတော်တပည့်ရင်းဖြစ်သည်။ ၁၁၄၀–ပြည့်ဖွား၊ ညောင်ကန်ရွာဇာတိတည်း၊ **နန်းမတော်မိဖုရားကြီးက** နေပြည်တော် အရှေ့မြောက်ထောင့် ထီးလိုင်ရှင်ဘုရားအနီး ရွှေစေတီတိုက်အတွင်း အရံတံတိုင်း မီးတား ကျောင်းဦးပြာသာဒ်ပါရှိသော **မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးကို ၁၁၈၉** ခုနှစ်တွင် ဆောက်လှူသည်။ "ပုညဘိသိရိသဒ္ဓမ္မဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကိုလည်းကပ်လှူသံ့သည်။

မောင်းထောင်သာသနာပိုင်လူထွက် **မဟာဓမ္မသ**ကြီ(ဦးမြတ်နေ)သည် ပုဒ်ပါဠိ ခဲဆစ်တခုအနက် အဓိပ္ပာယ်ကို အလွယ်တကူကြံမရလျှင် ဦးပိုးအား ဘယ်သို့ကောက်ယူပါမည်နည်းဟုမေးလေ့ရှိသည်။ ဆရာတော်ဦးပိုးကလည်း ဤသို့ကောက်ယူရမည်ဟု ရုတ်ချည်းဆိုလျှင် ဦးပိုးသည် အဓိပ္ပာယ်ကိုဘယ်တုန်းကကြံစီထားပါသနည်းဟုမေးလျှင် ဦးပိုးက **"ရှေးကမကြံစီဘူးပါ၊ စာတွေ့မှကြံပါသည်"** ဖြေသည့်အခါ ဦးမြတ်နေက အံ့သြစွာဖြင့်....

"ဦးပိုးတို့ဥာဏ်က ကိုယ်ပိုင်ဥာဏ်ဖြစ်သည်၊ တပည့်တော်တို့က ဥာဏ်သွေးနှိုင်မှ ထက်ရသည်" ဟု ချီးကျူးလေသည်။

o — o — o

ဆရာတော်ဦးဗုဒ်

ညောင်ကန်သာသနာတွင် ဆရာတော်ဦးဗုဒ်မှာ ပုခန်းဆက်နွယ်လေသည်။ "ဗုဒ်အစ၊ ဗုဒ်အလယ်၊ ဗုဒ်အဆုံး" ဟူသော သာသနာ့ဥဒါန်းလာအတိုင်း နောက်ဆုံးစာတတ် ပုဂ္ဂိုလ်ကျော်ဟူ၍ဆိုကြသည်။

သမာဓိတော်အလွန်ကြီးမားလွန်း၍လည်း စာတတ်ဆုံးဖြစ်တန်ရာသည်။ သမာဓိနှင့်ပတ်သက်၍ **ဒက္ခိဏာရာမဘုရားကြီးဆရာတော်ဦးဇာဂရက....**

"ငါတို့မှာ ဦးဗုဒ်နှင့်စာပေအရာ တစိတ်တဒေသတူချင်တူမည်၊ သမာဓိကိုကား ချီးကိုမျှ လိုက်မမှီ" ဟူ၍ အမိန့်ရှိတော်မူဘူးသည်။ ဦးဗုဒ် သည် ပေအင်္ဂါ **၁၀၀**–ကျော် အမြဲ နှုတ်ငုံရှိ၍အကြောင်းပေါ်လာလျှင် အလွယ်တကူဆုံးဖြတ်နိုင်လေသည်။ သံယုတ် အဋ္ဌကထာမူလဋီကာ၊ စသော အဋ္ဌကထာဋီကာနိဿယမျှားစွာစီရင်ခဲ့ပြီး အာပေါဂ် အာရဇ်း အငြင်းသန်လှသော ခင်မကန်ဆရာတော်ဦးပြား (ဘွဲ့ ဦးမဏိဇောတ)က....

"ဦးဗုဒ်မရှိကတည်းက စာစကား ပေစကား မြင်ခဲ့ချင် မပြောချင်တော့ပါ" ဟူ၍ပင် ညီးတ,တော်မူရရှာသည်။ ဦးဗုဒ်ကလည်း "**ခင်မကန် ရှင်ငပြားတို့၊ ဉာဏ်ကလေးအတော်သား၊** အခြိန်ရှိတုံးက အားထုတ်လိုက်ရလျှင် စာတတ်မှာ" ဟု အမိန့်ရှိဘူးသည်ဟု ဆို၏။ ဦးဗုဒ်က....

'**ဒို့စာမျှားအားထုတ်သင်ခဲ့ရာ စာခက်မှန်းသိရုံရှိသည်....**" ဟု ဆို၍ မိမိကိုယ်တိုင် စာတတ်မှန်းမသိ ဖြစ်တော်မူသည်။

ထို့ကြောင့်....

"**ငါတို့အား ဆရာလုပ်သင်ပေးလျှင် စာပုလဲခင်း၍ စာသင်လိုက်ချင်ပါဘိ....**" ဟူ၍လည်း မိန့်ဘူးခဲ့ကြောင်း ဆိုကြသည်။ ဦးဗုဒ်၏ဇာတိမှာ ဗဒုံ (အလုံ)မြို့ ကျေးညောင်ကန်ရွာဖြစ်၍ ၁၁၄၉-ခုနှစ် နယုန်လပြည့်ကျော် ၅-ရက် အင်္ဂါနေ့တွင် အဘ ဦးအို၊ အမိ ဒေါ်မွေးတို့မှ ဖွားမြင်သော သာသနာ့အာဇာနည်တည်း။ အကြောင်းတခုခု သုံးကြိမ်ကြားရလျှင် တသက်ပန်မမေ့သော ပညာဉာဏ်ပါရမီရှင်ဖြစ်သည်။ ဆရာတော် ဦးပိုးထံတွင် **ဦးသူခေါ် ရှင်ဉာဏိန္ဒ ဦးကျီးညိုခေါ်-ရှင်မေဓာဝီ**တို့နှင့် ဦးဗုဒ်ဟူ၍ တပည့်ကျော်ပုဂ္ဂိုလ်ထူးသုံးပါးတို့ရှိသည်။ ဦးသူနှင့် ဦးကျီးညိုတို့မှာ နှစ်ခါ (နှင်ကြိမ်)ကြားရုံနှင့် မှတ်မိကြသော ဉာဏ်ကောင်းမျှားတည်း။ ဦးဗုဒ်၏ဘွဲ့ရှင်စဏ္ဍိန္ဒ၊ ရဟန်းဖြစ်လျှင် **ဇမ္ဗုဓဇ**ဟု ဆရာတော်ဦးသာပုံက အမည်မှည့်သည်။ ဦးဗုဒ်သည် လေးမြေရွာ ဦးဉာဏနှင့်အတူ ပုခန်းကြီးမြို့ကျေးမြို့ကြီးရွာ ဆရာတော်အထံသို့ ကြွရောက်သင်ကြားခဲ့ဘူးသည်။

ညောင်ကန်တွင် ဂိုဏ်းအုပ်တာဝန်ယူ၍ ရတနာမဥ္ဇူကျောင်း၌ သီတင်းသုံး စာပေပို့ချသည်။ ဦးကျီးညိုနှင့် စာသင်ဘက်လည်းဖြစ်၊ စာပေပို့ချဘက်လည်း ဖြစ်သည်။ ဦးကျီးညိုကား စာပေပို့ချရုံမက တရားကိုလည်း ဟောတော်မူသည်။ တခါတရံ သဘောချင်းတိုက်ဆိုင်မှုမရှိလျှင်....ဦးဗုဒ်က....

"**ကေစိ-ငကျီးပတ်ကြားဖက်ခွက်စားတို့သည် ဝဗန္ဓိကိရ-** သည်လိုဆိုကြသေးသတဲ့...." ဟူ၍ပင် ကေစိထိုးသရော်တတ်လေသည်။

အုဒ္ဒကျောင်းဆရာတော် ဦးဗုဒ္ဓ

ပုခန်းဆက်သာသနာဝင် ညောင်ကန်ဆရာတော်ဦးပိုး ၁၁၉၁-ခုနှစ်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူရာ ညောင်ကန် ဦးသူခေါ် ရှင်ဉာဏိန္ဒက....

ဤအုဒ္ဒကျောင်းတော်နှင့် ထိုက်တန်သော ပုဂ္ဂိုလ်အတွက် "မိုးချုပ်လို့ ဘုတ်ကြီးမည်၊ ပူစည်တဲ့ဘုန်း။ ။သာသနာ၊ ဝါယာမာတဖန်ထုတ်ရန်ဘို့ ရှေ့ဘုတ်မယ့်ဆံထိုးကို နားလှည့်ပါအုန်း" ဟူသော **တဘောင်ပေါ်**သဖြင့် ညောင်ကန် ဦးဗုဒ္ဓကိုသာပင့်၍ ကျောင်းတော်တင်လှူရန် ဘကြီးတော်မင်းထံသို့ မေတ္တာစာသင်းလေသည်။ ဘကြီးတော်နှင့် မိဖုရားခေါင် နန်းမတော် အရှင်နှစ်ပါးတို့က ယင်းမေတ္တာစာသင်းချက်နှင့် တဘောင်အရ ၁၁၉၂-ခုနှစ်တွင် နေပြည်တော် အုဒ္ဒကျောင်းတော်ကြီးကို ဆရာတော် ဦးဗုဒ္ဓအားတင်လှူသည်။ စက္ကိန္ဒာဘိသိရိသဒ္ဒမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်သည်။ "ဒုတိယ အုဒ္ဒကျောင်းဆရာတော်" ဟု၍ ဇမ္ဗူမဆံ ပြန့်နှံ့ကျော်စောတော်မူသည်။

o .... o .... o

ဦးဗုဒ္ဓနှင့် ဦးကျိုးညို

ပုခန်းဆရာစဉ်အဆွယ်မှ ဆင်းသက်လာသော ဦးကျိုးညိုခေါ် **ရှင်မေဓာဝီ**အား သာယာဝတီမင်းတရားသားတော် ပြည်မြို့စားမင်းသားက ၁၂၀၀-ပြည့်နှစ်တွင် ကျောင်းဆောက်တင်လှူ၍ "**ပြည်ဆရာတော်**" ဟု ထင်ရှားသည်။ ဦးဗုဒ္ဓနှင့် ကျောင်းနေဘက် ဖြစ်၍ ရင်းနှီးချစ်ကျမ်းတဝင်ရှိသည်။ အခါတပါး ဦးကျိုးညိုသည် အုဒ္ဒကျောင်းသို့ကြွရာ ဦးဗုဒ္ဓမှာ စာကြည့်မပျက်၊ ဆွမ်းစားချိန်နှစ်ပါး တွေ့ဆုံကြရာ ဦးဗုဒ္ဓက....

"မောင်ကျိုး, မင်းကို မင်းသားက ကြည်ညိုလို့ မင်းဆရာဖြစ်ပြီ၊ ဘုရားအလိုတော်ကျင့်မှ ဘုရားသားထောက်ဖြစ်မည်၊ မင်းသားအလိုကျ ကျင့်လျှင် မင်းသား၏သားဖြစ်နေမည်" ဟု ဆုံးမ,စကားဆိုသည်။ဦးကျိုးသည် ၁၁၅၀-ပြည့်နှစ်ဖွားလျှင် ညောင်ကန်ရွာ အဘဦးဖြူး၊ အမိ ဒေါ်ညွန့်တို့မှ မြင်သည်။ "မေဓာလင်္ကာရပရမသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူသည်။

ပြည်ကျောင်းတိုက်တွင် စာသင်သား **သံဃာ ၈၀၀-ကျော်သော** ဟူ၏၊ သံဃာတပါးလျှင် သင်ဖြူးတချပ်စာသာ နေရာရရှိသည်ဟု အစဉ်စကားမှတ်သားရသည်။သဒ္ဒါအဘိမွော ဝိနည်းပြောဆို ငြင်းခုံသံမျှားဖြင့်သော်လည်းကောင်း၊ စာအံသံမျှားဖြင့်သော်လည်းကောင်း ပြည့်လျှံတက်နေသည်။ **ဆုကြီးပန်ဖြစ်**သည်။ ပိဋကကျနလှသော်လည်း....

"ငါတို့စာသင်တာ တ,မှန်း၊ ဏ,မှန်းသိရုံပဲရှိသေးသည်"ဟု မကြာခဏ မိန့်ဆို လေ့ရှိသည်။ မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းမိဖုရားကြီး (ခင်သဲ)၏ ငယ်ဆရာ ဒုင်းဟူ၍ ဆိုကြသည်။

o .... o .... o

ဦးဇင်နှင့်မုံရွေး

ဘကြီးတောင်းလက်ထက်က မုံရွေးဇေတဝန်ဆရာတော် ထင်ရှားခြင်းမှာ ဇာတိမုံရွေးကြေးမုံကို အခြေပြု၍ ပြစ်သည်။ ၁၁၂၈-ခုနှစ်ဖွား၍ ၁၁၉၆-ခုနှစ် လွန်တော်မူသည်။ ငယ်မည် ဦးနိုး၊ ဘွဲ့**အာရိယဝံသအာဒိစ္စရံသီ** မင်းပေးဘွဲ့၊ "ဣန္ဒဝဇီရာဘိလင်္ကာရသိရိဇေမဟာဓမ္မရာဇာဓိရာဇဂုရု"တည်း၊

သံဃရာဘဝကပင် **အာဒါသမုခပျို**-စသည်တို့ကို စပ်ဆိုခဲ့၏။ ရဟန်းဖြစ်လျှင် ပဉ္စင်္ဂဝုဓ စသော ပျို့များ၊ ရာဇောဝါဒကျမ်း၊ အာကာသ သျှတ်တရုလင်္ကာ၊ ပြာသာဒ်ကျောင်းတော်ပွဲ၊ ပါရမီတော်ခန်းအဖြေ၊ မုံရွေးမေတ္တာစာ၊ ရာဇဝင်,မုံရွေးမှတ်စု၊ ကဝိမင်္ဂလာနိသတ်ပုံ၊ မွေသတ်ကုမ်း၊ သမန္တဇကွဒြပနီကျမ်း၊ ရာဇဝင်သံပေါက်လင်္ကာ-စသော ကျမ်းပေါင်းများစွာဝိရင်တော်မူသည့် ဗဟုသုတစွယ်စုံပုဂ္ဂိုလ်ကျော် ဆရာတော်ဖြစ်သည်။

ဦးဇင်က....မုံရွေးအား"**သဘင်ဆရာကြီး**"ဟူ၍လည်းကောင်း၊"**ဟူးရားဝါကြီး**"ဟူ၍လည်းကောင်း ခေါ်ဆိုလေ့ရှိသည်။ ရံခါတွေ့ဆုံတော်မူကြလျှင် "**သဘင်ဆရာကြီး အခု ဘယ်ဇာတ်ခင်း၍ ကပြနေသနည်း**ဟု မေးတတ်၏။ ဦးဇင်သည် မုံရွေးအား.... မုံရွေးတို့ပိဋကကျမ်းဂန် နှံ့စပ်ဟန်ကို သိလိုက ရာဇောဝါဒကျမ်းကြီးကြည့်လေ...."ဟူ၍ လည်း ချီးပင့် ဂုဏ်ပြုပြောဆိုတတ်သည်၊

o .... o .... o

ဦးဗုဒ္ဓနှင့် ဦးရွှေသီး

ဆရာတော် ဦရွှေသီးအား စီးတော်မြင်းဝန်လှူသော ကျောင်းတော်ကို အစွဲပြု လျက် "မြင်းဝန်ဆရာတော်" ဟူ၍လည်း ခေါ်ကြသည်။ သုဓမ္မာလင်္ကာရာ ဘိဇမဟာ ဓမ္မရာဇာ မိရာဇဂုရု" ဘွဲ့တံဆိပ်တော် အလှူခံရသည်။

ဦးရွှေသီးမူကျယ်ဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟနိဿယ တကျမ်းတည်းဖြင့်ပင် ဦးရွှေသီး၏ ဉာဏ်ရည်ကို အကဲဖြတ်နိုင်သည်။ ယင်းကျမ်းတွင် ဥပမာ ဥပမေယျနှင့် အနက်ပေးနည်း၊ အနှံသန္ဓေကျမ်းရိုးတက်ထုတ်နည်း၊ စာစပ်နည်း၊ ဝိဂြိုဟ်ဝစနတ် ဓာတ်ပစ္စည်းအရာ ကောက်နည်းသရုပ်ဆိုရိုးနည်း စသည်တို့ပါဝင်သည်။ ဦးဗုဒ်နှင့် တွေ့ဆုံစာမေးလေ့မေးထ ရှိသည်။ ဦးဗုဒ်က "**ရွှေသီး**" ဟု ခေါ်သည်။ မကျေနပ်။ တနေ့သ၌ ဦးဗုဒ်က....

"ရွှေသီး....ဤအရာဋ္ဌီကာကျော်က ဘယ်လိုဖွင့်သည်၊ မဏိမဉ္ဇူ၊ သခေ့်ပ, ပေါရာဏသစ္စသံခိပ်, မူလဋ္ဌီကာ၊ အနုဋ္ဌီကာတို့က ဘယ်သို့ဖွင့်သည်" စသည်မေးလျှင် ဦးရွှေသီးက ကျေနပ်စွာ ဖြေဆိုနိုင်သည်။ မဏိဒီပက ဘယ်လိုဖွင့်သနည်းဟူ ထပ်ဆင့်မေးရာ မဏိဒီပကို နှလုံးမသွင်းမိဟု ဦးရွှေသီးကပြောလျှင် ဦးဗုဒ်က...."မဏိဒီပအဖွင့်မရှတ်ဆိုနိုင်က ရှတ်ပြရသေးတာပ" ဟု ယင်း မဏိဒီပအဖွင့်ကို အာဂုံရှတ်ပြ အဓိပ္ပာယ်ကိုပါ ရှင်းလင်းလေသည်။

ဦးရွှေသီးသည် ကျောင်းတိုက်သို့ရောက်လျှင် တပည့်တို့အား....

"ဦးဗုဒ်ဟာ ကျုပ်ထက် အသက်အလွန်မကြီး၊ လ, လောက်ပဲကြီးမည်၊ ပရိသတ်အလယ်တွင် ကျုပ်ကို "**ရွှေသီး-ရွှေသီးလို့ တသီးထဲသီးနေသည်မှာ** ရှေးက မကြိုက်ခဲ့ဘူး၊ ခုတော့ မဏိဒီပနှင့် စမ်းလိုက်မှ ရွှေသီးခေါ်လို့ကျေနပ်ကြည် ညိုလာသည်" ဟူသော မှတ်တမ်းကို ဖေါ်ပြလိုက်ရ၏။

o .... o .... o

ဦးဗုဒ္ဓနှင့် ဦးသူ

ဦးသူ-ခေါ် **ရှင်ဉာဏိန္ဒသည်လည်း** ပုခန်းဆက်သာသနာဝင်ဖြစ်၍ ဦးဗုဒ်နှင့်ကျောင်းအတူနေ ညောင်ကန်ဇာတိဖြစ်သည်။ ၁၂၁၆-ခုနှစ် မင်းတုန်းမင်းက နေပြည်တော်သို့ပင့်၍ ချမ်းသာကြီးတိုက်ကို တင်လှူသည်။ "ဉာဏိန္ဒာဘိပဏ္ဍိတပဝရမဟာမေဓာဝိရာဇဂုရု" တံဆိပ်တော်အလှူခံရသည်။ ဦးဗုဒ်အား ကိုဗုဓိဟု ခေါ်လေ့ရှိသည်။ ပိဋကအရာ၌ ဦးဗုဒ်အောက်မကျလှ၊ သက္ကတ, ကျမ်း၊ ဗေဒင်ကျမ်းများကို အလေ့အလာများသည်။ တနေ့လုံး ဂဏန်းသချိုင်းတွက်နေသည်က များသည်။ ထို့ကြောင့် ဦးဗုဒ်က ဦးသူအား "ဂဏန်းကောင်ကြီး" ဟု ခေါ်လေ့ရှိသည်။

၁၂၁၇–ခုနှစ် ဝါထပ်သင့်မသင့် ဝိဝါဒဖြစ်ပွားရာ သာသနာပိုင် ဦးဥေယျက ''ညောင်ကန်ဦးသူ၏ အဆုံးအဖြတ်ခံယူကြရမည်ဟု'' အမိန့်ထုတ်ဆင့်ဘူးသည်၊ ဝါထပ်သင့်ကြောင်းကျမ်းကိုးများ ပြဆိုဆုံးဖြတ်လေသည်။ သံဒိဋ္ဌပက္ခဒိန်ကို ဦးသူပင်လျှင် စတင်တီထွင်သည်။ သူရိယသိဒ္ဓန္တဋီကာကို သက္ကတဘာသာမှ မြန်မာဓကားပြေ ပြန်ဆိုခဲ့သည်။ ဒေဗင်နက္ခတ်တတ်မြောက်၍ နေမြင်လမြင်တည်း။

.... o .... o

ဦးဗုဓ်နှင့် သာသနာပိုင်ဦးဥေယျ

ဦးဗုဓ်သည် ဗဒုံမြို့ ကျေးရေပုတ္တလင်အရပ်၌ သိမ်သမုတ်လေသည်။ **မြသိန်းတန်** ဘုရားမြေအတွင်းဖြစ်၍ ပိုင်ဆိုင်သူမရှိ။ စေတီယလာဘအဖြစ် နယ်သံဃာကုန်မသိမ်းပဲ **ဂါမသိမ်သမုတ်**လေသည်။ ထိုအကြောင်းကို သာသနာပိုင် **ဦးဥေယျ**ကြားသိရာ ဦးဗုဓ်သမုတ်သော သိမ်မအောင်မြင်ဟု ဆိုသည်။ ဦးဥေယျ၏ငယ်ဆရာ မကျိုးကန်ရွာကျောင်းဘုန်းကြီးဦးဂျန်က....

''မောင်ဥေယျ သိမ်ကိစ္စဦးဗုဓ်ထံသွားမေးလေ မောင်ဥေယျနှားလည်လောက်အောင်ဦးဗုဓ်က ပြောကြားလိုက်ပါဘိ'' ဟူ၍ နှစ်ပါးလုံးအား အကြောင်းကြားသည်။ ဦးဗုဓ်က....

''**ဥေယျက** ဘုရားမဟုတ်ပဲ ငါသမုတ်သည့်သိမ်ကို မအောင်ဘူးပြောနေသလော....နားမလည်က နားလည်အောင် ပြောမည်လာခဲ့'' ဟု မှာကြားသောဟူ၏။

အခါတပါး သာသနာပိုင် ဦးဥေယျက ဦးဗုဓ်အား အလိုစမ်းသည့်သဘောဖြင့် ''ရွှေမြို့တော်နေ ဆရာတော်များ ဥဘတောဝိဘင်း ပြန်ဆိုကြရမည်'' ဟု မင်းမူထမ်းတဦး ဦးဗုဓ်ထံ စာရေးလွှတ်လေသည်။ ဦးဗုဓ်က စာကိုကြည့်ပြီးလျှင် ''ရွှေမြို့တော်က ဆရာတော်များ ဥဘတောဝိဘင်း ပြန်ဆိုကြရန် ဝန်မလေးပါ။ ဘိုးတော်လက်ထက် မောင်းထောင်သာသနာပိုင် ဘကြီးတော်လက်ထက် စလင်းသာသနာပိုင်များမှာ ဝိနည်းပါဠိတော်ငါးကျမ်း ပြန်ဆိုကြရသည်။

ခု-သာသနာပိုင်လည်း ပြန်ဆိုရမည်ဟု ပြန်စာပေးလိုက်မှ နောက်ထပ် အမိန့်စာမလာရှိသည်။ သာသနာပိုင် ဦးဥေယျက ဆရာတော် ဦးဗုဓ်ကျောင်းတိုက်နေ ရဟန်းငယ်ရှင်ငယ်များ ဆေးလိပ်သောက်ကြသည်ဟုဆို၍ ဆုံးမတားမြစ်ပေးရန်၊ မဟာဒါန်ဝန်အား စေလွှတ်သည်။

"ဆရာတော်တိုက်က ရဟန်းငယ်ရွင်ငယ်များ ဆေးလိပ်မသောက်ကြရန် တားမြစ်ဆုံးမပေးပါ" ဘုရားဟု ဦးဗုဓ်အား လျှောက်ထားရာ....

"အိမ်း....ဆေးလိပ်သောက်တာ မင်း တို့ သာ သ နာပိုင် ဘုရားတည် သလောက် အပြစ်မကြီးဘူး" ဟု မဟာဒါန်ဝန်အား အမိန့်ရှိလေ၏။ ဘိုးတော် လက်ထက် ပထမ မောင်းထောင်သာသနာပိုင်သည် မောင်းထောင်ရွာ မြောက်အရပ်၌ စေတီကြီးတဆူ တည်ခဲ့ဘူးသည်၊ ဒုတိယ မောင်းထောင်သာသနာပိုင် ဦးဥယျသည် လည်း မိမိဇာတိ (ယခု ဘုတလင်မြို့နယ်)နတ်ရဲတောင်ရွာအနီး စေတီကြီးတဆူ တည်ခဲ့သည်။ ဤသို့ စေတီတော်တည်ခဲ့ခြင်းကိုရည်၍ မိန့်ကြားတော်မူလိုက်ဟန်တူသည်။

.... o .... o

ဦးဗုဓ်နှင့် ဦးပြား

ခင်မကန်တိုက်ဆရာတော် ဦးပြားခေါ် ဦးမဏိဇောတသည် ပုခန်းကြီး သဲအင်း သာသနာပိုင်၏ တပည့်ဖြစ်သည်။ သာယာဝတီမင်းလက်ထက် "မဏိဇောတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်လှူခြင်းခံရသည်။ မင်းတုန်းမင်းတရားလက်ထက် နေပြည်တော်အရှေ့ပြင် မဟာဝိဇယာရာမ,မည်သော ခင်မကန်တိုက်တွင် သီတင်းသုံး သည်။ ဦးပြားသည် မူလဋ္ဌိကာနိဿယကျမ်းကိုရေးစဉ် အနက်အဓိပ္ပာယ်ကြံဆမရသော ပုဒ်တခုတွေ့နေလေသည်။

ယင်းကိုမေးရန် ဦးဗုဓ်ထံသွားလေရာ ဦးဗုဓ်က ပုဒ်ပါဠိမှန်အောင်ပြင်ပေးလိုက်၍ ကျေနပ်သည်။ ဦးဗုဓ်က....

"ခင်မကန်က ရှင်ငပြား၊ ပုဒ်မှားမှန်းတော့အသိရှာသား၊ မှန်အောင် မပြင်တတ်လို့သာ" ဟုဆိုဘူး၏။ ဆရာတော် ဦးဗုဓ်သည် ၁၂၀၄-ခုနှစ် မွေးလ ၈မွေးနေ့ နယုန်လပြည့်ကျော် ၅-ရက်တွင် သက်တော် ၅၅-နှစ်အရွယ်၌ စာပေကြည့်ရှုရင်း ပြန်လွန်တော်မူသည်။

၈ဆွဲဝင် 24

စာပေကြည့်ရှုရင်း ပြန်လွန် (ကွယ်လွန်)တော်မူကြသော ပုဂ္ဂိုလ်ကျော်တို့မှာ....

၁၊ ဆရာတော်ဦးဗုဒ္ဓ

၂။ ခင်မွန်ဆရာတော်

၃။ ၁၁၅၈-ခုနှစ်ဖွား၊ မဟာဇေယျသခ်ဿာ၊ ပထမ လှေသင်းအတွင်းဝန်မင်းကြီး ဦးချိန်တို့ဖြစ်လေသည်။ စာပေကြည့်ရင်း ပေစာလက်ကလွတ်ကျ၍ လွန်တော်မူကြသည်။

... ဝ ဝ ....

ပထမ ဗားကရာဆရာတော်

မင်းအိုသာသနာပိုင် ဆရာတော် ဦးဂုဏာလင်္ကာရ တပည့်များတွင် ပထမ ဗားကရာ ရှင်နန္ဒမာလာ (ရှင်ဓမ္မာဘိနန္ဒ)နှင့် မောင်းထောင် ရှင်ဉာဏာဘိဝံသတို့မှာ ထူးခြားသောပုဂ္ဂိုလ်ကျော်များဟူ၍ သာသနာတော်၌ မှတ်တမ်းတင်ကြသည်။ ယင်းဆရာတော်များအကြောင်းကို အပြည့်အစုံမဟုတ်စေကာမူ အတန်ငယ်ဖော်ပြလိုသည်။

ဗားကရာဆရာတော်၏ဇာတိမှာ ပုခန်းကြီးမြို့ ကျေးအလယ်ကန်ရွာဖြစ်၍ ၁၁၀၀ ပြည့် ဖွားတည်း။ အများအားဖြင့် ဆယ်ပြည့်ရာပြည့်ထောင်ပြည့်ဖွားတို့မှာ ထူးချွန်တတ်ကြောင်း ဆိုကြသည်။ ဆက်လက်ရှုပါက ရာပြည့်ဖွား၏ထူးချွန်မှုများ ပေါ်လာပေမည်။ ဆရာတော်၏ငယ်မည် **ဦးကျော်ထွေး**၊ နံစေန၊ ရှင်ဘွဲ့ နန္ဒမာလာ၊ ရဟန်းဘွဲ့ ရှင်ဓမ္မာဘိနန္ဒ။

စနေအတက်ဖွားဖြစ်သည်အလျောက် ထက်မြက်၏။ ဉာဏ်ကြီး၏။ မကွေးမြို့စား အတွင်းဝန်က ရဟန်းဒါယကာခံယူသည်။

ရဟန်းဒါယကာ အတွင်းဝန်မင်းသည် အင်းဝနေပြည်တော် အနောက်မျက်နှာ၌ ရှိသော ဗားကရာတိုက်အတွင်းတွင် ကျောင်းတော်ကြီးတဆောင် ဆောက်လှူသည်။ **ဗားကရာ**ဘုန်းကြီးဟူ၍ ထိုအချိန်က စတင်ကျော်စောသည်။ ဆရာတော် ဦးဓမ္မာဘိနန္ဒမှာ စိတ်ထက်မြက်သည့်အလျောက် စိတ်အလိုမပြည့်လျှင် မိမိရဟန်းဒကာ၊ ကျောင်းဒကာ၊ အတွင်းဝန်ကိုပင် ငေါက်တတ်၏။ အင်းဝမှ အမရပူရနေပြည်တော် အနောက်မျက်နှာ အရပ်တွင် ဗားကရာကျောင်းတိုက်ကြီး တည်သောအခါ၌လည်း ပြောင်းရွှေ့သီတင်းသုံး

သည်။ ရှင်ဓမ္မာဘိနန္ဒဆရာတော်သည် ပိဋကသုံးပုံတည်းဟူသော တဘက်ကမ်းသို့ ကူးမြောက်တော်မူရုံမက သက္ကတ, နာဂရီဗင်္ဂလီ စသော ဘာသာစွဲရ ကျမ်းစာပေများကိုလည်း တတ်ကျွမ်းလှသည်။ သတ္တိဗျတ္တိဂုဏ်ထူးရှိသည်။ ဥဘတောဝိနည်းပါဠိတော် အမြဲနှုတ်တက်ဆောင်သည်။ စာပေပို့ချရာ၌ အထုံကြီးလှသည်။ ဗားကရာတိုက်တွင် စာတက်—စာအံ နိယံမလတ်ရှိသည်။ စာတတ်ပုဂ္ဂိုလ်ကျော် အမြောက်အများ ပေါ်ထွက်သည်။

ဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒအား ဘိုးတော်မင်းတရားက "တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကပ်လှူသည်။ ဗားကရာတိုက်ထွက်များတွင် သဲအင်းသာသနာပိုင် ဦးသူရိယ၊ ဒုတိယမောင်းထောင် သာသနာပိုင် ဦးညောယျပထမကျော် ဂူကြီးဆရာတော် ရှင် ပညာသီဟ၊ နွားပြင် ရှင် မုနိန္ဒသာရ၊ ရှင်ပုညသေဋ္ဌ စသော ပုဂ္ဂိုလ်ဓဇကျော်ဆရာတော်များ ဖြစ်ထွန်းတော်မူသည်။

ထိုမှတပါး မန္တလေးမြို့ ဒက္ခိဏာရုမဘုရားကြီးတိုက် သာသနာဝင်၏ မူလအစ အာဒိကမ္မိက ပထမ ဘုရားကြီးဆရာတော် **အရှင်ဇာဂရဘိဝံသ** ပုဂ္ဂိုလ်ကျော်သည်လည်း ဗားကရာတိုက်ထွက် ဖြစ်တော်မူ၏။

ဤဘုရားကြီးကျောင်းတိုက်ကြီးကို သက္ကရာဇ် ၁၂၀၉—ခုနှစ်၊ အမရပူရနေပြည်တော် စတုတ္ထနန်းစံ ပုဂံမင်းလက်ထက် သတိုးမင်းကြီး မဟာသက်တော်ရှည် ဦးပဉ္စားသည် မဟာမုနိ ဂန္ဓကုဋီတော်ကြီး အရှေ့တောင်ယွန်း၊ မင်းလမ်းမကြီးအရှေ့ဘက် သာယာပြေပြစ်သောအရပ်တွင် "တိုက်ဦးစေတီ" တော်တဆူ တည်ထားပူဇော်သည်။

ထိုစေတီတော်နှင့် မရှေးမနှောင်းမှာပင် မြောက်ဘက်တံတိုင်းနှင့်စပ်လျက် ညီညာသောမြေအပြင်၌ မဂ်လာကျောင်းတော်ကြီးကိုဆောက်လုပ်၍ အရှင်ဇာဂရဘိဝံသ ဆရာတော်အား တင်လှူခဲ့လေသည်။

ဤဒက္ခိဏာရုမတိုက်မြေမှာ (၆)ပယ်ရိယာအကျယ်အဝန်းရှိသည်။ ပတ်လည်လေးဘက် အုဋ္ဌတံတိုင်းကြီးများကာရံ၍ ကျောင်းရုံ ၆-ကျောင်းနှင့်အတူ တပြိုင်တည်းဆောက်လှူသည်။ နောက်ပိုင်းတွင် ကျောင်းအရန်ပေါင်း ၁၀၀(တရာကျော်) စာသင်သားတထောင်ကျော် ရှိသောဟူ၏။ မဂ်လာကျောင်းတော်ကြီးမှာ ပြာသာဒ်ဓနုဘောဂဆောင်များနှင့် စာမြင်ပတ်လည်ရုပ်စုံချယ်ကာ တိုင်လျောက်များကိုလည်း နရားထောက်ထားလျက် အုဋ္ဌကျောက်စီခင်း၍ လှေခါး ၆-စင်းရှိသည်။ တခွန်မှန်ကင်း၊ ဒုရင်စွန်းများကိုလည်း ရွှေဗီဇိန်းအတိချည်းဖြစ်၏။ ပုဂံမင်းက ကျောင်းလှတ်ပူဇော်ပဲ့ကျင်းပရန် အမိန့်ချမှတ်သည့်အခါ မင်းကြီးဦးပဉ်းသည် ကြီးကျယ်ခမ်းနားစွာ သဘင်ပဲ့များခင်းလျက် ကျောင်းလှတ်သာဓုခေါ်ပဲ့ ကျင်းပခဲ့၏၊

ပထမ ဘုရားကြီးဆရာတော် (အရှင်ဇာဂရာဘိဝံသ)မှာ ပုခန်းသာသနာဝင်ဆက်နွယ်တော်များ ဖြစ်တော်မူကြသည်ဟု မှတ်တမ်းရှိလေသည်။

၁၂၀၉-ခုနှစ်ကစ၍ ဒက္ခိဏာရာမာဓိ ပတိသံဃာနာယက ဥဩဘာဆရာတော်ကြီးမျှားကို ဖော်ပြရပါလျှင်....

ဒက္ခိဏာရာမ အာဒိကမ္မိက ဆရာတော် (အရှင်ဇာဂရ) အရှင်ပဏ္ဍိတာဘိဓဇ (ဆရာတော် ဦးရန်ကုန်) အရှင်သုန္ဒရာဘိဝံသ (ကန့်ဆရာတော်) အရှင်အာစရာဘိဝံသ၊ ဆရာတော် အရှင်ဝိမလ ဗုဒ္ဓိဆရာတော် အရှင်ဥက္ကံသမာလာ၊ (ဆရာတော် ဦးငြိမ်း) အရှင်ခန္တိဓမ္မ၊ (ပင်းသာဆရာတော်) အရှင်ပဏ္ဍိတာဘိဝံသ၊ (လယ်ပေါ်ဆရာတော်) အရှင်ဂုန္ဒာသဘာဘိဝံသ၊ (ဟံသာဝတီဆရာတော်) အရှင်ဥက္ကံသာဘိဝံသ(ဆရာတော် ဦးကျယ်) အရှင်နာရဒါဘိဝံသ၊ (သာသနာ့ဇောတိကာရုံဆရာတော်) စသည့် ဆရာစဉ် တပည့်များ ဆက်ခံယပြန့်ပွားထွန်းကာစည်ပင်တော်မူခဲ့၏။

အထူးသဖြင့် ဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒမှာ နှစ်ဘက်ယှဉ်ပြိုင်စကားနိုင်ပြောဆိုရာ၌ နှစ်ယောက်မရှိဟူ၏။ တုံဂိုဏ်းရုံဂိုဏ်းပြဿနာပွဲတွင် ဗားကရာဆရာတော် စကားအရာလိမ္မာဆွဲဆောင်၍ အနိုင်ယူခဲ့ခြင်းက သက်သေပင်ဖြစ်သည်။ **'ပုခန်းသားစကားကြွယ်''** ဆိုစမှတ်ရှိသည် မဟုတ်ပါလား။

သာသနာပြုတကျိပ်နှစ်ပါးတွင် အခြေအတင်ပြောဆိုရာ၌ ဗားကရာမပါလျှင် မပြီး။ စကားအရာလိမ္မာတော်မူသဖြင့် ဗားကရာကိုစစ်ဆေးစေသည်။ ဗားကရာသည် စိတ်ထက်မြက်သည်မက ပညာမာန်လည်းကြီးသည်။ မဟုတ်မမှန်လျှင် မည်သည့်မျက်နှာကိုမျမထောက်တတ်၊ ဓမ္မကွန်အလိုကျပြောတတ်၏။

ပုံတော်ပကွဲဒိန်နှင့်စပ်၍ ဘိုးတော်နှင့် စကားရည်ငံမရှိဖြစ်ရာ တပည့်ကိုက''မင်းတရားကြီးနှင့်ရည်ငံစွာဆက်ဆံတော်မူပါရန်'' လျှောက်ထားကြသည်။

''အိမ်း....သူလဲ ရှေနန်းပိုင်သမို့ ကုဏ်ရောက်တာပဲ၊ ငါလဲ ကညစ်တချောင်းပိုင်တဲ့ ငါပိုင်ဂုဏ်နဲ့မို့ အလျှော့မပေးနိုင်၊ သူ့ရှေနန်းစည်းစိမ်ကို ငါ့ကညစ်တချောင်းနဲ့မလဲနိုင်ဘူး'' ဟူ၍ တပည့်တို့အား မိန့်ကြားတော်မူသည်။

ဘိုးတော်မင်းတရားက ဆရာတော်အား....

''**ပုံတော်ပကွဲဒိန်နှစ်သက်မည်လော၊ မူလပကွဲဒိန်ကိုနှစ်သက်မည်လော''** ဟု မေးလျှောက်တော်မူရာ၊ ဗားကရာဆရာတော်က

''ပုံတော်ပကွဲဒိန်သည် ဘုန်းတော်ကြောင့် ဖြစ်ပေါ်လာသော ပကွဲဒိန်ဖြစ်သည်၊ မူလပကွဲဒိန်ကိုသာနှစ်သက်ရမည်ဖြစ်သည်'' ဟု မင်းတရား၏မျက်နှာကို မလိုက်နိုင်ပဲ မှန်သည်ကိုသာ လိုက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်မိန့်ဆိုလေသည်။ မင်းတရားသည် ယင်းသို့မိန့်ဆိုတော်မူခြင်းကို မနှစ်သက်နိုင်ပဲရှိလေသည်။ ချေငံညှင်းပြောင်းမိန့်ဆိုခြင်းမပြုတတ်သော ဗားကရာဆရာတော်အား မူလပကွဲဒိန်အယူအဆ

မစ္ဆန်လှတ်ပါက သက်နှံးချတ်အဝတ်ဖြူလဲပြီးနေရပ်သို့ပြန်ပို့စေရန် အမိန့်တော်ပြန်သည်။ (**အဝတ်ဖြူလဲသော်လည်း** သိက္ခာမစ္ဆန်၊ ရာဇဝတ်တော်ရပ်သိမ်းလျှင် နေပြည်တော်သို့ပြန်ကြွတော်မူသည်ဟု **သီလဝိသောဓနီကျမ်း**၌ဆိုသေး၏) သို့ရာတွင် ဗားကရာဆရာတော်သည် ၁၁၆၂-ခုနှစ်တွင် မိမိဇာတိ ပုခန်းကြီးမြို့ကျေးအလယ်ကန်ရွာမှာပင် လူဝတ်နှင့်လွန်တော်မူသည်။ အလောင်းကိုမီးရှို့သောအခါ မီးသေပုံထဲမှ လုံးပတ်ခြောက်လက်မ၊အရှည် တလံခန့်ရှိ **မြွေဟောက်ကြီး**တကောင် ထွက်လာသည်ဟုစကားစဉ်ရှိ၏။ အရိုးကောက်ယူသည့်အခါ ရောက်သီးတလုံးခန့်သာသာရသည်ဆို၏။

.... ဝ .... ဝ ....

ဗားကရဝေါဟာရ

"ဗားကရ" ကို အနက်ဖွင့်ဆိုရလျှင် ဗား = နှစ်ယောက်+အကရ မပြုနှင့်၊ နှစ်ယောက်မပြုရ(နှစ်ယောက်မရှိ)အဓိပ္ပာယ်ရ၏။ ဘားကရာဟူ၍လည်း အချို့ရေးသားကြသည်။ ဗားကရာမှ ပါဠိသက်ပုဒ်ဟူ၍လည်းကောင်း၊ မွန်ဘာသာစကားဟူ၍လည်းကောင်း ဆိုကြသေးသည်။

နှစ်ယောက်ယှဉ်ပြိုင်မရ—ဟူသော ဗားကရာပုဒ်နှင့် အဓိပ္ပာယ်ဘူဝေါဟာရများမှာ ဗားမြို့က်၊ ဗားထီး၊ ဗားတမော့၊ ဗားမဲ့၊ ဗားတံ့၊ ဗားနိုင်၊ ဗားထော်(ဘားထော်) စသည်တို့ဖြစ်သည်။

ဗားကရာကျမ်းများ

၁၁၄၅-ခုနှစ် သက္ကတကျမ်းထွက် ဓမ္မနီတိကို နေမျိုးကျော်ထင်ပညာရှိအမတ်တောင်းပန်၍ နိသယပြန်ဆိုသည်။ သင်္ဂိုဟ်နိသယကျမ်းနှင့် ဗားကရာအရကောက်မှာ သာသနာတော်သုံးကျမ်းဖြစ်သည်။ ယင်းနိသယနှင့် အရကောက်ကျမ်းကိုတပည့်ဖြစ်သော သာမဏေပုညသေဋ္ဌ စာတက်ရင်းရေးမှတ်၍ထားသည့်အတိုင်း ဖြစ်သည်ဟု နိဂုံး၌ဆိုသည်။ ဘိုးတော်အမေးတော်ပုံ အဖြေကျမ်း၊ အတင်အရုံ အဆိုစာတမ်း၊ ဟံသာဝတီရောက်မင်းရတုအဖြေ၊ ပါဠိမေတ္တာစာအဖြေ၊ သဒ္ဒမေဒနီကျမ်း၊ သဒ္ဒါငယ်နိသယကျမ်း၊ ဝိနည်းအဘိဓမ္မာဆိုင်ရာပါဠိတော်နိသယများ၊ ဇာတ်နိပါတ်အဋ္ဌကထာနိသယများ စီရင်တော်မူသည်။ **ဗားကရာမူနိသယ**တို့မှာ အဓိပ္ပာယ်ပေါ်လွင်သည်။ စာသင် စာချပုဂ္ဂိုလ်များလက်စွဲကျမ်းများသာဖြစ်သည်။

မောင်းထောင်ရှင်ဥာဏာဘိဝံသ

ပုခန်းဆက်သာသနာဝင်တပါးမှာ မောင်းထောင်ပထမသာသနာပိုင် အရှင်ဉာဏာဘိဝံသဖြစ်သည်။ ရှင်ဉာဏာဘိဝံသ၏ဇာတိမှာ အလုံ(ဗဒုံ)တိုက်နယ် (ယခုဘုတလင်မြို့နယ်) မောင်းထောင်ရွာတည်း။ မိဘတို့မှာဗိုလ်ကြီးစံဦး ဒေါ်ခွေးတို့ဖြစ်၍ ၁၁၁၅-ခုနှစ်ဖွားသည်။ နံ အင်္ဂါ၊ ငယ်မည် **မောင်မြတ်နေ**၊ ဘွဲ့ရှင်ဉာဏာဘိဝံသ၊ အသက် ၁၃-နှစ်အရွယ်ကစ၍ ရှင်ကျော်။ ရဟန်းဖြစ်သောအခါ ပိဋကသုံးပုံနိကာယ်စုံနှင့်တကွ အဋ္ဌကထာဋီကာဂန္ထဆရာတက်ကမ်းပေါက်တတ်မြောက်သည်။ ပြာကရိုက် သက္ကတ၊ ဟိန္ဒူ၊ ဘင်္ဂလီနာဂရီ ဘာသာန္တရ ကျမ်းစာပေများ သူမတန်မျှတတ်ကျမ်းတော်မူသည်။ ရဟန်း ၅-ဝါအရ **ပေဋကာလင်္ကာရ**နေတို့ဋီကာပါဠိကျမ်းကြီး (မဟာဋီကာလည်းခေါ်သည်)ကိုစီရင်သည်။ မောင်းထောင်ပဉ္စင်းကျော်ဟု ထိုအချိန်ကပင် ကျော်စောသည်။

ဘိုးတော်မင်းတရားသည်မောင်းထောင်ပဉ္စင်းကျော် ရှင်ဉာဏာဘိဝံသဂုဏ်သတင်းကို ကြားတော်မူသည်ကစ၍ ကြည်ညိုလှသဖြင့် ၁၁၄၃-ခုနှစ် တပိုတ့ဲလပြည့်ကျော် ၁၄-ရက်နေ့တွင် နေပြည်တော်သို့ပင့်ရာ နောက်ပါသံဃာ ၈၅-ပါးနှင့်အတူကြွရောက်တော်မူသည်။ နေပြည်တော် မိုးထိတိုက်အနီး ယာယီကျောင်းတော်ဆောက်လှူသည်။ ''ဉာဏာဘိဝံသသာသနဓဇမဟာရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို ၇-ဝါအရတွင် ကပ်လှူခြင်းခံရသည်။

ပိဋကတော်တို့ကို စာရေးပေလုပ်မျဉ်းကိုင်တို့ဖြင့် ကြီးကြပ်ရေးတော်မူစေသည်။ ဘိုးတော်မင်းတရားအာဘိသေကမင်္ဂလာအတွက် ''**ရာဇာဘိသေကကျမ်း**'' ကို မူရင်းသက္ကတကျမ်းမှ ဘာသာပြန်ဆိုတော်မူရသည်။

ဘိုးတော်မင်းတရား ၁၁၄၄-ခုနှစ် တပိုတ့ဲလဆန်း ၁၂-ရက်နေ့ အင်္ဂါနေ့တွင် ရွှေဘုံရွှေနန်းနှင့်တကွ အမရပူရရွှေမြို့တော်ကိုသိမ်းယူပြီးနောက် အရှင်ဉာဏာဘိဝံသအား အမရပူရရွှေမြို့တော်သို့ပင့်၍ ဆင်ကြိုးရွှေဂူသုဓမ္မာစရပ် ပိဋကတိုက်အနီး ယာယီကျောင်းတော်သစ်ဆောက်လှူပြီး ပိဋကတော်ကိုအပ်နှင်းတော်မူသည်။ **စာရေး ၁၀၈၊ ပေလုပ်**မျဉ်းကိုင် ၅၄၊ စာတည်း ဆရာတော် ၁၀၀တို့ဖြင့် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး၊ အက္ခရာသုံးမျိုးတို့ဖြင့် တည်းဖြတ်ရေးတင်လေသည်။

တွဲဘက်သာသနာပြုဆရာတော်များ

ဘိုးတော်မင်းတရားသည် သာသနာပြုရာ၌ တကျိပ်နှစ်ပါးအထိတိုးခဲ့ဖွဲ့စည်းတော်မူသည်။ ပထမဦးစွာက မင်းအို၊ မာန်လည်၊ ဆုံထား၊ မင်းရွာ၊ ဆရာတော်ကြီးလေးပါးတို့အား သာသနာပိုင်များအဖြစ်ထားရှိတော်မူခဲ့ရာ နောက်ထပ် ထည့်သွင်းဖြည့်စွက်၍ ဆရာဘတ်ရှစ်ပါးတို့အား တွဲဘက်သာသနာပြုခန့်အပ်တော်မူခြင်းဖြစ်သည်။ ယင်း ဂ-ပါးတို့မှာ

၁။ ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မရာဇာဓိရာဇ်ဂုရု ရွှေတောင်ဆရာတော် ရှင်ကဝိန္ဒ။

၂။ တိပိဋ်ကာလင်္ကာရဓဇ်မဟာဓမ္မရာဇ်ဂုရု ပထမ ဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒ။

၃။ စက္ကိန္ဒာဘိဓဇမဟာဓမ္မရာဇဂုရု—ကတိုးဆရာတော် ရှင်စံက္ကိန္ဒ။

၄။ ပရမသီရိဝံသဓဇမဟာဓမ္မရာဇဂုရု။မဲထီးဆရာတော်ရှင်ပရမ။

၅။ ဇနိန္ဒာဘိပဝရမဟာဓမ္မရာဇဂုရုမုံတောဆရာတော်ရှင်ဇနိန္ဒ။

၆။ မဟာညာဏာဘိဓဇမဟာဓမ္မရာဇဂုရုစလင်းဆရာတော်ရှင်ညာဏ။

၇။ ညာဏာလင်္ကာရ သဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရုဆင်တဲဆရာတော် ရှင်ညာဏာလင်္ကာရ။

၈။ ညာဏာဘိဝံသ သာသနဓဇမဟာဓမ္မရာဇဂုရု မောင်းထောင်ဆရာတော် ရှင်ညာဏာဘိဝံသတို့ဖြစ်တော်မူကြသည်။

ထိုအချိန်က တိုက်ဆိုင်သည်ဆိုလေမလားမသိ၊ အောက်ပါတဘောင်များ ရွှေမြို့တော်အတွင်း၌ ဂယက်ရိုက်လာသည်။

''ဦးပြည်ယေးကျော်၊ လာဘ်စားသည်၊ တိုင်းကားပြုည်ရွာ ဆူလတံ —
ဦးပြည်မိုးကြိုး၊ ငစ်ဒင်ချိုးက၊ အခိုးနေလ မှိန်လတံ့'' ဟူသတည်း။

သာသနာပိုင်ဧလေးပါးနှင့် တွဲဘက်သာသနာပြုရှစ်ပါးတို့ သာသနာမှုခင်းကိစ္စများ ဧရင်ဆုံးပြတ်ဧတာ်မှုကြရာ၌ ပြီးပြေခြင်းမရှိဖြစ်သည်။ ကြန့်ကြာသည် ဖြစ်၍နည်း ဧကာင်းလမ်းကောင်း အဧကြာင်းအရာလေ့လာတော်မူကြသည်။ ထိုသို့ နည်းလမ်း ဧကာင်းများ လေ့လာရှာဖွေနေကြစဉ် ဧအောက်ပါတဘောင် ပေါ်လာပြန်သည်။

''ပ ံုနဝါမစုံဧသး၍၊ မောင်းထောင်ခွက်ကလေးနှင့် နို့ရည်ပေးပ မခွေးရယ်။
ဇွန်ပန်းကိုဆင်ရမှ နို့ဝတော့မယ်၊ နို့ချိုအေးကိုတဲ့တိုက်ကျေးဖွယ်။
နဲ့မျက်ငယ်တို့မာစေကြောင်း၊ ညွှတ်ခဆုတောင်း''

ယင်းတဘောင်ကို အယူတော်မဂ်လာက စနည်းနာယူစေပြီးလျှင် ဘိုးတော်မင်းတရားအား တဘောင်အဓိပ္ပာယ်ကို ရှင်းလင်းနားတော်သွင်းလေသည်။

''ပရံနဝါမစုံသေး၍'' ဆိုသည်မှာ အင်္ဂါကိုးတန်ရှိသော ပိဋ္ဌကသုံးပုံမစုံလင်ဧသးဟု အဓိပ္ပာယ်ဖွင့်ရပါသည်။ ''ဓမောင်းထောင်ခွက်ကလေးနှင့်'' က မောင်းထောင်ဆရာတော်ကို ဆိုလိုပါသည်။ ''နို့ရည်ပေးပမခွေးရယ်'' တိုင်းပြည်၏အဓိသဖွယ် တနင်္လာသားမင်းတရားထံမှ တရားရင်နို့ သောက်စို့ကြလိုသူများ တောင်းဆိုကြခြင်း ဖြစ်ပါသည်။ ''ဇွန်ပန်းကိုပန်ဆင်ရမှ နို့ဝတော့မယ်'' အင်္ဂါသား ရှင်ဥာဏာဘိဝံသအား သာသနာပိုင် တပါးထီးထည်းတင်မှသာ တရားတည်းဟူသော နို့ချိုဝတော့မည်....ဆိုပါသည်။ ''နို့ချိုအေးကဲ့တဲ့တိုက်ကျေးဖွယ်၊ နို့မျက်ငယ်တို့မာစေကြောင်း၊ ညွှတ်ခဆုတောင်း'' ဆိုသော အပိုဒ်၏အဓိပ္ပာယ်မှာ မောင်းထောင်ရှင်ဥာဏာဘိဝံသ၏ ပညာတည်းဟူသော ရင်နို့ကိုသောက်စို့ကြရန် နို့မျက်ပမာဖြစ်ကြသော တိုင်းသူပြည်သားတို့ ခညွှတ်လို့ဆုတောင်းနေရပါကြောင်းကို လျှောက်တင်လေရာ မင်းတရားကြီး အားရတော်မူလေသည်။

မင်းတရားနှင့်မူးမတ်ပညာရှိတို့သည် လက်ရှိသာသနာပိုင်ဆရာတော်ကြီးလေးပါးတို့မှာလည်း အိုမင်းကြီးရင့်တော်မူကြပြီဖြစ်၍ သာသနာပိုင်တပါးတည်းသာ တင်မြှောက်လျက် တွဲဘက်သာသနာပြုဆရာတော်ကြီးများဖြင့် သာသနာမှုခင်းရေးရာတို့ကို ကြပ်မတ်ဆောင်ရွက်တော်မူကြရန် သာသနာတော်ကို အပ်လေသည်။

၁၁၅၁-ခုနှစ်တွင် မောင်းထောင်ရှင်ဥာဏာဘိဝံသအား ''ဥာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော် အဆောင်အယောင်တို့ဖြင့် မင်းပရိသတ်ဆရာတော်ကြီးများရှေ့မှောက်၌ ''သာသနာပိုင်'' အပ်နှင်း၍ သာသနာတော်ပြုစေတော်မူ၏။

o .... o .... o

သာသနာပိုင်ကတိပြုဝန်ခံချက်

"ဘုရားတပည့်တော်သည် သာသနာရေး သာသနာမှုနှင့်စပ်သမျှ အဂတိလေးပါးမလားပဲ တရားရှိရာ ဆောင်ရွက်ပါမည်။ အသက်သော်လည်း စွန့်မည်၊ တရားကိုမစွန့်ပြီ၊ သာသနာ့ဒါယကာမင်းမြတ်က အမိန့်တော်ထူးပြန်သော်လည်း မှန်ရာကိုသာလိုက်မည်၊ တရားကိုစွန့်၍မလိုက်ပြီ၊ မနာခံသော် ခတ်မဆိတ်သာနေမည်ဘုရား"

စသည့်ကတိပြုဝန်ခံချက်ကို ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ အဓိဋ္ဌာန်တော်မူသည်။ မောင်းထောင်သာသနာပိုင် ရှင်ဥာဏာဘိဝံသအား တင်လူသော ကျောင်းတော်ကြီး ငါးကျောင်းတို့၌ အလှည့်အလည်သီတင်းသုံးတော်မူသည်။

ရွှေကျောင်းတော်ကြီးတို့မှာ....

၁။ မဟာမုနိဘုရားကြီးတောင်မျက်နှာအရပ်၌ နှစ်ထပ်တံတိုင်းခတ်စမြင်၊ မော်ယွန်းချိုးဘုံငါးဆင့် မှန်ကင်းရှစ်ဆူ စိန်ဖူးစိန်ပွင့် ကျောင်းဦး ပြာသာဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းတော်ကြီးအရံကမ္ဘည်းမှာ အသောကာရုမ၊ ကျောင်းတော်ကမ္ဘည်း ရတနာဘုံကျော်မော်ကွန်း နှစ်ထပ်မှတ်သည်။

၂။ ဆင်ကြိုးရွှေဂူသုဓမ္မာစရပ် ပိဋကတိုက်အနီးရှိ စံကျောင်းတော်။

၃။ အောင်မြေဘုံဓကျော်ကျောင်းတော်

၄။ မင်္ဂလာဝေယန်ကျောင်းတော်တို့နှင့်

၅။ ဝန်ရှင်တော် အသည်ဝန်ကြီးကုသိုလ် အောင်ပင်လယ်တောရ ကျောင်းတော်တို့ ဖြစ်၏။

သာသနာပိုင်သည် ဥဘတောဝိဘင်းပါဠိတော်အမြဲဆောင်၍ ကေသနိုက်ဓုတင်ဆောက်တည်တော်မူ၏။

ရှင်းချက်။ ။"အဋ္ဌဝဿိကကာလေ သံဃရာဇာ အဟောသိ၊ သံဃရာဇာ ဟုတ္ဝာ သာဓုဇနဝိလာသိနိံ နာမဒီဃနိကာယဋီကံအကာသိ။" ဟု ဆိုထားချက်အရ "သိက္ခာ ၈-ဝါတွင် သာသနာပြုတကျိပ်နှစ်ပါးခန့်စဉ်က" ရေးခဲ့

ဟန်တူ၏။ တပါးတည်း "သာသနာပိုင်ခန့်အပ်ခြင်းခံယူစဉ်က သက်တော် ၃၄-နှစ်ရှိပြီ"ဟု အမှတ်အသားတွေ့ရသည်။ ဤကားသာသနစံသပ္ပဒီပိကာပါဠိကိုစီရင်သော ဆရာတော်အလိုတည်း။

သုတ် သီလက္ခန်ဒီကာသစ် စီရင်ပြီးအရွယ်မှာ ၄၈-နှစ်ရှိတော်မူပြီ။ ယင်းဒီကာ ပ-ဒုနှစ်တဲ့ ရှိုင်ဆိုက် စာမျက်နှာ ၈၀၄-ရှိသည်။

၁၁၆၂-ခုနှစ်တွင် သီဟိုဠ်ကျွန်း(ယခုသီရိလင်္ကာ)မှ သာမဏေများကို ရဟန်းပြုပေးတော်မူ၍ လူတို့အား ရှင်သာမဏေပြုလျက် သာသနာပြန့်ပွားစည်ပင်အောင် အားထုတ်တော်မူသည်။ သီဟိုဠ်မင်းထံသို့လည်း မေတ္တာစာဆက်သွင်း၍ သာသနာပြန့်ပွားစေသည်။ ယခုတိုင် သာသနာပိုင်တည်ခဲ့သောသာသနာကို **အမရပူရဂိုဏ်း**ဟူ၍ပင် ဆိုကြသည်။ ဘိုးတော်မင်းတရား နေ့စဉ်လျှောက်မေးသမျှကို သာသနာပိုင်တပါးတည်းသာ ဖြေဆိုထားသဖြင့် **ဘိုးတော်အမေးတော်ပုံအဖြေကျမ်းကြီး** ဖြစ်ပေါ်လာသည်။


o .... o ... o

ဘာသာပြန်ဌာန

လူမျိုးနှင့်တိုင်းပြည် တိုးတက်ခြင်းအကြောင်းမှာ ကမ္ဘာ့စာပေကို အမိတိုင်းရင်းဘာသာဖြင့်ပြန်ဆိုခြင်း ဖြစ်သည်။

ဘိုးတော်မင်းတရားသည် ယင်းအကြောင်းအရာများကို မြော်မြင်တော်မူလျက် **ဘာသာပြန်ဌာနကြီး**တခု ဖွင့်လှစ်ထားလေသည်။

မဇ္ဈိမဒေသ စသောတိုင်းတပါးတို့မှ ပြာကရိုက်၊ သင်္ကတ၊နာဂရီ စသော ဘာသာကျမ်းစာအမြောက်အများကို ယူဆောင်စေလျက် သာသနာပိုင်ဆရာတော်ဦးဆောင်လျက် မြန်မာဘာသာ ပြန်ဆိုတော်မူစေသည်။ မြန်မာနိုင်ငံအတွင်းမှ ကျောက်စာအရပ်ရပ်တို့ကို ခဲယဉ်းစွာစုဆောင်းစေပြီး ကျောက်စာ ဘာသာပြန်ဌာနကိုလည်း တဲ့ဘက်ဖွင့်လှစ်စေသည်။ အာယုဗ္ဗေဒ နက္ခတ်ဗေဒင် စသော ဘာသာပြန်ကျမ်းတို့၌ အလွယ်တကူလေ့လာသင်ယူနိုင်ခြင်းအကျိုးဆက်မှာ ပထမ မောင်းထောင်သာသနာပိုင်ဆရာတော်၏ကျေးဇူးတော်ကြောင့် ရရှိခံစားနေကြရသည်ဟု ဆိုနိုင်၏။



သာသနာပိုင်၏ ကျမ်းစာများ

၁။ ပေဠကာလက်ံာရမည်သော နေတ္တိဠိကာပါဠိ၊
(မူလဠိကာဖွင့်အကျယ်ပါ၍လည်း မဟာဠိကာဟု ဆိုသည်)
၂။ သာဓုဇနဝိလာသိနီ (သုတ်သီလက္ခန်ဓိကာသစ်)
၃။ အရိယ စံသာလက်ံာရကျမ်း၊ (အဝတ်အရုံဆိုသောကျမ်း)
၄။ ဇာတ်အဋ္ဌကထာ နိဿယများ၊
၅။ တေသံကုဏဇာတ်နိဿယ၊
၆။ စတုသာမဏေရဝတ္ထု (သာမဏေကျော် ၄-ပါး)
၇။ ရာဇောဝါဒဝတ္ထု၊
၈။ တိဂုမ္ဘထောမနာဂါထာအနက်များ၊
၉၊ ရာဇာဓိရာဇ ဝိလာသိနီကျမ်း၊
၁၀။ ဆန္ဒန္တနာဂရာဇုပ္ပတ္တိကထာ၊
(မှတ်ချက် ၆-မှ ၁၀-အထိ အမိန့်တော်ဖြင့် ရေးသည်)
၁၁။ အမေးတော် အဖြေကျမ်းကြီး၊
(စာအက်ံ၁ ၂၀-ကျော်သည် မင်းတရားကြီးနှစ်ဉမေးသမျှ ဖြေဆိုသည်)
၁၂။ မဟာသကျသီဟာ ဘုရားသမိုင်းပါဠိအနက်၊
(ပဉ္စာလောဟ ကြေးချိန်တသောင်းငါးထောင်ရှိ မဟာသကျသီဟာဘုရား သမိုင်းစာ ၃-အက်ံကျော်ရှိသည်)
၁၃။ နေမိတ္တကဝိဇ္ဇာကျမ်း၊
၁၄။ ပရမတ္ထရတနာဝလိကျမ်း၊
၁၅။ သာသနာလက်ံာရကျမ်း၊
၁၆။ ပိဋကတ်သမိုင်း၊
၁၇။ သုဓမ္မာစာရဒီပနီ၊
၁၈။ ရာဇောဝါဒဝဏ္ဏနာ၊
၁၉။ ပါရာဇိကဏ်ဂဏ္ဌိ၊
၂၀၊ မောင်းထောင်နိယာမ်ကျမ်း၊
၂၁။ စတ္တာလီသမဒန္တာကျမ်း၊
(စုယ်တော် ၄-ချောင်း၊ သွားတော် ၄၀-တွင်ပါဝင်ကြောင်း ဖြေဆိုသောကျမ်းဖြစ်သည်)

၂၂။ မှန်နန်းရာဇဝင်တော်ကြီး၊
(ဦးစီးရှိ စီရင်တော်မူသည်)
၂၃။ ဓမ္မောပဒေသဝတ္ထု၊
၂၄၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၂၅။ ပညက္ကမဒီပနီ
၂၆။ မင်္ဂလာလူးတား
၂၇။ ဝတ်မြေတော်အဖြေကျမ်း။
(မှတ်ချက်—ကျမ်းများစွာ ကျန်ရှိမည်။ လက်လှမ်းမှီသမျှ စာရင်းပြုလုပ်တင်နိုင်ခြင်းဖြစ်၏)

.... o o ....

ဘာသာပြန်ကျမ်းများ

၁။ သရာသ္ဒတီဗျာကရဏ်းနိဿယည်း၊
၂။ ဗာလပဗောဓနနိဿယည်း၊
၃။ အဘိဓါန်နိဿယည်း၊
၄။ ကေက္ခရကောသနိဿယည်း၊
၅။ ရာဇမတ္တဏ်နိဿယည်း၊
၆။ ဗြို့ဟတ်နိဿယည်း၊
၇။ သရောဒယသရဒ္ဒေနိဿယည်း၊
၈။ ဇောတိသုဇာတကနိဿယည်း၊
၉။ လဿ်ုသံဂြဟနိဿယည်း၊
၁၀။ လက္ခဏာကျမ်း၊
၁၁။ အာကာသသျှတ္တရကျမ်း၊
၁၂။ သူရိယသိဒ္ဓန္တနိဿယည်း၊
၁၃။ ဘာသုတိနိဿယည်း၊
၁၄။ သုပိနာဗျာယနိဿယည်း၊
၁၅။ ဘာသုတိစကားပြေ၊
၁၆၊ ဘာသုတိကိန်းဆန်း၊
၁၇။ ရာဇာဘိသေကကျမ်း၊

၁၈။ ဒြဗျဂုဏ်ကျမ်း၊
၁၉။ သာရကောမုဒီကျမ်း၊
၂၀။ သြသဓရတနာကရကျမ်း၊
(၁၅-၂၁-၂၂-၂၃ကျမ်းတို့ကို လူ့ဘဝတွင်စီစဉ်သည်ဟု ဆိုသည်။)
၂၁။ သရဉ်တုကထနကျမ်း၊
၂၂။ ဓာတုပြဿံသနိဿယည်း၊
၂၃။ ကာမရတနာနိဿယည်း၊
၂၄။ ဆေးဘက်ဆိုင်ရာကျမ်းများ၊
၂၅။ ဗျာကရဏ်းဘက်ဆိုင်ရာကျမ်းများ၊
၂၆။ နီတိကျမ်းများ၊
၂၇။ ဝိဒဂ်ကျမ်းများ၊
၂၈။ ဗျဥ္ဇနကျမ်းများ၊

စုစုပေါင်း သင်္ကတ၊ ပြာကရိုက်၊ နာဂရီ၊ ဘင်္ဂလီ—စသော မူရင်းဘာသာကျမ်း ၂၀၀-ကျော်တို့ကို မြန်မာဘာသာသို့ ပြန်ဆိုတော်မူသည်။

.... ဝ ဝ ....

သာသနာတွင် မပျော်ပိုက်ရသလား

သာသနာပိုင်ဆရာတော်သည် သာသနာတော်ကို ပြုပြင်ရင်းမှာပင် ဝိနယကုဏ္ဍုန်ဖြစ်ပါလေသည်။ တကာတော်မင်းတရားကလည်း ရံခါ စိတ်တော်ဖောက်ပြန်နေသည်။ သာသနာပိုင် စိတ်တော်မကြည်မသာရှိရန် အကြောင်းများ ဖန်တည်းပေးသကဲ့သို့ ရှိလေသည်။

သာသနာပိုင်သည် သာသနာတော်၌ ပျော်ပိုက်ခြင်းမရှိတော့လေ၍ လူ့အဖြစ်နှင့် နေလိုကြောင်း မင်းတရားထံ မေတ္တာစာသွင်းလေသည်။ သာသနာပြုဖော်ပြုဘက် ဆရာတော် သာသနာတော်၌မပျော်ခြင်းကို စိတ်မကြည်မသာရှိပြီး လူမထွက်ရန် လျှောက်ထားတောင်းပန်တော် မူရှာပါ၏။ သို့သော် မေတ္တာစာကိုသာ ဆက်သွင်းမြဲသွင်းနေတော်မူသဖြင့် ဘိုးတော်မင်းတရားက....

"ဆရာတော် မိန်းမလိုချင်သမို့ ဆိုလျှင် မိဖုရားခေါင်ကြီးချန်လှပ်၍ လိုချင်သောမိန်းမများကို ညစဉ်ပို့ပါမည်။ နံနက်ရောက်လျှင် ရဟန်းပြန်တက်

တော်မူပါ၊ ဆရာတော် သာသနာမှာမရှိလျှင် သာသနာရေးအခင်းတွေ ဖြစ်ရှင်းရန် ခဲယဉ်းပေမည်" စသည်အကြောင်းပြ လျှောက်ထားပြန်လေသည်။ သာသနာပိုင်က....

"ရေမြေ့ရှင်ဒကာတော် မိန်းမလိုချင်၍ လူဝတ်လဲခြင်းမဟုတ်၊ သာသနာ၌ မပျော်ပိုက်ခြင်းကြောင့်သာဖြစ်သည်" ဟု မိန့်တော်မူ၏။ သာသနာပိုင် စိတ်အာရုံပြောင်းလိုသောဆန္ဒဖြင့် မိမိဇာတိဖြစ်သော မောင်းထောင်ရွာ၏ မြောက်အရပ်၌ "ကွမ်းတောင်စေတီတော်ကြီး" တဆူနှင့် သိမ်တော်ကိုတည်ပြီး ဖြေဖျောက်တော်မူပါသေး၏။

သာသနာတော်တွင် အစဉ်ပျော်မွေ့ရန် အာရုံပြောင်းလဲမှုများ ဖန်တည်းသော်လည်း ပါရမီဓာတ်ခံ ကုန်တော့မူလေရော့သလား ...၁၁၇၄-ခုနှစ်တွင် သက်တော် ၆၀ အရွယ်၌ သာသနာပိုင်အဖြစ်မှ လူ့ဘဝသို့ လျှောကျလေသည်။

မင်းတရားကြီးက သာသနာပိုင်လူထွက်အား မောင်းထောင်သို့ ပြန်ခွင့်မပြုပဲ လက်တွဲသာသနာပြုရန် တောင်းပန်ထားလေသည်။ နန်းတော်အရှေ့မျက်နှာအရပ်၌ အိမ်ဖြူတော်ဆောက်စေပြီးလျှင် ချဉ်ပါရွာကို အပိုင်စားချီးမြှင့်သည်။ မဟာဓမ္မသင်္ကြံဘွဲ့နှင့် အဆောင်အယောင်များပေးအပ်၍ မင်းတိုင်ပင် အမတ်ပညာရှိကြီးတဆူအဖြစ် အမှုတော်ထမ်းစေရသည်။

မင်းတရာကြီး၏ မြင့်မြတ်သော စိတ်ထားဖြင့် သာသနာတော်ပြုဖေါ်ပညာရှိ ပုဂ္ဂိုလ်ကြီးအား ကြည်ညိုလို့မဆုံးရှိခဲ့သည်မှာ သာသနာပြုမင်း စစ်မှန်လှပါပေ၏။

သာသနာပိုင်နှင့်ရှိတော်မူစဉ်က မင်းတရားကြီးသားတော် တောင်ငူမြို့စား မင်းသား (သျှောင်)ဆံထုံးဆွဲ၍ ထောင်းခဲ့သော်လည်း အပြစ်မြင်တော်မမူ။တောင်ငူမင်းသားအား သျှောင်ထုံးကို ဆွဲထောင်းခြင်းမှာ မင်းသားဆရာ၊ဥာဘတော်ဝိဘင်းပြန်ဆိုခိုင်းရာ မင်းသားဆရာမရရှိ၍ သာသနာပိုင်က ယင်းဘုန်းကြီးကို ရိုက်နှက်ဆုံးမသဖြင့် စိတ်ထက်သော တောင်ငူမင်းသား မခံမရပ်ဖြစ်ကာ တာသနာပိုင်နှင့်မင်းသား အပြန်အလှန် နဘန်းလုံးသည်အထိ ဖြစ်ပွားခဲ့ဘူးသည်။

ထို့ကြောင့် ယင်းကိစ္စကိုအကြောင်းပြုလျက် "မောင်းထောင်ကလဲ ထောင်လွန်း၊ တောင်ငူကလဲ အူလွန်း" ဟူ၍ စကားစဉ်ရှိခဲ့ခြင်းဖြစ်သည်။

ဦးမြတ်နေဘဝ

သာသနာပြုမင်းတရားပီသစွာ လူ့ဘဝရောက်နေသော သာသနာပိုင်လူထွက်ဆရာကြီး ဦးမြတ်နေအား ကြည်ညိုလေးစားလျက် ဆည်းကပ်လေသည်။ သာသနာပိုင်လူထွက်ကြီး၏ အဆုံးအမသြဝါဒကိုလည်း ခံယူမြဲခံယူနေတော်မူသည်။

ပညာရှိကြီး ဦးမြတ်နေသည် ၁၁၈၁-ခုနှစ် မြေးတော် ဘကြီးတော်မင်းနန်းတက်သည့်အခါ၌လည်း နိမ့်ကျခြင်းမရှိ။ ယခင်အဆောင်အယောင်များထက်ပင် တိုးမြှင့်ထားရှိခြင်းခံရသည်။

၁၁၉၁-ခုနှစ်တွင် မှန်နန်းရာဇဝင်တော်ကြီးကို ဦးစီးဆောင်ရွက်စီရင်ပြုစုတော်မူသည်။ သာသနာပိုင်လူထွက်ဆရာကြီး ဦးမြတ်နေ၏ဘဝတသက်တာတွင် သာသနာပိုင်ဘဝ မဟာဓမ္မရာဇသင်္ကြံဘဝဖြင့် နှစ်ဘဝ ကျော်စောတော်မူခဲ့ပါပေ၏။ အကုသိုလ်ကံစက်ဆုတ်၏။ သမာဓိကြီး၏။ မှန်ရာဆိုလေ့ရှိ၏ဟူ၍ ဆိုကြသည်။ ၁၁၉၄-ခုနှစ်တွင် သက်တော် ၈၀-အရွယ်၌ အနိစ္စရောက်သည်။ သာသနာပိုင်နီးနီး၊ ခမ်းနားစွာ သင်္ဂြိဟ်ခြင်းပြုသည်။

ချောင်းကောက်ရှင်သဒ္ဓမ္မနန္ဒီ

ချောင်းကောက်ဆရာတော် ရှင်သဒ္ဓနန္ဒီသည် ပုခန်းကြီးမြို့ကျေးချောင်းကောက်သပြေငါးရွာဇာတိဖြစ်သည်။ ချောင်းကောက်သပြေငါးရွာကို ကဲင်းဝန်မပ်းကြီး အပိုင်စားချီးမြှင့်ခြင်းခံရသော ရွာတည်း။

၁၁၁၇-ဖွား ငယ်မည်ဦးထွားဖြူ၊ ဘွဲ့ရှင်သဒ္ဓမ္မနန္ဒီ၊ ဆားလင်းမင်းကြီးက ရဟန်းဒါယကာခံယူသည်။ ၁၁၃၇-ခုနှစ်တွင် လူထွက်သည်။ ဘိုးတော်မင်းတရားလက်ထက် "ဗလရာဇာ" (ရာဇဗလကျော်ထင်)ဘွဲ့ဖြင့် လေးဆယ်တော် သွေးသောက်ကြီး အဆောင်အယောင်ဖြင့် သက်ပန်းရွာစားအတွင်းဝန်အဖြစ် ခန့်ထားခြင်းခံရသည်။

ဘိုးတော်၏သားတော်များဖြစ်သော စကုမ္ဘိုစား ပြည်မင်းသား၏ အကြီးတော် ချုပ်အရာ၌ ထမ်းရွက်ရသည်။ ပါဠိပိဋကတ်တော်ကျမ်းလှုံမက၊ သက္ကတ,စသော ဘာသာရပ်၌လည်း တတ်မြောက်လှသည်။

ရှင်ဉာဏရုံသီတောင်းပန်၍ ဝါစဝါစက ပါဠိဋီကာကျမ်းကိုလည်းကောင်း၊ ရှင်လင်္ကာဒီပ တောင်းပန်၍ သီလက္ခန်ဂဏ္ဌိကျမ်းကိုလည်းကောင်း စီရင်ခဲ့သည်။ ထိုပြင် ကစ္စာယနသာရအရကောက်ကျမ်း၊ ကခ်ါဝိကရဏီကျမ်းနေတို့အဋ္ဌကထာနိဿယကျမ်းများ မူဒ္ဓါဘိသေကမော်ကွန်း၊ မဟာပုရိသ လက္ခဏာပျို့စသော ပျို့ကဗျာများတို့ကိုလည်း စီရင်စပ်ဆိုခဲ့သည်။

အထူးသဖြင့် ''ချောင်းကောက် နိတိကျမ်းမှာ ဘာသာပြန်ဆိုကျမ်းများတွင် အထင်ရှားဆုံးဖြစ်သည်၊ မောဟဝိစ္ဆေဒနိမမ္မသတ်ကို တရားသူကြီးတိုင်း လက်ကိုင်ပြုရသော ဓမ္မသတ်တဆူတည်း။

ရှင်ဃဒ္ဓမ္မနန္ဒိအမည်ထက် ချောင်းကောက်ဆရာကြီး အတွင်းဝန်အဖြစ်က ထင်ရှားခဲ့သည်။ တွင်းသွင်းတိုက်ဝန်မင်းကြီး ဦးထွန်းညိုနှင့် တွဲဘက်၍ ကျောက်စာဘာသာပြန်ဌာနတွင် ဆောင်ရွက်သည်။ သက်တော် ၅၇-နှစ် ၁၁၅၅-ခုနှစ်က ကွယ်လွန်သည်။

* * * * * * * *

ကျည်းကန်ရှင်ကြီး နန္ဒဓ

စာပေလောက၌ ကျည်းကန်ရှင်ကြီး နာမည်သတင်း ထိတ္တဲသိရှိကြပြီး ဖြစ်သော်လည်း ဇာတိနေရပ် အမှတ်အသားကဲ့ပြားလျက်နေသည်။ မုံရွာမြို့နယ် မုံရွေးရွာအနီး ကျည်းကန်၊ ရွှေဘိုနယ်ကျည်းကန်၊ မြို့ငယ်ရေကြီးသွားကားလမ်းအနီး ကျည်းကန်ဟူ၍ အမည်အမှတ်အသား ကဲ့လဲ့ကြ၏။ ပုခန်းရေစကြိုသွားကားလမ်းအနီး တောင်ဦးကျည်းကန်ဟု ဆိုကြသေးသည်။ စင်စစ် ပုခန်းကြီးမြို့ ကျေး၊လင်းကတောရွာအနီး ကျည်းကန်သည်သာ အမှန်ဖြစ်သည်။

မုံရွေး ဇေတဝန်ဆရာတော်ထံသို့ ပေးသော မေတ္တာစာဖွဲ့တွင် ရှင်ကြီးကိုယ်တိုင်က....

''ဆုတောင်းပတ္ထနာ မေတ္တာမပျက် ဆက်ခံလေ့ရှိပါသော ရောဝတီသီတာမြစ်ဆုံ ကမ်းခုံနောက်ပါး ငါးရှဉ့်တွင်း ငါးပြန့်ခန့်လောက် အနောက်ဘက်တိုက်ကြီးအတွင်း လင်းကတောဆယ်ရွာအဝင် ရေယာဉ်ချောင်းဆန် ''ရွာကျည်း

ကန်''က နန္ဒဓဇ၊ ပဋ္ဌိလောမသိန္ဒေဟဝါစာ . မေတ္တာစကားပြန်ကြား လျှောက်လိုက်ပါသည်၊ ပါရမီတိံသ၊ ဇိနဆုယူဖြည့်တော်မူလေ့ရှိသော အရိယာဝံသ အာဒိစ္စရံသိ နောင်တော်သူမြတ်''

စသောစာပိုဒ်အရ လင်းကတောဆယ်ရွာအဝင် ကျည်းကန်းဇာတိဖြစ်ကြောင်း ထင်ရှားစွာ ဝန်ခံထားလေသည်။

ဖွားသက္ကရာဇ် ၁၁၃၉-ခုနှစ်၊ နံစနေ၊ ငယ်မည် မောင်နု၊ ဘွဲ့ရှင် နန္ဒဓဇ၊ မိဘ မျိုးရိုးကိုလည်း....

''နန္ဒဓဇ နွှတ်ထွသည်ာ မည်ဝေါဟာနှင့် ဤစာဖြေသူ ငါတုံမူကား တောင်ငူပြည်ကြီး ရှေးအတိီးက နေမိုးတမျှ စိုးစံပသား နရသနင်း ပြည့်ရှင်မင်း၏ စက်ရင်းမှုကုံ ကိုယ်ယုံတော်ရင်း ဆောင်မြဲမင်းဟု နန်းတွင်းနန်းပြင် ကျော်ထင်ရှားလစ် ဘေးရှင်မြစ်တိ''

စသော မေတ္တာစာအရ ညောင်ရမ်းဆယ်ဆက် အင်းဝနေပြည်တော်အပျက်တွင် ကေတုမတီ တောင်ငူမင်းတရား အဆောင်မြဲမင်းမြစ်တော်ကြောင်း ဖေါ်ပြထားသည် ကိုထောက်လျှင် မျိုးရိုးမည်လှဟု သိနိုင်သည်။ စာပေတတ်မြောက်ပြီးနောက် စဉ်ကူးမင်းနှင့် ဘိုးတော်မင်းတရားလက်ထက်တို့၌ လွှတ်ရုံးတော် မှုထမ်းခဲ့ဘူးသည်။

ထိုနောက် အောက်ပြည်သို့သွားရောက်လျက် ဒေသန္တရဗဟုသုတ လေ့လာသည်။ ရဟန်းအဖြစ်မခံယူပဲ သာမဏေရှင်ကြီးဘဝဖြင့် ဇာတိ ကျည်းကန်ရွာကျောင်း၌ နေသည်။ သက်တော် ၃၀—အရွယ်တွင် ဘိုးတော်ပင့်လျှောက်၍ အမရပူရနေပြည်တော် မောင်းထောင်သာသနာပိုင် ဆရာတော်အထံ၌ ပညာဆည်းပူးခဲ့ဘူးသည်။ လေ့ကရေး၊ ဓမ္မရေး လိမ္မာလှသည်။

ဇာတိ ကျည်းကန်ရွာ၌ပင် ဘုံသာထွန်းကျောင်းတွင် အမြဲသီတင်းသုံးလျက် စာပေပို့ချ စာပေရေးသားသည်၊ မုံရွေးဇေတဝန် အမေး ၅၅-ချက်ဖြေဆို၍ ''**မုံရွေးအမေး ကျည်းကန်အဖြေကျမ်း**'' ခက်ခဲနက်နဲသော ပုစ္ဆာ ၁၀၁၅-ပုဒ်ပါသော ပညာရှင်တို့သာ ဉာဏ်ကျက်စားဝန့်မြူးရာ စွယ်စုံကျော်ထင် သတ်ပုံကျမ်းကြီးများကို စီရင်ခဲ့သည်။

''သတ်ပုံလည်းပါ ပုစ္ဆာလည်းရ သိပ္ပကုံလုံ နှစ်ချက်ဆုံသောကြောင့် **စွယ်စုံကျော်ထင်ကျမ်းကြီး**''ဟူ၍ နိဂုံးဌိဆိုထားလေသည်။ ဤစွယ်စုံကျော်ထင် သတ်ပုံအမေး ပုစ္ဆာကျမ်းကြီးကို ကျီးသဲလေးထပ်ဆရာတော် ဖြဆိုထားသည်။ ဆယ်လွှန်းတင်ဂါထာ ၁၃-ပုဒ်တို့မှာ ဓမ္မကြောင်းနှင့်စပ်သော ဂီတစောင်းသီချင်းများဖြစ်၏။ ပါဠိမြန်မာမှု ရှုထောင့်မျိုးစုံနှင့်ကြည့်လျှင် တမျိုးသောအရသာခံစားနိုင်ကြရန် ဆန်းကြယ်စွာ ကျူးသီထားသည်။

မေတ္တာစာဖွဲ့ရာ၌ အခြားမေတ္တာစာများနှင့်မတူ။ ပုံပြင်ကလေးများညှပ်၍ဖွဲ့ထားသည်။ မကာရန္တ လက်ရိုးလက်ာများမှာ ဗေဒင်ဝါသနာပါသူတိုင်း လက်မလွှတ်နိုင်သည့် ကျမ်းဖြစ်၏။ သတ္တဝါဝဒီ ကမ္မဋ္ဌာန်းကျမ်းမှာ နိဗ္ဗာန်သို့အမြန်ရောက်စေရန် လမ်းပြပေးသည့် ကျမ်းဖြစ်သည်၊

ကျီးသဲဆရာတော်က ရှင်နန္ဒမဏ္ဍ၏ ဂုဏ်ပုဒ်များကို ယင်းစွယ်စုံကျော်ထင်အဖြေနိဂုံး၌ အောက်ပါအတိုင်း ဖေါ်ပြထားလေသည်။

"စွယ်စုံကျော်ထင်အမည်ရှိသော ဤပုစ္ဆာကျမ်းကိုစီရင်သော ရှင်နန္ဒမဏ္ဍာကား ယောကျ်ားသာမည်မဟုတ်၊ ဗုဒ္ဓပစ္စေက သာဝကအားဖြင့် ဆုမြတ်သုံးပါးတွင် ဘုရားရှင်တို့၏ဆုကိုပန်လျက် ဆယ်တန်သော ပါရမီတရားကိုအားထုတ်၍ ဖြည့်ကျင့်သည်။ ဇဝနဉာဏ်၊ တိက္ခဉာဏ်၊ ဂမ္ဘီရဉာဏ်၊ ဟာသဉာဏ်၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ် ပဋိဘာန်တို့နှင့် ပြည့်စုံသည်။

ဆရာမှန်ဆရာမြတ်တို့၏လက်မှ လျှို့ဝှက်ခဲကတ်သော ပိဋကတ်ကျမ်းဗေဒင်ကျမ်းများကို သင်ကြားနည်းယူသဖြင့် သူမတူနိုင်သော သတ္တိဗျတ္တိရှိသည်။ ဤအမေးပုစ္ဆာတို့သည် ပိဋကတ်ဗေဒင်ရာဇဝင်ကျမ်းဆန်း အလင်္ကာလောကာယတဖြစ်သော ဂန္ဓဗ္ဗရကျမ်း ပုံပြင်ကျမ်းတို့မှ အဆန်းတကြယ် မှတ်ဖွယ်ကောင်းလှသော စကားအဆိအနှစ် အဆစ်အဖုတို့ကိုဖွဲ့နုတ်၍ ပုစ္ဆာပြုခဲ့သည်" ဟူ၍ဖြစ်သည်။

.... o .... o

ဆုကြီးပန် ပုဂ္ဂိုလ်ကျော်နှစ်ပါး

သက်တော် ၄၀–အရွယ်တွင် တည်တာဌ် ကျည်းကန်ရှင်ကြီးသည် "ဘုရားရှင်နှင့် ဒီဌဖူးတွေ့ရကြောင်း" အိပ်မက်မက်သည်။ ဒုတိယအကြိမ်တွင် "တပည့်တော် ဘုရားဖြစ်ရပါမည်လော" ဟု မေးလျှောက်သည်။ တတိယအကြိမ်၌ "သင်ကား မချုတ်ကေန် ဘုရားဖြစ်လတံ့" ဟု တခွန်းတည်းသောမိန့်ခွန်းတော်ပေး၍ ဗျာဒိတ်ကြားခြင်းခံရတည်ဟူ၏။

အောက်ပါ မုံရွေးမေတ္တာစာ၌လည်း....

"လလ္လာဝတီ သီတာမြစ်ကြီး၏ အရှေ့မျက်နှာ မုံရွေးရာဇာတိ ပဝတ္တိ အခါဆားလင်းကြီးရှာက အရိယဝံသအာဒိစ္စရံသီ ပိယဝါစာ မေတ္တာစကား ကြားရောက်လိုက်ပါသည်။ သမ္မာသမ္ဗုဒ္ဓ ဘုရားဆုံကို ပန်ယူတော်မူလေရှိသော နန္ဒဓဇသူမြတ်" ဟု ချီးမြှင့်ခြင်းဖြင့် ရှင်နန္ဒဓဇ ဘုရားဆုကြီးပန်ဖြစ်ကြောင်း ထင်ရှားသည်။

မုံရွေးဆရာတော်ထက် ကျည်းကန်ရှင်ကြီးသည် အသက် ၉—နှစ်ခန့်ကြီးသော်လည်း ဆုကြီးပန်ချင်းတူသော မုံရွေးဆရာတော်အား ...

"အရိယဝံသ အာဒိစ္စရံသီ နောင်တော်သူမြတ်" ဟု ခေါ်ဆိုတော်မူလေရှိသည်။ ခေတ်ပြိုင် စာဆိုစွယ်စုံပုဂ္ဂိုလ်ကျော်များ ဖြစ်တော်မူကြသည်။ အချင်းချင်းလေးစားရိုသေကြသည်ဟု ဆိုသည်။

မုံရွေးဆရာတော်သည်လည်း ဆုကြီးပန်ဖြစ်ကြောင်းကို ရဟန်း ၇—ဝါအရ မယ်တော်တောင်းပန်၍ စပ်ဆိုခဲ့သော ဥတိဏ္ဏ(ဥတိန္ဒ)မျိုးနိဂုံး၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"ယခုဘဝ ရာဇမျသက်လုံး ဓကောင်းဆုံးကုသလ ဒသပါရမီ ဖြည့်ညီမကင်း များခြင်းပဉ္စာစီး ဆည်းပူးပြီးမှ စုတိကျသော် ဒီပရပ်ထူး ကျန်းဦးငမြနဲ့ ဇမ္ဗူသပြေ ပင်ရိပ်ဝေတွင် နေဂုဏ်ကေဇာတန်ခိုးပသည့် ဘူမဒေဝါ ရာဇာဓမ္မရာဇ် နတ်မင်းဖြစ်လျက် တွက်စစ်အသက် နှစ်ရက်ရှည်စွာ မေတ္တာယျာစော ပွင့်သော ခါမှ လူ့ဘုံကျ၍ အဋ္ဌအင်္ဂါ ပြည့်စုံစွာလျက် "ဝိရိယာဓိက" နိယတဟိတ် ဗျာဒိတ်တော်ကို ဆင်ရလို၏" ဟူသောစာပိုဒ်ဖြင့် ဆုကြီးပန်ဖြစ်ကြောင်း ထင်ရှားသည်။

မုံရွေးဆရာတော်သည် သက်တော် ၁၅—နှစ်အရွယ်ကပင်....

"သိပ္ပဝိဇ္ဇာ လူ့ဖွယ်ရာဟူ လက်ဝဆောင်းပါး လူးတားဝတ္ထု ရတုရကန် အဲအန်သာချင်း ရဲတင်းပိုဒ်စုံ သတ်ပုံတေတျာ ဖတ်စာချင်း းစောင်းညှင်းမှုတ်ရိုး အာတီးမျိုးနှင့် ဘဲ့ကြိုးတေးခံ ရာဇသံဆုံးဖြတ် ဓမ္မသတ်ကောက်တမ်း ထုံးငြမ်းခဲ့စုံ မနုသံပိုင်း သမိုင်းမော်ကွန်း နိဒါန်းပုံပြင် ရာဇဝင်နှင့် ဗေဒင်တိတ္ထ၊ မှာတော်ပုံက သက္ကတနှင့် သေနင်္စာ ဝိဇ္ဇာမယ ရာဇမတ္တာဏ် ဆင်ကြန်မြင်းကြန် မှတ်ရန်များစွာ ရှာရှာဖွေဖွေ စာပေယဉ်နဲ့ စပ်ဆိုမှုတို့ကို စေ့ငုံစုံလင်စွာ တတ်မြောက်တော်မူသော ပုဂ္ဂိုလ်ကျော်ဖြစ်သည်"

o .... o .... o

တိလောက ဂုရုံဆရာတော်

တိလောကဂုရုဆရာတော်သည် ပုခန်းကြီးမြို့ ကြေးဆိတ်အင်းရွာဇာတိ၊ ၁၀၃၄ ခုနှစ်၊ ပြည်မင်းတရားသားတော် အင်းဝ နရာဝရမင်းလက်ထက်ဟု ခန့်မှန်းရသည်။ တနေ့သ၌ အင်းဝရွှေစည်းခုံစေတီတော်အနီး ဇေတဝန်တိုက်တွင် ပညာသင်ကြားလေရာ လူငယ်ဘဝအလျောက် လူထွက်လိုသောစိတ် ဖြစ်ပေါ်လာသည်။ သို့ဖြစ်၍ ရွှေစည်းခုံစေတီတော်အား နောက်ဆုံးသက်န်းဝတ်ဖြင့် ဝတ်ပြုရန်သွားလေသည်။

ထိုအချိန်တွင် အမျိုးသမီးတဦးသည် ရွှေစည်းခုံစေတီတော်အား ပန်းရေချမ်းဆီမီးမျောကန်တော့ရင်းပင်....

"ဘုရားတပည့်တော်မသည် ဤဘဝမှစ၍ ဘဝသံသရာဖြစ်လေရာတိုင်းဃရာဝါသနှောင်ဝဋ် ချစ်သူညွှတ်ကွင်းမှ မလွတ်ကင်းနိုင်အား စုံဘက်ရငြားလည်း လူဝါးမဝ ယောင်နန ဂိုက်မကျအဆင်မပြေ အနေတချက် အပြောခက်သည့် လူထွက်ထိပ်ပြောင် အူကြောင်ကြောင်ကို သွေ့ရှောင်ဖယ်ရှားရသည်ကို ဖြစ်ရပါလို၏၊ မြတ်ရှင်စော သြကာသ,သြကာသ" ဟုဆို၍ ဆုတောင်းနေလေသည်။

"**ရဟန်းလူထွက်မယား မငြားရလိုကြောင်း** ဆုတောင်းနေသော တိလောကဂုရုရဟန်းပျိုသည် များစွာ စိုးရိမ်ထိတ်လန့်မိလေ၏။ အမျိုးသမီးအနီးသို့ချဉ်းကပ်လျက် "ဤကဲ့သို့ဆုတောင်းရကြောင်း" မေးလေရာ....

"အများပေးလှူသောပစ္စည်းလာဘ်လာဘဖြင့် သာသနာတွင် များတစ်ဘဝပျော်မွေ့နေသင့်ပါလျက် သူ့တဏှာကျွန်ခံရန် လူထွက်လာသော ဘုန်းကြီးလူထွက်ထက် မိုက်သူမရှိ" ဟု ပြတ်တောင်းစွာ လျှောက်ထားလိုက်လေ၏။

ရဟန်းပျိုမှာ အမျိုးသမီး၏စကားကိုကြားရသည်နှင့်တပြိုင်နက် သံဝေဂဖြစ်ပွားပြီး လူထွက်ရန်ကြံရွယ်ချက်မရှိတော့ပဲ **စစ်ကိုင်းတောင်ဘက်သို့** သွားရောက်ပညာဆက်လက်သင်ကြားလေသည်။

ပိဋကစာပေ တတ်မြောက်လာသည့်အခါ ပုံညွှန်စေတီသွားလမ်းအောက်ထပ်ချောင်တည်လျက် စာပေပို့ချနေသည်။ ချောင်မဆန့် စာဝါလိုက်ကြသောသံဃာများနေပူထီးဆောင်းလိုက်နေကြသည်ကို အင်းဝနေပြည်တော်မှ **နရာဝရမင်း**သည် **ပုညွှန်စေတီတော်**ဖူးရန် အခွေအရံနှင့်ကြွချီလာရာ ယင်းအခြင်းအရာများကို မြင်တွေ့လေသည်

မင်းတရား အလွန်သဒ္ဓါတော်မူလှသဖြင့် ဥမင်လိုဏ်ဂူများနှင့်အဘူ ကျောင်းတော်ကြီးတဆောင်ဆောက်၍ ပဉ္စင်းပျိုအား တင်လှူလေ၏။ ကျောင်းတော်ကိုလည်း **တိလောကဂုရု**အမည်ကမ္မည်း**ရေး**ထိုးလျက် ရဟန်းပျိုအားလည်း **တိလောကဂုရု**ဘွဲ့တံဆိပ်ကပ်လှူသည်။ ထိုအခါကစ၍ တိလောကဂုရုဆရာတော်ဟု ထင်ရှားလေသည်။

ဓာတုကထာဋီကာ၊ အနုဋီကာဝဏ္ဏနာ၊ ယမကဋီကာ၊ ပဋ္ဌာနဋီကာဝဏ္ဏနာအဖွင့်ကျမ်းများကို ပါဠိဘာသာဖြင့်စီရင်တော်မူခဲ့သည်။

ရှင်တေဇောဒီပ

ပုခန်းဆက်သာသနာဝင် ရှင်တေဇောဒီပသည် သာလွန်မင်းလက်ထက် **ပရိတ်ကြီး**ဋီကာကို ရဟန်း ၅-ဝါအရစီရင်ခဲ့၏။ မင်းတရားက **တိလောကာလင်္ကာရ**ဘွဲ့တံဆိပ်ကပ်လှူသည်။

အင်းဝ သာလွန်မင်းနှင့် ရာမညရဋ္ဌ၊ ဟံသာဝတီ မွန်မင်းတို့လက်ထက် စာပေပညာ တတ်ကျွမ်းတော်မူကြသော မြန်မာနှင့် မွန်ဆရာတော်များအချင်းချင်း ပညာဖလှယ်ကြရာ၌ အင်းဝနေပြည်တော်မှ ဟံသာဝတီသို့ကြွရောက်ရန် ဝရာဘိသံဃနာယသာသနာပိုင်ဆရာတော် စေလွှတ်ရာတွင် ဤရှင်တေဇောဒီပ ပါဝင်သည်။

ရွှေးချယ်စေလွှတ်ရာ၌ အလင်္ကာရ ပုဂ္ဂိုလ်ကျော်သုံးပါးတို့မှာ တိပိဋကာလင်္ကာရ၊ တိသာသနာလင်္ကာရ၊ တိလောကာလင်္ကာရ(ရှင်တေဇောဒီပ)ထေရ်သုံးပါးတို့ဖြစ်သည်။ ယင်းအလင်္ကာရ ပုဂ္ဂိုလ်ကျော်သုံးပါးတို့က မွန်ရဟန်းတော်များနှင့် ပညာဖလှယ်ကြရာ မြန်မာရဟန်းတော်များ ပိဋကနှင့်တကွ နက္ခတ်ဗေဒင် ကျွမ်းကျင်နိုင်နင်းတော်မူကြကြောင်း သိရှိကြသည်။

— o —

ငါးခုန်ဆရာတော်

ပုခန်းကြီးကျေးလက်တွင် ငါးခုန်ရွာဟူ၍ရှိ၏။ ဋီကာကျော်ဂဏ္ဌိကျမ်းနိဂုံး၌ ငါးခုန်ရွာကို "**မစ္ဆုလ္လဃ်**"ဟု ပါဠိစီရေးခဲ့၏။

"မစ္ဆ = ငါး+ဥလ္လဃ် = ခုန်ခြင်း"ဟု ပထမငါးခုန်ဆရာတော်အဓိပ္ပာယ်ဖွင့်ခဲ့၏။ ယင်းဂဏ္ဌိကို ၁၁၆၉-ခုနှစ် တန်ခူးလဆန်း ၁-ရက် တနင်္ဂနွေနေ့ အပြီးစီရင်ခဲ့၍ စစ်ကိုင်းမြို့ ဒုတိယမင်းခင်းဆရာတော် ရှင်ဝိစာရိန္ဒ၏ ၁၁၈၀-ပြည့်နှစ်အပြီး ဋီကာကျော်

ဂဏ္ဍိကိုထောက်လျှင် ဂဏ္ဍိဟောင်းဖြစ်၏။ ပထမငါးခုန်ဆရာတော်ဘွဲ့ **ရှင်အာဒိစ္စဝံသ** တည်း။ ရာဇဂုရုဘွဲ့တံဆိပ်တော်ရသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဇမ္မူမိတ်ဆွေ ပိဋကပုံနှိပ်တိုက်မှ **ငါးခုန်မဟာဗုဒ္ဓဝင်ကျမ်းကြီး**ကိုသုံးတဲ့အထိ ရောက်နှိပ်ခဲ့ဘူးသည်။

ရှင်ဒီပါလင်္ကာရသည် ဒုတိယငါးခုန်ဆရာတော်ဖြစ်၏။ ၁၁၉၅-ခုနှစ်အပြီး အဖေဂ္ဂုသာရဒီပနီဋီကာနိဿယနိဂုံး၌....

"ချင်းတွင်းမြစ်ကမ်းထိပ်၌ ငါးများခုန်ဆင်းသက်လျှောရာဖြစ်၍ "ငါးခုန်ရွာ" ဟူ၍ရှိ၏။ ထိုငါးခုန်ရွာတောင်မျက်နှာအရပ်၌ ဒါယကာဦးရွှေခဲဆောက်လျှူသော ရွှေဥမင်တိုက်တွင် သီတင်းသုံးတော်မူကြောင်း" ဆိုထားသည်။ ၁၁၈၇-ခုအပြီး သဒ္ဒါကြီး ဂဏ္ဍိကျမ်း သုမနာစာရမည်ဉာဏ နေရင်းဆရာတော်တောင်းပန်၍ ၁၂၀၀-ပြည့်အပြီး ဝုတ္တောဒယနိဿယ၊ မဟာဇောဓိဝံသနိဿယကျမ်းစသည်တို့ကို စီရင်ခဲ့သည်။

"ဒီပါလင်္ကာရာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော် အလျှူခံရသည်။ ပုဂံမင်းလက်ထက်(၁၂၁၀) ဒုတိယ ဗားကရာဆရာတော် ရှင်ပညာဇောတအား သာသနာပိုင်တင်သည့်အခါ တံဆိပ်တော်ရန္ဒစ်ကျိပ်တပါးတို့တွင် တပါးပါဝင်ကြောင်း သုသောဓိတရာဇဝင်ကြီး၌ ဖေါ်ပြထားသည်။

အဖေဂ္ဂုသာဒုဒီပနီဋီကာပါဠိကို ပဲခူး ဟံသာဝတီ ဆင်ဖြူများရှင်(၉၀၂)လက်ထက် သမီးတော်သီဝလိဒေဝီဆရာ တိပိဋကဓရမဟာသုဝဏ္ဏဒီပဆေရိစီရင်သည်။ အကာစွန်၊ အနှစ်ကိုယူ၍ ဖွင့်ပြသောကျမ်းဟု အဓိပ္ပာယ်ရှိသည်။

o .... o .... o

ငါးခုန်မျက်ခမ်း

"စာတတ်ငါးခုန်၊ စာစုံမကျည်းတော၊ စာပြောသဲအင်း" ဟူသော ဥဒါန်းစကားနှင့်အညီ ပထမငါးခုန်ဆရာတော်မှာ ပိဋကနှံ့တော်မူလှ၏။ ပိဋကတတ်မြောက်ရခြင်းအကြောင်းရင်းကို ဖေါ်ပြလိုသည်။ ပထမငါးခုန်လောင်းလျာ ငယ်ရွယ်စဉ်ရှင်ဘဝက မိခင်ကြီးအားလုပ်ကျွေးပြုစုရန်အတွက် လူထွက်ခဲ့၏။ ရှင်လိင်ပြန်ဘဝတွင် အပျိုကြီးမအေးနှင့်ရည်ငံသည်။ မအေးအား ချစ်ရေးဆိုသောအခါ....

"သင့်လို မျက်ခမ်းတာတေရမ်းကို ငါမမှန်းနိုင်" ဟု ရင့်သီးစွာဆိုသည်။ ငါးခုန်မှာ မျက်ခမ်းစပ်၏။ အရပ်ပု၏။ ခေါင်းတခုလုံး ဒက်ခြေးအပြည့်ရှိ၏။ အသားမည်း၏။ အရုပ်ဆိုးသောငါးခုန်အား အပျိုကြီးမအေးက ခါးခါးသီးသီးငြင်းလိုက်ခြင်းဖြစ်သည်။

ဤသို့ အရှက်တကဲ့ငြင်းဆိုလိုက်ရာ မိခင်ကြီးလည်းကွယ်လွန်၍ ရှင်သာမဏေဝတ်ပြုန်သည်။ နောက်ရဟန်းဖြစ်ပြီးလျှင် စာတတ်ပုဂ္ဂိုလ်ကျော်ဖြစ်လာသည်။ အင်းဝနေပြည်တော်မှငါးခုန်ရွာသို့ပြန်ကြွလာပြီးလျှင် မိမိစာတတ်ရခြင်းမှာ အပျိုကြီးမအေးကြောင့်ဖြစ်၍ **မအေးအား** ပစ္စည်းဝတ်ထည်များစွာပေးလျက် ကျေးဇူးဆပ်လေသည်။

o .... o .... o

အပရေငါးခုန်မျက်ခမ်း

ငါးခုန်ဆရာတော်မှာ မျက်ခမ်းစပ်သဖြင့် ပိဋကကျမ်းတတ်ပုဂ္ဂိုလ်တို့က ငါးခုန်ရှင်အာဒိစ္စဝံသအား "**အပရေငါးခုန်မျက်ခမ်း** တာတေရမ်းတို့သည် ဝဒန္တိကိရ ဆိုကုန်သတတ်" ဟူ၍ စကားစဉ်ရှိ၏။ အလေးပြုကျမ်းတတ်ပုဂ္ဂိုလ်အား "အပရေ-တန်းတူအားဧကေ၊ မိမိအောက် အရည်ချင်းယုတ်သူအား ကေစိ, ဟူ၍ သုံးစွဲကြ၏။ ထို့ကြောင့် "**ကေစိဧကေ၊ အပရေ၊ မြတ်လေစဉ်တိုင်းသာ**" ဟူ၍ မှတ်တမ်းတင်ခဲ့ကြသည်။

ပထမ ငါးခုန်ဆရာတော်သည် ပရမတ္ထသူဒနီမည်သော ခုဒ္ဒကပါဋဌီကာ (ပါဠိကျမ်း)ဗုဒ္ဓဝင်အဋ္ဌကထာနိဿယ မူလပဏ္ဏာသပါဠိတော်နိဿယကျမ်းတို့ကိုလည်း စီရင်သည်။

o — o — o

ဆင်တဲဆရာတော်

ပုခန်းဆက်သာသနာဝင်တွင် ဆင်တဲရွာမှ ကျမ်းတတ်ပုဂ္ဂိုလ်ကျော်များလည်းပေါ်ထွက်လာသည်။ ပထမဆင်တဲဆရာတော် **ရှင်ဉာဏသဒ္ဓမ္မအား** ဘိုးတော်လက်ထက် **မောင်းထောင်သာသနာပိုင်**သည် လွန်စွာအလေးပြုခြင်းခံရသည်။ **ရွှေခြေသော့ မင်းနှစ်ပါး** ဟူ၍ပင် ခေါ်ဆိုကြ၏။ ဝိနည်းအဋ္ဌကထာကျမ်းများကို ဂဏ္ဌိပြုစုရာ၌ သာသနာပိုင်ကျေနပ်တော်မူလှ၏။ သာသနာပိုင်သည် ဝိနည်းအဋ္ဌကထာဂဏ္ဌိများကို ရေးရန်ကြံရွယ်ထားသော်လည်း ဆင်တဲဂဏ္ဌိရှိပြီးဖြစ်၍ "နေနှစ်စင်း မထွက်ပေါ်စကောင်း" ဟုဆိုကာ ရေးလက်စကို ရပ်ဆိုင်းတော်မူ၏။

ပထမဆင်တဲဆရာတော်မှာ ၁၁၀၆-ခုဖွား၊ ငယ်မည် ဦးရွှဲတည်း။ "ဉာဏာလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်အလှူခံရသည်။ ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာနိဿယ၊ နာမရူပပရိစ္ဆေဒအဋ္ဌကထာနိဿယ၊ အသီတိနိပါတ်ဇာတ်အဋ္ဌကထာနိဿယ

ဝိနည်းငါးကျမ်းအဋ္ဌကထာဂဏ္ဌိ၊ ဗန္ဓသူရိယဂဇ်ဒီပနီစသောကျမ်းတို့ကို စီရင်တော်မူသည်။

ဆင်တဲ့ရွာမှ ပုဂ္ဂိုလ်ကျော်များ အသီးသီးပေါ်ထွက်ခဲ့ရာ **ဒုတိယဆင်တဲဆရာတော်** ဘွဲ့မှာလည်း အင်္ဂါနံရှင်ဉာဏာလင်္ကာရဖြစ်၏။ ပုခန်းကြီးမြို့ကျေး ကျေးကန်ရွာဇာတိ၊ အာဘ ဦးမြတ်စံ၊ အမိ ဒေါ်နိုးတို့ဖြစ်၍ ၁၁၆၂-ခုနှစ် ဝါဆိုလဆန်း ၁၁-ရက်နေ့ အင်္ဂါဖွားတည်း။ ငယ်မည်မောင်သာနိုးဟုခေါ်၏။ ပုဂံမင်းလက်ထက် ပေါက်မြို့ငြိုစား အတွင်းဝန်ဦးမှုံက အမရပူရရွှေမြို့ဇေတဝန်မြောက်အရပ်၌ ဆင်တဲတိုက်အတွင်းလေးထပ် ကျောင်းတော်ကြီး ဆောက်လှူသည်။

မင်းတရားက ဉာဏာလင်္ကာရ သီရိပရမဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရုတံဆိပ်တော်လှူသည်။ ဒုတိယဆင်တဲဆရာတော်ဟု ထင်ရှားသည်။ စတုတ္ထဆင်တဲကရာတော်ဦးတိန်း၊ ဘွဲ့ ရှင်နာဂိန္ဒာဘိဝံသ ဆင်တဲဆက်တွင် ထင်ရှားသည်။ သင်္ဂြိဟ်အရ ကောက်ဆိုရိုးကျမ်းကို လူအများသည် ဦးတိန်းအရကောက်ကျမ်းဟု အသိများကြသည်။ ဆင်တဲမူဗေဒင်လက်ရိုးကျမ်းများမှာ ဆင်တဲဆရာအစဉ်အဆက်တို့၏ နယ်ပဒေသတို့ဖြစ်သည်။ မန္တလေးမြို့တွင် ဆင်တဲတိုက်သည် ပထမ ဆင်တဲဆရာစဉ် သီတင်းသုံးခဲ့ရာ အမရပူရနေပြည်တော် ဆင်တဲတိုက်မှ ခွဲထွက်ပေါက်ပွားသော ဌာနများပေတည်း။

o .... o .... o

နေရင်းဆရာတော်

သာသနာမျိုးစေ့သန်ရာ ပုခန်းကြီးကျေးလက်နေရင်းရွာရှိ၏၊ ပထမ နေရင်းဆရာတော် ရှင်အရိယာလင်္ကာရသည် ၁၀၇၀-ပြည့် ဝမ်းဘဲအင်းစံမင်းနှင့် စနေမင်းလက်ထက်များတွင် စာတတ်ပုဂ္ဂိုလ်ကျော်အဖြစ် ထင်ရှားသည်၊ နေရင်းရွာမြောက်အရပ်၌ မဏိရတနာကျောင်းတိုက်၌ သီတင်းသုံးခဲ့၍ "နေရင်းမဏိရတနာဆရာတော်" ဟု တွင်၏။

အနက်မြန်မာသန်သည်။ စာရေးဝါသနာကြီးသည်။ သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယကို အောက်ပြည်အောက်ရွာသို့ လှေဖြင့်စုံရင်း ယင်းလှေပေါ်မှာပင်ရေးခဲ့ကြောင်း ဆို၏။

ပါဠိုအဋ္ဌကထာ ဋီကာနိဿယကျမ်းပေါင်း ၃၀–ခန့် အနက်မြန်မာ ပြန်ဆိုသည်။ ဋီကာကျော်နိဿယများတွင် နေရင်းမူသည် အကောင်းဆုံးဟု ဆိုစမှတ်ရှိသည်၊

နေရင်းရွာဇာတိ၊ ၁၁၆၅-ခုဖွား၊ နေရင်းပုဗ္ဗာရုံဆရာတော် ရှင်သာရဒဿီသည် အင်း၀ ဆင်ဖြူရှင်မင်းလက်ထက် အရံဂိုဏ်း၀င် ငါန်းမြောဆရာတော် ရှင်ပညာသာရ တပည့်တည်း။ ဓါတုကထာ ယောဇနာပါဠိနှင့် အဋ္ဌကထာနိဿယများစွာ စီရင်ခဲ့သည်။ ဉာဏ်ပညာထက်လှသည်ဟု ဆို၏။

၁၁၃၆–ခုနှစ်ဖွား၊ နေရင်းဇာတိ ရှင်ဇယန္တသည်လည်း စာတတ်ကျမ်းပြူ ဆရာတော်ဖြစ်၏။ ဋီကာကျော် နိဿယ မူရင်းမူကျယ်စီရင်သော ၁၁၃၆–ခုဖွား၊ လူမည် ဦးကွယ်၊ ဘွဲ့ရှင်ဇနိန္ဒ၊ (ဇနိန္ဒာဘိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု) ဆရာတော်သည် နေရင်းရွာဇာတိဖြစ်၍ ကျမ်းပေါင်းများစွာ နိဿယပြန်ဆိုခဲ့သည်။

ဆို့ပြင် မဏ်သာရဓမဟာ ဓမ္မရာဇာဓိရာဇဂုရု ဝက်ခုတ်ဆရာတော်။ သဒ္ဒါကြီးနန်းကျောင်းမူ နိဿယကိုစီရင်သော အဂ္ဂဓမ္မာလင်္ကာရ မဟာဓမ္မရာဇာ ဓိရာဇဂုရု ဘလဟာရွာနန်းကျောင်းဆရာတော် သုစိတ္တာလင်္ကာရကျမ်းကိုစီရင်သောငါးရန့်အို့ရွာ ဘိုးသူတော်၊ အဘိဓမ္မတ္ထသင်္ဂဟဒီပနီပါဠိတ္ထကိုစီရင်သော ပန်းလှဘွဲ့ဆရာတော် ရှင်သီလာစာရ စသည်ကို့ မှာလဲ့သည်း ပုခန်းဆက်သာသနာ၀င် ပုဂ္ဂိုလ်ကျော်များဖြစ်သည်။

.... ○ .... ○

ရေစကြိုရှင်ဝရသမ္ဘဝဓိ

ရေစကြိုသည် ရှေးက သာမန်ရွာကြီးမျှသာဖြစ်သည်။ ပခုက္ကူမုံရွာ ရေလမ်းကုန်းလမ်းဆုံရာ ချင်းတွင်းမြစ်ကမ်းဌ် တည်ရှိသည်။ အင်္ဂလိပ်အစိုးရလက်ထက် ရုံး၊ ဂတ် စသည်ထားရှိ၍ မြို့ဖြစ်လာသည်။ ရေစကြို **ရှင်ဝရသမ္ဘဝဓိနှင့် ရှင်ဂန္ဓသာရ** ပုဂ္ဂိုလ်ကျော်နှစ်ပါးတို့ကိုအမှီပြု၍လည်း ပို၍ထင်ရှားသည်။ မင်းအိုတိုက်နှင့် အောင်မြေသာယာလေဌေးတိုက်ကြီးများအကြောင်းပြုသဖြင့် ရေစကြိုကို လူသိများသည်။

ဘိုးတော်လက်ထက် မင်းအိုသာသနာပိုင် သီတင်းသုံးခဲ့ဘူးရာဖြစ်၍လည်း မင်းအိုတိုက်ဟု ကျော်စောသည်။

"ပုခန္ဒနဂရေ- ပင်လယ်လှိုင်းလိပ်၊ ရေနိမိတ်ကို၊ တံဆိပ်တန္တဲ့။ ကသိုဏ်းရှုရှု၊ ပြုစုရှက်ဆောင်၊ ခိုနန်းတောင်သို့၊ တည်ထောင်ထူးဆန်း၊ မြို့ပုခန်း၌။

သလွာဝတီ၊ တင်္ခဲ့ဌိတေ- သလွာဝတီ၊ မြရည်ရောင်ဆင်း၊ ချင်းတွင်းမြစ်ဦး ကမ်းနဖူး၌တည်ရှိသော ရိစဂဟမဟာဂါမေ ကျောဘွာစည်သူမင်းနှစ်ဆူတို့ လူ အမျှး၏ စီးပွားထွန်းအောင် မြစ်ရေတောင်ကို တူးဆောင်ကြို့ဆိုရာဖြစ်ခြင်း ကြောင့် "ရေစကြို့ဟူသည်၊ ခေါ်မည်တူးဆန်း ပုခန်းဆီမီး ရွာမြတ်ကြီး၌" ဟူ၍ မင်းအိုကျောင်းတိုက်အတွင်းရှိ ရတနာမဉ္ဇူသာ မဟာသိမ်တော် မော်ကွန်းကျောက်စာ ကို ရေစကြို့ရှင်ဝရသမ္မောဓိ ရေးထိုးခဲ့သည်နှင့်အညီ ချင်းတွင်းမြစ်မှ ကျောဘွာနှင့် စည်သူမင်းညီနောင်တို့မြစ်ရေ,ရရန် တောင်ကိုတူးဖေါ်ဆောင်ယူပြီးလျှင် ရေကိုစ၍ကြို့ယူ သယ်ဆောင်ရာဖြစ်သော ဗျူပွတ်အရ "ရေစကြို့" ဟု ဖွင့်ဆိုထားသည်။

ရေစကြို့ဇာတိဖြစ်၍ ရေစကြို့ ရှင်ဝရသမ္မောဓိဟူ နာမည်သတင်းကျော်စောခြင်း ရှိခဲ့သော ဆရာတော်သည် ရှင်သာမဏေအရွယ်ကပင် လာသနာတော်၌ ထင်ရှားခဲ့သည်။

ပန်းဒူးဆရာတော် ဦးဥတ္တမရံသီတပည့်ဖြစ်သည်။ ပန်းဒူးဆရာတော်ကား မင်းတုန်း မင်းတရားကြီး၏ ငယ်ဆရာတဆူဖြစ်သည်။ ဖြစ်ကြောင်းကို အောက်တွင်ဖေါ်ပြခဲ့ပြီးပြီ။ ပန်းဒူးဆရာတော်၏ ကျမ်းပေါင်း ၃၀—ခန့်အနက် ရှင်တိပိဋကနာဂနိယံဋီကာပါဠိ၊ နယလက္ခဏ ဝိဘာဝနီဋီကာပါဠိ၊ အဘိဓမ္မတ္ထသင်္ဂဟဝိကာသနီပါဠိ စသည့်ပါဠိကျမ်းမျှး လည်း ပါဝင်၏။

ရှင်တိပိဋကနာဂနိယံဋီကာပါဠိနိဂုံး၌

"နိဗ္ဗာနံ ပါရံ ဂန္တ်ုကာမာနံတရတ္တာနိဗ္ဗာနတိတ္ထနာမဝိဟာရာနံ ပထမ တိတ္ထနာမဝိဟာရ ဝါသိကမဏိမာလာထေရကောဂရုဏာဂရုဇယတံမမေသော ယသပွဘဝမလမ္မ-" စသောပါဠိနှင့်အညီ နိဗ္ဗာန်ဆိပ်ဦး ကျောင်းတိုက်ဆရာတော် မဏိမာလာထေရ်၏တပည့်ဟူ၍ ပန်းဒူးဆရာတော်ကိုယ်တိုင် ရေးသားခဲ့သည်။ ဟင်္သာတ မြို့မြစ်ကွေ့ဆရာတော်မှတ်စုံ၌လည်း....

"မဏိမာလာ မဟာထေရ်တပည့် ပန်းဒူးဆရာတော်သည် ရေစကြို့ ဦးဝရသမ္မောဓိ၏ ငယ်ဆရာတည်း—" ဟု ရေးထားသည်ကိုတွေ့ရသည်။ ပန်းဒူးကို ပန်းထူးဟု ကိုယ်တိုင်ရေးခဲ့သော—

"ပန်းထူးတိဝှယသရေမိန်တိဝှယသ" စသည်ဖြင့် ယင်းနိယံဋီကာနိဂုံးအရ ပန်း ထူးနှင့် ရေမိန်ရွာတို့အလယ်၌ ကျောင်းရံ တဆယ့်တစ်ကျောင်းတို့ရံလျက် တောရစကြန် ကျောင်းတွင်နေစဉ် ယင်းဋီကာပါဠိကို စီရင်ခဲ့သည်ဟု ဖေါ်ပြထားသည်။

ပန်းဒူးဆရာတော်၏တပည့်ဖြစ်ခဲ့သော ရှင်ဝရဿမွေဝခီသည် ပုခန်းကြီးမြို့မြောက်လက် ရေစကြိုနယ်ချောင်းဆုံတွင်သော ရွာငယ်ရွာဇာတိ၊ အဘ-ဦးလူမော၊ အမိ ဒေါ်မင်းတုတ်တို့ဖြစ်၍ သက္ကရာဇ် ၁၁၇၅-ခုနှစ် နတ်တော်လဆန်း ၆-ရက် ဗုဒ္ဓဟူးနေ့ဖွား ဟူသည်။

မွေးချင်းသုံးယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်မည် **မောင်စံဘော်**၊ မိဘနှစ်ပါးဆင်းရဲလှ၍ ငယ်ရွယ်စဉ်က ပညာသင်ယူခြင်း မပြုနိုင်ခဲ့ပါ။ သူ့စာပါးနွားများကို အငှားကျောင်းရသည်။ စာပေနှင့် မထိတွေ့နိုင်သော်လည်း တော တောင်များ၊ တိရစ္ဆာန်များနှင့် ရင်းနှီးထိတွေ့နေရသည်။ တောအလှ တောပန်းတို့နှင့် အကျွမ်းဝင်ခဲ့သည်။ ထိုခံစားချက်များကို **"လောကစာတ်ပုံမြကြေးမုံ"** ကဗျာကျမ်း စာစောင် ဖွဲ့ဆိုနိုင်ခဲ့သည်။

"ငှက်ကညာတို့၊ ဘံသာသီချင်း၊ ရွှေနားသွင်း၍၊ ခြေရင်းနိစ္စ၊ ဖျော်ဖြေရသည့်၊ ငှက်လှရွေစင်၊ ဘုရင်ငှက်မူး" ကဲ့သို့သောအဖွဲ့မျိုး။

"နှင်းတပြိုက်ပြိုက်၊ ပူအိုက်မစုမ်း၊ ပန်းတကြိုင်ကြိုင်၊ လိုင်တမွှေးမွှေး ကျေးတကြွက်ကြွက်၊ ကြက်တကျော်ကျော်၊ ဇင်ယော်ဝမ်းဘဲ၊ ပျံဝဲတုံ့ခေါက်၊ မျောက်တအူအူ၊ချစ်သူရှင်ပေါင်း၊ ဒေါင်းတတောက်တောက်၊ ချေကဟောက်၍၊ ကြောက်သည့်အသွင်၊ မင်ဘိုဘိုမျိုး ချိုးတကူကူ ငူတည့်ညံ့၊ ကြုံတဟိုဟို၊ ခိုတညီးညီး၊ ငုံးလည်းစိမ်းခါ၊ ခါတတက်တက်၊ ဝက်တရုပ်ရုပ်၊ ဘုတ်တအီအီ၊ စာနီစာစိမ်း၊ မိန်းတပြီပြီ၊ ရွှေပြည်စိုးနှင့်၊ မိုးသပိတ်လွယ်၊ သံကျယ်သံသေး၊ မြေခွေးအုတ်အုတ်၊ ဒီးဒုတ်တိုးတိုး၊ သိုးတဆပ်ဆပ်၊ သင်းခွေချပ်လည်း၊ ဖျပ်ဖျပ်ဟစ်သံ၊ ဖျံလည်းများပြား၊ ကျားလည်းထစ်ထစ်၊ ငဟစ်မူးမူး၊ တီတူးကြော်ကြော်၊ ခွေးခေါ်ရစ်လည်း၊ ဟစ်သည်ယောက်ဘ၊ နွားကဘဲဘဲ၊ ကျဲကသွဲသွဲ ဖေါ်မဲ့သည်သွင်၊ ဆင်မှာကူဥာ၊ မြင်းဟလာနှင့်" ဟူ၍တဖုံ။

"လိုဏ်ဂူမှာလည်း၊ ဝိဇ္ဇာတပသီ၊ ဆေးဇော်ဂီတို့၊ ဝသီအလို၊ ဖိုးသဲရှူးရှူး၊ တဖြူးဖြူးနှင့်၊က,မြူးကြလာ၊ ကိန္နရာလည်း၊သံသာသီချင်းသီတင်းသိမ်မွေ့၊မြတ်ရသေ့လည်း၊ငြိုးငွေ့လူ့ဘောင်၊ကာမရှောင်၍၊မြိုင်ချောင်ခိုမှီ၊ "ပထဝီကသိဏ်" ရွတ်အံစီးဖြန်း၊ ကမ္မဋ္ဌာန်းသံ၊ ညံတစီစီ၊ တနာရီမျှ၊ သံညီသံညီမှ်၊ သံအိမ့်သံဖြတ်၊ သံမလတ်သည်၊ တောရပ်ဟိမဝါ၊ သခ်ျာပြန့်မော၊ အပြောသုံးထောင်၊ မြိုင်ချောင်သာယာ၊ တောကန္တာမှ၊ လက်ျာညွတ်ညီ၊ မေဒနီထက်၊ ဇမ္မူဒီ,ကျွန်းကြီးတည်လေသည်" ဟူ၍လည်းတဝ၊ စကားလုံးလှပယဉ်ကျေးညက်ညောသာယာစွာ ဖွဲ့စီထားသည်။

"သီလာစန္ဒန၊ သုပဏ္ဏဂီရိ၊ မည်ရှိငါးလုံး၊ တောင်ရံဖုံးလျက်၊ နတ်သုံးရေကန်၊ အိုဆဒ္ဒန်ကား၊ မြလျှံရည်နှေ၊ ဇရစ်တောနက်၊ ရေခတက်က၊ မြရွက်ခေါ်ဆို၊ ရေပန်းညိုက...." ဟူ၍လည်းကောင်း။

"မှော်သေးတသီး၊ မှော်ကြီးတသွန်၊ မှော်ချန်ပဒုမ္မာ၊ ကြာညိုပုဏ္ဏရိက်၊ ကြာတံဆိပ်ကြာခေါင်းလောင်း၊ နီမောင်းကြာဖြူ၊ ဆူဆူသာမော၊ ကြာနီတောနှင့်" ဟူ၍လည်းကောင်း။

"သံပိုင်းမော်ကွန်း၊ ဖြူဝန်းဖြန့်ကြက်၊ ကနက်ကဒန်၊ ရောင်လျှံညီးညီး၊ ထီးအဆန်းဆန်း၊ နန်းအတည်တည်၊ ပြည်အစို့စို့၊ မြို့အဆိုင်းဆိုင်း၊ တိုင်းအသီးသီး၊ ပဲ့ဝးစီးများမြောင်...." ဟူ၍လည်းကောင်း ဖွဲ့ဆိုမှု သုတိသာ၍ အလင်္ကာဂုဏ်မြောက်လှခြင်းမှာ ငယ်ရွယ်စဉ်က တောတောင်စသော လောကနှင့် ထိတွေ့ထင်ဟပ်မှုခံစားချက်များ မဟုတ်ပါလား။ ဤ**လောကဓာတ်ပုံမြကြေးမုံကျမ်း**ကို ဆရာတော်ဖြစ်လာ၍ ရေစကြိုအောင်မြေသာယာတိုက်၌ သီတင်းသုံးစဉ်က စီရင်ခဲ့သည်။

မောင်စံဘော်အသက် ၁၃-နှစ်အရွယ်ရေစကြိုယုန်းကျောင်းကိုရင်ကြီးဦးသာလှုးက သာမဏေအဖြစ် ချီးမြောက်သည်။ ဘွဲ့ **ရှင်ရေဝတ**ဟူ၏။ ရှင်သာမဏေအဖြစ်ဖြင့် ပန်းဒူးဆရာတော်အထံ၌ ပညာသင်ယူပြီး နေပြည်တော်သုဓမ္မာစာပဲ့သဘင်တွင် အရွယ်နှင့်မလိုက်အောင် တတ်မြောက်နေသော်ပညာစွမ်းကို သုဓမ္မာဆရာတော်ကြီးများ မေးမြန်းသိတော်မူကြ၍ ရှင်ရေဝတမှ ရှင်ဝရသမ္မောဓိဘွဲ့အမည်သစ် မှည့်ခေါ်သည်ကစ၍ ထင်ရှားခဲ့သည်။

ရှင်သာမဏေဘဝကမြေဖြူကျင်းရွာဆရာတော်**ခင်ကြီးအုပ်**ထံတွင်လည်းကောင်း၊ ရေစကြို မင်းအိုတိုက်ဆရာတော်ထံတွင်လည်းကောင်း၊ ပုခန်းပန်းဒူးဆရာတော်ထံတွင်လည်းကောင်း၊ ပိဋကနှင့် နက္ခတ်ဗေဒင် လက်ာအဖွဲ့များ တက်မြောက်ခဲ့သည်။ သာမဏေဘဝက မင်းအိုတိုက်တွင်နေစဉ် အဘိဓမ္မတ္ထဂဏ္ဌိကျမ်း(ရေစကြိုဂဏ္ဌိလည်းခေါ်) ကိုစီရင်ခဲ့သည်။

အသက် ၂၀-ပြည့်လျှင် ရေစကြိုကိုဏ်းအုပ်ဆရာတော်ရှင်ဝိစိတ္တာလင်္ကာရထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းဖြစ်သည်။ ရဟန်းတဝါအရ ရေစကြိုမြို့အနီး ဖောင်တော်ပဲ့ဧစတီပြုပြင်၍ ကျောက်စာရေးစိုက်ထူခဲ့သည်။ ထို့နောက် အမရပူရနေပြည်တော်ဗားကရာကျောင်းတိုက် **ဒုတိယဗားကရာဆရာတော်** ရှင်ပညာဇောတအထံ၌ ပညာဆက်လက်သင်ယူသည်။ သာသနာပိုင်တိုက်တွန်း၍ ထေရဂါထာအဋ္ဌကထာနိဿယကို စီရင်သည်။ ထိုမှတဆင့် ရေစကြိုမင်းအိုတိုက်သို့ ပြန်လည်သီးတင်းသုံးသည်။ မင်းအိုတိုက်ကား ရှေးသာသနာပိုင်များသီတင်းသုံးရာ ဌာနပေတည်း။ ရေစကြိုရှင်ဝရသမ္မောဓိဟုလင်္ကာရှင်လေသည်။ ရေစကြိုဇာတိ၊ ဇင်းကြီးမဟာမင်းလှသကြီး၊ ခုံမင်းကြီးဦးမှိုင်း

(ရန္တမိတ်ကျော်ထင်)နှင့် ဦးတိုက်ကျော်တို့က သဒ္ဓါကြည်ညိုကြ၍ ၃-ထပ်တိုက်ကျောင်းတော် ဆောက်လှူကိုးကွယ်ကြသည်။

ရဟန်းသိက္ခာ ၁၀-ဝါအရ သာယာဝတီမင်းတရားလက်ထက်(၁၂၀၅-ခုနှစ်ခန့်) ရေစကြိုဂိုဏ်းအုပ်အဖြစ် ခန့်တော်မူခြင်းခံရသည်။

"**ဝရသမ္မောဓိနာမကံ**—ဝဲရသမ္မောဓိ၊ သီရိမင်္ဂလာ၊ သာဓုသာသုတိရှိသော၊ အာစရိယံ—**ဂဏာဝပါမုက်ဂိုဏ်းအုပ်အကျော် ဆရာတော်**ကို..." စသည်ဖြင့် ၁၂၁၄-ခုနှစ်ထိုး ရွှေလဝင်းကျောက်စာအရ ထင်ရှားသည်။

ရွှေလဝင်းစေတီတော် ဒါယကာများမှာ ရေစကြိုခုံမင်းတရားသူကြီး ဦးမိုင်းမင်းကတော် မင်းနှင်းစိတ္တိုဖြစ်၏။ ယင်းစေတီကျောက်စာ ပဏာမဂါထာကဗျာဉာဏ်ကွန့်မြူးထားချက်ကို မူရင်းအတိုင်း ကောက်နုတ်ပေါ်ပြလိုသည်။

အဂ်ီရသ,သုသိဒ္ဓတ္ထ၊ ရဝိဗန္ဓု, မုနိဿီဟ၊
သုဒ္ဓေါဓန,သုမာရဇ္ဇဂေါတမ,တေပဒံဝန္ဒေ။ ။

အဂ်ီရသ—ဇမ္မူနဒ၊ ကဉ္စနန္ဒိုင်းလျော်၊ ရွှေကိုယ်တော်မှ၊ နေလသောင်းထောင်၊ မကပြောင်သည့်၊ အရောင်ပြိုးပြက်၊ ထွန်းပေါ်ထွက်၍၊ အဂ်ီရသ၊ နာမကျော်ဟိတ်၊ တံဆိပ်တော်ရှိထသော....။

သုသိဒ္ဓတ္ထ—လူသုံးမျိုးတို့၏၊ ကောင်းကျိုးကေန်၊ ပြီးကြောင်းမှန်၍၊ ဘုန်းလုံသိဒ္ဓတ်၊ မင်းမြတ်တဆူဖြစ်ထသော၊ ရဝိဗန္ဓု၊ အာဒိစ္စဗန်၊ ဝင်းဝင်းလုံသည့်၊ ရံသို့မသဟ္ဒဲ၊ နေနတ်မင်း၏ ဆွေရင်းမျိုးစစ်ဖြစ်ထသော၊ မုနိဿီဟ—မုနိငါးဆူသယမ္ဘူတို့၊ မှန်ကူသျှောင်ထွတ်၊ တမွတ်မကိုင်္ဂတဆူဖြစ်တော်မူထသော....။

သုဒ္ဓေါဓနသုမာရဇ္ဇ—သုဒ္ဓေါခေါင်ခေါင်၊ ရွှေတောင်သနင်း၊ မင်းမာယာ၏ ရွှေရင်တော်နှစ်၊ သားတော်အစစ်ဖြစ်သော၊ ဂေါတမ—ဂေါတမမြတ်စွာဘုရား....၊ တော-ရှင်ပင်ဘုရား၏၊ ပဒံ-တရာ့ရှစ်ကွက်၊ စက်လက္ခဏာ၊ အင်္ဂါဖြိုးပုံ၊ ခြေတော်အစုံကို၊ အဟံ-အက္ခန့်ပ်သည်၊ ဝန္ဒေ-သဒ္ဓါမြတ်နိုး၊ ရှိခိုးပါ၏ဘုရား....။

ကဗျာဉာဏ်ကွန့်မြူးရာ"**ဆဗ္ဗဒိသပ္ပျိ**" စာမူရှိသည်ဆိုသော်လည်း မတွေ့ကြရပါ။ "**လူ့လောကဓံပုထုဇန်မှာ**"ခြို ဆုံးမစာမျိုး မေတ္တာစာမျိုးများရေးဖွဲ့ခဲ့ကြောင်း ပုရပိုက်ဟောင်းတခု၌ တွေ့ရဘူးသည်။

၁၂၁၉-ခုနှစ် တပေါင်းလပြည့်ကျော် ၆-ရက်နေ့တွင် ဆရာတော် သက်တော် ၄၄-နှစ်အရွယ်သို့ရောက်လျှင် ပုခန်းကြီးမြို့နယ် လေးပြင်လေးရပ် သံဃာတော် ၃၃၀၀-ကျော်တို့၏ အကြီးအချုပ် ဂဏာစရိယဂဏပါမောက္ခအဖြစ် မင်းတုန်းမင်းတရားကိုယ်တိုင် နန်းတော်သို့ပင့်၍ စာချုန်တော်နှင့်တကွ ဆက်ကပ်တော်မူသည်။ မင်းတရားကြီး

ဂရု.မှောက်တော်၌ တံဆိပ်တော်ရ ဆရာတော်ကြီးများက ရှင်ဝရသမ္မောဓိအရည်အချင်းကို (၇)ရက်တိုင်တိုင်မေးရာ မေးတိုင်းဖြစ်မှန်းနိုင်သည်ဟု ဆိုကြ၏။

ဆရာတော်ကလည်း မူလဋီကာမဟာနိဿယကျမ်းပြီးနိဂုံး၌လည်း ၅၇-ဂါထာစီကုံး၍ ယင်းအကြောင်းအရာများက ကိုယ်တိုင်ဖေါ်ညွှန်းထားသည်။ ၁၂၂၆-ခုနှစ်တွင် ခုံမင်ကြီး ဦးမြိုင်းမင်းနှင်းစိတ္တိကုသိုလ် ရွှေလဝင်းစေတီတော်အတွင်း ရတနာမဉ္ဇူသိမ်တော်ကြီး ဦးဆောင်သမုတ်၍ မော်ကွန်းကျောက်စာစိုက်ထူလေသည်။ ၁၂၃၀-ပြည့် ရေစကြိုလေးရွာအပါအဝင် ပန်းတော်တင် (ယခု ပန်းတော်တင်အရပ်)တောင်မျက်နှာ၌ အောင်မြေဘုံသာတိုက်ကြီး တည်ထောင်သိတင်းသုံးသည်။ စားတော်ဝန်ဦးခဲသည်လည်း ယင်းတိုက်အတွင်း ကျောင်းကြီးတဆောင်ဆောက်လှူသည်။ ဆရာတော်တည်ခဲ့သော ကျောက်တိုက်သည် ယခု အောင်မြေသာယာသေဋ္ဌေးတိုက်အဖြစ် ထင်ရှားနေသည်။

ရှင်ဝရသမ္မောဓိစီရင်ပြုစုခဲ့သောကျမ်းစာများကိုတွေ့ရှိရသမျှဖေါ်ပြရလျှင် ဆုဇဝသတီပါဋ္ဌိနိဿယ၊ ဒီဋ္ဌိဝိနိစ္ဆယ၊ သံဝေဂကမ္မဋ္ဌာန်းကျမ်း၊ မူလဋီကာဝိသတိဂါဟာမဟာနိဿယ၊ ထေရဂါထာအဋ္ဌကထာနိဿယ၊ အဘိဓမ္မတ္ထသင်္ဂဟ်ကဏ္ဍီ၊ သမာသာဒိသုတ္တမဟာနိဿယ၊ ပဋ္ဌာန်ဝိနိစ္ဆယကျမ်း၊ သာသနဇျုတဟာကျမ်း၊ ဥပသမ္ပဒအနုသာသနပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ယထာဘူတဉာဏဝိကာသနီကျမ်း၊ မနောဒဿ်ဒီပနီ၊ ဝိပဿနာစာရဒီပနီ၊ ဝံသာနုက္ကမဒီပနီ၊ သုတသာရကျမ်း၊ သာဓုဇနမနောဟရီကျမ်း၊ လောကဓာတ်ပုံမြင်ကြေးမုံကျမ်း၊ အလင်္ကာကျမ်း၊ ဇာတိထေရပွတ်တိကောသလ္လဒီပနီ၊ စိတ္တဒီပနီ၊ ဂမ္ဘီရဝိပဿနာကျမ်း၊ ဝိနိစ္ဆယအာဒါသမုခကျမ်း၊ ကထိနပုစ္ဆာဝိသဇ္ဇနာ၊ မဟာသီမာသိလာလေခနကျမ်း၊ ရေစကြိုတရားစာများ၊ သြဝါဒမေတ္တာစာများ၊ ပျို့ကဗျာလင်္ကာများနှင့် ကျမ်းပေါင်း ၆၄-ကျမ်းကျော် ပြုစုစီရင်တော်မူခဲ့သည်မှတ်တမ်းရှိ၏။ အထူးသဖြင့် ဆရာတော်ကျမ်းများတွင် ပါဠိဘာသာဖြင့် ဆန်းကြယ်စွာ ပြုစုစီရင်သော "ဓမ္မပဒမဟာဋ္ဌကာ" ကျမ်းကြီးကား ပညာရှင်တိုင်း လက်ဖျားခါလောက်အောင် နည်းမျိုးစုံဖြင့် ဉာဏ်ကုန်ကျက်စားရာကျမ်းတဆူဖြစ်သည်။

ထို့ကားမှန်၏။ယင်းဓမ္မပဒမဟာဋ္ဌီကာ ပါဠိကျမ်းကြီးတွင် သဒ္ဒါဉာဏ်ဆန်းကြယ်စွာ ကွန့်မြူးကစားထားသည်။ "နိဗ္ဗာန" ပုဒ်ကို ကတ္တားသာနေနည်း ၁၆-မျိုး၊ ကရဏသာဓနနည်း ၃၂-မျိုး၊ ဘာဝဓံသာဓနနည်း ၁၆-မျိုး၊ ပေါင်း ၆၄-မျိုးတို့ဖြင့် ဝိဂြိုဟ်ပြုထားသည်၊ "ဝုဒ္ဓ" တပုဒ်ကိုလည်း ဝိဂြိုဟ်ပေါင်း ဂထောင်ကျော်ကျင်း၍ ရှင်းလင်းဖွင့်ဆိုထားသည်။ ဟိ-နိပါတ်တပုဒ်ထည်းကို တနေကုန်အောင် အနက်ယောဇနာတော်မူ၏။ သဒ္ဒါဉာဏ်စွမ်းအားပိုရုံမက အနက်ဉာဏ်လည်း ရင့်သန်လှ၏။!

၁။ "သေဋ္ဌေးလှစဟန်တကား၊ မြင်ကွေးမြသလွန်တကား၊ တင်ရေးမျှမချန်တကား" နဝဒေးကြိုးဆိုရိုး မြသလွန်ဘုရားဝိုင် အချုပ်ဒ်ကိုထောက်၍ **သေဋ္ဌေး** ဟု ရေးလိုက်ပါသည်။

မူလဌီကာဝိသတိဂါထာသံဝဏ္ဏနာအဖွင့်နိဿယ ၁၂-ကြောင်းပေ၊ ၂၅-အင်္ဂါ ၂-ထုပ်ရှိသည်၊ ယင်း နိဿယတွဲ့ဂ် ဒုန်သမာသ်ပုဒ်တခုတည်းကို ပေတအင်္ဂါအထိ အနက်ပေးထားသည်မှာ အံ့ဖွယ်လိလိတည်း....။

မင်း မိဖုရား မှူးမတ်တို့ ကြည်ညိုလေးစားခြင်းခံယူရရှိသော်လည်း ရာဇဂုရု မင်းစံတံဆိပ် အလှူမခံခဲ့ရပါ။ ကျမ်းတတ်ဗဟုသုတ စုံလင်လှ၍ မင်းပေးတံဆိပ်နှင့် အလှန်ထိုက်*တန်တော်မူလှသည်။

၁၂၃၅-ခုနှစ် သက်တော် ၆၀- အရွယ် ပြန်လွန်တော်မူသည်။ ထို့ကြောင့် "အင်ကြင်းစပယ်"(၁၂၃၅)ခုနှစ်ဟု အတိုကောက်နှစ်မှတ်သားထားကြသည်။မအူနန်းကျောင်း ဝိနိစ္ဆယကျမ်း၌ ထိုနှစ်မှာ ပြန်လွန်ကြောင်း တွေ့ရှိရ၏။ အရိုးအိုးစေတီ သေဌေးတိုက် အနောက်ဘက် ယခု ဈေးကြီးအတွင်း၌ ရှိသည်ဟု မှတ်သားချက်တွေ့ရသည်။

ဂူဖြူ ဆရာတော်

ရေစကြို့ရှင်ဝရသမ္မောဓိနှင့် ပညာသင်ဘက်ဖြစ်၍ အရည်ကင်တောရနေသည်။ ဂူဖြူဆရာတော်၏ ဇာတိမှာ ရေစကြို့မြို့နယ် သာစည်ရွာဖြစ်သည်။ ၁၁၉၀-ပြည့်ဖွားအဘဦးထပ်၊ အမိဒေါမယ်ငို၊ ဘွဲ့ရှင် မေဓာ-တည်း၊ ပဋိပတ်အရာ၌ အားသန်သည်။ ဘိနပ်မစီး၊ ထီးမဆောင်း၊ ပိဏ္ဍပါတ်ဆောက်တည်၍ နိစ္စဗဒ်ဝတ်မြဲသည် ဆွမ်းဆန်ကို စာသင်သားတို့အား ထောက်ပံ့၏။ ပြောင်း,လူး,ဆတ်ဆွမ်းမျှတနေသည်။

o ... o .... o ....

မိုးထိ ဆရာတော်

မိုးထိဆရာတော် ရှင်ဇနိန္ဒသည် ဘိုးတော်မင်းတရား သမီးတော် ကန်ဦးမြို့စားဆရာဖြစ်သည်။ ပုခန်းကြီးမြို့ ရေစကြို့ဇာတိ။ ၁၁၁၀-ပြည့်ဖွားတည်း။ မောင်းထောင်သာသနာပိုင် ရှင်ဉာဏာဘိဝံသ ပထမဗားကရာဆရာတော် ရှင်ဓမ္မာဘိနန္ဒတို့နှင့် ဂုဏ်ရည်တူသာသနာပြုဘက်ဖြစ်၏။ "ဇနိန္ဒာဘိသိရိပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ရရှိတော်မူသည်။


o .... o .... o

ယောဆရာတော်

ယောဆရာတော်အမည်တွင်သော်လည်း ရေကြီးဇာတိဖြစ်၏။ ဘွဲ့ ရှင်ဇောတ်ယန္တ တည်း။ ယောမူ ကခ်ါဝိတရေးအဋ္ဌကထာနိဿယမှာ စာသင်သားသုံးဖြစ်သည်။ သာသနာတော် အသက်သွေးခဲဝိနည်းသည် သာသနာ့ရေသောက်မြစ်နှင့်တူ၏။ ဝိနည်းမာတိကာကို မူတည်လျက် ပဒဘာဇနီနှင့် ၎ပ်သောဧကားကို အကျဉ်းချုပ်ဖွင့်ပြရာ ကခ်ါကျမ်းဖြစ်၏။ ရှေးသာသနာ့ သူရဲကောင်းတို့သည် ဝိနည်းအဋ္ဌကထာကျမ်းကြီးများ ပို့ချခြင်းမပြုမီ၊ ဤကခ်ါကျမ်းကို ကျမ်းရိုးငါးချက် အင်္ဂဇ်အတက်ဝါကျခွဲဝေလျက် စီစဉ်ထားသည်ဟု ဆိုနိုင်၏

သာသနာတွင် "ဝိနည်းအရာ တတ်သိလိမ္မာ ကျမ်းကြလိုမူ ခါ-သုံးကောင် တွင် ခါတကောင်ကောင်မိအောင် ဖမ်းကြရမည်" ဟူ၍ ဥဒါန်းရှိသည်။ ခါ-သုံးကောင်ဆိုသည်မှာ ကခ်ါအဋ္ဌကထာ၊ ခုဒ္ဒသိက္ခာနှင့်,မူလသိက္ခာဖြစ်သည်။ **ခါ သုံးကောင်** အပါအဝင် ကခ်ါအဋ္ဌကထာနိဿယများစွာရှိသော်လည်း ယောဆရာတော် ရှင်ဇောတယန္တ စီရင်သော နိဿယကျမ်းသည် "ရွှေပေါ်မြတင်၊ ပုံသွင်မလစ်၊ ဇမ္မူရာဇ်သိဒ်၊ စိန်စိ၍ ဆစ်သကဲ့သို့ အလွန်တရာ အနှစ်သာရနှင့် ပြည့်စုံသော နိဿယကျမ်း" ဟု မှတ်ချက်ချကြ၏။

ရှင်ဇောတယန္တသည် ပုခန်းကြီးမြို့ မတောင့်တတိုက်၌ နေခဲ့ဘူး၏။ ပထမကျော်အောင်စံထား၏တပည့်ဖြစ်သည်။ဆရာတော် ကိုယ်စားပြုလျက် မတောင့်တကျောင်းတိုက်၌နေ၍ စာပေပို့ချစဉ် ပုခန်းကြီးမြို့ပျက်စီး၍ ယောနယ်ပေါက်ရွာသို့ရွှေ့ပြောင်းနေသည်။ "အဟံတုပရမံဗေဒီ" ဟု နိဿယနိလုံးဂါထာအရ ယောဆရာတော် ဆုကြီးပန်ကြောင်းသို့ရ၏။



ရေစကြို ရှင်ဂန္ဓသာရ

ရှင်ဂန္ဓသာရသည် ရေစကြိုဇာတိကိုစွဲ၍ ရေစကြို ရှင်ဂန္ဓသာရဟု ထင်ရှားသည်။ ရေစကြိုအလယ်ကန်တိုက်အဝင်ပါ ညောင်ပင်ရွာတည်း။ အဘ-ဦးလူပုသည် ယောမြို့ဝန် ဦးနိုး၏သားတည်း၊ အမိမှာ တိုက်သူကြီးမျိုးရိုး သွေးသောက်တည်း။ ယင်းတို့မှ ၁၁၉၄-ခု နှစ် တပေါင်းလပြည့်ကျော် ၁၃-ရက် တနင်းလာနေ့ဖွား၊ ငယ်မည် **မောင်ထပ်** ဟူ၏။

အရွယ်ရောက်သော် မူလနေရပ် အလယ်ကန်ရွာကျောင်းနှင့် ဖျသီးရွာဇေယျာဘုံသာ ကျောင်းတို့က်တို့၌ ပညာသင်သည်၊ ၁၅-နှစ်အရွယ် ရှင်ပြု၊ ၁၂၁၃-ခုနှစ်တွင် ရဟန်းဖြစ်သည်။ ဘွဲ့ ရှင်ဂန္ဓသာရ၊ ရေစကြို ရှင်ဝရသမ္မောဓိအထံ၌ ပညာသင်ပြီးနောက် ဆင်တဲရွာ ရှင်ဣန္ဒာသဘာထံ ဆက်လက်ပညာသင်သည်။ သီကျော ဂ-ဝါရသော်၊ မန္တလေးရွှေမြို့တော် အသောကာရာမတိုက်သို့ ကြွရောက်လျက် ပိဋ္ဌကကျမ်းစာများ အဆုံးတိုင်ပြီးမြောက်အောင်သင်သည်။

သီကျော ၁၀-ဝါအရ အရှေ့ပြင် မင်္ဂလာမဟာဝိသုတာရာမတိုက်တော်၊ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော် ရှင်ဥယျအထံ၌ စံပေပို့ချနည်းနှင့်တကွ ပိဋ္ဌက အဆုံးအဖြတ်များကို ဆရာနည်းလက်ကျ ဆည်းပူးလေသည်။ **ပထမစာတော်ချ** အဖြစ် ချီးမြှင့်ခြင်းခံရသည်။ အရှေ့တိုက်တော် မိဖုရားခေါင် စကြာဒေဝီ ကုသိုလ်တော် စလင်းကျောင်းတော် အလှူခံရသည်၊

ရှင်ဂန္ဓသာရသည် ဘကြီးတော် **နန်းစံ ၁၄**-နှစ်မြောက်အချိန်ဖွား သာယာဝတီ(ရွှေဘို)မင်း **နန်းစံ ၂**-နှစ်တွင် ရှင်ဖြစ်၍ ပုဂံမင်းလက်ထက် ရဟန်းဘောင်သို့ ရောက်သည်။ **မင်းတုန်း** နှင့် **သီပေါ**မင်းလက်ထက်များတွင် ရေစကြိုသို့ ကြွရောက်သီတင်းသုံးသည်။

ရေစကြိုသို့ကြွတော်မူခြင်း အကြောင်းရင်း

ဆရာတော် ရှင်ဂန္ဆသာရရေစကြိုသို့ ကြွခြင်း၏အကြောင်းရင်းဝိဝါဒကဲ့ပြားလျက် ရှိသည်။ သီပေါမင်းပါတော်မူပြီးနောက် သံဃဂဖြစ်၍ ၁၂၄၁-ခုနှစ်တွင် ရေစကြိုသို့ ကြွတော်မူသည်ဟုဆိုကြ၏။

သာသနာပိုင်ဦးဥယျ ပြန်လွန်တော်မူပြီးနောက် သီတင်းသုံးရာတို့က်တွင် မထို့က် တန်သည့် ဆရာတော်တပါး သာသနာပိုင်သီတင်းသုံးရာ၌ တင်မြောက်ရာ ကျေနပ်ခြင်း မရှိ၍ အမှန်ပြောဆိုသဖြင့် ရေစကြိုသို့ ရွှေ.ပြောင်းရသည်ဟုလည်းဆိုကြ၏။

မင်းတုန်းမင်းတရားကြီးနှင့် ပုံပန်းရုပ်ရည်တူ ရေစကြိုဇာတိ စားတော်ဝန်ဦးခဲနှင့် ရေစကြိုမြို့ဝန်တို့ပင့်လျှောက်၍ အရှင်ဝရသမ္မာဓိ သီတင်းသုံးခဲ့ရာ မင်္ဂလာအောင်မြေ သာယာတို့က်သို့ ပြောင်းရွှေ.သာသနာပြုတော်မူသည်။

ဆရာတော်သည် စာပေပို့ချနေရာ ရေစကြိုမြို့နှင့်သံဃာအင်အားမမျှဖြစ်၍ ပခုက္ကူသို့တဖန်ရွှေ.ပြောင်းလျက် မဟာဝိသုတာရာမကျောင်းတို့က်ကြီး ၁၂၆၅-ခုနှစ် တံပိုတွဲလပြည့်ကျော် ၄-ရက်နေ့ အုတ်ပန္နက်ချ၊ ၁၂၆၆-ခုနှစ် ဒုတိယဝါဆိုလဆန်း ၈-ရက်နေ့တွင် တည်ထောင်သည်။ စာသင်တပည့်ပရိသတ်တို့လည်း ပျားပန်းခတ် အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသည်။

ရွှေဘိုမြို့ တတိယမဟာဝိသုတာရာမတို့က်တည် ရှင်ဝိလာသဂ္ဂမအူလေးရွာ မဟာဝိဇိတာရာမတို့က်တည်နိဿယကျမ်းများစွာစီရင်သော မအူဆရာတော်ရှင်နာရဒ၊ ချောင်းဦးမြို့ မဟာဓမ္မာရုံတို့က်တည် ပရမတ္ထဝိသောဓနိပါဠိကျမ်းပြု အဂ္ဂမဟာပဏ္ဍိတဆရာတော် ရှင်ဒီပမာလာ စသည်များ။

ထိုပြင် မန္တလေးမြို့ ရွှေရေးဆောင်တို့က်ဆရာတော် ဦးကြည်ထံ၌ ပါဠိဝိနိစ္ဆယ အဆုံးအဖြတ်နှင့်တကွ ဝါကျ၊ သဒ္ဒါရေး ပြွမ်းတီးတတ်မြောက်တော်မူပြီး၍ ရေစကြိုဆရာတော်၏ ဓမ္မဘဏ္ဍာဂါရိကရတနာအမွေအနှစ်ကို လက်ဆုပ်မိမိရရှိတော်မူ၍ ဋီကာကျော်နိဿယ၊ ပါရာဇိကဏ်နိဿယသစ် စသောကျမ်းများနှင့် သီမာဒီဝိနိစ္ဆယ၊ မဂ်လာဒီဝိနိစ္ဆယ စသောကျမ်းများကိုစီရင်တော်မူ၍ မဟာဝိသုတာရာမတို့က်ကြီး၏ ပထမဦးစီး မဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော် ရှင်ပညာ၊ ယင်းပခုက္ကူဆရာတော်ရှင်ပညာနှင့်အတူ ရွှေရေးဆောင်ဆရာတော် ဦးကြည်ခေါ် ရှင်အာဒိစ္စရံသီ အထံတွင် ပညာသင်ဘက်

မင်းကွန်းဓမ္မနာဒတိုက် ရှင်ပညာစက္ကမှာ ဦးကြည်၏ ဝဲယာလက်ရုံးကြီးများပမာ ဖြစ်၏။ ယင်းနှစ်ပါးတို့မှာ ဘွဲ့တူဖြစ်၏။ သို့သော်ဂ် ရွှေရေးဆောင်ဆရာတော်က မင်းကွန်းဓမ္မနာဒဆရာတော်အား စက္ကပုဒ်တွဲလျက် ရှင်ပညာစက္ကဟုမှည့်ခေါ်သည်။ ဆရာတော်ရှင်ပညာစက္က၏ဘပည့်တပါးမှာ ပထမကျော် အာဒိကမ္မိက ဝဋ်သကာတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဆရာတော်ရှင်ဝိစိတ္တသာရာဘိဓံသ ဖြစ်၏။

ပခုက္ကူဆရာတော် ရှင်ပညာနှင့် မင်းကွန်းရှင်ပညာစက္ကတို့မှာ ပုခန်းဆက် ဒုတိယ စံကျောင်းဆရာတော် အဆက်အနွယ်ပေတည်း။

ဆရာတော်နှင့်အတူ ရှင်နန္ဒိယ၊ ရှင်နန္ဒဝံသနှင့် ရှင်အဂ္ဂဓမ္မာဘိဝံသ လေးပါးတို့အား ဤပခုက္ကူမဟာဝိသုတာရာမတိုက်ကိုလဲ့အပ်လေသည်။ ရှင်နန္ဒိယမှာ ကျေးဇူးရှင်ဆရာတော်ရှင်ဂ သာရရှိစဉ်ကပင် ပြန်လွန်တော်မူသည်။ ရှင်နန္ဒဝံသကား ညောင်ဦးဆရာတော် ဟူ၍လည်းကောင်း၊ ညောင်တုန်းဆရာတော်ဟူ၍လည်းကောင်း ထင်ရှားသည်။

နိဿယကျမ်းများ၊ စေတီယုပ္ပတ္တိကထာကျမ်းစသည်တို့ကိုစီရင်၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည်။ ရှင်အဂ္ဂဓမ္မာဘိဝံသမှာ အဘိဓာန်နိဿယသစ်၊ မောဂ္ဂလာန် ပဉ္စိကာနိဿယ စသော ကျမ်းပေါင်းများစွာစီရင်သော အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်ဖြစ်သည်။

ပညာယ, ပ ည ပညာတော-
နန္ဒိယော နန္ဒ ဗုဒ္ဓိကော၊
ဝံသေဓဇော နန္ဒဝံသော-
အဂ္ဂဓမ္မော,ဓုရဂ္ဂဟော။ ။
(မဟာဝိသုတာရာမထေရာပဒါန်မှ)

မထေရ်ကြီးလေးပါး

ထိုမထေရ်ကျော်ကြီး လေးပါးတို့မှာ ကျေးဇူးရှင် ရေစကြို့ဆရာတော်တည်းဟူသော ရွှေတောင်ကြီးအနီး ရွှေတောင်ထွတ်များ ဖြစ်တော်မူ၏။ ပုဂ္ဂိုလ်တဦးဦး၏ အကျင့်သီလ ရှိသည်မရှိသည်ကို ထိုပုဂ္ဂိုလ်အားဆည်းကပ်မှီဝဲခြင်းဖြင့် စိတ်ခတ်ဖြူစင်ဖြောင့်မတ်မှု ရှိသည်မရှိသည်ကို အချင်းချင်းဆွေးနွေးကြခြင်းဖြင့် ပုဂ္ဂိုလိစ္စမ်းရည် သတ္တိ

ရှိသည်မရှိသည်ကို တာဝန်ကျရောက်ခြင်းဖြင့်၊ ပညာပါရမီဓာတ်ခံ ရှိသည်မရှိသည်ကို အချင်းချင်း တွေ့ဆုံနှီးနှောခြင်းဖြင့်သိနိုင်ကြရသည်ဟူ၍ စတုအင်္ဂုတ္တရပါဠိတော်လာနှင့် အညီ ပရိယတ်အရာ၊ ဗဟုသုတအရာတို့ဌာတူညီတော်မူကြသော အတ္ထကွာဃီ၊ ဒဋ္ဌိမိတ္ထသမဂ္ဂသီတင်းသုံးဖော်မထေရ်ကြီးလေးပါးတို့ဖြစ်၏။ အချင်းချင်း လေးစားချစ်ကြည်ကြ၊ ဘက်လွဲတကင်းရှိကြ၏။

"သုခပ္ပဒါးကြောင်း၊ ကောင်းသည့်တရား၊ သင်ကြားမပျက်၊ အတ္ထကွာဃီ၊ ခင်ပွန်းပီလျက်၊ အချို့,အယ၊ အထိန်းစသည့်၊ သိပ္ပတတ်ပွန်၊ ဆရာမှန်ကို၊ တန်ခွန်တစင်း၊ မှန်ကင်းတဆူ၊ ဆင်ဖြူတစီး၊ ခုံကြီးတည်ပ....."

(ကိုးခန်းပျို့)

ယင်းဆရာတော်ကြီးလေးပါးတို့အချင်းချင်း ဘုရားတဆူ၊ ဂူပုထိုးကဲ့သို့ မြတ်နိုးတော်မူကြသည်အလျောက် တပါး၏ဆန္ဒလိုအင်ကို တပါးက လိုက်လျောတော်မူကြသည်။

"ဝဏ္ဏဂန္ဓ၊ ရသမကင်း၊ ကြာပင်ရင်း၌၊ စင်းလျင်းဝပ်လျား၊ နေလှည့်ငြားလည်း၊ နှံရွှားတကြိုင်၊ အေးလှိုင်ချိုမြက်၊ ပန်းအရက်ကို၊ နှစ်သက်ဝမ်းမြောက်၊ ငါဖို့ရောက်ဟု၊ မသောက်တက်အား၊ ငမိုက်ဖားသို့...."

မသိတတ်သောဖားမိုက်သည် ပန်းရည်ဝတ်ရက်ကိုမစားသုံးပဲ ကျော်လွှဲကြသည်။ ပဋ္ဌကသုံးသွယ် နိကာယ်ငါးရပ်တည်းဟူသော ရသလေးနက် ချိုမြက်သော ဝတ်ယက်ဝတ်ရည်တို့ကို ထောင်သောင်းမျှသော သောတုဇနတည်းဟူသော ပျားပိတုန်းတို့ စားသုံးဆွတ်ခါ၊ ရစ်သီဝဲဝဲ၊ စာပွဲသဘင်ယင်ကြ၊တလိုင်လိုင်နမ်းရှုတ်၍ စုံက်ယူကြရလေပြီ။ ပဋ္ဌကနိကာယ်တည်းဟူသော ရနံ့မျိုးစုံသင်းထုံနေသည့် ရတနာကြုတ်သည် စန္ဒကူးလိုသင်း၏။ နှင်းဆီလိုမွှေး၏။ မုလေးပန်းလိုလန်း၏။ ဂမုန်းခိုင်လိုမမုန်းနိုင်ရှိ၏။ ပဋ္ဌကတည်းဟူသော နံ့သာနံ့သည် ကမ္ဘာနံ့သင်းပျံ့ကြိုင်လှိုင်လေပြီတည်း။

.... o o ....

စာသင်နည်းများ

ပါဠိတော်များကို အဖွင့်အဋ္ဌကထာဋီကာတို့နှင့်တဲ့ဘက်ကာ ခက်ခဲသော ဂဏ္ဌိပဒများတည်းဖြတ်ချပို့သော စာသင်နည်းမှာ သာသနာပိုင်ဦးဥယျ၏နည်းဟု သတ်မှတ်ကြသည်၊ ယင်းနည်းကို ရေစကြိုဆရာတော်စာသင်နည်း၊၊ သို့မဟုတ် ပခုက္ကူစာသင်နည်းဟုဆိုရ၏။ အဋ္ဌကထာဋီကာလာအဓိပ္ပာယ်ကိုခြုံငုံသည်။ ပေါ်လွင်သော ဝေါဟာရသုံးဖြင့် လက်ဘဲ့ချ၍ဖွင့်ပြသည်။ ဝါကျရှေ့နောက်ပြန်လှန်သည်။ အတ္ထနိရုတ္တိအနက်ဉာဏ်

ရှင်သန်စေသည်။ ဝါကျအသွားအလာရှေ့နောက်ထောက်၍ စာစပ်စေသည်။ "စာစပ်တပလ္လင်၊ စာသင်တကျမ်း" ဆိုခဲ့သည် မဟုတ်လော။

ဤနည်းဖြင့် ပါဠိအဋ္ဌကထာဋီကာသွားလာနည်းတဆင့်ကြားမဟုတ်၊ ကိုယ်တွေ့ခံစားရသောနည်းဖြစ်၍ အနက်ဉာဏ်ကြီးသည်၊ ကျမ်းအိပ်နိကာယ်ကြီးများ၏ ဓမ္မရသကို အပြည့်အဝခံစားနိုင်သည်။

အချို့မှာ သဒ္ဒါပုဒ်ပါဠိ၊ ရုပ်ဓာတ်ပစ္စည်းသံဝဏ္ဏနာနည်းစဲ့ရသင့်သမျှ အချိန်ယူသင်ကြသောနည်းလည်းရှိ၏။ ဤနည်းမှာ ဉာဏ်ပညာကြီးသူများအဘို့ သင့်လျော်၏။ ဉာဏ်နှုံ့၍ အခြေခံနည်းသူတို့အဘို့အကျိုးမပြီး။ ခရီးမတွင်၊ အမြင်မသန်၊ ကျမ်းဂန်မပေါက်ရှိတတ်ကြသည်။ အနုအရင့်ထောက်ချင့်ကာ သင်နည်းမျိုးဖြင့် စာသင်ကြရ၏၊ အံမဝင်ဂွင်မကျလျှင် "**ပိုးသာကုန် မောင်ပုံစောင်းမတတ်**" သကဲ့သို့ အချိန်တန်ဘိုးကြီးသည်ကို သတိပြုသင့်သည်။

သဒ္ဒဂဋ္ဌတ္ထာဓိပ္ပာယဝိဘာဝနီကျမ်းဆရာ သဒ္ဓပ်ပင်ဆရာတော် ရှင်ပရမကတပည့် ရှင်ဝိမလအာဒေါက်ပါ၊စာသင်နည်းနှင့် စပ်လျဉ်းသောဆုံးမချက်ကို ဖော်ပြလို၏။

"ကဝိထင်ပေါ် ပုဂ္ဂိုလ်ကျော်တို့ ထုတ်ဖော်မိန့်မှာ နာနာနယ ကျမ်းသတ္ထမှ ခက်လှအဖု ခက်ဆစ်စုကို နုလှပျိုမျစ် စာသင်သစ်တို့....

ဟစ်ကျော်အော်အံ ဖန်ဖန်လေ့ကျက် သင်ပါလျက်လည်း အချက်မကျနည်းမရနိုင် ဉာဏ်မပိုင်က မနိုင်ဓိပ္ပာယ် ရှယ်ရာမရောက် ကြံမပေါက်ပဲ တောထဲဆင်ကဏ်း မျက်ဆရမ်း၍ လှမ်းသွားသောပုံ။

တန္ဒေကုန်လည်း ကုန်လေသည်သာ ကုန်ရာမရောက် တန္ဒေပေါက်လည်း ပေါက်လေသည်သာ ပေါက်ရာမထင် တဝါဝင်လည်း ဝင်လေသည်သာ ပညာမဲ့လွတ် တဝါကျတ်လည်း ကျတ်လေသည်သာ ပညာမရင့် တဝါဖြင့်လည်း တတ်လိမ့်နိုးနိုး စာမိုးဖြင့်လည်း တတ်လိမ့်ထင်ထင် တဆောင်းဝင်လည့်း တတ်လိမ့်ပုံပုံ တန္ဒေကုန်လည်း တတ်လိမ့်နှယ်နှယ် စာသင်ငယ်တို့ ထင်ဖွယ်များစွာ ထင်ပြီးခါလျှင် ကြံရာကြံဖွယ် ကြံကြီးသွယ်၍ ဘယ်ခါနံမှ ဆုံးလိမ့်နည်း။"

မဟာဝိသုတ ဝါသိနံ

ဤပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးကား ပဋ္ဌကသုံးသွယ် နိကာယ်ငါးရပ်တို့ အထပ်ထပ်အဖန်ဖန် အပြန်ပြန်အလှန်လှန် သင်ကြားပေးရာဌာနကြီးဖြစ်၏။ သာသနာတော်အကျိုးများ၍ စာပေတတ်မြောက်ရေးဘက်၌ လျင်မြန်သော "ဝါစနာမဂ္ဂ" သင်ကြားနည်းလမ်းဖြစ်သည်။ သဒ္ဒါဘာဏ်အားကောင်းသော ပို့ချနည်း၊ စုဒ်စောဒနာသံဝဏ္ဏနာနည်းစုံလင်၍ ကျမ်းရိုးငါးချက်သင်းသော ပို့ချနည်း၊ ဝါကျအသွားအလာပုဒ်ပိုထည့်သွင်း ယောဇနာသောပို့ချနည်း စသည်များစွာရှိခဲ့ရာ ပခုက္ကူ၏ ဝါစနမဂ္ဂအစဉ်ချပို့နည်းကား ကျမ်းအိပ်ကြီးများကို တပ်လှန့်နှိုးပေးသကဲ့သို့သော အနက်ဘာဏ်ရင့်သန်စေသော ပို့ချနည်းအဖြစ် တီထွင်သည်။

ရှင်မဟာဇုဠဓမ္မသောသသည် အဋ္ဌကထာကျမ်းကြီးများ စီရင်တော်မူသောအခါ ထေရဝါဒတူ မဟာဝိဟာရဝါသီကိုဏ်း၏ အဆက်အနွယ် စာပေပို့ချသင်ကြားနည်း အစဉ်အလာတရပ်ဖြစ်ကြောင်းကို—

"မဟာဝိဟာရဝါသိနံ
ဝစနာမဂ္ဂနိဿိတံ" ဟူ၍ ဂုဏ်ပြုဖေါ်ထုတ်သည့်နည်းတူ ပခုက္ကူမဟာဝိသုတာရာမ နိကာယ၏အစဉ်အလာ ဝါစနာမဂ္ဂကို ဂုဏ်ပြုသောအားဖြင့်

"မဟာဝိသုတဝါသိနံ—ဝါစနာမဂ္ဂနိဿိတံ" ဟူ၍ မဲ့တ်တမ်းတင်ဆိုထုံးပြုကြရပေသည်။ ထို့ကြောင့် မဟာဝိသုတာရာမနိကာယသည် ကြီးပွားခဲ့သည်နှင့်အမျှမြို ၆၂—မြို နိကာယခဲ့တိုက်ပေါင်း ၁၅၂-ကျော်လေပြီ။

နိကာယေပါရမိံ ပတ္တော
နိကာယာရညကေသရီ၊
နိကာယ သင်္ဂါမေသူရော—
နိကာယမ္မရ ဘာဏုမာ။ ။

ပဋ္ဌကသုံးသွယ် နိကာယ်ငါးရပ်တည်းဟူသော ပတ္တမြားလှိုင်းဂူကြီးသည် မဟာမဟာဝိသုတာရာမ နိကာယဝင် ထေရ်အရှင်တို့၏ အိပ်စက်ရာ ကမ္မလာခန်းဆောင်ကြီးပါပေတည်း။

ပဋ္ဌကသုံးသွယ် နိကာယ်ငါးရပ်တည်းဟူသော ရတနာစင်္ကြံကြီးသည် မဟာဝိသုတာရာမ ဆရာ့ဆရာတို့၏ရပ်နားရာ စင်္ကြံလျှောက်ရာဌာနကြီးတို့ပေတည်း။ မဟာ

ဝိသုတာရုမ နိကာယဆရာစဉ်ဆက် စာပေပို့ချရိုး ဝါစနမဂ္ဂသည်ကား မဟာဝိသုဘာရုမ၏ နှလုံးသည်းပုတ်တို့သာတည်း။ ကျက်စားပျော်မွေ့ရာတို့ကား ပိဋကနိကာယ်ရှုမောဖွယ်သော ပန်းဝတ်လှာတို့တည်း။

ဤနိကာယ်တည်းဟူသော စန္ဒကူးတောအုပ်ကြီး၌ ထီးထီးမားမား ဖြစ်ပွားတော်မူကြသော နိကာယဏ္ဍဝ ပိဋကတ္တယဝိဒူအဆူဆူတို့မှာ ဝင့်ကြွားတော် မူကြလေပြီဘည်း။

"စာချလမ်းထွင်၊ စာသင်နောက်လိုက်၊ သဘောပိုက်ရှင့်၊စာဆိုက်စာသွား၊ စည်းနှယ်သား၍၊ ပိုင်းခြားဝေဖန်၊ နုသန့်,ထွက်တက်၊ ဉာဏ်ထက်မြက်အောင်၊ ဆစ်မျက်သုတ်သင်၊ "ဝါးကိုဖျင်သို့"၊ များဖြင်သောတု နောင်တစုံတို့၊ ဉာဏ်နဲ့ဉာဏ်ရင့်၊ ကျမ်းရိုးဆင့်လော့" (မဃဒေဝမှ)

o — o — o

သဒ္ဒါရေးကို အလေးမထား

ရေစကြိုဆရာတော် ရှင်ဂန္ဓသာရသည် နိရုတ္တိပဋိသမ္ဘာဒါဉာဏ် ရင့်သန်ကြီးမားတော်မူသော်လည်း အနက်ဉာဏ်ကိုရှေ့ရှုလျက် သဒ္ဒါရေးကို အလေးထားခြင်းမရှိဟု ဆိုကြ၏။

အခါတပါး ရေစကြိုမှဆရာတော် ရှင်တေဇောသာရ တူတပည့်သာမဏေကဝိန္ဒာဘိကို ပဉ္စင်းခံကမ္မဝါဖတ်ရာ၌ ဆရာတော် ရှင်ဂန္ဓသာရက "အာဂုသောကဝိန္ဒာဘိနော" ဟုဖတ်ရာ ရှင်တေဇောသာရက-

"ဆရာတော်ကြီးနှယ် ဥပသာရပုဒ်နောင်ဝိဘတ်ထားဖတ်ခြင်းမှာ မသင့်လျော်ပါ၊ သဒ္ဒါရေးလေးများကိုလည်း လေးစားတော်မူစမ်းပါအုံး" ဟု လျှောက်ထားလေသည်။ ထိုအခါ ရေစကြိုဆရာတော်က "အိမ်း....ချီးသဒ္ဒါ၊သေးသဒ္ဒါ၊ ခွေးသဒ္ဒါ" ဟု မိန့်ကြားတော်မူသည်တရပ်။

မြင်းခြံတိုက်သစ်ကျောင်းမှ သာမဏေ ကိုတို့အား ပဉ္စင်းခံရာ ဣတ္ထိ°လိင်ကိုတို့လိင် သဒ္ဒါကို "**ကိုတို့နာ**" ဟုပုလ္လိ°င်နှင့် ကမ္မဝါဖတ်ရာ ကိုတို့သဒ္ဒါ ဣတ္ထိ°လိင်ပါဘုရား" ဟု

ဆရာတော်တပါးက ထောက်လေသည်။ ''ကိတ္ထ ိ·ဟာဂ္ဂတ္ထ ိလိင်လား ပုလ္လ ိင်လား သိအောင် သင်းပိုင်လှန်ပြလိုက်စမ်း''ဟူ၍ မိန့်ကြားတော်မူသည်တရပ်၊

သဒ္ဒါကိုအလေးမမူခြင်းသာ ဂ္ဂတ္ထ ိလိင်ဖြစ်သော်လည်း ပုလ္လ ိင်အဖြစ်ဖတ် လျှင်သင့်သည်။ သဒ္ဒါကျမ်း၌ ''**သဒ္ဓါဒိတောဏ**'' သုတ်ကို ထောက်ရာသည်။ သဒ္ဓါ–၌ သဒ္ဓါစေတသိက်ယူလျှင် ဂ္ဂတ္ထ ိလိင်၊ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်ကိုယူလျှင် ပုလ္လိင် ဖြစ်သည်။

ဘုရားကြီးတိုက်ဆရာတော် ဦးရန်ကုန် ဂ္ဂတ္ထ ိလိင်ဂန္ဓမာ-ကို ''ဂန္ဓမာနာမဃဏဘိက္ခု နော''ဟု ရွတ်ဖတ်ခဲ့သည်ဟု ကိုးကားပြသည်။

မန္တလေးမြို့ ဒက္ခ ိဏာရာမ ဘုရားကြီးတိုက် ပထမဆရာတော် ရှင်ဇာဂရ၊ ထိုနောက် ရှင်ပဏ္ဍိတ၊ ဦးရန်ကုန်၊ ရှင်အာစရ ဆရာစဉ်မျှားနောက်ဘ၂၀၇-ခုနှစ်တွင် ဦးပုခန်းဌင့် အခြား ရှင်ဉာဏ စသည်တို့ ကမ္မဝါစာနိဂုံး၌ **သာ**ပါသင့်မသင့် အငြင်း ပွားတော်မူခဲ့ဘူးသည်။

ဆရာတော် ဦးအာဇရက **သာ**ကို ကျိဝန်တိုက်စာချစဉ် ''**သာ**မပါသော်လည်း ဘာကြောင်းသူမရှိ။ ကမ္မဝါ၌ သောဘာသေယျတွင်ဆိုးသည်''ဟု မိန့်တော်မူသည်၊ ဦးပုခန်းက ''ဒါတော့မဟုတ်ပါဘူး၊ ကမ္မဝါသည် **မီ**အက္ခရာရောက်မှ ဆိုးပါသည်။ ထို့ကြောင့် **သာ**မချန်ထားရ၊ **သာ**ပို၍ ကိစ္စမရှိ၊ အကယ်၍ ဘုရားဟောတော်မူထားက ကံပျက်မည်''ဟု မိန့်တော်မူသည်။

ဦးဉာဏက ''ဘုရားမြတ်စွာသည် အခြားသောကမ္မဝါစာကဲ့သို့ အနိယမ,နိယမ အစုံမဟောခဲ့၊ ဘုရားမြတ်စွာသည် အနိယ,မနိယမ အစုံဟောဘက်သည်၊ ထို့ကြောင့် သာသည် ပိုသည်ဟုမိန့်တော်မူသည်။ အခြားဘုရားကြီးတိုက် ဆရာတော်များက''သည် လို့မလုပ်ပါနဲ့၊ ငါတို့ ပထမဆရာတော်ကြီး (ဦးဇာဂရ)က **သာ**-ထည့်ဖတ်ရမည်ဟူ၍ မိန့်တော်မူကြပြန်သည်။ ဦးပုခန်းက ဆက်ပြန်သည်။

''ဥတ်၌လည်း **ယာ**-မပါ၊ ကမ္မဝါစာတွင်လည်း **ယာ**မပါ၊ ထိုကဲ့သို့ အနိယမ,မပါပဲ နိဂုံးမှာလာ၍ **သာ**-ဟု နိယမပါခြင်းသည် မတော်ပေဘူး လား''ဟု မိန့်သဖြင့် အခြားဆရာတော်ကြီးများ အထောက်အထားမပြနိုင် ဖို့လေသည်။ ဆရာတော်ကြီးများ ဆွေးနွေးချက်အပြီးတွင် ဓမ္မ ိကာရုံဆရာတော်က မိမိဆရာတဆူဖြစ်ခဲ့ဘူးသော ဦးဉာဏကြီးအား ''အနိယမ နိယမအစုံမပါသော ပါရာဇိကဏ်ပါဠိတော် ဝေရဉ္ဇကဏ္ဍ၌ ဣတိပိသောဘဂဝါကိုဆုတ်၍ ယောဘဂဝါဟု အနိယမ,မပါသည်ကို လျှောက်ထားသဖြင့် ကျေနပ်လက်ခံတော်မူကြသည်။

ရေစကြို့ ဦးဂန္ဆသာရနှင့် ပါဠိဆရာကြီး ဦးဓဖြတ်တို့က သာ-မပါသည်ကို ကြိုက်နှစ်သက်၍ သာ-ကို ထည့်မဖတ်ကြ။ အုတ်ဖိုဆရာတော် ဦးဥက္ကံဝံသမာလာက "သာ-ကို ချမထားကြပါနှင့်၊ မြတ်စွာဘုရား လေးသခေါ်နှင့်ကမ္ဘာတသိန်း ဖြည့်ဆည်းပူးမှ ရသော သာ-တလုံးဖြစ်ပါသည်၊ ထည့်၍ဖတ်ပါ။ ဓါရဏာမိဠ် **တီ**ကိုပါထည့်ဖတ်ရခြင်းမှာ သာ၍ကောင်းပါသည်" ဟု မိန့်တော်မူသည်။ ထို့ကြောင့် ဒဠါရဂိုဏ်းစင်တို့က ဘိ-ကိုထည့်ဖတ်ကြသည်ဟူ၏။

****

ထပေတ္ဒာ၊ ဌပေတ္ဒာ

ဘုရားကြီးဆရာတော် ဦးဇာဂရက ထပေတဝါဟု ဖတ်၏။ အချို့ဆရာတို့က ထဒေပတ္ဒာဠ် တ္ဒာပစ္စည်းဖြင့်ဖတ်၏။ အချို့က ထပေတ္ဒာ၊ ထပေတဝါ၊ ဌပေတ္ဒာ၊ ဌပေတဝါဟု လေးချက်စလုံးကြိုက်၍ ၄-ချက်ပင် ဒန္တဇမူဒ္ဓဇဖြင့် ဖတ်ကြသည်။

သင်္ဂါယနာတင် ကျောက်စာဠ် ဌဝမ်းဘဲနှင့် ဌပေတ္ဒာရှိသည်။ ဓမ္မံ ကာရုံက ဌကို ထပြုထားသည်ဟုဆို၏။ ကာရိယဌဟုလည်း ဆိုနိုင်သည်။ ဘုရားကြီးဆရာတော် ဦးဇာဂရမှစ၍ ဆရာစဉ်အဆက်ဆက်တို့က ဌပေတ္ဒာဟု ဌဝမ်းဘဲဖြင့် ဖတ်တော်မူကြသည်။

မန္တလေးမြို့ သိမ်သမုတ်တခုဠ် အချို့က ထပေတ္ဒာ၊ ဌပေတ္ဒာ၊ ဓပေတ္ဒာ၊ ဌပေတဝါဟုဖတ်ကြရာ ဆရာတော်တပါးက ထပေ့တ္ဒာ၊ ထပေတ္ဒာ၊ ဌပေ့တ္ဒာ၊ ဌပေတဝါဟု ဖတ်သည်ကို ရယ်ကြသောဟူ၏။ ထိုအခါ "မဟုတ်ဘူးပြောနိုင်ကြရဲ့လား ဝိနယသင်္ဂဟနှည်းအထူးထူးသော နာနာဝါဒ-များသည်" ဟု ချေပပြောဆိုသည်။

.... ဝ ဝ ....

သီမာ သီမာ

ဘုရားကြီးတို့က ဆရာစဉ်အဆက်ဆက်တို့က "သီမာ" ဟုဖတ်ကြ၏။ သီမာဖတ်သော်လည်း ကံမပျက်။ ရူပသိဒ္ဓိဠ် သီမာဟုလာ၏။ **ကေုပေါသထော**နှင့် ကေုပေါသထောတွင် ဆရာတော် ဦးဗုဒ္ဓက ကေုပေါသထော ကြိုက်၏။ ကမ္မဝုပနိဿယော ကို ထောက်သည်။ ဘုရားကြီးဆရာစဉ်ဆက်တို့က ကေုပေါသထော ကြိုက်ကြသည်။ အင်္ဂုပေါသထောကို ထောက်သည်။

ဝ .... ဝ ... ဝ

ဂန္ဆဝင် 29

သမ္မတာ သံမတာ

မောင်းထောင်သာသနာပိုင် လူထွက် မဟာဓမ္မသင်္ကြံ ဆရာကြီးဦးမြတိနေက သမတာ၊ သမ္မတာ၊ သံမတာဟု ပြင်ဖတ်ရန် သာသနာပိုင်ဖြစ်စဉ် အမိန့်ထုတ်ခဲ့ဘူး၏၊ သံဃာအများ အမိန့်အတိုင်းဖတ်ကြရ၏။ သိမ်သမုတ်တခုတွင် ဆရာတော်ဦးဗုဒ္ဓပါရာ မဟုတ်မခံတတ်သောဦးဗုဒ္ဓက သာသနာပိုင်အမိန့်အတိုင်းဖတ်ကြရာ ထိုကဲ့သို့ဖတ်နေခြင်းကို အထောက်ပြပါမေးလေ၏။

သမ္မတော၊ သမ္မနိတောနှစ်ပုဒ်ကို နမကာရန္တာနံနိယုတ္တတမိုသုတ်၌ သမ္မနိတောကား မူလပြယုဂ်၊ သမ္မတောကား ကိုယ်ပြယုဂ်ဟုဆိုသည်။ သာသနာပိုင် မောင်းထောင်ဆရာတော်က သမ္မတော၌ သံမတော၊ သမ္မန္ဒိတော၊ သမတောဟုဖတ်ရာ မသင့်ဟုဆို၏။ ရူပသိဒ္ဓိ၌ ဝါဂ္ဂန္တိဝါဝေဂေ သုတ်နိစ္စဝိဓိဟုမိန့်သည်။ သံမတောဟု သေးသေးတင်နှင့်ဖတ်ခြင်းမသင့်ဟု အကြောင်းပြပယ်၏။

စံကျောင်းတပည့်များ ပခုက္ကူဦးဂန္ဓသာရတို့က သာသနာပိုင်နည်းကို ကြိုက်ကြသည်။

သောဘာသေယျ သောဘာသေ့ယျ

၁၂၀၇–ခုနှစ်က ပြန်လွှန်တော်မူသော ဘုရားကြီးဆရာတော် ဦးအာစရ အမိန့်ရှိခဲ့ဘူးသော မှတ်တမ်းတခုတွင် ဦးအာစရသည် မိုးထားတိုက်တွင် ငယ်ရွယ်စဉ်နေတုံး အခါ စံကျောင်းတိုက်တွင် စာနှစ်ဝါလိုက်ခဲ့ဘူး၏၊ ထိုစဉ်အခါက လယ်တီဆရာတော် လောင်းလျာ ဦးဥာဏဓဇသည် ကျောင်းပေါင်း ၂၀–၌ ပထမစာတော်ချ ဖြစ်သည်။

စံကျောင်းတိုက်တွင် ပဥ္စင်းခံတခုရှိရာ လယ်တီဆရာတော်ဖြစ်လာမည့် ဦးဥာဏဓဇက "သောဘာသေ့ယျ" ဟု ဖတ်တော်မူကြပါ။ ဒါမှ ပဥ္စင်းဖြစ်ပါမည်" ဟု သံဃာပရိသတ်အားလျှောက်ထားရာ မိုးထိဆရာတော်ကြီးက "ဟေ့....မောင်ဥာဏ၊ မင်းပဥ္စင်းခံစဉ်တုံးက မင်းဆရာနှင့်ငါတို့ သောဘာသေယျဟု ဖတ်ခဲ့ကြသည်၊ ဒါဖြင့် မင်းလဲ ပဥ္စင်းထပ်ခံပေဦးတော့" အမိန့်ရှိဘူးသည်။

o .... o .... o

ကမ္မဝါစာ ပြင်ဖတ်ခြင်းနှင့်စပ်၍

သာသနာပိုင် ဦးဥေယျကား ဒဋ္ဌိကမ္မဖြစ်စေခြင်းငှာ ကမ္မဝါစာဖတ်သောအခါ ပြုံ၍ပြုံ၍ ဖတ်လေ့ရှိ၏။ ထိုအခါ ခင်မကန်ဆရာတော် ဦးမဏိဇောတ (ဦးပြား)က "အင်းသည်နေရာဖြင့် မြတ်စွာဘုရား အတော်မောရှာတော်မူမှာပဲ" ဟူ လျှောက်ထားသည်။

စံကျောင်းဆရာ စဉ်ဆက်တို့က ကမ္မဝါဖတ်ရာ၌ သုဏာတုတ္ထင် လျှာကိုလိပ်၍ အထက်အာစောက်သွင်းဖတ် လျှာကိုတန်းလန်းထား၍ အထက်သွားစဉ် တွင်းသို့သွင်းသော် နငယ်နာသံဖြစ်၍ ကံပျက်သည်ဟု ဆုံးဖြတ်ကြသည်။ **သုဏာတုမေ** ၌ သုဏာတု တွင်ဖြတ်၊ **မေ**-နှင့် ပေါင်းမရွတ်ရ။ **ဘန္တေ**၌ **ဝိသဇ္ဇနီသံမပါစေရ**။ **ဘန်းတေ**ဟု လျှာတန်းလန်းထားလိပ်သော် ဧ-ဟု ဋ-သံလျင်းကျိတ်မှုဒဇ ဖြစ်နိုင်ချသည်၊

သမ္မန္နေယျ- သမ္မန္နေ့ယျ- သမ္မနေယျ- သမ္မနေ့ယျ- သမ္မနေတ်ယျ- သံမန္နေယျ- သံမနေယျ- သံမံနေယျ- သံမံနေ့ယျ-ဟု ၉—ကြိမ်ဖတ်ကြသည်။ ထပေတ္တာ၌လည်းကောင်း၊ သမုဟနေယျ၌လည်းကောင်း အလားတူ ၉—ကြိမ် ရွတ်ဖတ်လေ့ရှိကြ၏၊

.... o .... o

ခမ္မတိ၊ ခမတိ

ဤနှစ်ချက်တွင် **ခမတိ**ဟု ပရိဝါယောဇနာ၌ကတ္တုရုပ်နှင့်တူသော ကမ္မရုပ်ဟု မိန့်ကြ၏။ **ခမ္မတိ**ဟုဖတ်ခြင်းမှာ ဆရာတော်ဦးဗုဒ္ဓိက....

"အက္ခရာဟိနဖြစ်မည်။ ပိုလျှင်ကိစ္စမရှိ။ ယုတ်လျော့က ကိစ္စရှိမည်ဆိုပြီး ဒွေးဘော်နှင့်အပ်သည်" ဟု ဆုံးဖြတ်လေသည်။ စံကျောင်းတိုက်ထုတ်တို့က ခမတိ ကို ကတ္တုရုပ်ကြိုက်ကြသည်။ ဦးဗုဒ္ဓိက ခမတိ-ခမ္မတိ နှစ်ပုဒ်မှာ ဥပသမ္ပဒါန်၏ အစပ်ဖြစ်၍ ကမ္မရုပ်မှန်းထင်ရှားသည်။ အကယ်၍ ကတ္တုရုပ်ဖြစ်အံ့—ဥပသမ္ပဒါဟု ရေးချနှင့်မရှိမူ၍ သေးသေးတင်ဥပသမ္ပဒံဟုရှိဘို့ကောင်းသည်ဟု ဆို၏၊

ဦးဂန္ဓသာရက "ခမတိ ကိုကတ္တုရုပ်ကြိုက်သောသူများ ဧ၀ါခဲ့စမ်းပါ၊ ထောင်းပစဲလိုက်ချင်သည်" ဟု အမိန့်ရှိကြောင်း မှတ်စုတခုဋ္ဌတွေ့ရသည်။ ကမ္မဝါစာ၌ သမ္မတာရှိလျှင် ပါဠိတော်အလိုမှတ်။ သမ္မနိတာရှိလျှင် ဝတ်လဲကမ္မဝါအလို ဝိနယသင်္ဂဟကျမ်းအလိုမှတ်။ တနည်း နန်းတော်တွင်းရှိ ရှေစာမင်စာအလိုဟုမှတ်ဟူ၍ ဆိုသည်။

သမ္မန္နတိကို စံကျောင်းတိုက် ဆရာစဉ်အဆက်ဆက်တို့က ပုဗ္ဗရုပ်ပြုထားသည်။ အချို့က ဒွေးဘော်ဆင့်ထားသည်ဟု ဆိုကြ၏၊

ပုရတိုမ ထိုမ

တောင်သာနယ်တွင် သိမ်သမုတ်တခုဌ် နိမိတ်ကြားရာ ခပ်ထက်ထက် သမ္ဆရာကျင်းဆရာတော်ကြီးက– ပုရတ်တိုမ,ကြိုက်သလား၊ ဒါမှမဟုတ် ပုရတ္ထိုမကြိုက်သလား ဟုမေးသည်၊ အချို့က ပုရတ္ထိုမကြိုက်ကြောင်းလျောက်ကြရာ....

"အေးလေ–သဒ္ဒါရေးဆိုတာ ခက်တာမဟုတ်ပါဘူး၊ ကျုပ်ကပဲဖြစ်ပါ သေးရဲ့၊ ဥပမာ လဗျာဒိတောအုတ်လဗွတ်၊ လမာဒိတောအုတ်လမုတ်"ဟု လုပ် နိုင်တာပဲ"

ဟု နိမိတ်ကြားရင်း မိန့်ဆိုသည်။ "ဘယ်ဆရာက ပုရတ်တိုမ,ဘယ်ဆရာက ပုရတ်ထိုမ, ဟုပြောပြော ကျုပ်ကတော့ လဗျာဒိတောအုတ်အရ ဖတ်လိုက်ပေသတည်း"ဟု ဆိုသည်။

o .... o .... o

ကမ္မဝါနိဂုံး

ကမ္မဝါစဝနိဂုံး သုံးခေါက်ဖတ်ခြင်းနှင့်စပ်၍ အမျိုးမျိုးဆိုကြ၏။ ဓမ္မံကာရုံဆရာတော်က"ရှေးဆင်တဲ့ဆရာတော် ဦးနေရာနှင့် အခြားဆရာတော်တို့က တခေါက်သာ နိဂုံးကိုဖတ်ကြ၏။ ဆင်တဲ့က "ဘာ့ကြောင့် တခေါက်သာဖတ်ရသနည်း၊ ဘုရားရှင် တောင် ဟောထားခဲ့သေးတာ သုံးခေါက်ဖတ်ရမည်"ဟု အမိန့်ရှိ၍ ယ့ခုတိုင်အောင် သုံးခေါက် ဖတ်ရိုးဖတ်စဉ်ရှိသည်။

ညောင်ကန်နှင့် ရန်ကုန်သရက်တော ဦးသုမနတို့က"သောဘာသေယျ"ကျရောက် လျှင် ဆုံးပြီဟုအမိန့်ရှိကြ၏။ **ဓမ္မံကာရုံဘုရားကြီးဦးဇာဝရ၊ ဦးပုခန်းတို့က၊ ဓာဇယာမိ** ကျမှပြီးဆုံးသည်။ **မြင်းခြံမဟာဓမ္မံကာရုံတိုက်သိမ်သမုတ်ကြရာ၌ငြင်းကြသဲသည်။** ထိုအခါ ဦးဗုဒ်နှင့် ကျိဝန်တို့ကကြိုက်သည်။ မိုင်းခိုင်းက "ဓာရယာမိသည် သင်္ဂိုဟ်ပါ၌ကဲ့သို့ အကုသိုလ် ၁၂-ပါးကိုပြပြီးသော်လည်း ဣစ္ဆေဝံ-စသောစကားကို ဆိုသေးသကဲ့သို့ သမုဒါယနိဂုံးမှတ်သည်"ဟု ဆို၏။

"မြင်းခြံ မဟာဓမ္မံကာရုံ အထင်လွဲနေပါသည်။ စူဠဝါသမုစ္စယဓန္ဓကမှာကြည့်၊ တရသကဏ်ဋီကာမှာလည်း ကမ္မဝါ အစ-အလယ်-အဆုံးတို့ကို ဘယ်နေရာကျလျှင် ဆုံးသည်ဆိုတာပါသည်"ဟု ဆို၏။

ညောင်ကန်က ယကာရပတ္တာယဟု ကခ်ါဠ်ပါသည်။ ထိုစကားမှာ သံဃာဒိသိသ်သင့်သောအရာကို ဆိုတာပါဟု မိန့်၏။

ကျိဝန်နှင့်မိုင်းခိုင်းတို့ စစ်ကိုင်းတွင် သိမ်သမုတ်ကြရာ ကျိဝန်က "နိဂုံးမသတ်ပဲ သောဘာသေယျ" တွင်ပိုင်းထား၍ မိုင်းခိုင်းက "ရှေ့ဖတ်ပါအုံး" ဟုလျှောက်ထားရာ စ၍ ငြင်းခုံမှုဖြစ်ပွားခဲ့ဘူး၏။ လယ်တီကလည်း "သောဘာသေယျ" မှာပင် ဆုံးသည်ဟု သာသနဝိသောဓနိကျမ်း တတိယတွဲ၌ ဖေါ်ပြထားသည်။

ထိုအခါကျိဝန်ဆရာတော်က "အနက်ပေးကြည့်ပါလား၊ သံဃဲန- သံဃာသည် သီမာ-သိမ်ကို သမ္မတာ- သမုတ်ပြီးလေပြီ" ဟု တပစ္စည်း အတိုင်ဟောရှိတာကို ကြည့်" ဟု ပြောဆိုလေ၏။ မိုင်းခိုင်းက "မဟုတ်သေးပါဘူး၊ ဝိနည်းအလေးပြူပါ" ပြောသည်။ သိမ်သမုတ်ရာ၌ ရေခန်းရှိနိဂုံးမသတ်ရသေးလျှင် သိမ်အောင်နိုင်ပမလား" ဟုထောက်ပြသည်။ ကျိဝန်ကအောင်သည်ဟုဆို၏။ ဓမ္မိကာရုံငယ်စဉ်က ဘုရားကြီးဦးဇာဂရနှင့်အတူ အောက်ပြည်မြို့ ကျေးရွာများသို့လိုက်ပါ၍ သိမ်သမုတ်မည့်နေ့တွင် ဆရာတော်တပါးက "အရှင်ဘုရားသိမ်က ဘယ်လိုသမုတ်ထားမှာလဲ" ဟုမေးရာ ပြည်မူအတိုင်းနိဂုံး၌**သာ**မပါဟုပြောသည်။ နေရာမကျသေး၊ ထပ်နှုတ်ပါအုံးဟုမေးရာ ဦးဇာဂရကြီးက ထိုကဲ့သို့ကဲ့ပြားခြင်းမှာ ကျိဝန်နှင့်မိုင်းခိုင်းတို့ ကဲ့လဲ့ရာကစ၍ဖြစ်ကြောင်း ပြောမှ ထပ်၍မနှုတ်ပဲ ငြိမ်းအေးသွားလေသည်။

ဤမှတ်တမ်းကို "**တမိုးအောက်တအက်**" ဟုတွင်သော တောင်သာမြို့လေးမြို့ ဂိုဏ်းချုပ် **မြစ်ကွေ့ခရိုင် သုဓမ္မာဝဲင် အဂ္ဂမဟာပဏ္ဍိတ** ဘဒ္ဒန္တအဂ္ဂဝံသကျန်းရှာတောရ ဆရာတော်သည် ကျေးဇူးရှင်စလင်း၊ မိုင်းခိုင်း၊ လယ်တီ၊ မာန်လည်၊ ဝိသုဒ္ဓါရုံ၊ ရွှေရေးဆောင် စသောဆရာတော်ကြီးများထံမှရအပ်သော ကိုယ်တိုင်လိုက်နာအပ်သော ဥပသမ္ပဒါကံသီမာသမ္မုတိကံများကို ရွက်ဆောင်စဉ် ရေးမှတ်ထားအပ်သော "**ကမ္မဝါစာဥစ္စာရဏယဒီပနီလက်ရေးမူစာတမ်း**" အလိုဟု ဆိုနိုင်ပါသည်။

ထိုမှတပါး ကမ္မဝါစာရွက်ဖက်နည်း ကဲ့ပြားဝိဝါဒများသဖြင့် တပည့်အစဉ်အဆက်တို့မှာ မှတ်သားနိုင်ကြရန် စစ်ကိုင်းမြို့ဆင်နင်းတိုက်အုပ် ဦးကလျာဏလျှောက်ထားသဖြင့် စစ်ကိုင်းမြို့ ဝတ်ချက်ရွာ၏မြောက်ဘက် စံတုလ္တတ်ဗိမာန်ရွှေကျောင်းတော်ကြီး၌ သီတင်းသုံးသော "သုမင်္ဂလသာမိသီရိပဝရမဏိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော်စိရင်သော "ဒုရုတ္တဒီပနီကျမ်း" ၌လည်း အကျယ်ပါရှိသည်။

o ... o .... o ....

ဆရာစဉ်များ

ကျေးဇူးရှင်ရေစက်ခံဆရာတော်၏ အထက်ဆရာစဉ်တို့မှာ....

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ရှင်မဟာကဿပ၊ ရှင်အာနန္ဒာ၊ ရှင်ဥပါလိ၊ ဤရဟန္တာ မထေရ်တို့မှာ ဆရာစဉ်တဆက်၊ ထို့ပြင် ရှင်ဒါသက၊ ရှင်သောဏ၊ ရှင်သိဂ္ဂဝ၊ ရှင်စက္ကဝဲဇီတို့နှင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာမထေရ်တို့မှာ ဆရာစဉ်တဆက်အဖြစ်ယူ၍ မဇ္ဈိမဒေသဆရာများဖြစ်တော်မူကြ၏။

ဤဆရာစဉ်တို့မှာ ပထမသံပါယနာတင်သည်ကစ၍ တတိယသံဂါယနာတင်နှစ် သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တိုင် သာသနာပြုတော်မူကြသည်။

ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် တပည့်ရင်းများဖြစ်သော ရှင်သောဏ၊ ရှင်ဥတ္တရနှစ်ပါးတို့မှာ အရံသံဃာသုံးပါးနှင့်အတူ ကိုးတိုင်းကိုးဌာနတပြိုင်နက် သာသနာပြုဧလုတ်တော်မူရာ သာသနာ ၂၃၅-ခုနှစ်တွင် သထုံပြည်သီရိမာသောကမင်းလက်ထက် သာသနာပြုတော်မူကြ၍ မြန်မာနိုင်ငံကိုးအသီးသီး သံဃာတော်တို့၏ အဦးအစ ဖြစ်တော်မူကြသည်။

သထုံပြည်ဆရာစဉ်ဆက်တို့မှာ ရှင်သောဏ၊ ရှင်ဥတ္တရ,လက်ထက်ဆင့်ပွား ရှင်သောဘိတ၊ ရှင်သောမဒတ္တ၊ ရှင်သုမနတိဿ၊ ရှင်သောပါက၊ ဒုတိယရှင်သောမဒတ္တ၊ ရှင်အနောမဒဿီ၊ ရှင်အဓိသီလ၊ ရှင်ပြာဏဒဿီ၊ ရှင်သီလဗုဒ္ဓိ၊ ရှင်မဟာကာလကိုဖြစ်တော်မူကြသည်။

ဤဆရာစဉ်တို့မှာ သာသနာနှစ် ၁၆၀၀-ပြည့် မနုဟာမင်းလက်ထက်တိုင် မင်း ၁၀-ဆက် သထုံသာသနာဝင်များတည်း။

ရှင်အနောမဒဿီမထေရ်လက်ထက် ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာရေး အဋ္ဌကထာဟောင်းတို့ကို အကျဉ်းငုံလျက် မဂဓောသာဖြင့် အဋ္ဌကထာသစ်များကို စီရင်၍ ဘထုံပြည်သို့ ယူဆောင်လာသည်ဟုဆို၏။

ရှင်သီလဗုဒ္ဓိနှင့် ရှင်မဟာကာလမထေရ်နှစ်ပါးတို့သည် သထုံပြည်မှ မြန်မာနိုင်ငံအလုံး သာသနာတော်ပြန့်ပွားအောင် ဆောင်ရွက်တော်မူသည်။ တို့အချို့နှုက ပုဂံမင်းနေပြည် မင်းအဆက်ဆက်တို့မှာ မြန်မာနိုင်ငံတဝန်းအာဏာပြန့်နှံ့ချုပ်ကိုင်ခဲ့၏။ ရှင်သီလဗုဒ္ဓိနှင့် ရှင်မဟာကာလမထေရ်နှစ်ပါးတို့သည် တာဝတိံသာနတ်ပြည်မှ သာသနာပြုနိုင်မည့်

၁။ ထေရ-ပုဒ်မှ ပါဠိဘာသာ၌ထောက်၍(ထေရ)ဟု ရေးရိုးရှိသော်လည်း "လူအာဇာနည်၊ မဟာထည်၊ ဉာဏ်ခြည်မသန်းမြွေး" (ကဝိလက္ခဏာ)အရ၊ ထည်-ဟူ၍လည်း ညွှတ်နှင့် ရေးကြသေးသည်။

ဘုန်းကံသမ္ဘာဝပါရမီရှင် နတ်သားတဦးအားတောင်းပန်လျက် သထုံပြည် ပုဏ္ဏားမဝမ်း၌ သန္ဓေတည်စေပြီးလျှင် နေ့လစေ့၍ဖွားသည်ကစ၍ ရှင်သီလဗုဒ္ဓိရဟန္တာထေရ်က တာဝန်ယူစောင့်ရှောက်တော်မူသည်။ လူဝတ်နှင့် ဗေဒင်လေးပုံတတ်မြောက်ပြီး ရှင်သာမဏေနှင့် ပိဋကသုံးပုံနှင့် ဂန္ထဋ္ဌရများကုန်စင်အောင်ကျမ်းကျင်သည်။ ရဟန်းဖြစ်လျှင် ယိုးဒယားပြည် ၁၀-နှစ်ခန့်နေ၍ သတုံပြည်သို့ပြန်လည်ကြွရောက်သာသနာပြု ၄တာရနေသည်။

ရှင်ဘဲ့ ရဟန်းဘဲ့ ဓမ္မဒဿီဟူ၏။ သာသနာ ၁၆၀၁-ခုနှစ် သထုံပြည် မနုဟာမင်းနှင့် ပုဂံနေပြည် အနော်ရထာမင်းတို့လက်ထက် သာသနာတော် ပြန့်ပွားစေသည်။ သထုံပြည်မှ ပုဂံပြည်သို့ကြွရောက် သာသနာပြုပြန်တော်မူရာ ရဟန္တာမြတ် ရှင်အရဟံတဉ်လေသည်။ ရဟန္တာရှင်အရဟံထေရ်သည် **မြန်မာနိုင်ငံကိုးအသီးသီး သံဃာတို့၏ ဒုတိယအမှန်အစ ဆရာစဉ်ဖြစ်တော်မူ၏။**

.... o .... o

ပုဂံပြည်ဆရာစဉ်

ရဟန္တာရှင်အရဟံထေရ်မှဆင်းသက်သော ဆရာစဉ်တို့မှာ ရှင်ဂုဏသာရ၊ ရှင်အင်္ဂပဏ္ဍိတ၊ ရှင်အင်္ဂဝံသ၊ ရှင်ဥတ္တရာဇီဝ၊ ပထမဆပ်ဒ၊ ရှင်သဒ္ဓမ္မပါလ၊ ဒုတိယဆပ်ဒ၊ ရှင်သဒ္ဓမ္မညာဏ၊ တတိယဆပ်ဒ၊ ရှင်သဒ္ဓမ္မဇောတိပါလတို့ဖြစ်သည်။

ဤဆရာစဉ်တို့သည် သာသနာနှစ် ၁၈၄၂-ခုနှစ် ကောဇာသက္ကရာဇ် ၆၆၀-နှစ် ပုဂံနေပြည်တော်ပျက်သည်အထိ ဖြစ်သည်။ ရဟန္တာမြတ်ရှင်အရဟံမထေရ်၏ အဆက်အနွယ်တို့မှ ပုဂံပြည်နရပတိစည်သူ၊လက်ထက်၊ ရှင်ဥတ္တရာဇီဝလက်ထက်၊ သာသနာနှစ် ၁၇၀၀-ပြည့်ခန့် ကောဇာ ၅၃၀-ခန့်တွင် ဂိုဏ်းကွဲများဖြစ်ပေါ်လာသည်။

ထိုမင်းလက်ထက် ရှင်ဥတ္တရာဇီဝမထေရ်သည် ဂိုဏ်းအသီးသီးကွဲပြားမှု သန့်ရှင်းစင်ကြယ်စေရန် ကောဇာ ၅၄၂-ခုနှစ်တွင် နောက်ပါ ပစ္စာသမဏ သံဃာများနှင့်အတူ သီကျွာထပ်ရေးအတွက် သီဟိုဠ်ကျွန်းသို့ကူးလေသည်။ ယင်းသံဃာများနှင့်အတူ ပုသိမ်မြို့ငပုတော ဆပ်ဒရွာမှ သာမဏေတပါးလည်းပါသည်၊

ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်စေလွှတ်သော ရှင်မဟာမဟိန္ဒ ရဟန္တာမြတ်အဆက်အနွယ်ပဟာဝိဟာရဝါသီဂိုဏ်းသံဃာနှင့်အနွယ်တူ(ထေရဝါဒ)ချင်း စေ့စပ်ပြီးလျှင် သိမ်ထပ်ခြင်း၊ သာမဏေဆပ်ဒအား ရဟန်းပြုခြင်းများဆောင်ရွက်တော်မူ

ကြသည်။ ငပုတော ဆပ္ပဒရွာဇာတိကို အစဲ့ပြုလျက် **ဆပ္ပဒရဟန်းတော်ဟု** ကျော်စောသည်။ ဘဲ့ရှင်သဒ္ဓမ္မဇောတိပါလဟု ဆိုကြ၏။

ဆပ္ပဒသာမဏေရဟန်းဖြစ်ပြီးလျှင် ရှင်ဥတ္တရာဇီဝ ပုဂံပြည်သို့ ပြန်လည်ကြွတော်မူလာသည်၊ ဆပ္ပဒရဟန်းကား ၁၀-ဝါတိုင် သီဟိုဠ်ကျန်းမဟာ ဝိဟာရဝံဒါသီကျောင်းတိုက်တွင် ပညာသင်ယူပြီးနောက် မြန်မာနိုင်ငံပုဂံပြည်သို့ ၁၀-ဝါပြည့်သောနှစ်မှာပင် ပြန်လည် ကြွလာသည်။ ရှင်ဆပ္ပဒနှင့်အတူ စာသင်ဘက် ရှင်တာမလိန္ဒ၊ ရှင်သီဝလိ၊ ရှင်အာနန္ဒာ၊ ရှင်ရာဟုလာမထေရ်တို့ကို ပင့်ခဲ့လေသည်။

မြန်မာနိုင်ငံအပြန် ပုဂံမဇ္ဈက်မိ ဝါဆိုကြရတော့မည်ဖြစ်၍ ဝါဆိုမှီ ပုဂံသို့ မရောက်နိုင်ကြရကား ပုသိမ်မြို့တွင် ဝါကပ်တော်မူကြရသည်၊ ဝါလကင်းလွတ် သီတင်းကျွတ် ပဝါရဏာအပြီး၊ ပုဂံပြည်သို့ ဆက်လက်ကြွတော်မူရာ ဆပ္ပဒ,ဆရာရင်းဖြစ်သော ရှင်ဥတ္တရာဇီဝ အလောင်းတော်ကို နောက်ဆုံးပူဇော်ရသည်။

ပုဂံနေပြည်တော်တွင် ဆပ္ပဒမထေရ်နှင့် စာသင်ဘက်ဆရာတို့ သံဃာလေးပါးတို့နှင့်သာ ကံကြီး ကံငယ်ပြုကြလေသည်။ ပုဂံတွင်ရှိပြီး ဂိုဏ်းကို ပုရိမဂိုဏ်း သီဟိုဠ်မှ ပြန်လာသော ဆပ္ပဒနှင့် သီဟိုဠ်သံဃာလေးပါးကို မစ္ဆိမဂိုဏ်းဟူ၍ ခေါ်ဆိုကြသည်။

ပုဂံနေပြည် နရပတိစည်သူမင်းတရားသည် သီဟိုဠ်ပြန်ဆပ္ပဒ,မထေရ်အမှူးပြုသော မဇ္ဈိမဂိုဏ်း သံဃာတို့ကို ချီးမြှောက်ပြုစုတော်မူသည်။

ဝ – ဝ – ၉

ပုခန်းဆက် ဆရာစဉ်

သီဟိုဠ် မဟာဝိဟာရဝဝါသီဂိုဏ်းနှယ်သော ဆပ္ပဒမထေရ်သည် သီကျော်ဝါတော်ငယ်သော်လည်း သာသနာပြုခဲ့ရာ ပြန့်ပွားစည်ပင်သည်။

ပုဂံနေပြည်တော် ပျက်သုဉ်းခဲ့ပြီးနောက် ပင်းယမြို့တည် နန်းတည်တစိုး**ရှင်သီဟသူ**မင်းလက်ထက် သီဟိုဠ်ပြန်ဆပ္ပဒမထေရ်တပည့် ပုဂံခေမင်္ကရတို့က်နေရှင်သုဓမ္မာစာရီမထေရ်သည် ပုဂံမှ ကူသန်းကြီးခေါ်သော ပုခန်းကြီးမြို့တွင် မြင်းစိုင်းမြို့တည် တစိုးသီဟသူနောင်ထော် အသခ်ယာမင်းကုသိုလ်ကောင်ကျောင်းတော်ဆောက်လှူသည်။ ယင်းကျောင်းကိုလည်း **''ခေမင်္ကရကျောင်းတိုက်''** ဟု ကမ္ဘည်းရေးထိုးလေသည်။

ထိုနောက် တစိုးရှင်သီဟသူမင်း ဆက်လက်ကိုးကွယ်တော်မူသည်။ ပုခန်းကြီးဆရာစဉ်ကိုဆိုရသော်....ရှင်သုမေဓာရီမှ အစပြုလျက် ပုခန်းကြီး ဝါကျဉ်မင်တိုက်ရှင်အဂ္ဂ

ဓမ္မာလင်္ကာရ၊ နွယ်နီမုတ်ကျောင်း ရှင်ပုညဝါသီ၊ ဥမင်တိုက် ရှင်ဓမ္မာနန္ဒ၊ ရွှေဥမင်ဆရာတော် ရှင်ဇမ္ဗုဓဇ၊ ဆယ်အင်းတောရဂိုဏ်းအုပ်ရှင်ဉာဏာလင်္ကာရ၊ ကျော်အောင်စံထား ရှင်ဉာဏဝရ, တို့ဖြစ်သည်။

ဆရာစဉ်မှ အောက်တပည့်စဉ်ဆက်သော် ရှင်သုဓမ္မာစာရီတပည့် ဝါကျဥမင် ရှင်အဂ္ဂဓမ္မာလင်္ကာရ၊ ထို၏တပည့် ရှင်ဓမ္မာနန္ဒ၊ထို၏တပည့် ဘုဉာဆရာတော်၊ ထို၏တပည့် ကျော်အောင်စံထား၊ ထို၏တပည့် မင်းအို၊ ထို၏တပည့် သဲအင်းသာသနာပိုင် ဦးသူရိယ၊ ထို၏တပည့် သာသနာပိုင် ဒုတိယ မောင်းထောင် ဦးဥေယျ၊ ထို၏တပည့် ရေစကြို ရှင်ဝံရသမ္မောဓိ၊ ထို၏တပည့်မှာ ပခုက္ကူဆရာတော် ရှင်ဂန္ဓသာရ ဖြစ်သည်။

o .... o .... o

စာစပ်တပလ္လင်၊ စာသင်တက္ကမ်း

ရေစကြို ဆရာတော်၏ စာသင်နည်းမှာ ကျမ်းဦးပလ္လင်ကစ၍ စာစပ်စေရသည်။ ယင်းစာစပ်ခြင်းကား စာတတ်ခြင်း၏အဓိက ဖြစ်သည်။ စာစပ်လိမ္မာစွာ တတ်မြောက်လျှင် ပိဋကနိကာယ်ပါဠို အဋ္ဌကထာတို့၌ ကူးမြောက်နိုင်သည်။ **စာစပ်ကျမ်းဦး**ကစ၍ တတ်ကျွမ်းသော် တကျမ်းတဖဲ့ကုန်ရုံမျှဖြင့်စာတတ်ပုဂ္ဂိုလ်ကျော်ဖြစ်ခဲ့သည်။ ယင်းအချက်မျှားကို ဆရာတော်အထူးအရေးတယူ စာစပ်စေခြင်းဖြစ်သည်။ ပကိဏ္ဏက စာစပ်ကျမ်းနှင့် ကဒ်ါနိဒါန်းစာစပ်ကျမ်း''တို့ကို စီရင်တော်မူခဲ့ခြင်းမှာလည်း အခြေခံစာစပ်နည်း တတ်မြောက်စေရန်ဖြစ်သည်။

အခြားအခြားသော ဆရာတော်တို့မှာလည်း စာစပ်နည်းမျှားကို ဦးစားပေးလျက် စာစပ်နိယံကျမ်းမျှားကို အသီးသီးစီရင်တော်မူခဲ့ကြသည်။ **''ရတနာသုံးမူတ္တာကုံး''** ခို စာစပ်နိယံကို သုဇာတာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပြု သုခမ္မာအဖွဲ့ဝင် ဘိုးတော်လက်ထက် မတ္တရာ ဆရာတော် စီရင်ခဲ့သည်။

ထို့ပြင် သံဝဏ္ဏနာစာစပ်နိယံဟောင်း၊ ကာရက ၆-ဖြာခို စာစပ်နိယံ၊ ရတနာသုံးပါးခို စာစပ်နိယံ၊ **ရှစ်သောင်းလေးထောင်ခို** စာစပ်နိယံ၊ ဟိတ်လက္ခဏာခိုစာစပ်နိယံ၊ သောတုဇနခို့စာစပ်နိယံ၊ ပိဋကသုံးပုံခို စာစပ်နိယံ၊ မင်္ဂလာရောင်ခြိပ်ခို့စာစပ်နိယံ စသည်ဖြင့် နိယံကျမ်းပေါင်းများစွာ ပေါ်ထွက်ခဲ့ဘူးသည်။

အရှင်အာဒိစ္စဝံသစာစပ်နိယံ စာကိုယ်နှင့်အဖြေကိုလည်း စီရင်ခဲ့သည်။

ရေစကြိုဆရာတော် ရှင်ဂန္ဓသာရသည် ပရိယတ္တိသာသနာတော် စည်ပင်ထွန်းကားရေးကို ရှေ့ရှုလျက် အခြေခံစာစပ်များကို ပိုင်နိုင်စွာသင်ကြားစေပြီး ပိဋကနိကာယ်

တည်းဟူသော ပင်လယ်ကူး မာလိန်မှူးကြီးကဲ့သို့ သာသနာတော် ပြုစုတော်မူခဲ့ရာ အထောင်,အသောင်း,အသိန်း,အသန်းမကသော ပိဋကသုရဲကောင်းတပည့်အဆက်ဆက် များ ပေါ်ထွန်းတော်မူကြပြီဖြစ်သည်။

ဆရာတော် ချစ်မြတ်နိုးတော်မူသော စာပေပို့ချမှုတာဝန်ကို ခန္ဓာကိုယ်၌ ရောဂါစဲ့ကပ်သည်အထိ ဖြစ်သည်။ ယင်းရောဂါကြောင့်ပင် ၁၂၇၆-ခုနှစ် သီတင်းကျွတ်လ တွင် သက်တော် ဂ၂-သိက္ခာ ၆၃-ဝါအရ ပြန်လွန်တော်မူပါသည်။

၀ .... ဝ .... ဝ

သဲအင်းဆရာတော်

ဒုတိယ ဗဟုကရာသာသနာပိုင် ရှင်ပညာဇောတက ''သဲအင်းရွာ''ကို''ဝါလု ကဝါပိနာမကေဂါမေ''ဟု မတကဘဏ္ဍဝိနိစ္ဆယကျမ်းနိဂုံး၌ ပါဠိစီကုံးထားသည်။ (ဝါလုက = သဲ—ဝါဠုကလည်းရှိ၏) ဝါပိ—အင်း— နာမက—သဲအင်းမည်သော ဂါမေ = ရွာ)

သဲအင်းရွာသည် ဧရာဝတီမြစ်ကြောတလျှောက် အနောက်ဘက်အဝင်၊ သုနာပရန္တ တိုင်း ကူးသန်းကူးခန်း ပုခန်းကြီးမည်သောမြို့တောင်ဘက် အခဲနှင့်တက္ခ တာနှစ်ထောင် မျှလောက်သော (ဝါ)တတိုင်ခဲ့မျှသော (သုံးမိုင်ခန့်)ဝေးသောအရပ်၌ ကူးမြောင်းမြစ် ငယ်တခုရှိ၏။

ထိုကူးမြောင်းမြစ်ငယ်၏လည်းကောင်း၊ သလွဲဝတီ (ချင်းတွင်းမြင်)၏လည်း ကောင်း၊ အလယ်ကျန်း၌ သဲအင်းရွာတည်ရှိ၏။ ယင်းသဲအင်းရွာကား ပထမ သဲအင်း သာသနာပိုင်လောင်းလျှာ၏ ဇာတိဖြစ်သတည်း။

မိဘနှစ်ပါးတို့မှာ ဦးအောင်စံ-ဒေါ်ပုံတို့ဖြစ်၍၊ ကောဇာသက္ကရာဇ် ၁၁၂၅-ခုနှစ် နတ်တော်လွန်း ၇—ရက် သောကြာနေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်ကြောင်ဟူ၏။ မောင်ကြောင်သည် ဆင်ဖြူရှင်မင်းတရားလက်ထက် သူငယ်ဘဝကပင် **အစ်ကိုရင်း** ရှင်စန္ဒနှင့်အတူ အင်းဝရွှေမြို့တော် ဘုံကျော်တိုက်ဇရစ်ဆရာတော် **မိုးထိတိုက်ထန်းတပင်** ဆရာတော်တို့အထံတွင်ဆည်းကပ်၍ ပညာသင်ယူသည်။ နောက်-ရှင်သာမဏေပြုသည်။ ဘွဲ့ ရှင်သူရိယဟူ၍ မှည့်သည်။

သာမဏေအဖြစ်နှင့်ပင် ပထမ ဗဟုကရာဆရာတော်ရှင်ရမ္မောဘိနန္ဒအထံတွင်ဆက် လက်ပညာသင်သည်။ ဘိုးတော်လက်ထက် အင်းဝမှ အမရပူရနေပြတတော်သို့ ရွှေ.

ပြောင်းသောအခါ၌လည်း ပထမ ဗားကရာဆရာတော်နှင့်အတူ လိုက်ပါသည်။ ရှင်သူရိယသည် အသက် ၂၅–နှစ်အရွယ်ရောက်ရှိမှသာ ပထမ ဗားကရာဆရာတော်ကိုယ်တိုင် သပိတ်ပရိက္ခရာစုံလင်စွာဖြင့် ချီးမြှောက်ပြီးလျှင် ရှေ့မြို့တော်အနောက်မျက်နှာ ဗားကရာတိုက်သိမ်၌ ပထမ ဗားကရာဆရာတော်အား ဥပဇ္ဈာယ်ပြုလျက် ပုဒ်ပါဠိအက္ခရာဌာန်ကရိဏ်း ပယတ်ကျနပြေပြစ်စွာ ရွတ်ဖတ်နိုင်သောဆရာတော်များက ကမ္မဝါစာဆောင်၍ မြင့်မြတ်သော ဥပသမ္ပဒ,ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ရဟန်းဖြစ်လျှင် မင်းနေပြည်တော် စာတတ်ပုဂ္ဂိုလ်ကျော်တို့ထံ ဆက်လက်ပညာသင်ကြားခြင်း၊ ကိုယ်တိုင်စာပေပို့ချခြင်းများ ပြုလျက်နေသည်။

သက္ကရာဇ် ၁၁၆၁-ခုနှစ်တွင် ဇာတိသဲအင်းရွာသို့ တပည့်ပရိသတ်များဖြင့် ကြွရောက်၍ စာသင်တိုက်တည်ကာ သာသနာပြုစာပေ ပို့ချတော်မူသည်၊ ၁၁၇၁-ခုနှစ် ဘိုးတော်နတ်ရွာစံ၍ မြေးတော်စစ်ကိုင်းမင်း (ဘကြီးတော်)ထီးနန်းရိုက်ရာ ဆက်ခံသိမ်းပိုက်သည်။

ထိုဘကြီးတော် စစ်ကိုင်းမင်းလက်ထက် သဲအင်း ရှင်သူရိယအား နေပြည်တော်သို့ပင့်ဆောင်၍ ညီတော် အိမ်ရှေ့ (သာယာဝတီမင်း) ကိုးကွယ်လေသည်။ ရှေ့မြို့တော်မြောက်မျက်နှာ သဲအင်းတိုက်အတွင်း ဝါဆိုကျောင်းတော် ဆောက်လှူသည်။

သက္ကရာဇ် ၁၁၇၂–ခုနှစ်၊ ဝါဆိုလဆန်း ၁၅–ရက်နေ့တွင် "သဒ္ဓမ္မပံသာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကပ်လှူခြင်းခံရသည်၊ ဘကြီးတော်မင်း ၁၁၇၅-ခုနှစ် အင်းဝရှေ့မြို့တော်သို့ ရှေ့ပြောင်းစိုးစံတော်မူသောအခါ ရှေ့မြို့တော်အနောက်လောက သယမ္ဘူစေတီတော် အရှေ့ဘက် သဲအင်းကျောင်းတိုက်တွင် ညီတော် အိမ်ရှေ့(သာယာဝတီ)မင်း ဆောက်လှူသည့်ကျောင်းတော်၌ သိတင်းသုံးတော်မူသည်။

သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ညီတော် အိမ်ရှေ့သာယာဝတီမင်းအထွတ်အထိပ်သို့ရောက်လျှင် ထိုနှစ်နယုန်လဆန်း ၅–ရက်နေ့တွင် ရှေနန်းတော် အနောက်တောင်ထောင့်မာရ်အောင်ရတနာစေတီတော်အရာမ်အတွင်း သုဓမ္မာစရပ်တော်၌ ဆရာတော်၊ သံဃာတော်၊ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ ဝန်ကြီးမှူးကြီးတို့ အစုံအညီရှေ့မှောက်ဝယ် သက်တော် ၇၃-နှစ်အရွယ် သဲအင်းဆရာတော် ရှင်သူရိယအား "ဓမ္မသေနာပတိ" အဖြစ်ချီးမြှင့်၍ သာသနာပိုင်ခန့်ထားတော်မူသည်။

ထိုနှစ် နယုန်လဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့တွင် သာတနာတော်အရေး၌ သတ္တိဗျတ္တိနှင့် ပြည့်စုံ-ကုံလုံသော ပိဋကတော်စာကြည့်စာတည်းစာမဆရာတော် သံဃာတော်စံဆိပ်ရ ၁၂-ပါးနှင့်တကွ စစ်ကိုင်းမြို့ စံနန်းတော်၌ "သူရိယဓံသာဘိသိရိပဝံရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" သာသနာပိုင်ဘွဲ့တံဆိပ်တော်ကို အဆောင်အယောင်များဖြင့် လှူဒါန်းဆက်ကပ်လေသည်။

ထိုနောက် အာမရပူရရွှေမြို့တော်သို့ ပြောင်းရွှေ့စိုးစံတော်မူသောအခါ မြို့တော်အရှေ့မြောက်ယွန်းတွင် ဘွားတော် ရှင်မိရားခေါင်ကြီးကုသိုလ်တော် မင်းအိုကျောင်းတိုက်တွင် အောင်မြေဘုံကျော်ကျောင်းတော် ဆောက်လှူသည်။

ထိုတိုက်အတွင်း အနောက်မျောက်ထောင့်တွင် ဝါဆိုကျောင်းတော်သစ် ဆောက်လှူတော်မူရာ သက်တော် ၇၆-နှစ်၊ သီကွာ ၅၁-ဝါအရ ၁၂၀၁-ခု သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့တွင် ဝါဆိုကျောင်းတော်၌ပင် ပြန်လွှန်တော်မူသည်။

ပထမ သဲအင်းသာသနာပိုင် ဆရာတော်ကြီးသည် မင်းအိုသာသနာပိုင် ရှင်ဂုဏနှင့် ပထမ ဗားကရာဆရာတော် ရှင်နန္ဒမာလာခေါ် ရှင်ဓမ္မာဘိနန္ဒတို့၏ တပည့်ကြီးဖြစ်သည်။

ဘိုးတော်မင်းတရားနှင့် ဘကြီးတော်တို့လက်ထက် သာသနာပြု သာသနာစောင့်ဆောင်ရွက်တော်မူခဲ့ရုံမက ပထမအင်္ဂလိပ်မြန်မာစစ်ကြီးဖြစ်ပွားစဉ်က သတိုးမင်းကြီးမဟာဗန္ဓုလနှင့်အတူ နှလုံးရည်ဖြင့် တိုင်းပြည်အမျိုး ဘာသာသာသနာတော်ကို အထူးစောင့်ရှောက်ကာကွယ်တော်မူခဲ့သည်ဟု မှတ်တမ်းရှိ၏။

သာသနာပိုင်နှင့် ရာဇဂုရုတို့၏ဆရာ

သဲအင်းသာသနာပိုင် ဆရာတော်ကြီးသည် တပည့်သာသနာပိုင်များနှင့် ရာဇဂုရု ဆရာတော် ပုဂ္ဂိုလ်ကျော်တို့ကို မွေးထုတ်ပေးတော်မူခဲ့သဖြင့် သာသနာပိုင်နှင့် ရာဇဂုရုတို့၏ဆရာ''ဟူ၍ ဥဒါန်းရှိသည်။ မောင်းထောင် (နတ်ရဲတောင်)ဇာတိဖြစ်၍ ဒုတိယမောင်းထောင်သာသနာပိုင်ဟူ၍လည်းကောင်း၊ သဲအင်းတိုက်ထွက် သဲအင်းအဆက်အနှယ်ဖြစ်၍ ဒုတိယ သဲအင်းသာသနာပိုင်ဟူ၍လည်းကောင်း၊ သာသနာပိုင်ချည်း နှစ်ကြိမ်ဖြစ်လာ၍ ကျော်စောတော်မူသော သာသနာ ဦးဥယျ၊ ဒုတိယ ဗားကရာသာသနာပိုင် ဦးပညာဇောတတို့မှာ ပထမ သဲအင်းသာသနာပိုင် ဆရာတော်ကြီး၏ တပည့်ကြီးများဖြစ်သည်။

သာသနာတော်တွင် နေအသွင်လအသွင် ထင်ရှားတော်မူကြသော ပညာသာမိကဝိသာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဘုံကျော်ဆရာတော် မဏ်ဇောတသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ခင်မကန်ဆရာတော် (ဦးပြား)မေဓာဘိဝံသသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ပြည်ဆရာတော်၊ ပရမဉာဏဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဝေဝံ

ယန်စံလွတ်ဆရာတော်၊ စန္ဒိမာဘိသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ပထမ စံကျောင်းဆရာတော်၊ သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာစီရာဇဂုရု ဒုတိယစံကျောင်းဆရာတော်၊ ဤသို့ စသောအားဖြင့်များစုာသောင်းသောင်းတပည့်အပေါင်းတို့ ထွန်းကားခဲ့လေသည်။

ရာဇဂုရု ဘွဲ့တံဆိပ်တော်မရရှိ၍လည်းကောင်း၊ ရရှိသော်လည်း မယူ၍လည်းကောင်း၊ ပိဋကအရာ၌ ရဲရင့်ထူးချွန်တော်မူကြသော တပည့်သံဃာ ပရိသတ်အပေါင်းတို့မှာလည်း အရုာ၊ အထောင်၊ အသောင်းမက ရှိတော်မူလေသည်။

.... ဝ ဝ ....

စာပြေသဲအင်း

သံအင်းသာသနာပိုင် ဆရာတော်ကြီးသည် အဘိဓမ္မာ နိုင်နင်းတတ်ကျမ်းတော်မူကြသော အနန္တဓဇတောင်ဘီလူးဆရာတော်နှင့် ဝရမေဓာနန္ဒထန်းတပင်ဆရာတော်တို့၏နည်းကို လက်ကျပိုင်ပိုင်ရရှိတော်မူခဲ့၍လည်း အဘ်ဓမ္မာနှင့်ဆိုင်ရာ စာပေပို့ချဟောပြောရာ၌ ယှဉ်ပြိုင်ဘက်မရှိအောင် စွမ်းဆောင်တော်မူ၏။

ထို့အတူ ဝိနည်းသုတ္တန်ဘက်ဆိုင်ရာ သဒ္ဒါရေးဆိုင်ရာ စသည်တို့၌ စာပေပို့ချဟောပြောရာ ယှဉ်ပြိုင်ဘက်မရှိ အပြောအဆို ပိုင်နိုင်တော်၏။

ပထမ ငါးခုန်ဆရာတော် ရှင်အာဒိစ္စဝံသ,သည် ပိဋကနိကာယ်စုံတတ်ကျမ်းတော်မူလှ၏။ ဒဋ္ဌရဉီးစီးအုတ်ဖို၊ ရှင်ဥက္ကံဝံသမာလာ၏ဆရာ မကျီးတောဆရာတော်သည်လည်း စာပေတတ်မြောက်ရာ၌ ဘက်စုံတော်မူလှ၏။

ထို့ကြောင့် "**စာတတ်ငါးခုန်၊ စာစုံမကျည်းတော၊ စာပြေသဲအင်း**" ဟူ၍ ဥဒါန်းစကားစဉ် ရှိခဲ့သည်မဟုတ်လော။

သာသနာတော်တွင် အဘိဓမ္မာဥဝါဘက်ဆိုင်ရာမသုံးလျှင် မဖြစ်သော သဲအင်း သာသနာပိုင်ဆရာတော်စီရင်းတော်မူခဲ့သော ကျမ်းစာများမှာ **ပဌာန်းသုံးချက်စု၊ ပဌာန်းပစ္စည်းပြိုင်၊ ပဌာန်းရာသီစု၊ ပဋ္ဌာန်းအရကောက်၊ ယမိုက်အရကောက်၊ ဝိထိလက်ရိုး** စသောကျမ်းစာများဖြစ်သည်။

သဲအင်းဉာဏ်ကောက်ကျမ်း စသည်များနှင့် ဝိနည်းဘက်ဆိုင်ရာ ပါဠိဝေဘ်နိသယများ၊ အဋ္ဌကထာနိသယများလည်း စုံလင်စွာစီရင်တော်မူခဲ့လေသည်။

— ဝ —

နတ်ရဲတောင်

နတ်ရဲတောင်သည် သလွဲဝဝတီ(ချင်းတွင်း)မြစ်ကမ်းနဖူး၌ တည်ရှိ၍ ကြည်နူးဖွယ်ရှုခင်းသာလှ၏။ ထိုနတ်ရဲတောင်ကိုအစွဲပြုလျက် နတ်ရဲတောင်ရှာဟူ၍ခေါ်သည်။ ဤရှာကား သာသနာ့လောက၌ မှတ်တမ်းတင်ရမည်ကို မြော် တွေး မြင် ယော်င် လေ သည်။ သာသနာပိုင်လောင်းလျာ၏ ဇာတိရှာဖြစ်သောကြောင့်တည်း။ ထိုကျေးရွာကား ရှေးအခါက ပုခန်းကြီးနယ်အဝင်ပါ။ ကန္ဒီမြို့ကျေးတွင်တည်လေသည်။ သာသနာပိုင်လောင်းလျာ၏ဇာတ်ရှာဖြစ်၍လည်း သမ္မတ္တိစက်နှင့်ပြည့်စုံသည့်ဒေသဟု ဆိုလောက်တန်ရာ၏။

နတ်ရဲတောင်ရှာတွင် ဦးထွန်းဝါ-ဒေါ်ရာတို့ရှိ၏။ ဦးထွန်းဝါ ဇနီးဒေါ်ရာမှာ သက္ကရာဇ် ၁၁၆၁-ခုနှစ် ပထမဝါဆိုလဆန်း ၁၀-ရက်အင်္ဂါနေ့တွင် သတို့သားရတနာဖွားမြင်လာသည်။ မောင်သံမှိုဟုမှည့်ခေါ်ကြ၏။

အသက် ၁၀-နှစ်အရွယ် ဦးရီးတော်များဖြစ်သော ရှင်ကလျာဏ၊ ရှင်ပုညသီ၊ ရှင်သာရဇေသီတို့အထံတွင် ပညာများသင်ကြားသည်။ ထိုအချိန်က သံဃအဓိကရုဏ်းတခုဖြစ်နေ၍ အသက် ၁၆-နှစ်ရှိမှ မောင်သံမှိုအား မိဘတို့က ရှင်ပြုပေးကြရသည်။ ဘွဲ့ကို ရှင်ဥယျဟု ခေါ်တွင်စေ၏။

ဦးရီးတော်တပါးဖြင်သော ရှင်သာရဇေသီဆရာတော်သည် အလုံမြို့ကျေးဘုတလင်နှင့် ပုခန်းကြီးမြို့ကျေးကန္ဒီမြို့တွင်နေစဉ် ရှင်ဥယျလိုက်ပါခဲ့၏။ အသက် ၂၀-ပြည့်သည့်အခါ ၁၁၀၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့ နံနက် တချက်တီးအချိန်က ကန္ဒီမြို့အနောက်ယွန်းတွန်းရှိ တောင်ထိပ်ရှေးမင်းများကုသိုလ်တော် သိမ်၌ တောင်ပေါ်ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ရှင်သာရဇေသီ၊ ရှင်စန္ဒလင်္ကာ၊ ရှင်ဉာဏရံသီဇသောမထေရ်များက ကမ္မဝါစာဆရာပြုစေ၍ ပဉ္စင်းအဖြစ်သို့ ရောက်လာသည်။ ရှင်ဥယျဓမ္မ ဟု ဓမ္မပုဒ်ပို၍ ဘွဲ့မည်မှည့်ကြ၏။

ရဟန်းတော် ရှင်ဥယျဓမ္မသည် ၁၁၀၂-ခုနှစ်တွင် အမရပူရနေပြည်တော် မဟာမုနိဘုရားကြီးအနောက်ဘက် ရွှေရေးဆောင်တိုက်သို့ရောက်ရှိ၍ ပညာဆက်လက်သင်ယူ၏။ ကိုယ်တိုင်လည်း စာပေပို့ချလျက်ရှိသည်။

၁၁၀၄-ခုနှစ်တွင် ဆင်တဲဆရာတော်ထံဆက်လက်၍ နက္ခတ်ဗေဒင်သင်၏။ ၁၁၀၆ ခုနှစ်တွင် သဲအင်းဆရာတော် သီတင်းသုံးရာ အင်းဝရွှေမြို့တော်အတွင်း လောကသယမ္ဘူ

စေတီအရှေ့ဘက် သဲအင်းတိုက်သို့ပြောင်းရွှေ့လျက် ပိဋကနိကာယ်ရပ်များ သင်ယူခြင်း၊ တပည့်သံဃာတို့အား စာပေပို့ချခြင်းပြုနေလေသည်။

သာယာဝတီမင်း အထွတ်အထိပ်သို့ ရောက်တော်မူသောအခါ သဲအင်းဆရာတော် ရှင်သူရိယာအား သာသနာပိုင်လုံအပ်ရာ၌ အရံ တကျိပ်နှစ်ပါးတို့ပင် ပါဝင်စေ၍ ၁၁၉၉-ခု နယုန်လဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းမြို့စံနန်းတော်၌ "ဥယျာဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကပ်လှူခြင်း ခံတော်မူရ၏။

ထို့နောက်မင်းတရားကြီးသည် အမရပူရရွှေမြို့တော်သို့ ပြောင်းရွှေ့သည့်အခါ မြို့တော်အရှေ့မြောက်ယွန်းယွန်းရှိ မင်းအိုတိုက်သို့ သဲအင်းသာသနာပိုင် ရှင်သူရိယနှင့် အတူလိုက်ပါခဲ့၏။ သက္ကရာဇ် ၁၂၀၁-ခု သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့တွင် သဲအင်းသာသနာပိုင်ပြန်လှန်တော်မူသည်။

ထိုနှစ် တန်ဆောင်းမုန်းလဆန်း ၁၅-ရက်နေ့တွင် ဆင်ကြိုးရွှေဂူတုရားအရာမ်အတွင်း သုဓမ္မာစရပ်တော်၌ ဆရာတော်၊ သံဃာတော်၊ မင်း၊ မိဖုရား၊ မင်းညီမင်းသား ဝန်ကြီး မှူးကြီး၊ သေဋ္ဌေး သူကြွယ်၊ ရဟန်း သံဃာ၊ လူပရိသတ်တို့အစုံအညီရှေ့မှောက် ဝယ် "**ဓမ္မသေနာပတိ**" သာသနာပိုင်အဖြစ်ချီးမြှင့်၍ သာသနာတော်ကိုအပ်နှံလေသည်။

အမရပူရရွှေမြို့တော် အရှေ့မြောက်ယွန်း နန်းမတော်မိဖုရားခေါင်ကြီးကုသိုလ် တော်ဘုံခုနစ်ဆင့် ကျောင်းဦးပြာသာဒ်၊ အမိုးငါးဆင့်ကျောင်းမ မာရဘင်ဆီးဥကင် ရာဇပလ္လင်တည်၊ ဝယာထီးဖြူစိုက်၊ တွင်းပြင်ထက်အောက် ရွှေဖြင့်ပြီးသော ကျောင်းတော်၊ အမည် "**မဟာတုလ္ဓတ်ဘုံကျော်တိုက်တော်**" မဟာအဘယာရာမ ကမ္ဘည်းမော်ကွန်း ထိုးမှတ်သမိုက်တော်မူသည်။ သာသနာတော်ရေး၌ သတ္တိ ဗျတ္တိ ဗလနှင့်ပြည့်စုံသော ပိဋကမ၊ စာကြည့်စာတည်း၊ ဆရာတော် သံဃာတော်တံဆိပ်ရ ၁၂-ပါးနှင့်တကွခင်းကျင်း စီရင်ပြီးလျှင် ထွက်တော်မူကြီးထွက်တော်မူသည်။

မင်း၊ မိဖုရား၊ မင်းသားမင်းသမီး မှူးမတ်အပေါင်းတို့ခြံရံလျက် ရှင်**ဥယျဓမ္မဆရာတော်အား** "ဥယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုကပ်လှူ၍ သာသနာပိုင်အဖြစ် ခန့်အပ်တော်မူသည်။

၁၂၀၄-ခုနှစ် တပေါင်းလဆန်း ၁၅-ရက်နေ့တွင် မဟာအဘယာရာမတိုက်မဟာထုလ္ဓတ်ဘုံကျော်ကျောင်းတော်ကြီးကို မင်းတရားကိုယ်တော်တိုင် ရွှေကရားဖြင့် ရေစက်သွန်းလောင်းတော်မူပြီးလျှင် **သာသနာပိုင်ရှင်ဥယျဓမ္မအား** ထီးဖြူအုပ်၍တင်လှူတော်မူသည်။

ကျောင်းတော်ကြီးမြောက်ဘက်တွင် စစ်ကိုင်းမြို့စသော စားကျေးမြို့ရွာ အသုံးကံကျေးကိုခံယူသော **သမီးတော်ကြီး**(နောင်အခါ မင်းတုန်းမင်းတရားမိဖုရားခေါင် စကြာဒေဝီ)၏ ကုသိုလ်တော်ကျောင်းဦးပြာသာဒ်ဘုံ(၇)ဆင့်နှင့်တကွ ကျောင်းမ၊စမြင်ပါအမိုး

ဘုံ ၅-ဆင့် မာရဘင်ဆီး၊ ဥကင်ရာဇပလ္လင်တည်၊ ဝဲယာထီးဖြူစိုက်၊ တွင်းပြင်ထက် ငအောက်ရွှေဗိန်းချ ကျောင်းတော်ကြီးကိုလည်း "မဟာဝိသုတာရာမတိုက်" ကမ္ဘည်း ငမော်ကွန်းထိုးမှတ်သမိုက်တော်မူ၍ မဟာအောင်မြေဘုံကျော်ကျောင်းတော်နည်းခန့်ထား စီရင်လုပ်ဆောင်ပြီးလျှင် မင်းတရားကိုယ်တော်တိုင် ရွှေကရားဖြင့်ရေစက်သွန်းလောင်း လျက် သာသနာပိုင်ဆရာတော်အား ထီးဖြူအုပ်၍တင်လှူတော်မူသည်၊ လှူတော်မူစဉ် အတွင်း၌ ငထောင် တန်းသေပြစ်သေဒဏ် အကျဉ်းအမြောင်းခံသူတို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။ ဤသို့ပေးရခြင်းမှာ ပင်တိုင်စံသမီးတော်တောင်းဆိုသော ဆုလာဘ် ဖြစ်သည်။

o — o — o

ဦးဥယျနှင့်စကြာဒေဒီ

သာယာဝတီမင်းလက်ထက် ၁၂၀၁-ခုနှစ်တွင် သက်တော် ၄၀၊ သိက္ခာ ၂၁-ဝါ အရ သာသနာပိုင်တင်မြောက်ခြင်းမှာအကြောင်းရှိသည်။ ဆရာတော် သာသနာပိုင် (ရှင်ဥယျမမ္မ)သည် မင်းတရားသမီးတော်(**မင်းထုန်းမင်းမိဖုရားခေါင်ကြီး**)**စကြာဒေဒီ** ငယ်ရွယ်စဉ်က ဗေဒင် နက္ခတ်စသော အတတ်ပညာရပ်များကို သင်ကြားတော်မူခဲ့သော ကျေးဇူးရှင်ဖြစ်သည်။

ပညာသင်ကြားပေးခဲ့သော ကျေးဇူးကို တုံ့ဆပ်လိုသည်မှာ အကြောင်းရင်းခံ ဖြစ်၏။ အထူးသဖြင့် သာသနာပိုင်ဆရာတော်မှာ မင်းကျမ်းဝင်ဆက်ဆံတော်မူတတ် သည့်ပြင် ကြည်ညိုဖွယ်ဂုဏ်၊ ရူပနိကာယ်၊ ကြန်အင်လက္ခဏာနှင့် ပြည့်စုံတော်မူသည်။ သို့ဖြစ်၍ **ဧဝံတဒါနဆုပေး၍**ချီးမြှင့်ထားသောသမီးတော်က ခမည်းတော်မင်းတရားကြီး အား ဆရာရင်းတဆူအား သာသနာပိုင်တင်မြောက်ရာ၌ အရေးပါသောအကြောင်း လည်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ခမည်းတော်လက်ထက်သာသနာပိုင်တင်၍ .ပူဇော်တုံ့ဆပ်ရုံမက မင်းထုန်းမင်း တရား အထွက်အထိပ်သို့ရောက်တော်မူ၍ မိဖုရားခေါင်ကြီးဖြစ်လာသောအခါ ဆရာရင်း ဇာဆူဖြစ်တော်မူသော သာသနာပိုင်ဦးဥယျဓမ္မကိုပင် ၁၂၁၅-ခုနှစ် ကဆုန်လတွင် 'ဥယျဓမ္မာဘိဝံသမုနိဝရဉာဏကိတ္တိသီရိဓဇမဟာသေနာပတိဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ် တော်နှင့်တကွ သာသနာပိုင်အဆောင်အယောင်များဖြင့် သာသနာအပ်နှင်းပတော်မူပြန် သည်။

ပုဂံမင်းတရားလက်ထက် **ဒုတိယဗာဒကရာဆရာတော်** ဦးပညာဇောတအား သာသနာပိုင် ခန့်အပ်ခဲ့ပြန်ရာ သာသနာပိုင်ဆရာတော်နှစ်ပါးဖြစ်တော်မူသည်။ သို့ရာတွင် ပုဂံမင်းတရားဆရာ ဒုတိယဗာဒကရာဆရာတော်ကသာ သာသနာမှုများကို ဆောင်ရွက်စေတော်မူ၍ ဒုတိယ မောင်းထောင်သာသနာပိုင်ဆရာတော် ဦးဥယျကမူ အနားယူလျက် အေးချမ်းစွာ ဝိပဿနာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတော်မူသည်။ ပုဂံမင်းတရားက ဆရာတော်အား "ဥယျဓမ္မာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူ၍ ထပ်ဆင့်ကာ သာသနာပိုင် တင်မြှောက်ကိုးကွယ်ခြင်းကို ထောက်ပါလျှင် ဆရာတော်သည် မင်းသုံးဆက်တိုင် သာသနာပိုင်သုံးကြိမ်အဖြစ် သာသနာအပ်နှင်းခြင်းခံတော်မူရသည်။ သာသနာပိုင်အဖြစ် သက်တမ်းအရှည်လျားဆုံးဟု ဆိုရပေလိမ့်မည်သာဖြစ်၏။

၁၂၁၈-ခုနှစ်တွင် မင်းတုန်းမင်းတရားသည် "သေလက္ခရာရုဋ္ဌ" ခေါ် ကျောက်ဆစ်အက္ခရာတင်တော်မူမည့်အခါ၌လည်း သာသနာပိုင် ဦးဥယျ ဦးဆောင်တော်မူရသည်။ ပိဋကတ် နိကာယ်ပါဠိတော်များကို ရွှေရေး, မင်ရေး, ကညစ်ရေးတို့ဖြင့် ပေပေါ်၌ ပထမအက္ခရာတင်၍ သုတ်သင်တော်မူရာ တံဆိပ်တော်ရ ဆရာတော် အပါး ၈၀-တို့နှင့် အရာအထောင်မက ကျမ်းတတ်ဆရာတော်များ ပါဝင်သည်။

၁၂၂၂-ခုနှစ် တန်ဆောင်မုန်းလမှစ၍ ယင်းပေစာတို့မှ သာသနာအဓွန့်ရှည်စွာတည်တန့်တော်မူရန် ကျောက်သားအတိုပြီးသော ကျောက်ချပ်များအပေါ်၌ ကျောက်ဆစ်အက္ခရာ တင်ရာတွင် သာသနာပိုင်ဆရာတော်ကပင် ဦးဆောင်ရွေ့သွားပြုတော်မူရသည်။

ပဉ္စမ သံဂါယနာတင်ပွဲကြီး ၅-နှစ်ကျော်ခန့်ကြာမြင့်စွာ တင်တော်မူခဲ့ရာ ဝိနည်းပိဋကပါဠိတော် ၅-ကျမ်းကို ကျောက်ချပ်ရေ ၁၁၁-ချပ်တို့ဖြင့်လည်းကောင်း၊ အဘိဓမ္မာပိဋကပါဠိတော် ၇-ကျမ်းကို ကျောက်ချပ်ရေ ၂၀၈-ချပ်တို့ဖြင့်လည်းကောင်း၊ သုတ္တန်ပိဋကပါဠိတော် ၃-ကျမ်းကို ကျောက်ချပ်ရေ ၄၁၀-ချပ်တို့ဖြင့်လည်းကောင်း စုစုပေါင်း **ကျောက်ချပ်ရေ (၇၂၉)ချပ်** တို့ကို ရတနာကျောက်ပြင်အထက်၌ ရေးသွင်းတော်မူသည်။

ယင်းကျောက်ချပ် (၇၂၉)ချပ်တို့ကို မန္တလေးတောင်ခြေ ကုသိုလ်တော် မဟာလောက မာရဇိန်စေတီတော်ပတ်လည်ဝန်းကျင်၌ ကျောက်စာတော်တချပ်လျှင် အုဋ္ဌပြာသာဒ်တဆောင်စီ တည်ထားတော်မူသည်။

o .... o .... o

၈ဆွဲဝင် 31

သာသနာပိုင် ကြိုးပမ်းချက်များ

ဆရာတော်ကြီးသည် ရဟန်းငယ်ကပင် စာသင်နည်းဆန်းသစ်တီထွင်တော်မူခဲ့ရာ အထူးသဖြင့် "သဗ္ဗာသဝသုတ်စောဒနာ စာစပ်ဝိဂ္ဂိုဟ်ကျမ်းမှာ စာသင်စာချပုဂ္ဂိုလ်တို့ လက်စွဲကျမ်းတဆူဖြစ်သည်။

"**စာပြေသဲအင်း**" ဆိုသည့်အတိုင်း ပထမသဲအင်း သာသနာပိုင်၏ စာပါးဝ စကားပရိယာယ်ကြွယ်ဝမှုအမွေပင် ဖြစ်သည်။

သာသနာပိုင် ဦးဥယျသည် ပထမသဲအင်းသာသနာပိုင်၏ စာသင်နည်းအမွေကို စောင့်ထိန်းတော်မူခဲ့သည်နှင့်အမျှ ဒုတိယစံကျောင်းဆရာတော် ရှင်သုဒဿန, တတိယ မောင်းထောင်ဆရာတော် ရှင်ပညာသာမိ ရေစကြိုရှင်ဂန္ဆသာရ စသော ဆရာစဉ် တပည့် အဆက်ဆက်တိုင် ဆင့်ပွားလာခြင်းဖြစ်သည်။ သီဟိုဠ်, ယိုးဒယား စသော တိုင်းပြည်ရပ် ခြားအထိ တိုးတက်ထွန်းကားသည်။ သာသနာမှုခင်းများ အမိန့်စာ, ဆင့်စာ ဂိုဏ်းထောက် အုပ်ချုပ် စီစဉ်ခန့်ထားရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။ စိတ္တနိဂ္ဂဟ ကျမ်း၊ သုရာဇမဂ္ဂဒီပနီ, အတ္တဃာတ ဝိနိစ္ဆယ၊ သီဟိုဠ်သန္နေသကထာ၊ ဓုရာရပ္ပကျမ်း၊ မဂ္ဂါမဂ္ဂပဋိပဒါကျမ်းစသည်များနှင့် ပါဠိတော် အဋ္ဌကထာနိဿယပြန်ကျမ်းတို့ကိုလည်း စီရင်တော်မူသည်။

၁၂၂၇-ခုနှစ် တံပိုတဲ့လဆန်း ၁၂-ရက်နေ့ည တချက်တီးကျော်အချိန်တွင် သက် တော် ၆၇-နှစ်၊ သိက္ခာ ၄၇-ဝါ ကာလပတ်လုံး သာသနာတော်အကျိုး သည်ပိုးဆောင် ရွက်တော်မူရင်း ပြန်လွန်တော်မူသည်။

သာသနာပိုင် အရိုးကို သင်္ဂြိဟ်တော်မူရာ မဒ္ဒလေးရွှေမြို့တော် မြောက်ပြင်စံကုန်း အရပ်၌ မင်းတရားကြီး မိဖုရားခေါင်ကြီး စကြာဒေဝိကပင် အရိုးအိုးစေတီတော်တည်၍ ကိုးကွယ်လေသည်။

****

ဒုတိယဗားကရသာသနာပိုင် ဆရာတော်

စင်စစ်အားဖြင့် ဒုတိယဗားကရ သာသနာပိုင်လောင်းလျာ၏ ဇာတိမှာ ပုခန်းကြီး မြို့ကျေးမြို့ဝင်ရွာဖြစ်သော်လည်း ပညာရှိများပေါ်ထွန်းရာ ချောင်းကောက်ရွာသို့ မိဘ နှစ်ပါးတို့ ရွှေ့ပြောင်းနေကြရာတွင် ဖွားမြင်၍ ချောင်းကောက်ရွာ ဇာတိချက်မြုပ်ဟု ဆိုရပေလိမ့်မည်၊

ချောင်းကောက်ရွာပင် သက္ကရာဇ် ၁၁၄၇-ခုနှစ် ကဆုန်လပြည့်ကျော် ၁၃-ရက် ကြာသပတေးနေ့တွင်ဖွားချီ မိဘတို့မှာ ဦးကြင်နှင့် ဒေါ်ကြင် နံမည်တူတို့ဖြစ်၏။ ငယ်နာမည် **မောင်အင်**ဟု ခေါ်သည်။

ကျောင်းသားအရွယ်ကပင် ပညာထူးချွန်သည်။ အသက် ၁၅ နှစ်အရွယ် ရှင်ဖြစ်၍ ဘွဲ့ရှင်ပညာဇောတ ဟူ၏။ အသက် ၂၀ အရွယ်တွင် ပထမသဲအင်းသာသနာပိုင် ဆရာတော် ရှင်သူရိယအထံမှာ ပညာသင်ကြားတတ်မြောက်၍ စာပေပို့ချသည်။ အမရပူရမြို့တော် သာယာဝတီမင်းတရား ပြောင်းရွှေ့စိုးစံရာတွင် ဗားကရာတိုက်သို့ ရွှေ့ပြောင်းလျက် စာပေပို့ချ သာသနာပြုသည်။ သာယာဝတီမင်းလက်ထက် "ပညာဇောတာဘိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် အလှူခံရသည်။

သားတော် ပုဂံမင်းသည် ၁၂၀၈-ခုနှစ်တွင် အထွတ်အထိပ်သို့ရောက်သောအခါ ထိုနှစ်မှာပင် အမရပူရမြို့တော် ဆင်ကြိုးရွေဂူဘုရား မဟာရာမ်အတွင်း သုဓမ္မာစရပ်တော်၌ မင်း မိဖုရား မှူးမတ်ပရိသတ်နှင့် တံဆိပ်တော်ရ ဆရာတော်တို့အလယ်တွင် "ပညာဇော တာဘိသီရိပဝရလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များဖြင့် "**သံဃရာဇာဓိပတိ**" **မည်သော သာသနာပိုင်အဖြစ်**တင်၍ သာသနာတော်ကို အပ်နှင်းတော်မူ၏။

o .... o .... o

ဗိမာန်ရတနာရွှေကျောင်းတော်

သာသနာပိုင်ဂုဏ်းထူးနှင့်လိုက်ဘက်စွာ ဗိမာန်ရတနာရွှေကျောင်းတော်ကြီးကို ၁၂၁၀ ခုနှစ်တွင် ပုဂံမင်းတရားအလယ်နန်းမတော် "သီရိတိလောကအတုလရတနာဒေဝီ" က ဆောက်လှူ၍ မင်းဒရာဇ်မိဖုရားတို့ကိုယ်တိုင်တော် ရေစက်သွန်းချ သာဓုခေါ်အောင်ပဲ့ကျင်းပတော်မူကြသည်။

တံဆိပ်တော်ဝန်ငယ်မည် ဦးရွှေခြည်၊ ဖွဲ့စပ်ထားသော "ဗိမာန်ရတနာရွှေကျောင်းတော်မော်ကွန်း" မှ ကောက်နှုတ်တင်ပြလို၏။

ကျောင်းတော်အမ မိဖုရားအား....

"နန်းလယ်တော်ညွန့်၊ ကျော်မျိုးကွန့်က၊ ကျွန်းကျွန့်ဓိပတိ၊ တုမရှိသား၊ သီရိတိလောက အတုလရတနာဒေဝီ" ရွှေစာမီလည်း ဆုဂိမရိပ်၊ ဂုဏ်တန်ခိုးလျက်၊ တံဆိပ်သင်္ဂါ၊ ထိန်ထိန်ဖြာသည်၊ နရိန္ဒာဘိ နတ်နှုန်းတည်း ..." ဟူ၍လည်းကောင်း၊

"သဟာယတော်၊ အလှကျော်သည်၊ မနော်နတ်လောကြာနတ်လောဟူ မှတ်မောမှားခွက်၊ ဝိုးဝါးညွှတ်၏၊ နန်းထွတ်နိကာယ်၊ စံတိမယ်ဟု၊ စံပယ်ရံသည်" ဟူ၍လည်းကောင်း၊

"မာယာဘုံဗေ မိုးကကြေသို့၊ ကိုးထွေနဝရတ်၊ ရိုးရှေသတ်လျက်၊ နတ် နရိန္ဒာ ချိန်လေရာသည်၊ ဒေဝိန္ဒာဘိကွန့်မှုန်းတည်း" ဟူ၍လည်းကောင်း၊ ကျောင်းအမ၏ လှပယဉ်ကျေးမှုမျှားကို စာနုံစာယဉ်ဖြင့် ပီပြင်စွာ ဖေါ်ကျူးထားလေသည်။

ပိမာန်ရတနာ ရှေကျောင်းတော်ကြီးကိုလည်း....

"ကျောင်းအာဝါသ၊ ပါသာဒဖြင့်၊ နဝစီမြုပ်၊ ဆန်းကြယ်လုပ်အံ့၊ ပုဗ္ဗ၊ မဉ္ဇု၊ ပရသုံးလီ၊ ကျုံးကာချီလျက်၊ မြေညီမျက်နှာ၊ မဏ္ဍလာမှ၊ "မဟာဝိဇယာရာမ" တုလွတ်စတည့်၊ တိုက်မအတွင်း၊ စံဘက်ကင်းသား၊ လျှဝင်းရောင်ပြိုင်၊ အခေါင်တိုင်သည်။ တောင်ကိုင်မြေမြင့် နတ်ကုန်းတည်း...."

"ကနုတ်ထု၍ ကနုကော့လန်၊ ကြော့စဟန်မူ၊ ကြန်နှင့်တမျ...."

"ဇမ္ဗူရာဇ်ရည်၊ သစ်သစ်ကြည်သား၊ ခုနစ်မည်ဆင့်၊ ခြည့်စုံပွင့်က၊ ဘုံမြင့်ပြာသာဒ်၊ မိုးထုတ်ခတ်သည်၊ နဝရတ်အကျော် စံရှေလှော်နှင့်...."

"ထီးတမွှတ်နှင့် အထွက်ထက်ဖျား၊ ငှက်မြတ်နားမှ၊ စက်သွားစိန်ဖူး၊ ရောင်ရှိန်မြူးသား...."

"ဝန်းလည်ထက်အောက်၊ ပြိုင်ဘက်ပျောက်သည်၊ လုံမောက်ရော်လီ၊ ဂေါမသီသား၊ ဝဇီရက္ခာ၊ ဂေါမူလာနှင့်၊ မဿာရဂလ်၊ ဖလ်မှန်မျိုးခြား၊ ပြယိုးယားမှ၊ စိန်ကားစဲစဲ၊ ပုလဲလွှလွှ၊ ရဲရွရွတည့်၊ မြလည်းကြွေ့ကြွေ့၊ မျက်ရှင်မွေ့ရှင့်၊ ရှေ့အရည်ရောင် နည်မမှောင်သား။

ကြောင်လည်းဝင်းဝါ၊ သန္ဆာတွတ်တွတ်၊ နီလာစွတ်စွ၊ တမွတ်ရောင်ရိုန်၊ တောက်လောက်ထိန်သည်၊ ဣန္ဒနီလာ၊ သိဒ္ဓိဝါတွင်၊ ဣန္ဒာဝုဓ၊ ဝိဇ္ဇုဝနှင့်၊ ဣန္ဒဓနုကိတ်အံ့သုမှ၊ ကျီးဥသက်တန်၊ ဘက်မရန်သာား၊ မကန်လေရာ၊ မရေသာသည်၊ မဟာကထန်၊ သခ်္ဂမှန်ဖြင့်၊ ရုပြန်သိန်းသန်း၊ ကိန်းဂဏန်းတည့်" ဟူ၍ ဖွဲ့ဆိုထားသည်။ ကျောင်းတော်ကြီးတွင် ခြူပန်းခြူနွယ်များနှင့် ဇာတ်နိပါတ်ပုံတော်ရုပ်များ ထုထွင်းထားခဲ့သည်ကို ဆက်လက်ဆိုဖွဲ့ပြန်လေသည်။

"ချပ်တရာရုံ၊ ပတ်ခါပုံသား၊ မုံအာမြူးက၊ ကြာဖူးကြာလိပ်၊ ခြူးခြာစိပ်သည်၊ ရိပ်ရိပ်မြန်းဘွယ်၊ ချိပ်ပန်းခြယ်လျက်၊ ရနယ်ရိုးရှေ၊ မျက်မျိုးဝေမျှ၊ နေအရောင်ပြူ၊ ဥက္ကဂူဟု၊ မပူစတန်၊ သူရကန်ဖြင့်၊ မှန်ငှ်းကြင်းကြေး၊ ပင့်ကူမြေးသို့၊ နီးဝေထင်ပေါ် လွှန်အံ့အော်မျ...."

စုဇင်စုတ်ပျံခုန်၊ စာတသုန်မျှ၊ ဂဠုန်မြူးမြူး၊ ဘီလူးကြွားကြွား နဂဒါသီကြား၊ နရားလည်ပြန်၊ နတ်ဂုဏ်နန်နှင့် ဆယ်တန်ဇာတ်ကျော်၊ တောထွက်တော်ဖြင့်" စသည်တို့ သရုပ်ထင်မြင်အောင် မော်ကွန်းတင်ထားသည်။ နတ်ဝိသုကြံတို့လူ့ဘုံသို့သက်ရောက်၍ လက်စွမ်းမြောက်စွာ ဖန်ဆင်းတည်ဆောက်လေရော့သလား" ထင်မှားဖွယ်များကိုလည်း....

"ဒေဝါဝန်းအုံ၊ ဝိသုကြံလည်း၊ စေ့စုံစံတု၊ စီမံပြုသည့်၊ ကယုကယင် တုမြင်သား၊ ဥကင်သာခေါင်၊ ရဝေချောင်တွင်၊ ရွှေရောင်ဝင်းဝင်း၊ မှန်ကင်းမတ်မတ်၊ လင်းလင်းပတ်က၊ နတ်တန္ဆာန်းပြိုင်၊ မြတ်ဆုံးတိုင်သည်" ဟူ၍ လည်းကောင်း။ ကျောင်းတော်ကြီး အုံခိုးဖွယ်ကြက်သီးထခမန်း၊ ရင်တုံဖွယ်၊ မကြုံစဖူး၊ မမြင်စဖူး၊ မကြားစဖူးဖွယ်များနှင့်ပတ်သက်၍....

"ထကြက်သီးနှင့်၊ လက်တီးခတ်တုံ၊ ရင်သတ်တုံတည့်၊ မကြုံဘူးမြဲ၊ မတွေ့ဘူးအင်၊ မမြင်ဘူးငြား၊ မကြားဘူးမိ၊ ဂုဏ်ထူးရှိသား၊ မဏိကိုးသွယ်၊ ဖိုးဖိုးကယ်သည်၊ ခြယ်လှယ်ချုပ်ဆင့်ခြူးပန်းတည်း" ဟူ၍လည်းကောင်း စပ်ဆိုသည်။ ဤကျောင်းတော်မှာ....

"ဘက်ကျန်းလူတွင်၊ ဇမ္ဗူပြင်ဝယ်၊ မြင်မည်ကိုထား၊ နားဝယ်တစိ၊ မကြားမိတည့်" ဖြစ်သည်။ ကျောင်းတော်ကြီးကို သတိုးမင်းကြီး မဟာမင်းလှကျော်သူအမတ်ကြီး ကြီးကြပ်ဆောက်လုပ်စေရသည်။

ကျောင်းတော်ကြီး ကုန်ကျငွေတော်နှင့် အမည်ကမ္မည်း ဖေါ်ညွှန်းသည်မှာ....

"များလှရတနာ၊ ကိန်းသခ်ျာမူ၊ သပြာသိန်းပြည့်၊ ငါးသောင်းရှည့်သား၊ ရွှေမှည့်သဘိ၊ ရဲရဲညိသည်၊ ဓမ္မဝါယာလင္ဒ၊ ထူးမြတ်လှ၍၊ ထပ်မျှရည်သန်၊ ဘုံဝယန်ကို "ဗိမာန်ရတနာ၊ စံဝိဟာဟု" သေလာဝင်းဝှန်၊ ကမ္မည်းညွှန်၏" ဆိုဖွဲ့ခဲ့သည့်အတိုင်း အရုပ်ရုပ်ကုန်ငွေ့ တသိန်းငါးသောင်း ဒေါင်းဒင်္ဂါးကျပ်ဖြစ်သည်။ ကျောင်းတော်အမည်ကို "ဗိမာန်ရတနာ ရွှေကျောင်းတော်" ဟူ၍ ကမ္မည်းမော်ကွန်းရေးထိုးကြောင်းဆိုသည်။

"ကဲလွန်သီလ၊ အာစရနှင့်၊ ဓမ္မအရာ၊ ထင်ရှားစွာသား၊ "ပညာဇော တာဘိသိရိပဝ်ရဝိဇယာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" သမုတိမုန်၊ ဂုဏဝန်ကို၊ ထူးခြွန်ထက်ချပ်၊ တင်လှုအပ်က၊ ရှစ်ရပ်ဝန်းကျင်၊ ရိုက်မှန်းယင်၏၊ ထွန်းထင်ရောင်ဟုံ၊ စံရိပ်မြုံလည်း၊ လူ့ဘုံလောကဓာတ်၊ မုနေဝပတ်သည်၊ နဝရတ်နိတုံနရန်းတည်း" နှင့်အညီ၊ ဒုတိယ ဗားကရာဆရာတော် သာသနာမိုင် "ရှင်ပညာဇောတ" အား လှုဒါန်းတော်မူခဲ့သည်။

သာသနာပိုင်ဆရာတော်သည် ဤရွှေကျောင်းတော်နှင့် ပုဂံမင်းတရားတင်လှူသော မဟာဝေယန် ဘုံသာစံကျောင်းတော်ကြီးတွင်လည်းကောင်း၊ အသောကာရာမကျောင်းတော်ကြီးတွင်လည်းကောင်း အလှည့်အလည် သီတင်းသုံးတော်မူသည်။

မင်းတုန်းမင်းတရားလက်ထက်တွင်လည်း ရတနာသီခ၊ ရွှေဘိုမြို့တော် အရှေ့မျက်နှာ ဣန္ဒာတံခါးပြင် ကျောင်းတိုက်ကြီးအတွင်း ၁၂၁၅-ခုနှစ်က ဝါဆိုကျောင်းတော်၌ ယာယီသီတင်းသုံးတော်မူသည်။ ၁၂၁၆—ခုနှစ်တွင် ပုဂံမင်းဆရာ ရှင်ပညာဇောတ ဆရာတော်အား "ပညာဇောတာဘိဓမ္မသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူလေသည်။

o ... o .... o

သာသနာပိုင်တပည့်များ

ဆရာတော်သည် ပဉ္စမ သံဂါယနာစတင်သောအခါ အင်္ဂုတ္တရနိကာယ်ပါဠိတော် ၁၁—ကျမ်းနှင့် ယင်းအဋ္ဌကထာကျမ်းတို့ကို ကြွပ်မတ်တည်းဖြတ်တော်မူရသည်။ ယင်းပါဠိတော်နှင့် အဋ္ဌကထာကျမ်းကြီးများကိုလည်း နိဿယပြန်ဆိုတော်မူသည်။ ပထမ သဲအင်းသာသနာပိုင်လက်ထက်အခါက ပုခန်းကြီးမြို့နယ် ဂိုဏ်းအုပ်အဖြစ် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။ ယင်းအကြောင်းကို ရွှေတောင်မြို့ဇာတိ၊ ငယ်မည် ဦးဘိုးလူ၊ ဘွဲ့ရှင်ဝိသုဒ္ဓရေးရှင် တိပိဋကနာဂနိယံအဖြကျမ်းနိဂုံး၌....

"ကွန့်မြူးရင်သန်း၊ မြို့ပုခန်း၌၊ ထူးဆန်းကျော်ဟုန်- ဂုဏ်အနှံ့၊ သီလပဓူ၊ ရောင်ဖြူပြိုးပြက်၊ ဓါးသန့်လျှက်သို့၊ ထိလျက်ယှဉ်တိုင်း၊ ဉာဏ်ကသိုဏ်းဖြင့်၊ ကျော်လှိုင်းသတင်း၊ သဲအင်းတွင်ခေါ်၊ ဆရာတော်ဖျား၊ တပည့်များတွင်၊ ထူးခြားသမ္ဘာ၊ ဝံရင့်မာ၍၊ မုံအာစွင့်စွင့်၊ ငှားငှားမြင့်လျက်၊ ပေါ်တင့်တုံလတ်၊ ပြာသာဒ်သူရိန်၊ တက်လှံထိန်သို့၊ ရောင်ရှိန်ပြိုးပြက်၊ ဉာဏ်သန်လျက်ဖြင့်၊ ငဲ့ကွက်မဂ္ဂီ၊ ပါဠိအဋ္ဌကထာ၊ ဋီကာအနု-မဓုယောဇနာ- လက်ာနေတို့၊ စဘိများစွာ၊ ပြမ်းတီးသာလျက်၊ သဃ်ာအချုပ်၊ ဂိုဏ်းအုပ်အရှင်"ပညာဇောတ"၊ နာမကျော်လှံ၊ ဆရာ့ထံ၌၊ နိယံမပျက်၊ နှစ်သက်ဝပ်တွား၊ ခြေတော်ပါးဝယ်၊ ကြိုးစားလုံ့လ၊ ဥဿာဟဖြင့်...." စသည်တို့ဖြစ်သည်။

ဆရာတော်သည် သာသနာပိုင်မဖြင်မီ ဗားကရာကျောင်းတိုက်တွင် စာပေပို့ချနေစဉ် "**ပဏ္ဍိတောတိ သာမညေန ဟေမာစလ နိဝါသိနာ**" စသောဂါထာနှင့်အညီ မိဘ

ရှေမျိုး နေရပ်မြေရှိ ဇာတိချက်မြုပ်ရာ ရွှေတောင်မြို့။ သီမဘေဒဝိဘာဝနီ, ဝတ္ထုဝိဝါဒဘေဒနီ၊ ကတိနဝိသောဓနီ, ပါဠိတော်အဋ္ဌကထာနိဿယ, ယောဇနာ, ဝိနည်းဂဏ္ဌိစသော ကျမ်းပေါင်းများစွာနှင့် မေတ္တာစာ၊ ဆုံးမစာ၊ ကဗျာ လင်္ကာအဖွဲ့များစွာတို့ကို စီရင်တော်မူသော ''ပဏ္ဍိတာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' အမရပူရရွှေမြို့တော် ဗန်းမော်တိုက်အုပ်ဆရာတော် ရှင်ပဏ္ဍိတသည်လည်း ဒုတိယဗားကရားသာသနာပိုင်ဆရာတော်၏ တပည့်ဖြစ်သည်၊

ဝတ္ထုဝိဝါဒဘေဒနီကျမ်းနိဂုံးတွင် ဗန်းမော်ဆရာတော်က....

''အမရပူရ စတုတ္ထရွှေနန်းစံမင်းတရားသည် နန်းမတက်မီကပင် ကိုးကွယ်၍ ရွှေနန်းတက်ပြန်သည့်အခါ အစ္ဆရိယံဝတ, အဘ္ဘုတံဝတ, ဥဒါန်းမြွက်ဟ၊ မြွေမှစံရာ၊ ရတနာရောင်ယှက်ကူး၊ ကုသိုလိထူးမြတ်၊ နတ်ဗိမာန်အသွင်၊ မင်္ဂလာစံကျောင်းတော်မြတ်ကို လှူပြီးလျှင် ''ပညာဇောတာဘိသီရိပဝရဝိဇယာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု'' သာသနာပြု သာသနာပိုင်အရှင်မြတ်သည် ယုံကြည်လေးမြတ်တော်မူအပ်သော တပည့်များတို့တွင် တယောက် အကျုံးဝင်သော....'' စသည်ဖြင့် ဖေါ်ပြထားသည်။

ဤဝတ္ထုဝိဝါဒဘေဒနီကျမ်းကို ရဟန်းသိက္ခာ ၂၅-ဝါမြောက် ၁၂၁၂-ခုနှစ် အပြီးစီးရင်သည်။ ကထိနဝိသောဓနီကျမ်းကိုမူ သာသနာတော်၌ မြတ်သောတရားကို ရှာသဖြင့်သဒ္ဓါ၍ ရဟန်းပြုကြသော စာသင်ပျိုတို့ စာဆိုများရှိသည်ဟု ဝိနယဂုဠ်တွဲဒီပနီကျမ်းထုတ်လက်ရုံးတန်း၍ ခုခံသော စောဒနာပုစ္ဆာတင်ကြ၍ ဖြေဆိုဆုံးဖြတ်ထားသော ကျမ်းဖြစ်သည်။

ထိုပြင် ဘုရားကြီးနိယံ၊ ဝါစ္စဝါစကနိယံ၊ သံဝေဂဝတ္ထုဒီပနီ၊ ဇကက္ခရကောသဋီကာသစ်၊ သင်္ဂိုဟ်ဂဏ္ဌိ၊ ပါရာဇိကဏ်စသော ဝိနည်းငါးကျမ်း၊ ပါဠိတော်နိဿယစသော ကျမ်းပေါင်း ၂၆-ကျမ်းတို့ကိုစီရင်ရေးသားတော်မူခဲ့၍ မိတ္ထိလာမြို့ ကန်ဖြူရွာ(ကဖြူရွာ)ဇာတိ၊ ၁၁၇၂-ခုနှစ်ဖွား၊ ၁၂၃၆-ခုနှစ်ပြန်လွန်သည့် ''ဇာဂရာဘိသီရိပဝရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဇာဂရာဘိဝံသဓဇတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်နှစ်ထပ်ရ ဘုရားကြီးပထမဆရာတော်၊

အင်းဝမြို့ဇာတိ ပေဋကောပဒေသ အဋ္ဌကထာဟောင်းပါဠိ၊ ယောဇနာပါဠိ၊ ပဗ္ဗဇ္ဇကခ်ဳိဝိနိစ္ဆယစသောကျမ်းပေါင်းများစွာတို့ကို စီရင်တော်မူခဲသော သုမနဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဆူးခါးဆရာတော်။ ပေါ်ထွန်းမင်္ဂလာချို မုံရွေးဇေတဝန်ဆရာတော် အမေးပို့ဒ်စုံရတုန့်ဖွင့် ၆၄-ပုစ္ဆာတို့ကိုဖြေဆိုသော ဂမ္ဘီရတ္ထဝိသဇ္ဇနာကျမ်း၊ တွင်းကြီးနိယံနှင့်စာကိုယ်အဖြေ စသောကျမ်းတို့ကို စီရင်တော်မူသော ''ဝိလာသာဘိသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ချောင်းဦးမြို့ တွင်းကြီးရွာဇာတိ ပထမတွင်းကြီးဆရာတော်

၁၁၈၄-ခုနှစ်ဖွား၊ ၁၂၅၅-ခုနှစ်ပြန်လွန် ရွှေဘိုမြို့ကျေး၊ လှတောကြီးငါးရွာအပါအဝင် ရွှေကျင်ရွာဇာတိ၊ ဘွဲ့ ရှင်ဇာဂရ၊ သီပေါမင်းလက်ထက် ဇာဂရာဘိဓဇသာသနပါလဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဒသဓမ္မာလင်္ကာရ၊ သီမာလင်္ကာရဝိနိစ္ဆယ၊ ယှာဠိကာ၊ရူပဘေဒဝိဘာဝနီစသော ကျမ်းပေါင်း ၂၆ ကျမ်းတို့ကိုစီရင်တော်မူသော **ပထမရွှေကျင်ဆရာတော်**၊ ပိဋကတ္တယဆေက,သဒ္ဓမ္မမာမကစသောဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူ၍ ပါဠိတော် အဋ္ဌကထာနိဿယ ကျမ်းပေါင်းများစွာတို့ကိုစီရင်တော်မူသော သုဒဿနဓဇအတုလာဓိပတိသီရိပဝရ မဟာမွေရာဇာဓိရာဇဂုရု ဒုတိယစံကျောင်းဆရာတော်။

တောင်းတွင်းကြီးနိယံအဖြေကျမ်း၊ အုတ်ဖိုနိယံ၊ လက္ခဏာစိတ္တဌယောဇနာ၊ တုလဋ္ဌယောဇနာစသော ကျမ်းပေါင်း ၉၀-ကျော်နှင့်တကွ ဝိနိစ္ဆယမျှားစွာတို့ကို စီရင်တော်မူခဲ့၍ သာရဝေါမြို့ ရွာကလေးရွာဇာတိ ၁၁၇၉-ခုနှစ်ဖွား၊ ၁၂၆၇-ခုနှစ်ပြန်လွန်၊ ဘွဲ့ ရှင်ဥက္ကံဝံသမာလာ၊ အုတ်ဖိုဆရာတော်။

ယင်းဆရာတော်သည် ဟင်္သာတမြို့ သရက်တောတိုက်ဆရာတော် ဦးကဝိ-ညီ၊ မနုဗြူမြို့ ရွှေဂူဆရာတော်မှ ဒုတိယဗာဟကရာသာသနာပိုင်ဆရာတော်ထံသို့ ပို့အပ်၍ စာပတတ်ကြွမ်းပြီးလျှင် ၁၂၁၂-ခုနှစ် အောက်မြန်မာနိုင်ငံသို့ ကြွရောက်သာသနာပြုသည်။ ၁၂၂၄-ခုနှစ် ရာမညပိုင်းမွန်တို့တိုင်း၌ "ဒွါရဝါဒီဂိုဏ်း" တည်ထောင်သည်၊

ကစ္စာယနဋီကာဟောင်း၊ ဋီကာသစ်၊ နိဿယကျမ်းတို့ကိုစီရင်သော မြေထူးမြို့အောက်တိုက် ရှစ်မျက်နှာတောရကျောင်းနေ ဒေဝိန္ဒာဘိသီရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု မြေထူးဆရာတော်၊ စင်္ကိုင်းမြို့အနောက် ဆင်နင်းတိုက်အုပ် ဆရာတော် ဦးကလျာက ဥတ္တိဇတုဇ္ဇကံအနေ၌ ဘန္တေ သံဃော, သောဘာသေယျ စသော ပုဒ်ဝါကျတို့၌ ဖတ်နည်းရွတ်နည်းကဲ့ပြားသောကြောင့် တပည့်အဆက်ဆက်တို့မှတ်သားနာယူပါရအောင် ထုတ်ဆောင်ရေးပါရန် တောင်းပန်လျှောက်ထားသဖြင့် ဒုရုတ္တဒီပနီ စသောကျမ်းတို့ကို စီရင်တော်မူ၍ စင်္ကိုင်းတောင် စံတုလ္ဓတ် ဗိမာန်ကျောင်းနေ သုမင်္ဂလသာမိသီရိပဒရမဏိဇ မဟာဓမ္မ ရာဇာဓိရာဇဂုရုရွှေကျောင်းဆရာတော် အဖေဂ္ဂုသာရဒီပနီနိဿယ စသည့် ကျမ်းတို့ကို စီရင်တော်မူသော ဒီပါလင်္ကာရ ဃသီရိဇေမဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယငါးခုန်ဆရာတော် ရေစကြို့ရှင်ဝရသမ္မောဓိစသည်တို့မှာ ဒုတိယ ဗာဟကရာသာသနာပိုင်၏ တပည့်ကြီးများဖြစ်ကုန်၏။ ၁၂၂၂-ခုနှစ် တန်ဆောင်မုန်းလတွင် သက်တော် ၇၅-နှစ် သိက္ခာ ၅၅ ဝါအရဒုတိယ ဗာဟကရာ သာသနာပိုင်သည် မင်းတုန်းမင်းတရားလက်ထက် ပြန်လွန်တော်မူသည်၊


o .... o ..... o

မင်းအဆက်ဆက်ကသာသနာပိုင်များ

"သာသနာပိုင်"အမည်ဝေါဟာရကို သာသနာပြုဟူ၍ ရှေးကသုံးစွဲ ခေါ်ဝေါ်ခဲ့ကြောင်း ကျောက်စာစသည်တို့၌ တွေ့ရှိရသည်။ ပါဠိဘာသာအားဖြင့် သံဃရာဇာ-ဟူ၍လည်းကောင်း၊ သံဃနာထဟူ၍လည်းကောင်းရှိ၏။ အဓိပ္ပာယ်မှာ ရဟန်းသံဃာတို့၏ မင်း, သံဃာတို့အားထားကိုယ်စားပြုရာဖြစ်သည်။ **သာသနာပိုင်**အမည်သည်အခြားအခြားသော ဘာသာရေးဌာနလည်း ခေါ်တွင်သည်။

သာသနာပိုင်ဖြစ်ရခြင်း အင်္ဂါဂုဏ်ရည်အချုပ်မှာ ပိဋကစာပေဆိုင်ရာ အုပ်ချုပ်ကွပ်ကဲမှုဆိုင်ရာတို့ကို ချေငံစွမ်းဟုန်နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ကိုသာ ခန့်ထားရှေးချယ်လေ့ရှိသည်။

အဓိကရုဏ်းမှုခင်းများ ငြိမ်းအေးစေရန် ဝါထပ်ရက်ငင်ဆိုင်ရာ စသည်တို့၌ ဦးဆောင်၍ ဆုံးမ,ရခြင်း၊ ဆုံးဖြတ်ရခြင်းများကို သာသနာပိုင်က ဆောင်ရွက်တော်မူရသည်။ ဂိုဏ်းအကြီးအကဲဆိုင်ရာများခန့်ထားခြင်း၊ အခါလျော်စွာ ဓမ္မဝိနယပြန်တမ်းထုတ်ဆင့်ခြင်းစသည်တို့ကိုလည်း ဆောင်ရွက်တော်မူရသည်။



သာသနာပိုင်အဆောင်အယောင်

သာသနာပိုင်သည် အကြောင်းအားလျော်စွာ ထုတ်ချီတော်မူသောအခါ မင်းခမ်းမင်းနားကဲ့သို့ကြွတော်မူရသည်။ ကြွတော်မူရာ၌ လူထမ်းပြာသာဒ်ယဉ်တော်ထက်၌ စီးနင်းတော်မူသည်။ အမြောက်ကိုးချက် ပူဇော်ကတော့သည့်အနေဖြင့် ပစ်ဖေါက်ရသည်။

မှန်စီရွှေချ၊ သိုင်းနှစ်ချက်၊ ကျိုင်းနှစ်ချက်၊ ယပ်မားနှစ်လက်၊ ရွှေထီးရှစ်လက်၊ ထီးဖြူလေးလက်၊ ရွှေ့ဝင်း လက်နက်ကိုင်အမှုထမ်းဦးရေ တရာ၊ နောက်ဝင်းလက်နက်ကိုင် အမှုထမ်းဦးရေတရာတို့ကို ဆိုင်ရာအကြီးအကဲတို့က စီစဉ်စေပြီးလျှင် **မဟာဒါန်ဝန်စာရေးလုလင်**တို့ဝန်ရုံလိုက်ပါကြရလေသည်။

ဂဝန္ဒင် 32

''တတိယ သံဂါယနာတင်ပြီးသောအခါ ကိုးတိုင်း ကိုးဌာန သာသနာပြု စေလွှတ်သည်''ဟူသောစကားကိုထောက်လျှင် သာသနာပိုင်ကို သာသနာပြုဟူ၍ သုံးစွဲခဲ့သည်ကို တွေ့ရှိရလေသည်။

သို့သော် ပုဂံပြည် အလောင်းစည်သူမင်းလက်ထက် ''ရှင်အရဟံပရိနိဗ္ဗာန်ပြုတော်မူလျှင် ရှင်အရဟံ၏ အဆက်အနွယ်စိမ်းညက်မင်းသားတော် မဟာထေရ်ကို ''သာသနာပိုင်''တင်မြှောက်၍ ကြွတော်မူသောအခါ ရွှေထမ်းစင်ဖြင့် ကြွတော်မူ၏၊÷'' စသော ကျောက်စာ၌ ဖေါ်ပြချက်ထောက်လျှင် ထိုမင်းလက်ထက်က အဆောင်အယောင်များနှင့်တကွ သာသနာပိုင်အမည် စတင်ပေါ်လာသည် ဆိုနိုင်သည်။

အင်းဝနေပြည်တော် ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းသားတော်မင်းကြီး စွာအား ပြည်မြို့ကို အသုံးကံကျေးပေးရာ၌....

''တောင်လားသော် ဂူထွတ်တရုတ်မှော်၊ အနောက်လားသော် ဖိုးခေါင်၊ အရှေ့လားသော် ကုန်းခေါင်၊ မြောက်လားသော် မလွန်တောင်ခွင် ကျွန်းကော်၊ ဤနယ်လေးရပ်အတွင်း၌ လူဖွေးဖွေးကို ငါ့သားစီရင်စေ—ရှင်ချင်းချင်း ကိုငါ့ ဆရာစီရင်စေ....'' ဟူသော အမိန့်တော်နှင့် တောင်ဘီလူးပရက္ကမအဆက်အနွယ် ရှင်သာရဒသီတပည့် ရှင်သဒ္ဓမ္မဇိတိဆရာတော်အား ''သာသနာပိုင်''အပ်သည် ဟူသော မှတ်တမ်းရှိလေသည်။

ကုန်းဘောင်ဆက် ဆင်ဖြူမင်းလက်ထက် သာသနာပိုင်စရစ်ဆရာတော်လွန်လျှင် ၎င်း၏တပည့် တူတော်ရင်းဖြစ်သော ရှင်သာပုံအား သာသနာပိုင်အပ်သည် ဟူ၍လည်း မှတ်တမ်းရှိ၍ သာသနာပိုင်ဝေါဟာရ ဖြစ်ပေါ်လာကြောင်း ထင်ရှားလေသည်။

ရှင်သာပုံ သာသနာပိုင်ဖြစ်ရာ၌ စိတ်မျိုး၍ အရွယ်ငယ်သေးရကား....သိုင်းကျိုင်းကိုင်များနှင့် ဆွမ်းခံဝင်လာသည်ကို **ကြက်သွန်ခင်းဆရာတော်**နှင့် တွေ့ဆုံလေသည်။ ဆရာတော်ကြီးက....

''မောင်သာပုံ.... လည် နှင်တန်နှင့် နှင့်ကို လူကြောက်ချိမ့်မည်လော.... ကြောက်လောက်အောင် အမြောက်ဆောင်''ဟူ၍ မိန့်တော်မူသည်။ ရှင်သာပုံသည် လွန်စွာအရှက်ရသဖြင့် ဆရာတော်ကြီးအား ဝန်ချကန်တော့ရကြောင်းဆိုသည်။

ယင်း သာသနာပိုင်အား ဘိုးတော်မင်းတရားလက်ထက်ကစ၍ တရားစစ်ဗိုလ်ချုပ်ကြီးနှင့် အလားတူသော ''ဓမ္မသေနာပတိ''အမည် ဝေါဟာရဖြစ်ပေါ်လေသည်။

ပုဂံမင်း ၁၉-ဆက်စိုးစံသော မိဖုရားသည် မိမိဆရာရင်း အရည်းကြီး ရဟန်းအား သံဃရာဇာအပ်နှင်း၍ အရည်းကြီးတို့ကို အုပ်ချုပ်စေသည်။ ယင်း သံဃရာဇာကိုပင် ကျေးဇူးတုံ့ဆပ်သောအားဖြင့် မင်းမြှောက်ပေးခဲ့ဘူး၍ ''ပုပ္ပားစောရဟန်း''မင်းအမည်နှင့် ပုဂံမင်းဆက် ၂၀-မြောက်ပါဝင်သည်။

ပင်းယ ဥစ္စနာမင်းသည် စကားခုန္နစ်ကျောင်းဆောက်လှူ၍ အရှင်သုဓမ္မစာရီအား သံဃရာဇာအဖြစ်အပ်သည်၊ အလောင်းမင်းတရားက အတုလယသအား သာသနာပိုင် အပ်စဉ် "အရှင်သည် ဝိနည်းတော်နှင့်အညီ သာသနာကို အုပ်ချုပ်ပါ၊ ဒကာတော်က တိုင်းပြည်ရေးနှင့် လူမှုကိစ္စဆောင်ရွက်မည်" ဟု လျှောက်ထားသည်။

ဝ — ဝ — ဝ

အမိန့်တော်ပြန်တမ်း

ဘိုးတော်မင်းတရားသည် မောင်းထောင် ရှင်ဉာဏာဘိဝံသအား သာသနာပိုင် အပ်စဉ် အောက်ပါ အမိန့်တော်ပြန်တမ်းထုတ်ဆင့်သည်။

"၁၁၄၉-ခုနှစ် တန်ခူးလဆန်း ၁-ရက်နေ့ သုဓမ္မာစရပ်တော်၌ ရှေ့မြို့တော်ပတ်လည် သံဃာ့အစည်းအဝေးအတွင်းအပြင် သေနာပတိအစုံအညီ သဘင်တွင် အမိန့်တော်စာကို ဗဲနီရှေ့ဖျင်ကပ်အိတ်နှင့်ထည့်၍ ရှေသားကလာပ်ပေါ်၌ တင်ဆောင်ပြီးလျှင် နာခံတော်ကြီးက ဖတ်လျှောက်ကြား....

ဘုန်းတော်အလှန်တရာကြီးမြတ်တော်မူသော သာသနာ့ ဒါယကာဆင်ဖြူများ သခင်ဘဝရှင်မင်းတရားကြီးဘုရား။

ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဃရာတော်ကို ရှေ့မြို့တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် သံဃာတော်တို့တွင် စီရင်ဆုံးမရန် သာသနာပြုအပ်တော်မူသည်။

ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဃရာတော်က သာသနာရေးနှင့်စပ်သမျှ စီရင်ဆုံးမရန်ရှိသည်များကို တဝတည်း ထိန်းသိမ်းအုပ်ချုပ် စီရင်ဆုံးဖြတ်တော်မူဖေ....။

အရပ်ရပ်ပင့်ခေါ်ရန်ရှိသည်ကိုလည်း မဟာဒါန်ဝန်ကို ဆရာတော်က ဆင့်၍ မဟာဒါန်ဝန်က လှတ်တော်မှာ စာရင်းတင်သွင်းပြီးလျှင် မြို့စု တိုက်စု မြို့စားရွာစားဆိုင်ရာ ဆင့်ဆို၍ ကြေးငွေ့ မကုန်မကျစေရ— ပင့်ခေါ်စေ...."

သာသနာပိုင် အဆုံးအဖြတ်ကိုဖြစ်စေ၊ ဆင့်ခေါ်၍ဖြစ်စေ၊ လိုက်နာခြင်းမပြုလျှင် မဟာဒါန်ဝန်စာရေးတို့က လှတ်တော်သို့ အစီရင်ခံစာ တင်သွင်းကြရသည်။ ယင်းအမိန့်ကို လှတ်တော်က လိုက်နာစီရင်ပေးကြရသည်။

မဟာဒါန်ဝန်အစီရင်ခံချက်အရ လှတ်တော်က ရှေ့ရုံသို့ မြို့ဝန်များထံ ဆင့်သည်။ မြို့ဝန်တို့က ထောင်မှူးထောင်စာရေးများနှင့် ရာဇဝတ်ဘက်ဆိုင်ရာက ဆောင်ရွက်နည်းအထိုင်း လိုက်နာဆောင်ရွက်ကြရသည်။

မင်းတုန်းမင်းတရားလက်ထက် ဒုတိယမောင်းထောင်သာသနာပိုင် (ရှင်ဥယျဓမ္မ) က မိုးထိ၊ မတ္တရာ၊ ပုခန်း စသောဆရာတော်များရှေ့၌ အောက်ပါအတိုင်း အဓိဋ္ဌာန်းပြုသည်ကိုလည်း တွေ့ရှိရသည်။

.... ဝ ဝ ....

အဓိဋ္ဌာန်ချက်

"အမှုကိုစီရင်သောအခါ တံစိုးဘဏ္ဍာကိုမြော်ထောက်၍ အဓိကရုဏ်းကို မဆုံးဖြတ်ပါ၊ ဘုရားရှင်၏ဒေသနာအလိုအတိုင်းအဂတိမလိုက်မူ၍ အဓိကရုဏ်းကို ဆုံးဖြတ်ပါမည်။

အမှုသည်တို့၏ လက်ဆောင်ကိုသိလျက် မခံယူပါ၊ အလင်္ဂီ ပုဂ္ဂိုလ်တို့ကိုလည်း သိလျက် အလုပ်အကျွေးမခံယူပါ၊ အလင်္ဂီပုဂ္ဂိုလ်တို့ကိုသိလျက် မချီးမြှောက်ပါ၊ ဘုရားရှင်အလိုတော်နှင့်အညီ အဖြောင့်အမှန်ပြောဆိုလျှင် လူရှင် အကြီးအငယ် မရွေး နားယူပါမည်၊ ပစ္စည်းလေးပါးနှင့်စပ်၍ ပရိကထာ ဩဘာသနိမိတ် ဝိညတ်လည်း ကာယ ဝစီဒွါဖြင့် မပြုမကျင့်ပါ။ ၊" စသည်တို့တည်း။

ဝ .... ဝ .... ဝ

သာသနာပိုင်များ

ဘုရားရှင်သာသနာတော်ကို စောင့်ထိန်းတော်မူကြသော သာသနာပိုင်တို့မှာ သာသနာ့ဒါယကာမင်းများကို အမှီပြုလျက် အစဉ်အဆက် သာသနာပြုတော်မူခဲ့ကြ၏။ သို့ရာတွင် အချို့အချို့သောမင်းတို့လက်ထက်များတွင် သာသနာပိုင်ခန့်အပ်တင်မြှောက်ခဲ့ခြင်းမရှိကြ။ အချို့အချို့သော မင်းတို့လက်ထက်မှသာ သာသနာပိုင် ခန့်အပ်တင်မြှောက်ခဲ့ကြ၍ သာသနာပိုင်ဆရာတော်များစာရင်းတို့ကို မင်းနှင့်ယှဉ်တွဲလျက် လက်လှမ်းမှီသမျှ ရှာဖွေတင်ပြလိုသည်။

၁။ ။ရဟန္တာမထေရ်မြတ် ရှင်အရဟံ

ပုဂံအနော်ရထာ၊ စောလူး၊ ကျန်စစ်နှင့် အလောင်းစည်သူ မင်းလေးဆက်တို့၌ သာသနာပိုင်ဖြစ်တော်မူသည်။

၂။ ။စိမ်းညက်မင်းသားတော်မဟာထေရ်

အလောင်းစည်သူမင်းလက်ထက် ရှင်အရဟံ ပရိနိဗ္ဗာန်ပြုတော်မူ၍ စိမ်းညက်မင်းသားတော်မဟာထေရ်မြတ်အား သာသနာပိုင်အပ်သည်။

၃။ ။ရှင်ဥတ္တရာဇီဝထေရ်

ပုဂံနရပတိစည်သူမင်းလက်ထက် သာသနာပိုင်အပ်သည်။

ရှင်ဥတ္တရာဇီဝအဆက်အနွယ်တို့မှာ တတိယဆပွဒ၊ ထို၏တပည့် ပုခန်းကြီး ရှင်သုဓမ္မာစာရီ၊ ထို၏တပည့် သရေခေတ္တရာပြည် စောရန်နောင်မင်းဆရာ၊ ပရက္ကမအနွယ်ဝင် ရှင်သာရဒဿီ၊ ထို၏တပည့်ရှင်သဒ္ဓမ္မဇ္ဇိတိ၊ ထို၏တပည့် ရှင်အရိယဝံသနှင့် ရှင်မဟာသာမိ၊ ရှင်မဟာသာမိသည် သိဟိုဠ်ကျွန်းသို့ကြွရောက်လျက် ထေရဝါဒတ္ထရဟန်းလေးပါးတို့ကို ပင့်၍ မြန်မာနိုင်ငံပြည်မြို့သို့ တဖန်ကြွရောက်သာသနာပြုတော်မူသည်။

ထို၏တပည့် ရှင်အတုလဝံသ၊ ထို၏တပည့် ရှင်ရတနရုံသီ၊ ထို၏တပည့် ရှင်အာဘိသင်္ကေတ၊ ထို၏တပည့်ရှင်မုနိန္ဒဃောသ။ ၉၇၀-ပြည့်နှစ်က ပြည်မြို့ အောင်ခဲ့သော အနောက်ဘက်လွန်မင်းကရှင်မုနိန္ဒဃောသနှင့်အမတ်ဖညာရှိန္နာယော်ဓာတို့ကိုပင့်ဆောင်၍အင်းဝတွင်နေစေသည်။ ရှင်မုနိန္ဒဃောသကား အင်းဝမှ စစ်ကိုင်းတောင် တောထွက်ကာ တောင်ဖိလာပုဂိုလ်ကျော်ဖြစ်လာသည်။

ထို၏တပည့်အမြင့်မြို့ ရှင်မဟာတိဿ၊ ထို၏တပည့်ရေမိန်ရှင်စန္ဒ၊ ထို၏တပည့် ရှင်ဂုဏသိရိ၊ ထို၏တပည့် ရှင်ကလျာဏဓဇတို့ဖြစ်၏။ ဤသို့လည်း ဆက်နွယ်ကြသည်။

၄။ ။ဒီသာပါမောက္ခ(ဦးကျည်းပေ့)

ပုဂံကျစွာမင်းလက်ထက်၊ သာသနာပိုင်အပ်ခြင်းခံရသည် ဆရာတော်ဖြစ်သည်။

၅။ ။ဒုတိယဆပွဒရှင်သဒ္ဓမ္မညာဏ

ပုဂံတရုတ်ပြေး၊ မင်းခွေးချေ၊ သားမွှာ၊ နရသီဟပတေ့(နာမည်လေးမျိုး) မင်းလက်ထက် သာသနာပိုင်အပ်သည်။

၆။ ။တတိယဆပွဒ

(ရှင်သဒ္ဓမ္မသီရိ ဟူ၍ လည်းကောင်း၊ ရှင်သဒ္ဓမ္မကေတု ဟူ၍ လည်းကောင်း၊ ရှင်သဒ္ဓမ္မဇောတိပါလဟူ၍လည်းကောင်း ဆိုကြသည် တတိယဆပွဒ ဆရာတော်အား **ပုဂံသီဟသူကျော်စွာမင်း**လက်ထက် သာသနာပိုင်အပ်သည်။

၇။ ။ပုခန်းကြီးရှင်သုဓမ္မာစာရီ

ပင်းယ မြင်စိုင်းသခ်ယာမင်းလက်ထက် သာသနာပိုင်အပ်သည်။

၈။ ။ရှင်ဒီဗွစက်(ရဟန္တာထွေး)

ပင်းယ တစီးရှင်သီဟသူမင်းလက်ထက် သာသနာပိုင်အပ်သည်။

၉။ ၊ပိတုကြီးသံဃရာဇာ

အင်းဝ သတိုးမင်းဖျားလက်ထက် သာသနာပိုင်အပ်သည်။ စစ်ကိုင်းမြို့နယ် ပဒုရွာဇာတိဖြစ်၍ ပဒုကြီးသံဃရာဇာဟူ၍လည်း ဆိုကြ၏။

ဗေဒင်ကျမ်းကျင်၍ ပိဋကမှာ မကျနလှဟု ဆရာစဉ်စကားရှိသည်။ လောကဒီပက စသောကျမ်းများ ပြုခဲ့သည်။ ဂါမဝါသီပဋ္ဌကျောင်းကိုဏ်းနှယ်ဟု ဆိုကြသည်။

၁၀။ ။အောင်စည်းခုံသံဃရာဇာ

အင်းဝမင်းခေါင်ကြီးလက်ထက် သာသနာ့ဝတ်မိုးဝတ်မြေမှရသော အခွန်ဘဏ္ဍာတို့ကိုသိမ်းရန် ဝတ္တုကံ သိမ်းသံဃရာဇာဖြစ်ဖွယ်ရှိသည်။ ပဋ္ဌကျောင်းကိုဏ်းဦးဆောင်တည်း။

၁၁။ ၊ရခိုင်မဟာသံဃရာဇာ

အင်းဝ မင်းကြီးစဉ်စော်ကဲဆရာဖြစ်၍ မဟာသံဃရာဇာ ခန့်ထားသည်။ လောကသာရဆုံးမစာများ ရေးခဲ့ကြောင်းနှင့် ဂါမဝါသီပဋ္ဌကျောင်းအဆက်အနွယ် ဖြစ်ကြောင်း ဆိုကြသည်။

၁၂။ ။အမြင့်ရှင်ခေမာစာရ

အင်းဝ မင်းကြီးစဉ်စော်ကဲမင်းမဖြစ်မီက အမြင့်မြို့စား, စဉ် ဆရာအဖြစ်ကိုးကွယ်သည်။ မင်းအဖြစ်သို့ရောက်သော် ရခိုင်မဟာသံဃာရာဇာပြန်လှန်၍ သာသနာပိုင်အပ်သည်။ အမြင့်မြို့တွင် ကျောင်းတော်ဆောက်လှူ၍ သာသနာပိုင်အပ်နှင်းကြောင်းနှင့် ယင်းကျောင်းတော်ကို သာသနာပိုင်ကျောင်း ခေါ်တွင်ခဲ့ကြောင်းဆိုသည်။

၁၃။ ။ပင်လယ်ကျေးသံဃရာဇာ

အင်းဝ မင်းကြီးစဉ်စော်ကဲသားတော်မင်းဆွေ လက်ထက် သာသနာပိုင်အပ်သည်။ မင်းကြီးစဉ်စော်ကဲသည် သားတော်မင်းဆွေနှင့် သိဒ္ဓတ်မင်းသားတို့ကို ပင်လယ်ကျေးသံဃရာဇာထံ၌ ပညာသင်စေသည်။ မင်းဆွေဇာတာတွက်ချက်လျှင် ဧကန်မင်းဖြစ်မည်ဟု သိသည်။မင်းဆွေအသက် ၁၃-နှစ်အရွယ်တွင် မိမိကိုယ်မှအူတွေထွက်၍ အင်းဝမြို့တော်အလုံးပတ်သည်ဟူသောအိပ်မက်ကို ပင်လယ်ကျေးဆရာတော်အားနှိုး၍ လျှောက်သည်။

ထိုအခါ ပင်လယ်ကျေးက မင်းသားကိုခြေနှင့်ကန်ရာ တုံးလုံးလဲဘည်။ ရဟန်းငါးဝါတွင် တောင်ဘီလူးပရက္ကမတွင် စာသင်စဉ် ဦးထုပ်ကျသည်ကို ခြေဖြင့်နင်းမိ၍ မချွတ်မင်းဆရာဖြင့်မည်ဖြစ်၍ မမေ့ရန် ဤသို့ခြေနှင့်ကန်သည်။ မင်းဖြစ်သောခါ အင်းဝ

တံတား ဦးကိုယက်မလျှို အမိုးဖြင့်တံတားလုပ်မည်ဟု အဓိဋ္ဌာန်ရှိသဖြင့် ယင်းအဓိဋ္ဌာန်တိုင်း လုပ်ပါ'' ဟုမိန့်သည်။ ပဲ့ကျောင်းနွယ်, ပိဋ္ဌက, ဗေဒင်ကျနလှ၏ဟု ဆိုသည်။

၁၄။ ။ရှင်သဒ္ဓမ္မဋ္ဌိတိဆရာတော်

အင်းဝ ထူပါရုံစေတီတော်ဒါယကာ နရပတိ၏သားတော် မင်းဆင်များလက်ထက် သာသနာပိုင်အပ်သည်။

၁၅။ ။ချောင်းဆုံသံဃရာဇာ

၈၀၄-ခုနှစ် အင်းဝနန်းတက်သော နရပတိမင်းသားတော်ကြီး သီဟသူရအိမ်ရှေ့အပ်နှင်းသည်။ ၈၂၀-ပြည့် တောင်ငူ မင်းငယ်ကျော်ထင်အား သခ်ၤယာစောလူး-မြေးတန်စီလုပ်ကြံလွန်ရာ အိမ်ရှေ့သီဟသူရကိုတောင်ငူသို့ ချီတက်သိမ်းစေသည်။

အိမ်ရှေ့မင်းသားတော်၊ ဒုတိယမင်းခေါင်နှင့် သတိုးကျော်တို့ကိုတောင်ငူချောင်းဆုံဆရာတော်အား ''သားတော်နှစ်ယောက် ၇-ရက်မျှရှင်သာမဏေပြုပေးပါ'' ဟုလျှောက်သည်။ ''ရှင်ပြုလျှင်တောင်ငူတွင်ဆိမချစေနှင့်၊ သာဂရအရှေ့မြောက် ပေါင်းလောင်းမြစ်နား သရက်နှစ်ပင်အောက်၌ဆိမချစေ၊ ဆိုက်လည်း ပေါင်းလောင်းမြစ်တွင် မြောစေ'' ဟုမိန့်ဘူးသည်။ ထိုမင်းလက်ထက် တောင်ငူချောင်းဆုံဆရာတော်အား သာသနာပိုင်အပ်သည်။ ပိဋ္ဌက ဗေဒင် ပြည်ရေး ရွာမှုမှ စ၍ တတ်ကျွမ်းလိမ္မာသည်။ တောင်ညို ပဉ္စင်းကျော်ရှင်မုနဲယို၏တပည့်ဟုဆိုသည်။ မင်းသားနှစ်ဦး၏ဆရာဖြစ်သည်။ သီဟသူရ ၁၁၂ ပြည်စုံမင်းကလည်းကိုးကွယ်သည်။ ပျံချီကြီးမိဖုရား စိုးမင်းဆင်ကဲသားတော် ၁ချောင်းဆုံသံဃရာဇာဖြစ်သည်။ ပဲ့ကျောင်းဂါမဝါသီနွယ်ဖြစ်သည်။

၁၆။ ။ကလျာဏီရှင်သုဝဏ္ဏသောဘဏ

ရာမာဓိပတိ၊ ဓမ္မစေတီမင်းလက်ထက် ၈၁၂-ခုနှစ်သီဟိုဠ်သာသနာပိုင် ရှင်ဝနရတနထေရ်အား ဥပဇ္ဈာယ်ပြုလျက် သီဟိုဠ်ကျန်း၌ ပဉ္စင်းအဖြစ် ထပ်မံခံယူသော ပဲခူး(ဟံသာဝတီ)ရှင်သုဝဏ္ဏသောဘဏအား ရာမညတိုင်းလုံး၏ သံဃရာဇာဖြစ်သည်။

ဆရာတော်သည် ကလျာဏီသိမ်တော်သမုတ်၍ သာမဏေ ၂၄၅-ပါးတို့ကိုဦးစွာ ပဉ္စင်းခံပေးသည်။ ရာမညရဋ္ဌတွင်ဝိနည်းနှင့်မညီသော ရဟန်းတို့အား မင်းအာဏာဖြင့် လူထွက်စေသည်။ ရာမညရဋ္ဌ၊ ကလျာဏီသိမ်ဆင့်ပွားသမုတ်ရာ ၃၉၆-သိမ်ဖြစ်သည်။ ယင်းဆရာတော်အား ''**ကလျာဏီတိဿ**'' ဟူ၍လည်း ထင်ရှားသည်။

၁၇။ ။ရှင်အရိယဝံသဆရာတော်

ပြည်သတိုးမင်းစောလက်ထက် ရှင်သဒ္ဓမ္မဋ္ဌိတိတပည့် ရှင်အရိယဝံသအား သာသနာပိုင်အပ်သည်။ ထိုဆရာတော်သွန်လျင် အင်းဝမှပင့်လာသော စာဆိုပုဂ္ဂိုလ်ကျော် ရှင်**မဟာရဋ္ဌသာရ**အား သံဃရာဇာသာသနာတော်အပ်သည်။

၁၈။ ။မွန်ဆရာတော်ရှင်မဟိန္ဒ

၈၉၂-ခုနှစ် မင်းတရားရွှေထီး တောင်ငူနန်တက်ကောနှစ်တွင် ဟံသာဝတီမြို့တော်အနောက်ဘက် ကျောင်းရာမ် ၂၀-နှင့် ကျောင်းတော်ကြီးဆောက်လှူ၍ မွန်ဆရာတော်အား သံဃရာဇာနေ့သည်။ ၉၁၂-ခုနှစ် ဟံသာဝတီဆင်ဖြူများရှင် (ဘုရင်နောင်)ကလည်း မွန်ဆရာတော်ရှင်မဟိန္ဒအား ၉၁၇-ခုနှစ်တွင် ကျောင်းရာမ် ၄၀-နှင့် ဇေတဝန်ရွှေကျောင်းတော်ကြီး ဆောက်လှူ၍ ဆက်လက်သာသနာပိုင်အပ်သည်။

၁၉။ ။ရှင်သဒ္ဓမ္မပါလဆရာတော်

တောင်ငူဘုရင့်နောင်ခမည်းတော်ဆရာ ရှင်သဒ္ဓမ္မပါလအား မွန်ဆရာတော်လွန်၍ ဟံသာဝတီမြို့တော်သို့ပင့်ပြီးလျှင် သာသနာပိုင်အပ်သည်၊ ပိဋကသုံးပုံနှင့် နိကာယ်ငါးရပ်ပါဠိတော် အဋ္ဌကထာဋီကာတို့ကို ရွှေမင်ကြည်စ်ရေးဖြင့် ကူးစေသည်၊

ဟံသာဝတီဆင်ဖြူများရှင် မင်းတရားသည် မွန်ယွန်းနှင့် မြန်မာဆရာတော်ကြီးများကို ဆည်းကပ်ကိုးကွယ်လျက် မဟာစေတီတော် ထောင့်၄-ထောင့်၌ ခမ်းနားသော ပရိယတ္တိစာသင်တိုက်ကြီးများတည်၍ သာသနာပြုစေတော်မူသည်၊

၂၀။ ။တူရွင်းတောင် မဟာနာမဆရာတော်

အင်းဝအနောက်ဘက် လွန်မင်းတရားလက်ထက် (၉၆၇)ခုနှစ် မဟာမုနိအနီးကျောင်းအရာမ် ၄၀-နှင့် လေးထပ်ကျောင်းတော်ကြီးဆောက်၍ တူရွင်းတောင်ဆရာတော်အား မဟာသံဃနာယ သာသနာအပ်၍လှူသည်။

၂၁။ ။တောင်ဖီလာပုဂိုလ်ကျော်

အင်းဝ သာလွန်မင်းလက်ထက် တောင်ဖီလာပုဂိုလ်ကျော် ရှင်မုနိန္ဒသောသနာပိုင်အပ်သည်။

၂၂။ ။ပထမကျော်အောင်စံထား

အင်းဝ ဟံသာဝတီရောက်မင်းလက်ထက် ကျောင်းအရာမ်တရာနှင့်တကွ ရွှေကျောင်းတော်ဆောက်လှူ၍ ဇီနစက္ကာဘိရာမဘွဲ့တံဆိပ်ဖြင့် သာသနာပိုင်အပ်သည်။

၂၃။ ။အတုလယသဆရာတော်

ကုန်းဘောင်တည် အလောင်းမင်းတရားကြီးလက်ထက် ၁၀၇၆-ခုနှစ်၊ ဖွားနံဗုဒ္ဓဟူး၊ ရွှေဘိုမြို့ကျေး၊ အုတ်ရှစ်ကျေးရွာဇာတိ၊ လူမည် ဦးပန်းထွေး၊ ဘွဲ့ရှင်ယသအား ၁၁၁၅-ခုနှစ် "အတုလယသမဟာဓမ္မရာဇာဓိဂုရု" ဘွဲ့တံဆိပ်လှူ၍ သာသနာပိုင် အပ်သည်။

၂၄။ ။တောင်တွင်းပုဂိုလ်ကျော် ခင်ကြီးပျော်

ကုန်းဘောင်စစ်ကိုင်းနောင်တော်ကြီး (ဒီပယင်းမြို့စား)လက်ထက် တောင်တွင်းပုဂိုလ်ကျော်ခင်ကြီးပျော်အား "ဉာဏာဘိဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်ကပ်လှူ၍ သာသနာပိုင်အပ်သည်။

ဇာတိ တောင်တွင်းကြီးမြို့လက်မြို့လုလင်အနီး ပုတီးကုန်းရွာဖြစ်၍ မိဘတို့မှာ ဗိသုကာဆရာကြီး ဦးဘိုးပြေ၊ ဒေါ်ကြာတည်း၊ ၁၀၈၆-ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ ဖွား၊ ငယ်မည် မောင်ပျော်။ ဘွဲ့ရှင်ဉာဏ၊ ၇-နှစ်သား၊အရွယ် မြို့လုလင်ကန်ဦးကျောင်း ဆရာတော်ထံအပ်နှံ၍ သင်ပုန်းကြီး နေ့ချင်းပြီးကုန်သည်။ ၃-လအတွင်း နမက္ကာရပရိတ်ကြီး အပြီးတိုင်သည်။

ဇာတ်ကြီးဆယ်ဖွဲ့ အားလုံးပြီးသည်။ ၁၀-နှစ်အရွယ် ရှင်ပြုသည်။ အသက်-၂၀ ရဟန်းဖြစ်သော်လည်း ငယ်မည် ခင်ကြီးပျော်ဖြင့် ထင်ရှားသည်။ ရဟန်း ၅-ဝါတွင် ပုဂံပြည်ရွှေကျောင်းဆရာတော်ထံ ဆက်လက်ပညာသင်ကြားသည်။

၁၁၁၆-ခုနှစ် အင်းဝသို့ရောက်၍ ဂုဏ်သတင်းကျော်ကြားသဖြင့် ကုန်းဘောင်နေပြည်တော်မှ မင်းလက်ဝဲနော်ရထာ စသော အမတ်ပညာရှိတို့က ပိဋကနှင့် လောကီဗဟုသုတ ခက်ဆစ်ခက်ရာတို့ကိုမေးလျှင် ဖြေဆိုနိုင်သည်ချည်းသာ။ မဖြေနိုင်သော အရာဟူ၍မရှိသောကြောင့် "မ-ကာရလောပ" (မ-တလုံးကျ)ဆရာတော်ဟု ကျော်စောသည်။

နောင်တော်ကြီးမင်းသည် ၁၁၂၂—ခုနှစ် နန်းတက်သောအခါ စစ်ကိုင်းမြို့ကို မဟာဇေယျပူရသမုတ်၍ မြို့သစ်နန်းသစ် ထပ်မံတည်ပြီးလျှင် ခင်ကြီးပျော်အား စစ်ကိုင်းသို့ပင့်သည်၊ သာသနာကိုလည်း အပ်သည်။

၁၁၂၄-ခုနှစ် လေရောဂါဖြင့်လွန်သည်။ အလောင်းကို ထီးဖြူလေးစင်းအုပ်မိုး စေလျက် ရွှေသံလျင်းဖြင့်ဆောင်၍ မီးထင်းပုံထက်၌တင်ပြီး သင်္ဂြိဟ်သည်။ အရိုးတော်ကို....

"စစ်ကိုင်းကြီးမြောက်၊ မုဇ္ဈောနောက်၌ ရွှေမှောက်ဘုန်းထင်၊ ဆင်မျှားရှင်၏၊ရွှေ့တွင် မဝေး-လမ်းထိပ်မှေး၌ ညှတ်ရှေးစိတ်ကြည်၊ စေတီတည်၏"

၂၅။ ။ပထမကျော်စရစ်ဆရာတော်

ဆင်ဖြူရှင် (မြေတူး)မင်းလက်ထက် ၁၀၆၁ခုနှစ်၊ ဖွားနံအင်္ဂါ၊ ရွှေဘိုမြို့ကျေးစရစ်ရွာဇာတိဖြစ်၍ ကြက်သွန်းခင်း ဆရာတော်တပည့် ပထမကျော်စရစ်ဆရာတော်အား ဇမ္မူဒီပအနန္တဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တော် အလောင်းမင်းတရားလက်ထက်က အလှူခံရရှိပြီးလျှင် သားတော်လတ် ဆင်ဖြူရှင်မင်းက အင်းဝရွှေမြို့တော်အတွင်း အရာမ်၄၆ ကျောင်းနှင့်တကွ၊ လေးထပ်ဇေတဝန်ရွှေကျောင်းတော်ကြီးဆောက်၍ ဘုံကျော်စံလွှတ်သမိုက်ပြီး ၁၁၃၃-ခုနှစ်တွင် "ဇမ္မူဒီပ အနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ကပ်၍ သာသနာပိုင်အပ်သည်။

၂၆။ ။ရှင်သာပုံဆရာတော်

ဆင်ဖြူရှင်မင်းလက်ထက်မှာပင် စရစ်ဆရာတော်လွန်၍ တပည့်ရင်းတူတော် ရှင်သာပုံဆရာတော်အား ဆက်လက်သာသနာကိုအပ်ရာ မကြာမီလွန်သည်။

၂၇။ ။ထန်းတပင်ဆရာတော်

ထိုမင်းလက်ထက်မှာပင် စေတ္တတုရာမြို့ဇာတိ ရှင်နန္ဒမေဓာဆရာတော်အား သာသနာပိုင်အပ်ပြန်သည်။ ရွှေဘိုမြို့မြောက်လက်ထန်းတပင်မြို့ နန္ဒသီဟကျော်ထင်အမတ်ကြီး ဆောက်လှူသော ဗေဒီကျောင်းတော်၌ သီတင်းသုံး၍ ထန်းတပင်ဆရာတော်ဟု ထင်ရှားတော်မူသည်။

အနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တောင်ဘီလူးဆရာတော်ထံ၌ အဘိဓမ္မာညော်ဆိုရိုးတို့ကို သင်ကြားတတ်မြောက်သည်။ ရှင်သာပုံဆရာတော်လွန်လျှင် သာသနာပိုင်ဖြစ်သည်၊ စဉ့်ကူးမင်းလက်ထက် အင်းဝမြို့တော် မိုးထိတိုက်ဟောင်းတွင် ကျောင်းအရာမ်၁၄-နှင့် ငါးထပ်ဗေတဝန်ရွှေကျောင်းတော်ကြီးဆောက်လှူ၍ ''မဟာမင်္ဂလာရွှေဘုံ'' သမိုက်ပြီးလျှင် တိပိဋကာလင်္ကာရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တော်ကပ်လှူသည်။ စစ်ကိုင်းတောင် တိလောကဂုရုချောင်၌ သီတင်းသုံးဘူးသည်။ တုံဂိုဏ်းရုံဂိုဏ်းတွင် တုံဂိုဏ်း (အတင်ဂိုဏ်း)အဆက်အနွယ်ဖြစ်၏။ ပထမဗားကရာနှင့် ကတိုးဆရာတော်တို့၏ ညော်ဆရာဟူ၍လည်းဆို၏။

၂၈။ ။မာန်လည်ဆရာတော်

အင်းဝ စဉ့်ကူးမင်းလက်ထက် သာသနာအပ်သည်။

၂၉။ ။မင်းအိုဆရာတော်

၃၀။ ။ဆုံထားဆရာတော်

၃၁။ ။မင်းရွှာဆရာတော်

ဘိုးတော်မင်းတရားလက်ထက် မာန်လည်၊ မင်းအို၊ ဆုံထား၊ မင်းရွှာ၊ ဤဆရာတော်ကြီးလေးပါးတို့အား သာသနာပိုင်တပြိုင်နက် ခန့်ထားတော်မူသည်။

၃၂။ ။မောင်းထောင်ရှင်ဉာဏာဘိဝံသ

၁၁၅၀-ပြည့်နှစ်တွင် ဘိုးတော်မင်းတရားသည် သာသနာပိုင်ဆရာတော်ကြီးလေးပါး၊ သက်ကြီးရွယ်ရင့်တော်မူကြသဖြင့် တဲ့ဘက်သာသနာပြုရာ၌ ပါဝင်သော မောင်းထောင် ရှင်ဉာဏာဘိဝံသအား ''ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်အပ်နှင်း၍ သာသနာပိုင်အပ်သည်။ ဘိုးတော်လက်ထက်စ၍ သာသနာပိုင်အား တရားစစ်ပို့လ်ချုပ်ကြီးနှင့်တူသော ''ဓမ္မသေနာပတိ'' ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့ခြင်း ဖြစ်လေသည်။

၃၃။ ။ရှင်ပညာသီဟ (စလင်းဆရာတော်)

အင်းဝ ဘကြီးတော်မင်းလက်ထက် သာသနာပိုင်အပ်သည်။ ဇာတိမှာ စကူမြို့ ကန့်ကလာရွာ၊ ၁၁၂၅-ခုနှစ် တော်သလင်းလဆန်း ဂ-ရက်၊ ကြာသပတေးနေ့ဖွား၍ မိဘတို့မှာ ဦးညို–ဒေါ်မိတည်း။ ငယ်မည် ဦးချက်လောက် (ဦးချစ်လောက်)ဟူ၏။ မွေးဖွားပြီးနောက် ရေချိုး၊ ဆန်ကောချပ်ထည်း၌သိပ်ထားရာ ချက်အပေါ်၌ လောက်မျှားတက်နေသည်။ ထို့ကြောင့် ချက်လောက်ဟု မှည့်ကြသည်။ ရှင်ဘွဲ့ ရှင်ပညာသီဟဖြစ်သည်။

ကြက်သွန်ခင်းဆရာတော်ကြီးဟုပည့် ရှင်မေမိယ၊ ပန်းလွှာဆရာတော် ရှင်ဂုဏဝန္တတို့အထံ၌ ပညာသင်ပြီးနောက် စလင်းမြို့တွင် သီတင်းသုံးနေမျှား၍ စလင်းဆရာတော်တွင်၏။ ရှင်ပညာသီဟာသည် ၁၁၇၈-ခုနှစ် အမရပူရ နေပြည်တော်သို့ရောက်သည်။ ဘိုးတော်မင်းကိုယ်တိုင် ရဟန်းထပ်သည်။ ဘကြီးတော်မင်း အထွတ်အထိပ်သို့ရောက်သော် အင်းဝရွှေမြို့တော် ရွှေစည်းခုံစေတီတော်အနီး တံတိုင်းမဟာရုမ်မုခ်လေးမျက်နှာနှင့်တကွ ကျောင်းဦးပြာသာဒ်ဘုံခုနစ်ဆင့် ကျောင်းမ အမိုးစမြင်ပါဘုံလေးဆင့် ဥကင်ရုဇပလွှင့် ဝဲယာထီးဖြူစိုက် နာရဏီရွှေဘိန်းချ ဖလ်မှန်တို့ဖြင့် ချယ်အပ်သော စံကျောင်းတော်ကို မဟာအောင်မြေဘုံသာကမ္မည်းထိုးလျက် ၁၁၉၀-ပြည့် တပေါင်းလဆန်း ၁၃-ရက်နေ့ တွင် မင်းဧကရုဇ်ကိုယ်တိုင် ရေစက်သွန်းချ တင်လှူသည်။

"မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကပ်လှူ၍ သာသနာပိုင်အပ်သည်။ စလင်းသာသနာပိုင် ရှင်ပညာသီဟာသည် ညီတော် သာယာဝတီမင်းလက်ထက်၌လည်း မနိမ့်ကျစေပဲ၊ ဆက်လက်ကိုးကွယ်ခြင်းခံရသည်။ "မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိသီရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကပ်၍ သာသနာကို အပ်သည်။ ရာဇိန္ဒရာဇပုညဒီပနီကျမ်း၊ ဝိနည်းအဆုံးအဖြတ်ကျမ်းမျှားနှင့် ဝိနည်းအဘိဓမ္မာ အဋ္ဌကထာနီဿယမျှားပြန်ဆိုတော်မူသည်။ သက်တော် ၇၈-နှစ် သီကျော ၅၉-ဝါ ၁၀၂-ခုနှစ် တော်သလင်းလပြည့်ကျော် ဂ-ရက်နေ့တွင် လွန်တော်မူသည်။

၃၄။ ။သဲအင်းဆရာတော် ရှင်သူရိယ

သာယာဝတီမင်းလက်ထက် သာသနာပိုင်အပ်သည်။ (အကျယ်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

၃၅။ ။ဒုတိယ မောင်းထောင် ရှင်ဥယျဓမ္မ

သာယာဝတီမင်းနှင့် မင်းတုန်းမင်းလက်ထက် သာသနာပိုင်အပ်နှင်းခြင်းခံတော်မူရသည်။

၃၆။ ။ဒုတိယဗားကရာဆရာတော် ရှင်ပညာဇောတ

ပုဂံမင်းတရားလက်ထက် သာသနာပိုင်အပ်ခြင်းခံတော်မူရသည်။

၃၇။ ။တောင်တော်ဆရာတော် ရှင်မာလာ

သီပေါမင်းလက်ထက် သာသနာပိုင်ဖြစ်၏။ တောင်တော် ဆရာတော်၏ဇာတိမှာ မန္တလေးတောင် အရှေ့မြောက်ယွန်း **သခင်မတောင်** (မယ်ဥတောင်-ရွှေဥတောင်)တော် ခြေရင်း ရွာဖြူကုန်းရွာ။ ၁၁၈၀-ပြည့်ဖွားတည်း၊ ဘွဲ့ ရှင်မာလာတည်း။ မန္တလေးမြို့ တော် မဟာဝိသုတာရာမတိုက်ခေါ်သော အရှေ့တိုက်တော် ဒုတိယမောင်းထောင် သာသနာပိုင် ရှင်ဥယျဓမ္မ၏တပည့်ဖြစ်သည်။ မင်းတုန်းမင်း၏ သားတော်များဖြစ်သော သီပေါမင်းသား စသော သားတော်လေးပါးတို့ကို အပ်နှံပညာသင်စေတော်မူသည်။ မင်းတုန်းမင်းက တောင်တော် ဆရာတော်အား မာလာလင်္ကာရ သီရိဓမ္မာဓမ္မရာဇာဓိရာဇဂုရု ကပ်လှူသည်။

နန်းတော်တွင်း လှတ်တော်ရှေ့တွင် ရွှေကျောင်းတော်ဆောက်လှူကိုးကွယ်သည်။ သီပေါမင်းအထွတ်အထိပ်သို့ရောက်သော် မှန်စီရွှေချ အသစ် မွမ်းမံလျက် နန်းတွင်းမှန်ကျောင်းအဖြစ် တင်လှူသည်။

မင်းတုန်းမင်းတရားသည် ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော် ၁၂၂၇-ခုနှစ်တွင် ပြန်လွှန်တော်မူသည်ကစ၍ သာသနာပိုင်ထပ်မံတင်ခြင်းမပြုရှိလေသည်။ သာသနာရေး, သာသနာမှုတို့ကို သုဓမ္မာအဖွဲ့ဝင် ဆရာတော်များကသာ စီရင်ဆုံးဖြတ် အုပ်ချုပ်ကွပ်ကဲတော်မူကြရ၏။

၁၂၄၀-ပြည့်နှစ် သီပေါမင်းနန်းတက်သောအခါ သုဓမ္မာအဖွဲ့ဝင် ဆရာတော် ရှစ်ပါးတို့တွင် လေးပါး တိုးခဲ့ဖွဲ့စည်းတော်မူရာ၌ တောင်တော်ဆရာတော် ရှင်မာလာပါဝင်တော်မူသည်။

၁၂၄၄-ခုနှစ် တပေါင်းလတွင် သီပေါမင်းကရားသည် သုဓမ္မာစရပ်တော်၌ ဆရာတော် သံဃာတော် မင်းမိဖုရား၊ မင်းညီ မင်းသား မှူးမတ်ပုရိသတ်အစုံအညီရှေ့မှောက်ဝယ် ငယ်ဆရာရင်းတဆူ ဖြစ်တော်မူသော တောင်တော်ဆရာတော် ရှင်မာလာအား "မာလာလင်္ကာရသာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကပ်လှူပြီးလျှင် အာမိန့်တော်ပြန်တမ်း ဖတ်ကြားစေ၍ သာသနာပိုင်အပ်တော်မူသည်။

၃၈။ ။ရွှေကျင်ဆရာတော် ရှင်ဇာဂရ

မင်းတုန်းမင်းတရှားကြီးလက်ထက် ဇာဂရာဘိပရမသီရိဓမ္မာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့ဆိပ်တော်ကို အလှူတော်မခံပဲ နေပြည်တော်အနီး မန္တလေးတောင် မြောက်ဘက် တောရကျောင်းအင်္ဂါနှင့်ပြည့်စုံသော မဟာဓမ္မိကာရုမ ရွှေကျင်တိုက်မဋ္ဌ ဂဏဝိမုတ်အမိန့်

တော်ဖြင့် ဂိုဏ်းတပါးတို့နှင့် မရောမယှက် သီးသန့် ရှေကျင်ဂိုဏ်းကြီး၏ ဂဏပါမောက္ခ တဆူ သီတင်းသုံးတော်မူသည်။

"အင်ကျင်းခက်ကျိုင်း ရှေကျင်ဂိုဏ်း" ဟူ၍ သင်္ကေတထားသော သက္ကရာဇ် ၁၂၂၂-ခုနှစ်ကစ၍ သီးသန့် ရှေကျင်ဂိုဏ်းဖြစ်လာသည်။ ရှေဘိုမြို့တောင်လက် လှတော ကြီးငါးရွာ အဝင်အပါ ရှေကျင်ရွာလျှင်ဖွားရာဇာတိအစဲ့ပြုလျက် ရှေကျင်ဂိုဏ်း, ဟုခေါ် တွင်ခြင်းဖြစ်သည်, သက္ကရာဇ် ၁၁၈၄-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃-ရက် အင်္ဂါနေ့တွင် ဖွားရ၍ မိဘတို့မှာ ဦးဘိုးမောင်- ဒေါ်မယ်မိတို့ဖြစ်၏။ ဘွဲ့ ရှင်ဇာဂရဟူ၏။

သီပေါမင်းလက်ထက် ထူးခြားချက်မှာ တောင်တော်သာသနာမိုင်ဆရာတော်နှင့် အတူ ရှေကျင်ဆရာတော်အားလည်း **ရှေကျင်ဂိုဏ်း**ဆိုင်ရာကို အုပ်ချုပ်ကွပ်ကဲတော်မူရန် "ဇာဂရာဘိဓဇသာသနပါလ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်ခဲ့သည်ဟု ဆိုကြ၏။

အထူးသဖြင့် သီပေါမင်းလက်ထက်တွင် ဆရာတော်များကို တံဆိပ်တော်ခံ ပုဂ္ဂိုလ်တို့ သတ္တိဗျတ္တိ ပရိယတ် ပဋိပတ် ဂုဏ်သိက္ခာ အကျင့်သီလအလိုက် အနိမ့်အမြင့် ငါးမျိုးငါးရပ် ပြင်ဆင်၍ သတ်မှတ်လှူဒါန်းလေသည်။

ယင်းသို့ ပြင်ဆင်သတ်မှတ်ခဲ့သည့်မှာ ၁၂၄၆-ခုနှစ်ဖြစ်၍ သာသနာပိုင်ဆရာတော် အမှူးပြုသော ဆရာတော်တို့အား အောက်ပါအတိုင်း ခဲ့ခြားသတ်မှတ် လှူဒါန်းလေသည်။

၁။ အတုလာ ဓိပတိ သီရိပဝရဓဇ (ဓမ္မသေနာပတိ) မဟာဓမ္မရာဇာဓိရာဇဂုရု။
၂။ ဓမ္မသေနာပတိဖြုတ်၍ လေးချက်ထည့်စွက်၍လည်းကောင်း၊
၃။ အတုလ နှုတ်၍ သုံးချက်ဆည့်စွက်၍လည်း ကောင်း၊
၄။ အတုလ အဓိပတိ ၂-ခုနှုတ်၍ ကျန်နှစ်ချက်ထည့်စွက်၍လည်းကောင်း၊
၅။ အတုလ အဓိပတိ သီရိပဝရ သုံးချက်နှုတ်၍လည်းကောင်း ဘွဲ့ရင်း၌ အသီး သီးသတ်မှတ်၍ ဘွဲ့တံဆိပ်တော်လှူခဲ့သည်။

တောင်တော် ဆရာတော်အား မာလာလင်္ကာရ သာသနဓဇမွေသေနာပတိ အတုလာ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ရှေကျင်ဆရာတော်အား "ဇာဂရာဘိက ဝိဓဇသဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာ ဓိပတိသီရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ ဘွဲ့ တံဆိပ်တော်များနှင့် ပထမဘွဲ့တံဆိပ်တော်ရ (၇)ပါး၊ ဒုတိယ ၁၂-ပါး၊ တတိယ ၁၄-ပါး၊ စတုတ္ထ ၁၇-ပါး ပဉ္စမ ၃၀-ပါး စုစုပေါင်း ၈၂-ပါးအရေအတွက်ရှိသည်။

၁၂၄၇-ခုနှစ် သီပေါမင်းတရား ပါတော်မူပြီးနောက် အင်္ဂလိပ်အစိုးရလက်ထက် ၌လည်း **တောင်တော်ဆရာတော်**ကိုပင် ဆက်လက်၍ **သာသနာပိုင်**အဖြစ် အသိအမှတ်ပြု ခြင်း ခံတော်မူရသည်။

လှထွေဆရာတော်နှင့် ပုခန်းဆရာတော်နှစ်ပါးတို့မှာ သာသနာပိုင်ဝဲယာဖြစ်ကြ၏။ သာသနာမှုခင်းများကို မြို့ရိုးအတွင်း ကင်းဝန်မင်းကြီးအိမ်တော်၌ စည်းဝေးဆုံးဖြတ်ကြရကြောင်း မှတ်တမ်း၌ ဆိုလေသည်။

ရွှေကျင်ဆရာတော် ၁၂၅၅-ခုနှစ် တပေါင်းလတွင် လွန်တော်မူ၍ တောင်တော်ဆရာတော်မှာ ၁၂၅၆-ခုနှစ်တွင် သက်တော် ၇၆-နှစ်၊ သိက္ခာ ၅၆-ပြန်လွန်တော်မူသည်။

၃၉။ ။သမ္မုတိသာသနာပိုင် ပုခန်းဆရာတော်

ဆရာတော်ဇာတိမှာ ပုဂံကြ။မြို့ အရှေ့တောင်လက်ရေရှားရွာဖြစ်၍ ၁၁၈၂-ခုနှစ် ပြာသိုလဆန်း ၆-ရက်၊ စနေနေ့ဖွားတည်း။ ဘွဲ့ရှင်နန္ဒမာလာ သီပေါမင်းတရား အမတော် ပုခန်းကြီးမြို့စား ပုခန်းစုဘုရား၏ဆရာဖြစ်၍ "ပုခန်းဆရာတော်" ဟု ခေါ်ကြသည်။ မင်းတုန်းမင်းလက်ထက် ရာဇဂုရုတံဆိပ်တော်ရရှိ၍ ၁၂၄၆-ခုနှစ်၊ သီပေါမင်းလက်ထက် အပါး ၈၀-ဘွဲ့တံဆိပ်တော် ဆက်ကပ်ရာ၌ အမြင့်ဆုံးတံဆိပ်တော်ကို အလှူခံရသည်။ မဟာအတုလဝိဇယာရာမတိုက်အတွင်း မဟာအတုလဝေယန်ကမ္မည်းတပ်သော အတုမရှိ ရွှေကျောင်းတော်ကြီးကို တင်လှူခြင်းခံရသည်။

ရွှေမြို့တော်လေးပြင်လေးရပ်ဆရာတော် သံဃာတော်များနှင့် ကင်းဝန်မင်းကြီး အမှူးရှိသော မှူးမတ်တော်တို့က အတုမရှိ တိုက်တော်ရွှေကျောင်းတော်၌ အစုံအညီ စည်းဝေးလျက် ယင်းပုခန်းဆရာတော်အား သမ္မုတိသာသနာပိုင် တင်မြှောက်တော်မူကြသည်။

သို့ရာတွင် သုဓမ္မာအဖွဲဝင်တကျိပ်နှစ်ပါးဂိုဏ်းက ပြန်လွန်တော်မူသော် တောင်တော်သာသနာပိုင်မှသက်ဆင်းသည့် အခွင့်အာဏာမယုတ်လျော့စေရန် သုဓမ္မာအဖွဲဝင်တို့သာလျှင် အခွင့်အာဏာရှိစေရမည်ဟူသော ခံယူချက်ဖြင့် သုဓမ္မာအဖွဲဝင် မိုးကောင်းတိုက် ရာဇဂုရု ရှင်နာဂိန္ဒအား သမ္မုတိသာသနာပိုင်အဖြစ် စင်ပြိုင်တင်မြှောက်ကြပြန်သည်။

အင်္ဂလိပ်အစိုးရက သမ္မုတိသာသနာပိုင်တင်မြှောက်ရေးနှင့်စပ်လျဉ်း၍ သံဃာအချင်းချင်း မညီမညွတ်ရှိတော်မူကြမည်ကိုအကြောင်းပြလျက် ယင်းသမ္မုတိသာသနာပိုင်နှစ်ပါးတို့အား သာသနာပိုင်အဖြစ် အသိအမှတ်ပြုတော်မမူပဲ ထားလေသည်။

ပုခန်းဆရာတော်သည် ၁၂၆၀-ပြည့်၊ သက်တော် ၇၈-နှစ်၊ သိက္ခာ ၅၉-ဝါတွင် လွန်တော်မူသည်။

၄၀။ ။မိုးထားဆရာတော် ရှင်သုဇာတ

ဆရာတော်ဇာတိမှာ လယ်ကိုင်းမြို့ဖြစ်၍ ၁၁၉၂—ခုနှစ်တွင်ဖွားသည်။ လယ်ကိုင်းမြို့ ကလျာဏာဘိဝံသသဒ္ဓမ္မဇမဟာဓမ္မရာဇာဓိရာဇဂုရုတပည့်တည်း။ မင်းတုန်းမင်းတရားကြီး၏ မကွေးမြို့စားမိဖုရားက ရဟန်းအမခံယူလျက် ရဟန်းဖြစ်တော်မူသည်။ ဘွဲ့ရှင်သုဇာတဟူ၏။

မင်းတုန်းနှင့်သားတော် သီပေါမင်းလက်ထက်တို့က ရာဇဂုရု တံဆိပ်တော်နှစ်ထပ် ရရှိသည်။ ကျိုဝန် မိုးထားဝန်ကြီးက မန္တလေးမြို့တော်တောင်ပြင်တွင် ကျောင်းတော်ကြီး ဆောက်လှူတင်၍ ကျိုဝန်ဆရာတော်ဟူ၍လည်းကောင်း၊ မိုးထားဆရာတော်ဟူ၍လည်း ကောင်း၊ အမည်နှစ်မျိုးဖြင့် ထင်ရှားတော်မူသည်။

၁၂၆၃-ခုနှစ်တွင် အင်္ဂလိပ်အစိုးရလက်ထက် လစ်လပ်နေသောသာသနာပိုင် ရွေးချယ်ပေးသည့်အခါ ရာဇဂုရုတံဆိပ်တော်ရချည်းဆရာတော် ၃၃—ပါးတို့အား သာသနာပိုင်အရွေးခံအဖြစ်သတ်မှတ်ကြပြီး လျှင်,လေးပြင်လေးရပ် ကျောင်းတိုက်ကြီးများမှ တိုက်အုပ်တိုက်ကြပ်၊ ကျောင်းထိုင်ဆရာတော်တို့က မဲဆန္ဒပေးပုဂ္ဂိုလ်များအဖြစ် ထားရှိလေ့သည်။

ထိုနှစ် (၁၂၆၃)သီတင်းကျွတ်လဆန်း ဂ-ရက်နေ့တွင် မန္တလေးတောင်ခြေ သုဓမ္မာစရပ်တော်အနီး မဏ္ဍပ်ကြီးများခမ်းနားစွာဆောက်စေလျက် မဲဆန္ဒဖြင့်သာသနာ ပိုင် ရွေးချယ်တော်မူကြလေသည်။

ထိုသို့ရွေးချယ်ရာ၌ မိုးထားဆရာတော် ၃၉၆-မဲရ၍ ပထမ။ တောင်ခွင်ဆရာ တော် ၁၉၅-မဲရ၍ ဒုတိယ။ ဒုက်လှမ်းဆရာတော် ဂ၆-မဲရရှိ၍ တတိယဖြစ်ရာ ပထမ မဲအများဆုံးရရှိတော်မူသော မိုးထားဆရာတော် ရှင်သုဇာတအား အင်္ဂလိပ်အစိုးရ က သာသနာပိုင်အသိအမှတ်ပြုတင်မြှောက်ရန် စီစဉ်နေဆဲမှာပင် ထိုနှစ်အတွင်း သက် တော် ၇၂-သိက္ခာ ၅၃-တွင် ပြန်လွန်တော်မူလေသည်။

> "ဟိုတောင်ဆီက ညိုတိုတိုရယီ မိုးဆိုထင့်လေး၊ ။
> မိုးဆိုလျှင် နှစ်ကိုယ်စုတ်ရချည့်၊ သည်မောင်ဝတ်ပါတဲ့ လှိုင်းကိုက်ပုံငယ် ...
> သိမ်းခြုံမှန်း။ ။"

ဟူ၍ တိုက်တိုက်ဆိုင်ဆိုင် တဘောင်ပေါ်လာခဲ့ရာ ယင်းတဘောင်အရ **"မိုးဆို ထင့်လေး"** ဟူသောစကားအတိုင်း မိုးထားဆရာတော် သာသနာပိုင်ဆိုထင့်နှင့် ချုပ်ငြိမ်း လိုက်ရလေသည်။

"ဟိုတောင်ဆီကညိုတိုတိုရယ်" ဆိုသောတဘောင်စကားနှင့်အညီ ဒုတိယမဲအများ ဆုံးရရှိတော်မူသော တောင်ခွင်ဆရာတော်သည် နှစ်ပေါင်း ၄၀-ကျော်ကြာမြင့်စွာ သာ သနာပိုင်ဖြစ်၍ သာသနာ့ပြုတော်မူလေသည်။

၄၁။ ။တောင်ခွင်ဆရာတော် ရှင်ဝိသုဒ္ဓါစာရ

တောင်ခွင်ဆရာတော်ဇာတိမှာ အမရပူရမြို့ ရွှေစကားဘုရားအနီး မင်္ဂလာရပ် ဖြစ်၍ ၁၂၀၆-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ဖွားသည်။ အဘမျိုးရိုး မင်းတုန်းတောင်စဉ်ခုနစ်ခရိုင်စစ်ကဲတော်ကြီး၊ ရခိုင်လေးမြို့စာရေးတော်ကြီး၊ အင်းယဉ် ဇေယျရွှေတောင် နေဘ်ရထာအမတ်ကြီးသား ဦးမောင်မောင်၊ အမိမျိုးရိုး—အင်းဝ စတုတ္ထမြို့တည် နန်းတည်မင်းတရားကြီး၊ ရိုးရင်းတော်ဘက် အဂ္ဂမဟာသေနာပတိဝန်ရှင်

တော် ကျောက်ဆောက်မြို့စားမင်းကြီး မဟာသီဟသူ သမီးတော်မယ်ရွှေဝတို့ ဖြစ်သည်၊ ငယ်မည် မောင်လှတ်ခေါ်၏။

၁၀-နှစ်သားအရွယ် အမရပူရမြို့ မြစ်ကွေ့မြို့စားဝန်ကြီး ဆောက်လှူသော ဘုံကျော်တိုက်ဆရာတော်ထံ ပညာသင်သည်၊ ၁၄-နှစ်အရွယ် ရှင်ပြုသည်။ ဘွဲ့ ရှင်ဝိသုဒ္ဓါစာရ၊ အသက် ၂၀-ပြည့်လျှင် ဘုံကျော်ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းဖြစ်သည်။

ရဟန်းသိက္ခာ ၇-ဝါရသောအခါ မဟာဇောတိကာရာမမင်္ဂလာစံကျောင်း ဆရာတော်ရှင်သုဒဿနအထံ၌ ဆက်လက်ပညာသင်သည်။ ဂ-ဝါမြောက်လျှင် မင်းတုန်းမင်းမြေနန်းတော်၌ကျင်းပသော စာပြန်ပွဲတွင် အဘိဓမ္မာဝိဘင်းပါဠိတော် ပဋ္ဌာန်းပါဠိတော်တို့ကို နှုတ်တက်အာဂုံပြန်ဆိုအောင်မြင်၍ ဆင်စွယ်တော်တံဆိပ်အလှူခံရသည်။ ၁၀-ဝါတွင် ဂဏဝါစကပထမစာတော်ချအဖြစ်ဖြင့် စံကျောင်းတိုက်အတွင်း မိဖုရားခေါင်ကြီး ကုသိုလ်တော်ကျောင်းတော်တွင်နေ၍ ၅-ဝါပတ်လုံး စာပေပို့ချသည်။

သီပေါမင်းနန်းတက်သောအခါ ရွှေမြို့တော် အနောက်တောင်ယွန်းတွင် ဝန်ရှင်တော်တောင်ခွင်မြို့စား **သတိုးမင်းကြီးမဟာမင်းထင်စည်သူ**ဆောက်လှူသော ကျောင်းတော်၌ စာပေပို့ချတော်မူစဉ် ၁၈-ဝါအရ ၁၂၄၆-ခုနှစ်တွင် သီပေါမင်းကပ်လှူသော ''ဝိသုဒ္ဓသီလာစာရကဝိဇဂမဟာဓမ္မရာဇာဓိရာဇဂုရု'' ၁၂၄၇-ခုနှစ်တွင် ''ဝိသုဒ္ဓသီလာစာရကဝိဇေသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်နှစ်တန်ကို အလှူခံတော်သည်။

အင်္ဂလိပ်အစိုးရလက်ထက် သိက္ခာ ၃၉-ဝါအရ ၁၂၆၅-ခုနှစ် ကန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်သောကြာနေ့တွင် သတ္တမဒွေက်မင်း၏ကိုယ်စားအိန္ဒိယဘုရင်ခံချုပ်က မြန်မာနိုင်ငံဘုရင်ခံ ''**ဆာဟျူးဗန်း**'' သို့လွှဲအပ်စေပြီးလျှင်မန္တလေးတောင်ခြေသုဓမ္မာတော်တွင် မင်းခမ်းမင်းနားဖြင့် တောင်ခွင်ဆရာတော်အား ဆာနတ်အမိန့်တော်နှင့်တကွ ''ဝိသုဒ္ဓသီလာစာရဆီရိပဝရမမ္မသေနာပတိမဟာသံဃရာဇာ'' ဟူသော ဘွဲ့တံဆိပ်တော်အပ်နှင်းကာ သာသနာပိုင်အပ်ခြင်းခံတော်မူသည်။

၁၂၉၄-ခုနှစ်တွင် တောင်ခွင်သာသနာပိုင်အား မြန်မာနိုင်ငံဘုရင်ခံမင်းကြီး ဆာချားအင်းနစ် အမှူးရှိသော ယူနိဗာစိတီသိပ္ပံကျောင်းကြီး ဆိုနိတ်အဖွဲ့လူကြီးမင်းတို့က မြန်မာစာပေကျမ်းဂန် ပိဋကအရာပါဠိဂူမြောက် တတ်ကျမ်းတော်မူသည် အဖြစ်ဖြင့် ''ဒီလစ်'' ဘွဲ့တံဆိပ်တော်ကပ်လှူအပ်နှင်းခြင်းခံရသည်။

ဆရာတော်သည် သက်တော် ဂ၁-နှစ်၊ သိက္ခာ ၆၁-ဝါရရှိသောအခါ သာသနာရေး၊ သာဃနာမှုခင်းများကို သုဓမ္မာအဖွဲ့ဝင်ဆရာတော်တို့အား လွှဲအပ်တော်မူပြီးလျှင် ငယ်ရွယ်စဉ်နေခဲ့ရာ အမရပူရမြို့ ဘုံကျော်တိုက်သို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူသည်။

သက်တော် ၉၄၊ သိက္ခာ ၇၅-တွင် ၁၂၉၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့နံနက် ၇-နာရီ ၁၅-မိနစ်အချိန် နတ်ထီးခိုလှုံတော်မူသည်။

ပဋိပဇ္ဇိက္ကမဒီပနီ၊ ဂုဋ္ဌတ္ထဝိနိစ္ဆယစသောကျမ်းပေါင်းများစွာကို စီရင်တော်မူသည်။ **စံကျောင်းတိုက်ထွက် ပုခန်းဆက်သာသနာဝင်** သာသနာပိုင်ဖြစ်တော်မူသည်။ မိုင်းခိုင်းဆရာတော် ရှင်ပဏ္ဍိတ၊ လယ်တီဆရာတော်ရှင်ဉာဏာဘိဝံ၊ မြင်းခြံမင်းကျောင်းဆရာတော် ရှင်ဝိမလတို့နှင့် နှစ်ဝါကြီးနှစ်ဝါငယ်အစဉ်ဖြစ်၍ ပထမစာတော်ချ စံကျောင်းတိုက်ထွက် ချည်းဖြစ်သည်။

သာသနာပိုင်ခန့်စာချုပ်တော်

မြန်မာမင်းနောက်ဆုံးသာသနာပိုင် တောင်တော်ဆရာတော် ၁၂၅၆-ခုနှစ် (၁၈၉၅-ခု)တွင် ပြန်လွှန်တော်မူ၍ ၉-နှစ်ကြာမျှ သာသနာပိုင်လစ်လပ်သောနေရာ၌ အစားထိုးသာသနာပိုင်ခန့်အပ်ရန်အတွက် ၁၉၀၁–ခုနှစ် **အိန္ဒိယဘုရင်ခံချုပ်မြန်မာနိုင်ငံတိုင်းခန်းလှည့်လည်ရာ** မန္တလေးမြို့မှ ဆရာတော်သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်များက မေတ္တာရပ်ခံတောင်းဆိုကြသည်။

သို့ဖြစ်၍ သာသနာမိုင်ရှေးချယ်ရန် သံဃာ့ဆန္ဒအတိုင်း ပြုလုပ်ပေးခဲ့လေရာ မိုးထားဆရာတော် ဆန္ဒမဲအများဆုံး ရရှိတော်မူသည်။

သာသနာပိုင်အဖြစ်ဖြင့် သာသနာ့ရေးများ မည်သို့မျှဆောင်ရွက်တော်မူခြင်းမပြုရမီ ၁၉၀၁-ခု၊ မတ်လအတွင်း ပြန်လွှန်တော်မူသည်။'

အင်္ဂလိပ်အစိုးရသည် သာသနာမိုင်ရှေးချယ်ပုံ ဒုတိယအကြိမ်ထပ်မံ၍ ပြုလုပ်ပေးခြင်းမပြုတော့ပဲ ဒုတိယ ဆန္ဒမဲအများဆုံးရရှိသော တောင်ခွင်ဆရာတော်ကို သာသနာပိုင်အဖြစ် ဗြိတိသျှအစိုးရက သာသနာပိုင်ခန့်အပ်လွှာစာချုပ်တော်နှင့်တကွ သဘောတူလက်ခံကြလေသည်။

ယင်းစာချုပ်တော်ဆိုလိုရင်းမှာ

"တရားရုံးများနှင့်သက်ဆိုင်သည့် ကိစ္စများတွင်၊ ယင်းတရားခံများ၏ အာဏာသက်ရောက်မှုမှ ကင်းလွတ်ခွင့်ပေးလိုက်ခြင်းမဟုတ်၊ သံဃာတော်များနှင့် စပ်လျဉ်းသည့် စည်းကမ်းသေဝပ်မှုကို ထိန်းသိမ်းရာ၌ တရားမနှင့် ရာဇဝတ်ဥပဒေများကိုဆန့်ကျင်၍ ဆောင်ရွက်နိုင်ရန် သာသနာပိုင်ဆရာတော်အား အာဏာပေးအပ်ခြင်းလည်း မဟုတ်။

သာသနာပိုင်နှင့်တကွ အခြားသောဘာသာရေးဆိုင်ရာ အာဏာပိုင်များကို တရားရုံးများရှေ့မှောက်သို့ လာရောက်ခြင်းမှ ကင်း လွတ် ခွင့် ပေး လိုက်ခြင်းလည်း မဟုတ်ပါ။

သို့ရာတွင် ဤခွင့်ချက်များကိုထားရှိ၍ အထက်မြန်မာပြည်ရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်း၏ အတွင်းရေးစီမံအုပ်ချုပ်မှုများ၊ ရဟန်းသံဃာများ၏ စည်းကမ်းသေဝပ်မှုများ၊ သံဃာအချင်းချင်း ကျူးလွန်ဖေါက်ဖျက်သည့် မတရားမှုများနှင့် စပ်လျဉ်းသည့်ကိစ္စများတွင် သာသနာပိုင်သည် အချုပ်အခြာ အာဏာပိုင်သည်ဟု အသိအမှတ်ပြုသည်။

သာသနာပိုင်နှင့်တကွ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်များနှင့် သာသနာပိုင်ကခန့်အပ်သည့် အခြားသော ဘာသာရေးဆိုင်ရာ အာဏာပိုင်များက မိမိတို့ဆောင်ရွက်နိုင်ခွင့်၊ အာဏာအတွင်းသက်ရောက်သဖြင့် ချမှတ်ထားသည့်အမိန့်များ တည်မြဲစေရန် တရားမရုံးများသည် မိမိတို့အာဏာ သက်ရောက်မှုဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်။

သာသနာပိုင်နှင့်တကွ ဂိုဏ်းချုပ်၊ အုပ်၊ ထောက်များနှင့် သာသနာပိုင်၏ လက်အောက်ရှိ သာသနာရေးဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များသည် မိမိတို့၏သြဇာတိက္ကမကို ငြိမ်ဝပ်ပိပြားရေးဘက်တွင် အသုံးပြုရန်နှင့် ပညာရေးလုပ်ငန်းတွင် ကူညီရန်၊ စသည်တို့ ပါရှိလေသည်၊

ထိုပြင် သာသနာပိုင်နှင့်တကွ သာသနာရေးအဖွဲ့အစည်းများ ယခုအခါနိုင်တိုင် ရရှိခံစားနေကြသည့် အောက်ပါအခွင့်အာဏာများကိုလည်း ဆက်လက်ခံစားခွင့်ပြုမည်ဖြစ်ကြောင်း ကတိပြုသည်။

၁။ ။တရားဟောပုဂ္ဂိုလ်များ၊ ဘုန်းတော်ကြီးများ၊ ဘာသာရေးဆရာများနှင့် ကျောင်းဆရာများအား သဿမေဓအခွန်ပေးဆောင်ခြင်းမှ လွတ်ငြိမ်းခွင့်ပြုခြင်း။

၂။ ။၁၈၈၉-ခု၊ ဇူလိုင်လကစ၍ ဘုန်းကြီးကျောင်းများ၊ ဘုရားစေတီများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများတည်ရှိသည့် ဝန်ထမ်းများအပါအဝင် ပရဝုဏ်များနှင့်၊ ယင်းဘုန်းကြီးကျောင်း၊ ဘုရားစေတီ၊ သို့မဟုတ် အဆောက်အအုံအတွက် ဆက်လက်အသုံးပြုနေသည့်နေရာများကို မြေခွန်ပေးဆောင်ခြင်းမှ လွတ်ငြိမ်းခွင့်ပြုခြင်း၊

၃။ ၊ဘာသာရေးအဆောက်အအုံများအတွက် မြေများအခွန်လွတ် ချထားပေးခြင်း။

၄၊ ။ဘုရားစေတီ ဘုန်းကြီးကျောင်းများ စရပ်များပြုပြင်ရန်အတွက် အစိုးရသစ်တောမှသစ်များ အခွန်လွတ်ပေးခြင်း။

၅။ ။သာသနာပိုင်သည် မိမိတာဝန်များကို ဆောင်ရွက်ရာ၌၊ အထောက်အကူဖြစ်စေနိုင်ရန် တံဆိပ်တော်ကိုပေးအပ်ပြီးလျှင် ဘာသာရေးဆိုင်ရာ လက်အောက်ခံပုဂ္ဂိုလ်များ၏ တံဆိပ်များကိုလည်း အစိုးရသဘောတူညီချက်ဖြင့်ထုတ်ပေးရန် အခွင့်အာဏာ အပ်နှင်းပါသည်'' ဟူ၍ ဘုရင်ခံချုပ် အိပ်ချ်အက်(စ်)ဆာဟူးဗန်း၏ လျှောက်ထားချက်ကို ယင်းအခမ်းအနားဌာ မြန်မာဘာသာပြန်၍ စာချွန်တော်အဓိပ္ပာယ်ကို **မောင်ပို—တီ-ဒီ-အမ်**ဆိုသူက လျှောက်ထား ဖတ်ကြားလေသည်။

ဤကား ၁၉၀၃-ခုနှိုင်ဘာလ ၂၁-ရက်နေ့၊ စနေနေ့ထုတ် မြန်မာနိုင်ငံပြန် တမ်းအချပ်ပို့တွင် ပါရှိသည့်မှတ်တမ်းမျှသာပေတည်း။

o .... o

ဒုတိယ စံကျောင်းဆရာတော်

ဆရာတော်၏ ဖွားသက္ကရာဇ်မှာ ၁၁၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်၊ သောကြာနေ့ဖြစ်၍ ဇာတိမှာ ပုခန်းကြီးမြို့ ကျေးသစ်ပုတ်ရွာတည်း။ အချို့ကမြို့လှချောင်းရွာဟု ဆိုကြ၏။ အချို့ကလည်း မြင်းခြံမြို့နယ်၊ နွားပြင်ရွာဟု ဆိုကြသေး၏။ ငယ်ရွယ်စဉ်က ဉာဏ်ပညာထက်မြက်သည့်အတိုင်း ရွာကျောင်းဆရာတော်ထံ ပညာသင်ကြားရာ သူတပါးနှင့်မတူအောင် ထူးချွန်လှသည်။ အသက် ၂၀-ပြည့်လျှင် ပထမသဲအင်းသာသနာပိုင် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းဖြစ်သည်။ ရဟန်းဒါယကာမှာ သာယာဝတီမင်းသားဖြစ်၏။ သာယာဝတီမင်းသမီးတော် (မင်းတုန်းမင်းတရား၏ မိဖုရားခေါင်ကြီးဖြစ်လတံ့ သော် ပင်တိုင်စံမင်းသမီးက ကိုးကွယ်သည်။)

ဆရာတော်၏ ဖွားသက္ကရာဇ်မှာ ၁၁၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်၊ သောကြာနေ့ဖြစ်၍ ဇာတိမှာ ပုခန်းကြီးမြို့ ကျေးသစ်ပုတ်ရွာတည်း။ အချို့ကမြို့လှချောင်းရွာဟု ဆိုကြ၏။ အချို့ကလည်း မြင်းခြံမြို့နယ်၊ နွားပြင်ရွာဟု ဆိုကြသေး၏။ ငယ်ရွယ်စဉ်က ဉာဏ်ပညာထက်မြက်သည့်အတိုင်း ရွာကျောင်းဆရာတော်ထံ ပညာသင်ကြားရာ သူတပါးနှင့်မတူအောင် ထူးချွန်လှသည်။ အသက် ၂၀-ပြည့်လျှင် ပထမသဲအင်းသာသနာပိုင် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းဖြစ်သည်။ ရဟန်းဒါယကာမှာ သာယာဝတီမင်းသားဖြစ်၏။ သာယာဝတီမင်းသမီးတော် (မင်းတုန်းမင်းတရား၏ မိဖုရားခေါင်ကြီးဖြစ်လတံ့သော် ပင်တိုင်စံမင်းသမီးက ကိုးကွယ်သည်။)

ဘွဲ့ကော် **ရှင်သုဒဿန**တည်း။ ပန်းဒူးဆရာတော် ရှင်ဥတ္တမရဲသီတပည့်လည်း ဖြစ်ခဲ့သည်။ ပန်းဒူးဆရာတော်နှင့်အတူ မင်းတုန်းမင်းသားလေး ထိပ်တင်လွှင် ပုခန်းကြီးမြို့ ရှင်မတောင်အနီး မထင်မရှားနေခဲ့ကြစဉ်က ပါသည်။ မင်းသားမောင်စံလွှင် (ထိပ်တင်လွှင်)အား လောကုတ္တရာနှင့် လောကီဓမ္မသတ် ဖြတ်ထုံးများကို သင်ကြားပေးခဲ့ဘူး၏၊

သာယာဝတီမင်းလက်ထက် ရာဇဂုရုဘွဲ့တံဆိပ်တော်ရရှိခဲ့၍ မင်းတုန်းမင်းတရားလက်ထက် မဟာဇောတိကာရာမ မင်္ဂလာစံကျောင်းတိုက်ကြီးကို အလှူခံတော်မူရ၏။ ''သုဒဿနဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်ဆက်ကပ်ခြင်းကို ခံယူရ

သည်၊ သာသနာပြု သုမေဓအဖွဲ့တွင်ပါဝင်၍ စံကျောင်းဆရာတော်ဟု ထင်ရှားခဲ့သည်၊ သီပေါမင်းလက်ထက် ဒုတိယ၊သုဒဿနဓဇအတုလာဓိပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော အမြင့်ဆုံးတံဆိပ်တော် အလှူခံရသည်။

o .... o .... o

မဟာဇောတိကာရာမတိုက်

အမရပူရမြို့တည်သောအခါ အင်းဝရွှေနန်းတော်ကိုရွှေ့ပြောင်း၍ ရေနန်းတည်ကာ ယာယီစံတော်မူသည့်နန်းတော်ကို မန္တလေးမြို့တည်ရာ၌ မင်းကောင် စံနန်းတော်ကျောင်းအဖြစ် ဆောက်လှူသောကြောင့် "စံကျောင်း" အမည်တွင်လေသည်။ ယင်းစံကျောင်းတိုက်ကို မဟာဇောတိကာရာမတိုက်ဟူ၍ ကမ္ဘည်းထိုးသည်။

မင်းတုန်းမင်းတရား အလေးအမြတ်ပြုခြင်းခံရသော တိုက်ကြီးများတွင် ကျောင်းတိုက်တတိုက် အပါအဝင်ဖြစ်သည်။

သာသနာပိုင်သီတင်းသုံးရာ မဟာဝိသုတာရာမ အရှေ့တိုက်တော်နှင့် စံကျောင်းခါသော မဟာဇောတိကာရာမတိုက်တို့မှာ နေနှစ်ဆူ၊ လနှစ်စင်းကဲ့သို့ ထွန်းလင်းတောက်ပလေသည်။ ခြုပန်းခြုံနွယ်ရာနာမျိုးစုံချယ်၍ အဆန်းတကြယ် ရှုဖွယ်လည်းဖြစ်၏။

"စံကျောင်းတိုက်ထွက်များ ဖျင်းလွန်းလို့ရှိစေဦး၊ ယုတ်စွအဆုံး ဖျာခင်းထွေးခံထားလောက်တော့ နားလည်တတ်သေးသည်" ဟူ၍ပင် ဆိုရိုးစကားရှိသည်၊ "တိုက်တော်နှင့် စံကျောင်းထွက်များ ကျမ်းဂန်ကျနကြသည်" ဟူ၍လည်း ဆိုကြသည်။

ယင်းတိုက်များမှ အဆက်အနွယ်တို့မှာ ယခုတိုင် သာသနာတော်တွင် ဆင့်ပွားစည်ပင်နေခဲ့ကြသည် မဟုတ်ပါလော။

စံကျောင်းရှင်သုဒဿနဆရာစဉ်

စံကျောင်းဆရာတော် ရှင်သုဒဿန၏ ဆရာစဉ်တို့ကို ပုခန်းကြီးပုဘဆရာတော်ဦးအစ၊ သဲအင်းသာသနာပိုင် ဒုတိယ၊ မောင်းထောင်သာသနာပိုင်၊ ဒုတိယ ဗားကရာသာသနာပိုင်၊ ပန်းဒူဆရာတော် စသည်တို့ဖြစ်ကြောင်း "စန်၊ ဉာ၊ ဂု၊ နန်၊ ဆင့်ရန်တထွေ့၊ သူ၊ ညေ၊ သုပဏ်၊ ရှစ်တန်ထေရ်ကျော်" စသည့် ဂမ္ဘီရတ္ထနိယာမဝိသဇ္ဇနာကျမ်းနိဂုံးဦ ဖေါ်ပြထားသည်။ ဆရာတော်ကိုယ်တိုင် ပါဠိတော်နိဿယမျှား၏ ပဏာမကျမ်းဦးဦးလည်း ဆရာစဉ်မျှားကို ဖေါ်ပြဝန်ခံထားသည်။

သာသနာပိုင်ဆရာတော်မျှား၏ တပည့်ရင်းဖြစ်ခဲ့၍လည်း "မိတ်လင်စုံသုဒဿန" ဟု ဆိုကြ၏။ သာသနာပိုင် (ရှင်ဥယျ)က စံကျောင်း ရှင်သုဒဿနမျှား "ငါ့တပည့် သုဒဿနအစုံ" ဟူ၍ ချီးမြှင့်ခေါ်လေ့ ရှိတော်မူသည်။

ထိုစကားမှန်၏ မိတ်လင်စုံသုဒဿနဟု ခေါ်နိုင်ခြင်းမှာ အခြားအခြားသော တပည့်ကြီးမျှားကဲ့သို့ သဒ္ဓါဘက်၌သာ၊ သို့မဟုတ် ဝိနည်းဘက်၌သာ၊ အဘိဓမ္မာဘက်၌သာ တတ်ကျွမ်းတော်မူသည်မဟုတ်။ သဒ္ဓါ၊ ဝိနည်း၊ အဘိဓမ္မာ စသည်တို့၌ အစဘက်ဘက် ကျွမ်းကျင်နိုင်နင်းတော်မူလှသဖြင့် ဘက်စုံတတ်မြောက်၍ "မိတ်လင်စုံသုဒဿန = ဝါ သုဒဿနအစုံ" ဟူ၍ ချီးမြှင့်ခေါ်ဆိုတော်မူလေ့ ရှိလေသည်။

ထိုအချိန်က စံကျောင်းဆရာတော် ရှင်သုဒဿနသည် ကောင်းကင်အလယ်၌ ဘိုးလမင်းကြီးကဲ့သို့ တပည့်သံဃာ၊ ပုဂ္ဂိုလ်ကျော်ဆရာတော်မျှားတည်းဟူသော ကြယ်တာရာအပေါင်းတို့ ဝန်းရံခညောင်းလျက်နေသည်။

ဘုန်းသမ္ဘာတော် ကြီးမားလှခြင်းမှာလည်း ဦးခေါင်းတော်ထိပ်လယ်တည့်တည့်၌ ဆံပင်ခြောက်ပင်ခန့် ဒေါင်းဦးစုန်းကဲ့သို့ထောင်လျက်ရှိခြင်းက ထူးခြားလေသည် ပရိယတ္တိ စာပေပို့ချတော်မူရာ၌ စံကျောင်းနည်း၊ စံကျောင်းစာသင်နည်း၊ အဖြစ်ထုန်းစည်ပြန့်ပွားခဲ့၍ စာတတ်ပုဂ္ဂိုလ်အမြောက်အများ ပေါ်ပေါက်ခဲ့ကြောင်း ကျေးဇူးရှင်လယ်တီဆရာတော်၏ ပါရမီဒီပနီကျမ်းနိဂုံး၌ ဖေါ်ပြထားလေသည်။

စံကျောင်တိုက်ထွက်များ

ထိုကြောင့်လည်း စာပေကျမ်းဂန် ဂန္ထဆရာတို့တက္ခ ဝိနိစ္ဆယတို့ပါ ကမ်းတဘက်တတ်မြောက်တော်မူကြသော စံကျောင်းတိုက်ထွက်များမှာ အရာ၊အထောင်၊အသောင်းအသိန်းမက ရှိတော်မူခဲ့၏။

အထူးသဖြင့် အောက်ဖေါ်ပြပါ ဆရာတော်ကြီးများမှာ စံကျောင်းတိုက်ထွက်စာတတ်အကျော်အမော် ဆရာတော်ကြီးများဖြစ်သည်။

ယင်းဆရာတော်ကြီးတို့မှာ

၁။ တိုက်တော်ရှင်လက္ခဏာ၊
၂။ မကုဋ္ဌာရာမရှင်ခေမိန္ဒ၊
၃။ စလင်းရှင်ပဏ္ဍိစ္စ၊
၄။ မိုင်းခိုင်းရှင်ပဏ္ဍိတ၊
၅။ တောင်ခွင်သာသနာပိုင် ရှင်ဝိသုဒ္ဓါစာရ၊
၆။ လယ်တီရှင်ဉာဏာဓဇ၊
၇။ မြင်းခြံရှင်ဝိမလ၊
၈။ အလွန်ကပ္ပ ဆရာတော် စသည်တို့ဖြစ်၏။

ယင်းဆရာတော်ကြီးများအနက် အချို့သောဆရာတော်များဖြစ်စဉ် အကျဉ်းချုပ်ကိုဖေါ်ပြလိုသည်။

မိုင်းခိုင်းဆရာတော်အမည်တွင်ခြင်းမှာ မိုင်းခိုင်းမြို့စား ဆင်ဖြူမရှင်မိဖုရားကြီးကိုးကွယ်တော်မူခဲ့၍ မိုင်းခိုင်းဟုအမည်တွင်ခြင်းဖြစ်သည်။ ဇာတိမှာ အလုံမြို့ကျေးသာစည်ရွာဖြစ်၍၊ ၁၂၀၄-ခုနှစ် တပေါင်းလပြည့်ကျော် ၁-ရက်နေ့၊ ကြာသပတေးနေ့ ဖွားတည်း။ မိဘမျိုးရိုးမှာ မြေတိုင်ပြည်စိုးသူကြီးရိုးရာဖြစ်သည်။ ဘွဲ့ရှင်ပဏ္ဍိတ၊ ၁၇-နှစ် သားအရွယ် စံကျောင်းဆရာတော် ရှင်သုဒဿနအထံ ပညာသင်ကြားသည်။ စံကျောင်းရှင်သုဒဿနသည် နေပြည်တော် စံကျောင်းတိုက်သို့မရောက်မီ မင်းကွန်းမြောက်ဘက် အုန်းသင်္ဘောရွာ ကွန္ဒသာလတောကျောင်း၌နေစဉ်က ရှင်ပဏ္ဍိတရောက်ရှိ ပညာသင်ကြား၏။ အသက် ၂၀-ပြည့်၍ ၁၂၂၄-ခု၊ ဆင်ဖြူမရှင်မိဖုရားက ရဟန်းဒါယိကာမပြုလျက် ရဟန်းဖြစ်သည်။ စံကျောင်းဆရာတော်သည် ၁၂၂၆-ခုနှစ် စံကျောင်းတော် အလှူခံလှူက်ရှင်ပဏ္ဍိတသည်လည်း ငဝါးတည်းလိုက်ပါသည်။ ၁၂၂၈-ခုနှစ် ရဟန်း ၅-ဝါအရ စံကျောင်းတိုက်နေလျက် ၁၂၃၅-ခုနှစ်ကစ၍ ပထမစာတော်ချဖြစ်သည်။

၁၂၄၆-ခုနှစ်တွင် သံပေါမင်းက "ပဏ္ဍိတဇေဿီရိပဝရမဟာမွေရာဇာဓိရာဇဂုရု" တံဆိပ်တော်ကပ်လှူသည်။ ၁၂၅၀-ပြည့်နှစ်တွင် စံကျောင်းဆရာဟော် ရှင်သုဒဿန ပြန်လွန်တော်မူ၍ ၁၂၅၄-ခုနှစ်တွင် စလင်းမြို့သူကောင်းကြီး၏ ပင့်လျှောက်ချက်ဖြင့် စလင်းမြို့မ ငါးစဉ်စံကျောင်းတော်ကိုအလှူခံသည်။ ၁၂၅၇-ခုနှစ်တွင် **မြို့သစ်မြို့စား မင်းကြီး မဟာဇေယျသင်္ကြံ** လျှောက်ထားပင့်သဖြင့် ရွှေမြို့တော် **တောင်ပြင်ရွှေရေး ဆောင်တိုက်ကြီး**သို့ချီးမြှင့်ကြွရောက်နေတော်မူသည်၊ တပည့်စာသင်သားတို့အား ပိဋကတည်းဟုသော ပညာရောင်ကွန်ယက်ဖြင့် ဖြန့်ကြက်စိုက်ထူတော်မူသည်။ ကျမ်းပေါင်းများစွာ စီရင်ခဲ့သည်။ **မိုင်းခိုင်းပကိဏ္ဏကဝိနိစ္ဆယကျမ်းကြီး**မှာ ပညာရှင်တိုင်း လက်ခံအသုံးပြုနေကြရသည်။ ၁၂၆၁—ခုနှစ်တွင် သက်တော် ၅၈-နှစ်၊ သီကျော် ၃၈—အရ ပြန်လွန်တော်မူသည်။

စလင်းရှင်ပဏ္ဍိစ္စ

စံကျောင်းတိုက်တွင် မိုင်းခိုင်းဆရာတော်ရှင်ပဏ္ဍိဘနှင့်ခေတ်ပိုင် စလင်းဆရာတော်ရှင်ပဏ္ဍိစ္စသည် ထူးချွန်သောဆရာတော်တပါးဖြစ်သည်။ စံကျောင်းတိုက်တွင် ပထမစာတော်ချဖြစ်၍ စံကျောင်းဆရာတော်ညာလက်ရုံးတဆူကဲ့သို့ အားကိုးရလေသည်။ မိုင်းခိုင်းရှင်ပဏ္ဍိတအား အလုံသာစည်ကဖြစ်၍ အလုံရှင်ပဏ္ဍိတဟူ၍လည်း ထင်ရှားသည်။ စလင်းပဏ္ဍိစ္စနှင့် "**လုံပဏ်၊ လင်းပဏ်၊ ဤနှစ်တန်၊ ဘယ်ပဏ်သာ၍ တတ်သနည်း**" ဟူ၍ပင် သာသနာ့ဥဒါန်းဖြစ်ပေါ်လေသည်။

ရှင်ပဏ္ဍိစ္စမှာ ဇာတိစလင်းမြို့ကဖြစ်၍ စလင်းပဏ္ဍိစ္စဟူ၍ခေါ်ကြသည်။ စလင်းမြို့ကို **စန်းကူးမြို့**ဟုလည်းခေါ်ကြောင်း စလင်းဦးပဏ္ဍိစ္စ၏ ဝိနည်းငါးကျမ်း ဂဏ္ဌိသစ်တို့တွင် မဟာဝဂါဂဏ္ဌိကျမ်းနိဂုံး၌

"ဣတိ စန်းကူးနဂရဿ ပုရတ္ထိမဒိသဘာဂေသု သမာပိတေ ကံဦး' ဣတျာ ဘိဓာနေဝိဟာရေဝသန္တေန ပဏ္ဍိစ္စ နာမိကေန ထေရေန ရစိတာမဟာဝဂ္ဂ ဝဏ္ဏနာနိဋ္ဌိတာ" ဟူ၍ ပါဠိစီကုံးထားသည်။

စလင်းဆရာတော်ဦးပဏ္ဍိစ္စသည်စံကျောင်းတိုက်မှ စလင်းမြို့(စန်းကူး)သို့ပြောင်းရွှေ့လျက် ယင်းမြို့၏ အရွှေ့ဘက်အရပ်၌ **ကံဦးကျောင်းတိုက်**တည်ထောင်၍ စာပေပို့ချ၊ ဝိနည်းဂဏ္ဌိသစ်များ စီရင်တော်မူသည်။

ဝိနည်းဂဏ္ဌိသစ်ငါးကျမ်းအပြင်၊ ဓာတုကထာမူလဋီကာဂဏ္ဌိသစ်၊ မခုဋီကာဖွင့်ကျမ်း၊ကစ္စာယနဒီပနီ၊ ဝိဝိဓဝိနိစ္ဆယကျမ်း၊ ဒါနက္ကမဒီပနီစသော ကျမ်းပေါင်းများစွာ စီရင်တော်မူခဲ့သည်။

ဝိနည်းငါးကျမ်းဂဏ္ဌိသစ်များအနက်၊ မဟာဝဂါဂဏ္ဌိသစ်ကျမ်းကို ရွှေရေးဆောင်ဆရာတော်ဦးကြည်၏အမိန့်အရစလင်းဦးပဏ္ဍိစ္စတပည့် စစ်ကိုင်းမြို့ရွာမ်းတပ်ရွာလျှင်ဖွားရာဇာတိ၊ စစ်ကိုင်းမြို့ကောင်းမှုတော်စေတီတော်အနီး ဘုရားကြီးတိုက် ဝိနည်းဓိုရ်ဆရာတော်ဟုထင်ရှားသော ဝိနည်းဓိုရ်ရှင်ဝိသုဒ္ဓကပေမူမှ ရေးကူး၍ ၁၂၈၈-ခုနှစ် ဝါခေါင်လတွင် မန္တလေးမြို့ရတနသိဒ္ဓိပိဋကတ်ပုံနှိပ်တိုက်၌ ပုံနှိပ်ခဲ့လေသည်။

စလင်းဆရာတော် ရှင်ပဏ္ဍိစ္စ၏တပည့်များတွင် လယ်တီဆရာတော်(ရှင်ဉာဏဓဇ)သည်လည်း ထူးချွန်သော တပည့်တပါးတည်း။ စံကျောင်းတိုက်တွင်နေစဉ် စလင်းဆ

တော်ထံ၌လည်း ပညာသင်ကြားလေ့လာခဲ့ဘူးသော တပည့်ရင်းဖြစ်၍ စလင်းဆရာတော်ပြန်လွန်တော်မူသောအခါ ကျေးဇူးဆပ်သောအနေအားဖြင့် စလင်းမြို့ကံဦးကျောင်းတိုက်တွင်(၇)ညတိုင် ကျေးဇူးတရားဟောကြားတော်မူသည်ဟု သိရ၏။ (အကျယ်ကိုကျန့်ပ်တို့ပြုစုသော **လယ်တီဂန္ဆဝင်ကျော်များသမိုင်းတွင်** လေ့လာဖတ်ရှုပါ)

ò .... ó .... o

နော်မံကျောင်းကြီးဆရာတော်

ပုခန်းနယ်မြေကားကျယ်ဝန်းလှပါပေသည်။ ပုခန်းလေးမှာရေစက်ကိုတောင်ဘက်၌ရှိသည်။ (ပုခန်းလေးနောက်ဘက်၌ ပုခန်းကြီးရှိသည်။)ပုခန်းကြီးဘောင်ဘက်၌ ပခုက္ကူရှိသည်။ ယင်းနယ်များသည် ပုခန်းနယ်နှင်နှင်တည်း။

ပုခန်းနယ်နှင့်စပ်နေသော နယ်မှာလည်း ပန်းချီ(ဗန္ဓကျီ)နယ်ဖြစ်သည်။ နာမည်ကျော် သေကျွေတောင်ရှင်တိလောက၊ ကင်းဝန်မင်းကြီးဦးကောင်း စသူတို့မှာ ပန်းချီ(ဗန္ဓကဲ့ျီ)တိုက်နယ်ကဖြစ်သည်။ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်များထွက်ပေါ်ရာ ပန်းချီနှင့် ပုခန်းတို့မှာ ပညာရှင်ပုဂ္ဂိုလ်ကျော်တို့ မွေ့လျော်ပျော်ဖွယ်ရာဒေသများဖြစ်သည်။

"ချစ်သားတို့ ပန်းချီနှင့် ပုခန်းနယ်သားတို့အား ပညာမစမ်းကြလေနှင့်"ဟု ဗုဒ္ဓန္ဒုတ်တော်ထွက်လေဟန် ဥဒါန်းစကားမှာ.... **"ပန်းချီ ပုခန်း၊ မစမ်းနှင့်လေ ဘိကွဝေ"** ဟူ၍ဆိုရိုးအစဉ်ရှိခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသာသနာကို **"ပုခန်းဆက်သာသနာ"** ဟုဆိုသော် မလွန်တန်ရာ။ **"အရင်းစစ် အမြစ်မြေက"** ဆိုသောစကားကဲ့သို့ အရင်းမူလကိုစစ်ကြောလျှင် ပုခန်းအရင်းခံနေကြောင်း တွေ့ရှိကြလေပြီ။ မြန်မာနိုင်ငံသာသနာတွင် ရှေကျင်၊ သုဓမ္မာ၊ ဇုဂါရ စသည်တို့ရှိခဲ့ရာ ဂိုဏ်းအသီးသီးတို့ ဦးဂီးပုဂ္ဂိုလ်များမှာ **ပုခန်းဆက်သာသနာဝင်**များသာဖြစ်၏။

ဤတွင် နော်မံကျောင်းကြီးဆရာတော်ကို ဖေါ်ပြလိုသည်။

ဆရာတော်ဇာတိမှာ ပုခန်းနယ်အပါဝင် ပန်းချီ(ဗန္ဓကဲ့ျီ)တိုက်ကျေးနင်းရွာကြီးဖြစ်၍ ၁၂၀၇–ခုနှစ်၊ တန်ပိုတဲ့လပြည့်ကျော် ဂ–ရက် ကြာသပတေးနေ့ဖွားတည်း။ ၁၂၂၇-ခုနှစ် ပန်းချီတိုက် ပုလဲဂိုဏ်းချုပ်ဆရာတော် ရှင်သုမင်္ဂလသာမိအား ဥပဇ္ဈာယ်ပြုလျက် ကျေးနင်းကြီးရွာ ဇလွှာသိမ်၌ပဉ္စင်းဖြဲသည်။ ဘွဲ့ **ရှင်ပညာဟူ**၏။

ဤတွင် နော်မံကျောင်းကြီးဆရာတော်ကို ဖေါ်ပြလိုသည်။

ဆရာတော်ဇာတိမှာ ပုခန်းနယ်အပါဝင် ပန်းချီ(ဗန္ဓကဲ့ျီ)တိုက်ကျေးနင်းရွာကြီးဖြစ်၍ ၁၂၀၇–ခုနှစ်၊ တန်ပိုတဲ့လပြည့်ကျော် ဂ–ရက် ကြာသပတေးနေ့ဖွားတည်း။ ၁၂၂၇-ခုနှစ် ပန်းချီတိုက် ပုလဲဂိုဏ်းချုပ်ဆရာတော် ရှင်သုမင်္ဂလသာမိအား ဥပဇ္ဈာယ်ပြုလျက် ကျေးနင်းကြီးရွာ ဇလွှာသိမ်၌ပဉ္စင်းဖြဲသည်။ ဘွဲ့ **ရှင်ပညာဟူ**၏။

ဇာတိကျေးနင်းရွာ တဝါဆိုပြီးနောက် မန္တလေးနေပြည်တော် ဘထွေးတော် **မဏ္ဍလာရုံမတိုက်ဆရာတော် ရှင်ဇီနာလင်္ကာရ**အထံ၌ သွားရောက်ပညာသင်သည်။ ထို အချိန်က ရွှေမြို့တော်လေးပြင်၌ အလွန်ထင်ရှားတော်မူသော **ပြည်ဆရာတော်၊ သစ်ဆိမ့်** ဆရာတော်၊ **စံကျောင်းဒုတိယ**ဆရာတော်၊ ရွှေကျင်ဆရာတော် စသည်တို့အထံ၌ လည်းကောင်း၊ **တွင်းကြီးနိယံ**ဆိုလျှင် ပရိယတ္တိနယ်၌ အသိမျှား၍ ထင်ဟပ်နေသော မြင်းမူမြို့နယ် တွင်းကြီးရွာဇာတိ၊ ရာဇဂုရု တံဆိပ်သုံးတန်ရ တွင်းကြီးဆရာတော်အထံ၌ လည်းကောင်း၊ မြစ်ငယ်မြို့ပြင်ကြီးဆရာတော်အထံ၌လည်းကောင်း၊ နှစ်ဝါညဝါအစုံ သင်ကြားလေသည်။

ရေစကြိုရှင်ဂန္ဓသာရဆရာ **ရှင်ဝရသမ္ဘောဓိနှင့်** ဘုရားကြီးတိုက် တံဆိပ်တော်နှစ်ထပ်ရ ရှင်ဇာဂရစသော ပိဋကအကျော် ကျမ်းတတ်ဆရာတော် အသီးသီးကိုထံ၌လည်း ဆက်လက်ပညာသင်ကြားလေ့လာခဲ့သည်။ စာပေကိုလည်း ဘုရားကြီးတွင် တပည့်သံဃာ ၃၀၀-ကျော်တို့အား ပို့ချခဲ့သည်။

၁၂၄၆—ခုနှစ် အောက်ပြည်အောက်ရွာသို့ စုန်ခဲ့ပြီးလျှင် ဟင်္သာတမြို့တွင်နေစဉ် အုတ်ဖိုဆရာတော် ရှင်ဥက္ကံဝံသမာလာက "အတူတဲ့ဘက်၍ သာသနာပြုရန်အတွက် ဟင်္သာတမှာပင်နေရန် ဖိတ်မန္တကပြုသော်လည်း လက်ခံခြင်းမပြုပဲ ၁၂၄၉-ခုနှစ်တွင် ရန်ကုန်မြို့သို့ ကြွရောက်လေသည်။ ပုဇွန်တောင်တနေရာ၌ စာသင်သားတို့ကို စာပေပို့ချခဲ့ပြန်ရာ ကြည်ညိုသောဒကာများစွာ ပေါ်လာသည်။


ထိုဒကာများတွင် **ပဲစားကြီးဦးဖိုးသာ**(ဆာဖိုးသာ)လည်း တယောက်အပါအဝင် ဖြစ်၏။ ဆာဖိုးသာသည် ကျောင်းနေရာကျဉ်းမြောင်းစွာ စာပေပို့ချနေသော ရှင်ပညာအား ဖူးတွေ့ရခြင်းပင် သဒ္ဓါကြည်ညိုသဖြင့် ထိုစဉ်က အစိုးရဆရာအဖတ်သင် နော်မံကျောင်းကြီးကိုကျပ်ဒင်္ဂါးငွေနှစ်သောင်းတိတိပေး၍ ဝယ်ယူပြီးလျှင် ကျောင်းဆောင်များ တိုးခဲ့ဆောက်လုပ်လှူဒါန်းလေသည်။

"**နော်မံကျောင်းကြီး**"ဟူ၍ပင် ခေါ်တွင်လေ၏။ ၁၂၇၇-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည်။ နော်မံကျောင်းကြီးတွင် ၂၀-နှစ်ကြာမျှ စာပေပို့ချခဲ့ပြီးလျှင် ၁၂၉၉-ခုနှစ်တွင် အင်းစိန်ကျိုက္ကလို့စေတီအနီး တောရဆောက်တည်နေလေ၏။

ဆရာတော်သီးတင်းသုံးရာတွင် ပရိသတ်များ ပျားပန်းခတ် စည်ကားလာသဖြင့် အင်းစိန် ဒေါ်ကြုတ်ဥယျာဉ်၌နေလျက် နေ့စဉ်ဆွမ်းခံမျှတ တရားအား ထုတ်တော်မူသည်။ ကျောင်း၊ စရပ်၊ ပရိသတ်များလာသဖြင့် အခြားဌာနသို့ ရွှေ့ပြောင်းလိုသော်လည်း သက်ရွယ်အိုမင်းတော်မူ၍ ထိုအင်းစိန်ဥယျာဉ်ကျောင်းမှာပင် ဆက်လက်နေတော်မူသည်။

ထိုအချိန်ကစ၍ ''အင်းစိန်ဆရာတော်ကြီး''ဟူ၍လည်း ထင်ရှားတော်မူ၏။ နော်မံကျောင်းကြီး ဆရာတော်တပည့်များအနက် မုံရွာမြို့ လယ်တီတိုက်အုပ်ဆရာတော် (ရှင်ဉာဏောဘာသ)လည်း ပါဝင်၏။ ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုအောင်မြင်တော်မူခဲ့၍၊ ဆာဖိုးသာက ရဟန်းဒါယကာခံယူသည်။ (အကျယ်ကို လယ်တီဂန္ထဝင်ကျော်များသမိုင်းတွင်ရှု)

နော်မံကျောင်းကြီး အင်းစိန်ဆရာတော်သည် ၁၂၉၆-ခုနှစ်၊ တော်သလင်းလဆန်း ၉-ရက်နေ့၊ သက်တော် ၈၉-နှစ်၊ သိက္ခာ ၆၉-တွင် ပြန်လွန်တော်မူသည်။



သေက္ခတောင်ဆရာတော်ဦးတိလောက

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်များစွာတို့တွင် ပရိယတ္တိဘက်က ဖြစ်စေ၊ ပဋိပတ္တိဘက်ကဖြစ်စေ၊ ရဲရဲတောက် ထူးချွန် ပြောင်မြောက်တော်လှသည်ဟု အများကလက်ခံချီးပင့်ခြင်းခံယူရသော သေက္ခတောင်ဆရာတော်လယ်တီ(ရှင်တိလောက) သည်လည်း ပုခန်းဆက်သာသနာဝင်ပုဂ္ဂိုလ်ကျော်ဖြစ်၏။

ယင်း၏ဇာတိမှာ ပုခန်းနယ်အဝင် ပန်းချီတိုက် ခေါသန္တိရွာဖြစ်၍ ၁၂၃၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉-ရက်၊ စနေနေ့၊ နေတက်ဖွားတည်း။ မိဘတို့မှာ မှူးမတ်ပညာရှိမျိုးရိုးကဖြစ်သည်။ (အကျယ်ကို လယ်တီဂန္ထဝင်ကျော်များသမိုင်းတွင်ရှု) ရဟန်းတဝါရလျှင် ပရိတ္တဋီကာဘာစ်ပါဠိကိုရေးသည်။ နှစ်ဝါရသော် ကျေးဇူးရှင် လယ်တီဆရာတော်ထံသို့ရောက်၍ ပိဋကနိကာယ်အစုံ ချောက်ခြားတတ်မြောက်သည်။

ထို့ကြောင့် ရဟန်း ၅-ဝါအရွတွင် ''နေက္ခမဝိဓါနဒီပနီ''ကျမ်းကို စီရင်သည်။ တောရဆောက်တည်၍ တရားအားထုတ်ရန် အစီရင်ကိုပြည့်စုံစွာဖေါ်ပြထားသော ကျမ်းကောင်းတဆူဖြစ်သည်။ ရှင်တိလောကသည် ကျေးဇူးရှင် လက်တီဆရာတော်ကြီးအား ကျေးဇူးဆပ်သည့်အနေဖြင့် ဤကျမ်းကိုစီရင်ကြောင်း၊ ကျေးဇူးရှင်ဆရာတော်၏ ''ဒက္ခိဏာဗဟုသဒိသ''ညာလက်ရုံးနှင့်အလားတူ၍ အားကိုးရသောအန္တေဝါသိက တပည့်ဖြစ်ကြောင်း၊ ဆရာတော်၏ လိုအင်ဆန္ဒတော်ကို သိစွမ်းနိုင်သော ''အာစရိယမတည်။'' ဖြစ်ကြောင်းစသည်တို့ကို ကျမ်းနိဂုံး၌ ဖေါ်ကျူးထားလေသည်။

ဦးတိလောကသည် အထယ်တခွင် တောတောင်အနှံ့ ကောစာရအရည၀ါသီနေခဲ့သည်။ သို့သော် ဥတုသပွာယ မမျှတသဖြင့် အောက်ပြည်၊ အောက်ရွာ၊ တောတောင် သို့ချဉ်းကပ်နေရန် ကြံလာတော်မူရာ နော်မံကျောင်းကြီးတိုက်သို့ ရောက်ရှိလာသည်။ ထိုအခါိန် ဦးတိလောကအား နော်မံကျောင်းကြီးတိုက်အုပ် စာချုပ္ဂိုလ်တို့က ပညာစမ်းကြလေသည်။

ဦးတိလောက,ကမေးလေတိုင်း ဒုိးဒုိးဒေါက်ဒေါက်ရဲရဲတောက် ဖြစ္ခမ်းပြနိုင်လေသည်။ မဖြစ္ခမ်းနိုင်ခြင်းမရှိဟူ၍ဖြစ်၏။ ဦးတိလောက,က ပြန်လည်မေးသောအခါ တိုက်အုပ်စာချဆရာတော်တို့ ဖြဆိုရန်မစ္ခမ်းနိုင်ကြတော့ဟူ၏။ ထို့ကြောင့် နော်မံကျောင်းကြီးဆရာတော်က

"ကိုယ်တော်တို့၊ အညာပုခန်းနယ်က ရဟန်းငယ်ကို မစမ်းကြလေနှင့်၊ ပညာဉာဏ်စွမ်း ထက်မြက်လှပေသည်"

ဟူ၍ မိန့်တော်မူရာဘူးသည်။ ထိုစဉ်က ဒုတိယ လယ်တီဆရာတော်လောင်းလျာ ရှင်ဉာဏဟူ၍ရှိ၏။ (နောင်အခါ လယ်တီဆရာတော်က ဘွဲ့ချင်းတူ၍ ရှင်ဉာဏောဘာသဟု မှည့်သည်) ဦးတိလောကထံ ရှင့်ဉာဏ ထွက်ဝင်ချဉ်းကပ် အကျွမ်းတဝင်ဖြစ်ကြရာ ဦးဉာဏောဘာသအား....

"ငါ့ရှင်၊ စာတတ်လိုလျှင် လယ်တီတောရကျောင်းသွား၍၊ လယ်တီအထံ ပညာသင်၊ ဒါမှ ပညာစုံ ဆုံးခန်းတတ်မြောက်မည်" ဟူ၍ ဦးတိလောကညွှန်ကြားချက်အရ ရှင်ဉာဏောဘာသသည် မကြာမီလယ်တီတိုက်သို့ ကြွရောက်ပညာသင်၍ လယ်တီတိုက်အုပ်ဆရာတော် ဖြစ်ရလေသည်။

ဦးတိလောကသည် နော်မံကျောင်းကြီးမှာပင်ခေတ္တနေပြီးနောက် ဥတုသပွာယ မျှတရာ သထုံမြို့နယ် ကျိုက်ထိုမြို့အရှေ့ဘက် သေက္ခတောင်၌ မျက်မိုးဝါးရှောင်းငယ် ဆောက်လုပ်စေပြီးလျှင်ပဋိပတ္တိသာသနာပြုတော်မူနေ၏။ ထိုအခါိန်ကစ၍ "သေက္ခတောင်ဆရာတော် ဦးတိလောက" ဟူ၍ ကမ္ဘာမဆံ့ ပြန့်နှံ့ထင်ရှားတော်မူလေသည်။ ထိုစဉ်က ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးကို မြန်မာဘာသာပြန်ဆိုသော ဘုရားသုံးဆူဆရာတော် ရှင်နန္ဒမာလာ၊ ရှင်တိက္ခစသော ရဟန်းတပည့်၊ လူတပည့်ယောဂီများ နေထိုင်ကြ၏။ "ပဏ္ဍိတဓေဒနိယဒီပနီ" ကမ္မဋ္ဌာန်းကျမ်းကြီးကို စီရင်တော်မူသည်။ ကျမ်းပေါင်း ၂၀ ကျော်တို့တွင် ပါဠိဘာသာဖြင့် "နိရုတ္တိပဒဗျဉ္ဇနီ" ကျမ်းကား သဒ္ဒါဘက်ဆိုင်ရာ၌ ပြောင်မြောက်ထူးခြားလှ၏။ ယင်းပါဠိသဒ္ဒါကျမ်းကြီးကား ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်တည်းဟူသော ကမ်းတဘက်သို့ လှမ်းတက်ကူးမြောက်နိုင်သော ပင်လယ်ကူးသင်္ဘောကြီးနှင့် အလားတူသည်ဟုဆိုကြသည်။

ယင်းကျမ်းကို ၁၂၀၆-ခုနှစ်၊ ကဆုန်လအတွင်း၊ သက်တော် ၅၃-နှစ်၊ သိက္ခာ ၃၃-ဝါအရ စီရင်ပြီးစီးသည်။ ဤကျမ်းနှင့်စပ်လျဉ်း၍ နန်းဦးသဒ္ဒါကြီး ဂဏ္ဌိသစ်ဆရာဟော်က....

> "ကျမ်းဂန်တတ်မြောက် သဒ္ဒပါရဂူဆိုစလောက်၍ စာချဆရာတော်များမှီခိုအားထားရာ ပါဠိသဒ္ဒါကျမ်းကြီးတဆူ ဖြစ်ပါပေသည်"

ဟူ၍ ဆိုထားလေသည်။ နိရုတ္တိပဒဗျဥ္ဇနိပါဠိကျမ်းမှိရာ နိဿယည်းကို သောကျွေတောင်ဆရာတော်တပည့် ရမည်းသင်းမြို့တောင်ဘက်၊ ညောင်လွန်ရွာ၊ ညောင်လွန်ဂဟာရဆရာတော် ရှင်လက္ခဏာ ပြန်ဆိုခဲ့သည်။ ၁၂၀၆–ခုနှစ်က ယင်းနိဿယကို ပုံနှိပ်ခဲ့သည်ဟု သိရ၏။

မြန်မာနိုင်ငံဖြစ် ပါဠိသဒ္ဒါကျမ်းကြီး လေးကျမ်းပေါ်ထွက်ခဲ့ရာ ပုဂံခေတ် ရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိ (၃-ကျမ်း ၃-တဲ့) အင်္ဂလိပ်ခေတ် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ (ဋီကာမော်)နှင့် နိရုတ္တိဒီပနီ၊ သောကျွေတောင်၏ နိရုတ္တိပဒဗျဥ္ဇနီနှင့် ဆရာတော် ရှင်ဉာဏာဘိဝံသ၏ ဋီကာကျော်ယောဇနာ ပါဠိကျမ်းတို့ဖြစ်ကြောင်း နာမည်ကျော် ရှင်အာဒိစ္စဝံသ၏ "အရှင်အာဒိစ္စဝံသထေရာပဒါန်" တွင် အကျယ်ဖေါ်ပြထားလေသည်။

တလိုင်းကုန်းဆရာတော်

မူလရင်းကပင် တလိုင်းကုန်းရွာဟူ၍ အတွင်ရွှေဖြစ်သည်။ ယင်းရွာကို သာမန်ကြည့်လျှင် သာမန်မျှ မြင်တွေ့ကြပေလိမ့်မည်၊ ပညာရှင်တို့ပေါ်ထွက်ရာအဖြစ် မြော်မှန်းကြည့်မသာ ထူးခြားသောတလိုင်းကုန်းရွာဖြစ်သည်။

တလိုင်းကုန်းရွာ၏ ဘူမိနက်သန်မှန်ခြင်းမှာ ပုခန်းကြီးနယ်မြေ၌ တည်ရှိသောကြောင့်ဟု ဆိုရမည်။ တလိုင်းကုန်းဟူသောအမည်သည် စာပေလောက၌ ပြန့်နှံ့ကြွယ်လိုင်ဇရခြင်းမှာ သာသနာနောက်ပိုင်းတွင် တုဘက်ကင်းသော လယ်တီဆရာတော်၏ ပရမတ္ထဒီပနီကျမ်းကိုဘက်ပြိုင်လျက် အာဂုရဋီကာပါဠိကျမ်းကြီးတစောင် စီရင်ခဲ့သောဂုဏ်ကြောင့် ပို၍ကျော်စောသည်။

တလိုင်းကုန်းဆရာတော်၏ဇာတိမှာ ပုခန်းကြီးမြို့ ကျေးလက်တလိုင်းကုန်းရွာဖြစ်၍ ၁၂၀၉-ခုနှစ်ဖွား၊ ငယ်မည် မောင်ရွှေအင်း၊ ဘွဲ့**ရွှင်ဝိမလ**တည်း။

ငယ်ရွယ်စဉ်က နေရင်းရွာတံဆိပ်တော်ရ နေရင်းဝိစိတ္တာရုံဆရာတော်ကြီး၊ အောင်မြေဘုံသာတို်က်ဆရာတော်များထံတွင် ပညာသင်သည်။ ၁၂၃၉-ခုနှစ်တွင် နေရင်းဝိစိတ္တာရုံဆရာတော်အား ဥပဇ္ဈာယ်ပြုလျက် ရဟန်းဖြစ်သည်။

ဝ — ဝ — ဝ

စာတတ်နောက်ဆုံးတလိုင်းကုန်း

ရာဇဂုရုတံဆိပ်တော်ရ ဆရာတော်ကြီးများထံ၌ပညာသင်ကြား၍ ဆုံးခန်း ပေါက်မြောက်သောအခါ ဇာတိတလိုင်းကုန်းရွာ၌ ကျောင်းတိုက်တည်ထောင်လျက် စာပေပို့ချခဲ့ရာ တလိုင်းကုန်းဆရာတော်ဟု ထင်ရှားသည်။

စာပေပို့ချယင်း တလို်င်းကုန်းနိယံ စာကိုယ်နှင့် အဖြေကျမ်း၊ သဒ္ဒဘေရီကျမ်း၊ စဝါကျမဏ္ဍနီကျမ်း၊ ပရမတ္ထဂဗ္ဘီရ၊ အက္ခရမဏ္ဍနီ၊ အဋ္ဌသာလိနီအဖွင့်အတူလဋီကာ၊ ကခ်ိဝိတရဏီအဖွင့်စသောကျမ်းများ၊ ဒိဋ္ဌဝိသုဒ္ဓိကထာ၊ကဝိစန္ဒြ၊ ရူပစိန္တာ၊ ကဝိပိယ အတ္တနိတိစသောလူဘက်ဆိုင်ရာကျမ်းများ၊ အထူးအားဖြင့် ဘဒ္ဒတ္ထဘေဒစိန္တာမဟာဋီကာ၊ အက်ံရုဋီကာ၊ ပါဠိကျမ်းတို့ကိုလည်း စိရင်တော်မူသည်။

မြန်မာ၊ ပါဠို၊ ကဗျာ၊ လက်ာအရေးအသားတို့၌ နိုင်နင်းတော်မူ၍ ရှုထောင့်ဘက်စုံ ကျမ်းတတ်ပုဂ္ဂိုလ်ကျော်ဟူ“**စာတတ်နောက်ဆုံး တလိုင်းကုန်းဆရာတော်**”အဖြစ် ထင်ရှားလေသည်။ ကဗျာ လက်ာရေးဖွဲ့ရာ၌နိုင်နင်းတော်မူသည်ကို “မင်္ဂလာကျော်ခေါင် နိဒါန်းဆောင်ပိမ့်”ခြို့ နိယံကျမ်းက သက်သေပြနေသည်။ တလိုင်းကုန်းဆရာတော် အနယ်နယ်သို့ လှည့်ပတ်သာသနာပြုယင်း ဧရာဝတီတိုင်း၊ ပုသိမ်မြို့၌ သိမ်သမုတ်ကိစ္စ ဆောင်ရွက်တော်မူလျက် ၁၂၉၀-ပြည့်နှစ်တွင် ပြန်လွန်တော်မူသည်။

.... ဝ .... ဝ ....

လယ်တီနှင့်တလိုင်းကုန်း

၁၂၅၉-ခုနှစ်တွင် စက်တင်ပုံနိပ်ပြီးသော ပရမတ္ထဒီပနီ၊ သို့မဟုတ် လယ်တီဋီကာ၊ ဋီကာကျော်ထက်၊ မေါ်စေ၍ ဋီကာမော် ပါဠိကျမ်းကြီးပေါ်ထွက်လာသည်။ **ကျေးဇူးရှင်လယ်တီဆရာတော်**သည် သီဟိုဠ်ဖြစ်၊**အဘိဓမ္မတ္ထဝိဘာဝနီ**(ဋီကာကျော်)နှင့်မြန်မာနိုင်ငံဖြစ် မဏိသာရမဉ္ဇူသာကျမ်းတို့ တွေးခေါ်ကြံဆချက် ချတ်ချော်တိမ်းပါးမှုတို့ကို ရဲဝံ့ပြတ်သားစွာ ဖေါ်ပြလျက် သဒ္ဒါအနက်တို့ဖြင့် ထက်ဝန်းကျင်သန့်စင်သော အဘိဓမ္မာဖွင့် ပရမတ္ထဒီပနီပါဠိကျမ်းကို စီရင်တော်မူရာ၌၊ အဘယ့်ကြောင့် စီရင်ရကြောင်းအကျယ်ကို "လယ်တီဂန္ဆဝင်ကျော်များသမိုင်း" တွင် ရှုကြည့်ကြရာ၏။

ဤပရမတ္ထဒီပနီကျမ်းသည် ကမ္ဘာကျော်သည်ကား အဘယ့်ကြောင့်ပါနည်း။ သီဟိုဠ်ဖြစ် အဘိဓမ္မတ္ထဝိဘာဝနီ(ဋီကာကျော်)ဘက်မှ ရှေ့နေလိုက်၍ ပါဠိကျမ်းအမြောက်အများ ပေါ်ထွက်ခြင်းကြောင့် ကျော်ရခြင်းဖြစ်သည်။ ဤလယ်တီဋီကာတွင် ဋီကာကျော်နှင့် မဏိသာရမဉ္ဇူသာကျမ်းတို့မှ ချတ်ချော်ချက်များကို ပါဠိအဋ္ဌကထာကိုး ကားလျက် မှားယွင်းချက်ပေါင်း (၂၄၅)ရှိကြောင်းဖေါ်ပြ၍ အတိုက်အခံတို့မကျေနပ်နိုင်အောင် လှုပ်ရှားဂယက်ရိုက်စေခြင်းဖြစ်သည်။

အချို့နေရာတို့၌ "ဝိဘာဝနိယံပန = ယဉ္စဝိဘာဝနိယံ–ယံပနဝိဘာဝနိယံ၊ ယဉ္စ တတ္ထ" စသည် ပြဆိုပြီးလျှင် "တံနသုန္ဒရံ၊ တံနယုဇ္ဇတိ၊ တံအနုပပန္နံ၊ တံနဂဟေတဗ္ဗံ-တံအသာရေတဗ္ဗံ" ထိုး၍ထောက်ပြတော်လှန်ထားသည်။

o .... o .... o

ဋီကာကျမ်းများပေါ်ခြင်း

ဋီကာကျော်ဘက်မှ မခံမရပ်နိုင်ကြသော ပညာရှိဆရာတော်ကြီးများမှ ဋီကာမော်အား အတိုက်အခံပြုလျက် ဋီကာကျမ်းများ အမြောက်အများ ရေးသားစီရင်တော်မူကြ၏။ လယ်တီဋီကာမော်အား အမျိုးမျိုးရှုံ့ချဝေဖန်ရေးသားကြ၏။ အချို့ကမြန်မာ့ဘာသာဖြင့် ရေးကြ၏။ ပါဠိအရေးအသားဋီကာများတွင် တလိုင်းကုန်းဆရာတော်စီရင်သော

၁၂၆၇-ခုနှစ် ကဆုန်လဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့အပြီး အာဏ်ရှင်ကာကျမ်းကြီးတစောင် ပေါ်ထွက်လာ၏၊ လယ်တီဦးကာမော်ကျော်သည်နှင့်အမျှ **တလိုင်းကုန်းအာဏ်ရှင်ကာသည်** လည်း ပညာရှင်တို့ လက်ခံနိုင်လောက်အောင် ပါဠိအရေးအသား ညက်ညောကောင်း မွန်လှ၏။

အာဏ်ရှင်ကာနှင့်ပတ်သက်၍ **ကျေးဇူးရှင်မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက....**

"အိမ်း လယ်တီဦးကာကို အတိုက်အခံပြု၍ အညှန့်တက်ပြီလို့ ဆိုရသော်လည်း လယ်တီဦးကာကိုပဲ အညှန့်တက်ပေးသလို ဖြစ်နေပေသည်"

ဟူ၍ မိန့်ကြားတော်မူခဲ့ဘူးသည်။

ဦးကာအရှိန် မြန်မာနိုင်ငံတဝှန်း တုန်လှုပ်ချောက်ခြားနေချိန်က ကျေးဇူးရှင်ဆရာတော်ကြီးသည် တောင်သာမြို့ ပရမတ္ထသံခိပ်အသင်း**ဥက္ကဋ္ဌဦးဘုန်းကျော်**တိုက်တွင်သီတင်းသုံး၍ တရားရေအေး တိုက်ကျေးတော်မူရာ တလိုင်းကုန်း အာဏ်ရှင်ကာအကြောင်း လျှောက်ထားကြလေ၏။

ပစ္ဆာသမဏ ခဲတန်ဝန်ဟုခေါ်ကြသော ရှင်ရေဝတ-ရဟန်းတော်လည်း လိုက်ပါခဲ့ရာ ယင်းတလိုင်းကုန်းဌာနှင့်စပ်၍ အောက်ပါတေးထပ်နှစ်ပုဒ်ကို ရေးစပ်ထားသည်ဟုဆို၏။ ရှင်ရေဝတရေးသောတေးထပ်ကို ဦးဘုန်းကျော်ကရေးကူး၍တဆင့် ကျားကူးဆရာတော်ထံမှရရှိသည့်အတိုင်း သမိုင်းဝင်အဖြစ်ဖော်ပြလိုသည်။

စန်းငွေလ ကျမ်းဌာကို

၁။ ။ပုခန်းငယ်အဆုံးမှာ၊ အရိုင်းဆုံးပါဟယ်၊ တလိုင်းကုန်းရွာငယ်မှာ ဆရာကျယ် ဉာဏ်မဲ့။ ။

စန်းငွေလ ကျမ်းဌီကာကို မကြည်သာညှိုးမာန်နှင့်မဲ၊ ၊ဂနိုင်မော့ဟေမဝါ မှာ ကေသရာစံမြဲ၊ ရွှေဂူမှန်ပုလဲလိုပဲ၊ အကြဲလဲတမင်။ တောဝက်အို မမြင်ဝံ့ရှာမို့၊ ဘင်ချံ့နှင့်ပြိုသည့်အသွင်။ ။တလိုင်းကုန်းအရိုင်းရှင်ကို၊ မြန်တိုင်းခွင်ကျေညာသိလို့၊ ဦကာဂဏ္ဍီစာစောင်သဖွယ်၊ ရေးထုတ်ပေတယ်။ ။အောက်ထက်ရပ်မြန်တနယ်မှာ စံတမယ်ထွန်းစေဘို့လေး....ဟူ၍လည်းကောင်း။

၂။ ။ထောင်တရာကျော်အတက် ပေါ်ထွက်သည့်မာန်ဟုန်၊ အင်းဝဖျက်ရန်သူပုန်လို မှန်မဖြုံပယ်ရှင်း။ ။မိုက်မောဟ ဣဿာထန်သည်.... မိစ္ဆာဉာဏ်များတဲ့လေခြင်း။ ။မြို့သစ်-ဘူနက်သန်ကို ဆူတက်လှုံ့ရှိန်ပြင်း၊ ဘုန်းသမ္ဘာထိန်လင်းတဲ့အလောင်းမင်းရာဇာ။ ။

မွန်တို့ရန်အမှိုက်မီး- တမြို့က်တည်းညိမ်းသတ်သည်သာ။ ။ကျွတ်ဆွ။ ဥပမာလို ခုအခါပေါ်ထုံးသို့ တလိုင်းကုန်းသူပုန်ရန်၊ ငြိမ်းစေ့အမှန်။ ။ ဌ ကာငွေ့ လစန်းရောင်လျှံငယ်.... မသန်းမှောင်ရန် ပေါ်ထွန်းပါ လိမ့်လေး....

တလိုင်းကုန်းအက်ရှဋ္ဌကာကဲ့သို့သော ဋ္ဌကာများလည်း ပေါ်ထွက်လာကုန်သေးသည်။ ချောင်းဦးမြို့ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မာရုံဆရာတော် ရှင်ဒီပမာလာစီရင်သော ပရမတ္ထ ဝိသောဓနီဋ္ဌကာသစ်မှာ ဝါကျဉ်းကျဉ်းအနေအထား ရှင်းလင်းပြေပြစ်လှ၏ဟု ဆိုကြသည်။

သာယာဝတီမြို့နယ် ကျောက်သောင်ရွာဇာတိ ၁၂၃၈-ခုနှစ်ဖွား၊ မိုးညိုမြို့ ဝေဇယန္တာရာမတိုက်ဆရာတော် ရှင်နာဂိန္ဒသာမိ ၁၂၇၆-ခုနှစ်၊ တပေါင်းလအပြီး စီရင်သော မဟာအတုလဋ္ဌကာသစ်မှာမထင်ရှား၊ အသုံးလည်းမများ၊ **ဖားကူးဆရာတော်ရှင်ဇာဂရ ၁၂၇၁-ခုနှစ်** တပေါင်းလ အပြီးစီရင်သောအနုဝိဘာဝနီဋ္ဌကာသစ်မှာ ကျယ်လွန်း၍ သဒ္ဒါအနေအထားနှင့် ဝါကျအဆင်အပြင်မကောင်း၍ ပညာရှင်တို့ လက်မခံကြ။ ကျမ်းလည်းအပြီးမရောက်ဟု ဆိုသည်။

ကန္ဒဆရာတော်၏ ပရမတ္ထဇောတိကာဋ္ဌကာမှာမူ ဖားကူးဋ္ဌကာကဲ့သို့ ဝါကျကျယ်၊ သဒ္ဒ်အနေမကောင်း၍ အသုံးအစွဲမရှိကြသဖြင့် အလိုအလျောက် တိမ်မြုပ်ကွယ်ပခဲ့သည်။

မင်းကင်းဆရာတော်စီရင်သော ဋ္ဌကာကျော်ဂဏ္ဌိကျမ်းကား အမှားအမှန် ပြန်လှန်ချေပရာ၌ ဘက်မလိုက်သောဂဏ္ဌိဟူ၍ ဆိုကြသည်။ ရေးသားပုံ ပြေပြစ်သည်။ နှံ့ညံ့ညက်ညောသိမ်မွေ့သည်ဟု ပညာရှိတို့ ဆုံးဖြတ်ကြသည်။

နာမည်ကျော် ရှင်အာဒိစ္စဝံသသည် လယ်တီဋ္ဌကာကို အတိုက်အခံပြုရေးကြသော ဋ္ဌကာအစောင်စောင်တို့နှင့်ညှိလျက် လယ်တီဋ္ဌကာဘက်ကနေပြီး ဋ္ဌကာကျော်၏ ချို့ယွင်းချက်များကို ပေါ်ထုတ်ရှင်းလင်းကာ နှစ်ဉီးထုတ် ထုံအချိန်က ဟံသာဝတီသတင်းဝါတွင် ခဏ်းဆက်ရေးခဲ့ဘူးသည်။

ယင်းဟံသာဝတီနှစ်ဉီးသတင်းစာမှာပင် ပြည်မြို့ မဟာဒဋ္ဌရနိကာယ-အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်က "ဘိုးဘိုးကြီးဦးဉာဏ" ကလောင်အမည်ဖြင့် ခဏ်းဆက် ရေးခဲ့ဘူးသည်။

ယင်းသို့ရေးရာ၌ ဋ္ဌကာကျော်ဘက်အသားပေးပြီးလျှင် လယ်တီဋ္ဌကာအားချွတ်ချဆားသည်။ သို့သော် ဒဋ္ဌရနိကာယဝင် ပြည်မြို့ကန်တွင်း ဆုတောင်းပြည့်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ကန်တွင်းဆရာတော်ကမူ "အင်္ဂပူဏ္ဏရပွတ္တိကထာကျမ်း"၌ လယ်တီဆရာတော်၏ ချိုးကျူးဖွယ်ကဏ္ဍတွင်....

"တိုင်းကျေပြည်ကျော် ကမ္ဘာကျော်ကြားအောင် ဘုန်းတန်ခိုးကြီးမြင့်တော်မူသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်"
ဟူ၍ အားရဝမ်းနူး ချီးကျူးထောမနာထားလေသည်။
ယင်းအင်္ဂပူ ထေရပ္ပတ္တိကထာကျမ်းကြီး၌ပင် လယ်တီဆရာတော် ပြန်လှန်တော်မူသဖြင့် ဂုဏ်ပြုထားသော ဂါထာများအနက် အောက်ပါသုံးဂါထာကို ကောက်နုတ်တင်ပြလိုသည်။

ဂရူဟိဂဟနာမေန- ဉာဏဓဇောတိဝိဿုတော၊
ထေရောကတ္ဝာ ပရမတ္ထ-ဒီပ္ပနိံ နဝ, ဝဏ္ဏနာ။ ။ (၁)
ဌပယိတ္ဝာန, တဋ္ဌိကံ-အဝသေသာစ, ဒီပနီ၊
အစိရဋ္ဌိတဘာဝေန- အဟောမစ္စုဝသံဂတော။ ။ (၂)
မဟာဝိရော, မဟာပညော·နေကဂန္ထက်ရောထုတီ၊
မဟာပုညော, မဟာလယ်တီ-ကိတ္တိသေသတ္တမာဂမီ။ ။ (၃)

၁။ ဂရူဟိ—ကျောက်ထီးခရိုင် မဏ္ဍု(၀)င်တန်ဆူ အလေးပြူအပ် ဆရာမြတ်တို့သည်၊ ဂဟ (ဂဟိတ)နာမေန·မှည့်ခေါ်အပ်သောပညတ်အမည်အားဖြင့် "ဉာဏဓဇဟူ၍ ဝိဿုတော- ထင်ရှားကျော်စောတော်မူသော၊ လယ်တီမဟာထေရ်မြတ်သည်၊ နဝ, ဝဏ္ဏနံ-အဘိဓမ္မတ္ထသင်္ဂဟ်ကျမ်းကို ဖွင့်ဆိုရှင်းပြရာ မဟာဋ္ဌိကာသစ်ဖြစ်သော၊ ယံပရမတ္ထဒီပနိံ - အကြင်ပရမတ္ထဒီပနီ-ခေါ်၊ ဋ္ဌိကာမော်ကို၊ ကတ္ဝာ-ရေးသားစီရင်တော်မူပြီး၍။

၂။ တဋ္ဌိကံစ- ထိုဋ္ဌိကာကိုလည်းကောင်း၊ အဝသေသာ- ထိုဋ္ဌိကာမှကြွင်းကျန်သော၊ ဒီပနီစ-ဒီပနီကျမ်းပေါင်းများစွာတို့ကိုလည်းကောင်း၊ဌပယိတ္ဝာန- စွန့်ပစ်ပယ်ရှားထားတော်မူခဲ့၍၊ အစိရဋ္ဌိတဘာဝေန- အမြင့်အရှည် တည်ခြင်းမရှိသည်၏အဖြစ်ကြောင့်၊ မစ္စုဝသံ- သေမင်းပိုင်စံ မြို့နိုင်ငံသို့၊ ဂတော- ဘုန်းရှိန်ဘုန်းတောက်၊ ကွယ်ဆုံးပျောက်၍၊ ကြွရောက်လိုက်ပါတော်မူရရှာလေပြီ။

၃။ မဟာဝိရော- ကြီးမားသော လုံ့လဝီရိယရှိတော်မူသော၊ မဟာပညော၊ ကြီးမားသော ဉာဏ်ပညာရှိတော်မူသော၊ အနေကဂန္ထက်ရော- "ဒီပနီ" မည်တွင်၊ ကျမ်းများဖြင်တို့ကို စီရင်ပြုစုတော်မူထသော၊ ထုတီ- အံ့ဖွယ်ဂုဏ်ထူး၊ မြတ်ကျေးဇူးတို့ကြောင့် ချီးကျူးပူဇော်ဖွယ်ရှိသော၊ မဟာပုညော-ကြီးမားသောဘုန်းသမ္ဘာရှင်ဖြစ်တော်မူသော- "မဟာလယ်တီ" မုံရွာမြို့ လယ်တီတောရဆရာတော်ကြီးသည်၊ ကိတ္တိသေသတ္တံ- ဂုဏ်တော်သတင်း၊ ကျော်စောခြင်းမျှ၊ ကြွင်းကျန်တော့သည်၏အဖြစ်သို့၊ အာဂမိ ရောက်တော်မူရရှာလေပြီတကား....။

.... o o ....

အတိသုန္ဒရကျမ်း

ထိုပြင်—လယ်တီဋီကာမော်ကျမ်းကို အတိုက်အခံရေးကြရာ၌၊ "အတိသုန္ဒရကျမ်း"သည် တမူဆန်းသစ်လေသည်။ မြန်မာစကားပြေဖြင့်ရေး၍ ဝါကျပြေပြစ်ကျစ်လစ်၏။ ကျမ်းပြုသူမှာ ဆရာတော်လူထွက်ဖြစ်၏။ ကလောင်အမည်မှာ ဦးနတ်သားဟူ၏။ ဒွါရနိကာယတွင်ထင်ရှားသော ဆရာတော်ရှင်နာဂိန္ဒ၊ လူမည် ဦးကွန်းဖေဟူ၏။

ဦးနတ်သား,ကလောင်အမည်ခံ ဦးထွန်းဖေသည် "ဒုတိယ ဗာဒရာသာသနာပိုင်ဆရာတော်၊ ဒီပဲယင်းမြို့တောင်လက် မြရိပ်ရွာဇာတိ၊ နေမျိုးသီဟသခ်ယာဘွဲ့ခံ ဦးဖြူဒေါ်ရေးတို့၏သား၊ ၁၁၃၁-ခုနှစ်ဖွား၊ ငယ်မည် ဦးရွှေလှေး၊ ဘွဲ့ဇီနာဘိသဒ္ဓမ္မဓဇမဟာရမ္မရာဇာဓိရာဇဂုရု ဟတိယ မြသိန်းတန်ဆရာတော်။ ပရမသီရိဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ပထမ မြသိန်းတန်ဆရာတော်၊ သီရိဂုဏာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယ မြသိန်းတန်ဆရာတော်၊

သာရဝေါမြို့ ရွာကလေးရွာ ဦးရွှေဘမ်း၏သား ၁၁၇၉-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက်၊ တနင်္လာနေ့နေ့ဖွား၊ ၁၂၆၇-ခုနှစ်၊ တပေါင်းလတွင်ပြန်လွန်သော ငယ်မည် ဦးညွှင်း၊ ဘွဲ့ ရှင်ဥက္ကံဝံသမာလာ- အုတ်ဖိုဆရာတော်၊ စသောပဋိကတ္တာယပါရဂူ၊ လင်းယဉ်ထူကြသော ဆရာတော်အသီးသီးတို့၏ မြေးတပည့်"ဟူ၍ အဆိုပါ အတိသုန္ဒရကျမ်းနိဂုံး၌ ကိုယ်တိုင်ဝန်ခံထားသည်။

ဆရာတော်လူထွက် ဦးထွန်းဖေသည် အတိသုန္ဒရကျမ်းဖြင့် လယ်တီဋီကာမော်အား ရက်စက်စွာ ရှုတ်ချရေးထားသော်လည်း ဝမ်းရေးမလုံလောက်၍ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးထံ ချဉ်းကပ်အလုပ်တောင်းခဲ့ဘူးသည်ဟု တဆင့်စကားကြားရ၏။

ဦးထွန်းဖေသည် ပညာရှိတဦးဖြစ်ပါသော်လည်း လယ်တီဋီကာမော်အား ရှုန့်ကြမ်းစွာပုတ်ခတ်ရေးထားသော တေးထပ်ကဗျာတပုဒ်ကိုလည်း သမိုင်းဝင်အဖြစ်ဖော်ပြလိုသည်၊

နဂါးနှင့်တီလောက်ကွာ

"သုဒ္ဓါဝါ- ဗြဟ္မာချိုးမယ်လို့ ရွာရိုးကမင်စာ၊ သာနိုးပထင်စွာငယ်၊ ယှဉ်လာတော်မူအား။ ။ အမြစ်က ကော်တူးလှန်သည်— မျော်ရူးဉာဏ်ရေးတဲ့ စကား။ ।

သင်္ဂြိဟ်သို့-မသက်ဝင်တယ်....တက်တက်စင်အမှား။ သက်သက်ပင်အကြွား နှင့်၊ အဝါစားသူကြံ၊ ။

မောဟမူသခ်ါရ,ရယ်လို့၊ ထင်စွာပ,ရေးပြုစီမံ။ ။အညာမြို့ရုပ်ဒေသံ မှာ တတ်လေဟန်အချောက်ကြွားပေမင့်၊ အောက်သားတို့မြို့ဟံသာ၊ ကွင်းရှောင်လိုက်ပါ။ ။နဂါးနှင့်တီလောက်ကွာတယ်....ခြေထောက်တာလွန်လွန်းလို့လေး" ဟူ၍ဖြစ်၏။

အတိသုန္ဒရကျမ်း စာမျက်နှာ ၅-တွင် "ရွှေမြို့တော်မှာ စလင်းဆရာတော် ဦးကေတု မကြားဘူးလား၊ အဲ....တပည့်ပါပဲဗျာ" ဟူ၍လည်းကောင်း၊ စာမျက်နှာ ၇၈-တွင် လည်း မောဟာ၊ ဒေါသ၊ မာန်မာန မိုးမှန်လျက်ရေးသားထားသည်။

စင်စစ်အားဖြင့် လယ်တီဆရာတော်၏ ဆရာရင်းတဆူမှာ စလင်းဦးပဏ္ဍိစ္စဖြစ်ရာ ဦးကေတုဟူ၍ ဘွဲ့လွဲနေရခြင်းမှာ လွန်ကဲသောဒေါသခက်တန်နေကြောင်း ထင်ရှားလေသည်။

ထို့ပြင် "ဌီကာသစ်ကေစိဆရာ၊ မုံရွာဖြစ်ဌီကာမော် လယ်တီဌီကာ" စသဖြင့်လည်းကောင်း။ ရောက်တတ်ရာမစင်းမစား- နောင်သတိသား- ကေစိဆရာသည် သဒ္ဒါကိုမတတ်သူဖြစ်ရကား- ဝါ-သဒ္ဒါတတ်သော တိုက်ကြီးတာကြီးတို့၌ နည်းခံဘူးသူ မဟုတ်ရကား" စသဖြင့်လည်းကောင်း၊ စော်ကားပုတ်ခတ်ထားသော အသုံးအနှုန်းရေး သားချက်များစွာရေးထားသည်ကို ယင်းကျမ်း၌ တွေ့ရှိရသည်။

ထို့ကြောင့် ဦးနတ်သားအမည်ခံ ဦးထွန်းဖေသည်၊ အတိသုန္ဒရကျမ်းရေးစဉ် ဒေါသ၊ မာန်မာနလွှမ်းခြုံနေ၍၊ ပညာရှိလက္ခဏာချို့ယွင်းနေသည်ဟု ပညာရှိအဆက်ဆက်တို့ မှတ်ချက်ချထားကြောင်း တဆင့်စကား ကြားရဘူးသည်။

o .... o .... o

ပုခန်းကြီးတွင်းမရွာနှင့်ဦးပုခန်း

ဆရာတော်ဦးပုခန်းဇာတိမှာ တွင်းမရွာဇာတိဖြစ်၏။ သို့သော် နာမည်ကြီးရာ ပုခန်းကြီးကိုစွဲ၍ **ဆရာတော်ဦးပုခန်း**ဟု ထင်ရှားလေသည်။ သာသနာပိုင် ရှင်ဉာဏာဘိဝံသအား ရွာကိုအစွဲပြု၍ မောင်းထောင်ဆရာတော်၊ ဦးဗုဒ်အား ညောင်ကန်ရွာအစွဲပြု၍ ညောင်ကန်ဆရာတော်၊ ရန်ကုန်တိုးကြောင်ကလေးဇာတိ၊ ဆရာတော်အား ဦးရန်ကုန်ဟု ခေါ်ကြသကဲ့သို့ ပုခန်းတွင်းမရွာဇာတိ ဦးဝိစာရအား ဆရာတော်ဦးပုခန်းဟု တွင်ခဲ့ခြင်းဖြစ်သည်။

ဦးပုခန်းသည် ပခုက္ကူမြို့ အလှန်ခမ်းနားသော လေးထပ်ကျောင်းတော်ကြီးကို **မဟာဝိပုလာရာမတိုက်**အဖြစ် ဦးစွာတည်လျက် သာသနာပြုတော်မူသည်။ ပခုက္ကူတွင် မဟာဝိဇယာရာမတိုက်ကို အရှေ့တိုက်၊ မဟာဝိသုတာရာမတိုက်ကို အလယ်တိုက်ကြီး၊ မဟာဝိမုလာရာမတိုက်ကို အနောက်တိုက်အဖြစ် တိုက်ကြီးသုံးတိုက်တွင် ပါဝင်သည်။ သို့ရာတွင် မန္တလေးရွှေမြို့တော်မှ ရွှေ့ပြောင်းတည်ထောင်၍ **မန္တလေးတိုက်**အမည်က ပို၍ အသိများကြသည်။

ဦးပုခန်း၏ ဇာတိမှာ ပုခန်းကြီးတွင်းမရွာဖြစ်၍ မိဘတို့မှာ ဦးဘိုးပြန့် ဒေါ်မှိုးတို့တည်း။ ၁၂၂၄-ခုနှစ် ကန်ဆောင်းမုန်လပြည့်ကျော် ၇-ရက်၊ ဗုဒ္ဓဟူးနေ့ဖွားဖြစ်၏။ ငယ်မည် **မောင်စာတိုက်**ခေါ်သည်။ ဂ-နှစ်အရွယ်၊ တွင်းမရွာကျောင်း နောင်တော်ရင်း ရှင်ဥတ္တမထံပညာသင်သည်။ ၁၃-နှစ်ရှင်ဖြစ်သည်။ ဘွဲ့ရှင်**ဝိစာရဟူ**၏။ အသက် ၂၀-အရွယ်၌ သစ်ပင်ကြီးရွာ ဆေးဆရာ ဦးဖြူ။ ဒေါ်သန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောဝေးကန်ဂိုဏ်းထောက်ဆရာတော်ကြီး ရှင်အရိယဝံသအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

o ... ... o

မြို့သာကိုးရွာ

သာယာဝတီမင်းတရားလက်ထက်တွင် တောဝေးကန်ရွာကို ယောနကတိုင်းအဝင်အပါ မြို့သာကိုးရွာဟုခေါ်သည်။ မင်းတုန်းမင်းတရားလက်ထက် ပုခန်းကြီးနယ်တွင်ရှိ၍ ယခုမြို့ငြိမ့်နယ်တွင်ပါဝင်နေပြီ။

မြို့သာကိုးရွာအမည်များမှာ ငတဲအုံရွာ၊ ကဲ့ပုတ်ရွာ၊ ဝမ်းတွင်းရွာ၊ ရွာမရွာ၊ တောင်တောရွာ၊ မြင်းတင်းကုတ်ရွာ၊ ညောင်ညိုရွာ၊ ကြက်ဆူအိုင့်ရွာနှင့် တောဝေးကန်ရွာတို့ဖြစ်၏။ ပုခန်းရှင်ဝိစာရ၏ ဥပဇ္ဈာယ်ဆရာတော်မှာ ဘကြီးတော်မင်းတရားလက်ထက်ကပင် မြို့သာကိုးရွာကိုးကွားထောက်ဆရာတော်ဖြစ်သည်။ ၁၁၆၀-ပြည့်ဖွားတည်း။ တောဝေးကန်ကိုးကွားထောက် ရှင်အရိယစံသသည် ပိဋကနှင့် ဂန္ထန္တရကျနလှသည်။ တပည့်စဉ်ဆက်ကြီးပွားစေရန် စာပေသင်ကြားလျက်ရှိသည်။



ဥပဇ္ဈာယ်ဆရာစဉ်

ဦးပုခန်း၏ ဥပဇ္ဈာယ်ဆရာစဉ်တို့မှာ မြို့သာကိုးရွာအဝင်ပါ တောဝေးကန်ဆရာစဉ် ၁၂-ပါး၊ ထိုထက် ပုခန်းဆက်သာသနာဦးစွာတည်ခဲ့သော ပုခန်းကြီး ရှင်သုဓမ္မစာရီမှအထက် ရှင်မဟာကဿပ၊ ရှင်အာနန္ဒာ၊ ရှင်ဥပါလိ တိုင်ဆက်သည်။ ရဟန်းသိက္ခာ ၆-ဝါအရွတ်ငင် မန္တလေးရွှေမြို့တော် ရာဇဂုရု စကုတိုက်ဆရာတော် မိုးကောင်းတိုက်ဆရာတော်များနှင့် ဒက္ခိဏာရာမတိုက် အာစရာဘိကဝိဇဓမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဘုရားကြီးတိုက်ဆရာတော် ရှင်အာစရ စသည့် စာချအကျော်အမော်တို့အထံ၌ ချဉ်းကပ်လျက် ပိဋကနိကာယ်စုံ ဂန္ထန္တရ၊ ဝိနိစ္ဆယစုံ ကုံလုံတတ်မြောက်တော်မူလျှင် တပည့်စာသင်သားတို့အားလည်း ဘုရားကြီးတိုက်တွင်နေစဉ် စာပေပို့ချတော်မူသည်။

ဘုရားကြီးတိုက်မှာနေစဉ် "သုဇာတာဘိသိရိဓဇဓမ္မသေနာပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု မိုးထားသာသနာပိုင်ဆရာတော် ရှင်သုဇာတ၊ ပဏ္ဍိတသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု မိုင်းခိုင်းဆရာတော်၊ သုဇာတာလင်္ကာရကဝိဇဓမဟာဓမ္မရာဇာဓိရာဇဂုရု အစရှိသော တံဆိပ်တွေ့ရ ဆရာတော်ကြီးများထံ၌လည်း သဒ္ဒါနည်း စသည်နှင့်တကွ ဝိနိစ္ဆယခက်ဆစ်အစုံ သင်ကြားဆည်းပူးခဲ့လေသည်။

o .... o .... o

ဆရာတော်ဦးပုခန်းအမည်

ဘုရားကြီးတိုက်တွင်နေစဉ် သဒ္ဒါဉာဏ်အမြင်သန်သည့်အလျောက် အဓိပ္ပာယ် အယူအဆ အထွက်အတက် စုဒ်စောဒနာ ဝါကျသွား ဝါကျလာဆန်းအလင်္ကာ နေတို့ ဟာရ ဉာဿကောက် စသောနည်းစုံပို့ချသဖြင့် စာသင်သားတို့နှုတ်ဖျားဌ်''စာချကောင်း လှပါပေသည်''ဟု ရေပန်းစားနေလေသည်။ ပုခန်းကြီးဇာဘိဖြစ်၍ **စာချဆရာတော်** ဦးပုခန်းဟု ဘွဲ့အမည်မတွင်ပဲ ဇာတိမြို့ကိုစွဲ၍ ထင်ရှားကျော်စောလေသည်။

ထိုအချိန်အထက်ကပင် သဒ္ဒါဉာဏ် ဆန်းကြယ်နိုင်နင်းမှုကြောင့် ဘုရားကြီးတိုက် ကျောင်းတော်တံခါးမျှားဖွင့်က တံခါးရွက်သံမမည်။ **ဥဒါဟရဏ်ကားဟူသော** သဒ္ဒါဝါ တို့သာ ဆူညံရိုက်ခနေသည်ဟု ဥဒါန်းစဉ်စကားရှိသည်။

အမရပူရမြို့ အဘိမမ္မာညဝါအကျော်ကျောင်းတိုက်မျှားဖြစ်သော မင်္ဂလာရာမတိုက်၊ တူးမောင်းတိုက်ကျောင်းတံခါးမျှားကိုဖွင့်လျှင် **ဟောဟန်ကား**ဆိုသောအသံမျှား ကြား နေသကဲ့သို့ဖြစ်သည်။

ဆရာတော်ဦးပုခန်းသည် သိမ်နှင့်စပ်၍ အဆုံးအဖြတ်မျှား၊ မှုခင်းဆုံးဖြတ်ချက် မျှားကို နည်းမျိုးစုံ ပိုင်နိုင်စွာဆုံးဖြတ်နိုင်သဖြင့် ပို၍ ဦးပုခန်းနာမည်ကြီးခြင်းဖြစ် သည်။ ဦးပုခန်းတည်းဖြတ်သော ကိုးခဏ်းကမ္မဝါစာနှင့် ပဗ္ဗဇ္ဇနိယကမ္မဝါစာတို့မှာ သာသနာဝင်ပုဂ္ဂိုလ်တိုင်း အသုံးပြုနေသည် မတုတ်လော။

ဤတွင် ပဗ္ဗဇ္ဇနိယကမ္မဝါစာ၌ အောက်ပါထူးခြားချက်မျှားကိုလည်း ဆုံးဖြတ် ထားသည်။

''ကိဋ္ဌာဂိရိတဿနိဂမဿနာမံ (ပ) သောဇနပဒေါတိ ကိဋ္ဌာဂိရိ ဣစ္စေဝသဒ္ဒံ ဂတော''စသော တေရသကဏ်ဝိနည်းဋီကာအရ ပဗ္ဗဇ္ဇနိယကမ္မဝါစာရွတ်ဖတ်လတံ့သော ရွာ၊နိဂုံး၊ မြို့ကိုကိဋ္ဌာဂိရိနိဂုံးဇနပုဒ်ဟုအမည်မှည့်၍ဌင်းရွာ၊ နိဂုံး၊ဇနပုဒ်၌တည်ရှိသော တစ္ဆေသူရဲ အစိမ်း မြေဘုတ် ဘီလူး မိစ္ဆာ ပြိတ္တာစသည်တို့ကို ညှင်းဆဲတတ်သောယုတ်မာ သော သတ္တဝါတို့ကို ''အဿဇိ,ပုနဗ္ဗသုက''ဟုအမည်မှည့်၍ ဘုရားဟောတော်မူသော ဤပဗ္ဗဇ္ဇနိယကမ္မဝါစာအတိုင်း ရွတ်ဖတ်ခြင်းသည် ကျမ်းဂန်တို့နှင့် အလွန်သင့်လျော် ညီညွတ်နှီးနှောသောကြောင့် အတိသုန္ဒရ၊ အတိပသတ္ထဖြစ်သည်'' ဟူ၍လည်းကောင်း၊

'ဘုရားဟောတော်မမူပဲ ပဗ္ဗဇ္ဇနိယကမ္မဝါစာကို အသစ်ပြုပြင်ပညတ်၍ မိမိရွတ် ဖတ်ခြင်း၊ သူတပါးကို ရွတ်ဖတ်စေခြင်းသည်

"အပညတ်တံန ပညာပေတဗ္ဗံ၊ ပညတ်တံဝါနသမုစ္ဆိန္နိတဗ္ဗံ" ဟူသော ဘုရားဟောပါဠိတော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လိမ့်မည်ထင်သည်" ဟူ၍လည်းကောင်း၊ ဤသို့ စသည်ဆိုးဖြတ်ထားလေသည်။

ကိုးခန်းကမ္မဝါစာတံငါးလည်း အချို့ပါဠိများကို အထောက်အထားစုံလင်စွာ ဆိုးဖြတ်ထားသည်။ "ဥပစ္စာယ" ရှာသ, အလိုဒ္ဒဘော်ကင်းသည်။ ရှုပသိဒ္ဓိအလို ဒ္ဒဘော်နှင့် ဥပဇ္ဈ = ဥပဇ္ဈာယ—သာ ရှိသင့်သည်။ "အဏော" ကို နတ္ထိဣကဏ်အဿာတိ အဏော-ရှု-ဋ္ဌိ-မုဒ္ဓဇ-ဏကြီးနှစ်လုံးနှင့် အဏော သာသင့်သည်။ ဤသို့စသည် စာသုံးဖြတ်လေသည်။

ဆရာတော်ဦးပုခန်းသည် မန္တလေးမြို့ဘုရားကြီးတိုက်တွင် နှစ်ပေါင်း ၃၆-နှစ်ကြာ မျှစာပေပို့ချ ကျမ်းရေးသာသနာပြုသည်။ သဒ္ဒါကြီးနိဿယသစ်မှာ အစုံလင်ဆုံး နိဿယည်းဟုဆိုဖြစ်၏။ ဗျဥ္ဇနဗုဒ္ဓါဒိဒီပနီ၊ ကပ္ပဝိနိစ္ဆယ၊ ဗုဒ္ဓဂုဏပကာသနီစသော ကျမ်းများစာတို့ကို စီရင်တော်မူသည်။ ပခုက္ကူမြို့ကျောင်းဒကာ ဦးလည်ဆဲ့ ဒေါမင်းယုန်တို့မိသားစုတို့က ခမ်းနားသော လေးထပ်ကျောင်းကြီးနှင့်အရာမ်ကျောင်းများဆောက်လုပ်လှူဒါန်းသော စေတနာကိုငဲ့ညှာလျက် နောက်ပါစာသင်သား ၅၀-ကျော်တို့နှင့်အတူ ပခုက္ကူမဟာဝိပုလာရာမကမ္မည်းရေးထိုးသည့်တိုက်ကြီးကို အလှူခံလျက် သာသနာပြုတော်မူသည်။

၁၃၀၂-ခုနှစ်တွင် သက်တော် ၇၈-နှစ် သိက္ခာ ၅၈-ဝါအရ ထိုကျောင်းတိုက်မှာပင် သာသနာပြုစာပေပို့ချ ဟောပြောဆုံးမတော်မူယင်းပင် ပြန်လွန်တော်မူသည်။

o .... o .... o

ရှုထောင့်စုံ သုံးသပ်ချက်

မည်သည့် ရှုထောင့်အနေနှင့်ကြည့်ကြည့်၊ ဤပုခန်းဆက် သာသနာ့နယ်မြေသည် ဘက်စုံထွက်ပေါ်လာရာဖြစ်၍ စုံလင်သမျှစုံလင်အောင် ဖေါ်ထုတ်ခဲ့လေပြီ။

ရှုထောင့်အဖုံဖုံတွင် သာသနာရေးဘက်မှ သာသနာပိုင်များ ရာဇဂုရု မင်းစံတံဆိပ်ရများ၊ မင်းစံတံဆိပ် မလိုလားသည်များ၊ တံဆိပ်မရခဲ့သော်လည်း စာတတ်ပုဂ္ဂိုလ်ကျော်များ၊ မင်းအဆက်ဆက်၌ ပေါ်ထွက်ခဲ့သော ဆရာစဉ်များကိုလည်း ဖော်ပြခဲ့လေပြီ။

လူမှုရေး၊ ယဉ်ကျေးမှု၊ ရွာထောင့်ဘက်ကဆိုလျှင် မြန်မာမှုစရိုက်ဓလေ့ ပုခန်းဆက်သာသနာနှင့်မကင်းသော စာပေများ၊ စာဆိုများ၊ ပုခန်းသွေးပါသောမင်းများကိုပါ သိခွင့်ရခဲ့ကြလေပြီ။

ထို့ပြင် ပုခန်းဆက်ယဉ်ကျေးမှုဆိုင်ရာကျန်ရှိသောမြို့ရိုး ခံတပ်ဟောင်းများလည်း ယခုတိုင် တွေ့မြင်နိုင်ကြရပေသည်။ ယင်းမြို့ရိုးကိုကြည့်လျှင် အကျယ်အဝန်း ၃–ဖာလုံ၊ ပတ်လည်စတုရန်း ၁၂-ဖာလုံအဝန်းရှိ လေးထောင့်ကျ ရေကျုံး၊ စသည့် ရှင်းများလည်း တွေ့နိုင်ကြရဦးမည်။

မြို့ရိုးအမြင့်ပေ ၂၀–ခန့်ရှိ၍ အုဋ္ဌကျိုးများကိုလည်း တွေ့ရသည်။ အုဋ္ဌမှာ အလျား ၁၆-လက်မ၊ အနံ ၈-လက်မ၊ ဒု ၂-လက်မခန့်ရှိ အကြွင်းအကျန်များ မြင်ရသဖြင့် ရှေးခေတ်ဟောင်း အောက်မေ့တသ,ဖွယ်ဖြစ်သည်။

ယင်းမြို့ရိုးဟောင်းကို ဗဟိုပြုလျက် အရှေ့လက်၊ အနောက်လက်၊ တောင်လက်၊ ၄မြောက်လက်ဟု ခေါ်ကြရာ ယခု-အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်ဟု လေးပြင်လေးရပ် သတ်မှတ်ခေါ်ကြလေပြီ။

အင်္ဂလိပ်အစိုးရက မြို့ရိုးကြီးကိုကျော်ဖြတ်ကာ ပခုက္ကူနှင့် မုံရွာကားလမ်းမအဖြစ်ဖောက်ထားရာ လမ်းမကြီးနှင့် ခရီးသွားလာနိုင်သောမြို့များမှာ ချင်းတွင်းအနောက်ဘက် ကားလမ်းတလျှောက် ပခုက္ကူသို့လည်းကောင်း၊ ထိုမှ ဂန့်ဂေါ၊ ယော၊ ဆော၊ လောင်းရွာ၊ မင်းတပ် စသည်သို့လည်းကောင်း ဆက်သွယ်ထားလေသည်။

ပုသိမ်နှင့်မုံရွာ ဖောက်လုပ်ဆဲကားလမ်း၏ စနားရာကွန်းတထောက် ဖြစ်လာတော့ပေမည်။ ရေစကြို၊ မြိုင်၊ ပုလဲ၊ ကြောင်ဆင်း၊ ထီးလင်းနှင့် ဖိုဝန်းတောင်၊ အလောင်းတော်ကဿပ စသည်နယ်မြေများသို့ ခရီးနှင်ရာ ပုခန်းကြီးမြို့သည် ရှေးက အလွန်စည်ကားပုံဖြိုးမည့်မြို့ကြီးဟု ခန့်မှန်းနိုင်သည်။

သီပေါမင်းတရားလက်ထက် (၁၂၄၅-ခုနှစ်) နိုင်ငံတော်အတွင်း ဆယ်ဌာနခရိုင်အဖြစ် ခွဲဝေသတ်မှတ်လျက် ခရိုင်ဝန်ရုံးတော် ခန့်အပ်အုပ်ချုပ်စေခဲ့ရာ၌၊ ပုခန်းကြီးနှင့်တကွ- ယောမြို့၊ ဆောမြို့၊ လောင်းရွာမြို့၊ ထီးလင်းမြို့ စသည်မျိုးကို ဝပုံချ ၆-ဌာနတွင် ပါဝင်လေသည်။

သီပေါမင်းလက်ဆက် ပုခန်းကြီးမြို့ ခရိုင်ဝန်အဖြစ်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များမှာ သူရဲဝန်လက်ဝဲဝင်းတော်မှူးဟောင်း မင်းကြီးမဟာမင်းခေါင်သူရိန်ဖြစ်၏။ သီပေါမင်းခေတ်မတိုင်မီက ပုခန်းကြီးမြို့စား ခန့်အပ်အုပ်ချုပ်လေသည်။ ပုခန်းကြီးကား သာသနာဝင်ဆက်သာမက မင်း၊ မင်းသား၊ မိဖုရား၊ သမီးတော် စသည်တို့အောင်မြေဖြစ်သည်။

အနော်ရထာမင်းသည်လည်းကောင်း၊ ကျန်စစ်မင်းသည်လည်းကောင်း၊ ဤပုခန်းကြီးအောင်မြေနှင်း၍ မင်းဖြစ်ခဲ့သည်မဟုတ်လော။ မင်းတုန်းမင်းသားလေးသည်လည်း ငယ်ရွယ်စဉ်အခါက ပုခန်းအောင်မြေတွင် ကြာမြင့်စွာနေ၍ မင်းဖြစ်ခဲ့သည်ကို သမိုင်းကြောင်းက ထောက်ပြခဲ့လေပြီ။

ထို့ပြင် ဘိုးတော်၊ သားတော်၊ ဓမ္မရာဇာမင်းခေါင်လည်း ပုခန်းကြီးမြို့စား၊ အနုပညာရှင် ဂီတစာဆိုတော်ဖြစ်၏။ သီပေါမင်းအမတော် ထိပ်စုဖုရားလည်း ပုခန်းကြီးမြို့စားပင်ဖြစ်သည်။

ပုခန်းအောင်မြေရပ်မှ ပုခန်းဆက်သာသနာဝင်အကျော်အမော် ဆရာတော်များ၊ မင်းညီမင်းသား သမီးတော်၊ စသောအနုပညာရှင်များ ပေါ်ထွက်ရုံဖြစ်၍ ရှုထောင့်စုံပင်တွေ့နေကြရလေပြီ။

****

ဓမ္မသတ်မျှား

ပုခန်းဆက်သာသနာဝင် ပုဂ္ဂိုလ်ကျော်များနည်းတူ နန်းတွင်းရေးနှင့်တကွ ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံး၊ လျှောက်ထုံး စသည်တို့ဖြင့် ရှေ့တန်းမှ အမှုတော်ထမ်းဆောင်ကြသော ဝန်ကြီး၊ မှူးကြီး၊ မင်းသား၊ မင်းသမီး၊ စာဆိုတော် စသည်တို့သည်လည်း လွန်စွာများလှသည်။ ယင်းဓမ္မသတ်ဖြတ်ထုံးများကို တတ်ကျွမ်းလိမ္မာကြသော လူပုဂ္ဂိုလ်ကျော်တို့လည်း များလှ၏ဟု ဆိုရပေသည်။

၁၁၂၅-ခုနှစ် အင်းဝဆင်ဖြူရှင်လက်ထက် ပုခန်းကြီးဗျသီးရွာစား၊ ဝဏ္ဏဓမ္မကျော်ထင်သည် တောင်ဖိလာပုဂ္ဂိုလ်ကျော်နှင့် ကိုင်းရွာစား တရားသူကြီးတို့ စီရင်ခဲ့သော မနုသာရဓမ္မသတ်ကျမ်းဟောင်းပါဠိဆယ်တဲ့ကို အသစ်ပြုပြင် နိဿယည်းအဖြစ် စီရင်လေသည်။

ယင်းကိုပင် မနုဝဏ္ဏနဓမ္မသတ်ပါဠိ နိဿယည်းကိုလည်း တီထွင်ရေးသားခဲ့လေသည်။

ပုခန်းကြီးမြို့ရှာ ရှင်အရိယမဉ္ဇုဃောရက မနုစကားပြေ ဓမ္မသတ်ကျမ်းကိုလည်းကောင်း၊ ကျော်အောင်စံထားတပည့် မဲထီးရွာရှင်ခေမာစာရက ဝိနိစ္ဆယရာဇဓမ္မသတ်ကြီး (၇)တဲ့ကိုလည်းကောင်း၊ ပုခန်းကြီးချောင်းကောက်ရွာသက်ပန်းအတွင်းဝန် ရာဇပလကျော်ထင်ကလည်း မောဟဝိစ္ဆေဒနီဓမ္မသတ်ကျမ်း (၃)တဲ့ကိုလည်းကောင်း စီရင်ခဲ့လေသည်။

သက်ပန်းအတွင်းဝန်စီရင်သော မောဟဝိစ္ဆေဒနီဓမ္မသတ်ကျမ်း (၃)တွဲတို့ကို ရွှေ့နေ ခုံသမာဓိပြုလုပ်သူတို့က ''ဓမ္မသတ်ဂဏ္ဌိ'' ဟု ခေါ်ဆိုကြ၏။ သက်ပန်းအတွင်းဝန်သည် ယင်းဓမ္မသတ်ကျမ်းများအပြင် မဟာပုရိသလက္ခဏာပျို့ကိုလည်းကောင်း၊ မုဒ္ဓါဘိသေကမော်ကွန်းကိုလည်းကောင်း စပ်ဆိုရေးသားခဲ့သော ပညာရှိဆရာတော် လူထွက်ဖြစ်သည်။

ပုခန်းငယ်ခုံ အတုလကျော်စွာတောင်းပန်၍ ပုခန်းကြီးမြို့ ဗန္ဓကျိတိုက်လောက်မြင့်ရှာ နန္ဒမာလာဘိဝံသ သီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုထေရ်စီရင်သော မနုဓမ္မသတ်ကျမ်းကိုလည်းကောင်း၊

ဟံသာဝတီရောက်မင်း အိမ်ရှေ့အဖြစ် စဉ့်ကူးမြို့စားစဉ် ''စဉ့်ကူးမင်းချင်း'' ကို ဖွဲ့သော ကန့်ကူလက်လွဲငယ်ဆရာပုခဲန်းကြီးမြို့ ရှင်ဗုဒ္ဓက်ရ စီရင်သော ရွှေမျည်းဓမ္မသတ်ကိုလည်းကောင်း၊ ခုံတရားသူကြီးများ လက်စွဲပြုကြရသည်။

ဓမ္မသတ်မှာ လောကနီတိ၊ ဓမ္မနီတိ၊ စသောကျမ်းလာ ဓမ္မသတ်ဆိုင်ရာများဖြစ်၏။ ယင်းဓမ္မသတ်ကျမ်းကို လိမ္မာကျမ်းကျင်ခြင်းမှာလည်း လောက၌ ပညာရှိအင်္ဂါလက္ခဏာများဖြစ်၏။ ပညာရှိတို့ နှိုးနှောရာလည်းဖြစ်၏။

အနာထပိဏ်သေဋ္ဌေးနှင့် ဇေတမင်းသားတို့ ဥယျာဉ်ခြံမြေ အရောင်းအဝယ် ပြုရာ၌ ရောင်းအပ်၊ မအပ်သည်ကို သာဝတ္ထိပြည်သား ခုံတရားသူကြီး စီရင်ထုံးရှိသည်။

ဖြတ်ထုံး လျှောက်ထုံး

ဓမ္မသတ်ကျမ်းနှင့်အညီစီရင်သော ဆုံးဖြတ်ချက်ကို ဓမ္မသတ်ဖြတ်ထုံးဟု ခေါ်သည်။ မဟော်သဓါဖြတ်ထုံး၊ သုဓမ္မစာရီဖြတ်ထုံး၊ ဒဋ္ဌတ်တပေါင်ဖြတ်ထုံး၊ အလောင်းစည်သူဖြတ်ထုံး၊ အတုလဖြတ်ထုံး၊ တွင်းသင်းမင်းကြီးဖြတ်ထုံး စသည်များဖြစ်၏။

တွင်းသင်းမင်းကြီးဖြတ်ထုံးမှာ ရှေ့နေတရားသူကြီးတို့လဲ ဆိုလျှောက်ထားဟန်၊ တရားသူကြီးတို့ ကောက်ချက်ချဟန်များပါ၏။ အင်းစောက်ချခုံပုံဇယား ဓမ္မသတ်ကျမ်း၊ ဓမ္မသတ်လင်္ကာ၊ ဓမ္မဝိလာသလင်္ကာ၊ အင်္ဇသံခိပ်လင်္ကာ စသည်တို့လည်း စီရင်ဆုံးဖြတ်ရာ ဓမ္မသတ်ဖြတ်ထုံးများဖြစ်သည်။

ဖြတ်ထုံးများရှိသကဲ့သို့ မဟာပညာကျော်လျှောက်ထုံး၊ ဦးပေါ်ဦးလျှောက်ထုံး၊ ရေစကြိုလျှောက်ထုံး၊ ဦးမိုင်းလျှောက်ထုံး၊ စသည်များလည်း ရှိသည်။ လျှောက်ထုံးဆိုသည်မှာ ဓမ္မသတ်ကျမ်းများကိုးကားပြီး တရားသူကြီးတို့ သဘောပေါက် နားလည်ရန် ကြောင်းကျိုးဆင်ခြင် ဥာဏ်အမြင်ဖြင့် စီစဉ်လျှောက်လဲချက်များ ဖြစ်၏။

ခုံတရားသူကြီးဂုဏ်အင်္ဂါများ

၂။ အနိုင်အထက် မပြုလုပ်ရခြင်း၊
၂။ အဂတိလေးပါးသို့ မလိုက်ရခြင်း၊
၃။ အမှုနှင့်သင့်လျော်စွာ စီရင်ရခြင်း

ဟူ၍ ခုံတရားသူကြီးတို့ ပြည့်စုံရမည့်ဂုဏ်အင်္ဂါများကို ဓမ္မပဒအဋ္ဌကထာ၌ ဖော်ပြထားသည်။

ယင်းတရားသူကြီးတို့ ပြည့်စုံကြရမည့် အင်္ဂါရှစ်ပါးကိုလည်း—
"ရှစ်ပါးအင်စုံ၊ တရားခုံ၊ ပါယ်ဘုံမြောက်ထောက်တွေး"

ဟူ၍ ကဝိလက္ခဏသတ်ပုံ (၁၆၀)၌ဆိုသည်။ အဓိပ္ပာယ်မှာ ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောတရားသူကြီး ခုံသမတ် (သမာဓိ)တို့မှာ ဒုဂ္ဂတိအပါယ်ဘုံသို့ မလားရောက်စေပဲ သုဂတိဘုံသို့သာ လားရောက်နိုင်အောင် မြောက်ထောက်ဆုံးဖြတ်ကြရမည် ဟူ၏။

"မျိုးနွယ်သန့်ရှင်း၊ သတင်းကျေးဇူး၊ ဂုဏ်ထူးကျော်ဝန်၊ ဖြောင့်မှန်သစ္စာ၊ ပညာထင်ရှား၊ စကားချိုသာ၊ လိမ္မာနက်နဲ၊ နှိုက်နှဲယူငင်၊ တရားရှင်ဟု၊ ငါလျှင်ထင်ရှား၊ အင်္ဂါရှစ်ပါးနှင့် မှတ်သားလောက်လုံ၊ အများယုံသည် ခုံသမတ်တို့၊
စသည်ဖြင့် တွင်းသင်းဝန်ဆို-ဇနကပျို့၌ တွေ့ရှိရသည်။


"ဓမ္မသတ်လည်း မတတ်စရာ၊ တော်တည့်စ္စာသား၊ ပြည်ရှာဟူသည်၊ ပြည်သူစည်မှ၊ ပြည်၏ကျက်သရေ၊ တက်လေလေတည့်"

ဆိုသည့် မဂ္ဃဇိုးခန်းပျို့လာအတိုင်း ခုံတရားသူကြီးတို့မှာ ဓမ္မသတ်ကျမ်းဂန်တို့ကို တတ်မှန်လိမ္မာအောင် လေ့လာအားထုတ်ကြရသည်။

"ဓမ္မသတ်လည်း မတတ်စရာ တော်တည့်စ္စာသားဆိုရာ၌ ဓမ္မသတ်ကို မတတ်သေး့ လည်း တော်တည့်လျှင်ပြီးသည်ဟု ယူဆကြသည်။ မတတ်မူ၍ တော်တည့်သောအရာ မည်သည်- လောကကြောင်း၊ ဓမ္မကြောင်း၌မထင်ဟု ဆိုသည်။

"တရားဓမ္မသတ်၊ လောကဝတ်လည်း၊ တတ်မှတုံသာ၊ ခဲယဉ်းစ္စာလျက်၊
စဉ်လာထုံးကြန်၊ ရှေးသူမှန်တို့၊ မှန်ကန်မြွက်ဟ၊ မိုးဝယ်လသို့"

ဟူ၍ ငရဲခန်းပျို့နှင့်အညီ ဓမ္မသတ်ကျမ်းကို တတ်ကျမ်းကြရမည်ဟု ဆိုလို၏။ မတတ်စရာ၌ မတတ်ရသည်မဟုတ်၊ မတတ်စရာကို တတ်သည်။ မလှစရာ လှသည်။ မလှစရာ-လှစရာ၊ မခက်စရာ-ခက်စရာ၊ မလွမ်းစရာ-လွမ်းစရာ၊ စပ်ထုံးကဲ့သို့မှတ်ရာ၏။



ခုံတရားသူကြီးများ

ပုခန်းအောင်မြေအရပ်မှ ခုံတရားသူကြီးများတွင် ရေစကြိုဦးမှူင်းသည် နှလုံး၊ လက်ရုံးအရည်ပြည့်ဝသည်။ ရှင်ပင် ရှေ့လဝင်းစေတီတော်နှင့် မင်းအိုကျောင်းတိုက် ဒါယကာဖြစ်သည်။ ခုံမင်းကြီးဦးထိန်လည်း ရေစကြိုဇာတိဖြစ်သည်။ ဘကြီးတော်မင်း လက်ထက် မဏိပူရစစ်ပွဲတွင် ဦးမှူင်းသည် ဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူရသည်၊ ပုခန်းကြီးမြို့ဝန်အဖြစ်လည်း ဆောင်ရွက်ခဲ့ဘူးသော ခုံတရားသူကြီးဖြစ်သည်။

ဦးမှူင်းမှာ ရေစကြိုဦးမှူင်းနှင့် ပုခန်းကြီးဦးမှူင်းဟူ၍ နှစ်ဦးရှိသည်။ ယင်းနှစ်ဦးလုံးပင် ခုံရုံးတရားသူကြီးများဖြစ်သည်။

ပုခန်းကြီးမြို့မ ခုံမင်းကြီးဦးရန်ဝေးသား ခုံမင်းဦးထွန်းအောင်၊ ပုခန်းရှေ့နေကြီး ဦးရွှေညွှင်း၊ ဦးတူ၊ ပုခန်းကြီးမြို့ ကျေးလက်၊မြေဖြူကျင်းရွာ ခုံမင်း ဦးမောင်၊ နေရင်းရွာ ခုံမင်းဦးမြတ်သာ၊ ညောင်ပင်ရွာ ခုံမင်းဦးဗြေသာ၊ ပုခန်းငယ်ခုံမင်း အတုလကျော်စွာ၊ ပုခန်းကြီးခုံမင်း ဦးရွှေခဲ၊ ဦးထွန်းမောင်၊ ဦးရွှေသင်း၊ ဝန်စာရေးခုံမင်း ဦးရွှေဆင့် စသည်တို့မှာ "ပုခန်းသားစကားကြွယ်"ကြသော ခုံမင်းများပေတည်း။

o .... o .... o

ပုခန်းကြီးမြို့ဝန်များ

သီပေါမင်းလက်ထက် ပုခန်းကြီးခရိုင် စီရင်စုထားလျက်၊ ခရိုင်ဝန်ထား အုပ်ချုပ်စေရာ၌ ဆောင်ကြီးရွက်ကြီး အစီးအနင်းများချီးမြှင့်၍ ကိုယ်ရံသေနယ်စွဲရသူ ရဲ-၃၀ စီ ပေးအပ်လျက် ခရိုင်ဝန်စုပါမြို့ရွာသို့ သွတ်သွင်းသွားရောက် နေထိုင်ထမ်းရွက်ကြရသည်။

ခရိုင်ဝန်အဆင့်အော-က်မြို့ဝန်ထားရာ ပုခန်းကြီးမြို့ဝန်များမှာ သီပေါမင်းမတိုင်မီက ထားခဲ့လေသည်။ ယင်းတို့မှာ—ရေနံချောင်းမြို့သား၊ မြေနန်းဝန် ဦးကျောက်လုံး၊ ဦးဗြောင်းတို့ဖြစ်၏။

ထိုနောက် စစ်ကိုင်းမြို့သား ဦးလပ်ကြီး၊ အောက်ပြည်အောက်မြို့ ဟင်္သာတ ဦးကြယ်၊ စစ်ကိုင်း ကျောက်တောဇာတိ ဦးသာမှု၊ မင်းတင်သီဟိုလ် ပုခန်းသား ဦးရွှေတုတ်၊ မင်းတုန်းမင်းတရား မြောက်နန်းမိဖုရား (ခင်သဲ၏မောင်) ညောင်ကန်သား ဦးဖိုးမောင်၊ ပုခန်းသား ဦးသာအို၊ ပုခန်းသားဦးမောင်မောင် စသည်ကိုမှာ မြို့ဝန်များဖြစ်သည်။ ပုခန်းမြို့ဝန်ဦးရိပ်သည် ပုခန်းကြီးမှာပင် သုံးကြိမ်တိုင် မြို့ဝန်ဖြစ်ခဲ့ဘူး၍ ပုခန်းခွေးပြုတ်ရွာ ဇာတိဖြစ်၏။

ယင်းမြို့ဝန်ဦးရိပ်မှာ ယခု- ပုခန်းဆက်သာသနာဝင် နောက်ဆက်တဲ့ပါဝင်သော ရန်ကုန်မြို့ **ကျားကူးဓမ္မဗိမာန်ဆရာတော် ရှင်စက္ကိန္ဒာဝစရိယ၏** အဘိုးဖြစ်သည်။ ၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတွင် မြို့ဝန်ဦးရိပ်အား လူဆိုးဓါးပြတို့ ဖမ်းဆီးသတ်ဖြတ်ကြသည်။

ဗြိတိသျှ အင်္ဂလိပ်အစိုးရလက်ထက်တွင် ပုခန်းကြီးမြို့—မြို့ပိုင်ပုလိပ်(ရဲ) ဌာနာတို့ဖြင့် အုပ်ချုပ်ကြသည်။ အင်္ဂလိပ်အစိုးရခေတ်၌ ဦးလူသာမှာ မြို့ပိုင်ဦးစွာဖြစ်၏။ သို့ရာတွင် ချင်းတွင်းမြစ်ကြောင်းပြောင်းလဲ၍ ရေကြောင်းသွားလာရေး၌ အခက်အခဲကြောင့် အစိုးရရုံးဂါတ်များကို အခြားဌာနသို့ ရွှေ့ပြောင်းကြရသည်။

အခြားဌာနဆိုသည်မှာ ပုခန်းကြီးမြို့နယ်အပါအဝင် ရေစကြိုသို့ မြို့ပိုင်ရုံးကို လည်းကောင်း ပုလိပ်(ရဲ)ဌာနကို ပုခန်းငယ်သို့လည်းကောင်း၊ ပြောင်းရွှေ့ထားလေသည်။

ပုခန်းကြီးမြို့သည် မြို့ဂုဏ်အင်္ဂါယုတ်လျော့စပြီးလျှင် ရွာကြီးတရွာအဖြစ် ယခုတိုင် တည်ရှိနေသည်။ မြို့သူကြီးအုပ်ချုပ်ရာ ဖြစ်သွားလေသည်။

ရှေးကျေးရွာဟောင်းကြီးအဖြစ် တည်နေပါသော်လည်း ပုခန်းကြီးမြို့ ဆရာတော်နှင့် လူပုဂ္ဂိုလ်တို့ အမြော်အမြင်ကြီးမားမှုဖြင့် ပုခန်းကြီးပညာရေး မယုတ်လျော့ပေ

ပုခန်း ခဲလူတိုက်ဆရာတော် ရှင်ပညာဇောတသည် ခလေးငယ်များ ပညာရေးမေနိမ့်ကျရန် ၁၉၀၀-ပြည့်နှစ်ကစ၍ အစိုးရအသိအမှတ်ပြု အလယ်တန်းက ၁၀-တစန်းကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၁၀-တန်းကျောင်းနှင့်တွဲဘက်၍ မူလတန်း ဆရာဖြစ်သင်တန်းကျောင်းကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၄၂-ခုနှစ်တွင် အင်္ဂလိပ်ဂျပန် ဒုတိယကမ္ဘာစစ်ဖြစ်ရာကစ၍ ၁၀-တန်းကျောင်းနှင့် မူလတန်း ဘာရာဖြစ်သင်ကျောင်းများ ဖျက်သိမ်းထားရလေသည်။

၁၉၅၃-၅၄ခုနှစ်၊ လွတ်လပ်သောမြန်မာနိုင်ငံဖြစ်လာသောအခါ ပုခန်းကြီးတွင် မူလတန်းနှစ်ကျောင်းမျှသာ ဖွင့်လှစ်နိုင်တော့သည်။

၁၉၆၂-ခုနှစ်တွင် တော်လှန်ရေးကောင်စီခေတ်ကစ၍ ပြည်သူ့ရဲစခန်း၊ အဝယ်ဒုံင်၊ ကျေးရွာကျန်းမာရေးဌာန ဆေးပေးခန်းများတိုးခွဲလျက် ပုခန်းကြီးအမည်တဆင့် လိုက်ဘက်ရုံရှိလာပြီဟူ ဆိုနိုင်လေသည်။

···· o o ····

စီးပွားရေးရှုထောင့်

ပုခန်းကြီးအား ရှုထောင့်စုံကြည့်မြင်ရန် လွယ်ကူလိမ့်မည်မဟုတ်ပါပေ။ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်တို့ကို ဘက်စုံအောင်သုံးသပ်ရန် ကျယ်ဝန်းလေသည်။

လက်တကမ်းထိတွေ့ရာ အချက်များကိုသာခြုံငုံ၍ တင်ပြရခြင်းဟု ဆိုနိုင်သည်။ အချို့ ပုခန်းဆက်မကင်းရာ အကြောင်းအရာများကျန်ခဲ့ပါလျှင်, ဤစာတမ်းပြုစုသူ၏ ချို့ယွင်းချက်ဟု မှတ်ယူနိုင်သည်၊ ပုခန်းဆက်မကင်းရာများကို တကယ်စုစီခွဲခြားနေလျှင် ရှင်လျားသောသမိုင်းတစောင် ဖြစ်နေပေလိမ့်မည်။

မှန်၏။ စီးပွားရေးရှုထောင့်အမြင်ကပင် ကျယ်ဝန်းလှရာ၊ ပုခန်းထွက်ကုန်မျိုးစုံ၊ ပုခန်းဝန်းကျင် သုခုခအနုပညာ၊ အလုပ်အကိုင်တို့ကိုသာ မာတိကာ-ခေါင်းစဉ်သဘောမျှ ချဉ်း၍၊ ချုံး၍ ဖေါ်ပြလိုသည်။ အသေးစိတ်နေပါလျှင် အဘယ်မှာလျှင် ကုန်နိုင်တော့မည်နည်း။

ပုခန်းကြီးဝန်းကျင်တွင် ပထဝီမြေနု ကိုင်း- ကျွန်း- ကုန်းများတည်ရှိ၍ ကုန်ပစ္စည်းမျိုးစုံထွက်ရာ ဒေသတခုဆိုနိုင်သည်။

နာမည်ကြီး ရှင်မ, တောင်တန်းကြီးမှ စီးကျရာရေနှင့် ချင်းတွင်း၊ ရောဝတီမြစ်ရေတို့တက်၍ရေကျရာ နဲ့ ဒေသမြေကျွန်းနုများဖြစ်လာ၍ စပါး၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်စသည်တို့ဖြစ်ထွန်းရာဒေသ ပြောင်း၊ နှမ်း၊ ဝါ၊ မြေပဲ စသောသီးနှံစုံ စိုက်ပျိုးနိုင်သည်။ သဘာဝထွက်ကုန် ပစ္စည်းစုံတို့ကို ပုခန်းနယ်မြေမှ တခြားမြို့ရွာဒေသများသို့ ဖြန့်ဖြူးရောင်းချရသည်အထိ ဆိုနိုင်သည်။

ထန်းလျက်များလည်းအများဆုံးထွက်၍ထန်းလျက်သိုမှီးရာဂုံဒေါင်ကြီးငယ်များကို မြင်ခြင်းဖြင့်ခန့်မှန်းလွယ်သည်။ မြို့ငှ, ယောနယ်ဖြစ်၊အဝတ်အထည်၊ပင်နီပင်ဖြူ၊ယောထမီ၊ ယောပုဆိုးများ၊ ယောနယ်ထွက်၊ ဆေးလိပ်ဖက်များစသည်တို့ အများဆုံးထွက်ရာလည်းဖြစ်သည်။ မြစ်ရေကျဆင်းရာ ကိုင်းကျွန်းမြေနုများတွင် ဆေးပင်များစိုက်ပျိုးကြ၍ မြန်မာနိုင်ငံအဝန်း အသုံးပြုနိုင်လောက်အောင်ရှိသည်။ ခေတ်ပေါ် ဗာဂျီနီယာဆေးရွက်များကြောင့် ပုခန်းနယ်သူနယ်သားတို့ စီးပွားဖြစ်ထွန်းလျက်ရှိကြသည်။

ထို့ပြင် ပုခန်းကြီးကျေးလက် ကံဖြူ၊ ကပိုင် စသောရွာတို့မှာ ဖျာ၊ ယိုင်၊ ခြင်းတောင်း စသော ဝါးနှီးဆိုင်ရာလုပ်ငန်းများ၊ ထန်းခေါက်ဖာ။၊ ပခုံး၊ နှီးတောင်းအမျိုးမျိုး၊ ထန်းလျက်တောင်း၊ သနပ်ခါးတောင်း၊ မန်ကျည်းဖိုတောင်း စသည်များ စကော၊ စကာ၊ ယပ် စသော လူ့အသုံးအဆောင်များပြုလုပ်ရာ ကျေးရွာများဖြစ်သည်။

ရှင်မတောင်တန်းနှင့် မြို့ငှမြောက်ဘက် တောင်တန်းတဝိုက်တွင် မန်ကျည်းသီး သနပ်၊ သနပ်ခါး၊သီးခေါက်၊ ညောင်ခံမြစ်၊ အော်လဲ၊ သက်ရင်း၊ စောင်းချမ်း၊ဆူးခေါက်နက် စသည့် ဆေးဘက်ဝင်ပစ္စည်းများလည်း သဘာဝအလျောက် အလေ့ပေါက်ရောင်းကုန်ပစ္စည်းများ ဖြစ်သည်။

သံထည်နှင့် ပန်းဘဲလုပ်ငန်းဆိုင်ရာ ဓား၊ ဓားမ၊ တံဇွန်၊သံယောက်မ၊ ပုခက်ချိတ် ယက်ဖောက်ဝင်ရိုး၊ လှည်းဖနှောင့်၊ သံဂွ၊ တူရွင်း၊ စူးဆောက်၊ ခက်ရင်း စသော လူသုံးကုန်ပစ္စည်းများကို မြန်မာနိုင်ငံအထက်အောက်အနှံ့ ဖြန့်ဖြူးရောင်းချပေးရာဒေသဖြစ်သည်။

ဆင်တဲရွာမှ ဆင်တဲထီးကို မသိသူမရှိသလောက် ထင်ရှားပေါ်ထွက်ခဲ့သည်။ ပုဘရွာမှဆိုလျှင် ဝါးနှင့်ဆိုင်ရာ လက်မှုလုပ်ငန်းပိုင်ရှင်များ နေကြသည်။ ဇီးနှင့်ဆိုင်ရာ ဇီးတော်ဖိ၊ ဇီးပြား၊ ဇီးယို၊ ဇီးပေါင်းစသည်တို့မှာ ပုခန်းထွက်ကုန်ပစ္စည်းတွင် အများသုံးကုန်မျိုးတွင်ပါဝင်သည်။ တောင်စဉ်မင်းကန်ရွာ ကျောက်လုပ်ငန်းမှာ လမ်းခင်းရာ၌ အများဆုံးပါဝင်နေသည်။ ထို့ပြင် သဲဆပ်ပြာ၊ ဆားတို့မှာ နယ်မြေထွက်ကုန်များဖြစ်၍ ပုခန်းဝန်းကျင်ကျေးရွာတို့မှ မြေအိုး မြေခွက်စသောလုပ်ငန်းများ၊ ယက္ကန်းလုပ်ငန်း၊ ပန်းတိမ်၊ ပန်းဘဲ၊ ပန်းရုံစသည့်လုပ်ငန်းများလည်း အများဆုံးထုတ်လုပ်ရာဒေသများဖြစ်သည်။

သို့ရာတွင် ရှထောင့်အဖုံဖုံ ဘက်စုံထွက်ရာပုခန်းနယ်သည် ပြန်လည်၍စည်ပင်ဦးမည်လော။

ပုခနဲးကြီးတည်ခဲ့စဉ်က မြို့ထောင့်လေးထောင့်တို၌ ဆီအိုးကြီးများ မြုပ်နှံတည်ရှိသောအကြောင်းကို သမိုင်းဟောင်းတွင်ဆိုထားလေသည်။ ပုခန်းကြီးမြို့ ပြန်လည်ဖွံ့ဖြိုး၍ တိုးတက်စည်ပင်မှုမှာ မြို့ထောင့်များတွင်မြုပ်ထားသော ဆီအိုးကြီးများမှ **ဆီများခန်း** မခန်းအပေါ်၌သော်လည်းကောင်း၊ ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ရေစီးကြောင်း ပြုပြင်ပြောင်းလဲမှုအပေါ်၌သော်လည်းကောင်း များစွာပင် တည်ရှိနေကြောင်းဟူ၍သာ မှတ်ချက်ချရမည်ဖြစ်ပါသတည်း။ ။

.... ò .... o ....



ရန်ကုန်မြို့ကျောင်းကြီးဓမ္မဗိမာန်

ဆရာတော်ဘုရင်ဝင်းဘွဲ့ဒါယကာ

နောက်ဆက်တွဲ

ကျောက်စမ်းဗိမာန်ဆရာတော်

"မြန်မာနိုင်ငံပုခန်းသာသနာဝင်"တစောင်တဖွဲ့ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကြောင့်ကြစိုက်ထုတ်တော်မူသော ကျောက်စမ်းဆရာတော်အကြောင်းကို နောက်ဆက်တွဲအဖြစ် ဖေါ်ပြလိုသည်။

သီပေါမင်းတရားပါတော်မူရသည်အထိ မင်းသုံးဆက်တိုင်တိုင် ပုခန်းကြီးမြို့ကို အုပ်ချုပ်ရသူ မြို့ဝန်ဦးရိပ်သည် ကျောက်စမ်းဆရာတော်၏အဘိုးဖြစ်၍ မျိုးရိုးအနွယ်အားဖြင့် လည်းကောင်း၊ ပုခန်းကြီးမြို့ကျေး ရေစက်ဒေသကြောမကြားရွာဇာတိဖြစ်၍လည်း ပုခန်းသွေးမကင်း စာပေမြတ်နိုးသည့်အနေအားဖြင့်လည်းကောင်း ဖေါ်ပြရခြင်းဖြစ်သည်။

မျိုးရိုးကောင်းအနွယ်မှသက်ဆင်းလာသည့် မိဘတို့မှာ ဦးဘိုးမှိန့် ဒေါ်ဂုမ်းရုံတို့ဖြစ်၍ ၁၂၀၀-ပြည့်နှစ် တံပိုတဲ့လပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့ဖွားတည်း။ ငယ်နာမည် မောင်စိန်လွင်ဟူ၏။ ငယ်ရွယ်စဉ် ရေစက်ဒေသမင်းအိုတိုက်တွင်ပညာသင်၍ ရှင်အဖြစ်ကို မိဘတို့က ချီးမြှင့်ကြ၏။ ဘွဲ့ ရှင်စကိန္ဒာစရိယ။

၁၃၀၁-ခုနှစ် ပထမဝါဆိုလဆန်း ဂ-ရက်နေ့တွင် ကျေးဇူးရှင်လယ်တီဆရာတော်တပည့်ဖြစ်၍ ပဋိပတ်အရာ၌ "ရဟန္တာ" တမျှ ကျော်စောတော်မူသော ဘုန်းကြီးဦးနု အမည်တွင်သော ရေစက်ဒေသကြီးတောရဆရာတော်ဦးပညာသီဟအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းဖြစ်သည်။

အရှင်စကိန္ဒာစရိယ၏စာပေသင်ကြားခဲ့ရာ ဆရာစဉ်တို့မှာ ပုခန်းပုဘဆရာတော် ကျော်အောင်စံထား၊ မင်းအို၊ ပထမဗားကရာ၊ သဲအင်းသာသနာပိုင်၊ ဒုတိယမောင်းထောင်သာသနာပိုင်၊ ဒုတိယစံကျောင်း၊ မိုင်းခိုင်း၊ ရွှေရေးဆောင်(ဦးကြည်)ပခုက္ကူ၊ ဆရာတော်(ဦးပညာ)မြင်းခြံ လယ်ကွက်ကြီး(ဦးစန္ဒာဝရ)၊ တောင်သာ(ဦးအဂ္ဂစံသ) ချောင်းဦးမဟာအောင်မြေဘုံစံ၊ သာစည်၊ ပထမကျော်ဦးသာဂရဗုဒ္ဓိ၊ မန္တလေးမဟာနန္ဒိသေနာရာမ(ဦးနန္ဒိသေန)စသည် ဆက်နွယ်လေ၏။

အစိုးရပထမပြန်စာမေးပွဲတွင် ငယ် လတ် ကြီးနှင့် စာချတန်းနှစ်မခြားအောင်မြင်ခဲ့၍ ''သာသနဓဇသီရိပဝရမဂ္ဂဝစရိယ'' တံဆိပ်တော်အောင်လက်မှတ်များ ရရှိခဲ့သည်။ ကျားကူးဆရာတော်သည် ပရိယတ်စာပေသင်ကြားခဲ့ရာ၌ စာမေးပွဲအောင်ရန်အဓိကမထား၊ ပါဠိုအဋ္ဌကထာဋီကာစသော ဂန္ထရက်များစုံ ဆရာနည်းကျ အဓိပ္ပာယ်ကုန်စင်သိမြင်ရန် ပဓာနထားသည်။ ပိဋကစာပေကြည့်တတ်ရွတတ်ချိန်ကစ၍ ဘုရားရှင်အဆုံးအမတော်ကို အလေးဂရုပြုနေသည်ဟုသိရ၏။ ထို့ကြောင့် ငယ်ရွယ်စဉ် သာမဏေဘဝကပင် တောရိပ်တောင်ရိပ် မှီခိုနေလိုသောစိတ်များဖြစ်ပေါ်လျက် ရံဖန်ရံခါ တောကျောင်းများသို့ ကြွရောက်တရားအားထုတ်နေသည်။

သမိုင်းဝင်ကျားကူးတိုက်

နောက်ဆုံးမင်္ဂလေးမဟာနန္ဒိသေနာရာမတိုက်တွင် စာပေပို့ချခဲ့ရာ စာချ,စာကြည့်စာရေး,စသောစာပေ၌ နစ်မြုပ်နေမှုကြောင့် ဒုလာရောဂါစွဲကပ်လေသည်။ သို့ဖြစ်၍ ၁၃၁၄-ခုနှစ်တွင် ရန်ကုန်မြို့ကျားကူးတိုက်သို့ ကြွရောက်ဆေးကုသရာ ကျန်းမာရေးကောင်းလာသည်နှင့်အမျှ **ကျားကူးဆရာတော် အရှင်စန္ဒကလည်း** စာပေပို့ချရန် တိုက်တွန်းတော်မူသဖြင့် စာသင်သား ၅၀-ကျော်တို့အား စာပေပို့ချလေသည်။

ကျားကူးဆရာတော်အရှင်စက္ကိန္ဒာစရိယသည် စာပေပို့ချမှုနှင့် သာသနာအချို့ကျဆက်ဆံနေထိုင်မှုကို ကျေနပ်တော်မူ၍ ၁၃၁၈-ခုနှစ်တွင် ကျားကူးတိုက်ကို ''သံဃိကအဖြစ် အစောင့်အရှောက်စာချုပ်စာတမ်းနှင့်တကွ အပ်နှံလေသည်။ ထိုနှစ်ကစ၍နာယကအဖြစ် စောင့်ရှောက်ထိန်းသိမ်းခဲ့သည်။ ဤ**ကျားကူးတောရတိုက်သည် ရှေးဟောင်းသံမိုင်းဝင်**တိုက်အဖြစ် မှတ်တမ်းတင်လိုသည်။

တတိယသံဃာယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် စေလွှတ်ရာ ဓေပုံကျ၊ သုဝဏ္ဏဘူမိသထုံပြည်သို့ ကြွရောက်သာသနာပြုတော်မူကြသော ရှင်သောဏနှင့် ရှင်ဥတ္တရ ရဟန္တာမြတ်တို့အနွယ် ရှင်ယသ အမှူးပြုသော ရဟန္တာမထေရ်ကြီးရှစ်ပါးတို့သည် ယခုအမည်အားဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူကြပြီးလျှင် သာသနာစည်ပင်ရန် **သိမ်ကြီးကိုးသိမ်**တို့ကို သမုတ်တော်မူကြလေသည်။

ယင်းသိမ်ကြီးကိုးသိမ်သမုတ်ရာ၌ ကျားကူးတောရသိမ်လည်း ပါဝင်သည်။ ကျားကူးသိမ်ကိုအစဲ့ပြုလျက် ကျားကူးတောရသိမ်ကျောင်းဟူ၍ ခေါ်လေသည်။ ယင်းကျားကူးတောရသိမ်တွင် **နာမည်ကျော်ရှင်အာဒိစ္စစံသ**အား ဘိက္ခုနီခေတ်သာသနာနှင့်ပတ်သက်၍ ပကာသနိယကံပြုရာသိမ်ဖြစ်ကြောင်း မှတ်တမ်းတင်ဆိုသည်။

သိမ်ကြီးကိုးလုံး

ရန်ကုန်နယ်နိမိတ်အတွင်း၌ ရဟန္တာမြတ် ရှင်ယသအမှူးပြုသော မထေရ်ကြီးရှစ်ပါးတို့ သမုတ်တော်မူခဲ့ရာသိမ်ကြီး ၉-လုံးတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရှင်ယသသိမ်တော်။
(ကျိုက္ကစံစေတီတော်အနောက်တောင်ဘက် တာ ၂၀-ခန့်တွင်ရှိ၏။ စေတီတော်တံတိုင်းထောင့်နှင့် သိမ်ထောင့်မှာ ပေ ၁၀၀-ခန့်ကွာသည်။ တာဖွဲက ၁၀-တာဟူ၏။)

၂။ ထန်းပင်ကုန်း တာမေ့သိမ်တော်
၃။ ရွှေတိဂုံစေတီတော်တောင်ဘက် တာ ၁၀၀၀-ခန့်အကွာ၌ရှိသော သိမ်တော်။
၄။ ရွှေတိဂုံစေတီတော် လက်ျာဘက်သိမ်တော်
၅။ ရွှေတိဂုံစေတီတော်တောင်ဘက်ရှိ ကျားကူးတောရသိမ်တော်
၆။ သစ်တိုပင်ကုန်းသိမ်တော်
၇။ ကသစ်ပင်ကုန်းသိမ်တော်
၈။ ခရေပင်ကုန်းသိမ်တော်၊ (ယခု ဗလီဖြစ်နေပြီ)
၉။ ဒေဝသာဂရကုန်းသိမ်တော်၊ (သိမ်ဖြူလမ်းတွင်ရှိသည်)

ဟူ၍ သိမ်ကြီး ၉-လုံးအကြောင်းကို ရာမာဓိပတိ ဓမ္မစေတီမင်းနှင့် ဘုရင်မ ရှင်စောပု အတ္ထုပ္ပတ္တိစာတမ်း၌ အကျယ်ဖော်ပြထားသည်။

"ကျားကူးတောရသိမ်တော်" နေရာဟောင်း ပေ ၉၀-ပတ်လည်ရှိခဲ့ရာ၊ ရပ်ကွက်မီးဘေးကြောင့် ပျက်စီးကုန်လေပြီ။

အရှင်စက္ကိန္ဒာစရိယသည် အောက်ပါကျမ်းစာအုပ်များကို အားလပ်ခွင့်ရတိုင်း စီရင်ရေးသားခဲ့သည်။ ပရိယတ္တိဆိုင်ရာ၌ သံဝဏ္ဏနတ္ထရတနာ၊ ဝါကျတ္ထရတနာ၊ ဓမ္မရတနာကျမ်းများနှင့် ကျားကူးဝတ်ရွတ်စဉ်စာအုပ်များ။ ပဋိပတ္တိဆိုင်ရာ၌ ယောဂီရတနာ၊ ပဋိပတ္တိရတနာ၊ အရိယာဝိဇ္ဇာရတနာ၊ အာနာပါနရတနာကျမ်းများနှင့် အသုဘရှုကွက် တရားစာအုပ် စသည်များဖြစ်၏။

အရှင်စက္ကိန္ဒာစရိယ၏ တောရမေ့လျော့မှု

သာသနာ....ဆိုသည်မှာ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ သဝါဒများဖြစ်ပေရာ၊ အဆုံးအမ သဝါဒဟူသည် အရင်းအမြစ်အားဖြင့် ပရိယတ်ခေါ်သော ပိဋကသုံးသွယ်နိကာယငါးရပ်ပေတည်း။

ပရိယတ်က ညွှန်ပြသည့်အတိုင်း သီလကျင့်ခြင်း၊ သမာဓိရအောင် သမထကမ္မဋ္ဌာန်းအားထုတ်ခြင်း၊ ဥာဏ်ပညာတိုးပွားအောင် ဝိပဿနာရှုခြင်းကို ပဋိပတ်ဟူ၍လည်းကောင်း၊ ထိုအကျင့်အားထုတ်မှုဖြင့် ထိုးထွင်း၍သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ပဋိပတ်ဟူ၍လည်းကောင်း ခေါ်လေသည်။

သီလ၊ သမာဓိ၊ ပညာ-သိက္ခာသုံးပါးသည် ကျင့်ယူရမည့်တရားများဖြစ်၍ ပဋိပတ် မဂ်ဖိုလ်ပညာဖြစ်လာလျှင် ပဋိဝေဓအရာ၌ သွင်းယူအပ်၏။ ပရိယတ်သည် သီလ၊ သမာဓိ၊ ပညာ-သိက္ခာသုံးရပ် မြတ်သောအကျင့်ဖြစ်သော ပဋိပတ်၊ ပဋိဝေဓ နှစ်ရပ်၏ အခြေခံဖြစ်သည်။

အရှင်စက္ကဓမ္မာစရိယဆရာတော်သည် ဆရာစဉ် အကျော်အမော်တို့အနှယ်တော်မှဆင်းသက်သည့်အားလျော်စွာ ကျားကူးကျောင်းတိုက်တွင် နေ့ဝါညဝါ စာပေများကို ပို့ချတော်မူနေရာ စာသင်တပည့် ပရိသတ်တွေ့နှင့်နေရခြင်း၌ ပြင်းမုန်းငြီးငွေ့တော်မူလေသည်။

သီလ၊ သမာဓိ၊ ပညာ- သိက္ခာသုံးရပ်တွင် သီလသည်အရင်းခံဖြစ်၍ သီလသိက္ခာစင်ကြယ်သူသာ မှန်ကန်သောသမာဓိရှိသည်ကို တွေ့ရပေမည်။ သမာဓိရှိသူမှလည်း ထိုးထွင်းသောအသိဉာဏ်ပညာကို ရနိုင်မည်။ ''သမာဟိတောယသာဘူတံပဇာနာတိ'' ဟူဟောတော်မူခဲ့သည် မဟုတ်ပါလော။

ယင်းသို့ သိက္ခာသုံးရပ် အမြတ်ဘရားတို့ကို ရှာဖွေရာဖြစ်သော ''အရညကင်၊ ကျင့်ခုတင်'' ဝင်လိုသောစိတ်ခါတ် ပြင်းထန်နေလေသည်။ အဖေါ်မမှီး တပါးတည်းနေလိုသောဆန္ဒရှိခဲ့သည်မှာ လွန်ခဲ့သော ၁၃၇၇-ခုနှစ်ကပင် ဖြစ်၏။

''တိမ်ဆီမိုးလွှန်၊ ကျောင်းရွှေကန့်ဝယ်၊ သုံးတန်ရွယ်ရွှည့်၊ တပည့်တသင်း၊ သူငယ်ချင်းနှင့်၊ သီးတင်းသုံးဖေါ်၊ အောက်မေ့သော်လည်း၊ မပျော်တို့နိုင်'' စသည့် တွင်းသင်းတိုက်ဝန်ဖြစ်လာမည့် ရှင်လက်ဝသာရ၏ ''မလွဲစသာ'' ချီ-ပိုဒ်စုံရတ်ကို ပြေး၍သတိရမိပါ၏။ ဆရာတော်သည် ကြီးမားထယ်ဝါ ခန့်ငြားလှသော ကျောင်းကန်ဗိမာန်- ချွေရံသင်းပင်း၊ တပည့်ရင်းများကိုခဲ့ခွာ၍ တကိုယ်တော်ထီးတည်း တောရပျော်မှီးလိုသော စိတ်ခါတ်ရှိခြင်းသည် အလွန်အံ့ဖွယ်ရှိပေစွ။

ဆရာတော်သည် ငယ်ရွယ်စဉ် သာမဏေဘဝကပင် ဤသာသနာတော်၌ ဝိပဿနာလုပ်ငန်းကို မဆုတ်တန်းအားသစ်လျှင် (မဂ်ဖိုလ်) တရားထူးရနိုင်သော အချိန်ကာလရှိသည်ဟု အကြွင်းမဲ့ယုံကြည်၏။

သီလကွန် အဋ္ဌကထာ၌ ပြဆိုသည့်အတိုင်း၊ အချိန်လေးမျိုးတွင် ပထမအရွယ်၌ တရားမရခဲ့သော် ဒုတိယအရွယ်၌ တရားရတတ်၏။ ဒုတိယအရွယ်၌ တရားမရခဲ့ဘဲသော် သခါနီးကာလမှာ တရားရတတ်၏။ သခါနီးအချိန်မှာ တရားမရခဲ့သော် နတ်ပြည်မှာ တရားရတတ်၏။

နတ်ပြည်မှာလည်း မဂ်ဖိုတရားထူး မရခဲ့သေးသော် သာသနာပ,ခေတ်၌ ပစ္စေက ဗောဓိဉာဏ်ကို ရတတ်၏။ ပစ္စေကဗောဓိဉာဏ်ကိုမရသေးသော်ဘုရားရှင်တို့ထံ၌ ခိပ္ပဘိညရဟန္တာပုဂ္ဂိုလ်ဖြစ်ရတတ်သည်ကိုလည်းကောင်း။

အို၊ နာ၊ သေခြင်းကင်းသော တရားကိုရှာက ဖြစ်—ပျက်ကို ရှုပွားရ၏။ ဖြစ်မှုရှိက မပျက်သောတရားဟူ၍ မရှိ။ ဖြစ်မှုမရှိလျှင် ပျက်မှုဒုက္ခကင်းလွတ်၏။ မပျက်ကို လိုချင်လျှင် မဖြစ်အောင် ရုပ်နာမ်တရားနှစ်ပါးကို ဖြစ်၊ ပျက်-မြင်အောင် ရှုမှတ်ပွားရမည်။ ဖြစ်မှုရှိသမျှ ပျက်မြဲဓမ္မတာ။ ဖြစ်ပြီးနောက် မပျက်ပဲအမြဲတည်နေသော သဘော မရှိ။ ပျက်ပြီးနောက် အသစ်ဖြစ်မှုကား ဓမ္မတာမဟုတ်။ အာသဝေါမကုန်သေးလျှင် ပျက်ပြီးနောက် ခန္ဓာသစ်ဖြစ်ရသေး၏။ အာသဝေါကုန်ပြီး ရဟန္တာဖြစ်ပါက ခန္ဓာအသစ်မဖြစ်တော့ပြီ စသော တရားသဘောများကို အမြဲဆင်ခြင်နေလေ၏။

ပရိသတ်နှင့်နေရခြင်း၌ ငြီးငွေ့စက်ဆုပ်ကာ ဆိတ်ငြိမ်ရာ "ဝိဝေက" ရှာ၍ အကျင့်မြတ်တရားတို့ကို ဇောက်ချအားထုတ်လိုသော အဓိပတိတပ် စိတ်ဓါတ်ဖြင့် သာမန်ပုဂ္ဂိုလ်တို့ မစွန့်ရက်နိုင်လော ကျောင်းကန်ပရိဘောဂ ပစ္စည်းအရပ်ရပ်ကိုစွန့်ပယ်၍၊ ဆိတ်ငြိမ်ချမ်းအေးရာတောပျော်ဆရာတော် ဖြစ်လာပေ၏။

ရည်ရွယ်ချက်

ဆရာတော်သီတင်းသုံးရာ ကျောင်းကူးဓမ္မဗိမာန်အဆောက်အအုံကြီးကား ပုဂ္ဂလိကမြေပေါ်၌ ပုဂ္ဂလိကအဆောက်အအုံကြီးဖြစ်လေသည်။ သာသနာပြု ဤကျောင်းကူးဓမ္မဗိမာန်တော်ကြီးကို ၁၃၂၃-ခုနှစ်၊ ပြာသိုလဆန်း(၆-ရက်- ၆-နာရီ- မိနှစ် ၃၀)အချိန်၌ အခါကောင်းယူလျက် စတင်တည်ဆောက်ခဲ့ကြောင်း သိရှိရ၏။

မိုးပါးနီးမျှ ကြီးမားခန့်ထယ်သော ကျောင်းကူးဓမ္မဗိမာန်တော်ကြီးကို လည်းကောင်း၊ ဆရာတော်ပိုင် မြောက်များစွာသော စာအုပ်စာတမ်း၊ ပေမူ၊ ပုရပိုက် အစရှိသည်များ၊ ပရိဘောဂ အသုံးအဆောင်စသည်တို့ကိုလည်းကောင်း၊ မတိုးတက်သော် လည်း အရှည်တည်မြဲရေးအတွက် စောင့်ထိန်းအုပ်ချုပ်နိုင်စွမ်းရှိမည့် အမွေဆက်ခံပုဂ္ဂိုလ်လိုအပ်နေပေသည်။

အရှည်ဆက်ခံ စောင့်ထိန်းအုပ်ချုပ်နိုင်မည့် အရည်အချင်းပြည့်၊ တပည့်ရဟန်းများ အမြဲထာဝစဉ်နေထိုင်စေရန် ဓမ္မဓိဋ္ဌာန်ကျကျ ဆရာတော်၏ ရွယ်ကိုးချက်အာသီသ, ကိုလည်း အောက်တွင် ဖော်ပြလိုက်ရပါသည်။

အရည်အချင်း အင်္ဂါသုံးရပ်

၁။ မိမိ (ဦးစွာ ဒွါဒသရိယဆရာတော်)ပိုင် ပုဂ္ဂလိကဖြစ်သော ကျောင်းကူးဓမ္မဗိမာန်နှင့် ဂရုဘဏ်လဟုဘဏ်ပစ္စည်းအရပ်ရပ်တို့ကို မတိုးတက်သော်လည်း၂ အရှည်တည်တန့်ရန် စောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်းခြင်းနှင့် ပြည့်စုံရမည်။

၂။ ရဟန်း၊ ရှင်၊ လူ၊ မည်သူနှင့်မဆို ဆက်ဆံရာ၌ ဝိနည်းတော်နှင့်အညီ ပြေပြစ်ကျစ်လစ်စွာ ဟောပြောညွှန်ကြားပြသခြင်းနှင့် ပြည့်စုံရမည်။

၃။ ကိုယ်ကျင့်သီလ၊ တည်ကြည်မှုသမာဓိ၊ ထိုးထွင်းသည့်အသိဉာဏ်ပညာ၊ သိက္ခာသုံးရပ် ရှိစေရမည့်အပြင်၊ သာသနာတော်၏အခြေခံ ပရိယတ်အရာ၊ နှံ့စပ်ကျွမ်းကျင်၍၊ စာပေပို့သ, နိုင်စွမ်းခြင်းနှင့် ပြည့်စုံရမည်။

အထက်ပါ အရည်အချင်းအင်္ဂါသုံးချက်နှင့် ပြည့်စုံသောတပည့်ရဟန်းမျိုးကိုသာ ဓမ္မဓိဋ္ဌာန်ကျကျ ရွေးချယ်နေရန် အာသီသ,ရှိသည်။

ယင်းအာသီသ, ထားရှိသည့်အတိုင်း ဖေါ်ပြပါအင်္ဂါရပ်နှင့် ကိုက်ညီသည့်အားလျော်စွာ ကိုယ်တိုင်နေ၊ ကိုယ်တိုင်လုပ်ဆောင်လျက်ရှိသော တပည့်ကောင်းများသာလျှင် ပိုင်ဆိုင်စောင့်ထိန်းခွင့်ရှိသည်ဟု သတ်မှတ်ထားတော်မူ၏။

ဆရာတော် ဦးစက္ကိန္ဒာဘရိယ

ကျေးကူးဓမ္မဗိမာန်တော်ကြီး၊

အထက်ပါ ဓမ္မဓိဋ္ဌာန်အင်္ဂါရပ်များနှင့်ညီညွတ်သော တပည့်ရဟန်းသာဤကျေးကူး ဓမ္မဓိဋ္ဌာန်တော်ကို စောင့်ရှောက်အုပ်ချုပ်ပိုင်သည်ဟူ၍လည်း မှတ်ချက်ရေးထားလေသည်။

ဤသို့လျှင် အရှင်စက္ကိန္ဒာဘရိယသည် ပရိယတ်ပဋိပတ်ပဋိဝေဓတည်းဟူသော သာသနာ့တာဝန်ကိုအသက်ရာကျော်- အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ပါစေသတည်း။

နိဂုံးပိုဒ်စုံရတဲ့

၁။ ။ပုခန်းရွှေပြည်၊ ၊တင့်မောဇည်သား၊ ပတ်လည်တောင်တန်း၊ ခင်ပူနန်းနှင့် ထန်းအလျှိုလျှို၊ မြေဗဟိုတွင်၊ မြို့ညိုရုံဝန်း၊ ကျွန်းအတန်တန်၊ ကန်အဆိုင်ဆိုင်၊ အိုင်နှင့် ကုန်းကျင်း၊ အင်းအထွေထွေ၊ ရေအလျှမ်းလျှမ်း၊ စိမ့်စမ်းစုံချယ်၊ ရဂုံလယ်၌၊ ချုံနွယ် ချောင်းလျှိုး၊ မိုးလည်းမကူ၊ မြူလည်းမပြို၊ မှိန်မှိန်ခိုသည့်၊ တိမ်ညိုညိုညို့၊ မှိုင်းမှိုမှိုလျှင်၊ သည်တို့မြို့ရိုး၊ သဲညိုပုထိုးလည်း၊ ဖြိုးမျှသိဂီ၊ စီရရီတည့်၊ သည်ဆီနတ်ကွန်း၊ သို့ပင်ညွှန်း၍၊ တုကျွန်းမဲ့သွင်၊ နှိုင်းမမြင်ရှင့်၊ ဝန်းကျင်သာယာ၊ ရှုဖွယ်သာလျှင်၊ လေးရာပြုဆန်း၊ မြို့ကူးသန်းသည်။ ။နတ်နန်းဌပဟွေးပြည်ဘုရား။ ။(၃၃·ပဒ)

၂။ ။ငုပန်းဝေရည်၊ ၊ဖူးတံစည်တည့်၊ နေခြည်ဖြာရင့်၊ ကြာနှယ်တင့်၍၊ ပွင့်တော့မည်ဆောင်၊ ငါးမာရ်အောင်၏။ နှစ်ထောင်ငါးရာ၊ သာသနာတွင်၊ လျှံဝါမချို၊ မြသို့အစုံ၊ နှုတ်ဆုံပိဋကတ်၊ ကြွင်းမဲ့တတ်သည့်၊ ရှင်မြတ်အရဟံ၊ ပြည်ပုဂံက၊ ဝံသသန့်စင်၊ ရွှေဥမင်မှ၊ စသည်ရွှေကျောင်း၊ စဉ်လာဟောင်းကို၊ တသောင်းကျန်းခွင်၊ ကမ္ဘည်းတင်၏၊ ခဲအင်နက်တန်၊ ဂန္ထဋ္ဌရ၊ ကျမ်းရိုးစသား၊ နှမ်းမှဆီကြည်၊ ဆုံဝယ်နှည်သို့၊ ကြည်သဲရာယောင်၊ ဉာဏ်တံဆောင်လျှင်၊ လှုံ့ပြောင်ထွန်းပ၊ ရဲရဲလှ၍၊ သိပ္ပဓေါင်ပန်း၊ လောင်ဘနန်းသည်၊ ။ဓာတ်စန်းသမ္ဘာရည်ဘုရား။ ။(၃၃-ပဒ)

၃။ ။ဥဒါန်းချေမည်၊ ၊မန်းနေပြည်ထက်၊ ဝန်းလည်ခညောင်း၊ ထေရ်စံကျောင်းမှ၊ ဆင့်နှောင်းတူညီ၊ ဆက်နွယ်မှိသည့်၊ လယ်တီရင့်သေး၊ လယ်တီ့မြေးဟု၊ ဟစ်ကြွေးဂုဏ်ရည်၊ ကျွန်ုပ်သည်ကား၊ ဓွန့်ရှည်မြင့်စွာ၊ နှစ်ပေါင်းကြာက၊ ကျမ်းလာမည်တွင်"သာသနာဝင်"ကို၊ အတင်ရှင်ဦး။ ပုံမညီသော်၊ မအီစိုးနှောင့်၊ ကောင်းဖြောင့်မူ၊ "တထောင့်သုံးရာ၊ စွန်လာလေးဆယ်"၊ ဖြိုးဖြိုးကြွယ်၍၊ မိုးလယ်အမျှ၊ "သစ်ဆင်းလ"၏၊ ကာဠပက္ခ၊ "ဒွါဒကြုံတွေ့"၊ "မွေးနံနေ့"ဝယ်၊ စုံစေ့ဖေါ်ညွှန်း၊ တင်မော်ကွန်းဖြင့်၊ သွန်းဘိသေကာ၊ မင်္ဂလာလျှင်၊ ကျေညာဇမ္မူ၊ သင်းပျံ့ကြွ၍၊ မဇ္ဈိမညွှန့်လန်း၊ ဆင်ရာပန်းသည်။ ။ပတ်သန်းကမ္ဘာတည်ဘုရား။ ။(၃၃-ပဒ)

(လယ်တီဦးလှပိုင်)

ဤမွှေးပြီး၏။

ပုခန်းကျောင်းကန် — ပုံကဗျာ

မြန်မာနိုင်ငံသာသနာတော်သည်

ပုခန်းသာသနာဝင်မှ ဆက်နွယ်ခဲ့ပါသည်။



● "သာသနာဝင်" ဆိုသော်လည်း ကြောင်းကျိုးတိုက်ဆိုင်လျှင် ပုခန်းနှင့် စပ်နွယ်သော ရာဇဝင်ရေးရာ၊ စာပေရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ လူမှုရေးရာများနှင့် စီးပွားရေးရာရှုထောင့်တို့လည်း ပါဝင်လေရာ...

သမိုင်းကပြောနေသော အတိတ်၏ထင်ဟပ်ချက် ကြေးမုံကားချပ်များဖြစ်ပါသည်။

● ထို့ကြောင့်....

● ပုဂ္ဂိုလ်၊ အလှဒါနရွေး၊ ခေတ်ဝတ္ထုများကို သွက်လက်ပေါ့ပါးစွာ ဖတ်ရှုလေ့လာနေကြသကဲ့သို့....

အာရုံကြော မတင်း၊ ပျင်းရိဖွယ် မတွေ့၊ ငြီးငွေ့ဖွယ် မဖြစ်ရလေ အောင် ကျွန်စာအုပ်က ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ ။